# အစ္စလာမ် အနှစ်သာရ

# Towards Understanding Islam

BY

## ABUL A'LA MAUDUDI



# رسالہ دینیات تالیف ابوالاعلیٰ مودودی

مترجم۔ خواجہ من نبی بی ایس سی

خریج۔ المعہد الاسلامی الازہری

ဝါးခယ်မဓမ္မာဝင်းနိုင်

Design by
MS
MEDIA SMART
207.3 st



# အစ္စလာမ်ိဳအနှစ်သာရ

TOWARDS UNDERSTANDING ISLAM

by

ABUL A'LA MAUDUDI

ပါးသမ်းဆောင်းနိုင်

ပြန်ဆိုသည်

ဘာသာရေးဆိုင်ရာ စာမူခွင့်ပြုချက်အမှတ် (ဂ၉၀/၉၁) (၁၂)

မျက်နှာဖုံးခွင့်ပြုချက်အမှတ် (၅၄၈/၉၂) (၃)

ထုတ်ဝေသည့်လ... ၁၉၉၂၊ ဇွန်။

ထုတ်ဝေသည့်အကြိမ်... ဒုတိယအကြိမ်

အုပ်ရေ... ၁၀၀၀

○

ဂရုဖြစ်ဒီဇိုင်း... မာစတာ

ကွန်ပျူတာစာစီ

ပွင့်သစ် စာစီစာရိုက်နှင့် ဒီဇိုင်း

အမှတ် (၁၃၂)၊ သီတာနွယ်လမ်း၊ နွယ်အေး၊ ဒေါပုံ။

○

တန်ဖိုး... ၂၅၀ ကျပ်

○


ထုတ်ဝေသူ ❑ ခေါ်ခင်အုန်း (၁၂၁၀)

ဘဝစာပေ

အမှတ် (၅၁)၊ လမ်း – ၁၃၀၊ မင်္ဂလာတောင်ညွန့်၊ ရန်ကုန်။

ပုံနှိပ်သူ ❑ ဦးဝင်းမြိုင် (၀၂၄၀၆)

သိဒ္ဓိမြိုင်ပုံနှိပ်တိုက်

အမှတ် (၁၁၃)၊ ၃၄–လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်


## ဖြန့်ချီရေးဌာန

* အစ္စလာမ်အကယ်ဒမီသိပ္ပံ (Islamic Academic Centre)
  အမှတ် (၄၈၀)၊ အနော်မာ (၁၁) လမ်းအရှေ့၊ (၁) ရပ်ကွက်၊
  သာကေတမြို့၊ ရန်ကုန်။
* အစ္စလာမ့်သုတစာပေ
  အမှတ် (၁၂၁)၊ ၃၁–လမ်း (အလယ်)၊ ပန်းဘဲတန်း၊ ရန်ကုန်။

# မာတိကာ


| | | |
|---|---|---|
| | မူရင်းကျမ်းပြုပုဂ္ဂိုလ်၏ အမှာစာ | က |
| | အစွလာမ့်သုတ စာတည်းချုပ်၏ အမှာ | ဂ |
| | မြန်မာပြန်ဆိုသူ၏အမှာ | ည |
| အခန်း (၁) | အစွလာမ်၏အဓိပ္ပာယ် | ၁ |
| | အစွလာမ်ဟူသည် မည်သည်ကို ဆိုလိုသနည်း | ၂ |
| | မယုံကြည်ခြင်းပယ်မှု၏ သဘောသဘာဝ | ၇ |
| | အစွလာမ်၏ ကောင်းခြင်းအဖြာဖြာ | ၁၄ |
| အခန်း (၂) | ယုံကြည်မှုနှင့် နာခံမှု | ၂၄ |
| | ယုံကြည်မှုသည် မည်သည်ကို ဆိုလိုသနည်း | ၂၈ |
| | အလ္လာဟ်ရှိခြင်းကို မည်သို့သိနိုင်သနည်း | ၃၁ |
| | မျက်မြင်မဟုတ်သည့်အရာများကို ယုံကြည်ခြင်း | - |
| အခန်း (၃) | တမန်တော်များ ပွင့်ပေါ်ခြင်း | ၃၆ |
| ၁။ | တမန်တော်များ ပွင့်ပေါ်ခြင်းသဘာဝနှင့် ယင်း၏လိုအပ်ပုံ | ၃၇ |
| ၂။ | တမန်တော်များပွင့်ပေါ်ခြင်း သမိုင်းစဉ်အကျဉ်းချုပ် | ၄၈ |
| | တမန်တော်မုဟမ္မဒ် ပွင့်ပေါ်လာချေပြီ | ၅၆ |
| | မုဟမ္မဒ်သခင်၏ တမန်တော်အဖြစ်ကို ဆန်းစစ်သုံးသပ်ချက် | ၅၈ |
| | အာရေဗျ (ဝါ) အမှောင်တွင်းမှငရဲခန်း | ၆၀ |
| | ကယ်တင်ရှင်ပေါ်လာပြီ | ၆၃ |
| | ကျောက်ရိုင်းတောမှစိန်တစ်ပွင့် | ၆၄ |
| | တော်လှန်ရေးတစ်ရပ် ပေါ်လာချေပြီ | ၆၆ |
| | ရန်မီးဝိုင်းဝိုင်း ဘာကြောင့်လည် | ၆၉ |
| | ပြောင်းလဲလာသည့် အသက်လေးဆယ်အရွယ် | ၇၃ |
| | ကောင်းခြင်းအဖြာဖြာ သူ့သတင်းစကားမှာ | ၇၄ |
| | လူ့အတွေးအခေါ်ဝယ် သူ၏အခန်းကဏ္ဍ | ၈၀ |
| | အကြီးကဲဆုံးသော တော်လှန်ရေးသမား | ၈၄ |
| | နောက်ဆုံးသက်သေ | ၈၈ |
| | တမန်တော်ပွင့်ပေါ်ခြင်း၏ အဆုံးသတ်နိဂုံး | ၉၀ |
| အခန်း (၄) | ယုံကြည်မှုဆိုင်ရာ အချက်အလက်များ | ၉၅ |
| ၁။ | တောင်ဟီးဒ် (ဝါ) အရှင်တစ်ဆူအပေါ် ယုံကြည်ခြင်း | ၉၉ |
| | ကလေမဟ်၏အဓိပ္ပာယ် | ၁၀၀ |
| | လူ့ဘဝ၌ တောင်ဟီးဒ်၏ အကျိုးသက်ရောက်မှုများ | ၁၁၀ |
| ၂။ | အလ္လာဟ်အရှင်၏ ကောင်းကင်တမန်များကို ယုံကြည်ခြင်း | ၁၁၈ |

# အကြောင်းအရာ


| | | |
|---|---|---|
| | ၃။ အလွှာဟ်အရှင်၏ ကျမ်းစာများကို ယုံကြည်ခြင်း | ၁၂၁ |
| | ၄။ မွင့်လေပြီးသမျှ တမန်တော်အဆူဆူအပေါ် ယုံကြည်မှု | ၁၂၆ |
| | ၅။ သေပြီးသည့်နောက်ပိုင်းဘဝကို ယုံကြည်မှု | ၁၂၉ |
| | ဤယုံကြည်ချက်၏ ထိုအပ်ပုံ | ၁၃၀ |
| | သေပြီးသည့်နောက်ပိုင်းဘဝအပေါ် ဆန်းစစ်သုံးသပ်ချက် | ၁၃၅ |
| အခန်း (၅) | ဝတ်ပြုခြင်းနှင့် ကိုးကွယ်ခြင်း | ၁၄၂ |
| | အိဘာဒတ် သို့မဟုတ် ခဝပ်ခြင်း၏ သဘောတရား | ၁၄၄ |
| | ဆွလားသ် | ၁၄၅ |
| | ဥပုသ်သီလဆောက်တည်ခြင်း (စွိယာမ်) | ၁၅၀ |
| | ဆင်းရဲသား အထူးထောက်ပံ့ကြေး (ဇကာသ်) | ၁၅၂ |
| | ဟဂ်ျကမ္ဘာမွတ်စလင်ညီလာခံကြီး | ၁၅၄ |
| | အစွလာမ်ကို ထိန်းသိမ်းကာကွယ်ခြင်း | – |
| | ဂျီဟာဒ် | ၁၅၆ |
| အခန်း (၆) | ဒီန်နှင့် ရှရီအတ် | ၁၅၈ |
| | ဒီန်နှင့် ရှရီအတ်ခြားနားချက် | ၁၅၈ |
| | ရှရီအတ်၏ အရင်းခံများ | ၁၅၉ |
| | ဖိကာဟ် | ၁၅၉ |
| | တစောင်ဝှဖ် | ၁၆၁ |
| အခန်း (၇) | ရှရီအတ်၏ စည်းမျဉ်းကျင့်ဝတ်များ | ၁၆၃ |
| | ရှရီအတ်၏ အနှစ်သာရနှင့် ရည်ရွယ်ချက် | ၁၆၃ |
| | ရှရီအတ်၏အခွင့်အရေးနှင့် တာဝန်များ | ၁၇၀ |
| | အလွှာဟ်အရှင်နှင့် ပတ်သက်သည့် တာဝန်များ | ၁၇၁ |
| | မိမိကိုယ်အတွက် တာဝန် | ၁၇၇ |
| | လူမှုရေးတာဝန်များ | ၁၈၁ |
| | တိရစ္ဆာန်များနှင့် အလုံးစုံသော ဝေနေယျများအပေါ် စောင့်ထိန်းရမည့် တာဝန်များ | ၁၉၆ |
| | ရှရီအတ်ဟူသော စကြဝဠာလုံးဆိုင်ရာ ထာဝရလက်သုံးဥပဒေသ | ၁၉၇ |

# မူရင်းကျမ်းပြုပုဂ္ဂိုလ်၏
# အမှာစာ

ဤကျမ်းကို အထက်တန်းကျောင်းနှင့် တက္ကသိုလ်ကျောင်းများတွင် ပညာဆည်းပူးနေသော ကျောင်းသူကျောင်းသားများအတွက် အထူးပြုရေးသားပြုစုခြင်း ဖြစ်ပါသည်။ စာသင်သားများအပြင် ဗဟုသုတ ရှာဖွေလိုသော အခြားပုဂ္ဂိုလ်များသည်လည်း ဤကျမ်းအားဖြင့် အစွလာမ့်ရေးရာအသိကို ရယူနိုင်ပါသည်။ ဤကျမ်းကို ပညာရေးဌာနက ဒဿမတန်းကျောင်းအတွက် ပြဋ္ဌာန်းထားသော ရည်ညွှန်းစာရင်းတွင် ထည့်သွင်းထားပြီး ဖြစ်ပါသည်။

ကျွန်ုပ်တို့သည် ကျောင်းသားများကို အစွလာမ့်ရေးရာနှင့် စပ်လျဉ်း၍ ပို့ချရာတွင် ဖိကာဟ် ဓမ္မသတ်ပိုင်းနှင့် ဆက်နွယ်သော အကြောင်းအရာများကိုသာ အလေးပေးသင်ကြားပို့ချသည်ကို တွေ့ရပါသည်။ ဤအတွက်ကြောင့်ပင် ဆွလာသ်၊ ဆွီယာမ်၊ သန့်ရှင်းစင်ကြယ်ခြင်းနှင့် ယင်းတို့နှင့် ဆက်နွယ်နေသော ဘာသာရပ်များကို ကျမ်းကျင်ကြသော်လည်း ယုံကြည်ချက်နှင့် ဆက်နွယ်သော သဘောတရားပိုင်းတွင်မူ အားနည်းနေသည်ကို တွေ့ရှိရပါမည်။

သို့ဖြင့် သင်ကြားပို့ချခြင်း၏ ရည်ရွယ်ချက်သည် ဖြစ်ထွန်းလာခြင်းမရှိသကဲ့သို့ စာသင်သားတို့သည် နောက်ဆုံးအထိ အစွလာမ်ဟူသည် အဘယ်နည်း။ အစွလာမ်က မည်သို့သော အခြေအနေကို ဖန်တီးလိုပြီး ဤသို့သော အခြေအနေကို အဘယ်ကြောင့် ဖန်တီးယူလိုခြင်းဖြစ်သနည်း။ အစွလာမ်၏ ရည်ရွယ်ချက်တရားသည် လူ့ဘဝနှင့် မည်သို့ ဆက်နွယ်နေရပါသနည်း။ ဤသို့ ဆက်နွယ်နေသော အခြေအနေအရပ်ရပ်ကို သိမြင်ခြင်းဖြင့် မည်သို့သော အကျိုးထူးကို ခံစားရမည်နည်း။ ဤဆက်နွယ်မှုကို မသိမြင်ပါက မည်သို့သောဆုံးရှုံးနစ်နာမှုကို ဖြစ်စေမည်နည်း။ အစွလာမ်သည် အာဏာစက်ဖြင့် အတင်းအဓမ္မနည်းဖြင့် လူတို့အား ကျင့်သုံးစေသလော။ ဤသို့မဟုတ်ပါက အစွလာမ်၏ မှန်ကန်မှုကို ပြဆိုသော သဘောတရားများနှင့် ရှင်းလင်းချက်များ ရှိပါသလား။ ဤအချက်များကို သတိပြု နားလည်အောင်ပြုဖို့ အရေးကြီးလှသည်။ ဤအစွလာမ့်ရေးရာ သဘောတရားကို သိမြင်ခြင်းမရှိပါက ဖိက်ဟာပိုင်းဆိုင်ရာ ကျင့်သုံးမှုသည် ထိရောက် မည်မဟုတ်ပါ။ အီမာန်ယုံကြည်ချက် ခိုင်မြဲခြင်းမရှိဘဲ ကျင့်သုံးမှုသက်သက်အားဖြင့် အီဘာဒသ် နာခံခြင်းသည်လည်း ပြည့်စုံခြင်းမရှိနိုင်ပါ။ အီမာန်ယုံကြည်ချက်သည် သဘောတရားများကို ကျေညက်မှသာလျှင် ခိုင်မြဲမည်ဖြစ်သည်။

ဤကဲ့သို့ပင် ဆွလားသ်နှင့် ဆွီယာမ်တို့၏ စည်းမျဉ်းစည်းကမ်းများနှင့်အတူ အီဘာဒသ်၏သဘောသဘာနှင့် ရှရီအသ်၏ စည်းစနစ်ကျမှုများကို ရှင်းလင်းပြခြင်းအားဖြင့် ကျင့်စဉ်ကျင့်ဝတ်များကို ခိုင်မြဲစွာ ကျင့်သုံးနိုင်မည်ဖြစ်သည်။ ဆွလားသ်ကို တည်ဆောက်လိုသူအဖို့ ဆွလားသ်ကျင့်စဉ်ကို သင်ကြားပို့ချရန် လွယ်ကူမည်ဖြစ်သော်လည်း ဆွလားသ်

တည်ဆောက်မှုကို မပြုချင်သောသူကိုမူ ဦးစွာပထမ ဆွလားသ်၏ လေးနက်သော သဘောတရားကို တင်ပြပေးခြင်းအားဖြင့်သာလျှင် ဆွလားသ်ကို စိတ်ဝင်စားအောင် ပြုနိုင်မည်ဖြစ်မည်။ ဆွလားသ်ကို အဘယ်ကြောင့် မပြုမနေရ ပညတ်ရသနည်း။ ဆွလားသ်၏ အကျိုးတရားနှင့် ဆွလားသ်ကို လက်လွတ်ရခြင်းကြောင့် ဆုံးရှုံးရမှုများကို သိမြင်ရသူတို့သည် အခြားကျင့်စဉ်ကျင့်ရပ်များကိုလည်း သိမြင်လိုစိတ် ရှိလာမည်ဖြစ်သည်။ သို့ဖြစ်၍ သဘောတရားကို ပထမ ရှင်းလင်းပြီးမှ အခြားလေးနက်မှုများကို ထပ်ဆင့်၍ တင်ပြရပါမည်။

ဤကျမ်းကို အချို့သော ဘာသာရေးသိပ္ပံကျောင်းများနှင့် တက္ကသိုလ်များတွင်လည်း ဆရာကိုင်အဖြစ် သင်ကြားပို့ချနေပြီဖြစ်ရာ အထူးအောင်မြင်ဖြစ်ထွန်းနေသည်ကို တွေ့ရသည်။ ဆရာများအနေဖြင့် ယင်းကျမ်းကို လက်စွဲကျမ်းအဖြစ် အသုံးပြုရာတွင် ပြင်ပဗဟုသုတနှင့် လောကအမြင်များကို ရှုထောင့်စုံမှ သုံးသပ်တင်ပြပေးသွားရန် တိုက်တွန်းလိုပါသည်။ အစွလာမ့်သဘောတရားကို တင်ပြရာတွင် အခြားသော ယုံကြည်ချက်များနှင့် မတူဘဲ တစ်မူထူးခြားသော အသွင်ဂုဏ်မူကို ကျောင်းသားများ သိရှိအောင် ပြုရပေမည်။ ဤကျမ်းပါ အချက်အလက်များကို လိုအပ်သလို မှတ်စုထုတ်ယူ၍ ပို့ချခြင်းနှင့် ကဏ္ဍာခွဲ၍ ဘာသာရပ်များအသွင် ပို့ချခြင်းများလည်း ပြုနိုင်ပါသည်။ ခေါင်းစဉ်အသီးသီးတပ်၍လည်း သင်ကြားမှုပြုနိုင်ပါသည်။ ဤဖော်ပြပါအချက်များသည် ကျောင်းများတွင် လက်တွေ့အသုံးချနေမှုများအပေါ်မှ သုံးသပ်ဖော်ပြခြင်းဖြစ်ပါသည်။

ဤကျမ်းကို ပြုစုရာတွင် ကျွန်ုပ်အနေဖြင့် ဤဖော်ပြပြီးဖြစ်သော အချက်အလက်များကို မူတည်၍ ပြုစုထားခြင်းဖြစ်ပါသည်။ ဤသို့အားဖြင့် အစွလာမ့်ရေးရာကို ပို့ချမှုအတွက် ဆန်သစ်သောနည်းလမ်းကို ရှာကြံခဲ့ခြင်းဖြစ်ပါသည်။ ယခင်သမားရိုးကျပုံစံနှင့် ကွဲပြားနေသည်ကို တွေ့ရပါမည်။ ကျွန်ုပ်အနေဖြင့် ဤကျမ်းကို ပြုစုရာတွင် ကျမ်းတော်မြတ်ကုရ်အာန်ကို အခြေခံခြင်းဖြစ်ပါသည်။ လိုအပ်သော အချက်အလက်များနှင့် ယမ်းညွှန်ချက်များကိုလည်း ကျမ်းတော်မြတ်ကုရ်အာန်မှပင်လျှင် ရှာကြံခဲ့ပါသည်။ ဤကျွန်ုပ်၏ ကြိုးပမ်းချက်များသည် ထိရောက်သော အကျိုးဖြစ်ထွန်းမှုကို ပေါ်ထွန်းစေကာ အစွလာမ့်ရေးရာ ပို့ချမှုအတွက် ကဏ္ဍာသစ်တစ်ရပ်ကို ဖွင့်လှစ်နိုင်ပြီး ထိရောက်သော နားလည်မှုကို ဖြစ်ပါစေဟု ဆန္ဒပြုလျက်။

ဆယဒ် အဗူလ်အာလာ မောင်ဒူဒီ

ဟိဂျရီ ၁၃၅၀ ပြည့်နှစ်၊ ဇီလ်ဟဂ်ျလ ၂၅ ရက်နေ့။

# ✓အစွလောမ်ိသုတ စာတည်းချုပ်၏

# အမှာစာ

မောင်လာနာ ဆယဒ် အဗုလ်အာလာမောင်ဒူဒီ (၁၉၀၃ – ၁၉၆၉) သည် ကျမ်းတော်မြတ်ကုရ်အာန် ဝါဒီတစ်ဦးဖြစ်သကဲ့သို့ တမန်တော်မြတ်၏ စွန့်သံတော် ကျင့်စဉ် ကျင့်ရပ်၏ ခိုင်လုံမှန်ကန်မှုကိုလည်း ကျမ်းအသွယ်သွယ်ဖြင့် ချေပပြောဆိုရေးသားခဲ့သော ပညာရှင်ကဝိတစ်ဦးလည်း ဖြစ်သည်။ သူသည် မူဟမ်မဒ်ရင်နှီးကာပညာရှင်တစ်ဦး ဖြစ်သည်။ မုသကလ်လီမ် ယထာဘူတဖြင့် ရှင်းပြနိုင်သော ပညာရှင်၊ စာအရေးအသား ကောင်းသော ကျမ်းပြုပုဂ္ဂိုလ်ဖြစ်သကဲ့သို့ ဟောပြောပွဲတွင် ပြိုင်စံရှားသည့် ဓမ္မကထိက တစ်ဦးလည်း ဖြစ်သည်။ ဤအထူးထူးသော ဂုဏ်ထူးဝိသေသပိုင်ရှင်ဖြစ်၍လည်း ဤဟိဂျရီ ၁၄၀၈ ခုနှစ်၏ မူဟရ်ရံ ဒီဒီဟု မွတ်စလင်ကမ္ဘာက အသိအမှတ်ပြုခြင်းဖြစ်သည်။ သူသည် အစွလာမ်နှင့်စပ်လျဉ်း၍ မောဒကတာက်သူများကို အစဉ်အမြဲ ဖိတ်မေါ်လေ့ရှိသည်။ သူ၏ စကား၊ သူ၏ စာကြောင့် များများစားစား လမ်းမှားသော ဘာသာပွဲများသည် အလွှာဟ်အရှင်မြတ်ကို လက်ခံယုံကြည်သူ ဖြစ်လာခဲ့ရသည်။ ယင်းသူတို့တွင် အာဖရိကတိုက် ဂါဘွန်နိုင်ငံ သမ္မတအူမရ် ဘန်ဂုလည်း တစ်ဦးအပါအဝင်ဖြစ်သည်။ တစ်ချိန်က ရုပ်ဝါဒီတို့စုစည်းရာ အရှေ့ဥရောပရှိ ကွန်မြူနစ်နိုင်ငံတွင် ပညာဆည်းပူးနေသော ကမ္ဘာ့နိုင်ငံအသီးသီးမှ မွတ်စလင် ကျောင်းသားများသည် မောင်ဒူဒီ၏ ကျမ်းကို လက်ကိုင်ပြုကာ ဘာသာမဲ့နှင့် ရုပ်ဝါဒီတို့ကို ချေပပြောဆိုနိုင်ခဲ့သည်။

သူ၏စာကို ထိုင်းစာပေနှင့် တွေ့မြင်ရသကဲ့သို့ ဂျပန်စာပေဖြင့်လည်း ပြုစုထားသည်ကို တွေ့မြင်ရမည်။ တောင်အမေရိကတိုက်တွင် လူသိနည်းသော မွတ်စလင်များ သန်းချီ၍ရှိသည်။ ယင်းဒေသတွင် စပိန်နှင့် ပေါ်တူဂီစာပေသည် ရုံးသုံးစာဖြစ်၍ ယင်းစာအားဖြင့်လည်း မောင်ဒူဒီ၏စာကို ပြုစုထားသည်ကို တွေ့ရပြီး ယင်းသို့ပြုစုခဲ့ကြသော သူတို့မှာ မောင်ဒူဒီ သိရှိမထားသော အစွလာမ်ဝါဒီများ ဖြစ်ကြသည်။

အိန္ဒိယနိုင်ငံရှိ အချို့ချို့သော ဟိန္ဒူလ်တို့မှအပ တစ်ကမ္ဘာလုံးရှိ အစွလာမ်သာသနာ ပညာရှင်တို့က မောင်ဒူဒီအား လေးစားစွာ ဂုဏ်ပြုနေကြသည်။

မောင်လာနာမောင်ဒူဒီကို အိန္ဒိယပြည်မြောက်ပိုင်းဒေသ အောင်ရန် ဂါဘာဒ်မြို့တွင် ၁၉၀၃ ခုနှစ်တွင် မွေးဖွားခဲ့သည်။ ဖူရ်ကာနီယာ အထက်တန်းကျောင်းမှ တစ်ဖန် ဟိုင်ဒရာဘာဒ် တက္ကသိုလ်သို့ တက်ရောက်ဆည်းပူးခဲ့သည်။ ဖခင်ဖြစ်သူ ဆယဒ်အဟ်မဒ် ဟူဆိုင်နီ ကွယ်လွန်သောအခါ ဝမ်းစာရေးအတွက် ပညာရေးတစ်ဖက်၊ ဝမ်းစာရေးတစ်ဖက် လုံးပမ်းခဲ့ရသည်။

ဖခင်ဖြစ်သူသည် ရွေ့နေတစ်ဦးဖြစ်ပြီး မိခင်ဖြစ်သူမှာ အလီဂရ်တက္ကသိုလ် တည်ထောင်သူ ဆာယဒ်အာဟ်မဒ်ခန်၏ နှမဝမ်းကွဲတော်စပ်သူ ဖြစ်ကြ၏။ မျိုးရိုးအားဖြင့်

ဆူဖီသူတော်စင်ကြီးဖြစ်သော ခွာဂျာ ကွတ်သဗွတ်ဒီန် မောင်ဒုဒ် ကျိရ်ဂုတီ၏အဆက်အနွယ်မှ ဖြစ်ပြီး အဂျ်မိရ်ရှိ ခွာဂျာမိုအီန္ဒတ်ဒီန် ကျိရ်ဂုတီသည်လည်း အဆင်အဆက်မှ ရှိခဲ့သည်။ မောင်လာနာ မောင်ဒူဒီကို အိန္ဒိယနိုင်ငံ၊ မလေးရှားနိုင်ငံ၊ အင်ဒိုနီးရှား ဆအူဒီအာရေဗျ နှင့် ဂျပန်နိုင်ငံ စသည်ဖြင့် အာရှနိုင်ငံများသာမက ဥရောပနှင့် ကနေဒါနိုင်ငံရှိ တက္ကသိုလ်ကြီးများကပါ ဂုဏ်ထူးဆောင်ပါရဂူ ဒေါက်တာဘွဲ့ကို အစဉ်တစိုက် ချီးမြှင့်ခဲ့ကြသည်။

အသက် (၁၇) နှစ်အရွယ်တွင် ကိဂျ်နိုရ်မှ ထုတ်ဝေခဲ့သော မဒီနာသတင်းစာ၏ ခေါင်းကြီးပိုင်း ရေးသားသူဖြစ်လာခဲ့သည်။ ၁၉၂၀ ပြည့်နှစ်တွင် ဂျာလ်ပူရ်မှထုတ်သော သဂျ်ဃသတင်းစာ၏ အယ်ဒီတာအဖြစ်မှ တစ်ဖန် ၁၉၂၂ ခုနှစ်မှစ၍ အိန္ဒိယနိုင်ငံ ဂျမီအာသူလ အိုလမာအဖွဲ့၏ အာဘော် ''မွတ်စလင်မ်'' သတင်းစာတွင် ပါဝင်ခဲ့ပြန်သည်။ ၁၉၂၄ ခုနှစ်မှ ၁၉၂၈ ခုနှစ်အတွင်း ''အလ်ဂျမီအသ်''၏ အယ်ဒီတာဖြစ်လာပြီး ၁၉၃၁ ခုနှစ်တွင် ဒေလီမှ ဟိုင်ဒရာဘတ်သို့ ပြောင်းရွှေ့ခဲ့၏။ ''သရ်ဂျူမာနုလ်ကုရ်အာန်'' စာစောင်ကို ဟိုင်ဒရာဘဒ်မှ ထုတ်ဝေခဲ့ရာ ယနေ့အထိ ပါကစ္စတန်နိုင်ငံ လာဟိုပြို့မှ ထုတ်ဝေနေဆဲဖြစ်သည်။ ဤစာစောင်တွင် ကျမ်းတော်မြတ်ကုရ်အာန်ကို အခြေခံသော ဆောင်းပါးများနှင့် စာတန်းများ ပါဝင်သည်ဖြစ်၍ ဤစာစောင်များသည်ပင်လျှင် ရှည်လျားသော သမိုင်းမှတ်တိုင် ကျမ်းများဖြစ်နေသည်။ မောင်လာနာ မောင်ဒူဒီ၏ သတင်းစာဆရာဘဝက ရေးသားခဲ့သော ဆောင်းပါးပေါင်းများသည်လည်း ကဏ္ဍာတစ်ရပ်အဖြစ် မှတ်တမ်းတင်ခံရပြီး အစွလာမ်ရေးရာနှင့်စပ်လျဉ်း၍ ရေးသားချက်များကား စာမျက်နှာပေါင်း (၁၆၆၆၆၅) ကျော်မျှ ရှိသည်။

၁၉၃၈ ခုနှစ်တွင် ဒေါက်တာအိုက်ဗါလ် ဖိတ်ကြားချက်အရ မောင်လာနာမောင်ဒူဒီသည် ပန်ဂျပ်ပြည်နယ်သို့ သွားရောက်ခဲ့ပြီး ပထာန်ကုတ်တွင် အစွလာမ်ရေးရာကို ဗဟိုပြုထားရာ ဒါရုလ်အစွလာမ်ဒေသကို ဖန်တီးခဲ့သည်။ ထိုစဉ်က သူနှင့်အတူ ဒေါက်တာအိုက်ဗါလ်အပြင် သူ၏နောင်သောအခါ ကြီးမားဆုံးသော အတိုက်အခံဖြစ်ခဲ့ရသူ အလ္လာမဟ် ပါရဝေဇ်လည်း ရှိခဲ့သည်။ သို့ရာတွင် ဒေါက်တာအိုက်ဗါလ် ကွယ်လွန်ပြီးနောက် ဤစိမ်ကိန်းသည် ဖြစ်မလာတော့ချေ။

မောင်လာနာ မောင်ဒူဒီနှင့် ပါရဝေဇ်စပ်ကြားတွင် ပါကစ္စတန်မတိုင်ခင်ကတည်းက စာအားဖြင့် အပြန်အလှန် တိုက်ခိုက်မှုများ ရှိခဲ့သည်။ ယင်းစာများသည် ယခုအခါ ကျမ်းကြီးအသွင် ရှိနေပြီဖြစ်သည်။ မောင်လာနာ မောင်ဒူဒီသည် အခြားသူတို့ကဲ့သို့ ကာဖရ်တည်းဟူသော ခဲဖြင့် ပစ်ပေါက်ခြင်းမရှိဘဲ ဆင်ခြင်တုံတရား၊ သက်သေသာဓက အားဖြင့် ရှရီအသ်ကို ဆန့်ကျင်သူတို့အား တိုက်ခိုက်ခဲ့သည်။ မောင်လာနာမောင်ဒူဒီနှင့် ပါရဝေဇ်တို့စပ်ကြား အပြန်အလှန် ရေးသားချက်များသည် သူတို့ကွယ်လွန်ချိန်တွင် ဆုံးခန်းရောက်ခဲ့ရသည်။

၁၉၄၁ ခုနှစ်တွင် သူသည် အိန္ဒိယကိုက်နယ်အနှံ့မှ ရောင်းရင်း ၇၅ ဦးဖြင့် ဂျမာအသေ့အစွလာမီအဖွဲ့ကို ဖွဲ့စည်းခဲ့ပြီး ၁၉၄၂ ခုနှစ်တွင် ဒါရုလ်အစွလာမ်သို့ ပြန်လည်ပြောင်းရွှေ့ကာ သူ၏လှုပ်ရှားမှုများနှင့် ကျမ်းပြုမှုများကို ပြုခဲ့သည်။ မောင်လာနာသည် ၁၉၂၆ ခုနှစ်တွင် ကျောင်းဆုံးစာအုပ်အဖြစ် ဂီဆာလာဟ်ဒီနီယာသ်ကို ပြုစုနိုင်ခဲ့သည်။

ကမ္ဘာအဝှမ်းတွင် ဤကျမ်း၏ ဘာသာပြန် Towards Understanding Islam ကို ကမ္ဘာ့ မွတ်စလင်တို့က သိကြသည်။ ယခုမူ ကျွန်ုပ်၏ ရောင်းရင်း ဝါးခယ်မမောင့်မင်းနိုင် တင်ပြသော အစွလာမ့် အနှစ်သာရသည်လည်း ဤကျမ်းမြတ်၏ ဘာသာပြန်ဆိုချက်ပင် ဖြစ်သည်။ ဤကျမ်းကို အကြောင်းပြု၍ အများအပြား မွတ်စလင်ဖြစ်လာခဲ့သည်ဟု ကြားသိရသည်။ မြန်မာနိုင်ငံတွင်လည်း ဤပြန်ဆိုမှု၏ ရသာကို ခံစားနေရပြီး ဒိန်သာသနာ ပြုနိုင်ခဲ့ပြီဖြစ်သည်။

မောင်လာနာ မောင်ဒူဒီရေးသားပြုစုခဲ့သော ' ကျမ်းများအနက် သဖ်ဟီမုလ် ကုရ်အာန်ကျမ်းသည် ယနေ့မျက်မှောက်ခေတ်ကာလတွင် အကောင်းဆုံးစာရင်းဝင် သဖ်ဆိရ် ကျမ်းဖြစ်ပြီး ကမ္ဘာ့ဘာသာစကား (၂၀) ကျော်ဖြင့် ပြန်ဆိုခဲ့ပြီးဖြစ်သည်။ အတွဲပေါင်းခြောက် တွဲဖြင့် ပြုစုထားသော ယင်းကျမ်းသည် စာမျက်နှာပေါင်း (၃၉၄၅)မျက်နှာရှိသည်။ မြေပုံ ကားချပ်များ၊ သမိုင်းဆိုင်ရာ ဓါတ်ပုံများ၊ သမိုင်းဆိုင်ရာ မှီငြမ်းချက်များ၊ အခြားဘာသာ ကျမ်းများနှင့် အထူးသဖြင့် သမ္မာကျမ်းနှင့် နှိုင်းယှဉ်ဖော်ပြချက်များကြောင့် ကုရ်အာန်ကို လေ့လာလိုက်စားသော ပုဂ္ဂိုလ်တို့၏ အသည်းစွဲဖြစ်ရခြင်းဖြစ်သည်။ မောင်လာနာ မောင်ဒူဒီ သည် အစွလာမ်ကို အခြေခံသော့ နိုင်ငံရေး ကျမ်းများ၊ သမိုင်းကျမ်းများအပြင် ကိုယ်ကျင့် တရားနှင့် ဆက်နွယ်သော လူမှုဆက်ဆံရေးကျမ်းများ အများအပြားကိုလည်း ရေးသားခဲ့ပေ သည်။ သူ၏ ဘဝသက်တမ်းတစ်လျှောက်ဝယ် ကျမ်းပေါင်း (၁၆၀) ကျော်ကို ရေးသား့ခဲ့ သည်။ သမိုင်းသုတေသီတစ်ဦးအနေဖြင့် အသိအမှတ်ပြုခံခဲ့ရသူဖြစ်သည်။

မောင်လာနာမောင်ဒူဒီသည် အစွလာမ်သမိုင်းတွင် ထင်ရှားစွာ မှတ်ကျောက်တင် ခံရသူ အီမာမ် ရှာဖီအီနှင့် အိဗ်နေသိုင်မီယာတို့ကဲ့သို့ပင် မဟုတ်မခံ ပြောရဲဆိုရဲ ရေးရဲသူ ဖြစ်သည်။ မည်၍မည်မျှပင် အာဏာဖြင့် ခြိမ်းခြောက်ခံရကြောလည်း အာခံရဲဖြစ်သည်။ သို့ဖြစ်၍လည်း ပါကစ္စတန်နိုင်ငံတွင်ပင် သုံးကြိမ်မျှ ထောင်သွင်းအကျဉ်းချခံရံမက သေဒဏ် ပေးခြင်းပင်လျှင် ခံခဲ့ရသည်။ သေဒဏ်ပေးခံချိန်တွင် ဆော်ဒီဘုရင်၏ ဧတောင်းဆိုချက်အရ ပါကစ္စတန်အစိုးရက အကယ်၍ အသနားခံစာရေးခဲ့လျှင် လွတ်ငြိမ်းခွင့်ပြုမည်ဟု ဆိုရာ မောင်လာနာ မောင်ဒူဒီက ''ကျွန်ုပ်အဖို့ ကြိုးစင်ပေါ်တက်ခြင်းသည် သူတို့ကို ဒူးထောက် အသနားခံခြင်းထက် ပိုပြီး မြင့်မြတ်လှပါသည်၊ အသက်သေခြင်း၊ ရှင်ခြင်းသည် အလွှာဟ် အရှင်မြတ်၏ အစီအမံကြောင့်ဖြစ်ရသည်။ မင်းဆိုးမင်းညစ်တို့၏ အမိန့်ကြောင့်မဟုတ်ပါ'' ဟု ပြန်ကြားခဲ့သည်။ ထိုစဉ်ကာလက ကမ္ဘာနိုင်ငံစုံမှ ကန့်ကွက်ကြသည်ဖြစ်၍ နောက်တက် လာသည့် အယူဝါဒခန်းဦးစီးသော စစ်အစိုးရက မောင်လာနာမောင်ဒူဒီကို ထောင်မှ လွှတ် ပေးခဲ့ရသည်။

၁၉၅၉ ခုနှစ်နှင့် ၁၉၆၀ ပြည့်နှစ်စပ်ကြားတွင် မောင်လာနာမောင်ဒူဒီသည် အာရှ တိုက်အလယ်ပိုင်းဒေသ၊ ဆော်ဒီအာရေဗျ၊ ဆီးရီးယား၊ ဂျော်ဒန်နှင့် အီဂျစ်နိုင်ငံများသို့ သွားရောက်ပြီး ကျမ်းတော်မြတ်ကုရ်အာန်၏ ပထဝီဖော်ပြချက်များနှင့် သမိုင်းဆိုင်ရာ နေရာ ဒေသများကို ကွင်းဆင်းလေ့လာ သုတေသနပြုခဲ့သည်။ သူသည် ၁၉၄၂ ခုနှစ်မှစတင်၍ ရေးသားခဲ့သော သဖ်ဟီမုလ် ကုရ်အာန်ဋီကာကျမ်းကို ပိုမို၍ ပြည့်စုံစေလိုသည်။ ဤကျမ်း သည် ၁၉၇၂ ခုနှစ်တွင် ပြည့်စုံခြင်းကို ရောက်ခဲ့သည်။

၁၉၆၁ ခုနှစ်တွင် ဆော်ဒီဘုရင်၏ ပန်ကြားချက်အရ မကြာမီ ဖွင့်လှစ်တော့မည့် မဒီနာတက္ကသိုလ်အတွက် သင်ရိုးညွှန်တမ်းနှင့် ကျောင်းစီမံကိန်းအစုံကို ရေးသားတင်ပြနိုင်ခဲ့သည်။ ၁၉၆၃ ခုနှစ်က အီဂျစ်နှင့် ဆော်ဒီအစိုးရစပ်ကြားတွင် တင်းမာမှုအထွတ်အထိပ် ရောက်ခဲ့၍ ကာဗာကျောင်းတော်၏ ခြုံထည်ကို အီဂျစ်အစိုးရက ပေးပို့ရမည်ဖြစ်သော်လည်း မပေးရဘဲ မောင်လာနာ မောင်ဒူဒီကို ဦးဆောင်စေကာ ပါကစ္စတန်ပြည်သူတို့က ပေးပို့ခွင့်ရရှိခဲ့သည်။ ၁၉၆၆ ခုနှစ် ရာဗီတာ အာလမ် အလ် အိခ်လာမီ၏ မက္ကာမြို့ညီလာခံတွင် မွတ်စလင်နိုင်ငံများ၏ လုံခြုံရေးနှင့် စည်းလုံးညီညွတ်ရေးနှင့် စပ်လျဉ်းပြီး မောင်လာနာ မောင်ဒူဒီက အဆိုတစ်ရပ်ကို တင်သွင်းအတည်ပြုခဲ့သည်။ မောင်လာနာမောင်ဒူဒီသည် ရာဗိတာကို စတင်ဖွဲ့စည်းသူတို့တွင် ပါဝင်သည်။ ထိုမျှမက နှစ်စဉ် ချီးမြှင့်သော ဖိုင်ဇယ်ဆုကို ပထမဦးဆုံး လက်ခံရရှိသူဖြစ်သည်။

၁၉၆၉ ခုနှစ်တွင် မော်ရိုကိုဘုရင်က ဦးစီးကာ ရာဗသ်တွင် ကျင်းပသော မွတ်စလင်ထိပ်သီး ညီလာခံသို့ ဖိတ်ကြားခံခဲ့ရသည်။ ထိုမှတစ်ဖန် သမိုင်းဝင်ဖိုင်ဇ်မြို့၏ တက္ကသိုလ်တွင် ကျင်းပသော မွတ်စလင်ပညာရေးဆိုင်ရာ နိုင်ငံတကာ ညီလာခံသို့ လည်း တက်ရောက်ခဲ့သည်။ ယင်းညီလာခံတွင် အာဖရိကတိုက်မှ ကျော်ကြားလှသော အာလင်မ်ပညာရှင်များဖြစ်သည့် အလ္လာမဟ်ဖစ္စီ အဗ်ဒုလ္လာဟ်ကုနန်၊ ဆီနီဂေါလ်နိုင်ငံမှ ရှေခ်အိဗ်ရာဟီမ်နီယာစ်၊ အီဂျစ်မှ ဒေါက်တာအိုင်ရှာဘင်သ် ရှာသီတို့ကဲ့သို့သော ပုဂ္ဂိုလ်များနှင့် နီးနှောဆွေးနွေးခဲ့သည်။ အိခ်ဝါနလ် မွတ်စ်လီမင်ခ် ခေါင်းဆောင် ခါလိဒ်အဗ်ဒုလ်ခသိဗ်နှင့်လည်း သီးခြားဆွေးနွေးခဲ့သည်။ သူသည် ပါလက်စတိုင်းရှိ အလ်ဖသာ၏ ခေါင်းဆောင်လည်းဖြစ်သည်။ (အရဗီ၊ အူရဒူ၊ အင်္ဂလိပ်နှင့် ဖာရစီစာပေကို နွှိက်နှုက်ကျွတ်ကျွတ် တတ်မြောက်ရုံသာမက ခေတ်ဟောင်းနှင့် ခေတ်သစ်ဒဿနရှင်တို့၏ ကျမ်းများကို လေ့လာထွက်ထွားသော ဆယဒ်အဗူလ်အလာ မောင်ဒူဒီကို ဤထက်မြတ်သော အဆင့်ကို ရောက်ရှိခဲ့သူမှာ သူ၏ဖခင်ဆယဒ်အဟ်မဒ် ဟူစိုင်နိ်ပင် ဖြစ်သည်။) အဟ်မဒ်ဟူဆိုင်နိ်သည် ညအိပ်ရာဝင်ချိန်တွင် သားနှစ်ဦးဖြစ်သူ အဗုလ်အာလာနှင့် အဗုလ်ခိုင်ရိ်တို့အား တစ်ဖက်တစ်ချက်တွင်ထားပြီး အစွယ်လာမ့်သမိုင်းဖြစ်ရပ်များကို ပြောပြလေ့ရှိသည်။ စာဖတ်တတ်ချိန်တွင် မောင်လာနာဟာလီ၏ ကဗျာများကို သားများကို ပေးဖတ်ခဲ့သည်။ လူပျိုဘဝရောက်ချိန်တွင်မူ မောင်လာနာအဗူလ်ကလာမ် အာဇာဒ်၏ ရဲရဲတောက်စာပေများကို ဖတ်နေရပြီဖြစ်သည်။ အဗုလ်ကလာမ် အာဇာဒ်၏ ''အလ်ဟီလာလ်'' သတင်းစာသည် ထို့ခေတ်ကာလက ကျွန်စိတ်ပေါက်နေသော သူများအတွက် ဆေးတစ်ခွက်ဖြစ်သည်။ ဤကဲ့သို့သော ရင့်ကျက်သော စာပေအသိုင်းအဝိုင်းမှ ကြီးပြင်းလာခဲ့သော အဗူလ်အာလာမောင်ဒူဒီသည် ကမ္ဘာကျော်အစွယ်လာမ်ရေးရာ ပညာရှင်ကြီးတစ်ဦး ဖြစ်လာသကဲ့သို့ ညီအစ်ကိုတော် အဗုလ်ခိုင်ရိသည်လည်း ကျော်ကြားလှသော တက္ကသိုလ်ပါမောက္ခကြီး ဖြစ်လာခဲ့သည်။ အဗုလ်ခိုင်ရိသည် အီန်ဒိယတိုက်နယ်အထိသာ ကျော်ကြားပြီး အဗုလ်အာလာသည် ကမ္ဘာကျော်ပုဂ္ဂိုလ်ဖြစ်လာခဲ့သည်။

မူလက မောင်လာနာ မောင်ဒူဒီ၏ ရောင်းရင်းများတွင် အဗူလ်ဟာဆန် အလီနဒ်ဝီကဲ့သို့ ယနေ့သက်ရှိထင်ရှားသော ပုဂ္ဂိုလ်များ ပါဝင်ကြသည်။ သူတို့သည် အစုအဝေး

တစ်ခုတွင် နှစ်ပေါင်းများစွာပါဝင်ခဲ့ရာ ပါကစ္စတန်နိုင်ငံ ပေါ်ထွန်းလာပြီးနောက် မောင်လာနာ မောင်ဒူဒီ၏ နိုင်ငံရေးတွင် ပါဝင်ပတ်သက်လာမှုနှင့် ပတ်သက်ပြီး လမ်းခွဲကြခြင်း ဖြစ်သည်။ သို့ရာတွင် မဒီနာတက္ကသိုလ်၊ ရာဗီဘာအလ် အာလမ်အလ်အိစ်လာမီနှင့် ဒမစ်ကတ် တက္ကသိုလ် စသည့် ပညာရေး အဖွဲ့အစည်းများနှင့် လူမှုရေးအဖွဲ့အစည်းများ၏ ဗဟိုဦးစီး အဖွဲ့တွင် ဒေါက်တာ ဆအိဒ်ရမ်ဇာန်၊ အဗူလ်ဟာဆန် အလီနဒ်ဝီ၊ ပါကစ္စတန်နိုင်ငံမှ မုဖ်သီသကီ၏ဖခင် မုဖ်သီ မုဟမ္မဒ်ရှဖီ ပဲရစ်တက္ကသိုလ်မှ ဒေါက်တာဟမီဒုလ္လာဟ် ဥရောပ တိုက်မှ မုဟမ္မဒ်အဆဒ်၊ ဒေါက်တာဂျရ်မနိစ် စသည့် ပုဂ္ဂိုလ်တို့နှင့် ပူးတွဲကာ ကမ္ဘာ့မွတ်စလင် ရေးရာများတွင် ပါဝင်နှီးနှောအဖြေရှာခဲ့ကြသည်။ ကမ္ဘာကျော်အစွယ်လာမ်စာပေ ပညာရှင်တို့ သည် လေ့နံ့ဓါးထစ်သမားများ မဟုတ်ကြ၍ ပြဿနာကို နှီးနှောအဖြေရှာလေ့ရှိသည်။ ဘာသာရေးအဆဲဖြစ်သော ကာဖိရ်ပုဒ်မဖြင့် တစ်ဦးကိုတစ်ဦး မပုတ်ခတ်ကြပေ။

ဤနေရာတွင် ကမ္ဘာကျော် အစွယ်လာမ်စာပေ ပညာရှင် ပုဂ္ဂိုလ်ကြီး ဆယဒ်အဗုလ် ဟာဆန်အလီ နဒ်ဝီ၏ မောင်ဒူဒီကွယ်လွန်ချိန်တွင် ရေးသားခဲ့သော ဂုဏ်ပြုဆောင်းပါးဖြစ် သည့် ''ရဖာကသ်က ကျာလီစ်ဆာလ်'' ရောင်းရင်းဘဝက အနှစ် (၄၀) မှ ကောက်နုတ် ချက် တစ်ပိုဒ်ကို ဖော်ပြလိုပါသည်။

## ✓ ကမ္ဘာကျော် အစွယ်လာမ် သုခမိန်ကြီး
## မော်လာနာဆယဒ် အဗုလ်ဟာဆန် အလီနဒ်ဝီ၏အမြင်

''ကျွန်တော်နှင့် မောင်လာနာ မောင်ဒူဒီတို့ ဒုတိယအကြိမ် တွေ့ဆုံခဲ့သည်မှာ ၁၉၄၁ ခုနှစ်က ဖြစ်သည်၊ ထို့စဉ်က စော်တွားကြီး ဆာအဟ်မဒ် ဆအိဒ်ခန်းက လက်ခနောင် မြို့တွင် ကျင်းပခဲ့သော အစွယ်လာမ်ဥပဒေရေးရာ နှီးနှောပွဲနှင့် ဆက်နွယ်၍ ပညာရှင်များကို ဖိတ်ခေါ်ရာ၊ မောင်လာနာ မောင်ဒူဒီလည်း ပါဝင်ပါသည်၊ ယင်းကိစ္စနှင့် စပ်လျဉ်းပြီး သူထံမှ ရောက်ရှိခဲ့သော စာမှာ အောက်ပါအတိုင်းဖြစ်သည်။

''၁၉၄၀ ပြည့်နှစ် ဒီဇင်ဘာလ ၂၄ ရက်နေ့စွဲပါဖြင့် လေးစားအပ်သော မြင့်မြတ်လှ သော ရဲဘော်ကြီး ဆအိဒ်ထံမှလည်း လက်ခနောင်သို့ လာရောက်ရန် ဖိတ်ကြားစာ ရောက်လာပြန်သည်။ နှီးနှောဖလှယ်ပွဲတွင် ပါဝင်ဆွေးနွေးရန် ကိစ္စဖြစ်ပါသည်။ ကျွန်ုပ်အနေ ဖြင့် စောဘွားကြီးနှင့် နှီးနှောပွဲကို စိတ်ဝင်စားခြင်း မရှိသော်လည်း ဤအကြောင်းပြချက် ဖြင့် နဒ်ဝါဟ်ကျောင်းတော်နှင့် လက်ခနောင်သို့ လာရောက်ခွင့် ရမည်ဖြစ်ပြီး ရောင်းရင်းများ နှင့် တွေ့ဆုံဆွေးနွေးခွင့်ရမည်ကို မျှော်လင့်လျက် ဖိတ်စာကို လက်ခံလိုက်ပါသည်။

ကျွန်ုပ်အနေဖြင့် ဇန္နဝါရီလ (၃) ရက်နေ့တွင် လက်ခနောင်သို့ ရောက်လိမ့်မည်ဟု မျှော်လင့်ပါသည်။ အင်ရှာအလ္လာဟ် ကျွန်ုပ်၏ နေထိုင်တည်းခိုမှု တာဝန်ကို ရဲဘော်ကြီး

ယူရလိမ့်မည်။ ကျွန်ုပ်အနေဖြင့် လူတို့နှင့် တွေ့ဆုံဆွေးနွေးရသော နေရာတွင် နေထိုင်လိုပါသည်။ ကျွန်ုပ်ထံသို့ မည်သူမဆို လွတ်လပ်စွာ ဝင်ထွက်သွားလာခွင့်လည်း ရှိရပါမည်။ အလီဂရ်မြို့တွင် ကျွန်ုပ်လူငယ်ဂေဟာရှင် နေထိုင်ခဲ့၍ ဤသို့နေထိုင်ရသည့် အကျိုးကျေးဇူး အနေဖြင့် အလွှာအသီးသီးမှ လူပုဂ္ဂိုလ်အသီးသီး လာရောက်နှိုင်ခဲ့သည်။ ဤကဲ့သို့ပင် လက်ခနောင်မြို့တွင်လည်း ဖြစ်စေခြင်းပါသည်။

ကျွန်ုပ်သည် လွတ်လပ်စွာ နေထိုင်သူဖြစ်၍လည်း အလွှာဟ်အရှင်မြတ်သည် သူသည် လွတ်လပ်စွာနေထိုင်သော အခြေအနကို ဖန်တီးပေးလေ့ရှိပါသည်။ ကျွန်ုပ်နှင့် လာရောက်တွေ့ဆုံသော သူတို့တွင် ဒီဠိဟု အမည်တွင်ရစ်သူများ၊ ကွန်မြူနစ်များနှင့် ဘာသာမဲ့များပါဝင်ပြီး ယင်းသူတို့သည် ကျွန်ုပ်နှင့် တွေ့ဆုံရပြီး နောက်ပိုင်းတွင် သူငယ်ချင်းရောင်းရင်းပမာ ဖြစ်သွားရသည်။ သူတို့နှင့် ကျွန်ုပ်၏ တွေ့ဆုံရမှုသည်လည်း ဘာသာရေးကိုင်းရှိုင်းသော သူမြတ်များက ပုဂ္ဂိုလ်ကြီးများနှင့် ဇတ္တဆုံစီးနောသကဲ့သို့ပင် ဖြစ်သည်။ သူတို့နှင့် ဆုံတွေ့နေရသော နေရာသည် အခြားအတားအဆီးများနှင့် ပုဂ္ဂိုလ်ကြီးများ မရှိလျှင် ကောင်းမည်၊ ဤသို့ဖြင့် ပွင့်လင်းစွာ ဆွေးနွေးခွင့်ရမည်ဖြစ်သည်၊ စာစောင်နှင့် စပ်လျဉ်း၍ပြီးမှ ဆွေးနွေးပါမည်။ သင့်ရဲဘော်–

အဗုလ်အာလာ မောင်လာနာ မောင်ဒူဒီသည် သူ့စာတွင် ရေးထားသည့်အတိုင်း ၁၉၄၁ ခုနှစ် ဇန္နဝါရီလ ပထမပတ်တွင် လက်ခနောင်မြို့သို့ ရောက်ရှိလာခဲ့သည်။ ထို့စဉ်ကာလ အိန္ဒိယနိုင်ငံ၏ နိုင်ငံရေးလွန်ဆွဲပွဲကြောင့် အခြေအနေတင်းမာနေချိန်ဖြစ်သော်လည်း လက်ခနောင်မြို့မိမြို့ဖကို့သည် မောင်လာနာမောင်ဒူဒီနောက်သို့ တစ်ကောက်ကောက် လိုက်နေကြသည်။ ''သရဲဂျူမာန္ရလ် ကုရိအာန်'' စာစောင်ကြောင့် လူငယ်ထုအတွင်း အစွဲလာမ့်အတွေးအသစ် အမြင်သစ်တစ်ရပ်ကို ဇမောင်ဒူဒီက မွေးပေးခဲ့ပြီဖြစ်သည်။ မိမိတို့ကိုယ်ပိုင် လူ့ဘဝတည်ဆောက်မှုဆိုင်ရာ ဝါဒရေးရာများကို သူတို့စိတ်တွင် ကိန်းအောင်းစေအောင် ပြုလုပ်နိုင်ခဲ့ပြီဖြစ်သည်။

ကျွန်ုပ်သည် ဧည့်သည်တော် မောင်လာနာကြီးကို နဒ်ဖါဟ်ကျောင်းတော်၏ ဧည့်ရိပ်သာတွင် နေရာချထားပေးလိုက်သည်။ ယင်းနေရာဝန်းကျင်တွင် ကျွန်ုပ်၏ ဆရာရင်း မောင်လာနာဆယ်ဒ်ဆူလိုင်မန် နဒ်ဝီနှင့် မောင်လာနာ အာဇာဒ်ဆူဗဟာနီတို့သည်လည်း နေထိုင်လျက်ရှိသည်။ တက္ကသိုလ်ကျောင်းသားများနှင့် ဧည့်သည်တော်များသည် မောင်လာနာမောင်ဒူဒီကို ပတ်ပတ်လည်မှ ဝိုင်းရံလျက် မေးစရာမြန်းစရာ ဆွေးနွေးစရာများကို ဆွေးနွေးနေကြသည်။ ဆွလားသ်ဝတ်ပြုချိန်တွင်မူ ယင်းအစုအဝေးတစ်ခုလုံးသည် အနီးရှိ ဝတ်ကျောင်းတော်သို့ ပြောင်းရွှေ့သွားရပြီး၊ ပြီးလျှင် ပြန်ရောက်လာတတ်သည်။

လက်ခနောင်မြို့သားများကို ကျွန်ုပ်အနေဖြင့် မောင်လာနာမောင်ဒူဒီအား မိတ်ဆက်ပေးစရာမလို။ သူတို့သည် ကျွန်ုပ်ထက် မောင်ဒူဒီကို ပို၍ သိကြဟန်တူသည်။ စင်စစ်အားဖြင့်လည်း မောင်လာနာမောင်ဒူဒီသည် အလွန်ကြည်ဖြူသူဖြစ်၍ စကားပြော

ဆိုရာတွင် စိတ်ပါလက်ပါပြောတတ်သည်။ လူတို့နှင့် ခဏကပြေးနှင့် လူရင်းပမာ ရင်းနှီးခင်မင်သွားအောင် ပြုနိုင်သည်။ ပညာရှင်ကြီးဟူသော ဟိတ်ဟန်မျိုး သူ့တွင် လုံးဝမရှိ။ သို့ဖြစ်၍လည်း ပရိသတ်၏ အချစ်တော်ဖြစ်နေရခြင်းဖြစ်သည်''

(ရဖာကသ်က ကျာလိစ်ဆာလ် ဆောင်းပါးမှ)

မောင်လာနာ မောင်ဒူဒီသည် မွတ်စလင်ညီညွတ်ရေးအတွက် အထူးကြိုးပမ်းခဲ့သည်။ ပါကစ္စတန်နိုင်ငံ တည်ထောင်နေပြီးနောက် ၁၉၅၂ ခုနှစ်တွင် နိုင်ငံအတွင်း ကျောင်းများကို အကြောင်းပြု၍ ကွဲနေသော ဘရယ်လဝီအုပ်စု၊ ဒီယိုဗန်ဒီအုပ်စု၊ အဲဟ်လေဟဒီစ် အုပ်စုနှင့် ရှီအာအုပ်စုများကို ပေါင်းစည်းကာ ညီညွတ်ရေးတပ်ပေါင်းစုဖွဲ့စည်းနိုင်ခဲ့သည်။ မောင်လာနာမောင်ဒူဒီကို ရှီအား အစုအဝေးက လေးစားသည်။ အီရန်ရှိ အစွလာမ်အခြေခံဝါဒီတို့ကလည်း မောင်ဒူဒီ၏ စာကို ဖတ်ရှုလေ့လာရုံမက တက္ကသိုလ်ကျောင်းများတွင် ပြဌာန်းထားသည်အထိ ဖြစ်သည်။ စင်စစ် မောင်ဒူဒီ၏ စာပေများသည် ကမ္ဘာအဝှမ်းရှိ အစွလာမ်အခြေခံဝါဒီတို့အတွက် လေ့ကျင့်ပေးသော စုရပ်နေရာပင်ဖြစ်သည်။ အီဂျစ်ပြည်ရှိ အိခ်ဝါန်ညီအစ်ကိုတော်များနှင့် အယ်လဂျီးရီးယားရှိ ကယ်တင်ရေးအဖွဲ့ဝင်များသည် မောင်ဒူဒီ၏ စာနှင့် ကင်းခြင်းမရှိပါ။ မောင်ဒူဒီ၏ ကျမ်းတော်မြတ်ကုရ်အာန်ကိုအခြေခံ၍ အစွလာမ့်လူအဖွဲ့အစည်း တည်ဆောက်မှုအစီအစဉ်များကို ကမ္ဘာနိုင်ငံအစုံမှ ပညာတတ်မွတ်စလင်များက အထူးနှစ်သက်ကြသည်။

ပါကစ္စန်နိုင်ငံတွင် မောင်ဒူဒီသည် နိုင်ငံရေးအရ အောင်မြင်သူမဟုတ်ပါ။ သို့ရာတွင် ပညာတတ်အလွှာ၏ တွေးခေါ်မှုတွင် မောင်ဒူဒီတင်ပြချက်များသည် စိမ့်ဝင်သွားပြီဖြစ်သည်။ ယနေ့ကမ္ဘာအဝှမ်းရှိ အစွလာမ့်စာပေပညာရှင်တို့၏ ရေးသားချက်ပုံစံသည် တစ်ပြေးညီဖြစ်နေသည်။ အားလုံးက ကုရ်အာန်နှင့် တမန်တော်မြတ်၏ ကျင့်စဉ်စွန္ဒသိတော်ကို ပြန်လည်၍ ရှုပ်လုံးဖော်ကာ ခုလိုဖါအော့ရာရှီဒီန်၏ ခေတ်ကို ပြန်လည်၍ တည်ဆောက်လိုကြသည်။

မောင်လာနာ မောင်ဒူဒီသည် ၁၉၇၉ ခုနှစ်တွင် နာမကျန်းဖြစ်လာခဲ့ရာ သားဖြစ်သူ ဒေါက်တာဖာရုတ်က် မောင်ဒူဒီနေထိုင်ရာ အမေရိကန်နိုင်ငံသို့ သွားရောက်အနားယူခဲ့ရာမှ ကွယ်လွန်ခဲ့သည်။ သူ၏ ရုပ်ကလပ်ကို အမေရိက၊ ဥရောပမှသည် အာရှတိုက်သို့ ယူဆောင်လာခဲ့ရာ နိုင်ငံစုံမှ ဂျနာဇာဆွလားသ်ဖြင့် နောက်ဆုံး ဂါရဝပြုခဲ့ကြသည်။ ယနေ့ မောင်လာနာမောင်ဒူဒီ မရှိတော့သော်လည်း သူ၏ စာပေသည် နှစ်ရှည်လများအထိ မွတ်စလင်ထုအား အလင်းပေးနေမည်ဖြစ်သည်။ လာမည့် ရာစုနှစ်တွင် မောင်ဒူဒီအများအပြား ပေါ်ထွန်းလာမည်ဖြစ်သည်။

ဂျာဝိ (ဒ်) သန်း

ဟစ်ဂျရီ ၁၄၂၀ ပြည့် ရမ်သွာန်လမြတ်

# မြန်မာပြန်ဆိုသူ၏အာမခံ ✓

ဤစာအုပ်သည် အဗုလ်အာ်လာ မောင်္ဒူဒီ၏ (Towards Understanding Islam) (မစ္စတာကုရ်ရှုဝ်ဒ်၏ အင်္ဂလိပ်ဘာသာ ပြန်ဆိုချက်) ကို ပြန်ဆိုထားခြင်းဖြစ်ပြီး ကမ္ဘာ့ဘာသာစကားအသီးသီးဖြင့် အကြိမ်ကြိမ်အခါခါ ပြန်ဆိုခဲ့ရသည့် စာအုပ်ကောင်းတစ်အုပ်လည်း ဖြစ်ပါသည်။

အဗုလ်အာ်လာသည် အစွလာမ့်ရေးရာ စာအုပ်စာတမ်းများစွာကို ရေးသားခဲ့သည့် အတွက် ဘုရင်ဖိုင်ဇယ်ဆုရရှိခဲ့သော ပညာရှိကြီးတစ်ဦးဖြစ်၏။ ရေးသားသမျှ စာအုပ်တိုင်းသည် ကျော်ကြားအောင်မြင်မှု ရခဲ့သည်သာဖြစ်၏။ ဤစာအုပ်ကား သူ၏အကျော်ကြားဆုံး လက်ရာပင်။ မူရင်းကို ``ရေစာလဟ်အေ့ ဒိန်နိယတ်`` အမည်နှင့် အူရဒူဘာသာဖြင့် ထုတ်ဝေခဲ့ခြင်းဖြစ်၏။

အဗုလ်အာ်လာသည် အစွလာမ့်အနှစ်သာရများကို ပညာတတ်လူတန်းစား အပါအဝင် လူအလွှာအသီးသီးက လက်ခံနိုင်အောင် တင်ပြနိုင်စွမ်းရှိသူ ဖြစ်၏။ တင်ပြပုံနည်းစနစ်နှင့် အတွေးအခေါ်အရာ၌ ပြောင်မြောက်သူလည်း ဖြစ်၏။

ဤစာအုပ်၌ အစွလာမ့်အသွင်သဏ္ဌာန်နှင့် အနှစ်သာရ၊ အစွလာမ့်လူနေမှုစနစ်၊ အရှင်တစ်ဆူဝါဒ၏ လူ့ဘဝ၌ အကျိုးသက်ရောက်စေပုံ၊ တမန်တော်များ၏ အခန်းကဏ္ဍ၊ အစွလာမ့်ယုံကြည်မှုများ၊ အစွလာမ့်ဒဿန အစွလာမ့်အတွေးအခေါ်များနှင့် လူသား၏ အမြင့်မားဆုံးသော အဆင့်အတန်းတို့ကို အကွက်ပိပိ ထောင့်စေ့စေ့ တင်ပြထားပါသည်။

အစွလာမ်ဟု ဆိုလိုက်သည်နှင့် ဤစာအုပ်ကို ငြီးမြင်မိကြမည်။ အစွလာမ်ကို လေ့လာသူတိုင်း လူမျိုးမရွေး၊ ဘာသာမရွေး မလွတ်တမ်း ဖတ်ရှုထိုက်သည့် စာအုပ်ကောင်းတစ်အုပ်အဖြစ် ကျော်ကြားခဲ့ပါသည်။

အင်္ဂလိပ်ဘာသာမှ မြန်မာဘာသာသို့ ပြန်ဆိုရာ၌ စာရေးသူအနေနှင့် မူရင်းအနှစ်သာရ မပျက်ပြားအောင် အစွမ်းကုန် ကြိုးစားထားပါသည်။ အကယ်၍ ဟာကွက်ပျော့ကွက်များ ရှိခဲ့ပါမူ စာရေးသူဘက်မှ ချို့ယွင်းချက်သာ ဖြစ်ပါသည်။

ဤစာအုပ်ကို ၁၉၇၀ ပြည့်နှစ်က ပထမအကြိမ် ထုတ်ဝေခဲ့ရာ စာရှုသူတို့၏ နှစ်ခြိုက်စွာ အားပေးမှုကို ရရှိခဲ့ပါသည်။ ယခုတစ်ဖန် စာရှုသူများ၏ဆန္ဒအရ ဒုတိယအကြိမ် ထပ်မံထုတ်ဝေလိုက်ရပါသည်။

ဤစာအုပ် ထုတ်ဝေနိုင်ရေးအတွက် အကူအညီပေးသူ ဝမ်းတူးဝမ်းမိသားစုအပေါ် အလွန်တာ်အရှင်မြတ်ဘက်တော်မှ အတိုင်းအဆမရှိ ချီးမြှင့်မှုများကို ရယူခံစားနိုင်ပါစေ...

လောကီလောကုတ္တရာနှစ်ဖြာ နှစ်ဌာနစလုံး လှပကောင်းခြင်း ဝေဖြာပါစေဟု ဆန္ဒမွန်မြူလျက်...

ဇီးခယ်မမောင်မင်းနိုင်

ဟစ်ဇ္ဇရီ ၁၄၁၂ ရမ်ဇာန်၊ (၂၇) ရက်
လိုင်လတုလ် ကဒရ်နေ့မြတ်။

## ✓ စာရေးသူ၏ ထုတ်ဝေပြီး စာအုပ်များ

- အစွဲလာမဲ့အနှစ်သာရ
- ဂုန်ကဝါဟော်နှင့် ဂျဝါဓေ့ ဂုန်ကဝါဟော်ကဗျာများ
  (စာရေးဆရာ ဂျာဝိဒ်သန်းနှင့် ပူးတွဲပြုစုသည်)
- ကုရိုအာန်လေ့လာနည်းလမ်းညွှန်
- ကွန်ပျူတာကပြောသော ကုရိုအာန်၏ အံ့ဖွယ်
  (စာရေးဆရာ ငြိမ်းချမ်းလူလင်နှင့် ပူးတွဲပြုစုသည်)
- ကုရိုအာန်နှင့် ခေတ်သစ်သိပ္ပံ
- ကုရိုအာန်အညွှန်း
- ကမ္ဘာ့စံပြတမန်တော်
- အစွဲလာမ်နှင့် ဂုဇ်ဩေးဂုတနာ
- ပဥ္စမ မဏ္ဍိုင် ဟဂျ်

# အခန်း (၁)

# အစွလာမ်၏ အဓိပ္ပာယ်

ကမ္ဘာပေါ်ရှိ ကိုးကွယ်ရာဘာသာအသီးသီးပင် ထိုသာသာသာသနာကို ဦးဆောင်ပို့ချသူကို အကြောင်းပြု၍သော်လည်းကောင်း ထိုသာသနာထွန်းကားရာ လူမျိုး နှင့် ဒေသတိုင်းနိုင်ငံကို အကြောင်းပြု၍သော်လည်းကောင်း၊ အမည်နာမ ပညတ်မှည့် ခေါ်ထား သည်ကို တွေ့ရ၏။

ဥပမာအနေနှင့်တင်ပြရလျှင် ခရစ်ယာန်သာသနာသည် သခင်ယေရှုကို အမှီပြု၍ ပေါ်လာ၏။

ဗုဒ္ဓဘာသာမှာ ဂေါတမ ဗုဒ္ဓမြတ်စွာဘုရားကို အကြောင်းပြု၍ ပေါ်လာ၏။

ဇိရိုအက်စတာ ဘာသာမှာမူ ယင်းသာသနာကို ဦးစွာ တည်ထောင်လမ်းပြခဲ့သူ ဇိရိုအက်စတာကို အကြောင်းခံ၍ ပေါ်လာခြင်းဖြစ်၏။

ရဟူဒီဘာသာကမူ ဦးဆောင်ပုဂ္ဂိုလ် ဂျူဒါးနှင့် ဂျူဒါးနယ်ကို အမှီပြု၍ ပေါ်လာခဲ့ ခြင်းဖြစ်၏။

အစွလာမ်ကား ဤသို့မဟုတ်ပေ။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ကို အကြောင်း ပြု၍ ပေါ်လာခြင်းလည်းမဟုတ်။[၁] လူမျိုးတစ်မျိုးကို အမှီပြု၍ ထွန်းကားခြင်းမဟုတ်၊ တိုင်းနိုင်ငံ ဒေသတစ်ခုခုကို အရင်းခံ၍ ဖြစ်တည်လာခြင်း မဟုတ်။ အထက်ပါ အကြောင်းရင်း များအနက် တစ်ခုခုနှင့် ဆက်နွယ်အရင်းခံမှု လုံးဝမရှိ၊ တစ်မူထူးခြားသည့် အယူဝါဒတစ်ရပ် ဖြစ်၏။ အစွလာမ်ဟူသော ဝေါဟာရသည်ပင်လျှင် ဤသဘောကို ဆောင်သောအဓိပ္ပာယ် မရှိချေ။

အစွလာမ်သည် ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်နှင့်သာ သက်ဆိုင်သည့် အယူလည်း မဟုတ်၊ လူမျိုးတစ်မျိုးတည်းနှင့် သက်ဆိုင်သော ဘာသာတစ်ခုလည်းမဟုတ်၊ နိုင်ငံတစ်နိုင်ငံ

---

၁။ အချို့က အစွလာမ်သည် တမန်တော်မုဟမ္မဒ်အား အကြောင်းပြု၍ ပေါ်လာခြင်းဖြစ်သည်ဟု ပြောဆို လေ့ရှိကြ၏။ ဤအချက်ကား လုံးဝမှားယွင်း၏။(အစွလာမ်သည် ကမ္ဘာတည်စကတည်းက တည်ရှိနေ သော ကမ္ဘာဦးဘာသာဖြစ်ပြီး လူသားအားလုံးနှင့် သက်ဆိုင်သည်။)

အတွက် ရည်စူးထားသည်လည်း မဟုတ်သလို လူတစ်ဦးတစ်ယောက်၏ စိတ် ဆန္ဒစိတ်ကူး အတွင်းမှ ပေါက်ဖွားလာသည်လည်း မဟုတ်ချေ။

စကြဝဠာတစ်ဝန်းလုံးနှင့် သက်ဆိုင်သည်။ ရည်ရွယ်ချက်မှာလည်း လူသားထု အတွင်း၌ အစွလာမ်က လိုလားသော အသွင်သဏ္ဌာန်နှင့် အရည်အသွေးမျိုး ပိုင်ဆိုင်သည့် လူ့အဖွဲ့အစည်းတစ်ရပ်ကို ပျိုးထောင်ဖန်တီးပေးရန်ပင် ဖြစ်၏။

အစွလာမ်သည် မှန်ကန်သော အကြောင်းတစ်ရပ်ဖြစ်၏။ ထူးခြားသော ဝိသေသ ဂုဏ်လက္ခဏာတစ်ရပ်ကို ဆောင်လျက်ရှိ၏။ မည်သည့်နိုင်ငံ၊ မည်သည့်လူမျိုး၊ မည်သည့် အဖွဲ့အစည်း၊ သို့မဟုတ် မည်သည့်မျိုးနွယ်မှပင် ဖြစ်စေကာမူ ဤဝိသေသကို ပိုင်ဆိုင်သော သူ မည်သူမဆိုပင် မွတ်စလင်တစ်ဦးဖြစ်လာနိုင်၏။ ကျမ်းပြတ်ကုရ်အာန်အရဆိုလျှင် ခေတ် အသီးသီးရှိ လူမျိုးအသီးသီးအနက်မှ ဤဝိသေသကို ပိုင်ဆိုင်ကြသည့် အကျင့်သီလ ကောင်းမြတ်ကြပြီး ဖြောင့်မတ်မှန်ကန်သော လမ်းစဉ်ကို လျှောက်လှမ်းခဲ့သူမှန်သရွေ့ အားလုံး မွတ်စလင်များဖြစ်ကြောင်း သိရ၏။

ဤအချက်အလက်များကပင် အစွလာမ်သည် မည်သည့်အဓိပ္ပါယ်ကို ဆောင် သနည်းဟူသော အမေးတစ်ရပ်နှင့် 'မွတ်စလင်ဟူသည် မည်သူနည်း'' ဟူသည့် အမေး နှစ်ရပ်ကို အလိုအလျောက် ပေါ်ပေါက်လာစေ၏။

## အစွလာမ်ဟူသည့် မည်သည်ကို ဆိုလိုသနည်း

['အစွလာမ်' သည် အရစ်ဗေါဟာရဖြစ်ပြီး 'ကျိုးနွံခြင်း' 'ခယခြင်း' နှင့် 'နာခံခြင်း' ဟု အဓိပ္ပာယ်ရ၏။)အယူဝါဒတစ်ရပ်အနေနှင့်မူ အစွလာမ်သည် အလ္လာဟ်အရှင် (စကြဝဠာ အဝှမ်းကို ဖန်ဆင်းတော်မူသောအရှင်) မြတ်အပေါ် အပြည့်အဝ နာခံခြင်းနှင့် ကျိုးနွံခြင်း အပေါ်၌ တည်နေပေသည်။ ထိုအချက်ကြောင့်ပင် 'အစွလာမ်' ဟု အမည်မှည့်ခေါ်ထားခြင်း ဖြစ်၏။

ကျွန်ုပ်တို့ ပိုတင်းနေထိုင်ရာ စကြဝဠာကြီးကို လေ့လာကြည့်ပါသော် တစ်ခုတည်း သော စည်းမျဉ်းနိယာမတစ်ရပ်ကို လုံးဝဥဿုံ နာခံပြီး စနစ်တကျနှင့် ရပ်တည်မပျက် နေကြောင်းကို တွေ့ရပေသည်။ ဤစကြဝဠာကြီးအတွင်း၌ ပါဝင်တည်ရှိနေသည့် အရာများ သည်လည်း အစစ စည်းနှင့်ဘောင်နှင့် စနစ်တကျ ရှိနေကြ၏။

အရာရာသည် အလွန်ခမ်းနားပြီး အံ့သြဖွယ်ရာဖြစ်သည့် စည်းမျဉ်းနည်းလမ်း ကြီးအတိုင်း လူပ်ရှားနေကြရ၏။ ခမ်းနားကြီးကျယ်လှသည့် စီမံချက်တစ်ခု၏ အောက်ဝယ် တစ်သဝေမတိမ်း လိုက်နာလျက်ရှိကြ၏။ နေ၊ လ၊ ကြယ်၊ နက္ခတ်တာရာများ အပါအဝင် စကြဝဠာမိသားစုများမှာလည်း အင်္ကယ်စင်စစ်၌ အတူတကွ ပေါင်းစည်းစုဝေးကာ အလွန် ခမ်းနားသော စနစ်ကြီးတစ်ခု၏ ကွပ်ကဲမှုအောက်ဝယ် သူ့နေရာနှင့်သူ ပုံမှန်လှုပ်ရှားမပျက် အံဝင်ခွင်ကျ ပါဝင်လျက်ရှိနေကြ၏။

အားလုံးပင် ဤမပြောင်းလဲနိုင်သည့် စည်းမျဉ်းကြီးအတိုင်း လိုက်နာနေကြရပြီး သတ်မှတ်ထားသည့်လမ်းကြောင်းမှ အနည်းငယ်မျှပင် တိမ်းစောင်းပြီး ရွေ့လျားခြင်း မပြု

နိုင်ချေ။ ကမ္ဘာကြီးသည်ပင်လျှင် မိမိ၏ဝင်ရိုးပေါ်တွင် လည်ပတ်ခြင်းဖြင့် နေကို စနစ်တကျ လှည့်ပတ်ရွေ့လျားလျက် ရှိနေရ၏။

အလားတူပင် အရှိန်အဟုန်ကြီးမားစွာဖြင့် လည်ပတ်နေသည့် အီလက်ထရွန်မှသည် ကြီးမားလှသည့် နဂါးငွေ့တန်းကြီးများအထိ ကမ္ဘာပေါ်ဝယ် ရှိရှိသမျှအရာအားလုံးသည် မိမိတို့အား သတ်မှတ်ချပေးထားသည့် စည်းမျဉ်းအတိုင်းသာလျှင် စွဲစွဲမြဲမြဲ လိုက်နာလျက် ရှိနေကြ၏။ ဒြပ်ထုများ စွမ်းအင်သတ္တိများနှင့် သက်ရှိများသည်လည်း မိမိတို့နှင့် ဆိုင်ရာ စည်းမျဉ်းအတိုင်း လိုက်နာလျက်သာ နေရ၏။

ဤစည်းမျဉ်းအတိုင်း ရှင်သန်ပေါက်ဖွားကြ၊ ပြောင်းလဲဖြစ်ထွန်းကြ၊ သေဆုံးပျက်စီးကြရခြင်း ဖြစ်၏။ ကမ္ဘာကြီးအတွင်း မိုတင်းနေထိုင်သော လူသားတို့ပင်လျှင် ဤသဘာဝဓမ္မစည်းမျဉ်း (Law of Nature) ကို လုံးဝဥဿုံလိုက်နာနေရ၏။ လူသား၏ မွေးဖွားမှု၊ ရှင်သန်ကြီးထွားမှုများသည်လည်း ဇီဝကိစ္စဆိုင်ရာ စည်းမျဉ်းကြီးအတိုင်းသာ ဖြစ်မွားနေရ၏။

လူ၏ခန္ဓာကိုယ်ရှိ အသေးဆုံးတစ်ရှူးမှသည် နှလုံးနှင့် ဦးနှောက်အပါအဝင် ကိုယ်အင်္ဂါ အစိတ်အပိုင်းအားလုံးမှာလည်း မိမိတို့အဝှမ်း ပြဋ္ဌာန်းထားသော စည်းမျဉ်းအတိုင်း ထိန်းချုပ်ကွပ်ကဲမှုကို ခံယူနေရ၏။ စကြဝဠာကြီးသည်ပင် စည်းမျဉ်းကြီးတစ်ရပ်၏ ထိန်းသိမ်ကွပ်ကဲမှုအောက်ဝယ် ရှိနေရ၏။ ဦးရီးပြောရသော် ယင်းအတွင်း ရှိရှိသမျှသက်ရှိသက်မဲ့များသည် ဤစကြဝဠာကိုယ်တိုင်က လိုက်နာရသည့် ဤစည်းမျဉ်း၏ အုပ်ထိန်းကွပ်ကဲမှုအောက်မှ ရုန်းထွက်နိုင်စွမ်းမရှိပေ။ ပစဆဲချည်မတိမ်း လိုက်နာနေကြရသည်သာ ဖြစ်၏။

ဤသို့ အစွမ်းထက်သည့်အရာရာကို ကွပ်ကဲထိန်းချုပ်နေသည့် စည်းမျဉ်းဥပဒေသသည် စကြဝဠာအတွင်းရှိ ရှိသမျှအရာအားလုံးကိုပါ ကွပ်ကဲထားပေသည်။ အသေးငယ်ဆုံး အဏုမြူမှသည် မြင့်မားလှသော ကောင်းကင်ယံထက်ရှိ ကြီးမားအံ့မခန်းဖွယ်ရာ နဂါးငွေ့တန်းကြီးများအထိ ဤစကြဝဠာကြီးအား ပြုစုပျိုးထောင် ဖန်တီးခဲ့သော အရှင်၊ စိုးပိုင်အုပ်ချုပ်တော်မူသော အရှင်ဖြစ်သည့် အလ္လာဟ်အရှင်မြတ်၏ စည်းမျဉ်းဥပဒေအတိုင်း လိုက်နာကျိုးနွံနာခံလျက် ရှိနေရ၏။

ဖန်ဆင်းခံအရာအားလုံးပင် ဖန်ဆင်းရှင်၏ စည်းမျဉ်းကြီးအတိုင်း လိုက်နာနာခံလျက် ရှိနေသကဲ့သို့ပင် စကြဝဠာတစ်ခုလုံးသည်လည်း ဤစည်းမျဉ်းကြီးအတိုင်း နာခံလျက်ရှိနေ၏။ ဤအချက်ကြောင့်ပင် စကြဝဠာတစ်ခုလုံးမှာ 'အစွလာမ်' ကို အပြည့်အဝ လက်ခံလျက် ရှိနေသည်ဟု အတိအလင်းဆိုနိုင်၏။

အကြောင်းမူကား စကြဝဠာအပေါင်း၏ ဖန်ဆင်းရှင် အလ္လာဟ်အပေါ်၌ ကျိုးနွံနာခံခြင်းသည်ပင် အစွလာမ်ဟု ဆိုထားခြင်းကြောင့်ဖြစ်၏။ နေလကမ္ဘာ အပါအဝင် ကမ္ဘာတန်ဆာပလာများဖြစ်သည့် ဂြိုဟ်နက္ခတ်တာရာအစုစုမှာလည်း ဤသဘောအရဆိုလျှင် 'မွတ်စ်လင်' များ ဖြစ်နေကြပေသည်။

ထို့ကြောင့် လေ၊ ရေ၊ မီး၊ ကျောက်တောင်၊ ကျောက်ခဲ၊ သယံဇာတများနှင့် သစ်ပင်သီးနှံ တိရစ္ဆာန်များသည်လည်း အထက်ပါသဘောအရ မွတ်စလင်များ ဖြစ်ကြ၏။ စကြဝဠာအတွင်း ရှိရှိသမျှအားလုံးပင် အလ္လာဟ်အရှင်အား နာခံလျက်ရှိပြီး ယင်းအရှင်၏ စည်းမျဉ်းများအတိုင်း ကျိုးနွံနာခံလျက် ရှိခြင်းကြောင့် မွတ်စလင်များပင် ဖြစ်ကြ၏။

အသခံတဒေါး လက်မခံ ငြင်းပယ်သူတစ်ဦးပင်ဖြစ်စေ၊ အလွှာဟ်အရှင်မြတ်မှလွဲ၍ အခြားအရာများကို ကိုးကွယ်နေသူပင်ဖြစ်စေ ထိုသူအား မွတ်စလင်ဟု ဆိုနိုင်၏။ ထိုသူ၏ အသက်နှင့်ခန္ဓာကိုယ် တည်မြဲနေသရွေ့ကာလပတ်လုံး ထိုသူမှာ အလိုအလျောက် မွတ်စလင်ဖြစ်နေ၏။

အကြောင်းမူကား သူ့ဘဝတစ်လျှောက်လုံး ပဋိသန္ဓေအဆင့်မှ ကွယ်လွန်ပြီး အရိုးမြေကျသည်အထိ သူ၏ခန္ဓာကိုယ် ကြွက်သားမျှင်ရှိ တစ်ရှူးမှသည် ခြေလက်အင်္ဂါအစိတ်အပိုင်းအသီးသီးသည်ပင် မိမိတို့အတွက် သတ်မှတ်ပြဋ္ဌာန်းထားသည့် အလွှာဟ်ရှင်၏ ဥပဒေအတိုင်း လိုက်နာလျက် ရှိနေခြင်းကြောင့် ဖြစ်၏။ အသိဉာဏ်ခေါင်းပါးမှုကြောင့် ထိုသူ၏ နှုတ်လျှာမှ ထိုအရှင်အား လက်မခံငြင်းပယ်မှု ပြုလုပ်နေလင့်ကစား ယင်းသို့ သွေဖီနေသည့် နှုတ်လျှာများမှာလည်း မိမိတို့၏ သဘာဝစည်းမျဉ်းအတိုင်း လိုက်နာလျှပ်ရှားနေရသဖြင့် မွတ်စလင်များပင် ဖြစ်ကြ၏။

အလွှာဟ်အရှင်မြတ်မှလွဲပြီး အခြားအရာများကို လေးလေးစားစား ခယဉ်းညွတ်နေသောသူ၏ ဦးခေါင်းသည်ပင်လျှင် သဘာဝအရ မွတ်စလင်ဖြစ်နေပေသည်။ အမှန်တရားကို သိမြင်ရန် အင်အားချို့နဲ့နေသည့် ထိုသူ၏ စိတ်နှလုံးမှာလည်း အခြားအရာများအား လိုလားနှစ်ခြိုက်စွာ ကိုးကွယ်မှုကို ပြုပင်ပြုနေလင့်ကစား ပင်ကိုယ်သဘာဝအရ 'မွတ်စလင်' ပင်ဖြစ်၏။

ဤသူ၏ ခန္ဓာကိုယ်ရှိ ခြေ၊ လက်၊ မျက်နှာ၊ နှုတ်လျှာ၊ နှလုံးအပါအဝင် အင်္ဂါအစုစုမှာ ဖန်ဆင်းရှင်၏ ဤဥပဒေအတိုင်း တစ်သဝေမတိမ်းလိုက်နာနေရ၏။ ဤဥပဒေမှ ချမှတ်ထားသော လမ်းညွှန်ကွပ်ကဲမှုအတိုင်း ယင်းတို့၏ လုပ်ငန်းဆောင်တာ လှုပ်ရှားမှုများအား ဆောင်ရွက်နေရ၏။

ဤသည်ကား လူသား၏ အနေအထားမှန်နှင့် စကြဝဠာ၏ အခန်းကဏ္ဍကို အကျဉ်းအားဖြင့် ဖော်ပြထားခြင်းဖြစ်၏။ ယခု အထက်ပါအချက်များအား အခြားရှုထောင့်မှ သုံးသပ်ကြည့်ကြပါစို့ လူသားအား အလွန်အဆင့်မြင့်စွာ ဖန်ဆင်းထားပြီး ယင်း၏လှုပ်ရှားစေမှု စွမ်းဆောင်စေမှုဌ် ထူးခြားသော ကဏ္ဍာနှစ်ရပ်ရှိနေ၏။

ပထမကဏ္ဍာမှာ လူသားအား အလွှာဟ်အရှင်၏ ဥပဒေသအတိုင်း လုံးဝဥဿံ စီမံဖန်တီးထားခြင်းပင်ဖြစ်သည်။ လူသားသည် ဤစည်းမျဉ်းဥပဒေသ၏ အောက်မှ တစ်ဆံချည်မျှရှောင်တိမ်း၍ မရပေ။ ဤစည်းမျဉ်းဥပဒေသ ကွပ်ကဲမှုအောက်မှ အလွတ်ရုန်းပြီး အနေအထားတစ်မျိုး ခြေတစ်လှမ်းစာသော်မျှ ရှောင်လွှဲ၍ မရနိုင်ပေ။

အကယ်စင်စစ်၌ လူသားသည်လည်း အခြားဖန်ဆင်းခံများနည်းတူပင် သဘာဝမမှဥပဒေကြီးအတွင်းမှ ရုန်းထွက်နိုင်စွမ်း မရှိချေ။ ယင်းသဘာဝမမှ ဥပဒေသ၏ ကွပ်ကဲထိန်းချုပ်မှုအတိုင်း လုံးဝနာခံလိုက်နာလျက် ရှိနေရ၏။

သို့သော် အခြားဖန်ဆင်းခံများနှင့် မတူညီသည့် ထူးခြားချက်တစ်ရပ်မှာ လူသား၌ အသိဉာဏ်ရှိ၏။ အရာရာကို ကျိုးကြောင်းဆင်ခြင်တုံတရားဖြင့် ဝေဖန်ပိုင်းခြားနိုင်၏။ စဉ်းစားတွေးခေါ်ဝေခွဲနိုင်၏။

သူ၏ထူးခြားသည့် အရည်အချင်းကြောင့် အကြောင်းရပ်တစ်ရာ ပြဿနာတစ်ရပ်၏ အဖြေကို ဆုံးဖြတ်ချက်ပေးနိုင်စွမ်း ရှိ၏။ ဤဆုံးဖြတ်ချက်အရ မိမိလက်ခံသင့်သည်ကို ပယ်ပြစ်၏။ လိုက်နာသင့်သည်ကို လိုက်နာပြီး မလိုက်နာသင့်ဟု ထင်ပါက ငြင်းပယ်ခဲ့၏။

လူသည် လူ့ဘဝလမ်းကြောင်းကြီးအတွင်းမှ ကြိုက်ရာကို မိမိစိတ်ကြိုက်အတိုင်း အရာရာကို ရွေးချယ်ပိုင်ခွင့် ရှိ၏။ မိမိစိတ်ကြိုက် အယူဝါဒတစ်ရပ်ကို လက်ခံယုံကြည်နိုင်၏။ မိမိစိတ်တိုင်းကျ မိမိ၏ဘဝကို မိမိလိုလားသလို နေထိုင်ကျင့်သုံးသွားနိုင်၏။ မိမိ၏ဘဝနှင့် လူနေမှုစနစ်ကို မိမိနှစ်ခြိုက်သည့် အနေအထားအတွင်း ပုံဖော်နေထိုင်သွားနိုင်၏။

မိမိ၏ဘဝအား မိမိစိတ်ကြိုက်ပုံစံအတိုင်း နေထိုင်သွားနိုင်သလို အခြားလူသားများ ကျင့်သုံးချမှတ်ခဲ့သည့် ပုံစံမျိုးဖြင့်လည်း နေထိုင်သွားနိုင်၏။ အရာရာကို လွတ်လွတ်လပ်လပ် မိမိစိတ်တိုင်းကျ ပြုလုပ်ခိုင်စွမ်းရှိ၏။ ဘဝကို ပုံဖော်သွားနိုင်၏။ မိမိကိုယ်ပိုင်အပြုအမူအတိုင်း ကျင့်သုံးနိုင်၏။ ဤထူးခြားသည့်အရည်အချင်းကြောင့် လူသည် အခြားဖန်ဆင်းခံများနှင့်မတူ ခြားနားလျက်ရှိနေရ၏။

လူမှလွဲပြီး အခြားဖန်ဆင်းမများတွင် ဤသို့လွတ်လပ်စွာ ပြောဆိုနိုင်ခွင့်၊ ဝေဖန်နိုင်ခွင့်၊ တွေးတောနိုင်ခွင့်၊ ရွေးချယ်ပိုင်ခွင့်နှင့် ပြုမူနိုင်ခွင့် အရည်အသွေးများ မရှိကြပေ။ ဤအရည်အချင်းကို လူသားထံ၌သာ တွေ့ရှိရ၏။ ဤသည်တို့မှာ လူသား၏ ကိုယ်ပိုင်အရည်အချင်းများပင် ဖြစ်၏။

ဤအနေအထား ရှုထောင့်နှစ်ရပ်စလုံးမှာ လူသား၏ဘဝတွင် တစ်ပြိုင်နက်တည်း အထင်အရှား တည်ရှိနေပေသည်။

ပထမအချက်အရ လူသားသည် အခြားဖန်ဆင်းခံ ဝေနေယျတို့နည်းတူပင် သဘာဝ မွတ်စလင် (ဘ) မွေးရာပါ မွတ်စလင်ဖြစ်နေရ၏။ လူသားသည် အလွှာက်ချမှတ်ထားသော လမ်းစဉ်များအတိုင်း တစ်သမတ်တည်း လိုက်နာရ၏။ ဤစည်းမျဉ်းမှ လွဲဖယ်ပြီး အနည်းငယ်မျှ မနေနိုင်ချေ။ ရှင်းရှင်းဆိုရသော် ခန္ဓာကိုယ်ဖွဲ့စည်း ဇာတိဆောက်ထားပုံနှင့် ဖဝကိစ္စအရ သဘာဝ ဓမ္မဥပဒေသကြီးကို အနည်းငယ်မျှ မလွန်ဆန်နိုင်ပေ။ ဤအချက်အရ လူသားမှာ မွတ်စလင်ဖြစ်နေ၏။ (အရာရာကို မျက်စေ့ဖြင့်သာ ကြည့်နိုင်၏။ နားဖြင့်သာ နားထောင် ကြားသိနိုင်စွမ်းရှိ၏။ နားဖြင့် မကြည့်နိုင်သလို မျက်စေ့ဖြင့် ကြားနိုင်စွမ်းမရှိပေ။ ဤဥပမာအရ လူသားမှာလည်း အခြားဖန်ဆင်းခံများနည်းတူပင် မွတ်စလင် ဖြစ်နေ၏။)

ဒုတိယရှုထောင့်မှကြည့်လျှင် အတွေးအခေါ် အသိဉာဏ်ပိုင်းနှင့် သက်ဆိုင်နေ၏။ မိမိ၏အတွေးအခေါ် အသိဉာဏ်အလိုအရ လူသည် မွတ်စလင်အဖြစ်နှင့်လည်း နေထိုင်နိုင်၏။ မွတ်စလင်မဟုတ်သူအဖြစ်နှင့်လည်း နေထိုင်နိုင်၏။ မိမိ၏ အသိဉာဏ်အရ မိမိစိတ်ကြိုက် ရပ်တည်နေထိုင်သွားနိုင်၏။ ဤနေရာ၌ လူသား၌ လွတ်လပ်စွာ ရွေးချယ်ပိုင်ခွင့်ရှိ၏။ ဤသို့သော ကိုယ်ပိုင်ရွေးချယ်ပိုင်ခွင့်ကြောင့်ပင် လူသားတို့အကြား၌ ယုံကြည်သူများနှင့် မယုံကြည်သူများဟူ၍ ကတ္တားခြားလာရခြင်း ဖြစ်သည်။

လူသားများအနက် အချို့မှာ မိမိ၏ ထာဝရအနှင်အား ဆင်ခြင်သိမြင်လာကြ၏။ ထိုအရှင်ကိုသာ မိမိတို့၏ အရှင်သခင် အစစ်အမှန်အဖြစ် ချွင်းချက်မရှိ လက်ခံခဲ့ကြ၏။ ဖန်ဆင်းရှင်၏ ဥပဒေသပညတ်များကို လိုလားနှစ်ခြိုက်စွာ မငြင်းမဆန် တစ်ဆံချည်မတိမ်း လိုက်နာကျင့်သုံးကြ၏။ လူ့အသိုင်းအဝိုင်းတွင် ကြုံတွေ့ရမည့် ဘဝပြဿနာရပ်များ လူမှုကိစ္စများနှင့် လူနေမှုစနစ်ကို အလွှာဟ်အရှင်မြတ် လမ်းညွှန်ပြသထားသည့် ယမ်းညွှန် ဥပဒေသအတိုင်း အပြည့်အဝ လိုက်နာကျင့်ကြသွားကြ၏။

ဤသို့သော မွတ်စလင်များသည် ပြည့်ဝသော မွတ်စလင် (ဝါ) ကျပ်ပြည့် မွတ်စလင်များ ဖြစ်ကြသည်။ သူသည် မိမိ၏ ကိုယ်ပိုင်လွတ်လပ်စွာ ရွေးချယ်မှု နယ်ပယ်မှ ထာဝရအရှင်အား သိမြင် လက်ခံလိုက်နာခဲ့ခြင်းကြောင့်ပင် သူ့ဘက်မှ သူ၏ အစွလာမ်ကို လက်ခံမှုအတွက် ကြိုးပမ်းမှုမှာ လုံးဝပြီးပြည့်စုံမှုရခဲ့သည်ဟု ဆိုနိုင်၏။ ခန္ဓာကိုယ် ဖွဲ့စည်းပုံအရသော်လည်းကောင်း၊ အသိဉာဏ် အတွေးအခေါ်အရသော်လည်းကောင်း ရာနှုန်းပြည့် မွတ်စလင် ဖြစ်နေ၏။

ထိုသူ၏ ဘဝတာတစ်ခုလုံးပင် ယံခုအခြေအနေ၌ ဖန်ဆင်းရှင်အား အပြည့်အဝ နာခံသော အနေအထားတွင် ရှိနေပြီဖြစ်၏။ သူ့တွင် ယင်းယုံကြည်ချက်အား ထိလိုက်စေနိုင်သည့် အချက်အလက် တစ်စုံတစ်ရာသော်မျှ မတွေ့နိုင်ပေ။ ပြည့်ဝသော မွတ်စလင် အသွင်သို့ ဇောနံရောက်ရှိနေပြီ ဖြစ်၏။ သူ၏ အစွလာမ်အပေါ် ခံယူမှုမှာလည်း လုံးဝဥဿုံ ပြည့်စုံမှုအဆင့်၌ ရောက်ရှိနေပြီ ဖြစ်၏။

အဘယ်ကြောင့်ဟူမူကား သူ၏ ကိုယ်ခန္ဓာတစ်ခုလုံးသည် အလွှာဟ်အရှင်အပေါ် ကျိုးနွံနာခံခြင်း အပြည့်ရှိနေခြင်းနှင့် ယင်းအရှင် နှစ်ချိုက်တော်မူသည့် လမ်းစဉ်အတိုင်း လူပ်ရှားနေထိုင်လျက် ရှိနေခြင်းကပင် ''အစွလာမ်'' ဖြစ်နေခြင်းကြောင့်ပင် ဖြစ်ပါသည်။ အစွလာမ်မှလွဲပြီး အခြားမည်သည်မျှ မဖြစ်နိုင်ပေ။ လူသားမှာ တစ်ချိန်က မိမိအနေဖြင့် အသိမရှိဘဲ နာခံလိုက်နာခဲ့ရသည့် ထာဝရအရှင်အား ယခုမူ အသိဉာဏ် အလင်းရောင်ဖြင့် ထင်လင်းစွာ ကျိုးနွံနာခံလျက် ရှိနေပြီဖြစ်၏။ ယခင်က မရည်ရွယ်ဘဲနှင့် အသိတရားမရှိဘဲနှင့် နာခံမှုပြုခဲ့ရသော အရှင်ကို ယခုအခါ လိုလားနှစ်ခြိုက်စွာဖြင့် အရှင်သခင်တစ်ဆူအဖြစ် လက်ခံလျက် ရှိနေပြီဖြစ်သည်။

သူ၏ အသိဉာဏ်တရားသည် ထွန်းလင်းတောက်ပြောင်လာပြီ ဖြစ်၏။ မိမိ၏ အလွှာဟ်ရှင်က ချီးမြှင့်တော်မူသည့် အသိဉာဏ် ဆင်ခြင်တုံတရားဖြင့် မိမိ၏ အရှင်အား သိမြင်လာနိုင်ပြီ ဖြစ်၏။ သူ၏ ဆင်ခြင်တုံတရားဖြင့် ဆုံးဖြတ်ချက် ဟူသရွေ့မှာ ယခုအခါ၌ အမှန်တရား၏ အောက်၌ ရပ်တည်နေပြီ ဖြစ်၏။ မိမိအား ယင်းသို့ ဆင်ခြင်တုံတရားနှင့် အရာရာအား ပိုင်းခြားသိမြင်နိုင်စွမ်းကို ပေးသနားတော်မူသည့် အရှင်သခင်အား ဖန်ဆင်းရှင် အဖြစ် အထင်အရှားသိမြင်ပြီး ယင်းအရှင်အားသာလျှင် နာခံလိုက်နာသွားမည်ဟူသည့် အမှန်ကန်ဆုံး ဆုံးဖြတ်ချက်ကို ပေနိုင်ပြီဖြစ်၏။

ထို့ပြင် ထိုလူသားတို့၏ နှုတ်လျှာတို့သည်လည်း အမှန်တရား၌ ရပ်တည်နေကြပြီဟု ဆိုနိုင်၏။ မိမိအား စကားပြောနိုင်စွမ်း ချီးမြှင့်ပေးကမ်းခဲ့သည့် အရှင်မြတ်အား အထင်ကရသိမြင်ပြီး ယင်းနှုတ်လျှာတို့ဖြင့် အသိအမှတ်ပြု ဝန်ခံထုတ်ဖော် ပြောဆိုလာပြီ ဖြစ်၏။ သူ၏ ဘဝရပ်တည် ရှင်သန်နေမှုနှင့် ခန္ဓာကိုယ် တစ်ပျဖလုံးသည်ပင် ယခုအခါ အမှန်တရားပေါ်၌ မားမားမတ်မတ် ရပ်တည်နေပြီ ဖြစ်၏။

အလုံးစုံသော ဘဝပြဿနာရပ်အားလုံးနှင့် လုံမှုကိစ္စအဝဝ၌ စကြဝဠာကြီးအား ဖန်ဆင်းတော်မူသည့် အရှင်ဖြစ်သည့် တစ်ဆူတည်းသော အရှင်၏ ဥပဒေသ စည်းမျဉ်းများနှင့် လမ်းညွှန်မှုများအတိုင်း မိမိဆန္ဒနှင့် ဆန့်ကျင်သည်ဖြစ်စေ၊ မိမိ၊ဆန္ဒနှင့် ကိုက်ညီသည်ဖြစ်စေ အားရရွှင်လန်းစွာ နာခံလျက်ရှိနေပြီဖြစ်သည်။

ယခုအခါ၌ ထိုသူမှာ စကြဝဠာတစ်ဝှမ်းလုံးနှင့် ၎င်းပြတ်ပြိုမ်းချမ်းသော အနေအထားတွင်ပါ ရှိနေပြီဖြစ်၏။ လိုက်လျောညီထွေ သဟဇာတမျှတသင့်တင့်သော အခြေတွင် ရှိနေပြီဖြစ်၏။ အကြောင်းမူကား စကြဝဠာတစ်ဝှမ်းလုံးက လက်ခံလိုက်နာ ခဝပ်ကိုးကွယ်မှုပြုနေသည့် အလွှာဟ်ရှင်ကိုပင် သူသည်လည်း ခဝပ်ကိုးကွယ်မှု ပြုခဲ့ခြင်းကြောင့် ဖြစ်၏။

ဤသို့သော လူသားမျိုးသည် ကမ္ဘာမြေပြင်၌ အလွှာဟ်အရှင်မြတ်၏ ကိုယ်စားလည်အဖြစ်သို့ပါ မုချကေန် ရောက်ရှိနိုင်ပြီ။ ကမ္ဘာကြီးအပါအဝင် စကြဝဠာတစ်ဝှမ်းလုံးမှာ သူအတွက်ဖြစ်ပြီး သူကိုယ်တိုင်ကမူ ထာဝရအရှင်အတွက် ဖြစ်သွားပြီ ဖြစ်သည်။

## ✓ကုပရ်

### မယုံကြည် ငြင်းပယ်မှု၏ သဘောသဘာဝ

အထက်တွင် ဖော်ပြထားသည့် လူသားနှင့် ဆန့်ကျင်ဖီလာဖြစ်နေသော လူမျိုးလည်းရှိသေး၏။ ထိုသူမှာ မွတ်စလင်အဖြစ်နှင့် မွေးဖွားသည်ကားမှန်၏။ သို့သော် ဆင်ခြင်တုံ အသိအလိမ္မာ တရားအရမဟုတ်ဘဲ မွေးရာပါ မွတ်စလင်ဖြစ်နေခြင်းသာ ဖြစ်၏။ ဤသူမျိုးမှာ မိမိ၏ အကျိုးကြောင်း ဆင်ခြင်နိုင်စွမ်းနှင့် အလိမ္မာတရားကို မိမိ၏ အရှင်သခင် အစိန္တေယျရှင်အား ပိုင်းခြားသိမြင်ရန် အသုံးချလေ့ကျင့် ပျိုးထောင်ခြင်း မရှိသူပင် ဖြစ်၏။ သူသည် မိမိ၏ လွတ်လပ်စွာ ရွေးချယ်ခွင့်ကို လွဲမှားစွာ ကျင့်သုံးပြီး ဖန်ဆင်းရှင်အပေါ် လက်မခံ ငြင်းဆန်ခဲ့၏။ ဤသို့သော လူသားမျိုးမှာ မယုံကြည်သူ (ဝါ) ငြင်းပယ်သူအဖြစ် ရောက်သွားတော့၏။ ထိုသူများကို အစွလာမ်က ကာဖရ်ဟုခေါ်၏။

* (''ကုဖရ်'' ၏ အဓိပ္ပာယ်မှာ ''ဖုံးကွယ်ခြင်း၊ ငြင်းပယ်ဖီဆန်ခြင်း'' ဟု အဓိပ္ပာယ်ရ၏။) အလွှာဟ်အရှင်အား လက်မခံ ငြင်းပယ်သူအား ကာဖရ် ဟုခေါ်၏။ အကြောင်းမူကား သူသည် မိမိတွင် ကိုယ်ပိုင်အသိတရားဖြင့် ဖန်ဆင်းရှင်ကို လက်မခံဘဲ မိမိကိုယ်ကို မယုံကြည်မှု အဓိက်မှောင်အားဖြင့် ဖုံးကွယ်ထားသူ ဖြစ်၏။ မိမိ၏ ဝိဉာဉ်အား နစ်မွန်းအောင် ပြုနေသူလည်းဖြစ်၏။

အကြောင်းမူကား တကယ်တမ်း၌ လူသဘာဝကိုယ်၌ကပင် အစွလာမ်၏ လမ်းစဉ်အတိုင်း အတိအကျ လိုက်နာလျက်ရှိနေသည် မဟုတ်သော်။ လူသား၏ အကြောအချဉ်မှသည် ခန္ဓာကိုယ်တစ်ခုလုံး အပါအဝင် ဇီဝဖြစ်စဉ်တိုင်း၌ အလွှာဟ်မူသော သဘာဝအတိုင်း မိမိတို့၏ သက်ဆိုင်ရာတာဝန်ကို ထမ်းဆောင်လျက်ရှိနေကြပေသည်။

လူပတ်ဝန်းကျင်ရှိ သက်ရှိသက်မဲ့များ သာမက အဏုမြူခန့်ပမာဏရှိ အရာများသည်ပင် ယင်းတို့၏ လှုပ်ရှားမှုများ၌ အစွလာမ်လမ်းစဉ်အတိုင်း ဖြစ်ပျက်လှုပ်ရှားနေကြရ၏။ စကြဝဠာကြီးသည်ပင် ဤနိယာမလမ်းစဉ်မှ ရှောင်လွှဲ၍ မရပေ။ အစွလာမ်က

ချမှတ်ထားသော လမ်းစဉ်အတိုင်း အရာရာသည် ကိုယ်စီကိုယ်ငှ မိမိ၏တာဝန်ကို မိမိ ထမ်းဆောင်နေကြရပေသည်။

သို့ရာတွင် အချို့သူများ၏ အမြင်အာရုံ၌ ဤနိယာမတရားကို မြင်နိုင်စွမ်းမရှိ ရုံသာမက ယင်းတို့၏ အသိဉာဏ်သည်လည်း အမှောင်ထုထဲတွင် နစ်မွန်းလျက် ရှိနေကြ သည်။ ဤအတွက် ထိုသူတို့အနေဖြင့် ယင်းသို့ သိသာထင်ရှားလှသည့် ပြောင်းလဲနိုင်စွမ်း မရှိသည့် သဘာဝနိယာမကြီးကို မြင်နိုင်စွမ်း မရှိကြပေ။

ဤအခါ၌ ယင်းတို့၏ သဘာဝအမှန်မှာ ယင်းတို့၏ မျက်မှောက်မှ ပျောက်ကွယ် သွားပြီး အတွေးအခေါ် မြော်မြင်မှုနှင့် ပြုမူချက်ဟူသရွေ့တို့မှာလည်း အဆုံးစွန်သော မှောက်မှားမှုများကြောင့် သဘာဝမှန် လမ်းစဉ်ကြီးအား ကျော်ခိုင်းမိရာသို့ ရောက်သွားကြ သည်။ အမှန်တရားမှာ သူ့ထံပါးမှ တစ်ဖြေးဖြေး ဝေးကွာသွားပြီး သူ၏ဘဝမှာလည်း အမှောင်ထုအတွင်း၌ စမ်းတဝါးဝါး လျှောက်သွားသူနှယ် ဖြစ်သွား၏။ ဤအချက်သည်ပင် ''ကုဖရိ'' ၏ သဘာဝ သဘောတရားပင်ဖြစ်၏။

ကုဖရိဟူသည် အသိဉာဏ်ခေါင်းပါးမှု တစ်ရပ်ပင် ဖြစ်၏။ အသေအချာ ဆန်းစစ် ကြည့်လေလေ ခေါင်းပါးမှုသက်သာ ဖြစ်လေလေကို ထင်ရှားစွာ သိလာရလေလေ ပင် ဖြစ်၏။ လုံးဝ သံသယဖြစ်စရာ မရှိချေ၊ စကြဝဠာကြီး၏ ထာဝရအရှင် အနန္တတန်ခိုး တော်ရှင်အား မသိသော အဖြစ်ထက် ပိုမို မိုက်မဲရာကျသော အဖြစ်မျိုး ရှိနိုင်ပါအံ့လော။

လူတစ်ဦးအနေဖြင့် နေ့စဉ် လှုပ်ရှားဖြစ်ပျက် တည်ရှိနေသော သဘာဝ ယန္တရား ကြီးအား ကောင်းစွာပင် ရှုမြင်နိုင်ပေသည်။

ယင်းယန္တရားကြီးမှာ ရပ်တည်နေသည်မရှိဘဲ အံ့သြရင်သပ်ရှုမောဖွယ် ကောင်း လှအောင် ခမ်းနားစွာ လှုပ်ရှာနေပုံနှင့် ယင်းသဘာဝ ယန္တရားကြီးအတွင်း၌ အရာရာ့ကို လိုလေသေးမရှိအောင် အံဝင်ခွင်ကျဖြစ်အောင် ခမ်းနားစွာ ပုံဖော်ဖန်ဆင်းထားပုံကိုမူ အချို့က ကောင်းစွာ သိထား၏။ သို့သော် ယင်းသဘာဝယန္တရားကြီးအား ခမ်းနားကြီးကျယ် သောနည်းလမ်းဖြင့် အံ့မခန်းဖွယ်ဖြစ်အောင် ဖန်ဆင်းထားသည့် လက်ရာရှင်ကိုမူ ထိုသူ သည် သိမြင်ခြင်းမရှိချေ။

ယင်းယန္တရားကြီးအား ကွပ်ကဲစီမံ ဦးဆောင်ညွှန်ကြားမှု ပြုနေသောသူကိုလည်း ထိုသူမသိချေ။ ထိုသူ၏ ခန္ဓာကိုယ်ကိုပင် ဆန်းစစ်ကြည့်ပါလေ။ အံ့သြဖွယ်ရာ ကောင်းလှ အောင်ပင် ကိုယ်တွင်းအစိတ်အပိုင်း အသီးသီးမှာ မိမိတို့၏ လုပ်ငန်းဆောင်တာများအား ခမ်းနာလှသည့် နည်းစနစ်ကြီးအတိုင်း လှုပ်ရှားနေသည်ကို တွေ့ရပေမည်။

ယင်းတို့က လူသားကို အဆုံးစွန်အခြေအထိ အကျိုးပြုပေးလျက်ရှိ၏။ ဤမျှ ကြီးမားသော စွမ်းအားတော်ကြီးအားသိမြင်ရန် ထိုသူ၌ အငဲအားမရှိပေ။ ဤယန္တရား ကြီးအား ပုံစံထုတ် ဖန်တီးပေးခဲ့သည့် ပိသုကာရှင်ကိုလည်း မသိချေ။ ကာဗွန်၊ ကယ်လ်စီ ယံ၊ ဆိုဒီယမ်နှင့် အလားတူ အင်အောင်ဂဲနစ် အရာများနှင့် ပြိုင်ဖက်မရှိအောင် ထူးခြားလှ သည့် သက်ရှိများ၏ ဖန်ဆင်းရှင်ကိုလည်း မြင်နိုင်စွမ်း မရှိပေ။

ထိုသူအနေဖြင့် ရင်သပ်ရှုမော အံ့သြဖွယ်ရာများကို မျက်မြင်တွေ့ရှိနေသော်လည်း

ယင်းစကြဝဠာကြီးအား နောက်ကွယ်မှ ပုံစံချ ကွပ်ကဲထိန်းချုပ်ပေးနေသော အရှင်ကိုမူ မမြင်ခဲ့ပေ။ စကြဝဠာကြီး၏ ညီညွတ်မျှတသော နည်းစနစ်များနှင့် ခမ်းနားလှပုံကိုသာ သိရှိပြီး၊ ယင်း၏ ဖန်ဆင်းရှင်ကိုမူ မသိမြင်ခဲ့ပေ။ သူသည် သဘာဝ၏ ရင်သပ်ရှုမောဖွယ်ရာ များကိုကြည့်ပြီး အံ့သြမဆုံးဖြစ်နေရုံသာ ရှိ၏။

ယင်းသဘာဝ ယန္တရားကြီးအား အကောင်အထည် ဖော်ပေးနေသည့် အရှင်ကိုမူ မသိမြင်ရှာပေ။ သူသည် စကြဝဠာကြီးနှင့် ပတ်ဝန်းကျင်တွင် ရှိရှိသမျှ အရာအားလုံးကို သိပ္ပံနည်းကျကျ စက်မူပညာ၊ ပုံစံထုတ်ပညာ၊ သချိုင်းပညာနှင့် ဝိဇ္ဇာပညာရပ်များ အပါအဝင် အသုံးချ သိပ္ပံပညာရပ်များဖြင့် ရှုမြင်သုံးသပ်ပြီး စကြဝဠာကြီးကို ဖန်ဆင်းထားရာ၌ အထက်ပါပညာရပ်များအား အကောင်းဆုံး အကျွမ်းကျင်ဆုံးနှင့် အထက်မြက်ဆုံး၊ အထိ ရောက်ဆုံးနည်းဖြင့် ကျွမ်းကျင်လိမ္မာစွာ အသုံးချပားခြင်းကိုတော့ ကောင်းစွာသိလာ၏။

သို့သော် ဆုံးစမရှိသည့် ဤစကြဝဠာကြီးအား ထကြွလှုပ်ရှား အကောင်အထည် ဖော်ပေးနေသော အပမေယျ အရှင်ကိုမူ အသိအမှတ် မပြုခဲ့ပေ။ ယင်းသို့ ထင်ရှားသိသာ လှသည့် ကြီးကဲလှသည့် အမှန်တရားကြီးကိုသော်မှ မိမိကိုယ်၌က မြင်နိုင်စွမ်းမရှိသူမှာ မည်သို့သော နည်းလမ်းဖြင့် မှန်ကန်သော အသိပညာ ဉာဏ်အမြင်ကို ချဉ်းကပ်ရယူနိုင်မည် နည်း။ ဤသို့သော သူများအား သစ္စာတရား၏ အလင်းရောင်ကို အကုန်အစင် သိမြင်နိုင်ရန် မည်သို့ လမ်းဖွင့်ပေးနိုင်ပါအံ့နည်း။

စကတည်းက အမှားသို့ ဦးတည်နေသူ တစ်ဦးအနေဖြင့် ခရီးလမ်းဆုံး၌ လမ်းမှန်သို့ မည်သို့ ရောက်နိုင်ပါအံ့နည်း။ ထိုသူအနေဖြင့် ဖန်ဆင်းရှင်အား ခြေရာကောက်မိရန် မုချဆုံးရှုံးနေပြီ ဖြစ်၏။ ဖြောင့်မတ်မှန်ကန်သော လမ်းစဉ်မှာ ထိုသူထံဝယ် ပုံးကွယ်ခြင်း ခံနေရပြီး သူအနေဖြင့် ဝိဇ္ဇာ၊ သိပ္ပံပညာရပ်များ၌ မည်မျှပင် ကြိုးစားအားထုတ်သော်လည်း မည်သည့်အခါမျှ ဤပညာရပ်များအား အမှန်တရားနှင့် အသိတရား၏ အလင်းရောင် အောက်၌ အကျိုးဖြစ်ထွန်းအောင် အသုံးချနိုင်တော့မည် မဟုတ်ပေ။ အမှောင်ထုထဲတွင် စမ်းတဝါးဝါး လျှောက်သွားနေသူနှယ် မောဟဝဂ်အတွင်း၌သာ ထပ်တလဲလဲ ကျင်လည်နေချေမည်။ ''ကုဖရဲ'' အဓိက်မှောင်က သူအား ဆိုးဝါးစွာ လွှမ်းမိုးချုပ်ကိုင်မှုပြု နေပြီ။ ဤသည် အဆိုးဝါးဆုံးသော လွှမ်းမိုးမှုတစ်ရပ်ပင်။ မည်သို့မည်ပုံဆိုးဝါးစွာ လွှမ်း မိုးချုပ်ချယ်နေခြင်းနည်း၊ ကြမ်းတမ်းခက်ထန်သော လမ်းမကျသော နည်းလမ်းအာဏာ သို့မဟုတ် စွမ်းအားကို အသုံးပြု၍ ချုပ်ချယ်ပုံမျိုးနှယ် ဖြစ်၏။ အရာဝတ္ထုတစ်ခုခုအား အတင်းအဓမ္မ လမ်းမကျသောနည်းဖြင့် ပြုလုပ်အသုံးချခြင်း သို့မဟုတ် ယင်း၏ သဘာဝကို လွန်ဆန်ပြီး အသုံးချခြင်းပြုပါက ၎င်း၏ သရုပ်မှန်နှင့် ပကတိအနေအထားအား အရင်း အမြစ်ကအစ အနိုင်အထက် ပြုကျင့်ဖောက်ပြန်ခြင်းပြုရာသို့ ရောက်သွားမည်ဖြစ်၏။

စကြဝဠာကြီးအတွင်း ရှိရှိသမျှသည် ထာဝရအရှင်အား ကျိုးနွံနာခံလျှက် ရှိနေ သည်မှာ မျက်မြင်ပင်ဖြစ်၏။ ထိုအရှင်၏ အလိုတော်အတိုင်း ဥပဒေသအတိုင်း နေထိုင် သွားသူသည်သာ မွတ်စလင်ဖြစ်နေ၏။ သဘာဝယန္တယားကြီးသည်ပင် ဤရှုထောင့်အရ မွတ်စလင်ဖြစ်နေ၏။ အလ္လာဟ်သည် လူသားအား သဘာဝအင်အားစုများနှင့် အခြားဖန် ဆင်းခံများအပေါ်၌ စိုးမိုးချုပ်ကိုင်နိုင်စွမ်း ပေးထား၏။

သို့သော် ထာဝရအရှင်၏ အလိုတော်အတိုင်း တစ်သဝေမတိမ်း လှုပ်ရှားနေသော အရာများအား အသုံးချရာ၌ လူသားအနေဖြင့် ဖန်ဆင်းရှင် နှစ်ပြို့သည့် (လူသားအား အကျိုးပြုဆုံး) လမ်းစဉ်အတိုင်း အသုံးချသွားရန်မှာ အထူးလိုက်နာရမည့် တာဝန်တစ်ရပ်ပင် ဖြစ်၏။

ဤအရာများအား ဤနည်းလမ်းမှ လွဲ၍ အခြားနည်းလမ်းဖြင့် အသုံးချခွင့် မရှိ။ သို့သော် အလွှာဟ်အရှင်အား မသိမမြင်ဘဲ လူတစ်ဦးအနေဖြင့် မိမိ၏ ခန္ဓာကိုယ်နှင့် မိမိ၏ စိတ်အင်အားအစုစုအား အကြီးမားဆုံးသော မတရားမှုကြီး၌ အသုံးချပြီး၊ သဘာဝ ဝမ္မလမ်းစဉ်ကြီးအား ပုန်ကန်ဆန့်ကျင်ခဲ့မည်ဆိုပါက ထိုသူသည် အလွှာဟ်အရှင်အား မနာခံသူ ကာဖရိအဖြစ်သို့ ရောက်သွားမည်သာ ဖြစ်၏။ မိမိမနှစ်မြို့သော ပြဇာတ်တစ်ခု၌ ယင်းဇာတ်လမ်းဖြင့် အံမဝင်သော တီးကွက်တစ်ခုအား အသက်မဲ့စွာနှင့် အသုံးခံနေသူနှယ် ဖြစ်နေမည်သာတည်း။

မိမိ၏ ဖန်ဆင်းရှင်အား ဦးညွတ်ရမည့်အစား အခြားအတုအယောင်များကို ဦးညွတ်ရန် မိမိ၏ဦးခေါင်းအား ဇွတ်တိုက်တွန်းမည်ဖြစ်၏။ ထိုသူ၏ စိတ်နှလုံးမှာ ဖန်ဆင်းရှင်အား ကြည်ညိုမြတ်နိုးရမည့်အစား၊ အခြားစွမ်းအားစုများနှင့် သဘာဝအင်အားစုများအား ပိုမိုကြည်ညို မြတ်နိုးတွယ်တာလျက် ရှိနေမည်ဖြစ်၏။

ဤခန္ဓာစု၏ ပင်ကိုယ်သဘာဝ တောင်ဆိုချက်ကိုမူ လုံးဝလစ်လျူရှုနေခဲ့၏။ မိမိ၏ ကိုယ်ပိုင်စွမ်းအားနှင့်တကွ ချုပ်ကိုင်အသုံးချနိုင်စွမ်းသည့် သဘာဝအင်အား စုများကို ဖန်ဆင်းရှင်၏အလိုတော်နှင့် အတိအလင်းဆန့်ကျင်ပြီး ထိုသူက အသုံးပြုလျက် ရှိ၏။ ဤသို့ မတရားနည်းလမ်းနှင့် ဖောက်ပြန်သောစနစ်ဖြင့် အဓမ္မ လွှမ်းမိုအုပ်ချုပ်မှုအား တည်ထောင်လျက် ရှိချေ၏။

သဘာဝနှင့် အမှန်တရား၏ လမ်းစဉ်အား ကျူးလွန်ဖောက်ဖျက် စော်ကားရာ ရောက်သောနည်းလမ်းဖြင့် နေမင်းကြီး၏အောက်ဝယ် ရှိရှိသမျှအရာများနှင့် အင်အားအစုစုအား မမှန်မကန် အသုံးချနေသူထက် ပိုပြီး ပိုမိုမတရားဖောက်ပြန်သူ၊ မတရားချုပ်ချယ်ညှဉ်းပမ်းသူ၊ ရက်စက်ကြမ်းကြုတ်သူ ရှိနိုင်ပါမည်လော။

'ကုဖရိ' အပြုအမူမှာ မဲတရားမှု၊ ဖောက်ပြန်မှုသက်သက်သာ ဟုတ်သေး။ လုံးဝပုန်ကန်ခြင်းနေရာ ကျေးဇူးကန်းရာနှင့် အယုံအကြည်မဲ့ရာ အသိတရား ကင်းမဲ့ရာလည်း ရောက်၏။

လူ၏ သရုပ်မှန်ကား အဘယ်နည်း၊ လူသား၏ စွမ်းအားနှင့် အချုပ်အချာအာဏာကား အဘယ်နည်း။ လူသားသည်ပင်လျှင် မိမိခန္ဓာကိုယ်ရှိ အစိတ်အပိုင်း အသီးသီးနှင့် ကိုယ်စိတ်နှလုံး နာမ်ဝိညာဉ်တို့၏ ဖန်ဆင်းရှင် ဖြစ်ပါသလော။

သို့တည်းမဟုတ် လူသားအား ဖန်ဆင်းရှင်က ဖန်ဆင်းပေးထားခြင်းလော။ စကြဝဠာကြီးနှင့် ယင်းအတွင်းရှိရှိသမျှကို လူသားကပင် ဖန်ဆင်းခဲ့ခြင်းလော။ သို့တည်း မဟုတ် အနန္တစွမ်းအားတော်အရှင်ပင် ဖန်ဆင်းရှင်ခဲ့ခြင်းလော။

အရာဝတ္ထုတိုင်းကို တစ်ပါးတည်းသော ထာဝရအရှင်က ဖန်ဆင်းထားခြင်း ဖြစ်သည်ဆိုလျှင် ယင်းတို့အား မည်သူက စိုးပိုင်အုပ်ချုပ်ထားပါသနည်း။

ယင်းတို့၏ အရှင်သခင် အစစ်အမှန်သည်ကား မည်သူနည်း။

ယင်းတို့၏ စစ်မှန်သော စိုးပိုင်အုပ်ချုပ်တော်မူသည့် အရှင်က မည်သူနည်း။ ထာဝရအရှင် အလွှာဟ်ပင် မဟုတ်လော။ အလွှာဟ်မှလွဲပြီး အခြားမည်သူမျှ မဖြစ်နိုင်ချေ။

ထာဝရအရှင်သည်သာ ဖန်ဆင်းစိုးပိုင်တော်မူသော အရှင်သခင် အစစ်အမှန် ဖြစ်သည်ဆိုလျှင် ထိုအရှင်၏ ဖန်ဆင်းခံများအား ထိုအရှင်၏ ပညတ်ချက်နှင့် ဆန့်ကျင်ပြီး အသုံးချခြင်းပြုသူ၊ မိမိ၏ နှလုံးသားတွင် ဖန်ဆင်းရှင်နှင့် ဆန့်ကျင်သော အတွေးအခေါ်များအား သိမ်းဆည်းလက်ခံထားသူနှင့် မိမိအား စိုးပိုင်တော်မူသော အရှင်၏ အလိုတော်နှင့် ဆန့်ကျင်ပြီး မိမိ၏စွမ်းပကားကို အသုံးချခြင်းပြုသူထက် ပိုမိုပုန်ကန် ခြားနားခြင်းပြုသူ ရှိပါဦးမည်လော။ ကျေးကျွန်တစ်ဦးအနေဖြင့် မိမိသခင်အပေါ် သစ္စာဖောက်ဖျက်ခဲ့ပါက ထိုသူအား ကတိမတည်သူ စိတ်ချယုံကြည်မှု မပြုနိုင်သူဟု အပြစ်တင်ကြမည်သာဖြစ်၏။

အရာရှိတစ်ဦးအနေဖြင့် နိုင်ငံတော်အား သစ္စာဖောက်ခဲ့ပါက ထိုသူအား သစ္စာဖောက် လောက်ကောင်ဟု သမုတ်ကြမည်သာဖြစ်သည်။ အာခံဘက်ပြန်သူဟု ဆိုကြမည်ဖြစ်၏။ မိမိ၏ ငွေးဖူးရှင်အပေါ် လိမ်ညာလှည့်ဖြားသူတစ်ဦး ကျေးဖူးကန်းသူ တစ်ဦးဟု အားလုံးက ဆိုင်းမတွ သတ်မှတ်ကြမည်သာ ဖြစ်၏။

ဤသို့ သစ္စာဖောက်မှု ကျေးဖူးကန်းမှုနှင့် ပုန်ကန်ခြားနားမှုထက် မယုံကြည်သူ တစ်ဦး၏ အသိဉာဏ်ခေါင်းပါး အမှိုက်မှောင် လွှမ်းမိုးမှု (၀၀) ကုဖရိ မောဟ မှောင်လွှမ်းခြင်းမှ ကြောင့် ထိုသူ၏ ပြုမူချက်နှင့် လှုပ်ရှားချက် ဟူဟူသမျှမှာ ဖန်ဆင်းရှင်အား ပုန်ကန်ရာသို့ ရောက်သွားမည်သာဖြစ်၏။

အဘယ်ကြောင့်နည်း။ စွမ်းအားအစုစုနှင့် အခွင့်အာဏာ အပေါင်းကို စိုးပိုင်တော်မူသည့် အစစ်အမှန် အရင်းခံအရှင်ကား မည်သူနည်း။

လူသားအား အရာရာအပေါ်၌ ချုပ်ကိုင်အသုံးချနိုင်စွမ်းကို မည်သူက ပေးစွမ်းခဲ့ပါသနည်း။

လူသားအား အမြင့်မားဆုံးစွမ်းအားကို မည်သူက ချီးမြှင့်ပေးခဲ့ပါသနည်း။

လူသားအား အမြင့်ဆုံးအဆင့်သို့ မည်သူက မြှင့်တင့်ပို့ဆောင်ပေးခဲ့သနည်း။ လူသားအနေဖြင့် ဤကမ္ဘာမြေပြင်၌ သူ၏မိဘနှစ်ပါးအား ကျေးဖူးဆပ် ဝတ်ကြီးဝတ်ငယ် ပြုရန်မှာ အကြီးမားဆုံးသော ဘာဝန်ကစ်ရပ်အဖြစ် ရှိနေ၏။

မိဘများ၏ရင်တွင်းဝယ် မိမိတို့၏ ရင်သွေးများအား ချစ်ခင်ယုယ ပိုက်ထွေး လိုစိတ်ကို မည်သူက သွတ်သွင်းပေခဲ့သနည်း။

မိခင်ဖြစ်သူတွင် ရင်သွေးငယ်ကို နို့ချိုတိုက်ကျွေးမှု၊ ကျွေးမွေးစောင့်ရှောက်မှုနှင့် ယုယပိုက်ထွေးလိုစိတ်ကို မည်သူက ချီးမြှင့်ပေးခဲ့သနည်း။

မိဘတို့၏ ရင်တွင်းဝယ် သားသမီးတို့အား ချစ်ခင်စိတ်ကြောင့် မိမိသားသမီး တို့၏ ကောင်းရာကောင်းကျိုးအတွက် အရာရာကို စွန့်လွှတ်ခံသော စိတ်ဓါတ်ကို မည်သူက ဖန်တီးပေးခဲ့သနည်း။

အလွှာဟ်အရှင်သည် လူသား၏ အကြီးမားဆုံးသော ကျေးဖူးရှင်ဖြစ်ကြောင်းကို အနည်းငယ်မျှ စဉ်းစားရုံမျှဖြင့် သိနိုင်၏။

ဤအရှင်သည်သာ လူသား၏ ဖန်ဆင်းရှင် ကျေးမွေးစောင့်ရှောက် ပြုစုပျိုးထောင်ပေးသောအရှင်၊ အစာအဟာရ ပေးသနားတော်မူသော အရှင်နှင့် ထာဝရအရှင် ဖြစ်သလို စိုးပိုင်အုပ်ချုပ်တော်မူသော အရှင်နှင့် အစစ်အမှန်ဆုံးသော ကောရာဇာရင် ကြီးလည်း ဖြစ်ပေသည်။ ဤသည်ပင်လျှင် လူသားနှင့် အလွှာဟ်အရှင်၏ အပြန်အလှန် ဆက်သွယ်နေပုံဖြစ်ပေသည်။

ကာဖရ်တစ်ဦးထက် မည်သူသည် ပိုမိုကျူးဖူးကန်းသူ၊ သစ္စာဖောက်ဖျက်သူနှင့် ပုန်ကန်ခြေးနားသူ ဖြစ်နိုင်ပါအံ့နည်း။ မိမိ၏ အရှင်သခင် အစစ်အမှန်နှင့် စိုးပိုင်တော်မူသော အရှင်သခင်အား ငြင်းပယ်သူ၊ မနာခံသော လူသားထက် ပိုမိုမိုက်မဲသောသူ ရှိမည် မဟုတ်ချေ။

လူသားအနေနှင့် ကုဖရ်အပြုအမူကို ကျူးလွန်ခြင်းဖြင့် ဖန်ဆင်းရှင်အပေါ်၌ တစ်စုံတစ်ရာသော်မျှ ထိခိုက်နစ်နာခြင်း မရှိသည်ကို မတွေးမိပါသလော။ ဖန်ဆင်းရှင်အဖို့ အနည်းငယ်မျှ ထိပါးနစ်နာမှု မရှိချေ။ သေးငယ်သော ဘောလုံးတစ်လုံးတွင် စွဲထင်နေသည့် မထင်ရှားလှသည့် အစက်အမျှောက်ကလေးတစ်ခုပမာ အတိုင်းအဆမရှိ ကြီးမားကျယ်ပြောလှသည့် စကြဝဠာကြီးတွင် လူသားမှာ အလွန်သေးငယ်သော ဖန်ဆင်းခံတစ်ဦးသာ ဖြစ်၏။

ဤသို့သော အခြေအနေရှိသည့် လူသားအနေဖြင့် စကြဝဠာကြီး၏ အရှင်သခင်အား မည်သို့သောနည်းဖြင့် ထိခိုက်နစ်နာခြင်း မရှိသည်ကို မတွေးမိပါအံ့နည်း။ အလွှာဟ်အရှင်၏ အုပ်ချုပ်မှုအတိုင်းအတာနှင့် စွမ်းအားတော်မှာ အတိုင်းအဆမရှိ ကြီးမားကျယ်ပြောလွန်းလှ၏။ အားအကောင်းဆုံးသော တာယ်လီဂကုတ်၊ အဝေးကြည့်မှန်ပြောင်းဖြင့် စူးစမ်းရှာဖွေကြည့်လျှင်ပင် စကြဝဠာကြီး၏ အဆုံးအစနှင့် ကြီးမားကျယ်ပြောအံ့မခန်း ရှိပုံတို့ကို ဇေ့ဒုစ္စာ မသိနိုင်ကြသေးပေ။

အလွှာဟ်အရှင်၏ စွမ်းပကားမှာ အတိုင်းအဆမရှိ ကြီးမားလှ၏။ စကြဝဠာမိသားစုဖြစ်သည့် မရေတွက်နိုင်အောင် များပြားလှသည့် နေ၊ လ၊ နက္ခတ်တာရာ ဂြိုဟ် အစုစုသည် ဤအရှင်၏ အမိန့်အတိုင်းသာ တစ်သဝေမတိမ်း သွားလာလှည့်ပတ် ရွေ့လျားနေကြ၏။ စကြဝဠာအတွင်း ရှိရှိသမျှ အရာအားလုံးမှာ ဖန်ဆင်းရှင်စိုးပိုင်တော်မူသော အရာများသာဖြစ်သဖြင့် အလွှာဟ်အရှင်မှာ စကြဝဠာတစ်ဝန်းလုံး၏ အရှင်သခင် ဖြစ်၏။

စကြဝဠာအတွင်း ရှိရှိသမျှအား လိုလေသေးမရှိ။ စိမံခန့်ခွဲ ကွပ်ကဲ ဖန်တီးပေးခဲ့သူမှာ အလွှာဟ်အရှင်ပင် ဖြစ်သည်မဟုတ်ပါလော။ ထိုအရှင်ကမူ မည်သူကိုမျှ မှီခိုအားထားနေရခြင်း မရှိပေ။ လူသား၏ ဖန်ဆင်းရှင်အပေါ် ပုန်ကန်ဆန့်ကျင်မှုကြောင့် အလွှာဟ်အရှင်၌ တစ်စုံတစ်ရာ ထိခိုက်နစ်နာမှု မရှိနိုင်ပေ။ လူသားသည်သာလျှင် ဤကဲ့သို့ ထာဝရအရှင်အား မနာခံဖီဆန်မှုကြောင့် အရှုံးနှင့် ရင်ဆိုင်ရပြီး မိမိဘဝကို မိမိ နစ်မွန်းအောင် ပြုရာသို့ ရောက်သွားရသည်သာ ဖြစ်သည်။

ဤသို့ အလွှာဟ်ရှင်အား တော်လှန်ခြင်းနှင့် ငြင်းပယ်ခြင်း အကျိုးဆက်ကြောင့် လူသား၌ ဘဝ၏ စစ်မှန်သော အနှစ်သာရကိုပါ ဆုံးရှုံးလက်လွှတ်ခဲ့ရ၏။ ဤသို့

ပုန်ကန်ခြားနားသူတစ်ဦးအနေဖြင့် အမှန်တရားနှင့်ယှဉ်သော အသိအမြင်လမ်းစကို မည်သို့မျှ ရနိုင်မည်မဟုတ်ပေ။ အကြောင်းမူကား မိမိ၏အစီအစဉ်ပျက်ရှင်အား သိမြင်နိုင်သော အင်အားမရှိသူအဖို့ အမှန်တရားကို တွေ့မြင်နိုင်မည်မဟုတ်ပေ။ ဤသို့သော လူစားမျိုး၏ အသိ ဉာဏ်နှင့် ဆင်ခြင်တုံတရားမှာ လမ်းမှားသို့သာ အမြဲဦးတည်နေမည်ဖြစ်၏။

အကြောင်းမူကား မိမိ၏ကိုးကွယ်ရာအရှင်ကိုပင် သိမြင်နိုင်သော ဆင်ခြင်တုံတရား မရှိရှာသူတို့အဖို့ ဘဝလမ်းကြောင်းဌ်လည်း ကောင်းကျိုးချမ်းသာ၏ အလင်းရောင်ကို ခံစားရမည်မဟုတ်ပေ။ ဤသို့သော လူစားမျိုးမှာ သူ့ဘဝတစ်လျှောက်လုံးဌ် ပြုသမျှကိစ္စအဝဝတွင် အရှုံးနှင့်သာ ရင်ဆိုင်ရမည်ဖြစ်သည်။ သူ၏ ကိုယ်ကျင့်တရား၊ လူမှုရေးဆောင်ရွက်ချက်များနှင့် သူ့မိသားစုအတွက် ကြိုးပမ်းချက်များ အသက်မွေးဝမ်းကျောင်းမှု ပြုမှုများသာမံက ကုန်ကုန်ပြောရလျှင် သူ့ဝဘဝတစ်တလျှောက်လုံးသည်ပင် ကမောက်မကာ ပရမ်းပတာ ဖရိုဖရဲဖြစ်နေမည်ဖြစ်၏။

ကမ္ဘာမြေပြင်ရှိ အနီဋ္ဌာရုံများအကြားဌ် ချာချာလည်နေမည်။ ကမ္ဘာမြေပြင်ဌ် လူသားတစ်ယောက်အနေဖြင့် နည်းမှန်လမ်းမှန်ကျကျ နေနိုင်ခြင်းမရှိဘဲ ဖြစ်နေမည်။

ထိုသူတွင် ထောက်ထားညှာတာ ကြင်နာသနား တစ်စက်ကလေးမျှ ရှိမည်မဟုတ်ဘဲ မိမိကိုယ်ကျိုးအတွက် သွေးထွက်သံယို အကြမ်းဖက်မှုများနှင့် အခြားသူများ၏ အခွင့်အရေးကို ဒေဝဒတ္တအကြမ်းဖက်မှု၊ ရက်စက်ကြမ်းကြုတ်မှု၊ ကံလိမ်ကျမှု အမျိုးမျိုးဖြင့် ရယူရန် ကြိုးပမ်းရန် ဝန်လေးလိမ့်မည်မဟုတ်ပေ။ သူ့ကြောင့် ကမ္ဘာလောကကြီး တစ်ခုလုံးသည်ပင်လျှင် ဖောက်လွဲဖောက်ပြန်မှုများနှင့် အနီဋ္ဌာရုံများနှင့် လွှမ်းမိုလာမည်ဖြစ်၏။

သူ၏ လွဲမှားသော တွေးခေါ်မှု၊ ရည်ရွယ်ချက် သေးသိမ်သောအမြင်၊ အဖျက်သဘောဆောင်သည့် ကြိုးပမ်းချက်များနှင့် ဘဝ၏အဓိပ္ပာယ်ကို လွဲမှားစွာ ကောက်ယူမှုကြောင့် မိမိကိုယ်ကိုပါ ပျက်စီးစေရုံသာမက လူ့ပတ်ဝန်းကျင် လူ့အဖွဲ့အစည်းကိုပါ ထိပါးနစ်နာစေနိုင်၏။

ဤသို့သော လူစားများမှာ ကမ္ဘာမြေပြင်၏ အလှအပနှင့် ငြိမ်းချမ်းသာယာမှု သဟဇာတ ညီညွတ်မှုတမှုကို ပျက်စီးအောင် ပြုနေသူများသာ ဖြစ်၏။ သူ၏ ပင်ကိုယ်သဘာဝ သူ၏စွမ်းပကားနှင့် အပြုအမူတို့ကို ဤသို့ လွဲမှားစွာ အသုံးချမှုကြောင့် နောင်တမလွန်ဘဝ (သေပြီးသည့်နောက် ကြုံတွေ့ရမည့်ဘဝ) ဌ် အပြစ်ဒဏ်ခတ်ခြင်း ခံမည်ဖြစ်၏။

သူ၏ခန္ဓာကိုယ်မှ ဦးနှောက်၊ မျက်လုံးနှင့် ခြေလက်အပါအဝင် ခန္ဓာကိုယ်အစိတ်အပိုင်း အသီးသီးကပင် သူသည် မိမိတို့အား လမ်းမှန်ကမ်းမှန် အသုံးချခြင်းမရှိဘဲ အတ္တ၏ အလိုကိုလိုက်ကာ ရက်ရက်စက်စက် ဖောက်လွဲဖောက်ပြန် ကိစ္စရပ်များဌ် အသုံးချခဲ့ပါသည်ဟု ဤအခါဌ် သက်သေခံကြမည်ဖြစ်၏။

သူ၏ခန္ဓာကိုယ်တွင်းရှိ အနုဇီဝပစ္စည်းများကပါ အမှန်တရား၏ ဥသျှောင်အရှင် သခင်၏ ရှေ့တော်မှောက်ဌ် သူ၏ပြစ်မှုအား တင်ပြအစီရင်ခံလိမ့်မည် ဖြစ်၏။

သူအနေဖြင့် သူနှင့် ထိုက်တန်သည့်အပြစ်ကို အပြည့်အဝ ဖန်ဆင်းရှင်ဘက်မှ ဒဏ်ခတ်ခြင်းကို ခံရမည်ဖြစ်၏။

ဤကား 'ကုဖရ်' အပြုအမူ၏ ဆိုးဝါးသော အကျိုးဆက်များပင် ဖြစ်သည်။ ဤအပြုအမူကြောင့် ယခုဘဝနှင့် နောင်တမလွန်ဘဝ နှစ်ခွာနစလုံး၌ပင် အဆုံးစွန်သော ဆုံးရှုံးမှုလမ်းစဉ်သို့ ဦးတည်သွားရမည်ဖြစ်၏။[၁]

## အစွဲလာမ်၏ ကောင်းခြင်းအဖြာဖြာ

ကာဖရ်အဖြစ်၏ ဆိုးကျိုးနှင့် အနိဋ္ဌာရုံများအား စူးစမ်းသုံးသပ်ပြီးနောက် အစွဲလာမ်၏ ကောင်းကျိုးအဖြာဖြာကို တစေ့တစောင်း လေ့လာကြည့်ကြပါစို့။

အသင်၏ သေးငယ်လှသည့် ခန္ဓာကိုယ်ယန္တရားနှင့် ပတ်ဝန်းကျင်ရှိ ကမ္ဘာကြီးတွင် အလွှာဟ်အရှင်၏ အံ့ဆျိုးဖွယ်ရာစွမ်းအား အာနုဘော်များအား မရည်မတွက်နိုင်လောက်အောင် များဝါးထင်ထင် တွေ့မြင်နေရ၏။ ဤမျှ ခမ်းနားကြီးကျယ်လှသည့် စကြဝဠာကြီး သည်ပင်လျှင် ရပ်တန့်နေသည်ဟု မရှိဘဲ၊ တုဖက်ကင်းသည့် အစီအစဉ်အရ ပြောင်းလဲနိုင် စွမ်းမရှိသည့် နိယာမကြီးအတိုင်း ထာဝရလှုပ်ရှားနေသည်ကို တွေ့ရသည်။

ဤအချက်ကပင် စကြဝဠာကြီးအား ပုံစံထုတ်သောအရှင်၊ ဖန်ဆင်းသော အရှင်နှင့် စိုးပိုင်အုပ်ချုပ်တော်မူသည့် အနန္တတန်ခိုးတော် အရှင်တစ်ပါး ရှိနေကြောင်းကို အထင်အရှား သက်သေထူနေ၏။ ထိုအရှင်သည် အနန္တတန်ခိုးတော်အစုံနှင့် ပြည့်စုံပြီး ချီးမွမ်းခြင်းဟူသရွေ့ ခံထိုက်တော်မူသောအရှင်၊ အလုံးစုံသော ဉာဏ်တော်အနန္တနှင့် ပြည့်စုံတော်မူသောအရှင်နှင့် အတိုင်းအဆမရှိသည့် စွမ်းအားအာနုဘော်ဖြင့် ပြည့်စုံတော်မူသည့် အနန္တစွမ်းအားတော်ရှင် အရှင်ဖြစ်၏။

ထိုအရှင်၏ အရာရာကို သိနိုင်စွမ်းသည့် ဉာဏ်တော်မှာ အလွန်အထူးကုံလုံပြည့်ဝလှပေရာ ထိုအရှင်၏ ဥပဒေသကြီးကို မည်သူသည်မျှ နာခံမှုမရှိဘဲ မနေနိုင်ပေ။ လူ၏ ပင်ကိုယ်သဘာဝနှင့် စကြဝဠာအတွင်း ရှိရှိသမျှ အရာအားလုံးသည်ပင် အလွှာဟ်ရှင်အား ကျိုးနွံနာခံလျက် ရှိနေကြရ၏။

ဤအချက်အရ လူသားသည် နေ့စဉ်နှင့်အမျှ အလွှာဟ်အရှင်၏ ဥပဒေသကြီးဒဏ် မလွှဲမရှောင်သာ မသိမသာ နာခံလျက် ရှိနေရ၏။ လူသားအနေဖြင့် ဤဥပဒေသကြီးအား ဆန့်ကျင်မိသည်နှင့်တစ်ပြိုင်နက် အသက်ခန္ဓာမှအစ အရာရာ၌ ဆုံးရှုံးပျက်စီးမှုနှင့် ကြုံတွေ့ရမည်ဖြစ်သည်။

---

၁ အစွဲလာမ်၌ ဘဝအဆက်ဆက်ဟူသော အယူအဆမရှိပေ။ ယခုမျက်မှောက်ဘဝနှင့် နောင်စကြဝဠာအားလုံး ချုပ်ငြိမ်းပျက်သုဉ်းရမည့်နေ့ (ဝါ) ကိယာမက်နေ့ နောက်ပိုင်း၌ ကြုံတွေ့ရဆိုင်ရမည့် ဘဝအပါအဝင် နှစ်ဘဝသာဖြစ်၏။ သေခြင်းသည် ဘဝ၏နိဂုံးမဟုတ်ပေ။ နောင်တမလွန်၏ ပေါင်းကူးသမ္ဘယိသာ ဖြစ်၏။ ယခုမျက်မှောက်ဘဝ၌ ဖြောင့်မတ်မှန်ကန်သော လမ်းစဉ်ဝယ် ရပ်ကည်သူမှာ နောင်အာခေရသ်၌ အောင်ပွဲနှင့် တွေ့ရမည်ပြီး ဤလမ်းစဉ်ကို ကျောခိုင်းသူမှာ အောင်ပွဲနှင့် လွှဲရမည်ဖြစ်၏။

ဤသည်ပင်လျှင် ကျွန်ုပ်တို့ နေ့စဉ် မြင်တွေ့နေရသည့် သဘာဝဥပဒေသ (Law of Nature) ဖြစ်၏။

လူသားအား အသိပညာ ဆည်းပူးနိုင်စွမ်းအပြင် စဉ်းစားဆင်ခြင်နိုင်စွမ်းနှင့် အမှားအမှန်ကို ဝေဖန်ပိုင်းခြားနိုင်စွမ်းကို အနန္တတန်ခိုးတော်ရှင်က ချီးမြှင့်ပေးထားပြီး အရာရာ၌ မိမိစိတ်ကြိုက် လွတ်လပ်စွာ ပြုပိုင်နိုင်ခွင့်ကိုပါ ပေးကမ်းထား၏။

ဤလွတ်လပ်စွာ ပြုပိုင်နိုင်ခွင့်ကို ပေးကမ်းခြင်းကပင် လူသားအပေါ် စမ်းသပ် စစ်ဆေးမှုတစ်ရပ် ပေါ်လာရ၏။ အသိဉာဏ်တွေးခေါ်မြော်မြင်မှု၊ ဝေဖန်ပိုင်း ခြားနိုင်စွမ်းနှင့် လွတ်လပ်စွာ စိတ်ကြိုက်ပြုပိုင်နိုင်စွမ်း စသည်တို့ကို လူသားအား စမ်းသပ် စစ်ဆေးမှုပြုနိုင်ရန် ရည်ရွယ်ပြီး ပေးအပ်ထားခြင်းဖြစ်၏။

ဤစမ်းသပ်မှုစစ်ဆေးမှုများတွင် လူသားအနေဖြင့် အကြောင်းရပ်တစ်ခုကို အတိအကျ လိုက်နာသွားရမည်ဟု အတင်းအကြပ်မဆိုထားပေ။ စမ်းသပ်စစ်ဆေးခြင်း၌ အနိုင်အထက် အဓမ္မသဘောမျိုး ပါလာပါက ဤစစ်ဆေးစမ်းသပ်မှုမှာ အရာမထင် အလှုံးနှင့်သာ ရင်ဆိုင်ရမည်ဖြစ်၏။

စာမေးပွဲတစ်ခုတွင် မေးခွန်းတစ်ရပ်အား အတိအကျဖြေဆိုရမည်ဟု အတင်း အကြပ်ပြုမူလျှင် ယင်းစာမေးပွဲစစ်ဆေးခြင်းမှာ အလဟဿဖြစ်သွားမည်မှာ ထင်ရှားနေသည့်နှယ်၊ အထက်ပါအချက်၌လည်း အလားတူပင် ဖြစ်ချေ၏။ စာမေးပွဲ၌ မေးခွန်း မေးထားချက်က ကျောင်းသား၏ အရည်အချင်းကို ထိုက်ထိုက်တန်တန် အမှန်အတိုင်း အဆုံးအဖြတ်ပေးနိုင်မည်ဖြစ်၏။

သို့မှသာ မိမိအဖြေမှန်ပါက စမေးပွဲအောင်မည်ဖြစ်ပြီး အဖြေမှားပါက အလှုံးနှင့် ရင်ဆိုင်ရမည်ဖြစ်၏။ ယင်းသို့ စာမေးပွဲ ကျရှုံးခြင်းကပင် ထိုသူအဖို့ ရှေ့ဆက်အောင်မြင်မှုတက်လမ်းနှင့် မတွေ့ရအောင် ဟန့်တားထားသကဲ့သို့ ဖြစ်နေ၏။

ဤကျောင်းသားပမာ လူသားတို့မှာ ကမ္ဘာလောကကြီး၌ အလားတူဖြစ်ရပ်များနှင့် ရင်ဆိုင်ရုန်းကန် လှုပ်ရှားနေရသည်။ အလ္လာဟ်ရှင်က လူသားအား လွတ်လပ်စွာ တွေးတောနိုင်ခွင့် ပေးထား၏။ လူသားအနေဖြင့် မိမိ၏ဘဝလမ်းကြောင်း၌ မိမိအကြိုက် မိမိကောင်းမည်ထင်မည့် လမ်းစဉ်ကို ရွေးချယ်လျှောက်လှမ်းနိုင်ရန် လမ်းဖွင့်ပေးထားခြင်း ပင်ဖြစ်သည်။

လူသားအနေဖြင့် ဤလွတ်လပ်စွာ တွေးတောဝေဖန်ပိုင်းခြားပြုမူနိုင်စွမ်းကို အသုံးပြုပြီး အစွလာမ် သို့မဟုတ် ကုဖရ် ဤလမ်းစဉ်နှစ်ရပ်အနက် ကြိုက်ရာကို ရွေးချယ်နိုင်ရန်အလို့ငှာ ဖြစ်သည်။

လူသားများအနက် အချို့မှာ မိမိကိုယ်ကိုလည်း နားမလည်၊ စကြဝဠာကြီးနှင့် ပတ်သက်၍လည်း သိနားလည်ခြင်း မရှိကြပေ။ မိမိတို့၏ အရှင်သခင်အစစ်အမှန်ကိုလည်း မသိကြချေ။ ထိုအရှင်၏ ဂုဏ်အင်လက္ခဏာတော်များကိုလည်း မြင်နိုင်စွမ်း မရှိခဲ့ပေ။

မိမိတို့၏ လွတ်လပ်စွာ တွေးတောပြုမူပိုင်ခွင့်ကို လွဲမှားစွာ အသုံးချပြီး မနာခံမှုနှင့် ပုန်ကန်ဖီဆန်မှုလမ်းစဉ်သို့ ဦးတည်သွားကြ၏။ ယင်းသို့သော လူသားများကား ယင်း

တို့၏အသိဉာဏ် အမြော်အမြင် ဆင်ခြင်တုံတရား တာဝန်သိတတ်မှုနှင့် ပတ်သက်သည့် စမ်းသပ်စစ်ဆေးမှုတွင် အရှုံးနှင့် တွေ့နေပြီဖြစ်၏။ အောင်ပွဲနှင့် လွဲခဲ့ပြီဖြစ်၏။ ယင်းတို့သည် ကောင်းမြတ်သောကံကြမ္မာနှင့် ထိုက်တန်မှုမရှိသူများသာ ဖြစ်၏။

ဤစမ်းသပ်စစ်ဆေးမှုကြီး၌ အောင်ပန်းဆင်နှင်ခဲ့သော သူလည်း ရှိ၏။ မိမိ၏ အသိဉာဏ်နှင့် ဆင်ခြင်တုံတရားကို မှန်ကန်စွာ အသုံးချနိုင်ခဲ့သဖြင့် ထိုသူမှာ မိမိ၏ ဖန်ဆင်းရှင်ကို သိမြင်အသိအမှတ်ပြုနိုင်ခဲ့သည်။ ဤအရှင်အပေါ် အခိုင်အမာ ယုံကြည်မှု တည်နိုင်ခဲ့၏။ မည်သို့မျှ အတင်းအကြပ် အနိုင်အထက်မပြုဘဲနှင့် သူ့စိတ်သူ့ဆန္ဒအရ အလွှာဟ်ရှင်အား ကျိုးနွံနာခံခဲ့သူဖြစ်၏။

ထိုသူတို့မှာ အမှားနှင့်အမှန် ရွေးချယ်ရာ၌ အမှားအယွင်းမရှိ၊ အမှန်တရားကို ရွေးချယ်နိုင်ခဲ့၏။ သူတို့တွင် အမှားဖက်သို့ ယိမ်းနိုင်သော အခွင့်အလမ်းရှိနေသော်လည်း မှန်ကန်သော လမ်းစဉ်ကိုသာ ရွေးချယ်လိုက်နာခဲ့၏။

ထိုသူများသည် မိမိပင်ကိုယ်သဘာဝကို နားလည်သိမြင်ကြ၏။ သဘာဝတရား၏ မှန်ကန်မှုနှင့် နိယာမဥပဒေသကို မုချသိထားကြ၏။ ဤအတွက်ကြောင့် ဖန်ဆင်းရှင်နှင့် ထာဝရအရှင်၏ သစ္စာကို နာခံသောလမ်းစဉ်မှ လွှဲဖယ်ပြီး အခြားလမ်းစဉ်မှားများသို့ မလိုက်မိရန် မိမိ၏ လွတ်လပ်စွာ တွေးတောပြုမူပိုင်ခွင့်ကို ဆင်ခြင်ခြင်း ပြုခဲ့၏။

သူသည် မိမိ၏ အသိဉာဏ် ဆင်ခြင်တုံတရားနှင့် အခြားစွမ်းရည်များကို မှန်ကန်စွာ အသုံးချနိုင်သဖြင့် စမ်းသပ်စစ်ဆေးမှု၌ အောင်ပန်းဆင်နှင်ခဲ့၏။ မိမိတို့၏ မျက်စေ့ဖြင့် အမှန်ကို သိမြင်ပြီး နားဖြင့် အမှန်ကို ကြား၏။

စိတ်ဖြင့် မှန်ရာကို တွေးတောဆင်ခြင်ပြီး အမှန်ဘက်သို့ စိတ်ရောကိုယ်ပါ လိုက်နာရန် ရွေးချယ်ဆုံးဖြတ်သူများ ဖြစ်ကြ၏။ သူတို့သည် အမှန်တရားကို ရွေးချယ်သိမြင်ပြီး ရှင်လန်းအားရ စိတ်ထက်သန်စွာဖြင့် မိမိ၏ထာဝရအရှင်သခင်ကို ဝန်ခံအသိအမှတ်ပြုခဲ့၏။

ထို့ပြင် အမှောင်တွင်းမှ အလင်းကို ရွေးချယ်ခဲ့သဖြင့် အသိဉာဏ်ဆင်ခြင်တုံတရားပြည့်ဝသူ၊ ဖြောင့်မတ် မှန်ကန်သူနှင့် တာဝန်ကျေပွန်သူများအဖြစ်သို့ ရောက်ခဲ့ကြရ၏။ ဤနည်းအားဖြင့် သူတို့၏ အပြုအမူများက သူတို့၏အရှင်ကို သိမြင်ကြောင်း အမှန်တရားကို ရှာကြံသူများ ဖြစ်ရုံသာမက ကောင်းစွာ သိရှိဆည်းကပ်သူများ ဖြစ်ကြောင်းကိုပါ သက်သေထူလျက်ရှိ၏။ တကယ်ပင် ထိုသူတို့မှာ ဖြောင့်မတ်မှန်ကန်သော လမ်းစဉ်၌ ရပ်တည်နေသူများဖြစ်ကြ၏။

ဤသို့သော လူသားများကား ဤကမ္ဘာကြီးတွင်သာမက နောင်လာမည့် တမလွန်လောကတွင်ပါ ကောင်းမြတ်သော အခြေအနေများကို တွေ့ကြရမည်ဖြစ်၏။

ဤသို့သော လူစားများမှာ မည်သို့သော အပြုအမူမည်သို့သော ပညာရပ်တွင် မဆို ဖြောင့်မတ်မှန်ကန်သော လမ်းကိုသာ အစဉ်ရွေးချယ်မည် ဖြစ်၏။ အလွှာဟ်ရှင်နှင့် ထိုအရှင်၏ ဂုဏ်အင်လက္ခဏာများကို ကောင်းစွာသိရှိသူသည် အမှန်တရား၏ အစနှင့် အဆုံးကိုလည်း ကောင်းစွာ သိမြင်မည်သာဖြစ်၏။

ထို့ကြောင့် မည်သည့်အခါမျှ လမ်းမှားသို့ ဦးမလှည့်နိုင်ပေ။ စတင်ခြေလှမ်းကတည်းက အမှန်တရားတွင် ရောက်နေသူမှာ ဘဝခရီးတွင် ကောင်းမြတ်သော အခြေအနေသို့ လှမ်းမပျက်သာ ရှိနေနိုင်နေမည်မှာ သေချာနေပြီဖြစ်၏။ ဒဿနိကပညာရပ်၌လည်း သူသည် စကြဝဠာကြီး၏ လျှို့ဝှက်ချက်များကို ကောင်းစွာတိုင်းတာသိရှိ ထုတ်ဖော်ပေးမည် ဖြစ်၏။

ယုံကြည်သဒ္ဓါတရား မကင်းမဲ့သော အတွေးအခေါ်ပညာရှင်မှာ ဒွိဟသံသယများအကြားတွင် လမ်းစပျောက်ကာ ရေယဉ်ကြောတွင် မျောနေမည်မဟုတ်ပေ။ သူ၏ လမ်းညွှန်သည် ကောင်းကျလမ်းညွှန်မှု၏ အလင်းရောင်ကြောင့် ထွန်းဝင်းလျက်ရှိနေမည်ဖြစ်၏။ သိပ္ပံပညာနှင့် ပတ်သက်လာလျှင်လည်း သဘာဝဥပဒေသကြီးအား သိရှိရန် ကြိုးပမ်းအားထုတ်နေမည်ပင် ဖြစ်၏။

ကမ္ဘာမြေလွှာတွင် ပုံးကွယ်နေသော သယံဇာတဘဏ္ဍာတိုက်ကြီးကို ထုတ်ဖော်ရှာကြံယူမည်ဖြစ်၏။ စကြဝဠာတစ်ဝန်းလုံးနှင့် လူသားတို့အတွက် ရှိနေသည့် အစွမ်းသတ္တိများကို အသုံးချနိုင်မည့် အကောင်းဆုံးနည်းလမ်းကို ရှာကြံပြီး လူ့အကျိုးပြုလုပ်ငန်းကို ပြုလုပ်သွားမည်ဖြစ်၏။

ပိုးအောက်မြေပြင်ရှိ ရှိရှိသမျှအရာများကို မိမိ၏ ထက်မြက်သည့် အသိဉာဏ်စွမ်းဆောင်ရည်များဖြင့် စူးစမ်းရှာဖွေပြီး လူ့အကျိုးအတွက် အသုံးချသွားမည်ဖြစ်သည်။ အလွှာဟ်ရှင်ကို သိမြင်မှု (၀၆) အမြင့်မားဆုံးသော အသိတရားက ထိုသူအား မိမိ၏ သိပ္ပံပညာရပ်ကို အဖျက်လုပ်ငန်းများတွင် အသုံးပြုခြင်းမှ ကယ်တင်ပေးမည်ဖြစ်သည်။

သူ၏ သိပ္ပံပညာရေးရာ စူးစမ်းလေ့လာချက်တိုင်းကို အကျိုးပြုလုပ်ငန်းတွင် အသုံးချနိုင်ရေးအတွက် ဦးတည်ပေးသွားမည်ဖြစ်၏။ သူသည် မည်သည့်အခါမျှ မိမိကိုယ်မိမိ စကြဝဠာကြီး၏ အရှင်သခင်အဖြစ် ကြွေးကြော်မည်မဟုတ်ချေ။

သဘာဝကို အောင်နိုင်သူဟုလည်း ဝံ့ကြွားမှုပြုမည်မဟုတ်ပေ။ မိမိကိုယ်မိမိ စိတ်ကြီးဝင်ကာ ကမ္ဘာကြီးကို မှောက်ချည်လှန်ချည် ပြုနိုင်စွမ်းရှိသူဟု မာန်ဝင်ပြောကြားမည်လည်း မဟုတ်ပေ။ လူသားများအပေါ် အောင်နိုင်ပြီး ကမ္ဘာကြီးကို စိုးမိုးချယ်လှယ်မည်၊ ထင်ရာစိုင်းမည်ဟုလည်း ကြွေးကြော်မည်မဟုတ်ပေ။

မွတ်စလင်သိပ္ပံပညာရှင်တစ်ဦးအနေဖြင့် ဤသို့သော ပုန်ကန်ဖီဆန်နှင့် အံတုမှုကဲ့သို့ လုပ်ရပ်မျိုးကို မည်သည့်အခါမျှ ပြုလုပ်မည်မဟုတ်ပေ။ မယုံကြည်သူ 'ကာဖရ်' သိပ္ပံပညာရှင်များသာ ဤကဲ့သို့ မှားယွင်းသော လုပ်ရပ်၏ သားကောင်ဘဝသို့ ကျရောက်ခံမည်ဖြစ်ပြီး ဤပညာရပ်ကို လူသားထုတစ်ရပ်လုံး ပျက်စီးပြီး မျိုးဆက်ပျောက်စေနိုင်သည့် အဖျက်လုပ်ငန်းများတွင် အသုံးချကြမည်ဖြစ်ပေသည်။

ကြည့် (အောက်ချေအမှတ် ၁။)

---

၁။ အလားတူပင် ယနေ့သိပ္ပံပညာ စွန့်စားမှုကြောင့် ခေတ်လူသားတို့မှာ အထက်ပါအခြေအနေများနှင့် ရင်ဆိုင်လျက် ရှိနေရ၏။ ဒေါက်တာဂျူဒါက သိပ္ပံပညာ၏ စွမ်းအားသည် အလွန်အကျူး ထက်မြက်လှ၏။ ယင်းစွမ်း အားကို အသုံးပြုပြီး လူရိုင်းများနှင့် ကျောင်းသားလေးများ၏ အသိဉာဏ်စွမ်းရည်ကို သိမ်းသွင်းနိုင်ခဲ့သည်ဟု ပြောကြားခဲ့၏။

မွတ်စလင်သိပ္ပံပညာရှင်တစ်ဦးအနေဖြင့် ကာဖရ်သိပ္ပံပညာရှင်တစ်ဦးနှင့် လား လားမျှ မတူညီသော အပြုအမူကိုသာ ပြုလုပ်လိမ့်မည်ဖြစ်၏။ သိပ္ပံပညာရပ်နှင့် ပတ်သက်၍ ပိုမိုနားလည်လာလေလေ သူ၏ထာဝရအရှင်အပေါ် ယုံကြည်မှုများသည်လည်း တိုးတက်ခိုင်မာလေလေပင် ဖြစ်ပေမည်။

ဤကဲ့သို့ အသိအလိမ္မာတရားနှင့် ပြည့်ဝအောင် လမ်းညွှန်ပေးမှုကြောင့် အလ္လာဟ်ရှင်၏ ကျေးဇူးတော်ကို သိမြင်ပြီး ဦးညွှတ်ဂါရဝပြုမိမည်ဖြစ်၏။ မိမိ၏ ထာဝရ အရှင်သခင်က ဤကဲ့သို့ ကြီးမားသော စွမ်းအားနှင့် အသိပညာကို ချီးမြှင့်ပေးကမ်းထားမှုကြောင့်သာ မိမိသည် မိမိနှင့်တကွ လူသားထုတစ်ရပ်လုံး၏ ကောင်းရာကောင်းကျိုးကို ဆောင်ရွက်နိုင်ခဲ့သည်ဟု စိတ်၌ အမြဲမှတ်ယူထားနေမည်ဖြစ်၏။ ကိုယ့်ကိုယ်ကို အထင် ကြီးဘဝင်မြင့်နေမည့်အစား နှိမ့်ချကျိုးနွံစွာ နေမည်ဖြစ်၏။

တန်ခိုးအာဏာယစ်မူးပြီး ပညာဂုဏ်မောက်နေမည် မဟုတ်ဘဲ လူသားတို့ အကျိုးကိုသာ အစဉ်ထမ်းဆောင်ပေးနေမည်ဖြစ်၏။ သူ၏ ကိုယ်ပိုင်လွတ်လပ်ခွင့်တွင် ဇက်ကြိုးလွတ်နေသော် အနေအထားမျိုးကို တွေ့ရမည်မဟုတ်ပေ။

သူသည် ကိုယ်ကျင့်တရား ကောင်းမွန်သောအဖြစ်နှင့် ကောင်းကင်ကျလမ်းညွှန် မှုတို့၏ အလင်းရောင်ကို အစဉ်ရရှိနေမည်ဖြစ်၏။ သူတတ်ကျွမ်းသည့် သိပ္ပံပညာရပ်ကို အဖျက်လုပ်ငန်းများ၌ အသုံးချမည်မဟုတ်ဘဲ လူ့အကျိုးပြု လုပ်ငန်းများနှင့် စာရိတ္တတရား ရှင်သန်ထွန်းကားရေးကိစ္စများ၌သာ အသုံးချသွားမည်ဖြစ်၏။ ဤနည်းဖြင့် သူသည်

---

ကမ္ဘာကျော်တွေးခေါ်ပညာရှင်ကြီး ဘာထရန်ရပ်ဆယ်က သူ၏ "အင်ပက်အောက်ဗ့် ဆိုင်းယန့် (စ်) အော့်နဆိုစိုင်တီ" စာအုပ်၊ စာမျက်နှာ ၁၂၀၊ ၁၂၁ ၌ ရေးသားခဲ့သည်မှာ...

အကျယ်တဝင့် ပြောရလျှင် ကျွန်ုပ်တို့သည် လူသား၏အကျိုးပြုလုပ်ငန်းစဉ်များ၌ ကျင်လည်နေခြင်းနှင့် လူသား၏ အဆုံးစွန်သော ဝိုက်မဲမှု စသည့် ယုံကြည်မှုနှစ်ရပ်အကြား၌ ရောက်ရှိနေကြ၏။ တစ်ဖက်သို့ အစွန်းထွက်အောင် ကြိုးပမ်းမှုပြုလာလျှင် အဆုံးနှင့် ကြုံရမည်သာဖြစ်၏။ လူမျိုးနွယ်သည် ယခုအချိန်အထိ မောဟဖုံးလွှမ်းမှုနှင့် မိမိတို့၏ စွမ်းဆောင်ချက် တိုင်းပြည်လည်း အံဝင်ခွင်ကျဖြစ်ခြင်း မရှိသည်တပဝယ် ရှင်သန်နေကြရ၏။ အသိဉာဏ်နှင့် ယင်းအသိဉာဏ်ကို နေရာမှန်မှန် အသုံးချမှုတွင် အဓိက်ကွာဝမ်းပါက လူအဖြစ်ပင် ရှင်သန်နေမည်မဟုတ်ပေ။ အသိပညာစွမ်းအားသည် ထက်မြက်လွန်းလှသည် မှန်၏။ သို့သော် ပညာဗဟုသုတမည်မျှပင် ထွန်ကားသော်လည်း ပိုင်းခြားဝေဖန်သိမြင်နိုင်သော အသိတရားမရှိပါက ဤကဲ့သို့ အသိပညာ ဗဟုသုတ တိုးပွားခြင်းသည် ပူဆွေးခြင်းများ တိုးပွားလာမှု ရလာဒ်ကိုသာ ရရှိပေမည်" ဟု ဖြစ်၏။

အခြားအတွေးခေါ် ပညာရှင်တစ်ဦးကမူ ဤသို့ မှတ်သားဖွယ်ရာ ပြောကြားခဲ့၏။ သူ၏ စကားကို အပေါ်ယံသာကြည့်ပါက မှားယွင်းသည်ဟု ထင်မိမည်ဖြစ်သော်လည်း နက်နဲစွာ စဉ်းစားလေ မှန်ကန်လေပင်ဖြစ်နေ၏။ သူက...

"ကျွန်ုပ်တို့သည် လေတွင် ငှက်များကဲ့သို့ ပျံသန်းရန်လည်း သိရှိကြ၏။ ရေထဲ၌လည်း ငါးများ ပမာ ကူးခတ်သွားလာနိုင်ခဲ့ကြ၏။ သို့သော် ကျွန်ုပ်တို့ မသိသေးသည်မှာ ကမ္ဘာမြေပြင်ပေါ်၌ မည်ကဲ့သို့ နေထိုင်သွားရမည်ဆိုသည့် အချက်ပင်ဖြစ်၏။

(ကျူဒ်၏ 'ကောင့်တားအက်တက်၊ ဖရော(ဒ်) သည်အီးစ်' ။
စာမျက်နှာ –၂၈ မှ၊ ကိုးကားဖော်ပြထားသည်)

ပိပိကဲ့သို့ လူသားများအား ဤသို့သော စွပ်စွဲအားသတ္တိများကို ချီးမြှင့်ပေးခဲ့သည့် ထာဝရ အရှင်သခင်အား ကျေးဇူးဆပ်သွားမည်ဖြစ်၏။

ဤနည်းတူ သိပ္ပံနှင့် ဝိဇ္ဇာပညာနှစ်ရပ်ထဲမှ ခွဲခြားလာသည့် သမိုင်း၊ စီးပွားရေး နိုင်ငံရေးနှင့် ဥပဒေပညာရပ်များတွင်လည်း မွတ်စလင် သုတေသီတစ်ဦးအနေဖြင့် အမှန် တရားကို ကြိုးပမ်းရာ၌ ကာဖရ်တို့ကဲ့သို့ ယုံမှားသံသယနှင့် ဒွိဟာမကင်းသော အဖြစ်မျိုး တွင် နှောင့်နှေးကြန့်ကြာနေမည် မဟုတ်ပေ။

ကာဖရ်သုတေသီတို့၏ အပြုအမူနှင့် မွတ်စလင်သုတေသီတို့၏ အပြုအမူတွင် အကျိုးသက်ရောက်မှုချင်း သိသိသာသာပင် ကွဲပြားခြားနားနေမည် ဖြစ်သည်။ မွတ်စလင် သုတေသီတစ်ဦးအနေဖြင့် အသိပညာစူးစမ်းလေ့လာမှုတိုင်းကို မှန်ကန်သော ရှုထောင့်မှ ရယူမည်ဖြစ်သလို မှန်ကန်သောလုပ်ရပ်၌သာ အသုံးချသွားမည်ဖြစ်၏။

လုပ်ဆောင်ချက်တိုင်းတွင် အမှန်တရားဖြင့် အဆုံးသတ်နိုင်မည် ဖြစ်၏။ လူ့သမိုင်းစဉ်ကို လေ့လာရာ၌လည်း အတိတ်ခေတ်လူသားများ၏ အတွေ့အကြုံများကို မူတည်ပြီး မှန်ကန်သော သင်ခန်းစာကို ကောက်ယူသွားမည်သာ ဖြစ်၏။ အတိတ်ခတ် လူသားတို့၏ ယဉ်ကျေးမှုအဆောက်အအုံကြီးများ ယိုယွင်းပျက်စီး ပြိုလဲသွားခြင်း၏ မှန်ကန်သော အကြောင်းရင်းဖစ်မြစ်များကို ရှာယူမည်ဖြစ်၏။

နိုင်ငံရေးနှင့် အုပ်ချုပ်ရေးပညာရပ်ကို လေ့လာရာ၌လည်း သူ၏ရည်ရွယ်ချက်သည် ငြိမ်းချမ်းသော တရားမျှတသော ညီနောင်သားချင်းစိတ်ဓါတ် အပြည့်ရှိသော ကောင်းကြင်းအပြုအမူနှင့် ပြည့်ဝသော အုပ်ချုပ်မှုကို တည်ဆောက်နိုင်မည့် အုပ်ချုပ်ရေး စနစ်မျိုးကိုသာ လေ့လာသွားမည်ဖြစ်၏။

လူလူချင်း စာနာထောက်ထားပြီး မတရားမှုကင်းသော အုပ်ချုပ်ရေးစနစ်ကို စူးစမ်းရှာဖွေမည်ဖြစ်၏။ ဤအုပ်ချုပ်ရေးတွင် လူလူချင်း ခေါင်းပုံဖြတ်ခြင်းနှင့် ကျေးကျွန်စနစ်ကို အားပေးခြင်းတို့ကို တွေ့ရမည်မဟုတ်ဘဲ လူအခွင့်အရေးကို လူတိုင်း တင်မြှောက်ကြပ်မြည့် ထိုးနှိုင်ရေးကိုသာ ဦးတည်လေ့လာသွားမည်ဖြစ်၏။ နိုင်ငံတော်၏ အချုပ်အချာအာဏာဟူသည် လူသားထုတစ်ရပ်လုံးအတွက် အကျိုးပြုသွားရန် အလွှာဟ်ရှင်က ပိပိအား လွှဲအပ်ပေးထားခြင်းသာ ဖြစ်သည်ဟု ယုံကြည်ထားရမည် ဖြစ်၏။

ဥပဒေရေးရာနှင့် ပတ်သတ်သည့် မွတ်စလင်တစ်ဦး၏ ကြိုးပမ်းချက်မှာ တရားမျှတမှုရှိရေး၊ တရားဥပဒေ စိုးမိုးရေးနှင့် လူသားအားလုံး၏ အခွင့်အရေးကို ကာကွယ်စောင့်ရှောက်သည့် ဥပဒေဘက်သို့သာ အစဉ်ဦးတည်မည်ဖြစ်၏။

အထူးသဖြင့် ဆင်းရဲနွမ်းပါး၊ အင်အားချိနဲ့သူများကို ပိပိအရေးပေးမည်ဖြစ်၏။ လူတိုင်းလူတိုင်း ပိပိ၏ ရပိုင်ခွင့်ကို အပြည့်အဝရရှိစေမည်ဖြစ်၏။ လူတစ်ဦးတစ်ယောက်အား မည်သို့သော ညှဉ်းပန်းမှု၊ နှိပ်စက်မှု၊ ကျူးကျော်စော်ကားမှုနှင့် မတရားမှုမျိုးကိုမျှ မခံစားရအောင် အစဉ်ရှေ့ရှုသွားမည်ဖြစ်၏။

မွတ်စလင်သုတေသီတစ်ဦးသည် တရားဥပဒေကို အစဉ်စောင့်တိန်းသွားမည်။ ပိပိတစ်ဦးတည်းသာမက၊ အခြားသူများကပါ ဥပဒေကို လေးစားလိုက်နာလာစေရန် ဆောင်ရွက်သွားမည်ဖြစ်၏။

ဥပဒေအရာ၌ လူသားတို့၏ အခွင့်အရေးနှင့် တရားမျှတမှုကို အစဉ်စောင့်ထိန်းသွားမည်။ စီးပွားရေးအရာ၌လည်း လူတစ်စုကောင်းစားရေးကိုသာ ဦးတည်ပေးသည့် စနစ်နှင့် လူအများကို နစ်နာစေသည့် စနစ်ကို ရှောင်ရှားသွားမည်ဖြစ်ပြီး လူအများစုကောင်းစားရေးစနစ်ကိုသာ ဖော်ထုတ်သွားမည်ဖြစ်သည်။

မွတ်စလင်တစ်ဦး၏ ဘဝတွင် ကိုယ်ကျင့်သိက္ခာပြည့်ဝခြင်း မေတ္တာစိတ်ဓာတ် ကြီးမားခြင်း၊ ဘုရားတရား' လေးစားကြည်ညိုခြင်း၊ ကိုယ်ချင်းစာတရား ကြီးမားခြင်း၊ ကတိတည်ခြင်း၊ သစ္စာရှိခြင်းနှင့် အမှန်တရားကို မြတ်နိုးခြင်းတို့က အစဉ်ပြည့်ဝလျက်ရှိပေသည်။

အလ္လာဟ်ရှင်တစ်ပါးတည်းသာလျှင် ဝေနေယျအပေါင်း၏ အရှင်သခင်ဖြစ်သည်ဟု အမှန်အကန်ယုံကြည်ပြီး ကမ္ဘာမြေပြင်၌ နေထိုင်သွားမည်ဖြစ်၏။ မိမိနှင့်တကွ လူသားအားလုံး ပိုင်ဆိုင်သည့် ပစ္စည်းများသည် ထာဝရအရှင်က ပေးထားသည့် ပစ္စည်းများသာဖြစ်သည်ဟု ခံယူထားမည်ဖြစ်သည်။

မိမိတွင်ရှိသည့် စွမ်းအားသတ္တိမှာလည်း ထိုအရှင် ချီးမြှင့်လွှဲအပ်ထားသည့် စွမ်းအားသတ္တိသာ ဖြစ်သည်။ မွတ်စလင်တစ်ဦးအနေဖြင့် ထာဝရအရှင်မှ မိမိအား ပေးထားသည့် လွတ်လပ်မှုကို ဝေဖန်ပိုင်းခြားခြင်းမရှိဘဲ မည်သည့်အခါမျှ အသုံးချသွားမည်မဟုတ်ပေ။ ထိုအရှင်၏ အလိုတော်အတိုင်း အသုံးချသွားနိုင်ရေးကိုသာ အစဉ်ရပ်တည်နေမည်ဖြစ်၏။

မိဗိသည် တစ်နေ့တွင် အလ္လာဟ်ရှင်ထံမှောက်သို့ ပြန်သွားရမည်ဖြစ်ကြောင်းနှင့် မိမိ၏ ဘဝတာ၌ ပြုမူခဲ့သမျှ ကိစ္စအဝဝနှင့် ပတ်သက်ပြီး အစစ်အဆေး အမေးအမြန်း ခံရမည့်အဖြစ်ကို အမြဲတမ်း နှလုံးသွင်းထားမည်ဖြစ်သည်။ သူ၏ စိတ်တွင်း၌ ဤကဲ့သို့ စစ်ဆေးမေးမြန်းခြင်း ခံရမည့်အဖြစ်ကို သံမှိုနှက်ထားသကဲ့သို့ ခိုင်မာစွာ အမြစ်တွယ်နေမည်ဖြစ်ရာ၊ မည်သည့်အခါမျှ သတိလက်လွတ်ဖြစ်ခြင်းနှင့် ဟာဝန်မကျေခြင်း အဖြစ်မျိုးကို ကျင့်ကြံလိမ့်မည်မဟုတ်ပေ။

ဤကဲ့သို့ ကိုယ်ကျင့်တရား သိက္ခာတရားနှင့် ပြည့်ဝသူမှာ စာရိတ္တရေးရာ၌ ထူးခြားကောင်းမွန်သူ တစ်ဦးဖြစ်ခြင်းကြောင့် သူ၏ ဘဝတစ်ခုလုံးသည်ပင် သန့်စင်မှု၊ ကရုဏာ မေတ္တာတရား ကြီးမားမှုနှင့် အတ္တထက် ပရကို ပိုမိုဦးစားပေးသူသာ ဖြစ်ပေမည်။

ဤကဲ့သို့သော လူစားမျိုးမှာ လူသားထုအားလုံးအဖို့ ချီးမွမ်းဂုဏ်ယူဖွယ်ရာပင်ဖြစ်၏။ သူ၏ အတွေးအခေါ် ဖြောင့်မြင်မှု၌ ညစ်ညမ်းသော အတွေးအခေါ်များ မပါရှိနိုင်သလို၊ လွဲမှားသော ရည်ရွယ်ချက်ကိုလည်း မတွေ့ရှိရပေ။ သူသည် မကောင်းသော အပြုအမူများကို ကြည့်ရှုခြင်း၊ နားထောင်ခြင်းနှင့် ပြုမူခြင်းမှ မိမိကိုယ်ကို ရှောင်ကြဉ်မည်ဖြစ်၏။

မိမိ၏ နှုတ်လျှာကိုလည်း အစဉ်စောင့်ထိန်းမည်ဖြစ်၏။ သူ၏နှုတ်ဖျားမှ မုသားတစ်ခွန်းတလေကိုသော်မှ ကြားရမည် မဟုတ်ချေ။ အသက်မွေးဝမ်းကျောင်းရာ၌လည်း တရားမျှတသော သမ္မာအာဇီဝနည်းဖြင့်သာ ရှာကြံမည်ဖြစ်၏။ အစာတစ်လုပ် ထမင်း

တစ်ဆုတ်အတွက် မတရားသောနည်းလမ်းကို အသုံးပြုမည့်အစား မိမိကိုယ်ကို အငတ်ခံနေမည်သာဖြစ်သည်။

တစ်ပါးသူအား ကျူးကျော်စော်ကားမှုဌ မည်သည့်အခါမျှ ပါဝင်ခြင်းပြုမည် မဟုတ်ပေ။ လူဘဝနှင့် လူလောကဏ အလှကို ဖျက်ဆီးမည့် လုပ်ရပ်များဌလည်း မည်မျှပင် အကျိုးအမြတ်ရှိနေသော်ငြားလည်း၊ မည်သည့်အနေအထားကမျှ ဝင်ရောက် လက်ထည့်မည် မဟုတ်ပေ။ မကောင်းမှုဒုစရိုက်ဌ မည်သည့်အခါမျှ ဒူးထောက်အညံ့ခံမည် မဟုတ်ပေ။ မည်မျှပင် အကျိုးအမြတ်ရှိစေကာမူ ဝေးဝေးက ရှောင်ရှားသွားမည်ဖြစ်၏။

သူ၏ကိုယ်တွင် ကောင်းခြင်းအဖြာဖြာ မြင့်မြတ်မှုအသွယ်သွယ်ဖြင့်သာ ခြံရံလျက်ရှိပေရာ အမှန်တရားနှင့် သစ္စာတရားကို ထိန်းသိမ်းရန်အတွက်ဆိုပါက မိမိ၏ အသက်ကိုပင် ငဲ့မည်မဟုတ်ပေ။ သူသည် မတရားမှုဆိုလျှင် မည်သည့်ပုံစံကိုမဆို စက်ဆုတ်ရွံရှာမည်ဖြစ်၏။ ဆင်းရဲဒုက္ခမုန်တိုင်းဝယ် တဝဲလည်လည်ဖြစ်နေလင့်ကစား အနည်းငယ်မျှပင် တုန်လှုပ်ခြင်း ရှိမည်မဟုတ်ဘဲ အမှန်တရားတွင်သာ ကြံ့ခိုင်စွာ ရပ်တည်နေမည်ဖြစ်၏။

ဤကဲ့သို့သောလူစားမျိုး စွမ်းပကားအမျိုးမျိုးနှင့် ဝေဆာနေမည်။ အောင်လံတလူလူ လွင့်နေမည်။ ကမ္ဘာမြေပြင်ဝယ် ရှိရှိသမျှ မည်သည့်အရာဝတ္ထုကမျှ သူ၏လမ်းစဉ်အား အဟန့်အတားဖြစ်အောင် ကန့်ကွက်ဟန့်တားနိုင်မည်မဟုတ်။ မွတ်စလင် ဟူသည် ချီးမွမ်းဂုဏ်ယူဖွယ်ရာ အကောင်းဆုံး၊ လေးစားရိုသေဖွယ်ရာ အကောင်းဆုံးသော သူပင်ဖြစ်၏။ မည်သူတစ်ဦး တစ်ယောက်ကမျှ သူထက်သာလွန်အောင် ယှဉ်နိုင်မည် မဟုတ်ပေ။

စကြဝဠာကြီး၏ စိုးပိုင်ရာ အရှင်နှင့် အနန္တစွမ်းအားတော်ရှင်မှလွဲပြီး အခြားအရာများကို ဦးညွှတ်ခြင်းမပြုသူ၊ ထိုအရှင်မှလွဲပြီး အခြားသူများထံတွင် လက်ဖြန့်ခြင်းမပြုသူဌ မည်သို့သော နိမ့်ပါးအောက်တန်းကျမှုကို အသို့လျှင် တွေ့နိုင်ပါအံ့နည်း။

မွတ်စလင်တစ်ဦးသည် စွမ်းအားသတ္တိ အထက်မြက်ဆုံးနှင့် အကျိုးသက်ရောက်မှု အပြုနိုင်ဆုံး အရှိဆုံးပင် ဖြစ်ချေမည်။ သူထက် မည်သူမျှ ပိုမိုစွမ်းအား သတ္တိမရှိနိုင်ပေ။ အကြောင်းကား သူသည် အနန္တအရှင်မှ လွဲပြီး အခြားမည်သူကိုမျှ ကြောက်ရွံခြင်းမရှိ၍ပင်ဖြစ်၏။ ထိုအရှင်မှလွဲပြီး အခြားမည်သူထံမှောက်ဌမှ ကောင်းကျိုးဆုလာဘ်ကိုလည်း မျှော်ကိုးခြင်းမရှိသောကြောင့်ပင် ဖြစ်သည်။

မည်သည့်အင်အားစုကမှ သူ့အား ဖြောင့်မတ်မှန်ကန်သော လမ်းစဉ်မှ သွေဖီရန် ပြုနိုင်စွမ်း ရှိမည်မဟုတ်ပေ။ သူ၏ ယုံကြည်ချက်အား မည်သည့် စည်းစိမ်ချမ်းသာနှင့်မျှ အလဲခံသွားမည် မဟုတ်ပေ။ သူ၏ အသိတရားအား မည်သည့်စွမ်းအားစုကမျှ တိုက်ဖျက်နိုင်မည် မဟုတ်ပေ။ သူ၏အပြုအမူကို မည်သည့်စွမ်းအားစုကမျှား အနိုင်အထက်ပြုနိုင်ပါအံ့နည်း။

မွတ်စလင်တစ်ဦးသည် အကြွယ်ဝဆုံး အချမ်းသာဆုံး လူသားဖြစ်မည်မှာ မလွဲပေ။ ကမ္ဘာလောကဌ မည်သူတစ်ဦးတစ်ယောက်မျှ သူထက်ပိုမိုချမ်းသာခြင်း သို့မဟုတ် ပိုမိုပြီးလွတ်လပ်ခြင်းရှိမည် မဟုတ်ပေ။ မွတ်စလင်တစ်ဦးတွင် အများသူ ငါထက် ပိုမို ဩဇာညှိချေတာမှု ရောင့်ရဲတင်းတိမ်စွာ နေထိုင်မှုနှင့် ရမ္မက်အာရုံကို ချိုးနှိမ်နိုင်မှုတို့က အပြည့်အဝရှိခြင်းကြောင့် ပင်ဖြစ်၏။

သူသည် ရဟန်း၏ သာဏကောင်လည်းမဟုတ်ပေ။ လောဘရဟန်း၏ ကျေးကျွန်လည်းမဟုတ်ပေ။ အလိုရဟန်းနောက် တကောက်ကောက် လိုက်ပါခြင်းလည်းမရှိ။ သူသည် ဝိဝိဓရာကြဲရတက်သမျှနှင့်သာ ရောင့်ရဲခြိုးခြံပြီး ရိုးသားစွာနေထိုင်သွား၏။

မတရားသောနည်းဖြင့် ရသည့် စည်းစိမ်ချမ်းသာ လွန်၊ ငွေ၊ ကျောက်သံပတ္တမြားတို့ကို သူ၏ ရှေ့မှောက်၌ လာရောက်ပုံပေးလျှောင်ပင် ယင်းစည်းစိမ်ချမ်းသာတို့ကို လှည့်ပင်ကြည့်မည်မဟုတ်ပေ။ သူ၏ စိတ်နှလုံးဝယ် ချမ်းမြေ့သောဃာမှနှင့် ရောင့်ရဲမှုတို့ဖြင့် ပြည့်ဝနေပေရာ ထိုသူထက် ပိုပိုချမ်းသာကြွယ်ဝသူ ရှိနိုင်ပါဦးမည်လော။

မွတ်စလင်တစ်ဦးသည်သာ ရိုးသောကြည်ညို ချစ်ခင်လေးမြတ်စရာ အကောင်းဆုံးသူ၊ ထင်ပေါ်အကျော်ကြားဆုံးသူနှင့် အများ၏ ချစ်ကြည်လေးစားခြင်း အခံရဆုံးသူဖြစ်ပေမည်။ သူထက် မည်သူကမျှ ပိုပိုတွယ်တာစရာ ချစ်ခင်စရာ မကောင်းနိုင်ပေ။ သူသည် သဒ္ဓါတရားထက်သန်ပြီး ကောင်းရာမှန်ရာကို ပြုကျင့်သူ ဖြစ်သောကြောင့်ပင်တည်း။

သူသည် အရာရာ၌ ဖြောင့်မတ်မှန်ကန်စွာ ကျင့်သုံးမည်ဖြစ်၏။ ဝိဝိတာဝန်ကို ဝိဝိရိုသားကျေမွန်စွာ ထမ်းဆောင်သွားမည်ဖြစ်၏။ အခြားသူများ ကောင်းစားရေးအတွက် ရိုးသားစွာ ဆောင်ရွက်သွားမည်ဖြစ်၏။ လူသားတို့၏ နှလုံးသားမှာ သူ့အား အလိုအလျောက် လေးစားလာမည်။ လူအများက သူ့အား ချစ်ခင်အားကျပြီး ယုံကြည်အားထားလာမည် ဖြစ်၏။

မွတ်စလင်တစ်ဦးသည် ယုံကြည်စိတ်အချရဆုံးနှင့် လေးစားဂုဏ်ယူဖွယ်ရာ အကောင်းဆုံးသူတစ်ဦးပင် ဖြစ်သည်။ မည်သူတစ်ဦးတစ်ယောက်မျှ သူထက် ပိုမိုဖြောင့်မတ်တည်ကြည်မှု ရှိမည်မဟုတ်ပေ။ သူသည် မည်သည့်အခါမျှ ကတိချိုးဖောက်မည် မဟုတ်သလို ဖြောင့်မတ်သစ္စာရှိမှုမှ ဘွေဖီမည်မဟုတ်ခြင်းကြောင့်ပင်တည်း။

ဝိဝိပြောသည့်အတိုင်း ကျင့်သုံးမည်ဖြစ်ပြီး သူ၏ ပြုမူဆောင်ရွက်ချက်တိုင်း၌ ဖြောင့်မတ်မှု သစ္စာကတိတည်ကြည်မှုကို အံ့မခန်းဖွယ် တွေ့ရှိရ၏။

အလွှာဟ်ရှင်သည် အရာရာကို အကြွင်းမဲ့သိမြင်တော်မူသည်။ ထာဝရ တည်ရှိနေသည်။ ထာဝရ နိုးကြားမှု ရှိနေသည်ဟု အိုင်အမာ သိထားခြင်းကြောင့် သူ၏ ဆောင်ရွက်ချက်တိုင်း၌ တရားမျှတမှုကိုသာ တွေ့ရမည်ဖြစ်၏။

(ကြည့် – အောက်ချေအမှတ် ၁။)

ဤသို့သော လူစားမျိုး၏ ယုံကြည်စိတ်ချရမှုနှင့် စိတ်ကောင်းစိတ်ဖြတ်ရှိပုံကို စာဖွဲ့ရန် စကားလုံးပင် ရှာမရချေ။ ထိုသူအပေါ်၌ ယုံကြည်မှုကင်းမဲ့သူဟူ၍ တစ်ခုတစ်ယောက် သော်မျှ ရှိနိုင်ပါမည်လော၊ အထက်ပါ အချက်များကား မွတ်စလင်တစ်ဦး၏ လက္ခဏာနှင့် ဘဝသွင်ပြင်ပင် ဖြစ်သတည်း။

---

၁ မျှော်လင့်ကာ အိန္ဒိယတွင် ဟိန္ဒူအမျိုးသားများသည် မွတ်စလင်များနှင့် အလုပ်ကိစ္စ လုပ်ရာ၌ စာချုပ်စာတမ်းပင် မထားကြချေ။ မွတ်စလင်တို့၏ နှုတ်ကတိသည် စာချုပ်ထက် ပိုမို စိတ်ချယုံကြည်ရကြောင်းကို အိုင်အမာ ယုံကြည်ထားကြခြင်းကြောင့် ဖြစ်ပါသည်။

မွတ်စလင်တစ်ဦး၏ အသွင်သဏ္ဌာန်ကို အတိုအကျ နားလည်လျှင် မွတ်စလင်ထထတတစ်ဦးအနေဖြင့် အောက်တန်းကျစွာ နေရမည် မဟုတ်သည်ကို အသင့်အနေဖြင့် အိုင်အမာ ယုံကြည်မည်သာ ဖြစ်၏။ သူတစ်ပါး၏ လက်အောက်ခံဘဝ အဆင့်အတန်း နိမ့်ကျသောဘဝနှင့် အဓိန္ဒိပ်ခံဘဝသို့ မည်သည့်နည်းနှင့်မျှ ကျရောက်မည်မဟုတ်။ အရာရာ၌ ဦးဆောင်ဦးရွက်ပြု စီမံကွပ်ကဲပေးနိုင်မည့်သူသာ ဖြစ်ပေမည်။


သူအပေါ်၌ မည်သူ၏ ဩဇာအာဏာမျှ မလွှမ်းမိုးနိုင်သလို မည်သူမျှ အနိုင်ယူနိုင် မည် မဟုတ်ပေ၊ မွတ်စလင်တစ်ဦးတစ်ယောက်အပေါ် အစွလာမ်က ပေးစွမ်းထားသည့် အရည်အသွေးများကို မည်သည့် အင်အားစုကမျှ မလွှမ်းမိုးနိုင်ပေ။

ဤကမ္ဘာလောကကြီး၌ ကြောင့်မတ်မှန်ကန်စွာ လေးစားဂုဏ်ယူဖွယ်ရာ ဘဝနှင့် နေထိုင်သွားပြီးနောက်ဝယ် အလွန်မာရွှင်ထံမှောက်သို့ တစ်ချိန်၌ပြန်လည်သွားကြရမည် ဖြစ်သည်။ ထိုအရှင်သည် သူအား ကောင်းခြင်းအဖြာဖြာနှင့် တင့်တယ်ဝေဆာစေမည် ဖြစ်၏။

သူသည် မိမိ၏တာဝန်ကို ကောင်းစွာ ကျေပွန်ရုံသာမက မိမိ၏ ဘဝရည်ရွယ်ချက်ကိုပါ အောင်မြင်ပြည့်ဝစေပြီး ထာဝရအရှင်၏ စမ်းသပ်စစ်ဆေးမှုအမျိုးမျိုးဝယ် ထူးချွန်စွာ အောင်မြင်ခဲ့ခြင်းကြောင့်ပင် ဖြစ်ပါသည်။ သူသည် ယခု မျက်မှောက်ဘဝနှင့် နောင်တမလွန်ဘဝ နှစ်ဘဝလုံး၌ အောင်လံတော်လှူလွှင့်နိုင်ခဲ့သူဖြစ်ရာ ထာဝရကောင်းကျိုးချမ်းသာ ပေးနိုင်သုခနှင့် ငြိမ်းချမ်းသာယာမှုကို ခံစားရမှုမည်ဖြစ်၏။

ဤသည်ပင်လျှင် အစွလာမ်မည်၏။ လူသားအားလုံး၏ သဘာဝဓမ္မလည်း ဖြစ်၏။ ကနဦးကဆိုခဲ့သလို ပုဂ္ဂိုလ်တစ်ဦးဦး လူမျိုးတစ်မျိုးမျိုး၊ တိုင်းနိုင်ငံတစ်ခုခု၊ ခေတ်ကာလတစ်ခုခုနှင့် လုံးဝဆက်နွယ်ခြင်းမရှိသည့် အယူဝါဒ တစ်ရပ်ပင်ဖြစ်ချေ၏။ အစွလာမ်သည် သဘာဝအကျဆုံး လမ်းစဉ်နှင့် လူသားအပေါင်း၏ ဓမ္မဒေသနာလည်းမည်ပါ၏။

ဤသို့သော အရည်အသွေးကြောင့်ပင် မိမိတို့ကိုးကွယ်လက်ခံရာ အယူဝါဒကို အစွလာမ်ဟု မခေါ်ဆိုလင့်ကစား ယင်းတို့၏ အယူမှာ အစွလာမ်သာဖြစ်ကြောင်းက ထင်ရှားနေပါသည်။ အစွလာမ်မှလွဲပြီး မည်သည်မျှ မဖြစ်နိုင်ချေ။



---

၁။ အစွလာမ်သည် အလ္လာဟ်အရှင်မြတ်၏ ဒီန်ဖြစ်သည်။ (ကုရ်အာန်)
နှစ်တာဝန်၏ ကောင်းစားရေးကို ညွှန်ပြသည်၊ ပွင့်လင်းမျှသော အလ္လာဟ်အရှင်မြတ်၏ တမန်တော်အပေါင်းတို့သည်လည်း ဤအစွလာမ်ကိုပင် အသိပေးဟောကြား သွန်သင်ခဲ့ကြ၏။ အစွလာမ်ကို တိုက်ဖျန်းကန်စွာ လက်တွေ့လိုက်နာကျင့်သုံးသော လူတိုင်းအုပ်စုတိုင်း လူမျိုးတိုင်းသည် အောင်မြင်ခဲ့ကြသည်သာ ဖြစ်ပေသည်။ ဤသည် အစွလာမ်သမိုင်းစဉ်တွင် အထင်အရှားပင်။

# အခန်း(၂)

# ယုံကြည်မှုနှင့် နာခံမှု

အစွမ်းလာမ်ဟူသည် အလွှာဟ်ရှင်အား နာခံမှုကိုဆိုလို၏။ လူသားအနေဖြင့် ဘဝ၏ အခြေခံ အကြောင်းရင်းများနှင့် ဤအချက်များ အပေါ်၌ ယုံကြည်မှုတည်နေခြင်းမရှိခဲ့လျှင် ဤနာခံမှုမှာ ပြည့်ဝသော နာခံမှု ဖြစ်သည်ဟု မဆိုနိုင်ပေ။ ဤကား ယထာဘူတ ကျသော အချက်ပင် ဖြစ်သည်။

ဤသို့ ပြည့်ဝသောယုံကြည်မှုကို ရရှိနိုင်ရန် လိုအပ်သောအချက်ကား အဘယ်နည်း။

လူသားအနေဖြင့် ကောင်းကင်ကျ လမ်းညွှန်မှုအတိုင်း မိမိ၏ဘဝအား အကောင်အထည်ဖော်သွားနိုင်ရန်အတွက် သိထားရမည့် အခြေခံလိုအပ်ချက်များကား အဘယ်နည်း။

ဤအခန်း၌ အထက်ပါအချက်များကို အဓိက တင်ပြသွားမည်ဖြစ်၏။

ယင်းအချက်များအနက် ပထမအချက်မှာ အနန္တတန်ခိုးတော်ရှင် အလွှာဟ်ရှိကြောင်းကို လူသားတစ်ဦးအနေဖြင့် မတုန်မလှုပ် မဆုတ်မနစ် သံသယကင်းစွာနှင့် ယုံကြည်မှုရှိရန် လိုအပ်၏။ အကယ်၍ တစ်ဦးတစ်ယောက်အနေဖြင့် အလွှာဟ်ရှိကြောင်းကို အခိုင်အမာ သံသယကင်းကင်းနှင့် ယုံကြည်ခြင်းမရှိလျှင် ယင်းလူသားအဖို့ ထိုအရှင်အပေါ်၌ ကျိုးနွံနာခံမှု အသို့ရှိနိုင်ပါအံ့နည်း။

ထို့ပြင် အလွှာဟ်အရှင်မြတ်၏ ဂုဏ်အင်လက္ခဏာတော်များကိုလည်း သိရှိထားရန် လိုအပ်ပေသည်။ အလွှာဟ်အရှင်မြတ်၏ ဂုဏ်တော်များကို သိရှိခြင်းကသာလျှင် လူသားအား အမြင့်မားဆုံးသော အရည်အချင်းရှိ လူသားအဖြစ် ပြုစုပျိုးထောင် ပေးနိုင်မည် ဖြစ်သည်။

လူဘဝတွင် အကျင့်သီလကောင်းမြတ်မှု၊ စာရိတ္တတရားမြင့်မားမှုနှင့် ဘာသာတရားအား လေးမြတ်ကြည်ညိုကိုင်းရှိုင်းမှုစသည့် အရည်အသွေးများဖြင့် ပြည့်ဝနေ သည့် လူသားအဖြစ်သို့ ပုံဖော်ပေးနိုင်မည် ဖြစ်သည်။

အကယ်၍ လူသားတစ်ဦးတစ်ယောက်အနေဖြင့် စကြဝဠာကြီး၏ ဖန်ဆင်းရှင် စိုးပိုင်တော်မူသော အရှင်နှင့် ကျွေးမွေးစောင့်ရှောက်တော်မူသော အရှင်ဖြစ်သည့် တစ်ပါး

တည်းနှင့် တစ်ဆူတည်းသော အရှင်ဖြစ်သည့် အလွှာဟ်အရှင်ကို သိမြင်ခြင်း မရှိခဲ့လျှင် ဖြစ်စေ၊ ထိုအရှင်နှင့် အခြားအရာများကို နှိုင်းယှဉ်ပူးတွဲ ကိုးကွယ်ခြင်း မပြုအပ်ကြောင်းကို မသိခဲ့လျှင် ဖြစ်စေ၊ သူသည် ဘုရားတု ဘုရားယောင်များ၏ နောက်လိုက်သားကောင် အဖြစ်သို့ သက်ဆင်းကျရောက်သွားမည် ဖြစ်၏။

ထိုပြင် အခြားအရာများကို လေးစားခယ ကိုးကွယ်ဆည်းကပ်မှုပြုပြီး ယင်းအရာများတဲ့ ဝိဝိ၏ လိုအင်ဆန္ဒကို ဖြည့်တင်းပေးရန် တောင်းဆိုခြင်းကို မလွဲမသွေပြု လုပ်တော့မည်ဖြစ်၏။ သို့သော် ထိုသူအနေဖြင့် တစ်ဆူတည်းသော အရှင်ဝါဒ (တောင်ဟီးဒ်) ၏ သရဏသဏ္ဌာန်ကို အမှန်အကန် သိရှိခဲ့လျှင်မူ အထက်ပါကဲ့သို့ မှောက်မှားမှု၏ သားကောင်အဖြစ်သို့ မည်သည့်နည်းနှင့်မျှ အကျခံလိမ့်မည်မဟုတ်ပေ။

ထိုနည်းတူ လူသားတစ်ဦးအနေဖြင့် အလွှာဟ်အရှင်မြတ်သည် အရာရာ၌ အခါခပ်သိမ်း ရှိနေတော်မူသော အရှင်ဖြစ်ကြောင်းနှင့် အရာရာကို အလံစုံသိမြင်တော်မူသော ဉာဏ်တော်အားလုံး၏ အချုပ်ထိပ်ခေါင် ဖြစ်တော်မူကြောင်းကို သိရှိသည်ဟု ဆိုလျှင် သူအနေဖြင့် အများနှင့်ဖြစ်စေ သူတစ်ဦးအနေနှင့်ဖြစ်စေ ပြုမူသမျှကို အလွှာဟ်ရှင်သည် လုံးဝကြားသိမြင်တော်မူကြောင်းကို ငြင်းဆန်လိမ့်မည်မဟုတ်ပေ။ ဤအတွက်ကြောင့် ထိုသူအနေဖြင့် ထာဝရအရှင် အလွှာဟ်အား မနာခံသော အဖြစ်မျိုးသို့ ဝိဝိကိုယ်ကို အဘယ်နည်းနှင့်မျှ အရောက်ခံလိမ့်မည် မဟုတ်ချေ။

အလွှာဟ်ရှင်မြတ် မနှစ်မြို့သည် လမ်းစဉ်ကို မလျှောက်လှမ်းမိရန် ဝိဝိကိုယ်ကို ဝိဝိအစွမ်းကုန် ကာကွယ်တော့မည်သာ ဖြစ်၏။ သူအနေဖြင့် ထာဝရနိုးကြားမှုနှင့် စိတ်အလိုချမ်းမြေ့မှု အရသာကို ခံစားရလိမ့်မည်မှာ အမှန်ပင်ဖြစ်သည်။ တို့ကြောင့် မည်သည့်ကိစ္စကို ပြုပြု၊ ဝိဝိအတွက် အကျိုးရှိအောင်သာ ပြုတော့မည်ဖြစ်၏။

သို့သော် အလွှာဟ်အရှင်၏ တိုဂုဏ်တော်များကို သိရှိခြင်းမရှိသူအဖို့မူ သူ၏ အသိဉာဏ်ခေါင်းပါး အမိုက်မှောင် ဇုံလွှမ်းမှုနှင့် ထာဝရအရှင်အပေါ် နာခံမှု မရှိခြင်းကြောင့် လမ်းမှားသို့ ရောက်ရမည်သာဖြစ်၏။ အဆုံးနှင့် မလွဲမသွေ ရှင်ဆိုင်ရမည်ဖြစ်၏။

အကြောင်းကား ဤသို့တည်း။ လူတစ်ဦးတစ်ယောက် ဗိုင်ဆိုင်ထားရမည့် ပညာအရည်အချင်းနှင့် ဂုဏ်ပုဒ်များအရ အစွမ်းလမ်းစဉ်ကို လျှောက်လှမ်းလိုသည်ဆိုပါက ထာဝရ အရှင်၏ ဂုဏ်အင်လက္ခဏာတော်များကို နက်နက်နဲနဲ ယုံကြည်သိရှိခြင်းမှသာ ဝိဝိကိုယ်ကို ပြုစုပျိုးထောင်ကာ တိုးတက်အောင် ပြုသွားနိုင်မည်ဖြစ်၏။

အလွှာဟ်ရှင်၏ ဂုဏ်တော်များကို သိရှိခြင်းကသာ လူသား၏ စိတ်နှလုံးနှင့် ဝိညာဉ်အား သန့်စင်မှုကို ပေးနိုင်စွမ်းပေသည်။ လူသား၏ ယုံကြည်မှု ကိုယ်ကျင့်တရားနှင့် အပြုအမူများကို သန့်စင်စေနိုင်မည် ဖြစ်၏။ ဤဂုဏ်တော်များကို ပေါ့ပေါ့တန်တန် သိမြင်ထား၍၊ အကျအနသိထားခဲ့ခြင်းလည်း ဤအဖြစ်သို့ ရောက်ရှိရန် ဦးဆောင်ဦးရွက် ပြုပေးနိုင်မည် မဟုတ်ပေ။

ထို့ကြောင့် လူသား၏ စိတ်နှလုံးအတွင်း၌ ယင်းဂုဏ်တော်များကို သံသယကင်းစွာနှင့် အဆိုင်အမာ အခြေစိုက်တွယ်နေသည့်အတိ ယုံကြည်မှုရှိရန်သာ လိုအပ်၏။ သို့မှသာ

မလိုလားအပ်သည့် သံသယများနှင့် စိတ်အာရုံဆိုးများ တွယ်ညှိကပ်ရောက်သော အဖြစ်ဆိုးမှ ကင်းလွတ်နိုင်မည်ဖြစ်၏။

ထို့ပြင် လူ့ဘဝရပ်တည်မှုအတွက် လူနေမှုစနစ်၏ ချွတ်ချော်ဖောက်ပြန်သော လမ်းစဉ်များကိုလည်း သိထားရန်မှာ လူတိုင်းအတွက် အဓိကအချက်ဖြစ်၏။ သို့မှသာ အလွှာဟ်အရှင်မြတ်အလိုကျ နှစ်ဖြို့တော်မူသည့်လမ်းစဉ် (အပြစ်အနာအဆာ ကင်းသော လမ်းစဉ်) ကို လိုက်နာနိုင်ကြမည်ဖြစ်သည်။

အကယ်၍ လူတစ်ဦးတစ်ယောက်အနေဖြင့် အလွှာဟ်အရှင်မြတ် နှစ်ဖြို့သော လမ်းစဉ်နှင့် အလွှာဟ်အရှင်မြတ် မနှစ်ဖြို့သော လမ်းစဉ်တို့ကို ခွဲခြားသိနိုင်စွမ်းမရှိခဲ့ပါက ထိုသူအနေဖြင့် မည်သည့်လမ်းကို ရွေး၍ မည်သည့်လမ်းကို ပယ်ရမည်ကို အသို့သိနိုင်အံ့နည်း။ အလွှာဟ်အရှင်မြတ်၏ ဥပဒေစည်းမျဉ်းများကို လူသားတစ်ဦးအနေဖြင့် အကယ်၍ မသိရှိခဲ့လျှင်လည်း ဤဥပဒေကို မည်သို့ လိုက်နာနိုင်အံ့နည်း။

ဤနည်းအားဖြင့် အလွှာဟ်အရှင်မြတ်၏ ဥပဒေစည်းမျဉ်များနှင့် ထိုအရှင်က ချမှတ်ထားသော ဘဝလမ်းညွှန် လူနေမှုစနစ်ဆိုင်ရာ စည်းမျဉ်းဥပဒေများကို သိရှိရန်မှာ အထူးလိုအပ်ချက်တစ်ရပ်ဖြစ်ကြောင်းကို အထက်ပါအချက်များက အထင်အရှား ပြဆိုနေပေသည်။

သို့သော် ဤစည်းမျဉ်းဥပေဒများကို သိထားရုံသက်သက်ဖြင့် မလုံလောက်သေးပေ။ လူသားအနေဖြင့် အပြည့်အဝ ယုံကြည်မှု ရှိထားရမည်သာမက ယင်းတို့၏ အကျိုးဖြစ်ထွန်းမှုများကိုပါ အထင်အရှား သိမြင်ထားရမည်ဖြစ်ပေသည်။

ဤဥပဒေများကား ထာဝရအရှင်၏ ဥပဒေသများဖြစ်ပြီး မိမိဘဝအား ကောင်းရာ မွန်ရာသို့ ကယ်တင်ပေးမည်မှာလည်း ဤသည်တို့သာလျှင်ဖြစ်ကြောင်းနှင့် ဤဥပဒေသ အတိုင်း လူ့ဘဝကို တည်ဆောက်နိုင်ထိုင်သွားမှသာ မိမိဘဝ၌ ကယ်တင်ခြင်းကို ရယူနိုင်မည်ဖြစ်ကြောင်းတို့ကို အခိုင်အမာ မှတ်ယူထားရမည်ဖြစ်၏။

ဤအမှန်တရား၌တည်သော အသိတရားသာ မရှိခဲ့လျှင်မူ လူသားအား ဖြောင့်မတ်မှန်ကန်သော လမ်းစဉ်သို့ အားပေးအားမြှောက်ပြု ပို့ဆောင်ပေးရန်မှာ လက်တွေ့တွင် အလုံးနှင့်သာ ရင်ဆိုင်ရမည်ဖြစ်၏။ မိမိကိုယ်တိုင်လည်း မနာခံမှု၏ လမ်းမြောင်ကြားဝယ် မျက်ကန်းသဖွယ် စမ်းတဝါးဝါး လျှောက်လှမ်းနေရမည်ဖြစ်၏။

နောက်ဆုံးအနေနှင့် တစ်စုံတစ်ဦးအနေဖြင့် နာခံမှုနှင့် ယင်း၏အကျိုးဖြစ်ထွန်းမှုကို သိထားရမည်ဖြစ်သလို မယုံကြည်မှုနှင့် ငြင်းပယ်ဖီဆန်မှု၏ အကျိုးဆက်ကိုလည်း သိထားရမည်ဖြစ်ပါသည်။

အကယ်၍ မိမိအနေဖြင့် ထာဝရအရှင်၏ လမ်းစဉ်ကို ရွေးချယ်ခဲ့ပါလျှင် မည်သို့သော အကျိုးထူးများနှင့် ဘိုးမြင့်မှုများဖြင့် တဖြိုးဖြိုးဝေဆာနေမည်ကို သိထားရမည်ဖြစ်သလို ဖြောင့်မတ်မှန်ကန်သန့်စင်ပြီး ကောင်းခြင်းဝေဖြာကာ နာခံမှုပြည့်ဝသည့် လမ်းစဉ်သို့ ဦးတည်လျှောက်လှမ်းနိုင်မည်ကိုလည်း သိထားရမည်ဖြစ်ပါသည်။

အကယ်၍ မိမိအနေဖြင့် မနာခံမှုနှင့် ပုန်ကန်ဖီဆန်ရာ လမ်းစဉ်ကိုသာ လျှောက်လှမ်းမည်ဟု ခံယူခဲ့လျှင်မူ မကောင်းမှုဒုစရိုက်များနှင့် ကြီးမားသော ဆုံးရှုံးမှုများနှင့်

မည်ကဲ့သို့ ကြုံတွေ့ရမည်ကိုပါ သိထားရပါမည်။ ထိုနည်းတူ သေခြင်းသည် လူ့ဘဝ၏ နိဂုံးမဟုတ်ကြောင်းနှင့် သေသည့်နောက်ဝယ် တမလွန်ဘဝရှိခြင်းကို သိရှိခြင်းသည်လည်း ဤရည်ရွယ်ချက်၏ အရေးပါသည့် အဓိကကျ လိုအပ်သော အချက်တစ်ရက်ပင် ဖြစ်၏။

လူသားအနေဖြင့် သေခြင်းသည် ဘဝ၏ အဆုံးသတ်မဟုတ်ကြောင်းကို မဆုတ်မနစ် ယုံကြည်ထားရမည်။ မိမိသည် တစ်ချိန်တွင် ပြန်လည်ရှင်သန်လာပြီး အမြင့်မားဆုံးဖြစ်သည့် အလ္လာဟ်အရှင်၏ ခုံးရုံးတော်ရှေ့မှောက်၌ စစ်ဆေးခြင်းခံရမည်ကို ကောင်းစွာ သိထားရမည်ဖြစ်၏။

တရားစီရင်ဆုံးဖြတ်မည့် နေ့တော်ကြီး၌ အပြည့်အဝ မှန်ကန်ဆုံးသော ဆုံးဖြတ်ချက်များကို အောင်မြင်စွာ အဆုံးဖြတ်ပေးခြင်း ခံရမည်။ မျက်မှောက်လူ့ဘဝ၌ ကောင်းကျိုးပြုခဲ့သူများမှာ ယင်းကောင်းမှု၏ အကျိုးဆက်ဆုလာဘ်များကို ခံစားရမည်ဖြစ်ပြီး မကောင်းမှုကို ပြုခဲ့သူများမှာလည်း ယင်း၏အကျိုးဆက်အဖြစ် ဆိုးကျိုးကိုသာ ခံစားရမည်ဖြစ်၏။ မည်သူမှ ဤစစ်ဆေးမှုမှ ထွက်ပြေးလွတ်မြောက် ရှောင်တိမ်းနိုင်မည်မဟုတ်ပေ။

ဤအဖြစ်အပျက်ကို မုချတွေ့ရမည်သာ ဖြစ်၏။ ဤတာဝန်ကို သိရှိခြင်းနှင့် စာရင်းရှင်းတော်မူမည့်နေ့ကို သိရှိခြင်းတို့သည်ကား အလ္လာဟ်အရှင်မြတ်၏ ဥပဒေများအပေါ်၌ စိတ်ရောကိုယ်ပါ ယုံကြည်မှုအတွက် အဓိကလိုအပ်ချက်ပင်ဖြစ်၏။

နောင်တမလွန်ဘဝ ရှိကြောင်းကို မယုံကြည်သူကမူ အလ္လာဟ်အရှင်အပေါ် နာခံမှု မနာခံမှုတို့မှာ လုံးဝအခြေအမြစ်မရှိကြောင်း မှတ်ယူကောင်း မှတ်ယူထားကြမည်ဖြစ်၏။ ထိုသူအနေဖြင့် နာခံသူရော မနာခံသူနှစ်ဦးစလုံးသည်ပင် တစ်ခုတည်းသော တူညီသည့် အဆုံးအဖြတ်ကိုသာ တွေ့ရမည်ဟု ထင်မှတ်ထား၏။ လုံးဝခြားနားခြင်းမရှိဟု ယူဆထား၏။ သူတို့က သေလျှင် မြေကြီးသာဖြစ်ရမည်ဟု ခံယူထားကြ၍တည်း။ သေပြီးသည့်နောက်ဝယ် အမှုန်ဖြစ်ပြီး ပျောက်ပျက် စခန်းဆုံးသွားမည်သာဖြစ်သည်ဟု လက်ခံထားကြ၍တည်း။

ဤသို့သော စိတ်နှလုံးပိုင်ရှင်အဖို့ရာကား အလ္လာဟ်အရှင်မြတ်အား နာခံမှုပြုသူများသည်ပင် လူ့ဘဝ၌ မရှောင်လွှဲနိုင်သည့် အကြပ်အတည်း ဘေးဒုက္ခများနှင့် တွေ့နေရခြင်းကိုကြည့်ပြီး အစဉ်စားရကြပ် တွေးခေါ်မှု လွဲမှားနေမည်သာဖြစ်သည်။

ယင်းသို့ စိတ်ထားရှိနေသူအဖို့ ဤကမ္ဘာလောက၌ မိမိ၏ကိုယ်ကျင့်တရားပိုင်းနှင့် ရုပ်ပိုင်းဆိုင်ရာဝယ် သိသိသာသာဆိုးကျိုးကို မဖြစ်ပေါ်နိုင်သည့် ဒုစရိုက်မှုများကို ရှောင်ရှားရန်လည်း စဉ်းစားလိမ့်မည်မဟုတ်ချေ။

ဤကဲ့သို့ စိတ်နေစိတ်ထားရှိနေသူအဖို့ အလ္လာဟ်အရှင်၏ ဥပဒေသများကို အသိအမှတ်ပြု လိုက်နာရန် အသိတရားရှိလိမ့်မည် မဟုတ်ချေ။ ထိုအရှင်၏ဥပဒေသကို လိုက်နာသူနှင့် မလိုက်နာသူနှစ်ဦးစလုံးသည်ပင် လောကၐ အကြပ်အတည်း ဆုံးရှုံးမှုများနှင့် တွေ့ရမည်သာ ဖြစ်သည်ဟု ယုံကြည်နေခြင်းကြောင့်ပင်ဖြစ်၏။

သေပြီးသည့်နောက်ဘဝနှင့် တရားစီရင်မည့်နေ့တော်ကြီးအပေါ် ယုံကြည်မှုအားနည်းနေသူအဖို့မှာကား ဒုစရိုက်မှုနှင့် မကောင်းမှု၏ ဆွဲဆောင်မှုနောက်သို့ တကောက်

ကောက်လိုက်ပြီး ဘဝဝဲဩဂကြီးအတွင်း၌သာ ရစ်ဝဲကျန်ရှိနေမည်။ လောကီအာရုံဆိုး များ၌သာ တန်းတန်းမတ်မတ် အခိုင်အမာ လှမ်းလျှောက်ကျန်ရှိနေမည်ဖြစ်၏။

အကြောင်းမူကား ယုံမှားသံသယ အနည်းအကျဉ်းရှိနေသမျှ လူတစ်ဦးအဖို့ သူ၏ဆန္ဒကို အကောက်အထည်ဖော်ရန် ဆုံးရှုံးမှုရှိနေမည်သာ ဖြစ်သည်။ အသင့်အနေဖြင့် ဘယ်အရာကိုမဆို ယုံကြည်ချက် အခိုင်အမာရှိမှသာ အသင်၏ လုပ်ဆောင်ချက်ကို အပြည့်အဝ အကောင်အထည်ဖော်သွားနိုင်မည်ဖြစ်သည်။

အသင်၏ ယုံကြည်ချက်အပေါ် စိတ်တွင်းမှ တထင့်ထင့် သံသယရှိသွားသည်နှင့် မိမိလုပ်လိုသော အလုပ်ကို ကြဲကြဲခိုင်ခိုင် ဖြောင့်ဖြောင့်တန်းတန်း လုပ်နိုင်တော့မည် မဟုတ်ချေ။ အသင့်တွင် ကိစ္စရပ်တစ်ခု၏ သေချာသော အကျိုးတရားများသို့ သိရှိထား မှသာ ယင်းသို့ အကျိုးတရားကို သိချင်စိတ်က အသင့်အား ထိုကိစ္စရပ်၌ လိုက်နာကျင့် ကြံသွားလိုစိတ်ကို တိုက်တွန်းပေးမည်ဖြစ်၏။

မိမိကိုယ်ကိုယုံကြည်မှုရှိသာလျှင် မည်သည့်ကိစ္စမဆို အောင်မြင်နိုင်၏။ လုပ်ငန်း တစ်ခု၏ အကျိုးကို သိမှတ်လုပ်ဆောင်ရာ၌လည်း လွယ်ကူပြီး စိတ်ပါဝင်စားမှုရှိမည်ဖြစ်၏။ ဤအချက်ကို မနာခံပါက ဆုံးရှုံးမှုများ။ နောင်တတရားများနှင့်သာ တွေ့ရမည်ဖြစ်၏။ ယုံကြည်မှုနှင့် မယုံကြည်မှု၏ အကျိုးဆက်ကို နက်နက်နဲနဲသိမြင်ရန် လိုအပ်သလို သေပြီး သည်၏နောက် ကြုံတွေ့ရမည့်ဘဝကိုလည်း ယုံကြည်ရန်မှာ အထူးပင်လိုအပ်၏။

သို့မှသာ ထာဝရအရှင်လိုလားသော လူ့ဘဝလမ်းညွှန်အတိုင်း မိမိဘဝကို တည်ဆောက်သွားနိုင်မည်ဖြစ်ပေသည်။

ဤကား အလ္လာဟ်အရှင်အား နာခံသောသူ၏ ဘဝအဖြစ် (ဝါ) အစွလာမ်၏ လူနေမှုလမ်းညွှန်အတိုင်း နေသွားလိုသူတိုင်း သိထားရမည့် အဓိကအချက်များပင်ဖြစ်၏။

## ယုံကြည်ရသည့် ဂုဏ်သည်ကို ဆိုလိုသနည်း

ယုံကြည်မှုနှင့် ပတ်သက်ပြီး ပြောခဲ့သည့်အဝန်းပါ 'အသိတရားနှင့် ယုံကြည်မှု' ဆွေးနွေးချက်၌ အတော်အတန် ရှင်းပြခဲ့ပြီးဖြစ်၏။ အီမာန်ဟူသည် အရိပ်ပေါ်ဟာရဖြစ်ပြီး 'သိရှိခြင်း' 'ယုံကြည်ခြင်း' နှင့် 'အခိုင်အမာ သိနားလည်ခြင်း' ဟု အဓိပ္ပာယ်ရပါသည်။ ဤအကြောင်းကြောင့် ယုံကြည်မှုဟူသည်ရွေသည့် အသိတရားနှင့် အသေအချာ နားလည်း ခြင်းမှ ပေါက်ဖွားလာသည့် ဝိုင်မာသော ယုံကြည်ချက်ဖြစ်ရပါမည်။

ထို့ကြောင့် တစ်ဆူတည်းသော အလ္လာဟ်အရှင်၊ ထိုအရှင်၏ ဂုဏ်တော်များ၊ ထိုအရှင်၏ ဥပဒေသ၊ ကောင်းကင်ကျလမ်းညွှန်နှင့် ကောင်းကင်ကျ ကောင်းမှု၊ မကောင်းမှု ဆိုင်ရာ ဥပဒေသများကို မတုန်မလှုပ် ယုံကြည်သူကိုသာလျှင် မုအ်မင် (ယုံကြည်သဒ္ဓါ တရားရှိသူ) ဟု ခေါ်ခြင်းဖြစ်၏။

ဤယုံကြည်ချက်သည်မင် လူသားအား ဇန်ဆင်းရှင်၏ အလိုတော်အတိုင်း နာခံမှုနှင့် ကျိုးနွံခြင်းရှိသော ဘဝသို့ တစ်သမတ်တည်း ဦးဆောင်ပေး၏။ ဤသို့ မိမိဘဝ၌ ကျိုးနွံနာခံစွာ နေသွားသူကို မွတ်စလင်ဟု ခေါ်၏။

ဤအချက်ကပင် ဤယုံကြည်မှုမရှိလျှင် မွတ်စလင် အစစ်အမှန်တစ်ဦးမဖြစ်နိုင်ဟူသော အဖြစ်ကို အထင်အရှားပြဆိုနေပေသည်။ အီမာန်ကား မရှိမဖြစ် လိုအပ်ချက်ဖြစ်၏။ ပဓါနအကျဆုံးအချက်လည်း ဖြစ်၏။ အီမာန်သဒ္ဓါတရားမရှိဘဲနှင့် မည်သည်ကိုမျှ စတင်နိုင်မည်မဟုတ်ချေ။

အစွလာမ်နှင့် အီမာန်၏ ဆက်နွယ်ပုံမှာ သစ်ပင်နှင့် သစ်စေ့ဆက်နွယ်ပုံအတိုင်းဖြစ်သည်။ အစေ့မရှိဘဲနှင့် အပင်မပေါက်နိုင်ပေ။ အလားတူ လူသားတစ်ဦးအနေဖြင့် အီမာန်ယုံကြည်မှုမရှိလျှင် မည်သည့်နည်းနှင့်မျှ မွတ်စလင်မဖြစ်နိုင်ပေ။ သစ်စေ့တစ်စေ့စိုက်ပျိုးရာ၌ မြေဩဇာညံ့လျှင်ဖြစ်စေ၊ ရာသီဥတုဒဏ် ခံစားရမှုရှိလျှင်ဖြစ်စေ ယင်းသစ်ပင်မှာ ကြီးထွားရှင်သန်မှုမရှိဘဲ ချိနဲ့ကြုံလိုနေမည်သာဖြစ်၏။

အလားတူပင် လူသား၌ အီမာန်ကား ရှိ၏။ သို့သော် ဤယုံကြည်မှု၌ အင်အား ချိနဲ့မှု များစွာရှိနေပါက ထိုသူအနေဖြင့် စစ်မှန်ကြံ့ခိုင်သော မွတ်စလင်တစ်ဦး ဖြစ်လာနိုင်မည်မဟုတ်ပေ။

ဤအကြောင်းကြောင့် အီမာန်သည် ပဓါနာကျသော အချက်ဖြစ်ကြောင်းကို ကျွန်ုပ်တို့ တွေ့ရှိရ၏။ အီမာန်ယုံကြည်မှုကသာ ထဝရအရှင်အပေါ် ကျိုးနွံနာခံသောဘဝသို့ ဦးတည် ပို့ဆောင်ပေးနိုင်မည်ဖြစ်သည်။ ဤအတွက် အီမာန်မရှိက လူတစ်ဦးတစ်ယောက်အနေဖြင့် မွတ်စလင်ဖြစ်လာနိုင်စွမ်း မရှိတော့ပေ။

တစ်နည်းဆိုရသော် လူသားတစ်ဦးတစ်ယောက် ယုံကြည်မှုရှိရန် ဖြစ်နိုင်သော်လည်း သူ၏ စိတ်တန်ခိုး ချို့ယွင်းအားနည်းမှု၊ လေ့ကျင့်ပျိုးထောင်မှု နည်းပါးမှုနှင့် မကောင်းသော အပေါင်းအဖော်များကြောင့် ထိုသူအနေဖြင့် စစ်မှန်သော မွတ်စလင်တစ်ဦးအဖြစ် သူ၏ဘဝ၌ နေထိုင်သွားနိုင်စွမ်း မရှိရခြင်းဖြစ်ပေသည်။ ဤအချက်များကို ကြည့်ပြီး အစွလာမ်နှင့် အီမာန်၏ ရှုထောင့်မှ ဆန်းစစ်လျှင် လူတန်းစားလေးမျိုးရှိကြောင်း သိရ၏။

(၁) ပထမအမျိုးအစား လူသားတို့တွင် ခိုင်မာသော ယုံကြည်ချက်ရှိ၏။ ဖန်ဆင်းရှင်အပေါ်၌ အပြည့်အဝ စိတ်ရောက်ယံပါ လုံးဝနာခံယုံကြည်မှု ရှိသူများ ဖြစ်ကြ၏။ ယင်းတို့သည် အလ္လာဟ်အရှင်၏ အလိုတော်အတိုင်း တစ်သဝေမတိမ်း လိုက်နာကြ၏။ မိမိတို့၏ ကိုယ်စိတ်ဝိညာဉ်နှစ်ပါးစလုံးမှ ထိုအရှင်နှစ်မြို့သည့် အလုပ်ဟူသမျှ ပြုလုပ်ရန်နှင့် ထာဝရအရှင် မနှစ်မြို့သည့် အလုပ်များကို လုံးဝရှောင်ရှားရန် အခိုင်အမာ သစ္စာပြုထိုးသူများဖြစ်၏။ ဥစ္စာဓနနှင့် ဂုဏ်ပကာသနကို လိုလိုလားလား ရှာဖွေသူများကဲ့သို့ပင် ဖန်ဆင်းရှင်နှစ်မြို့သည့် အရာများကို သူတို့က စိတ်အားထက်သန်စွာ လုပ်ဆောင်ကြ၏။ ဤသို့သော လူစားများကား စစ်မှန်သော မွတ်စလင်များဖြစ်ကြ၏။

(၂) ဒုတိယလူတန်းစားများကား အီမာန်လည်းရှိ၏။ မိမိတို့၏ ထာဝရအရှင်သခင်၊ ယင်းအရှင်၏ ဥပဒေသနှင့် တရားစီရင်မည့်နေ့တော်ကြီးကိုလည်း ယုံကြည်မှုရှိ၏။ သို့သော် ယင်းတို့မှာ နာခံမှုပြုရာ၌ တက်ကြွမှုမရှိချေ။ အပြည့်အဝနာခံမှုလည်း မရှိပေ။ ထိုသူများများမှာ စစ်မှန်သော မွတ်စလင်များထက် အရည်သွေးနိမ့်ပါး၏။ ယင်းတို့၏ တာဝန်ပေါ့လျော့မှုနှင့် မကောင်းမှုများကြောင့် အပြစ်တော်ထိုက်သင့်သူများ ဖြစ်ပင်ဖြစ်ငြားလည်း မွတ်စလင်အဖြစ်နှင့်ကား ရှိနေကြ၏။

သူတို့သည် မိမိတို့အား စိုးပိုင်တော်မူသော အရှင်နှင့် ထိုအရှင်၏ ဥပဒေသကို သိရှိထားကြသည်။ ထိုအရှင်၏ ဥပဒေများကို ချိုးဖောက်ဆန့်ကျင်သော်ငြားလည်း စိုးပိုင်တော်မူသော အရှင်ကိုမူ တော်လှန်ပုန်ကန်ခြင်း မပြုချေ။ သူတို့သည် ထိုအရှင်၏ ကြီးကဲမြင့်မားမှုနှင့် မိမိတို့၏ အပြစ်များကို ဝန်ခံမှုပြုကြ၏။ သူတို့သည် အပြစ်ရှိနေသဖြင့် အပြစ်ဒဏ်ထိုက်သင့်ငြားလည်း မွတ်စလင် အဖြစ်နှင့်ပင် ရှိနေကြ၏။

(၃) တတိယတန်းစားများကား လုံးဝယုံကြည်ချက် မရှိသူများပင် ဖြစ်၏။ ယင်းတို့သည် ထာဝရအရှင်၏ စိုးပိုင်အုပ်ချုပ်မှုကို လက်ခံရန် ငြင်းဆန်နေကြသည့် သူပုန်သူကန်များသာဖြစ်ကြ၏။ သူတို့၏ အပြုအမူ၌ ဆိုးဝါးမှုများနှင့် ကျူးလွန်ဖောက်ပြန်မှုများ မတွေ့ရသော်လည်း သူတို့သည် ပုန်ကန်သူများသာဖြစ်၏။ သူတို့၏ ကောင်းသောအပြုအမူများမှာ အကျိုးတရား အနည်းငယ်သာ ရှိမည် ဖြစ်၏။

ဤသို့သော လူတန်းစားများမှာ ဥပဒေပြင်ပမှ သူများနှင့် အလားတူ၏။ ဥပဒေပြင်ပသို့ ရောက်နေသူတစ်ဦး၏ အပြုအမူသည် ဥပဒေနှင့်အညီ ဖြစ်နေလျှင်ပင်၊ နိုင်ငံသားကောင်းတစ်ဦး ဖြစ်လာနိုင်ခြင်းမရှိသလို တိုင်းပြည်၏ သစ္စာကို စောင့်ထိန်းသူတစ်ဦး ဖြစ်လာမည်လည်း မဟုတ်ချေ။ အလားတူပင် ထာဝရအရှင်အား ဆန့်ကျင်ပုန်ကန်သူတစ်ဦး၏ ကောင်းမှုကုသိုလ်ကို ကြီးမားသောမှားယွင်းမှု၊ ဖောက်ပြန်တော်လှန်မှု၊ မနာခံမှုတို့နှင့် အစားထိုး လဲလှယ်နိုင်မည် မဟုတ်ပေ။

(၄) စုတုတ္ထအမျိုးအစားလူစားများမှာ ယုံကြည်ချက်လည်းမရှိ၊ ကောင်းသော အပြုအမူကို ကျင့်ကြံခြင်းလည်း မရှိသူများဖြစ်ကြသည်။ သူတို့သည် ကမ္ဘာလောကကြီးအတွင် ဗရမ်းဗတာ ထင်ရာစိုင်းနေပြီး၊ ဖောက်လွဲဖောက်ပြန်မှု အမျိုးမျိုးနှင့် ကျူးလွန်စော်ကားမှုအမျိုးမျိုးကို ပြုလုပ်နေသူများ ဖြစ်ကြ၏။ ယင်းတို့ကား အဆိုးဝါးဆုံးသော လူစားများပင်ဖြစ်သည်။ အကြောင်းမူကား ယင်းတို့သည် တော်လှန်ပုန်ကန်သူများ ဖြစ်ရုံသာမက အမှားပြုကျင့်သူနှင့် ဒုစရိုက်အမျိုးမျိုး ကျူးလွန်သူများ ဖြစ်နေခြင်းကြောင့်ပင် ဖြစ်သည်။

လူသားများအား အထက်ပါအတိုင်း အမျိုးအစား ခွဲခြထားခြင်းကပင် စစ်မှန်သော အောင်မြင်မှုနှင့် လူသားအဖို့ အမှန်တကယ် ကယ်တင်လွတ်မြောက်မှုကို ရရှိရန်မှာ အီမာန် (ယုံကြည်မှု) အပေါ်၌ တည်နေကြောင်းကို ရှင်းလင်းစွာ ပြဆိုလျက်ရှိနေပေသည်။ နာခံမှု အပြည့်ရှိသော ဘဝ၊ (အစွလာမ်) မှာ အီမာန်ဟူသော မျိစ့်မှသာ သန္ဓေတည် ရှင်သန် ပေါက်ဖွားလာရခြင်းဖြစ်ပေသည်။

ဤသို့ အစွလာမ်၏ လမ်းစဉ်အတိုင်းနေသော လူသား၌ အပြစ်အနာအဆာ ချို့တဲ့မှု လုံးဝမရှိနိုင်ပေ။ အီမာန်မရှိလျှင် အစွလာမ်လည်း မရှိနိုင်ပေ။ အစွလာမ်မရှိဆိုလျှင် ''ကုဖရ်'' ဝါဒသာဖြစ်သွားမည်။ ပုံစံနှင့် သဘာဝအနေအထားချင်းကသာ ကွဲပြားနိုင်သော်ငြားလည်း တစ်နည်းမဟုတ်တစ်နည်း ကုဖရ်အသွင်သို့ ရောက်သွားမည်သာ ဖြစ်၏။ ကုဖရ်မှလွဲပြီး မည်သည်မျှ မဖြစ်နိုင်ပေ။

ဤအချက်များက အီမာန်၏ အရေးပါပုံနှင့် စစ်မှန်ပြည့်ဝသော လူ့ဘဝနှင့် ဖန်ဆင်းရှင်အပေါ် ကျိုးနွံနာခံမှုတို့အကြား ဆက်စပ်နေပုံပင်ဖြစ်၏။

## အလ္လာဟ်ရှင့်ရှိကြောင်း မည်သို့သိနိုင်သနည်း

ဤနေရာ၌ အလ္လာဟ်ရှင်အား မည်သို့ သိရှိနိုင်ပုံ၊ ယုံကြည်နိုင်ပုံနှင့် ယင်းအရှင်၏ ဂုဏ်အင်္ဂါများ ဥပဒေသများနှင့် တရားစီရင်မည့်နေ့တော်ကြီးတို့ကို မည်သို့မည်ပုံ သိရှိနိုင်အံ့နည်းဟူသော ပြဿနာရပ်က ပေါ်လာပြီဖြစ်၏။

ကျွန်ုပ်တို့၏ ဘေးပတ်ဝန်းကျင်၌ ထာဝရအရှင်၏ မရေမတွက်နိုင်အောင် ထင်ရှားလှသည့် သက်သေလက္ခဏာရပ်များကို ကိုယ်တိုင်ကိုယ်ကျ မျက်မြင်တွေ့ရှိနေကြရပေသည်။ ဤအချက်များကပင် စကြဝဠာကြီးအား စိုးပိုင်တော်မူသည့် အရှင်မှာ တစ်ဆူတည်းသော အလ္လာဟ်အရှင်ဖြစ်ကြောင်းနှင့် ယင်းအား ကွပ်ကဲထိန်းချုပ်မူပေးနေသော အရှင်လည်း ဖြစ်ကြောင်းကို အခိုင်အမာ သက်သေထူလျက်ရှိ၏။

အလ္လာဟ်အရှင်၏ လက်ရာတော်များကို ခြေရာကောက်ကြည့်မည်ဆိုလျှင် ယင်းတို့တွင် ထိုအရှင်၏ ကြီးကဲသောဉာဏ်တော်၊ အရာရာကို စိုးပိုင်တော်မူသော စွမ်းအားတော်တို့ အပါအဝင် ထာဝရအရှင်၏ အလုံးစုံသော ဂုဏ်အင်္ဂလက္ခဏာများမှာ အထင်အရှား သက်သေထူလျက် ရှိသည်ကို သိရပေမည်။ သို့ရာတွင် ဤဂုဏ်အင်္ဂလက္ခဏာများကို ရှုမြင်သိနားလည်ရန်နှင့် အသိတရားရရှိရေးတွင် လူသား၏ အသိဉာဏ်နှင့် စွမ်းအားတို့က အမှားဘက်သို့ လှမ်းလင့်နေပေသည်။

ဤသက်သေလက္ခဏာရပ်များမှာ ထင်ရှားသိသာလွန်းလှပေရာ စကြဝဠာကြီး ဖန်ဆင်းထားပုံတွင် အမြောက်အမြား မျက်မြင်တွေ့နေရပေသည်။ သို့သော် ဤနေရာ၌ လူသားများမှာ အမှားတွင်သာ ကျင်လည်နေကြ၏။ အချို့က ကိုးကွယ်ရာအရှင်နှစ်ပါးရှိသည်ဟု ဆိုကြ၏။ အချို့က သုံးပါးရှိသည်ဟု ယူဆထားကြ၏။ အမျိုးက ဘုရားအများဝါဒကို လက်ခံကိုးကွယ်ကြ၏။ အချို့ကမူ မီး၊ ရေ၊ လေ၊ မြေ၊ တောတောင် စသည့် သဘာဝအင်အားစုများအား ကိုးကွယ်ရာအဖြစ် မှတ်ယူထားကြ၏။

အချို့ကမူ ဘုရားတစ်ဆူမှ နတ်ဘုရားများစွာကို ဆင့်ပွားယူပြီး မိုးလေဝသ ကောင်းမွန်စေသော နတ်ဘုရား၊ မီးကို အစိုးရသော ဘုရား၊ လေကို အစိုးရသော်ဘုရား၊ ဘဝကို စိုးပိုင်တော်မူသည့်ဘုရားနှင့် သေခြင်းတရားကို ချုပ်ကိုင်တော်မူသည့်ဘုရား စသည်ဖြင့် အမျိုးမျိုးကိုးကွယ်ကြ၏။

အလ္လာဟ်အရှင်၏ သက်သေသာဓကများမှာ အထင်အရှား ရှိနေသော်ငြားလည်း လူသား၏ဆင်ခြင်တုံတရားမှာ ဤအချက်၌ များစွာသော ကွဲလွဲမှုများနှင့် ထစ်ငေါ့လျက် ရှိနေပေသည်။ ယင်းသက်သေသာဓကများ၏ မှန်ကန်သောအမြင်ကို အစစ်အမှန် ပီပီပြင်ပြင်သိနိုင်စွမ်း မရှိကြပေ။

ဤသို့ လွဲမှားသောအသိကြောင့်ပင်လျှင် လှည့်ဖြားမှုကို အဆက်မပြတ် ကြုံတွေ့ရင်ဆိုင်နေရပြီး အကျိုးတရားကင်းမဲ့ကာ ရှုပ်ထွေးသော အတွေးမျှင်တန်းဝယ် ချာချာလည်နေရ၏။ လူသား၏ ဆုံးဖြတ်ချက်၌ ပါရှိနေသော ဤမှားယွင်းမှုများအပေါ် ကျွန်ုပ်တို့အနေဖြင့်

ဤနေရာတွင် ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးရန် ခက်ခဲမှုရှိနေပေသည်။

အလားတူ သေပြီးသည့်နောက် ကြုံတွေ့ရမည့်ဘဝနှင့် ပတ်သက်လျှင်လည်း လူသားတို့၏ အသိတရားမှာ အမှားဘက်သို့သာ ရွေးရွလျက်ရှိနေပေသည်။ ဥပမာအနေဖြင့် ပြောရလျှင် သေလျှင် မြေကြီးသာဖြစ်သွားမည်ဟူသော အချက်နှင့် ပြန်လည်ရှင်သန်လာရမည်ကို မယုံကြည်ခြင်းတို့ပင်ဖြစ်သည်။ အချို့က လူ့ဘဝသည် ထပ်ခါတလဲလဲ ကျင်လည်နေရပြီး ယခုဘဝ၌ ကောင်းမှု မကောင်းမှုပေါ် မူတည်လျက် နောင်လာမည့်ဘဝ၌ ကောင်းကျိုးဆိုးကျိုးကို ကြုံတွေ့ရမည်ဟု ယူဆထားကြ၏။

လူနေမှုစနစ် ဘဝလမ်းညွှန်ဥပဒေသနှင့် ပတ်သက်၍ စဉ်းစားလျှင် ကြီးမားသော အခက်အခဲနှင့် ကြုံတွေ့ရ၏။ အလွှာဟ်အရှင် လိုလားနှစ်မြို့တော်မူသည့် လူ့ဘဝလမ်းညွှန် ဥပဒေသများကို ညီညွတ်မှုတ သဟဇာတဖြစ်အောင် ပြည့်ပြည့်ဝဝ လူ့ဉာဏ်စွမ်းဖြင့် ပုံဖော်ကျင့်သုံးသွားနိုင်ရေးမှာ ထိုထက်ပင် ပိုမိုခဲယဉ်းနေပေသည်။

လူသားတစ်ဦးအနေဖြင့် အမြင့်မားဆုံးသော စွမ်းပကား ဆင်ခြင်တုံတရားနှင့် အသိဉာဏ်ရှိနေလျှင်ပင် ပြိုင်ဘက်ကင်းသော အသိပညာကို ပိုင်ဆိုင်ထားလျှင်ပင် နှစ်ကာလပရိစ္ဆေဒ ကြာရှည်စွာ စဉ်းစားဆင်ခြင် တွေးခေါ်မှုပြုနေလျှင်ပင် လူ့ဘဝဥပဒေစည်းမျဉ်းများနှင့် အစွလာမ်က လိုလားသော လူနေမှုစနစ်ကို တော်တည့်မှန်ကန်အောင် လူသား၏ ပင်ကိုယ်ဉာဏ်နှင့် အတိဒၶကျ ပြဋ္ဌာန်းပေးနိုင်မည် မဟုတ်ပေ။ ပြဋ္ဌာန်းပေးနိုင်လျှင်လည်း မိမိ၏ဉာဏ်စွမ်းဉာဏ်စနှင့် ကြိုးပမ်းထားချက်အပေါ် ကျေနပ်အားရ စိတ်ချယုံကြည်မှုလျော့နည်းနေမည်သာ ဖြစ်၏။

လူသား၏အသိဉာဏ်ဆင်ခြင်တုံတရား ပညာဉာဏ်နှင့် ပတ်သက်ပြီး စမ်းသပ်မှုပြုရန် အကောင်းဆုံးနည်းလမ်းမှာ ပြင်ပမှ တစ်စုံတစ်ခု လမ်းညွှန်မှုမပေးဘဲ ပေလျှယက်လွတ်လွတ်လပ်လပ် ပစ်ထားခြင်းသာ ဖြစ်၏။ သို့မှသာ လူသားသည် သူ၏ ကိုယ်ပိုင်အစွမ်းအစဖြင့် ဤကမ္ဘာလောကကြီး၌ မှန်ကန်သောနည်းလမ်းဖြင့် နေထိုင်သွားနိုင်ရေးအတွက် ကြိုးပမ်းရှာဖွေလိမ့်မည်ဖြစ်၏။

မိမိ၏အသိဉာဏ်ဖြင့် အရာရာကို ဆန်ခါတင် ရွေးချယ်ဆန်းစစ်မှု ပြုနိုင်သူသည်သာ အမှန်တရားနှင့် ဖြောင့်မတ်မှန်ကန်သော လမ်းစဉ်အပေါ်ဝယ် ရောက်ရှိပြီး အောင်မြင်မှုနှင့် ကယ်တင်ခြင်းလမ်းစဉ်ကို ဆုပ်ကိုင်နိုင်မည်ဖြစ်၏။ မိမိအသိဉာဏ်ကို လမ်းမှန်ကမ်းမှန် အသုံးမချနိုင်သူတို့မှာ အရှုံးနှင့်သာ ရင်ဆိုင်ရမည်ဖြစ်၏။

ဖန်ဆင်းရှင်အနေဖြင့် မိမိ၏ ဖန်ဆင်းခံလူသားများအပေါ်၌ ဤမျှ အခက်အခဲကြီးများလှသောအဖြစ်တွင် ထားရှိရန် လိုလားတော်မမူပေ။ အလွှာဟ်အရှင်သည် မိမိ၏မဟာကရုဏာတော်ကြောင့် လူသားထုအတွင်းမှ ပုဂ္ဂိုလ်အချို့ကို ရွေးချယ်ပြီး ထိုပုဂ္ဂိုလ်များမှတစ်ဆင့် အလွှာဟ်ရှင်၏ စစ်မှန်သော ဂုဏ်တော်များကို သိရှိအောင် ပို့ချပေး၏။

ထာဝရအရှင်၏ ဥပဒေအရ ဖြောင့်မတ်မှန်ကန်သော လူနေမှုလမ်းညွှန် စည်းမျဉ်းများကို ပို့ချပေးခဲ့၏။ လူသားတို့အား ယခုဘဝနှင့် သေပြီးသည့်နောက် ဘဝ၏ အဓိပ္ပာယ်နှင့် အနစ်သာရ ရည်ရွယ်ချက်များကို နားလည်ရန် အသိတရားပေးခဲ့၏။

ဤထာဝရအရှင်၏ လမ်းညွှန်မှုအတိုင်း လိုက်နာကျင့်ကြံမှုပြုမှသာ အောင်မြင်မှုနှင့် ထာဝရကောင်းမြတ်ခြင်းများကို ရရှိခံစားနိုင်မည်ကိုပါ ပြဆိုခဲ့၏။ ဤသို့ လူသားတို့အား

လမ်းမှန်ပြသရန် ရွေးချယ်ခံ ပုဂ္ဂိုလ်များကား အလွှာဟ်ရှင်၏ တမန်တော်များ ဖြစ်ကြ၏။ ထိုအရှင်သည် သူတို့အား အသိတရားနှင့် ဉာဏ်ပညာများဖြင့် ဆက်သွယ်တော်မူ၏။ ထိုသို့ ဆက်သွယ်ပို့ချခြင်းကို ဝဟီဟုခေါ်၏။

ကောင်းကင်ကျ လမ်းညွှန်များပါသော ကျမ်းစာကို အနွှန်အရှင်၏ ကျမ်းမြတ် (၀၀) ဗျာဒိတ်တော် ဟု ခေါ်ဆိုကြ၏။ လူသား၏ အသိဉာဏ်နှင့် ဆင်ခြင်တုံတရားအပေါ် စမ်းသပ်ချက်မှာ ဤအချက်အပေါ် တည်နေ၏။ လူသားအနေဖြင့် ထိုပုဂ္ဂိုလ်မြတ်များ၏ သန့်စင်မှုနှင့် ဘာသာတရား လေးမြတ်ကြည်ညိုသော ဘဝကို အသေအချာ ဆန်းစစ်သိရှိပြီးပြီဆိုလျှင် ယင်းတို့၏ မြင့်မြတ်မှုနှင့် သင်ကြားပို့ချချက်များ၌ အပြစ်အနာကင်းစင်ကြောင်းကို အသေအချာလေ့လာပြီးပြီဆိုလျှင် ယင်းပုဂ္ဂိုလ်မြတ်များအား ထာဝရအရှင်၏ တမန်တော်မြတ်များအဖြစ် အသိအမှတ်ပြုရချေမည်မှာ အမှန်ပင် ဖြစ်သည်မဟုတ်လော။

မှန်ကန်သော ပညာဉာဏ်နှင့် ခိုင်မာကြံ့ခိုင်သော အသိအာရုံကို ပိုင်ဆိုင်ထားသူအဖို့၊ အမှန်တရားကို သိမြင်ပြီး တမန်တော်များ၏ မှန်ကန်သော ညွှန်ကြားချက်များကို လက်ခံကြလိမ့်မည်။ လူသားအနေဖြင့် အလွှာဟ်ရှင်နှင့် အရှင်၏ သင်ကြားချက်များကို လက်မခံ ငြင်းပယ်မည်ဆိုလျှင် သူ၏ ငြင်းပယ်မှုကပင် သူသည် အမှန်တရားနှင့် ဖြောင့်မတ်မှန်ကန်သော လမ်းစဉ်ကို ရှာကြံရာ၌ အောင်မြင်မှုနှင့် လွဲသော အဖြစ်သို့ လှမ်းနေပြီကို အထင်အရှား ပြဆိုနေပေသည်။

ဤငြင်းပယ်ချက်ကြောင့် သူသည် စမ်းသပ်မှု၌ အရှုံးနှင့် ရင်ဆိုင်ရမည် ဖြစ်၏။ ဤသို့သော လူသားများမှာ အလွှာဟ်အရှင် ထိုအရှင်၏ ကျမ်းမြတ်ဥပဒေသနှင့် သေပြီးသည်၏ နောက်ကြိုတွေ့ရမည့် ဘဝတို့နှင့် ပတ်သတ်သည့် အမှန်တရားကို မည်သည့်အခါမျှ ရှာဖွေတွေ့ရှိလိမ့်မည် မဟုတ်ပေ။

## မျက်မြင်မဟုတ်သည့် အဏုမျှားကို ယုံကြည်ခြင်း

အသင့်အနေဖြင့် အကြောင်းရပ်တစ်ခုခုအား နားလည်သိရှိခြင်း မရှိလျှင် ထိုကိစ္စကို နားလည်သူထံ ချဉ်းကပ်ပြီး ထိုသူအပေါ် ယုံကြည်မှုကို အဓိကထားကာ သူ၏ညွှန်ကြားမှုအတိုင်း လိုက်နာမည်မှာ နေ့စဉ်ကြုံတွေ့နေရသောအဖြစ်ပင် ဖြစ်၏။ အသင့်အနေဖြင့် နေထိုင်မကောင်းဖြစ်နေလျှင် မိမိရောဂါကို ကိုယ်တိုင်ကိုယ်ကျကုသမည် မဟုတ်ဘဲ ဆရာဝန်တစ်ဦးထံ သွားရောက်ပြီး သူ၏ ကုသမှုကို စောဒကတက်ခြင်းမရှိဘဲ အပြည့်အဝ နာခံသွားမည်သာဖြစ်၏။

အဘယ်အကြောင်းကြောင့်နည်း။ သူသည် ဆရာဝန်ပညာကို ကောင်းစွာတတ်ကျွမ်း၏။ ဆေးဘက်ဆိုင်ရာ အကြံဉာဏ်ကို ကောင်းစွာ ပေးနိုင်သော အရည်အချင်းရှိ၏။ လူမမာများစွာကို ဆေးကုသပေးမှုကြောင့် အတွေ့အကြုံလည်း များစွာ ရင့်ကျက်နေပြီဖြစ်၏။

ထို့ကြောင့် သူ၏ ညွှန်ကြားချက်ကို အကျအနလိုက်နာကာ၊ သူ၏တားမြစ်ချက်ဟူသရွေ့ကို ရှောင်ရှား၏။ ထိုနည်းတူ ဥပဒေရေးရာကိစ္စ၌လည်း အသင်၏ရှေ့နေ၏ ညွှန်

ကြားချက်၊ အကြံပေးချက်ဟူသရွေ့ မည်သို့ပင် ဖြစ်နေပစေ ထပ်တူထပ်မျှ လိုက်နာလုပ်ဆောင်သွားမည်သာ ဖြစ်၏။

ပညာသင်ကြားရာတွင်လည်း ဆရာဖြစ်သူအပေါ် အပြည့်အဝ ယုံကြည်အားထားပြီး ဆရာ၏ ညွှန်ကြားချက်များကို မှန်ကန်သည်ဟု လက်ခံပြီး လိုက်နာသွားရမည် ဖြစ်၏။ အကယ်၍ နေရာဒေသတစ်ခုသို့ သွားရောက်ရန် လမ်းမသိလျှင်းလမ်းသိသူကို ရှာဖွေပြီး ဤဒေသသို့ မည်သို့မည်ပုံ သွားရမည်ကို သူညွှန်ပြသည့်အတိုင်း လိုက်နာသွားရမည် ဖြစ်၏။

အကျဉ်းအားဖြင့် ဆိုရသော် အသင်၏ ဘဝတာဝန်ပင် အသင်မကျွမ်းကျင်သော ဖြစ်ရပ်များနှင့် ကြုံတွေ့လာပါက တတ်ကျွမ်းသူထံ ချဉ်းကပ်ပြီး သူ၏အကြံဉာဏ်ကို နာခံကာ ထပ်တူထပ်မျှ လုပ်ဆောင်သွားရမည်မှာ လျော်ကန်သော ဓမ္မတာဖြစ်ရပ်တစ်ခုပင် ဖြစ်၏။ သင်၏ ကိုယ်ပိုင်အသိဉာဏ်ဖြင့် ပြဿနာတစ်ရပ်အား ဖြေရှင်းနိုင်စွမ်းမရှိလျှင် မိမိထက် တတ်ကျွမ်းသူထံ ချဉ်းကပ်ပြီး သူ၏ မိန့်ဆိုချက်အတိုင်း အသာတကြည် လက်ခံရမည်သာဖြစ်၏။

ဤသို့ မိမိကို ကူညီအကြံဉာဏ်ပြုနိုင်စေမည့် ပုဂ္ဂိုလ်ကို ရွေးချယ်ရာ၌ အတော် အသင့်တော့ သူ့အား နာခံရမည်ဖြစ်၏။ သို့သော် မိမိကို တကယ်တမ်း အထောက်အကူပြုနိုင်မည့်ပုဂ္ဂိုလ်ကို ရှာကြံရွေးချယ်နိုင်ပြီဆိုလျှင်မူ ထိုပုဂ္ဂိုလ်၏ အကြံဉာဏ်ကို ဆင်ခြေမကန်ဘဲ လက်ခံရမည်သာ ဖြစ်၏။

ဤကဲ့သို့ ယုံကြည်မှုကို ''မျက်မြင်မဟုတ်သည့်အရာကို ယုံကြည်ခြင်း'' ဟု ခေါ်ဆို၏။ အကြောင်းမူကား ဤနေရာ၌ အသင့်အနေဖြင့် နားလည်နိုင်စွမ်းမရှိသည့် ကိစ္စအတွက် ဤကိစ္စ၌ တတ်ကျွမ်းသူအပေါ်တွင် အားထားမှီခိုနေခြင်းကြောင့်ပင် ဖြစ်၏။ ဤသည်ပင်လျှင် (အီမာန် ဗီလ် ဂိုက်ဗ်) ကို ခေါ်ဆို၏။ ဤသို့ဖြင့် အသင့်အနေဖြင့် ကိုယ်တိုင်ကိုယ်ကျ တင်ကြွေမသိထားသည့် အကြောင်းရပ်အပေါ် ယုံကြည်မှုကို ''မျက်မြင်မဟုတ်သည့် (အကွယ်မှ) အရာကို ယုံကြည်မှု'' အီမာန် ဗီလ် ဂိုက် (ဗ်) ဟုခေါ်ဆို၏။

အီမာန် ဗီလ် ဂိုက် (ဗ်) ဟူသည် အသင်မသိသည့် အကြောင်းအရာကို ဤအကြောင်းကို သိရှိသူထံ ချဉ်းကပ်ယူရန်ကို ဆိုလိုပေသည်။ အသင့်အနေဖြင့် အလ္လာဟ်ရှင်နှင့် ထိုအရှင်၏ ဂုဏ်တော်လက္ခဏာများကို မသိချေ။

ထိုအရှင်၏ ကောင်းကင်တမန်များက ထိုအရှင်၏ အမိန့်အရ စကြဝဠာတစ်ဝှမ်းလုံး၏ ယန္တယားကြီး အပါအဝင် အသင်၏ ပတ်ဝန်းကျင်၌ ရှိရှိသမျှတို့ကို ဦးဆောင်ပဲ့ကိုင်လှုပ် ရှိခြင်းကိုလည်း မသိရှာပေ။ အလ္လာဟ်ရှင် နှစ်မြို့တော်မူသည့် လမ်းစဉ်အတိုင်း နေထိုင်သွားရမည့် လူ့ဘဝလမ်းညွှန်နှင့် ပတ်သတ်၍လည်း အသင့်တွင် လုံလောက်သော အသိတရား မရှိပေ။

အသင့်အနေဖြင့် သေပြီးသည့်နောက်ဘဝနှင့် ပတ်သက်လာလျှင်လည်း အမှောင်နှင့် မည်းမည်းတွင်သာ ရှိနေ၏။ ဤအကြောင်းရပ်များနှင့် သက်ဆိုင်သည့် အသိတရားများကို အသင့်ထံသို့ တမန်တော်များမှတစ်ဆင့် ပို့ချပေးခဲ့၏။ ထိုတမန်တော်များသည် အလ္လာဟ်ရှင်နှင့် တိုက်ရိုက်ဆက်သွယ်မှုရှိပြီး ထိုအရှင်ထံမှ တိုက်ရိုက်မှန်ကန်သော အသိတရားကို ရရှိကြ၏။

ထို့ပြင် ထိုပုဂ္ဂိုလ်များသည် ဖြောင့်မတ်မှန်ကန်မှု၊ သစ္စာရှိမှု၊ မြင့်မြတ်စင်ကြယ်မှု၊ အကျင့်သိက္ခာရှိမှု၊ တည်ကြည်ဖြောင့်မတ်မှုနှင့် ဂိုးသားမှု အရည်အချင်းများကို ပိုင်ဆိုင်ထားကြသူများ ဖြစ်၏။

ထိုပုဂ္ဂိုလ်တို့၏ ဘဝတာဋ္ဌ အနေအထိုင်ကအစ လုံးဝသန့်စင် အပြစ်ကင်းစင်နေမှုကပင် သူတို့နှုတ်မှ ကြွေးကြော်လာသည့် အသိအလိမ္မာတရားများမှာ မှန်ကန်ကြောင်းကို မငြင်းဆန်နိုင်လောက်အောင် သက်သေထူပြလျက် ရှိနေပေသည်။

ဤအချက်တွင်သာမက သူတို့၏ ဗျာဒိတ်တော်စကား၏ အင်အား ထက်မြက်မှုနှင့် ဉာဏ်ပညာ အမြော်အမြင် ကြီးမားမှုများကြောင့် အသင့်အနေဖြင့် ထိုပုဂ္ဂိုလ်တို့သည် အမှန်တရားကို မိန့်ဆိုခြင်း ဖြစ်ကြောင်းနှင့် သူတို့၏ သင်ကြားပို့ချချက်များကို အပြည့်အဝ ယုံကြည်လက်ခံလိုက်နာအပ်ပုံကို အတိအလင်း ဝန်ခံရမည်သာ ဖြစ်၏။

ဤကဲ့သို့ အသင်၏ အခိုင်အမာ ယုံကြည်ချက်မျိုးကိုပင် အီမာန်ဗီလ်ဂိုက်ဗ် ဟု ခေါ်ဆိုခြင်းဖြစ်၏။ ဤကဲ့သို့ အမှန်တရားနွယ်ပြီး အသိတရားဖြင့် ပြည့်ဝသည့် အမှန်တရား၏ အနေအထားသို့ ရောက်ရှိရန်မှာ အလွန်ဟ်ရှင်အား နာခံမှုပြုရန်နှင့် ထိုအရှင်နှစ်ဖြို့တော်မူသည့် လမ်းစဉ်အတိုင်း တစ်သဝေမတိမ်း လိုက်နာသွားရန်မှာ အဓိက လိုအပ်နေပေသည်။

အသင့်အား မှန်ကန်သော အသိတရားကို ချဉ်းကပ်နိုင်ရန် လမ်းပြပေးနိုင်သူမှာ အလွန်ဟ်ရှင်၏ တမန်တော်များမှလွဲပြီး အခြားမည်သည်မှ မဖြစ်နိုင်ပေ။ မှန်ကန်၍ စစ်မှန်သော အသိတရားမရှိလျှင် မည်သည့်နည်းနှင့်မျှ အစွမ်းသတ္တိ၏ လမ်းကြောင်းပေါ်တွင် ဖြောင့်တန်းစွာ လျှောက်လှမ်းသွားနိုင်မည် မဟုတ်ချေ။[၁]

* * * * * * * * * * * * * *

---

၁။ ဤကမ္ဘာကြီးသည် အလွန်ဟ်ရှင်ပိုင် နိုင်ငံတော်ကြီး၏ တစ်စိတ်တစ်ဒေသသာ ဖြစ်၏။ ယင်းကမ္ဘာမြေကြီးပေါ်တွင် နေထိုင်လျက်ရှိသော လူသားတို့အား ကောင်းမွန်မြင့်မြတ်သော စာရိတ္တနှင့် အဆင့်မြင့်သော လူနေမှုစနစ်အတွင်း နေထိုင်သွားနိုင်ရန် လမ်းညွှန်ပြသသူအဖြစ် လူသားတို့ အတွင်းမှ မြင့်မြတ်သော အရည်အချင်းရှိသည့် လူပုဂ္ဂိုလ်များကို ခေတ်အဆက်ဆက်မှသည် နောက်ဆုံး တမန်တော်မုဟာမ္မဒ် (ﷺ) အထိ စေလွှတ်ပို့ချပေးခဲ့၏။ ယင်းတမန်တော်များသည် ရုပ်သဘောအရ လူသာမန်များကဲ့သို့ပင် ဖြစ်ပြီး တွေးခေါ်မြော်မြင်မှုအရာ၌ လူသာမန်များထက် များစွာ သာလွန်ခြင်း မြင့်မားခြင်း ရှိနေ၏။

တမန်တော်များသည် အစဉ်သဖြင့် ဖန်ဆင်းရှင်အလွှာဟ်နှင့် ဆက်သွယ်မှုရှိပြီး လမ်းညွှန်ပြသမှုကို ခံယူရရှိကြ၏။ ယင်းတမန်တော်များသည် သူတို့ ထမ်းဆောင်ရသည့် တာဝန်တစ်ရပ်ဖြစ်သည့် စာရိတ္တမြင့်မားသော လူနေမှုစနစ်ကို ဖော်ထုတ်ရေးနှင့် ပတ်သက်သည့် အချက်များကို အခြားသူများနှင့်မတူ တစ်မူထူးခြားစွာ သိမြင်နိုင်သော အမြင်နှင့် အသိကို ထာဝရဘုရင်အလွှာဟ်က ချီးမြှင့်ပေးသနားခြင်းခံရသူများပင် ဖြစ်၏။ တမန်တော်များကား အစွမ်းသတ္တိ လိုလားသော လူနေမှုစနစ်ကို လက်တွေ့ကျင့်သုံး ပို့ချသူများပင် ဖြစ်၏။ (အကျယ်ကို အခန်း (၃) တွင် ကြည့်ပါ။)

# အခန်း (၃)

# တမန်တော်များ ပွင့်ပေါ်ခြင်း

ပြခဲ့သည်သော အခန်းများ၌ အောက်ပါအချက်များကို အဓိက ဆွေးနွေးခဲ့ဖူး၏။

၁။ လူသားအတွက် အမှန်ကန်ဆုံးသော လမ်းစဉ်မှာ အလွှာဟ်ရှင်အား နာခံခြင်းပင်ဖြစ်၏။ ဤသို့ နေထိုင်သွားရန် နာခံသော အသိစိတ်နှင့် ယုံကြည်ချက်တို့မှာ အထူးပင် လိုအပ်၏။ ထိုပြင် အလွှာဟ်အရှင် နှစ်ပြို့တော်မူသည့် အရာများနှင့် မနှစ်ပြို့သော အရာများကို ခွဲခြားသိမြင်မှု၊ အလွှာဟ်အရှင် ရွေးချယ်သတ်မှတ်ပေးထားသော လမ်းစဉ်နှင့် တရားစီရင်မည့် နေ့တော်ကြီးတို့ကို ကောင်းစွာသိရှိ ယုံကြည်မှုတို့လည်း အထူးလိုအပ်လှသလို အမှန်တရားအပေါ်၌ အပြည့်အဝ မဆုတ်မနစ် ယုံကြည်ခြင်းနှင့် ဤအသိတရားများ၏ မှန်ကန်မှုကို ကောင်းစွာ သိထားရန်လည်း လိုအပ်နေပေသည်။ ဤသည်ပင်လျှင် အီမာန်ကို ခေါ်ဆို၏။

၂။ ဒုတိယအချက်မှာ လူသားသည် မိမိကိုယ်ပိုင် အစွမ်းအစကြိုးပမ်းမှုဖြင့် ဤအသိတရားများ ရရှိရန် ကြိုးပမ်းရေးမှာ အလွန်ခဲယဉ်းသော လုပ်ငန်းကြီးတစ်ရပ်ဖြစ်နေ၏။ အလွှာဟ်အရှင်မြတ်သည် ကရုဏာသက်စွာဖြင့် လူသားတွင် ခက်ခဲမှုမရှိစေရန် ပြုလုပ်စီမံပေးထား၏။ အရှင်မြတ်သည် လူသားအား ဤခက်ခဲသည့် စမ်းသပ်မှုကြီးအတွင်း ဝယ် စွန့်ပစ်လစ်လျူရှုထားခြင်း မရှိခဲ့ချေ။

လူသားတို့အတွင်းမှပင် တမန်တော်များကို ရွေးချယ်ပြီး ယင်းပုဂ္ဂိုလ်မြတ်တို့မှ တစ်ဆင့် ဤအသိတရားများကို ပို့ချပေးခဲ့၏။ ဤအသိတရားများနှင့် အလွှာဟ်အရှင်မြတ်၏ လိုအင်ဆန္ဒတော်များကို တမန်တော်များမှတစ်ဆင့် လူသားတို့ထံ ဆောင်ယူသွားစေပြီး လူသားတို့အား ဖြောင့်မတ်မှန်ကန်သော လမ်းစဉ်ကို ပြသပေးစေခဲ့၏။

၃။ နောက်ဆုံးအနေဖြင့် လူသာမန်များ ဖြစ်ကြသည့် ယောကျ်ားနှင့် မိန်းမ အားလုံးပင် တမန်တော်တစ်ပါးအား အသိအမှတ်ပြုရန် သာမက ဤသို့ အလွှာဟ်ရှင်၏ တမန်တော်အစစ်အမှန်ဖြစ်ကြောင်းကို အခိုင်အမာသိရှိပြီးပါက ထိုတမန်တော်၏ လမ်းစဉ်အတိုင်း တစ်သဝေမတိမ်း လိုက်နာသွားရန်နှင့် ထိုတမန်တော်အပေါ်၌ အစစနာခံမှုပြုသွားရန် လိုအပ်နေပြန်ပါသည်။ ဤသည်ပင်လျှင် လွတ်မြောက်ခြင်း၏ လမ်းစဖြစ်၏။

ဤအခန်းတွင် တမန်တော်များ ပွင့်ပေါ်ရခြင်း၏ အနေအထား အသွင်သဏ္ဌာန်နှင့် တမန်တော်များ ပွင့်ပေါ်ရခြင်းသဘာဝ သဘောတရားများနှင့် သမိုင်းစဉ်တို့ကို အဓိက ဆွေးနွေးသွားမည်ဖြစ်၏။

## ၁။ တမန်တော်များ ပွင့်ပေါ်ခြင်းသဘာဝနှင့် ယင်း၏လိုအပ်ပုံ

အလွှာဟ်အရှင်မြတ်သည် လူသားအပေါ်၌ အတိုင်းအဆမရှိ မေတ္တာထား တော်မူခဲ့သည်။ သနားသက်ညာတော်မူခဲ့၏။ စကြဝဠာတွင်း၌ လူသားအတွက် လိုအပ်ချက် မှန်သရွေ့အား ရွေးဦးမဆွကတည်းက တင်ကူးစီမံ ဖြည့်တင်းပေးထားခဲ့၏။ လူမမယ် မွေးကင်းစကလေး၌ပင် ကြည့်ရှုရန် မျက်စိ၊ ကြားသိရန် နား၊ အသက်ရှူအနံ့ခံရန် နှာခေါင်း၊ ထိကိုင်ရန် လက်နှင့် လမ်းလျှောက်ရန် ခြေထောက်၊ စဉ်းစားဆင်ခြင်ရန် ဦးနှောက် အသိ ဉာဏ်တို့ ရှိနေသည်ကို တွေ့ရမည်ဖြစ်၏။

လူသားအတွက် မရှိမဖြစ် လိုအပ်သမျှ အရာများ ဖြစ်သည့် စွမ်းအင်များ စွမ်းအားသတ္တိနှင့် အရည်အချင်းများကို ဤမျှသေးနုတ်သော ကလေးငယ်၏ ခန္ဓာကိုယ် ကလေးအတွင်း၌ပင် စနစ်တကျ သေချာကျနစွာ အံ့ဩဖွယ်ကောင်းလောက်အောင် ကင်ကူးစီမံခန့်ခွဲ ဖန်တီးပို့မြှင့်ပေးထား၏။ မိနစ်တိုင်း၊ မိနစ်တိုင်း၊ အချိန်တိုင်း အချိန်တိုင်း၌ လိုအပ်ချက်ဟူသရွေ့ကို ကြိုတင်သိမြင်ပြီး စနစ်တကျ စီမံပေးထား၏။ ဤကားလေငယ်က လေး၏ လိုအပ်ချက်များအနက် တစ်ခုကစ်လေသော်မျှ ထိန်ချန်သောသဘောဖြင့် ချန်လှပ် လျှို့ဝှက်ထားခြင်း မရှိပေ။

ထိုနည်းတူ ဤကလေးငယ် မိုတင်းနေထိုင်စွာ ကမ္ဘာကြီးကိုပါ ဤအတိုင်းလိုလေ သေးမရှိ စီမံခန့်ခွဲပေးထား၏။ ကလေးငယ်၏ ဘဝရှင်သန်ရပ်တည်ရေး အတွက် မရှိမဖြစ် လိုအပ်နေသည့် လေ၊ရေ၊ အလင်းရောင်နှင့် အပူဓာတ် စသည်တို့ကိုလည်း အပြည့်အဝ ပေါလွှဲစွာ အသင့်စီမံပေးထား၏။

မွေးကင်းစကလေးသည်ပင် မျက်စိနှစ်လုံးဖွင့်သည့်နှင့် မိခင်ဖြစ်သူ၏ ရင်ခွင်မှ သူ၏ အစာအာဟာရဖြစ်သော နို့ချိုရည်ကို အဆင်သင့် ရရှိနိုင်၏။ မိဘများ၏ နှလုံးသား အတွင်း၌ ရင်သွေးငယ်အပေါ် ကြင်နာယုယ ချစ်ခင်မြတ်နိုးသော စိတ်ဓာတ်ကို အသင့် ထည့်သွင်းပေးထား၏။ ဤကလေးငယ်ကို ချစ်ခင်ယုယ ပိုက်ထွေးကျွေးမွေးပြုစု စောင့် ရှောက်ခြင်းမပြုဘဲ မနေနိုင်အောင် မိဘမေတ္တာဖြင့် စီမံပေးထား၏။

ဤကလေး၏ ကောင်းကျိုးအတွက်သာဆိုလျှင် မိဘနှစ်ပါးမှာ မိမိတို့ ပိုင်ဆိုင်သမျှ ကို စွန့်လွှတ်ရန်ပင် ဝန်မလေးကြပေ။ အမြဲအသင့်အနေအထား၌ ရှိနေကြ၏။ မိဘဖြစ်သူ များ၏ ကျွေးမွေးပြုစု ယုယမှုအောက်မှ ကလေးငယ်သည် တဖြည်းဖြည်း ကြီးထွားလာခဲ့၏။

ဤသို့ ကြီးထွားရှင်သန်လေရာ အဆင့်တိုင်း အဆင့်တိုင်း၌ သူအတွက် လိုအပ် ချက်ဟူသရွေ့ကို သဘာဝမှ လွယ်လင့်တကူ ရရှိနိုင်၏။ ဘဝ၌ ကြီးထွားရှင်သန် ရပ်တည် နိုင်မှုအတွက် လိုအပ်သည့် ရုပ်ပိုင်းဆိုင်ရာ အခြေအနေအရပ်ရပ်ကိုလည်း သူအတွက် တင်ကူးစီမံ ပေးထားပြီးဖြစ်၏။

ကုန်ကုန်ပြောရလျှင် စကြဝဠာကြီးတစ်ခုလုံးသည်ပင် လူသား၏ ကောင်းကျိုး အတွက် တည်ရှိနေခြင်း ဖြစ်ကြောင်းနှင့် လူသား၏ ဘဝတာဝှန် လိုအပ်သမျှကို ထောင့်တိုင်း ထောင့်တိုင်း ကဏ္ဍာတိုင်း ကဏ္ဍာတိုင်း၌ ဖြည့်စွက်ထမ်းဆောင်ပေးနေရကြောင်း တွေ့နေရပေသည်။

ဤမျှသာမက လူသားအား မိမိတာဝ ရုန်းကန်မှုအတွက် လိုအပ်သမျှ အရာများ ဖြစ်သော အစွမ်းသတ္တိ အရည်အချင်း စိတ်ပိုင်းဆိုင်ရာ ရုပ်ပိုင်းဆိုင်ရာနှင့် ကိုယ်ကျင့်တရား စသည့်အရည်အသွေး အမျိုးမျိုးကို ပေးကမ်းချီးမြှင့်ထား၏။ ဤနေရာ၌ အလွှာဟ်အရှင်မြတ်က အံ့မခန်းဖွယ်ရာ စီစဉ်မှုတစ်ရပ်ကို ပြုထား၏။

အလွှာဟ်အရှင်သည် လူသားအားလုံးအား ဤချီးမြှင့်မှုများကို တန်းတူညီတူ အညီအမျှ ပေးခဲ့ခြင်းကား မဟုတ်ပေ။ ဤလူသားအားလုံးကို တန်းတူညီတူသာ ပေးခဲ့မည်ဆိုလျှင် လူသားအချင်းချင်း တစ်ဦးနှင့်တစ်ဦး အမှီသဟဲပြုနေမှု ဂရုပြုမှုနှင့် ပူးပေါင်းဆောင်ရွက်မှုတို့မှာ အကျိုးယုတ်ပျက်စီး ချုပ်ငြိမ်းနေမည်ဖြစ်၏။

ဤသို့သောနည်းဖြင့် လူသားထုတစ်ရပ်လုံး၌ ဤလိုအပ်ချက်အားလုံးကို ကိုယ်စီကိုယ်ငှ ပိုင်ဆိုင်ထား ကြသော်ငြားလည်း လူသားတို့အကြား၌ စွမ်းရည်အရည်အသွေးများ တစ်ဦးနှင့်တစ်ဦး တူညီမှုမရှိဘဲ အရည်အသွေး အချို့၌ ထက်မြက်ပြီး၊ အချို့၌နည်းပါးစွာ ပေးကမ်းထားရခြင်း ဖြစ်၏။ လူသားများအနက် အချို့က ကာယစွမ်းအင် ထက်မြက်ကြွံခိုင်မှုရှိပြီး ရဲစွမ်းသတ္တိနှင့် ပြည့်စုံ၏။

အချို့က အသိဉာဏ်အရာ၌ အခြားသူများထက် ပိုမိုထွန်းပြောင်၏။

အချို့က မွေးကတည်းက အနုပညာ ဝိဇ္ဇာလာပြီး အထူးကျွမ်းကျင်မှု ရှိနေကြ၏။ ကဗျာလင်္ကာနှင့် အတွေးအခေါ်ပိုင်း၌ ထက်မျက်ရင့်ကျက်မှု အပြည့်ရှိကြ၏။

အချို့က စကားအရာ၌ သူမတူအောင် လိမ္မာပါးနပ် အာဝဇ္ဇာန်းရွှင်ကြ၏။

အချို့က အတိုက်အခိုက် စစ်မက်ရေးရာ၌ လိမ္မာထူးချွန်ကြ၏။

အချို့က စီးပွားရေး ကိစ္စများ၌ သူမတူအောင် တော်ကြ၏။

အချို့ကမူ သခ်ၤာပညာရပ်၌ ဉာဏ်စွမ်း အလွန်ထက်ကြ၏။ လူသားများအကြား၌ ဤသို့ အချို့က သိပ္ပံပညာ စူးစမ်းတီထွင် လေ့လာမှုဘက်၌လည်းကောင်း၊ အချို့က စာပေလေ့လာမှုဘက်၌လည်းကောင်း၊ အချို့က အတွေးအခေါ်ပိုင်း၌လည်းကောင်း၊ အချို့က အသိဉာဏ်ပိုင်းရေးရာ၌လည်းကောင်း၊ ရင့်ကျက်မှုပိုင်း၌လည်းကောင်း အသီးသီး အသက အသက ထူးချွန်မှုအမျိုးမျိုး ကိုယ်စီကိုယ်ငှ ရှိနေကြ၏။

ဤသို့ သီးခြားစီရှိနေကြသည့် ကျွမ်းကျင်မှု အရည်အသွေးများကပင် လူသားတို့အကြား၌ တစ်ဦးနှင့်တစ်ဦး ကွဲပြားမှုကို ဖြစ်ပေါ်စေပြီး ယင်းအရည်အသွေးကြောင့် လူသာမန်တို့ရှောင်လွှဲသွားမည့် ရှုပ်ထွေးပွေလီသော ကိစ္စရပ်များကို ကောင်းစွာခြုံငုံသိရှိ ဖြေရှင်းနိုင်စွမ်း ရှိစေ၏။ ဤထိုးထွင်းဉာဏ်ရှိမှု ကျွမ်းကျင်လိမ္မာမှုနှင့် ပင်ကိုယ်ဉာဏ်စွမ်းရည်များကား အလွှာဟ်အရှင်၏ ချီးမြှင့်မှုများပင် ဖြစ်၏။

ဤအရည်အသွေးများအား အလွှာဟ်အရှင်သည် မိမိတင်ကူး ကြွရွယ်ထား တော်မူသည့်အတိုင်း လူသားတို့ကို ကိုယ်စီကိုယ်ငှ ပေးကမ်းထားခြင်းဖြင့် လူသားထုအချင်း

ချင်းအကြားဌ ကွဲလွဲမှုများကို ဖြစ်ပေါ်စေခဲ့၏။ ဤသို့သော လူသားများကား မွေးရာပါ ထူးချွန်လာသူများဖြစ်ရာ ယင်းကဲ့သို့ ထူးချွန်ရန်မှာ ကျောင်းတွင် ပညာသင်ကြားခြင်းဖြင့် သော်လည်းကောင်း၊ အလေ့အကျင့် ပြုခြင်းဖြင့်သော်လည်းကောင်း မရရှိနိုင်ချေ။

ဤကဲ့သို့ အလွှာဟ်အရှင်မြတ်၏ ချီးမြှင့်ထားပုံအတွက် စီစဉ်ထားပုံကို အသေအချာ ဆန်းစစ်ကြည့်မည်ဆိုပါက ဤစွမ်းရည်များကို လူသားများအကြားဌ ခွဲဝေပေးကမ်းထားရာဌ ဆန်းကျယ်သော နည်းလမ်းတစ်ရပ်ဖြင့် ပေးထားခြင်းဖြစ်ကြောင်းကို တွေ့ရမည်ဖြစ်၏။

လူယဉ်ကျေးမှု တည်တန့်ရန် အထောက်အပံ့ ဖြစ်ရုံသာမက၊ လူဘဝဌ အဓိကလိုအပ်နေသော ဤစွမ်းရည်များမှာ လူသားတိုင်းဌ ကိုယ်စီကိုယ်ငှ အတန်အသင့်စီ ရှိနေကြသော်လည်း၊ လူသားအနည်းငယ်လောက်သည်သာ ဤစွမ်းအင် အရည်အသွေးများဌ ပါရဂူမြောက် ထူးချွန်ကျွမ်းကျင်မှု ရှိနေကြ၏။

ဤသို့ ပါရဂူမြောက် ထူးချွန်သူ ပါရမီရှင်အဖြစ်ကိုမူ လိုသလောက် အတိုင်းအတာအထိသာ ကန့်သတ်ချီးမြှင့်ထားသည်ကို တွေ့ရ၏။

စစ်သားများ၊ လယ်သမားများ၊ လက်မှုပညာသည်များနှင့် အလုပ်သမားများမှာ အရည်အတွက် မြောက်များစွာ ရှိနိုင်သော်လည်း စစ်ဗိုလ်ကြီးများ၊ သုတေသီများ၊ နိုင်ငံရေး ပါရဂူကြီးများနှင့် အသိပညာရှင် အမျိုးအစားမှာမူ အရည်အတွက် အနည်းငယ်လောက် သာရှိနေ၏။

ထိုနည်းတူ လုပ်ငန်းဆိုင်ရာများ၊ ယဉ်ကျေးမှုဆိုင်ရာ လက်မှုပညာနှင့် ပန်းချီအနုပညာပိုင်းဆိုင်ရာတို့ဌလည်း ပါရဂူမြောက် ထူးချွန်သူရှားပါး၏။

စွမ်းအင်အရည်အသွေးက ထက်မြက် တောက်ပြောင်လာလေလေ ဉာဏ်စွမ်းဉာဏ်စ ကြီးမားတိုးတက်လာလေလေ ထိုအရည်အချင်းမျိုး ပိုင်ဆိုင်သူတို့၏ အရည်အတွက်မှာ နည်းပါးလာလေလေဖြစ်သည်မှာ ယေဘူယျ နိယာမတစ်ရပ်ပင် ဖြစ်နေ၏။

တဲကဲ့ဉာဏ်ကြီးရှင်များနှင့် ပါရမီထူးကဲသူများမှာ လူသိုင်းတလျှောက်တွင် မပျောက်မပျက် စွဲထင်ကျန်ရစ်ခဲ့ရလောက်အောင် သူတို့၏ ကြိုးပမ်းချက်များနှင့် လုပ်ဆောင်ချက်များမှာ လူသားထုအတွက် ကာလအတန်ကြာမျှ မပျောက်မပျက် တည်ရှိနေတတ်၏။

ထိုအရည်အသွေးမျိုး ပိုင်ရှင်ကား အနည်းငယ်သာ ရှိပြီး အစဉ်သဖြင့် ထိုပါရမီရှင်မျိုးအား မတွေ့နိုင်ပေ။ အရည်အတွက်အား‌ဖြင့်လည်း အလွန်တရာမျှ နည်းပါးလှ၏။

ဤသို့ တစ်ခေတ်တစ်ယောက် ထွန်းပေါက်သူတို့၏ အရည်အတွက်မှာ ယခုကာလအထိ အနည်းငယ်သာ ရှိနေသေး၏။

ဤနေရာဌ ပြဿနာတစ်ရပ်နှင့် ရင်ဆိုင်လာရပြီးဖြစ်၏။ ဤပြဿနာမှာ လူ့ယဉ်ကျေးမှု အဆောက်အအုံကြီးကို ပိုမိုထွန်းတက် ထွန်းကားလာရေးအတွက် အခြေခံလိုအပ်ချက်များမှာ ဥပဒေပညာ နိုင်ငံရေးပညာ သိပ္ပံပညာ အင်ဂျင်နီယာ စက်ယန္တရားအတတ်ပညာ ဌေရေးကြေးရေးဆိုင်ရာ စီးပွားရေးပညာရှင်များနှင့် အလားတူ ပညာရပ်အသီးသီးတွင် ကျွမ်းကျင်ပါရဂူ မြောက်သူများသာ လိုအပ်သလော။ သို့တည်းမဟုတ် ဖြောင့်မတ်မှန်ကန်

သော လမ်းစဉ်ဖြစ်သည့် အလ္လာဟ်အရှင်ထံ၌ ချဉ်းကပ်နိုင်သော လမ်းစဉ်နှင့် ကယ်တင်လွတ်မြောက်ခြင်း လမ်းစဉ်တို့ကို ပြသပေးမည့်သူများလည်း လိုအပ်ပါသလော ဟူသည့် အချက်နှစ်ရပ်ပင် ဖြစ်၏။

သိပ္ပံဝိဇ္ဇာပညာရပ်များ၌ ပါရဂူမြောက် ကျွမ်းကျင်သူများက ဤပညာရပ်များ၏ အသုံးဝင်ပုံ အကျိုးတရားများဖြင့် ကမ္ဘာ့တန်ဆာပလာအားလုံးမှာ လူသားတို့အတွက်သာ ဖြစ်ကြောင်းကို အခိုင်အမာ ဖော်ကျူးပြသခြင်းအားဖြင့် အကျိုးပြုပေးနေကြ၏။

သို့သော် ဤနေရာ၌ လူဖန်ဆင်းခြင်း၏ ရည်ရွယ်ချက်နှင့် ဘဝ၏ အဓိပ္ပါယ် အစစ်အမှန်ကို ပြသလမ်းညွှန်ပေးမှုသည်လည်း အမှန်ပင် လိုအပ်နေ၏။

လူးဘားဟူသည့် မည်သည်ဖြစ်ပြီး အဘယ်အကြောင်းကြောင့် လူသားအား ဖန်ဆင်းခဲ့ရသနည်း။

လူသားအတွက် လိုအပ်သမျှ စွမ်းအင်အရည်အချင်းများနှင့် အသိဉာဏ်များကို မည်သူက ပေးကမ်းခဲ့သနည်း။

အဘယ်အကြောင်းကြောင့် ပေးကမ်းခဲ့ရခြင်းနည်း။

ဘဝ၏ လျော်ကန်သော အဆုံးသတ်ကား အဘယ်နည်း။

ဤအဖြစ်ကို မည်သို့ကြိုးပမ်းရယူနိုင်သနည်း။

ဘဝ၏ စစ်မှန်သော အနှစ်သာရကား အဘယ်နည်း။

ဤအနှစ်သာရများကို မည်သို့မည်ပုံ ရယူနိုင်သနည်း။

ဤအချက်များကား လူသားအတွက် အကြီးမားဆုံး လိုအပ်ချက်ပင် ဖြစ်၏။ ဤအချက်များကို မသိရှိခဲ့လျှင် လူသားအနေဖြင့် လူ့ယဉ်ကျေးမှု အဆောက်အအုံကြီးကို အုတ်မြစ်ခိုင်ခိုင်ဖြင့် ဆောက်တည်နိုင်မည် မဟုတ်သလို၊ ဤဘဝနှင့် နောင်ဘဝ နှစ်ခွာနလုံး၌ အောင်မြင်မှုနှင့် လွှဲရမည်ဖြစ်၏။

လူသားအတွက် အသေးနုတ်ဆုံးသော အရာမှအစ၊ အရာရာကို လိုလေသေးမရှိ ဖန်ဆင်းပေးခဲ့သော အလ္လာဟ်အရှင်အနေဖြင့် ဤကဲ့သို့ အကြီးမားဆုံး အမြင့်အားဆုံးနှင့် အလိုအပ်ဆုံးသော အချက်ကြီးကိုမူ၊ မယ်ကျိုးကွဲပြဲ လစ်လျူရှုထားမည်ဆိုပါက ကျွန်ုပ်တို့ အသိဉာဏ်ဖြင့် ယုံကြည်ရန် ခဲယဉ်းနေပေသည်။

ဤအချက်ကား လုံးဝမဖြစ်နိုင်ပေ။ ဤအတွက်ကြောင့်သာ လူသားတို့အကြား၌ သိပ္ပံဝိဇ္ဇာပညာရပ်များ၌ ကျွမ်းကျင်မှု ရှိကြပုံကို တစ်ဦးနှင့်တစ်ဦး တူညီမှုမရှိဘဲ ကွဲပြားခြားနားမှု ရှိနေစေရန် ဖန်ဆင်းပေးထားရခြင်းဖြစ်သည် မဟုတ်လော။

အလ္လာဟ်အရှင်သည် လူသားထုအတွင်းမှ နက်နဲသော အမြင်၊ သန့်စင်သော ထိုးထွင်းဉာဏ်နှင့် မြင့်မားသောစွမ်းအင် အရည်အသွေးရှိပြီး အလ္လာဟ်အရှင်အား သိမြင်နားလည်သည့် လူသားများအား ပေါ်ထွန်းစေခဲ့၏။ ထိုကဲ့သို့ လူသားများကို အလ္လာဟ်အရှင်ကိုယ်တော်တိုင်က ကောင်းကင်ကျ ကျမ်းဂန်များ မေတ္တာတရား၊ သစ္စာတရား၊ ကိုယ်ချင်းစာတရားနှင့် ဖြောင့်မတ်မှန်ကန်သော လမ်းစဉ်မြတ်အား လမ်းညွှန်ပြသ ပို့ချပေးခဲ့၏။

ထိုလူသားများအား ဘဝ၏ အဆုံးသတ်နှင့် ကိုယ်ကျင့်တရား ကောင်းမွန်မြင့်မြတ်မှု၏ တန်ဖိုးကြီးမားပုံနှင့် အနှစ်သာရအမှန်တို့ကို ပေးအပ်ခဲ့၏။

ထို့အပြင် ယင်းပုဂ္ဂိုလ်တို့ကို လူသားများအား ကောင်းကင်ကျ လမ်းညွှန်ဗျာဒိတ်တော်များကို ပို့ချပေးရန်နှင့် ဖြောင့်မတ်မှန်ကန်သော လမ်းစဉ်အား ဟောကြားပြသရန် အတွက် တာဝန်လွှဲအပ်ပေးထား၏။ ဤလူသားများကား တမန်တော်များ (PROPHETS) ပင်ဖြစ်၏။

တမန်တော်များသည် လူ့အသိုင်းအဝိုင်းတွင် ယင်းတို့၏ ထူးခြားသော ပင်ကိုယ်ကျွမ်းကျင် လိမ္မာရေးခြားရှိမှု၊ ပင်ကိုယ်စိတ်နေသဘောထား နူညံ့သိမ်မွေ့မှု၊ ဘုရားတရားကြည်ညိုလေးမြတ်မှုနှင့် ဘဝတွင် အဓိပ္ပါယ်ရှိရှိ နေထိုင်သွားနိုင်မှုတို့ကြောင့် ထူးထူးခြားခြား ထင်ပေါ်သူများ ဖြစ်လာကြ၏။

အနည်းနှင့် အများဆိုသလို ဝိဇ္ဇာသိပ္ပံပညာရပ်များ၌လည်း သူတို့တွင် ထူးခြားသော အစွမ်းသတ္တိ အရည်အချင်းများနှင့် သဘာဝပင်ကိုယ် ကျွမ်းကျင်မှုများ ရှိနေကြပေသည်။ လူသားတို့အကြားတွင် ယင်းသို့ ဗီဇဉာဏ်ပါရမီ ထက်မြက်ထူးချွန်မှုတို့ကြောင့် မိမိတို့၏ ကိုယ်ပိုင်အရည်အသွေးများကို အလိုအလျောက် ကြေညာပြီးသား ဖြစ်လာရ၏။ ယင်းအရည်အသွေးကြောင့် အခြားသူတို့ကို သူတို့အပေါ်၌ အသိအမှတ်ပြုလာနိုင်အောင် စွဲဆောင်မှုက အပြည့်ရှိနေကြ၏။

ဥပမာ တစ်ရပ်အနေနှင့် ပြောရလျှင် အဓိဝမ်းတွင်းမှာကတည်းက ကဗျာလင်္ကာအတတ်ကို တတ်ကျွမ်းလာသည်ဟု တင်စားပြောဆိုရအောင် ထူးချွန်လှသည့် ကဗျာလင်္ကာအကျော်အမော်တစ်ဦး၏ ကဗျာတစ်ပုဒ်ကို နားသောတဆင့်ရလျှင် ယင်းကဗျာလင်္ကာ၏ အနှစ်သာရ ပြည့်ဝမှုနှင့် နက်နဲသော အတွေးအခေါ်ရှိမှုကြောင့် ယင်းကဗျာရှင်၏ ထူးခြားထက်မြက်သော ဉာဏ်စွမ်းရည်ကို လတ်တလောမှာပင် ခန့်မှန်းသိရှိနိုင်မည် ဖြစ်၏။

အခြားကဗျာရှင်များအနေဖြင့် မည်မျှပင် ကြိုးစားစပ်ဆို လင့်စကား ယင်းသို့ဝမ်းတွင်းပါ ကဗျာဉာဏ်ထူးချွန်သူ၏ ကဗျာကဲ့သို့ ပြောင်မြောက်နက်နဲသော ကဗျာမျိုးကို စပ်ဆိုနိုင်ကြမည် မဟုတ်ပေ။ ထို့နည်းတူ ဝမ်းတွင်းပါ စကားပြောကောင်းသူ၊ မွေးရာပါ အရေးအသား ပြောင်မြောက်သည့် စာရေးဆရာ၊ မွေးရာပါ ခေါင်းဆောင်မှုပေးရာ၌ ထက်မြက်ကျွမ်းကျင်သည့် ခေါင်းဆောင်နှင့် ပင်ကိုယ်ဗီဇ တီထွင်ဉာဏ်ရှိသူတို့မှာလည်း အလားတူ ပါရမီထူးကဲသူများ ဖြစ်ကြ၏။

ဤသို့သော ထူးကဲကျွမ်းကျင်မှုနှင့် ဉာဏ်စွမ်းရည်ထက်မြက်မှုကြောင့် ငှင်းတို့အား အခြားသူများနှင့် ကောင်းစွာခွဲခြားသိရှိနိုင်ပေသည်။ အခြားသူများအနေဖြင့် ယင်းတို့ကဲ့သို့ ပါရမီထူးချွန်သူများအား မည်သို့မျှ ယှဉ်နိုင်စွမ်းမရှိချေ။ တမန်တော်တစ်ပါး အနေဖြင့်လည်း အလားတူပင် ဖြစ်၏။ သူ၏ စိတ်သန္တာန်၌ ထင်ဟပ်လာသည့် ပြောဆိုချက်များနှင့် အကြောင်းအရာများကို အခြားသာမန်လူများအနေဖြင့် မည်သို့မျှ တွေးတောသိရှိနိုင်မည် မဟုတ်ချေ။

တမန်တော်များထံမှ ကြားသိရသည့် နက်နဲသည့် စကားရပ်များကို အခြားသူများအနေဖြင့် လုံးဝ ထုတ်ဖော်ပြောဆိုနိုင်ခြင်း မရှိပေ။ ပြဿနာရပ်တိုင်း၌ ခြုံငုံသိမြင်နိုင်စွမ်း

နှင့် ကြိုတင်ပိုင်းခြားနိုင်စွမ်းမှာ တမန်တော်များထံသို့သာ ရှိပြီး အခြားသူများတွင် မတွေ့ရပေ။ တမန်တော်များသည် လျှို့ဝှက်နက်နဲသော အကြောင်းရပ်များနှင့် ရှုပ်ထွေးပွေလီသော ပြဿနာရပ်များကိုပင် ထိုးဖောက်မြင်နိုင်စွမ်းရှိ၏။

ထိုပြဿနာ၏ အဖြေကို အခြားသူများအနေဖြင့် နှစ်ရှည်လများ စဉ်းစားလျှင်ပင် ရရှိနိုင်မည် မဟုတ်ပေ။ တမန်တော်တစ်ပါး ပြောသမျှ စကားရပ်တိုင်းကို လူသား၏ ဆင်ခြင်တုံတရားက အပြဲလက်ခံရသည်သာ ဖြစ်၏။ ယင်း၏ မှန်ကန်မှုကို နှလုံးသားက အစ အသိအမှတ်ပြု လက်ခံရသည်ချည်းဖြစ်၏။ လောကီရေးရာ ကိစ္စရပ်များနှင့် လူမှုပြဿနာအရပ်ရပ်နှင့် ပတ်သက်ပြီး တမန်တော်၏ ရှုမြင်သုံးသပ်တင်ပြချက်ဟူသမျှမှာ အမှန်တရား၌ တည်နေကြောင်းကို တွေ့ရ၏။ သူ၏နှုတ်လှာမှ ပေါ်ထွက်လာသည့် စကားရပ်တိုင်းသည့် အမှန်တရားချည်းသာ ဖြစ်ကြောင်းကို အထင်အရှား သက်သေထူလျက် ရှိနေ၏။

ကျွန်ုပ်တို့အနေဖြင့် မည်မျှကြိုးပမ်းပြီး၊ မည်မျှပင် စွမ်းဆောင်အားထုတ်မှုပြုသော်ငြားလည်း၊ ထိုတမန်တော်၏ စွမ်းဆောင်ပုံနှင့် တူညီသော လုပ်ရပ်တစ်ခုခုကို လုပ်ပြနိုင်စွမ်း ရှိမည်မဟုတ်ပေ။ မည်သို့သောနည်းဖြင့် မနားမနေ ကြိုးပမ်းစေကာမူ အရာမထင် အရှုံးနှင့်သာ ရင်ဆိုင်ရမည်ဖြစ်၏။

တမန်တော်များ၏ သဘာဝနှင့် ပကတိသဘောမှာ အလွန်ကောင်းမွန် သန့်စင်၏။ ကိစ္စရပ်တိုင်း၌ တမန်တော်များ၏ ကျင့်ကြံပြုမူသွားပုံမှာ မှန်ကန်မှု သစ္စာတရားနှင့် ပြည့်ဝမှု ဖြောင့်မတ်ဟုတ်ကြည်မှုနှင့် မြင့်မြတ်မှုအထိဖြင့်သာ ပြည့်ဝနေသည်ကို တွေ့ရ၏။ တမန်တော်များသည့် မည်သည့်အခါမျှ မကောင်းသော စကားကို ပြောဆိုခြင်း မရှိကြပေ။ မကောင်းမှုဒုစရိုက်၌ ပျော်ပါးကျူးလွန်ခြင်းလည်း မတွေ့ရပေ။ ရမ္မက်အာရုံနောက်သို့ တကောက်ကောက်လိုက်နေခြင်းသည် မရှိကြပေ။

တမန်တော်များသည် အစဉ်သဖြင့် ကောင်းသော ကိစ္စရပ်များကိုသာ ပြုလုပ်ကြရန်နှင့် မှန်ကန်သော စကားကို ပြောဆိုရန်သာ လမ်းညွှန်တိုက်တွန်း ပြောဆိုလေ့ရှိ၏။ အခြားသူများကို မိမိညွှန်ကြားပြောဆိုခဲ့သည့်အတိုင်း မိမိကိုယ်၌ကလည်း လက်တွေ့ကျင့်သုံး နေထိုင်ပြသသွားသူ ဖြစ်၏။ သူ၏ လုပ်ငန်းဆောင်တာများနှင့် အပြောအဆိုများ၌ သူပြောသည်နှင့် အညီလုပ်ဆောင်ခြင်းမရှိသည့် အချက်အလက် တစ်စုံတစ်ရာကိုသော်မျှ မတွေ့ရချေ။

သူတို့၏ အပြုအမူနှင့် စကားရပ်တိုင်းတွင် ကိုယ်ကျိုးဘက် အတွေးဆန်သော အချက်ကိုလည်း လုံးဝမတွေ့ရပေ။

တမန်တော်များသည် သူတစ်ပါးကောင်းကျိုးအတွက် မိမိတို့ကသာ အနှစ်နာခံကြသည်ဖြစ်၏။ မိမိကောင်းစားရေးအတွက် တစ်ပါးသူအား ဘေးဒုက္ခ အန္တရာယ်အတွင်း ဆွဲချခြင်း မည်သည့်အခါမျှ မပြုလုပ်ခဲ့ကြပေ။ တမန်တော်တို့၏ ဘဝတစ်လျှောက်လုံး၌ မှန်ကန်မှုရှိခြင်း၊ သစ္စာတရားကြီးမားခြင်း၊ ကိုယ်ကျင့်တရား ကောင်းမွန်မြင့်မြတ်ခြင်း၊ ဖြောင့်မတ်မှန်ကန်မှု အပြည့်ရှိခြင်း၊ တွေးခေါ်မြော်မြင်မှုအရာ၌ ရင့်ကျက်မှုအပြည့်ရှိခြင်းနှင့်

အနေအထိုင် သပ်ရပ်သန့်စင်ခြင်းနှင့် လူသားတစ်ဦး အနေဖြင့် ဂုဏ်ယူမဆုံး ဖြစ်စေနိုင်သည့် စံနမူနာများစွာနှင့် ပြည့်ဝနေကြောင်းကို တွေ့ရှိရပေသည်။

သူတို့၏ စာရိတ္တပိုင်းနှင့် ကိုယ်ကျင့်သိက္ခာပိုင်းဆိုင်ရာ၌ အမည်းစက်ထင်စရာ အပြစ်အနာအဆာ တစ်စက်တလေမျှ မတွေ့ရပေ။ မည်မျှပင် စေ့စပ်သေချာစွာ စစ်ဆေးကြည့်ပါသော်လည်း၊ ယင်းတို့၏ဘဝ၌ အစွန်းအထင်း တစ်စုံတစ်ရာမျှ တွေ့ရမည်မဟုတ်ပေ။ ဤအချက်အလက်များနှင့် ဂုဏ်အရည်အသွေးများကြောင့် သူတို့သည် အစိန္တေယျအရှင်၏ တမန်တော်များ အမှန်ဖြစ်ကြောင်း ထင်ရှားနေပြီဖြစ်ရာ ယင်းတို့အပေါ်၌ ယုံကြည်မှု အပြည့်အဝထားရှိရန် အထူးလိုအပ်နေသည်။

ထိုသို့သော သူမျိုးများမှာ အလ္လာဟ်ရှင်၏ တမန်တော်သာ ဖြစ်နိုင်ကြောင်းကို အသေအချာ ဆန်းစစ်သုံးသပ် ပိုင်းခြား သိမြင်လာပြီဆိုပါက ဤအမှန်တရား၏ သဘာဝတိုက်တွန်းချက်အရ ထိုတမန်တော်၏ စကားရပ်တိုင်းကို လက်ခံရန် သူညွှန်ကြားသည့် အတိုင်း လိုက်နာသွားရန်နှင့် သူ၏ အမိန့်ကိုပါ ဦးထိပ်ပန်ဆင်မဟုတ်ရှိရန် လိုအပ်လာပြီ ဖြစ်၏။

လူသားတစ်ဦးအနေဖြင့် ယင်းပုဂ္ဂိုလ်တစ်ဦးဦးအား အလ္လာဟ်ရှင်၏ တမန်တော် အစစ်အမှန် တစ်ပါးအဖြစ် လက်ခံမှုပြုရာ၌ ထိုတမန်တော်၏ ပြောဆိုမိန့်ကြားချက်များကို မယုံကြည်ဘဲနှင့် သူ၏ ညွှန်ကြားမှုမှန်သမျှအား လိုက်နာခြင်းမရှိဘဲနှင့် တမန်တော်အဖြစ် လက်ခံရန် ခိုင်လုံသောအကြောင်းရပ် လုံးဝမရှိပေ။ ယင်းပုဂ္ဂိုလ်အား အလ္လာဟ်ရှင်၏ တမန်တော်တစ်ပါးအဖြစ် လိုလိုလားလား လက်ခံခဲ့ခြင်းကပင်၊ ယင်းတမန်တော်၏ ပြောဆိုမိန့်မှာချက်ဟူသရွေ့သည် ထိုအရှင်ထံမှဖြစ်ကြောင်း၊ ယင်းတမန်တော်ပြုလုပ်သမျှ ကိစ္စရပ်တိုင်းသည်လည်း ထာဝရအရှင်၏ အလိုတော်အတိုင်း ပြုလုပ်ခြင်းသာဖြစ်ကြောင်းကို အသင့်အနေဖြင့် အသိအမှတ်ပြုထားရှိပင် ဖြစ်၏။

တမန်တော်၏ အမိန့်အား ဖီဆန်ခြင်းသည် အလ္လာဟ်ရှင်၏ အမိန့်အားဖီဆန်ရာရောက်၏။ ထိုအရှင်၏အမိန့်ကို မနာခံခြင်းသည် ပျက်စီးမှုလမ်းကြောင်းနှင့် ဆုံးရှုံးမှုလမ်းစဉ်ပေါ်ဝယ် ရောက်သွားဦးဖြစ်၏။

ထို့ကြောင့် တမန်တော်တစ်ပါးအား ယုံကြည်လက်ခံသည်နှင့် တစ်ပြိုင်နက်တည်း သူ၏ အဆိုအမိန့်ကိုပါ နာခံသွားရန် အထူးလိုအပ်၏။ ယင်းအဆိုအမိန့်များမှာ မည်သို့ပင် ဖြစ်စေကာမူ ငြင်းပယ်ခြင်း လုံးဝမပြုဘဲ အပြည့်အဝ လိုက်နာသွားရမည်သာ ဖြစ်၏။ ဤအမိန့်ပညတ်ချက်များနှင့် ယင်းတို့၏ အကျိုးတရားကို အသင့်အနေဖြင့် နားလည်သည်ဖြစ်စေ၊ နားလည်ခြင်းမရှိသည်ဖြစ်စေ ဦးလည်မသုံ နာခံကျင့်သုံးသွားရမည်သာ ဖြစ်၏။

တမန်းတော်တစ်ပါး၏ နှုတ်မှ ထွက်ပေါ်လာသော စကားရပ်တိုင်းသည် မှန်ကန်မှုအတိုင်း ပြီးကြောင်းကို ရဲရဲတုံ့ အာမခံနိုင်စွမ်း ရှိနေရမည် ဖြစ်၏။ ထို့ကြောင့် ယင်းစကားရပ်များ၌ အပြစ်အနာအဆာ လုံးဝမရှိသလို လိုအပ်ချက်ရှိနေသော အရိပ်လက္ခဏာ တစ်စုံတစ်ရာမျှလည်း မရှိပေ။ အကယ်၍ အသင့်အနေဖြင့် ယင်းညွှန်ကြားချက်အပေါ် သဘောပေါက်နားလည်ခြင်းမရှိပါက မိမိ၏ ဉာဏ်ရည်မဝီရှူကြောင့် နားလည်မှုမရခြင်းသာဖြစ်ကြောင်းခံယူပြီး မိမိဘက်မှ ချို့ယွင်းချက်သာဖြစ်ကြောင်းကို သိထားရမည် ဖြစ်၏။

အကြောင်းမူကား လူတစ်ဦး၏ ခံယူမှုနှင့် တွေးခေါ်မြော်မြင်မှုဌ အပြစ်အနာ မကင်းနိုင်ချပင် ဖြစ်၏။ လူသား၏ အသိဉာဏ်ရေးရာဌ ကိုယ်ပိုင်အကန့်အသတ် အတိုင်း အတာရှိပေရာ တစ်စုံတစ်ဦးအနေဖြင့် အကြောင်းရပ်တိုင်းကို ပညာရပ်အားလုံးကို အလုံးစုံ သိနိုင်စွမ်း မရှိပေ။ တစ်စုံတစ်ဦးအနေဖြင့် ပညာရပ်တစ်ခုကို ပြည့်ပြည့်ဝဝ အကုန်အစင် နားလည်ခြင်းမရှိရုံဖြင့် မိမိထက်နားလည် တတ်ကျွမ်းသူ၏ ပြောဆိုချက်များကို ပြစ်ပယ်ခဲ့ လျှင် ထိုသူသည် အရူးသဖွယ် ဖြစ်သွားမည်မှာ ထင်ရှားလှ၏။

ပါရဂူမြောက်ကျွမ်းကျင်သူ တစ်ဦးသည်ပင်လျှင် ကိစ္စရပ်တိုင်းဌ မိမိကိုယ်တိုင် အပြည့်အဝ နားလည်နိုင်စွမ်းမရှိပေ။ ထိုသို့ ကျွမ်းကျင်သူတစ်ဦးသည်ပင်လျှင် မှန်ကန်လျော် ကန်သင့်မြတ်သော အကြံဉာဏ် အမြဲလိုအပ်နေ၏။ ယင်းသို့ အကြံပြုမှုကို အထူးအားထား နေရလေ့ရှိ၏။ ယင်းအကြံဉာဏ်အပေါ် လုံးဝအမှီသဟဲပြုနေရ၏။ တစ်စုံတစ်ဦးအနေဖြင့် မိမိထက် ကျွမ်းကျင်သူ၏ လုပ်ဆောင်ချက်ဌ ဝင်ရောက်စွက်ဖက်ခြင်း စောဒကတက်ခြင်းနှင့် ဝေဖန်မှုပြုခြင်းမှာ လုံးဝလမ်းမကျပေ။ ယင်းကျွမ်းကျင်သူ၏ ပြောဆိုလမ်းညွှန်ချက်အတိုင်း သာ အေးအေးဆေးဆေး လိုက်နာသွားရန် လိုအပ်၏။

သာမန်အားဖြင့် လူတစ်ဦးအနေဖြင့် လောကီကိစ္စရပ်များနှင့် အသိပညာရပ်တိုင်း ဌ ကျွမ်းကျင်လိမ္မာမှု ရှိကြသည် မဟုတ်ပေ။ လူတိုင်းလူတိုင်း မိမိနားလည်နိုင်သလောက် ဉာဏ်ရည်မှီသလောက်သာ လုပ်ကိုင်သွားရန် လိုအပ်၏။

ဤသို့ လုပ်ဆောင်သွားရာဌ မိမိနားမလည်သည်ကို စိုးရိမ်ကြောင့်ကျနေစရာ မလိုပေ။ မိမိဉာဏ်စွမ်းဉာဏ်စနှင့် လိမ္မာပါးနပ်မှုကို အသုံးပြုပြီး မိမိအား တော်သင့်မှန် ကန်ရာကို နည်းပေးလမ်းပြပေးနိုင်မည့် သူထံချဉ်းကပ်၍ မိမိအား လမ်းညွှန်ကူညီမှု ပြု ပေးရန် တောင်းဆိုရမည်ဖြစ်၏။

ဤသို့ ချဉ်းကပ်ပြီးနောက်ဝယ် ထိုသူက ညွှန်ပြပြောဆို အကြံပြုချက်အတိုင်း လိုက်နာရမည်ဖြစ်၏။ အသင်၏ ရည်ရွယ်ချက်ကို အပြည့်အဝ အကောင်အထည်ဖော်ပေး နိုင်မည့်သူကို တွေ့ပြီဆိုပါက၊ သူ၏ လမ်းညွှန်မှုနှင့် အကြံပေးချက်ဟူသရွေ့ကို အပူတပြင်း ရယူဆည်းပူးရမည် ဖြစ်၏။ သူ့အပေါ်ဌ ယုံကြည်မှု အပြည့်အဝထားရှိရန်လည်း လိုအပ်၏။ ထိုအခါမျိုးတွင် ကိစ္စရပ်တိုင်းဌ ထိုသူ့အပေါ်တွင် ဝင်ရောက်စွက်ဖက်ခြင်း မပြုအပ်ပေ။

''ကျွန်ုပ်အား ရှေ့ဆက်လမ်းပြခြင်း မပြုမီအလျင်၊ ဤအချက်ကို နားလည် အောင် ရှင်းပြပါဦး'' ဟု ပြောဆိုခြင်းမျိုးမှာ အသိတရားကင်းမဲ့သော အပြုအမူတစ်ရပ်သာ ဖြစ်ကြောင်း ထင်ရှားလှ၏။

ဥပဒေရေးရာနှင့် ပတ်သက်ပြီး ရှေ့နေငှားသည်ဆိုပါက ယင်းအမှုဌ ရှေ့နေဖြစ်သူ အား ဆရာလုပ်ခြင်း ဝင်ရောက်စွက်ဖက်ခြင်း မပြုအပ်ပေ။ ရှေ့နေအပေါ်ဌ အပြည့်အဝ ယုံကြည်မှုထားပြီး သူ၏ အကြံပေးချက်အတိုင်း လိုက်နာသွားရမည်သာ ဖြစ်၏။

ဆရာဝန်တစ်ဦးနှင့် ဆေးဝါးကုသမှု ခံယူရာဌလည်း၊ ယင်းဆရာဝန်၏ ညွှန်ကြား ချက်အတိုင်း လိုက်နာဖို့သာ ရှိ၏။ ယင်းဆရာဝန်၏ ကုသမှုတွင် ဝင်ရောက်လက်ထည့် ခြင်းနှင့် ဆရာဝန်ညွှန်ကြားချက်များကို တစ်ခုချင်း အကြောင်းပြချက် တောင်းခံပြီး အချေ

အတင် ဆွေးနွေးစရာမလိုပေ။ သို့မှသာ လူ့ဘဝ၌ လိုက်လျောညီထွေ နေသွားနိုင်သော အဖြစ်ကို ရမှုမည်ဖြစ်သည်။

ဘာသာရေးကိစ္စများ၌လည်း ဤနည်းတူပင် ဖြစ်၏။ အသင့်အနေဖြင့် အလွှာဟ် ရှင်အား သိမြင်ရန်နှင့် ထိုအရှင်နှစ်ပြုံက်သည့် လူ့ဘဝလမ်းညွှန် (၀၊) အစွလာမ့် လူနေမှု စနစ်အတိုင်း နေထိုင်သွားရန် လိုလားသည်ဆိုပါက ဤအသိတရားများကို ရယူခံစားရန် အသင့်တွင် လုံလောက်သော နည်းလမ်းအင်အားမရှိပေ။ ထိုအတွက် ထိုအရှင်၏ တမန်တော်တစ်ပါးအား ရှာဖွေပြီး၊ ယင်း၏ လမ်းညွှန်မှုအောက်ဝယ် ရပ်တည်ရန်က အဓိကပင် ဖြစ်၏။ ယင်းသို့ ရှာဖွေရာ၌ အသင်၏ အသိဉာဏ် ဆင်ခြင်တုံတရားနှင့် ကျွမ်းကျင်လိမ္မာ ရေးခြားရှိမှုများကို အသုံးပြုပြီး အစွမ်းကုန် ကြိုးစားသွားရမည်ဖြစ်သည်။

အသင့်အနေဖြင့် အတုအယောင်ဆောင် လူသာမန်တစ်ဦးအား တမန်တော်အစစ်ဟု လက်ခံပြီး၊ သူညွှန်ပြသော လမ်းစဉ်အတိုင်း လျှောက်လှမ်းခဲ့သည် ဆိုပါက အမှားနှင့် မလွဲမသွေ ကြုံတွေ့ရမည်ဖြစ်၏။ မိမိ၏ အသိဉာဏ် ဆင်ခြင်တုံတရားဖြင့် အထပ်ထပ် အခါခါ အပြန်ပြန် အလှန်လှန် ပိုင်းခြားဝေဖန် ဆန်းစစ်လေ့လာသုံးသပ်မှု ပြုပြီးမှသာ ဟုတ်ရဲ့လ်တစ်ဦးအား အလွှာဟ်ရှင်၏ တမန်တော်တစ်ပါး အမှန်ဖြစ်သည်ဟု အသင့်အနေဖြင့် ဆုံးဖြတ်ချက် ပိုင်ပိုင်နိုင်နိုင် ချနိုင်မည်ဖြစ်၏။ ယင်းအခြေအနေသို့ ရောက်လာပြီဆိုမှသာ ထိုသူအပေါ်၌ အပြည့်အဝ ယုံကြည်ရမည်ဖြစ်ပြီး သူ၏ ညွှန်ကြားချက်တိုင်းကို သစ္စာရှိရှိ လိုက်နာဆောင်ရွက်သွားရမည် ဖြစ်၏။

ဤသည်ပင်လျှင် ဖြောင့်မတ်မှန်ကန်သော လမ်းစဉ်ဖြစ်ကြောင်းမှာ ထင်ရှားနေပြီး ဤလမ်းစဉ်သည်သာ တမန်တော်မြတ် ကြွေးကြော်လမ်းညွှန်ခဲ့သော လမ်းစဉ်ဖြစ်ကြောင်းနှင့် အလွှာဟ်ရှင်ထံမှ လူသားများထံ ပို့ချပေးခဲ့သည့် မှန်ကန်သော ဘဝလမ်းညွှန် လမ်းစဉ်ဖြစ်ကြောင်း သိရှိရ၏။

ထို့ကြောင့် လူသားတိုင်းအတွက် တမန်တော်များအပေါ် ယုံကြည်မှု အပြည့်အဝ ထားရှိရန်နှင့် နာခံလိုက်နာရန် လုံးဝလိုအပ်နေ၏။ တမန်တော်၏ လမ်းညွှန်ချက်ကို ဘေးဖယ်ထားပြီး မိမိအကြိုက်လမ်းစဉ်ကို လျှောက်သွားနေသူကား ဖြောင့်မတ်မှန်ကန်သော လမ်းစဉ်မှ လွဲဖယ်ပြီး လမ်းမှားသို့ အသေအချာ လှမ်းနေသူသာ ဖြစ်၏။

ဤအချက်ကြောင့်ပင် လူသားတို့အနေဖြင့် အမှားမျိုးစုံကို ဖွတ်တိုးမိကြခြင်း ဖြစ်၏။ တမန်တော်များ၏ တည်ကြည်ဖြောင့်မတ်မှုကိုကား ဝန်ခံ အသိအမှတ်ပြုကြသော်လည်း ယင်းတမန်တော်အပေါ်၌ ယုံကြည်မှု သဒ္ဓါတရား (အီမာန်) အပြည့်အဝ မရှိချေ။ မိမိတို့၏ ဘဝရေးရာများ၌ တမန်တော်က လမ်းညွှန်သည့်အတိုင်း ကျင့်ကြံမှု မရှိကြပေ။

ယင်းသို့သော သူများကား ငြင်းပယ်သူ အဖြစ်သို့ ရောက်သွားသည်သာမက အသိတရားကင်းမဲ့ပြီး သဘာဝနှင့် ဆန့်ကျင်သော ဖောက်လွဲဖောက်ပြန်မှုများကို ကျူးလွန်သူများပါ ဖြစ်သွားကြ၏။ တမန်တော်တစ်ပါး၏ မှန်ကန်မှုကို အသိအမှတ်ပြုပြီးပါလျက်နှင့် ယင်းတမန်တော်၏ လမ်းညွှန်မှုကိုမူ မလိုက်နာ လစ်လျူရှုထားကြသူများထက် ပိုပြီးမိုက်မဲသောသူ ရှိပါဦးမည်လော။

အချို့က ကျွန်ုပ်တို့အတွက် လမ်းညွှန်ပြသရန် တမန်တော်များ မလိုအပ်ပါ၊ မိမိ၏ ကိုယ်ပိုင်စွမ်းဆောင်မှုဖြင့် အမှန်တရား၏ လမ်းစဉ်ကို ရှာဖွေလျှောက်လှမ်းခြင်း

ပြုနိုင်ပါသည်'' ဟု ဆိုခဲ့ကြ၏။ ဤသည်မှာလည်း မိုက်မဲသော အမြင်တစ်ရပ်သာဖြစ်၏။ စာရှုသူများအနေဖြင့် ဂျီသြမေထရီပညာရပ်၌ ဆိုထားသည့် အမှတ်နှစ်ခုအား မျဉ်းဖြောင့်တစ်ကြောင်းတည်းဖြင့်သာ ဆက်စပ်နိုင်သည်ဟူသော အဆိုကို သိရှိကြမည်ဖြစ်၏။ မျဉ်းဖြောင့်မှလွဲလျှင် အခြားမျဉ်းကြောင်းများကား မျဉ်းကွေးမျဉ်းကောက်များသော ဖြစ်နိုင်ရာ ယင်းအမှတ်နှစ်ခုအား မျဉ်းဖြောင့်ကဲ့သို့ အထိရောက်ဆုံးနှင့် အတိုတောင်းဆုံး ဆက်စပ်ရန် မဖြစ်နိုင်ချေ။

အမှန်တရား၏ လမ်းစဉ် (၀၊) အစွလာမ့် အခေါ်အဝေါ်အရ ''စွီရာတလ် မွတ်စ်တကီးန်'' (ဖြောင့်မတ်မှန်ကန်သော လမ်းစဉ်) သည်လည်း အလားတူပင်ဖြစ်၏။ ဤလမ်းစဉ်မှာ လူသားနှင့် ဖန်ဆင်းရှင်အား တစ်ဖြောင့်တည်း တန်းတန်းမတ်မတ် ဆက်သွယ်ပေးထား၏။ ဤအတွက် ဤလမ်းစဉ်မှာ တစ်ခုတည်းသာ ရှိကြောင်းထင်ရှားနေချေပြီ ဖြစ်၏။ အခြားလမ်းစဉ်များကား လမ်းလွဲလမ်းကောက်များသာဖြစ်ပြီး အမှားဘက်သို့သာ ဦးတည်နေကြ၏။

ဤဖြောင့်မတ်မှန်ကန်သော လမ်းစဉ်ကား တမန်တော်မြတ်ကြီး ကိုယ်တိုင် ညွှန်ကြားပြသခဲ့သည့် လမ်းစဉ်ဖြစ်ပေရာ ဤလမ်းစဉ်ကို စွန့်လွှတ်ပြီး အခြားလမ်းလွဲကို လိုက်သူများမှာ မိမိတို့၏ ကိုယ်ပိုင်အတွေးအခေါ်နှင့် ဆင်ခြင်တုံတရားကို မှီသားဖြင့် တန်ဆာဆင်နေခြင်းသာ ဖြစ်၏။

မိမိကိုယ်တိုင် ရွေးချယ်ပြီး မိမိကိုယ်တိုင် မှန်ကန်သည်ဟု ထင်မြင်ပြီး လျှောက်လှမ်းခဲ့သည့် လမ်းစဉ်သည် မှားယွင်းနေကြောင်းကို မကြာမီပင် သိမြင်လာရာမှ လမ်းမှားတွင် ငြိတွယ်ပြီး ဝက်ဘာလမ်း၌ လမ်းပျောက်နေသူပမာ ဖြစ်သွားမည်သာ ဖြစ်၏။ မိမိစိတ်ကူးစိတ်သန်းဖြင့် ဝက်ဘာလမ်းကို ဖန်တီးခဲ့သူများသာ ဖြစ်သွားပေမည်။

လမ်းမှန်ပျောက်နေသူတစ်ဦးအား လူကောင်းတစ်ဦးက လမ်းမှန်သို့ ညွှန်ပြပေးသည်ကို လက်ခံခြင်းမပြုဘဲ လစ်လျူရှုထားပြီး၊ ''အသင်၏လမ်းညွှန်မှုကို ကျွန်ုပ် မနာယူနိုင်ပါ၊ သင်ပြသော လမ်းကိုလည်း မလျှောက်လှမ်းလိုပါ၊ ကျွန်ုပ်ဖာသာ ဤပျောက်နေသော လမ်းကို စမ်းတပါးဝါးသွားခြင်းဖြင့် ကျွန်ုပ်လိုရာ ခရီးပန်းတိုင်ကို ကိုယ့်နည်းကိုယ့်ဟန်ဖြင့် ကြိုးစားရှာကြံသွားပါမည်'' ဟု ပြောဆိုလာသူကို မည်သို့မှတ်ယူမည်နည်း။ ဤကဲ့သို့ပင် တမန်တော်များ၏ လမ်းညွှန်မှုကို မျက်ကွယ်ပြုသူများသည်ကား လုံးဝမိုက်မဲ ထုံထိုင်းသူများသာဖြစ်၏။ (ယခုခေတ်လူသား ဝါဒသမားများ သတိမူစရာပင်။)

မည်သူမဆို စမ်းတပါးဝါးဖြင့် အရမ်းကာရော လျှောက်လှမ်းနေသူများကား မိမိတို့၏ အချိန်နှင့် စွမ်းအားကို အလဟဿ ကြီးမားစွာ ဖြုန်းတီးပစ်ရာသာ ရောက်၏။ သိပ္ပံ ဝိဇ္ဇာပညာရပ်များကို ဆည်းပူးလေ့လာရာ၌ပင် ဤသို့ အရမ်းကာရော လေ့လာမှု ပြုနိုင်ခြင်း မရှိပေရာ၊ ဤနေရာ၌ မည်သည့်အကြောင်းကြောင့် ဖြစ်နိုင်ပါအံ့နည်း။

လူသားအတွက် လမ်းညွှန်မှု မလိုအပ်ဟု ယူဆခြင်းကား လုံးဝမှားယွင်းမှုတစ်ရပ်သာဖြစ်၏။ အနည်းငယ်မျှ စဉ်းစားရုံဖြင့် ဤယူဆချက်၏ အပြစ်အနာအဆာနှင့် စွမ်းအင်ထက်မြက်မှု ချိနဲ့နေပုံကို သိနိုင်ပေသည်။

အသင့်အနေဖြင့် ဤအချက်ကို နက်နက်နဲနဲ ဆန်းစစ်ကြည့်မည်ဆိုလျှင်၊ တမန်တော် အစစ်အမှန်တစ်ပါးကို ယုံကြည်ရန် ငြင်းပယ်ဖီဆန်သူတစ်ဦးအနေဖြင့် ဖြောင့်

မတ်မှန်ကန်သော လမ်းစဉ်သို့ မည်သည့်နည်းနှင့်မျှ ရောက်နိုင်မည်မဟုတ်ကြောင်းကို အခိုင်အမာ ကောက်ချက်ချနိုင်မည်သာ ဖြစ်၏။ ထိုသူအနေဖြင့် ထာဝရအရှင်ကိုလည်း မည်သို့မျှ သိမြင်နိုင်မည် မဟုတ်ချေ။

ဖြောင့်မတ်မှန်ကန်သူတစ်ဦး၏ လမ်းညွှန်မှုကို ယုံကြည်လက်ခံရန် ငြင်းပယ်မှု ပြုခဲ့သူကား လမ်းလွဲသို့သာ မလွဲမသွေ ရောက်သွားမည်ဖြစ်၏။ ထိုသူ၌ အယူသည်းမှု ကိုယ့်ကိုယ်ကို အထင်ကြီးမှုကြောင့် လွဲမှားသော လမ်းစဉ်နှင့် ဆိုးသွမ်းမှု၏ သားကောင် အဖြစ်သို့ မလွဲမသွေ ရောက်သွားမည်သာဖြစ်၏။

ဤသို့ ငြင်းပယ်ခြင်းကား မိရိုးဖလာ ထုံးတမ်းစဉ်လာများကို မစွန့်ပစ်နိုင်ခြင်း ကြောင့်လည်းကောင်း၊ အတ္တ၏ အလိုကို မလွန်ဆန်နိုင်မှုကြောင့်လည်းကောင်း၊ ရမ္မက်၏ သားကောင် ရမ္မက်ကျေးကျွန်များ ဖြစ်နေခြင်းကြောင့်လည်းကောင်း၊ မိမိကိုယ်ကို မိမိ အထင်ကြီးနေခြင်းကြောင့်လည်းကောင်း၊ အသိဉာဏ်ခေါင်းပါး ချို့တဲ့နေခြင်းကြောင့်လည်း ကောင်း ဖြစ်၏။

တမန်တော်များ ဆုံးမစကားကို နာခံခြင်းဖြင့် မိမိအကြိုက် မိမိလိုလားသော မကောင်းမှု ဒုစရိုက်များကို ကျူးလွန်နိုင်ဖွယ်ရာမရှိမည်ကို စိုးရိမ်နေခြင်းသည်လည်း တစ်ချက်အပါအဝင် ဖြစ်၏။ လူတစ်ဦးအနေဖြင့် အထက်ပါ အခြေအနေတစ်ရပ်ရပ်မှ ခွဲထွက်ခြင်းမရှိသမျှ ထိုသူအဖို့ အမှန်တရားလမ်းစမှာ ပိတ်ဆို့နေမည်သာ ဖြစ်၏။

မျက်စေ့မှုန်သူ တစ်ဦးအနေဖြင့် အလင်းရောင်နည်းနေသည့် အချိန်၌ အရာရာကို အမှန်အကန်အတိုင်း မမြင်နိုင်သည့် အဖြစ်မျိုးနှင့် ထိုသူတို့၏ အဖြစ်မှာ ဆင်ဆင်တူနေပေ သည်။ ထိုသို့သော လူသားများမှာ ကယ်တင်ခြင်းလမ်းစဉ်ကို မည်သို့မျှ တက်လှမ်းရယူနိုင် မည် မဟုတ်ပေ။

တစ်နည်းဆိုရသော် လူတစ်ဦးသည် ရိုးသားဖြောင့်မတ်ကာ မှန်ကန်သောတရား ကို မြတ်နိုးခုံမင်သူ တစ်ဦးဖြစ်ပြီး၊ အထက်ပါကဲ့သို့ ရှုတ်ထွေးပွေလီသော ပြဿနာရပ်များ၏ သားကောင်အဖြစ်သို့ ရောက်ရှိခြင်း မရှိခဲ့ဆိုလျှင် အမှန်တရား၏ လမ်းမှာလည်း ထိုသူအဖို့ ပေါ်ထွန်းလျက်ရှိနေပြီ ဖြစ်၏။

ထိုသူအဖို့ တမန်တော်များကို ငြင်းပယ်ရန် မည်သည့် ကျောထောက်နောက်ခံ အချက်အလက်မျှ မရှိတော့ပေ။ ထို့အပြင် တမန်တော်၏ သင်ကြားပို့ချချက်များကို နှိုက်နှိုက်ချွတ်ချွတ် တွေ့ရှိလာပြီး၊ မိမိကိုယ်မိမိ သိလာနိုင်သလို တမန်တော်များ၏ကဏ္ဍာ ကိုပါ သိသိသာသာ မြင်တွေ့သွားနိုင်မည် ဖြစ်၏။

အထက်ပါ အချက်များအပြင် ထပ်ဆင့်သိထားအပ်သည်မှာ တမန်တော် အစစ် အမှန်များကို ထာဝရအရှင် ကိုယ်တော်တိုင်က ရွေးချယ်ပွင့်ပေါ်စေခဲ့ခြင်းဖြစ်၏။ လူသားများ ထံ မိမိ၏ လမ်းညွှန်ဗျာဒိတ်တော်များကို ပို့ချပေးနိုင်ရန် တမန်တော်များအား တာဝန်ပေးခဲ့ သူမှာ တစ်ပါးတည်းသော ထာဝရအရှင်သာ ဖြစ်ပေသည်။ တမန်တော်များကို ယုံကြည်မှုရှိရန် နှင့်၊ ယင်းတို့အား လိုက်နာခြင်းရှိရန်မှာ အန္တိမခိုးတော် အရှင်၏ အမိန့်ပင် ဖြစ်၏။

ဤအကြောင်းများကြောင့် အလွှာဟ်အရှင်၏ တမန်တော်များအား ယုံကြည် လက်ခံရန် ငြင်းပယ်သူသည် ထိုအရှင်ကိုပါ ငြင်းပယ်ရာသို့ အလိုအလျောက်ရောက်သွားပြီး၊

ပုန်ကန်ခြားနားသူငယ်စဉ်း ဖြစ်သွားရချေ၏။ ဘုရင်တစ်ပါးက ခန့်အပ်ထားသော သံတမန်တစ်ပါး၏ အပိန်ဆြေဇာကို မနာခံဘဲ အသိအမှတ် မပြုသူသည် ဘုရင်၏ အမိန့်ဆြေဇာကိုပါ ဖီဆန်ရာသို့ အလိုးအလျောက် ရောက်ရှိသွားနိုင်ပုံနှင့် နှိုင်းယှဉ်ကြည့်ပါက ဤအချက်ကို မငြင်းနိုင်ပေ။

ဤသို့ အာဏာကို ငြင်းပယ်ဖီဆန်မှုကြောင့် ထိုသူသည် ပုန်ကန်ခြားနားသူတစ်ဦး အဖြစ် ရောက်သွား၏၊ အလွှာဟ်အရှင်သည် စကြဝဠာအပေါင်း၏ အရှင်သခင်၊ ဘုရင်တကာ့ဘုရင်တို့၏ ထိပ်ခေါင်ဇကရာဖန့်နှင့် စစ်မှန်သော စိုးပိုင်အုပ်ချုပ်ရာ အရှင်တစ်ပါး ပင်ဖြစ်၏။ လူသားကိုင်း ထာဝရအရှင်၏ တမန်တော်များ၏ အမိန့်ဆြေဇာကို အသိအမှတ် ပြုရမည်ဖြစ်ပြီး ယင်းတို့အား ထိုအရှင်၏ တမန်တော်များအဖြစ် လက်ခံသွားရန် အထူး လိုအပ်၏။

အလွှာဟ်အရှင်၏ တမန်တော်တစ်ပါးပါးကို မယုံကြည်သူသည်ကား ထာဝရ အရှင်အား ယုံကြည်သူပင်ဖြစ်စေ မယုံကြည်သူပင်ဖြစ်စေ ငြင်းပယ်သူအဖြစ်သို့ မုချရောက် သွားမည်သာဖြစ်၏။

## ၂။ တမန်တော်များပွင့်ပေါ်ခြင်း သမိုင်းစဉ်အကျဉ်းချုပ်

ယခု တမန်တော်များ ပွင့်ပေါ်ပုံသမိုင်းစဉ်ကို အနည်းငယ် ဆန်းစစ်လေ့လာကြည့်ကြပါစို့။ ဤသမိုင်းစဉ် ကွင်းဆက်ကြီးသည် အဘယ်မျှ ရှည်ကြာခဲ့သည်။ မည်သို့မည်ပုံ တဖြည်းဖြည်းချင်းစတင်ခဲ့ပုံ၊ တမန်တော်များ၏ အချုပ်နောက်ဆုံး တမန်တော်မုဟမ္မဒ် (ﷺ) ထံတွင် မည်သို့ အဆုံးသတ်ခဲ့သည်တို့ကို တစေ့တစောင်း လေ့လာကြည့်ကြမည် ဖြစ်၏။

လူ့မျိုးနွယ်သည် တစ်ဦးတည်းသော လူသား အာဒမ်မှ စတင်ခဲ့၏။ သူမှ တစ်ဆင့် လူသားမျိုးနွယ်အသီးသီး ပေါက်ဖွားထွန်းကားလာပြီး၊ လူသားမျိုးနွယ်များစွာ ပေါ်ထွန်းလာခဲ့၏။ ဤကမ္ဘာလောကၘ သက်ဆင်းပေါက်ဖွားလာသည့် လူသားမှန်သရွေ့၊ ကမ္ဘာဦးလူသား စုံကွဲ ဇနီးမောင်နှံများဖြစ်သည့် အာဒမ်နှင့် ဟောင်ဝါဇနီးမောင်နှံတို့မှ ပေါက်ဖွားလာခြင်းသာ ဖြစ်၏။[၁]

---

၁။ ဤအချက်သည် အလွန်အရေးပါ ပဓာနကျသော အချက်ဖြစ်ပြီး တော်လှန်သော အမြင်တစ်ရပ်လည်း ဖြစ်၏။ ယင်း၏ ဒဿနိကပိုင်းဆိုင်ရာ အနှစ်သာရမှာ လူသားထုအတွင်း စည်းလုံးညီညွတ်မှုနှင့် လူသားအချင်းချင်း တန်းတူညီမျှသော အခွင့်အရေးရရှိရေးကို ဦးတည်ထား၏။ လူသားအချင်းချင်း ကြားၘ အသွေးအရောင်၊ အဆင့်အတန်း၊ ရေးမြေဒေသ၊ အမျိုးအနွယ်အရ ခွဲခြားဆက်ဆံခြင်းသည် မိုက်မဲခြင်းတစ်ရပ်ပင် ဖြစ်၏။ ကျဉ်းမြောင်းသော အမျိုးသားရေးဝါဒ ကျဉ်းမြောင်းသော အသားရောင် ခွဲခြားရေးဝါဒနှင့် သွေးဆောနေသော ဂျူးဆန့်ကျင်ရေးဝါဒများသည် တစ်မျိုးနှက ကမ္ဘာကြီးအား အစိတ်စိတ်အမွှာမွှာ ပြိုကွဲကာ ဖရိုဖရဲ ဖြစ်စေခဲ့၏။ ဤလူသားမျိုးနွယ် ညီညွတ်ရေးလမ်းစဉ်၏ ကြွေးကြော်ချက်မှာ အနာဂတ်လူ့ဘောင်ကြီးအဖို့ အားထားစရာ ရောင်ခြည်ဦးပင် ဖြစ်၏။ အစွလာဓ်သည်သာ လူတန်းစားခွဲခြားခြင်းကို လုံးဝဆန့်ကျင်၏။ အယ်ဒီတာ

သမိုင်းနှင့် ဘာသာရေးကျမ်းများသည် ဤအချက်၌ အဆိုချင်းညီကြ၏။ သိပ္ပံနည်းကျ စူးစမ်းလေ့လာချက်များ၌လည်း လူ့သမိုင်း၏ အစသည် အရင်းခံတူညီပြီး ကွဲပြားခြားနားမှုမရှိသည့် လူသားများမှ စတင်လာခြင်း ဖြစ်သည်ဟု ဆိုထား၏။ တစ်ချိန်တည်း သို့မဟုတ် အချိန်ကာလ ကွဲပြားမှု အမျိုးမျိုးအောက်ရှိ ကမ္ဘာကြီး၏ နေရာဒေသ အမျိုးမျိုးမှ အရင်းခံ တူညီခြင်းမရှိဘဲ ကွဲပြားခြားနားသော လူသားများမှ စတင်ခဲ့ခြင်းဖြစ်သည်ဟု ပြဆိုထားခြင်းလည်း မတွေ့ရပေ။

များစွာသော သိပ္ပံပညာရှင်များက ပထမဦးစွာ တစ်ဦးတည်းသော လူသားပေါ်ပေါက်လာပြီး ယင်းတစ်ဦးတည်းသော လူသားမှ လူသားမျိုးနွယ်များ ပေါက်ဖွားထင်းသက်လာခြင်းဖြစ်သည်ဟု တွေးတောကြဆခဲ့၏။

ကမ္ဘာမြေပြင်၌ ပထမဦးဆုံးလူသားဖြစ်သည့် လူသားတို့၏ ဖခင်ကြီး အာဒမ်အား အလွှာဟ်ရှင်သည် ပထမဆုံးတမန်တော်အဖြစ် ခန့်အပ်ခဲ့၏။ ထိုအရှင်၏ တရားတော်ဖြစ်သည့် အစွယ်လာမ်ကို အာဒမ်သခင်ထံ ပို့ချပေးခဲ့ပြီး ကိုယ်တိုင်လိုက်နာကျင့် သုံးစေခဲ့ရုံသာမက သူ၏ သားသမီးများကိုပါတစ်ဆင့် ဖြန့်ဖြူးစေခဲ့သည်။

အာဒမ်သခင်သည် မိမိ၏ သားသမီးများအား အလွှာဟ်အရှင်သည် တစ်ပါးတည်းသော ရှိကြောင်းနှင့် ယင်းအရှင်သည် ကမ္ဘာလောကကြီး၏ ဖန်ဆင်းရှင်နှင့် ကျွေးမွေးပြုစု စောင့်ရှောက်တော်မူသည့် အရှင်ဖြစ်ကြောင်း၊ စကြဝဠာအပေါင်း၏ အရှင်သခင်ထံမှောက်၌သာ အကူအညီတောင်းခံသင့်ကြောင်းနှင့် ထိုအရှင်၏ အလိုတော်အတိုင်း ဖြောင့်မတ်မှန်ကန်သော လူမှုဘဝကို တည်ဆောက်ကြရန် ဟောကြားခဲ့၏။

ထို့ပြင် ထိုအချက်များကို လိုက်နာသွားပါက အလွှာဟ်၏ ကောင်းချီးဆုလာဘ်များ ခံစားရမည်ဖြစ်ပြီး ထိုအရှင်ကို နာခံခြင်းမရှိဘဲ ငြင်းပယ်ခဲ့မည်ဆိုပါက ဤဘဝနောင်ဘဝ နှစ်ဘဝစလုံး၌ အရှုံးနှင့်သာ တွေ့ရမည်ဖြစ်ပြီး၊ ဤမယုံကြည်မှုနှင့် မနာခံမှုကြောင့် ပြင်းထန်စွာ အပြစ်ပေးခြင်းခံရမည့် အကြောင်းကိုပါ ဟောပြခဲ့၏။

ကမ္ဘာဦးဖခင် အာဒမ်၏ သားသမီးများအနက် အချို့မှာ မိမိတို့၏ ဖခင်ကြီးဆုံးမသွားသည့်အတိုင်း ဖြောင့်မတ်မှန်ကန်သော လမ်းစဉ်ပေါ်၌ ရပ်တည်ခဲ့ကြ၏။ အချို့က ဖခင်ကြီး၏ သွန်သင်ပြသချက်များကို ပစ်ပယ်ပြီး တဖြည်းဖြည်းချင်း မကောင်းမှုဒုစရိုက်၌ ပျော်မွေ့မျောပါနေကြ၏။ အချို့က နေ၊ လနှင့် ကြယ်တာရာများကို ကိုးကွယ်ကြ၏။ အချို့က သစ်ပင် တိရစ္ဆာန်များနှင့် မြစ်ချောင်းများကို ဓဝပ်ကိုးကွယ်ကြ၏။

အချို့က လေ၊ ရေ၊ မီး ကျန်းမာရေးအပါအဝင် သဘာဝအင်အားနှင့် ဤချီးမြှင့်မှုများမှာ အမျိုးမျိုးသော ကိုးကွယ်ရာအရှင်များ၏ အုပ်ချုပ်ကွပ်ကဲမှုအောက်တွင် ကိုယ်စီရှိနေပြီး ထိုကိုးကွယ်ရာများကို ဆည်းကပ်ပသခြင်းပြုမှသာ မိမိတို့အတွက် အကျိုးထူးခံစားရမည်ဟု ယူဆထားကြ၏။

ဤနည်းအားဖြင့် အဓိက်မှောင်ထွန်းကားပြီး အမျိုးမျိုးအဖုံဖုံသော ဘုရားများ ကိုးကွယ်မှုနှင့် ရုပ်တုဆင်းတု ကိုးကွယ်မှုများ ပေါ်ပေါက်လာခဲ့၏။ ဤအခါမှစပြီး ဘာသာတရား အသီးသီးပေါ်လာခဲ့၏။

ဤအချိန်၌ ကမ္ဘာဦးဖခင် အာဒမ်၏ သားသမီး အဆက်အနွယ်များမှာ ကမ္ဘာအရပ်ရပ်သို့ ပျံ့နှံ့ရောက်ရှိသွားပြီး၊ လူမျိုးအသီးသီး မျိုးနွယ်အဖုံဖုံကို ဖြစ်ပွားစေခဲ့ပြီး ဖြစ်၏။ မျိုးနွယ်တစ်နွယ်တွင် ကိုးကွယ်ရာ အရှင်တစ်ပါးစီ ရှိနေကြပြီဖြစ်၏။

မိမိတို့ အကြိုက်နည်းနာများဖြင့် ဝတ်ပြုရှိခိုးပုံ ပုံစံကို ထွင်ထားကြ၏။ စကြဝဠာကြီးနှင့် လူသားအပေါင်း၏ ဖန်ဆင်းရှင်နှင့် တစ်ဆူတည်းသော အရှင်သခင်ဖြစ်သည့် အလ္လာဟ်အရှင်မြတ်ကို မေ့ပျောက်ထားကြပြီး ဖြစ်၏။ ဤတွင်မက အာဒမ်၏ သားမြေးများမှာ ထာဝရအရှင် နှစ်ဖြို့တော်မူသည့် လူနေမှုလမ်းစဉ်ကိုပါ မေ့ပျောက်ထားကြ၏။ မိမိတို့အထက်က လူကြီးသူမများ၏ လမ်းညွှန်ချက်များကိုလည်း ပစ်ပယ်ခဲ့ကြ၏။ မိမိတို့ စိတ်ကူးစိတ်သန်းဖြင့် တီထွင်ထားသည့် လမ်းစဉ်များကို လိုက်နာခဲ့ကြ၏။

လွဲမှားသော မိရိုးဖလာထုံးစံမှာ ကြီးထွားလာပြီး၊ မကောင်းသော အတွေးအခေါ် အမြော်အမြင်များ ပျံ့နှံ့လာခဲ့၏။ သူတို့သည် အမှားနှင့် အမှန်ကို ခွဲခြားနိုင်စွမ်းပင် မရှိကြပေ။ မဲကောင်းမှုဒုစရိုက် ဟူသရွေ့ကို အမှန်ဟု တွေးထင်ပြီး ကောင်းမှုကိစ္စအဝဝကို လုံးဝလစ်လျူရှု ပစ်ပယ်ခဲ့ရုံသာမက၊ မှားယွင်းသော အပြုအမူများဟုပင် ထင်မှတ်ထားကြ၏။[၁]

ဤအခြေအနေမျိုးတွင် အလ္လာဟ်ရှင်မှ လူမျိုးနွယ်အသီးသီးဝယ် တမန်တော်များကို ပွင့်ပေါ်စေခဲ့ပြီး အစွလာမ်ကို ပို့ချဟောကြားစေခဲ့၏။ တမန်တော်တိုင်းသည် မိမိတို့၏ အမျိုးသားများ၏ စိတ်ဓါတ်များကို ပြုပြင်ပေးခဲ့ပြီး၊ မေ့ပျောက်နေသည့် ဘဝအလင်းပြသည့် သင်ခန်းစာများကို ပြန်လည်ညွှန်ပြပေးခဲ့ကြ၏။

အလ္လာဟ်ရှင်အား ဝတ်ပြုပုံ နည်းစနစ်ကို သင်ကြားပြသပေးပြီး ရုပ်တုဆင်းတု ကိုးကွယ်မှုကို ပိတ်ပင် အဆုံးသတ်စေခဲ့၏။ အလ္လာဟ်အရှင်နှင့် ယှဉ်တွဲပြီး အခြားအရာများကို ကိုးကွယ်ဆည်းကပ်သည့် ရှိရိ (က်) အပြုအမူကိုလည်း အတိအလင်း ရပ်တန့်စေခဲ့၏။

မောဟာအမိုက်မောင်လွှမ်းပြီး အသိဉာဏ်ခေါင်းပါး နလပိန်းတုံးဆန်ရာကျသည့် ဓလေ့ထုံးစံအမျိုးမျိုးကိုလည်း တားမြစ်ပိတ်ပင်ပေးခဲ့ကြ၏။ ဖန်ဆင်းရှင် အလိုတော်နှင့် ကိုက်ညီသော လူနေမှုစနစ်ကို ပြသပေးကြ၏။ ယူဘောင် အဖွဲ့အစည်းအတွက် ထာဝရ ရှင်သန်နေမည့် ဥပဒေသများကို ပြသအတည်ပြုပြီး လိုက်နာကျင့်ကြံစေခဲ့၏။

---

၁။ ဤဘာသာတရား၏ သမိုင်းစဉ် ရှုထောင့်သည် ကိုးကွယ်မှု **အမျိုးမျိုး**၏ ဆင့်ကဲဖြစ်စဉ်ဟု အများခေါ်ဆိုကြသည့် အယူအဆကြီးနှင့် ပြောင်ပြောင်ကြီး ဆန့်ကျင်နေ၏။ ကိုးကွယ်မှုအမျိုးမျိုး၏ ဆင့်ကဲဖြစ်စဉ်အဆိုပါ သဘာဝအင်အားစုများအား ကိုးကွယ်ခြင်းကို ကိုးကွယ်မှု၏ ပထမဆုံးအဆင့်ဟု ဆိုထား၏။ ဤ**အမျိုး**သားများက စောစောပိုင်း လူ့အဖွဲ့အစည်း၏ သဘာဝအင်အားစုများအား ကိုးကွယ်မှုတွင်သာ ရပ်တန့်နေခဲ့ကြပြီ။ ထိုထက်စောစောပိုင်း ကိုးကွယ်မှုပုံသဏ္ဌာန်၏ မှောက်မှားမှုနှင့် ဖောက်ပြန်မှုများကိုမူ ယနေ့ထိ စူးစမ်းရှာဖွေခြင်း မပြုကြချေ။ နောက်ပိုင်း သိပ္ပံနည်းကျ လေ့လာမှုများပြုပြီးမှသာ ဗဟာင်ဟီးဒ် (အရှင်တစ်ဆူ ကိုးကွယ်သော ဝါဒ) သည် အစဦးဆုံးသော ကိုးကွယ်မှုဖြစ်ပြီး အခြားသော ကိုးကွယ်မှုပုံစံ အမျိုး**မျိုး**မှာ မူလသာသနာမှ မှောက်မှားမှုများ ဖြစ်ပွားပြီး ပေါ်ထွန်းလာခြင်း ဖြစ်သည်ဟု အခိုင်အမာ ထုတ်ဖော်ပြောဆိုခဲ့ကြ၏။ ဤအကြောင်းရပ်နှင့် ပတ်သက်ပြီး ကျယ်ကျယ်ပြန့်ပြန့် သိရှိလေ့လာလိုပါက ပါမောက္ခ ဒေါက်တာ ဟိုမောက္ခ၏ အဂိုးတန် သုတေသန စာတမ်းဖြစ်သည့် **အိပ်ရ်ဂျေ** ရှိစ်အင်္ဂလိပ်ဘာသာ ပြန်ဆိုထားသည့် ''သည်အော်ရီဂျင် အဲန်ဂရသ် အော့ဖ်ရီလေးဂျင်းစ်'' ကို ဖတ်ရှုရန် တိုက်တွန်းလိုပေသည်။

ထာဝရအရှင်၏ စစ်မှန်သော တမန်တော်များကို တိုင်းနိုင်ငံအသီးသီး ဒေသတိုင်း လူမျိုးတိုင်းတွင် ပွင့်ပေါ်စေခဲ့၏။[၁]

တမန်တော်တိုင်း၏ တိကျသော သွန်သင်ချက်မှာ သူတို့ ရင်ဆိုင်နေရသည့် မကောင်းမှု ဒုစရိုက်အမျိုးမျိုးနှင့် ယင်းဒုစရိုက်များကို အမြစ်ပြတ်စေရန် အဓိက ရည်ရွယ်ထားသည်ကို တွေ့ရ၏။ ဟောကြားတင်ပြပုံ နည်းစနစ်မှာလည်း အသိဉာဏ်နှင့် အတွေး အခေါ်ကိုလိုက်ပြီး အနည်းငယ်ကွဲပြားမှုရှိနေ၏။

ရှေးကမ္ဘာဦးကာလ လူ့အဖွဲ့အစည်းများမှာ လူမှုဆက်ဆံရေး ယဉ်ကျေးမှုနှင့် အသိဉာဏ်ရေးရာ တိုးတက်ဖွံ့ဖြိုးမှု၊ ဥပဒေသရေးရာနှင့် လူနေမှုစနစ်မှာ လွန်စွာရင့်ကျက်မှုမရှိသေးပေရာ တမန်တော်များအနေဖြင့် မိမိတို့ပွင့်ပေါ်ခဲ့ရာ ခေတ်ကာလအခြေအနေနှင့် လူ့စရိုက်သဘာဝ အသိဉာဏ် အဆင့်အတန်း ပမာဏကိုလိုက်ပြီး ထိုသူတို့ နားလည်သဘောပေါက် လက်ခံနိုင်လောက်သည့်အဆင့်မှသာ ဟောပြောတင်ပြကြရ၏။

မည်သို့ဆိုစေ ဤခြားနားချက်များမှာ အပေါ်ယံသာဖြစ်၏။ မျက်မြင်အားဖြင့် သာဖြစ်၏။ တကယ်တော့ ဘာသာသာသနာအားလုံး၏ အခြေခံသင်ကြားချက်များမှာ အတူတူပင် ဖြစ်၏။ ဘာသာတရားအသီးသီးကပင် တစ်ဆူတည်းသော ထာဝရအရှင်ကို သာ ကိုးကွယ်ရန် အကျင့်သီလ ကောင်းမြတ်စွာ နေထိုင်သွားရန် မေတ္တာတရားပွားများကြရန်၊ ငြိမ်းချမ်းသာယာသော လူနေမှုစနစ်ကို တည်ထောင်သွားကြရန်နှင့် ကောင်းကျိုးချမ်းသာနှင့် ပြစ်ဒဏ်ခငါခြင်းနှစ်ရပ်ကို မှန်ကန်စွာ စီရင်မှုပေးမည့် ယန္တယားကြီးလည်ပတ်မည့် သေပြီးသည့်နောက် ကြုံတွေ့ရမည့်ဘဝကို ယုံကြည်ကြရန်ကိုသာ ဟောကြားခဲ့သည်ချည်းဖြစ်၏။

လူသားတို့တက်မှ အလွှာဟ်ရှင်၏ တမန်တော်များအပေါ် အမြင်မှာ ဆန့်ကျင်လွှ၏။ အချို့လူသားများမှာ တမန်တော်များကို အမျိုးမျိုး ညှဉ်းပမ်းနှိပ်စက်ကြ၏။ ထိုကမန်တော်များ၏ သင်ကြားသွန်သင်ချက်ဟူသရွေ့ကို လက်ခံခြင်းမပြုဘဲ လိုက်နာကျင့်ကြံရန် ငြင်းဆိုခဲ့ကြ၏။ အချို့သော့ တမန်တော်များကို လူသားတို့က မိမိ၏ ဇာတိမြေမှပင် နှင်ထုတ် နယ်နှင်ဒဏ်ပေးခဲ့ကြ၏။

အချို့သော တမန်တော်များမှာ လုပ်ကြံသတ်ဖြတ်ခြင်း ခံခဲ့ကြရ၏။ အချို့သော တမန်တော်များမှာ မိမိတို့အား အရေးမထားသော ခုခံရန်ပြုလာသော လူသားများကို

---

၁။ အများအားဖြင့် အနောက်တိုင်းစာရေးဆရာများ၌ မှားယွင်းသော အယူအဆတစ်ရပ် ရှိနေကြ၏။ ယင်းအယူအဆမှာ အစ္စလာမ်သည် တမန်တော် မုဟမ္မဒ် (ﷺ) က စတင်ခဲ့သည်ဟူသော အယူအဆပင် ဖြစ်၏။ အချို့စာရေးဆရာများက တမန်တော်မြတ်အား ''အစ္စလာမ်ကို တည်ထောင်သူ'' ဟုပင် ချဲ့ထွင်ခေါ်ဆိုကြ၏။ ဤအချက်ကား ဖြစ်ရပ်မှန်နှင့် ဖီလာဆန့်ကျင် ကန့်လန့်ဖြစ်နေ၏။ တမန်တော်မြတ်သည် အစ္စလာမ်ကို ဟည်ထောင်သူမဟုတ်။ ဖော်ထုတ်သူသာ ဖြစ်၏။ အစ္စလာမ်သည် တမန်တော်အားလုံး၏ အယူဝါဒပင်ဖြစ်ပြီး ယင်းတမန်တော်အားလုံးပင် ဖန်ဆင်းရှင်ထံမှ တူညီသော သတင်းစကားကို ယူဆောင်လာခဲ့ကြသူများ ဖြစ်ကြ၏။ ဤတမန်တော်များသည်လည်း အစ္စလာမ်ကို ထူထောင်ခဲ့သူများပင်ဖြစ်သည်။ အစ္စလာမ်သည် မုန်ကန်သော တမန်တော်များမှတစ်ဆင့် လူသားတို့ထံ ပို့ချပေးခဲ့သည့် ဖန်ဆင်းရှင်၏ ကောင်းကင်ကျ လမ်းညွှန်များဖြင့် ဖွဲ့စည်းထားသည်။ (အယ်ဒီတာ)

ကြွကြွခံရင်ဆိုင်ပြီး မိမိတို့၏ ဘဝတစ်လျှောက်လုံး၌ တရားဓမ္မများကို အဆက်မပြတ် ဟောကြားခဲ့ရာ၌ တပည့်နောက်လိုက် အနည်းငယ်မျှ ရရန်ပင် အနှိုင်နှိုင်ကြိုးစားခဲ့ရ၏။

အနန္တစွမ်းအားရှင်၏ တမန်တော်များသည် မိမိတို့ အဆက်မပြတ်ခံစား ကြုံတွေ့လာရသည့် ဆန့်ကျင်ရန်ပြုမှုများ စော်ကားဝေဖန်မှုများနှင့် ပြစ်တင်မှုများကို ရဲရဲဝံ့ဝံ့ ရင်ဆိုင်ပြီး မိမိတို့၏ ဟောပြောညွှန်ပြခြင်းများကို ရပ်တန့်မှု မပြုခဲ့ကြပေ။ ယင်းကဲ့သို့ သည်းခံနိုင်သော စိတ်ဓာတ်ကြောင့် အဆုံး၌ အောင်မြင်မှုနှင့် တွေ့ခဲ့ရ၏။

သူတို့၏ သင်ကြားပို့ချချက်များမှာ အလဟသမဖြစ်ဘဲ ထိရောက်မှုရှိလာခဲ့၏။ လူပေါင်းများစွာကပင် ယင်းပို့ချချက်များကို လက်ခံလာကြပြီ၊ ထိုတမန်တော်များ တင်ပြသည့် ဘာသာသာသနာသို့ ဝင်ရောက်လက်ခံလာကြ၏။ ရာစုနှစ်ပေါင်းများစွာ အမှန်တရားမှ သွေဖီမှု၊ နလပိန်းတုံးဆန်မှု အသိဉာဏ်ခေါင်းပါးမှုနှင့် အကျင့်စာရိတ္တ ဆိုးသွမ်းမှုကဲ့သို့ အဆက်မပြတ် မှောက်မှားမှုများဘက်သို့ အာသာဝမ်းဝမ်း လိုက်ပါလာသူတို့မှာ နောက်ပိုင်းတွင် အခြားပုံစံတစ်မျိုးမျိုးကို ကျင့်သုံးသွားကြ၏။

တမန်တော်များ သက်ရှိထင်ရှားရှိစဉ်တွင်ပင် ထိုတမန်တော်ကို လက်ခံပြီး သူ၏ သွန်သင်ချက်များကို လက်တွေ့ကျင့်သုံးခဲ့ကြ၏။ တမန်တော်များ ကွယ်လွန်သွားသည်နှင့် ယင်းတို့၏ သွန်သင်ချက်များနှင့် ဘာသာတရားတွင် ယင်းအမျိုးသားများ၏ ရှေးရိုးရာ အယူအဆများ ဟောင်းနွမ်းသည့် အတွေးအခေါ်များနှင့် မှုသားမကင်းသည့် လိဆည်လုပ်ကြံထားချက်များကို အစားထိုးသွတ်သွင်းလာကြ၏။ တမန်တော်များ၏ သွန်သင်ချက်များကို ပြောင်းလဲပြုပြင်ကြပြီး ဖောက်လွှဲဖောက်ပြန် ပြုလုပ်ခဲ့ကြ၏။

အလ္လာဟ်ရှင်အား ကိုးကွယ်မှုနှင့် ပတ်သက်ပြီး လုံးဝ ဒဏ္ဍာရီဆန်ဆန် ပြုလုပ်ခဲ့ကြ၏။ အချို့က တမန်တော်များကိုပင် ကိုးကွယ်ဆည်းကပ်မှု ပြုခဲ့ကြ၏။ တမန်တော်များမှာ ထာဝရအရှင်၏ သားတော်များဖြစ်သည်ဟု ဆိုသူများလည်း ရှိ၏။ ဖန်ဆင်းရှင်နှင့် ယှဉ်တွဲတုပပြီး တမန်တော်များကို ကိုးကွယ်ကြသူများလည်း ရှိ၏။

အကျဉ်းချုပ်ပြောရသော် လူသား၏ အထူးထူးအထွေထွေသော အသွင်သဏ္ဌာန်များမှာ ဤအချက်ကြောင့် မိမိ၏ ဆင်ခြင်တုံတရားကို ရယ်ဖွယ်ဖြစ်အောင် ပြုရာရောက်သည်သာမက မိမိကိုယ်မိမိနစ်မွန်းအောင် ပြုရာသို့လည်း ရောက်သွားခဲ့ရ၏။ ရုပ်တု ဆင်းတု ကိုးကွယ်မှုကို ပြင်းပြင်းထန်ထန် ချေဖျက်သုတ်သင်ခဲ့သည့် တမန်တော်များကိုပင် ကိုးကွယ်ရာအဖြစ် ယင်းတို့၏ ရုပ်ထုများပြုလုပ်ပြီး ခဝပ်ကိုးကွယ်ခဲ့ကြ၏။

ဘာသာတရားတွင် ဓလေ့ထုံးတမ်းစဉ်လာနှင့် နလပိန်းတုံးဆန်သော ကိုးကွယ်မှု စနစ်ကို အရောရောအထွေးထွေးဖြစ်အောင် ပြုလုပ်ခဲ့ခြင်းကြောင့်လည်းကောင်း၊ အခြေအမြစ်မရှိသော ဒဏ္ဍာရီဆန်သော ဖြစ်ရပ်များနှင့် လူလုပ်ဥပဒေသများကို သွတ်သွင်းပြီး ပြောင်းလဲမှုများစွာကို ပြုခဲ့ခြင်းကြောင့်လည်းကောင်း တမန်တော်များတင်ပြခဲ့သည့် မူလ ဘူတ အတွေးအခေါ်များနှင့် အနှစ်သာရများ ပျောက်ပျက်ကာ လူသားတို့မှာ လမ်းမှားသို့ ပြန်ပြီး ရောက်သွားကြ၏။

တမန်တော်များတင်ပြခဲ့သည့် ဘာသာတရား၏ အနှစ်သာရအမှန်မှာ ရာစုနှစ်ပေါင်းများစွာ ကြာညောင်းလာလေလေ ဒဏ္ဍာရီဆန်သော ဖြစ်ရပ်များနှင့် မိစ္ဆာဝါဒများ

အလွန်တရာ စုပုံလွှမ်းမိုးနေခြင်းကြောင့် ယင်းသွန်သင်ချက်များ၏ မူရင်းအနှစ်သာရကို ရှာကြံရန်မှာ ဖွဲ့နှင့် သလဲ အရောရောကြားမှ ဆန်ကောင်းရွေးရသည်ထက်ပင် ပိုမိုခက်ခဲနေပေ၏။

တမန်တော်များ၏ သွန်သင်လမ်းညွှန်ချက်များကို ဤသို့ဖောက်လွဲဖောက်ပြန်ပြုရသည်ကိုပင် အားရကျေနပ်ခြင်းမရှိတဲ့ ဒဏ္ဍာရီဆန်သော ဇာတ်လမ်းများနှင့် တမန်တော်များ၏ ဘဝအတ္ထုပ္ပတ္တိနှင့် ပတ်သက်ပြီး မလျော်မကန် ရေးသားချက်များကိုပင် ထည့်သွင်းလာခဲ့ကြ၏။

ထို့ကြောင့် ထိုကျမ်းစာများတွင် တမန်တော်များ၏ ဘဝအတ္ထုပ္ပတ္တိ အစစ်အမှန်ကို ရှာဖွေလေ့လာရန်ပင် လွယ်ကူမှု မရှိတော့ပေ။ ဤတပည့်နောက်လိုက်များ၏ တရားပျက်မှုကြောင့် တမန်တော်များ၏ လုပ်ဆောင်ချက်တွင် အရှုံးနှင့် ရင်ဆိုင်ရခြင်း မရှိပေ။ ယင်းသို့ ဂမ္ဘီရတမန်တော်များ၏ သွန်သင်ချက်များတွင် ပြုပြင်ပြောင်းလဲမှုအမျိုးမျိုးနှင့် အစားထိုးမှုများစွာ ပါရှိနေငြားသော်လည်း ထိုအမျိုးသားများအကြားတွင် ဖြောင့်မတ်မှန်ကန်သော လမ်းစဉ်အချို့မှာ တည်တံ့သန့်ရှင်းလျက် ရှိနေသည်သာ ဖြစ်၏။

အလ္လာဟ်ရှင်နှင့် ပတ်သက်သည့် အယူအဆနှင့် သေပြီးသည့်နောက် ကြုံတွေ့ရမည့်ဘဝနှင့် သက်ဆိုင်သည့် အတွေးအခေါ်တို့မှာ မူရင်းအဆိုနှင့် တိတိကျကျ တစ်မျိုးမဟုတ်တစ်မျိုး တူညီနေသည်သာ ဖြစ်၏။ အကျင့်သီလကောင်းမြတ်မှု ကိုယ်ကျင့်တရားမြင့်မြတ်မှုနှင့် ကတိသစ္စာ ဖြောင့်မတ်မှန်ကန်မှုဆိုင်ရာ အဆိုအမိန့် စည်းမျဉ်းများမှာ ကမ္ဘာတစ်ဝှမ်းလုံး၌ အနည်းအကျဉ်း ကျန်ရှိနေဆဲပင် ဖြစ်၏။

တစ်နည်းအားဖြင့် တမန်တော်များမှာ မိမိတို့ အမျိုးသားများ၏ စိတ်အတွင်းသဏ္ဌာန်၌ စကြဝဠာလုံးဆိုင်ရာ အယူဝါဒတစ်ရပ်ကို သွတ်သွင်းမွေးထုတ်ပေးပြီးကား ဖြစ်ခဲ့၏။

လူသား၏ သဘာဝနှင့် အကိုက်ညီဆုံးသော အယူတစ်ရပ်ကို ထူထောင်ပေးခဲ့၏။ လောကပါလတရားနှင့် လူ့အသိုက်အဝန်းအသီးသီး၏ ကောင်းမြတ်သော လက္ခဏာတော်များနှင့် ပြည့်ဝနေသည့် အယူဝါဒတစ်ရပ်ကို ညွှန်ပြပေးခဲ့၏။ လူသားထုတစ်ရပ်လုံးအဖို့ သဘာဝကျကျ ယေဘူယျကျကျ လက်ခံမှုပြုနိုင်သော သဘောတရားတစ်ခုကို ပျိုးထောင်ပေးခဲ့ကြ၏။

အထက်တွင် ဆိုခဲ့သည့်အတိုင်း အစပထမပိုင်း၌ တမန်တော်များမှာ လူအမျိုးမျိုး တိုင်းနိုင်ငံအသီးသီးတွင် သီးခြားစီပွင့်ပေါ်ခဲ့ကြခြင်းဖြစ်ရာ တမန်တော်တိုင်း၏ သွန်သင်ချက်တိုင်းမှာ မိမိတို့ ပွင့်ပေါ်ရာဒေသရှိ အမျိုးသားများအတွက် သီးသန့် အထူးရည်ရွယ်ထားသည်ကို တွေ့ရ၏။

ထိုခေတ်အခါက လူ့သမိုင်းကို လေ့လာလျှင် တိုင်းနိုင်ငံ တစ်ခုနှင့် တစ်ခုမှာ ပထဝီအနေအထားအရ သီးခြားစီ တစ်ကွဲတစ်ပြား ရပ်တည်နေသည်ကို တွေ့ရပေမည်။ မိမိတို့နေထိုင်ရာဒေသမှ လွဲပြီး အခြားဒေသများနှင့် ပထဝီအနေအထားအရ ကူးသန်းဆက်သွယ်ခြင်းကိုလည်း မပြုနိုင်ကြပေ။ တိုင်းနိုင်ငံ တစ်ခုနှင့် တစ်ခု အပြန်အလှန် ဆက်သွယ်ရေးအကျိုးပြုရေးတို့မှာ အလွန်အလှမ်းဝေးနေသေး၏။ အပြန်အလှန် အကျိုးပြုမှု ဆက်ဆံနိုင်မှု လုံးဝမရှိသေးပေ။

ဤသို့သော ပတ်ဝန်းကျင် အခြေအနေမျိုး၌ ကမ္ဘာလုံးဆိုင်ရာ ယေဘူယျ ယုံကြည်မှုတစ်ရပ်ကို ကျယ်ကျယ်ပြန့်ပြန့် ပို့ချရန်မှာ လွန်စွာ ခဲယဉ်းနေ၏။ လူသားအချင်းချင်း ပူးပေါင်းဆက်ဆံရေးဆိုင်ရာ လူနေမှုစနစ် ဥပဒေသများကို ကမ္ဘာတစ်ဝန်းလုံးသို့ ဖြန့်ချိပေးရန်မှာလည်း အိပ်မက်ပင် မမက်စကောင်းသော အခြေတွင် ရှိနေ၏။

ထို့ပြင် ထိုကမ္ဘာဦးခေတ်ကာလက တိုင်းနိုင်ငံအသီးသီး၏ ယေဘူယျ အခြေအနေများ၌ပင် ဟစ်နိုင်ငံနှင့် တစ်နိုင်ငံ ကွဲလွဲမှုများစွာ ရှိနေ၏။ သူတို့၏ အမိုက်မှောင်က လွန်စွာ ကြီးမားနေ၏။ လူမျိုးအသီးသီး၏ အကြားဝယ် ယင်းတို့၏ ကိုယ်ကျင့်တရားဆိုင်ရာ ဖောက်ပြန်မှုများနှင့် ယုံကြည်မှုဆိုင်ရာ၌ လိဆယ်မှုများမှာ အနေအထား အသွင်သဏ္ဌာန် အမျိုးမျိုးဖြင့် တည်ရှိနေကြ၏။ ထို့ကြောင့် တမန်တော်များ ပွင့်ပေါ်ရန် လိုအပ်လာ၏။ ထိုဒေသတိုင်းနိုင်ငံများ၌ အမှန်တရားကို ပို့ချပြီး ထာဝရအရှင်၏ လမ်းစဉ်သို့ အောင်မြင်စွာ ပို့ဆောင်ပေးနိုင်ရန်အတွက်ပင် ဖြစ်၏။

တဖြည်းဖြည်းနှင့် မကောင်းမှုဒုစရိုက်များနှင့် စာရိတ္တပျက်ပြားခြင်းများကို အပြီးအပိုင်သုတ်သင်နှိုင်ရန်ပင် ဖြစ်၏။ နလပိန်းတုံးဆန်သော ပုံစံများနှင့် လမ်းစဉ် ဟူသရွေ့ကို အမြစ်ကအစ ရှင်းလင်းပစ်ရန်အတွက် ဖြစ်၏။ ထိုအမျိုးသားများအား ဖြောင့်မတ်မှန်ကန်ပြီး ဘာသာတရား ငေးမြတ်ကြည်ညိုကာ နေထိုင်သွားနိုင်မည့် အရိုးရှင်းဆုံးနှင့် အမြင့်မြတ်ဆုံး ကျင့်စဉ်များကို လက်တွေ့ကျင့်ဆောင်သွားစေရေးအတွက်ပင် ဖြစ်၏။

အကောင်းဆုံးသော လူနေမှုစနစ်နှင့် လူ့ဘဝကို ပုံဖော်နေထိုင်သွားရန်နှင့် ပျိုးထောင်ပေးရန်ပင် ဖြစ်၏။

လူသားအား ဤသို့ အသိတရားရင့်ကျက်လာအောင် ဝိဉာဉ်ပိုင်းဆိုင်ရာ ဗာရိတ္တ ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ၌ တိုးတက်ဖွံ့ဖြိုးမှု ရှိလာအောင် အဘယ်မျှ နှစ်ရာပေါင်း ထောင်ပေါင်းများစွာ ကုန်လွန်စေခဲ့ရသည်ကို အလွှာဟ်ရှင်သာလျှင် သိနိုင်ပေမည်။

စီးပွားရေး၊ ပညာရေး၊ ကူးသန်းသွားလာရေးနှင့် ကုန်ထုတ်လုပ်ရေး တိုးတက်ဖွံ့ဖြိုးပြန့်ပွားလာသည်နှင့်အမျှ တစ်နိုင်ငံနှင့် တစ်နိုင်ငံ အပြန်အလှန် ဆက်သွယ်မှုကို တည်ဆောက်နိုင်ခဲ့၏။ အပြန်အလှန် အကျိုးပြုနိုင်ခဲ့၏။ တစ်နိုင်ငံနှင့် တစ်နိုင်ငံ သိရှိလာခဲ့၏။ ဂျပန်ပြည်နှင့် တရုတ်ပြည်မှသည် ထိုထက် ပိုမိုဝေးလံသော ဥရောပနှင့် အာဖရိက အထိ ရေကြောင်းခရီးအရသော်လည်းကောင်း၊ ကုန်းလမ်းခရီးစဉ်အရသော်လည်းကောင်း ဆက်သွယ်မှုလမ်းက ပွင့်လာခဲ့၏။

လူသားများစွာ အရေးအဖတ် တတ်ကျွမ်းလာခဲ့ပြီး အသိပညာ ဗဟုသုတလည်း ပြန့်ပွားခဲ့၏။ တစ်နိုင်ငံနှင့် တစ်နိုင်ငံ အတွေးအခေါ် အယူအဆချင်း ဖလှယ်နိုင်ခဲ့၏။ တစ်နိုင်ငံနှင့် တစ်နိုင်ငံ ကူးလူးဆက်ဆံ အသိပညာ သင်ကြားနိုင်လာ၏။ နိုင်ငံရေးခြားအထိ ပညာသင်သွားနိုင်ခဲ့၏။ အတိုင်းတိုင်းအပြည်ပြည်ကို အောင်နိုင်ခဲ့သည့် သူရဲကောင်းများ အောင်နိုင်သူများ ပေါ်လာပြီး နိုင်ငံများစွာကို သိမ်းဓာလည်းထားကာ ကြီးမားသော အင်ပါယာ ကြီးများကို တည်ဆောက်နိုင်လာခဲ့ကြ၏။ များစွာသော နိုင်ငံများကို တစ်ခုတည်းသော နိုင်ငံရေးစနစ်ဖြင့် စုစည်းအုပ်ချုပ်လာနိုင်ခဲ့၏။ ဤနည်းအားဖြင့် တစ်နိုင်ငံနှင့် တစ်နိုင်ငံ နီးစပ်မှုပိုလာပြီး ကွဲလွဲချက်မှာ တစ်စထက်တစ်စ နည်းပါးလာခဲ့၏။

ဤသို့သော ပတ်ဝန်းကျင် အခြေအနေအောက်၌သာ လူသားအားလုံးနှင့် သက်ဆိုင်သည့် တစ်ခုတည်းသော တူညီသော ယုံကြည်ချက်ကို ပို့ချပေးနိုင်မည်ဖြစ်၏။

လူသားအားလုံးနှင့် သဟဇာတ မျှတမှုရှိသော လူသားတို့၏ လိုအပ်ချက်အသီးသီးကို ဖြည့်စွမ်းပေးနိုင်သော လူ့ဘဝလမ်းညွှန်ကို ပို့ချပေးရန် အခါအခွင့်က သင့်လာပြီဖြစ်၏။

လူမှုဆက်ဆံရေး၊ စီးပွားရေး၊ နိုင်ငံရေး အပါအဝင် စာရိတ္တပိုင်းဆိုင်ရာ ဝိညာဉ်ပိုင်းဆိုင်ရာ၊ လောကီ လောကုတ္တရာ နှစ်ဖြာစလုံးနှင့် ပြည့်စုံသည့်၊ ထာဝရအရှင်က လူသားထု တစ်ရပ်လုံးအတွက် ပို့ချပေးသည့် အယူဝါဒတစ်ရပ်ကို ပို့ချပေးရန် အခြေအနေပေးလာပြီဖြစ်၏။

လူသားအနေဖြင့် မြင့်မားသော စိတ်ပိုင်းဆိုင်ရာ အရည်အချင်းကို အပြည့်အဝ ရရှိပြီ၊ စကြဝဠာလုံးဆိုင်ရာ သာသနာတစ်ရပ်ကို တောင့်တလာခဲ့သည်မှာ လွန်ခဲ့သော နှစ်ပေါင်းနှစ်ထောင်ကျော်လောက်ကတည်းကပင် ဖြစ်၏။

ဤအချိန်၌ ဗုဒ္ဓသာသနာ ပေါ်လာပြီး လူသားတို့အား ကိုယ်ကျင့်တရားဆိုင်ရာများကို ပို့ချခဲ့သော်လည်း လူနေမှုစနစ်တွင် ပြည့်စုံသောအဆင့်သို့ မရောက်ခဲ့ပေ။ ဗုဒ္ဓဘာသာမှာ အံ့ဩဖွယ်မှ စတင်ထွန်းကားလာပြီး ဂျပန်ပြည်၊ မွန်ဂိုလီးယားပြည်အထိ တစ်ဖက်တွင် ပျံ့နှံ့ခဲ့ပြီး အာဖဂန်နစ်စတန်နှင့် ဘိုခါရာအထိပင် ရောက်ရှိခဲ့၏။ သာသနာပြုရဟန်းများ၏ အတိုင်းတိုင်းအပြည်ပြည်သို့ ခရီးဆန့်သာသနာပြုမှုကြောင့် ကမ္ဘာတစ်ဝန်းလုံး ပျံ့နှံ့လာခဲ့၏။

နောက်ပိုင်း ရာစုနှစ်အငယ် ကြာသောအခါ ခရစ်ယာန်သာသနာ ပေါ်ထွန်းလာ၏။ သခင်ယေရှုက ပို့ချခဲ့သော အယူဝါဒမှာလည်း အစွမ်းမပြင်ဖြစ်သော်လည်း သူ၏ နောက်လိုက်များ၏ ဖောက်လွဲဖောက်ပြန်မှုကြောင့် ခရစ်ယာန်သာသနာ ဖြစ်သွားရ၏။ ဤထင်ရှားသော သာသနာမှာလည်း ပါးရှားပြည်အနှံ့အပြားနှင့် အာရှိုင်းနားအထိ ပျံ့သွားခဲ့သည့်အပြင် ဥရောပနှင့် အာဖရိကတိုက်အထိပါ ရောက်ရှိခဲ့၏။

ဤဖြစ်ရပ်များကပင် ထိုခေတ်ကာလ လူသား၏ အခြေအနေမှာ လူသားထု တစ်ရပ်လုံးနှင့် သက်ဆိုင်သည့် သာသနာတစ်ရပ်ကို လိုလားတောင့်တလျက် ရှိနေသည်ကို အထင်အရှား ထောက်ပြလျက်ရှိပေသည်။

ထိုခေတ်လူသားများမှာ ယင်းတို့၏ လက်ရှိဘာသာတရားမှာ မှန်ကန်ပြည့်စုံမှု မရှိကြောင်းကို သိရှိနားလည်ခဲ့ကြသည်။ ဤအကွက် လူသားအားလုံးနှင့် သက်ဆိုင်သည့် အယူဝါဒတစ်ရပ်ကို တစ်ဘက်က တောင့်တနေရင်း အခြားတစ်ဖက်မှလည်း တိုင်းနိုင်ငံအသီးသီးမှ လူမျိုးအသီးသီး ကိုးကွယ်မှုပြုနေခဲ့သည့် ရှေးဦးသာသနာများမှာ မည်မျှချို့တဲ့မှုမပြည့်စုံမှုနှင့် အားရဖွယ်ရာမရှိမှုများနှင့် ပြည့်နေလင့်စကား ထိုသာသနာများကိုပင် ပြန်မှားအောင်ပြုနေခဲ့ကြရကြသည်။

ဤသို့ လူ့ယဉ်ကျေးမှု အဆောက်အအုံကြီး၏ အပြီးသတ်အချိန် (ဝါ) အပြည့်စုံဆုံးအခြေသို့ ရောက်သောအခါကျမှသာ လူ၏ အတွင်းစိတ်သဏ္ဌာန်မှာ အလိုအလျောက် သူကိုယ်၌က ကမ္ဘာဘာသာတစ်ရပ်ကို တောင့်တလာခဲ့၏။

ဤသို့ အာသာငမ်းငမ်းဖြင့် တောင့်တနေစဉ်မှာပင် လူသားထုတစ်ရပ်လုံးနှင့် ကမ္ဘာတစ်ဝန်းလုံးအတွက် အာရေဗျ၌ တမန်တော်တစ်ပါး ပွင့်ပေါ်လာခဲ့၏။ ထိုတမန်တော် ပို့ချခဲ့သည်ကလည်း အစွလာမ်ပင်ဖြစ်၏။ အပြည့်အစုံဆုံးနှင့် အတောင်အလက် အစုံလင်ဆုံးသောအဆင့်တွင် ရှိသည့် အစွလာမ်ပင်ဖြစ်၏။

လူသား၏ ရုပ်ပိုင်းဆိုင်ရာ အဆင့်နှင့် နာမ်ပိုင်းဆိုင်ရာ လူ့ဘဝအနေအထား အမျိုးမျိုးနှင့် လိုလေသေး မရှိပြည့်စုံနေသည့် အယူဝါဒပင်ဖြစ်၏။ သူသည် လူ့သားထု တစ်ရပ်လုံးအတွက် ပွင့်ပေါ်လာသည့် တမန်တော်တစ်ပါးပင် ဖြစ်၏။

ကမ္ဘာတစ်ဝန်းလုံးအား တရားလမ်းမှန်ပြရန် တာဝန်လွှဲအပ်ခြင်းခံရသူလည်း ဖြစ်၏။ ထိုတမန်တော်သည်ကား အစွလာမ်၏ တမန်တော်ကြီး မုဟမ္မဒ် (ﷺ) သခင်ပင် ဖြစ်၏။

## ✓ တမန်တော် မုဟမ္မဒ် ( ﷺ ) ပွင့်ပေါ်လာချေပြီ

ကမ္ဘာမြေပုံကို တစေ့တစောင်း ကြည့်ရှုမိမည်ဆိုလျှင် အာရေဗျနိုင်ငံထက် ကမ္ဘာလုံးဆိုင်ရာ သာသနာတစ်ရပ်ကို ပိုမို လိုအပ်လျက်ရှိသည့် အခြားသောနိုင်ငံ မရှိကြောင်းနှင့် ဤဒေသထက် ဤသာသနာပွင့်ပေါ်ရန် ပိုမိုသင့်တော်သည့် နိုင်ငံမရှိကြောင်းကို တွေ့ရပေမည်။ ဤနိုင်ငံသည် အာရှနှင့် အာဖရိကတို့၏ အလည်တည့်တည့်၌ရှိ၏။ ဥရောပ နှင့်လည်း များစွာကွာလှမ်းခြင်း မရှိပေ။

တမန်တော်မုဟမ္မဒ် (ﷺ) ပွင့်ပေါ်သော အချိန်၌ ဥရောပတိုက်မှာ ယဉ်ကျေးမှု အတော်အတန် ထွန်းကားနေပြီဖြစ်ပြီး၊ ဥရောပတိုက်သားများမှာလည်း ဖွံ့ဖြိုးတိုးတက်မှု ရှိကြ၏။ ထိုဒေသရှိ လူသားများမှာ အိန္ဒိယရှိလူသားများပမာ အာရေဗျနှင့် အနည်းအများ သာ ကွာလှမ်းစွာ ရှိနေကြ၏။ ဤအချက်ကပင် အာရေဗျသည် ဗဟိုအချက်ကျကျ အလယ်၌ ရှိနေသည်ကို ပြဆိုနေ၏။

ထိုခေတ်သမိုင်းကို ပြန်လည်လေ့လာပါက အရှေ့အမျိုးသားထက် ကမ္ဘာတမန် တော်တစ်ပါး ပွင့်ပေါ်ပေးရန် လိုအပ်နေသည့် အခြားလူမျိုး ကမ္ဘာပေါ်၌ မရှိကြောင်းကိုပါ တွေ့ရပေမည်။

ကမ္ဘာပေါ်ရှိ အင်အားကြီးများသော အမျိုးသားများမှာ ကြီးကဲထင်ပေါ်လိုမှု အတွက် ခက်ခဲစွာ ရုန်းကန်ကြိုးစားခဲ့ရ၏။ ဤကဲ့သို့ အစဉ်တစိုက် ဂုဏ်တဂုဏ်ပြိုင် ပြုလာခဲ့ရခြင်းကြောင့် ခြေကုန်လက်ပမ်းကျကာ အားအင်ချိနဲ့နေကြ၏။

အရှေ့အမျိုးသားများမှာ လန်းလန်းဆန်းဆန်း ထထကြွကြွနှင့် ယောကျ်ားပီသမှု ရှိကြ၏။ တိုးတက်သော လူမျိုးများအကြားတွင် လူမှုရေးအနိဋ္ဌာရုံများနှင့် မကောင်းသော အကျင့်အကြံများကို ထုတ်ဖော်ပေးလျက်ရှိစဉ် အရှေ့များ၌မူ ဤကဲ့သို့ လူမှုရေးအစည်းအရုံး လည်း မရှိသေးချေ။ ထို့ကြောင့် တက်တက်ကြွကြွ ရှိကြသလောက်လည်း ယုတ်ညံ့မှုနှင့် ကာမဂုဏ် အာရုံနောက် တကောက်ကောက်လိုက်ခြင်းတွင်မူ ကမဲကုန်အောင် ဆိုးကြ၏။ ရမ္မက်၏ သားကောင်အဖြစ်မှ မလွတ်ကင်းခဲ့ကြပေ။

ငါးရာစုနှစ်ရှိ ရှုပ်တုဆင်းတု ကိုးကွယ်သော အရင်းများမှာ ကမ္ဘာ့အင်အားကြီး နိုင်ငံများ၏ ယဉ်ကျေးမှုဂယက်နှင့် ဖောက်ပြန်သော လူနေမှုစနစ်၏ မကောင်းမှုဒဏ်ကို ခံစားရခြင်းလည်း မရှိပေ။ သူတို့သည် လူသားတို့တွင် ရှိသင့်ရှိထိုက်သည့် ကောင်းမြတ်သော အရည်အချင်းများကို ပိုင်ဆိုင်ထားကြ၏။ ထိုခေတ်က လူနေမှုစနစ် တိုးတက်ထွန်းကားမှု ရှိနေသူများ၌ပင် ဤအရည်အချင်းများကို မတွေ့ရှိခဲ့ရပေ။ အရင်းများသည် ရဲရင့်၏။ ကြောက်ရွံ့မှုကင်း၏။ ရက်ရောမှုရှိ၏။ ကတိတည်ကြည်၏။ လွပ်လပ်မှုကို မြတ်နိုး၏။

နိုင်ငံရေးအရလည်း အချုပ်အချာကင်းကာ လွပ်လပ်မှုရှိကြ၏။ အင်အားကြီး နိုင်ငံတစ်နိုင်ငံ၏ လက်အောက်ခံအဖြစ် အုပ်ချုပ်ခြင်းကို မခံခဲ့ရပေ။ ဘဝတွင် ရိုးရိုးသားသား နေထိုင်စားသောက်သွားကြ၏။ ဧည့်သည်အပေါ်၌ အလွန်ဧည့်ဝတ်ကျေ၏။ စည်းစိမ်ယစ်မှားခြင်းလည်း မရှိကြချေ။

ယင်းတို့၏ဘဝ၌ အခြားမလိုအပ်သော အရည်အချင်းများစွာ ရှိနေသည့် အချက်ကိုလည်း သံသယမရှိစရာ မလိုပေ။ နောက်ပိုင်း၌ ဤအချက်များကို ဖော်ပြသွားပေမည်။ ဤကဲ့သို့ မကောင်းသော လက္ခဏာရပ်များ ရှိနေခြင်းမှာ အရင်းလူမျိုးများအကြား၌ တမန်တော်ပွင့်ပေါ်ခြင်း မရှိခဲ့သည်မှာ နှစ်ထောင်ပေါင်းများစွာ ကြာခဲ့ပြီဖြစ်သောကြောင့် ပင်ဖြစ်၏။ ယင်းတို့၏ စာရိတ္တ၌ စွန်းထင်နေသော အညစ်အကြေးများကို ဆေးကြောပေးနိုင်မည့် ယင်းတို့ကို ယဉ်ကျေးသော လူသားများအဖြစ်သို့ ပို့ဆောင်ပေးနိုင်မည့် ဦးဆောင်ပုဂ္ဂိုလ်လည်း မရှိခဲ့ပေ။

ရာစုနှစ်ပေါင်းများစွာ သဲကန္တာရအလယ်၌ အထီနီးအကွပ်မဲ့ပြီး ထင်ရာစိုင်းရှင်သန်နေရခြင်းကြောင့် အသိဉာဏ်ခေါင်းပါးမှုများ ပိုမိုပွားများလာခဲ့၏။ ထို့ကြောင့် အရင်းအမျိုးသားများ လူပီသစွာ နေထိုင်သွားနိုင်ရန်အတွက် သာမန်လူသားတစ်ဦးအနေဖြင့် စွမ်းဆောင်ပေးနိုင်မည် မဟုတ်ပေ။ မည်သို့ဆိုစေ တစ်ချိန်တည်းမှာပင် အရင်းများအား ထူးခြားသော စွမ်းအားရှင်တစ်ဦးဦးက ယင်းတို့အား ဖိတ်ခေါ်ပြီး မြင့်မြတ်သော အတွေးအခေါ်နှင့် ပြည့်စုံသော အစီအစဉ်များဖြင့် ပြုစုပျိုးထောင်ပေးသွားမည်ဆိုပါက လက်ခံရန် စွမ်းအား သူတို့တွင် အသင့်ရှိနေကြ၏။

ထိုဖိတ်ခေါ်ချက်ကို မဆိုင်းမတွလက်ခံပြီး မိမိတို့၏ ရည်မှန်းချက်ပန်းတိုင်သို့ ရောက်ရှိရန် အားကြိုးမာန်တက် ကြိုးပမ်းသွားမည်ဖြစ်၏။ ဤအတွက်နှင့် ပတ်သက်လာလျှင်၊ အနည်းငယ်မျှ နောက်ဆံတင်းနေမည်မဟုတ်ဘဲ အရာရာကို စတေးစွန့်လွှတ်ရန် အသင့်ရှိနေကြ၏။ သူတို့၏ အပြုအမူလုပ်ရပ်ကို တစ်ကမ္ဘာလုံးက ဆန့်ကျင်ရန် ပြုလာလျှင်ပင် အနည်းငယ်မျှ စိတ်အနှောက်အယှက် ရှိလိမ့်မည်မဟုတ်ဘဲ ကြွကြွခိုင် ရင်ဆိုင်သွားမည်သာ ဖြစ်၏။

အကယ်စင်စစ် ကမ္ဘာ့တမန်တော်တစ်ပါးဖြစ်သည့် တမန်တော်မုဟမ္မဒ်၏ သွန်သင်လမ်းညွှန်ချက် ပုံပွားရန်မှာ ဤကဲ့သို့ လန်းဆန်းနုပျိုံ တက်ကြွနိုးကြား အစွမ်းထက်ပြီး ယောကျ်ားပီသသည့် အရည်အချင်းကောင်းများနှင့် ပြည့်စုံသူများ ရှိနေရန် အလွန်လိုအပ်၏။

ထို့ပြင် အရဇီစာကို လေ့လာကြည့်ပါလေ။ ထိုဘာသာစကားကို နက်နက်နဲနဲ နှိုက်နှိုက်ချွတ်ချွတ် လေ့လာပါက၊ ကမ္ဘာပေါ်ရှိ မည်သည့်ဘာသာစကားမျှ ထိုဘာသာစကားကဲ့သို့ မြင့်မားသော အတွေးအခေါ်ကို ဖော်ထုတ်နိုင်ရန် ကောင်းကင်ကျ လမ်းညွှန်အသိတရား၏ သိမ်မွေ့နက်နဲသော ပြဿနာရပ်များနှင့် ယဉ်ကျေးသိမ်မွေ့ နူးညံ့မှုကို ရှင်းလင်းပြရန် လူသားတို့၏ နှလုံးသားအတွင်းတွင် စူးရှထိုးဖောက် ဝင်ရောက်နိုင်စွမ်းနှင့် လူသားတို့အား အလွှာဟ်အရှင်အပေါ် ကျိုးနွံခြင်းကို ပုံဖော်ပေးနိုင်သည့် အစွမ်းရှိမည် မဟုတ်ပေ။

ကမ္ဘာဘာသာစကားအသီးသီး၌ အရဇီ ဘာသာစကားသည်သာ အသင့်တော်ဆုံးဖြစ်၏။ သေးငယ်သော ပဒစရများနှင့် ဝါကျတိုကလေးများ၌ပင် ကမ္ဘာကြီးတမျှ ကျယ်ပြန့်သော အတွေးအခေါ်ကို ပေးနိုင်စွမ်းရှိ၏။ စကားလုံးအသုံးအနှုန်းမှာလည်း ပြောင်မြောက်ထိရောက်လွန်းရကား၊ ဖတ်ရှုသူအဖို့ ဘဝင်ခိုက်သွားစေသည်အထိ နှလုံးသားတွင်းသို့ နက်ရှိုင်းစွာ ထိုးဖောက်စူးဝင်သွားနိုင်ပေသည်။

အရဇီစာပေ၏ သာယာနာပျော်ဖွယ်ရာ အသံအနေအထားကြောင့် စိတ်ညွှတ်နူးကာ မျက်ရည်များပင် ကျစေနိုင်၏။ ဝမ်းမြောက်ပိတိ ဖြာစေရ၏။ သာယာချိုအေးငြိမ့်ငြောင်းမှုနှင့် အထူးပင် ကြည့်စုံပေရကား နားဆင်သူအဖို့ ပျားသကာအလား နားဝင်ချိုလှ၏။ ဤသို့ သာယာချိုအေးဖွယ်ရာ ကောင်းလွန်းမှုကြောင့် ကြားရသူတိုင်း ကြက်သီးမွေးညှင်းထကာ သံစဉ်ငြိမ့်ငြောင်းမှုနှင့်အတူ ခန္ဓာကိုယ်ရှိ အကြောအချဉ်များပါ စိမ့်သွားခဲ့ရ၏။

အလွှာဟ်အရှင်၏ ဗျာဒိတ်တော်များကို ဆောင်မည့် ကျမ်းမြတ်ကုရန်အာန်အတွက် စကားလုံးပြောင်မြောက်ကြွယ်ဝပြီး အစွမ်းထက်သည့် ဘာသာစကားအထူးပင် လိုအပ်၏။

ထို့ကြောင့် ထာဝရအရှင်သည် မိမိ၏ ကြီးမြတ်လွန်းသော အနန္တဉာဏ်တော်အရ ကမ္ဘာတမန်တော် ဗွာမြင်ရာဒေသအဖြစ်၊ အာရေဗျပြည်ကို ရွေးချယ်တော်မူခဲ့ရခြင်းဖြစ်၏။

ယခုဆက်လက်ပြီး ကမ္ဘာတမန်တော်ကြီး၏ သာသနာပို့ချမှုအတွက် ကောင်းခြင်းအဖြာဖြာနှင့် ပြည့်စုံလှသည့် လူသားအား ထူးခြားကောင်းမွန် ပြိုင်စံရှားလှသည့်နည်းလမ်းဖြင့် မည်သို့မည်ပုံ ထိုအရှင်က ရွေးချယ်ခဲ့သည်ကို လေ့လာကြည့်ကြပါစို့။

## မုဟမ္မဒ် ( ﷺ ) သခင်၏ တမန်တော်အဖြစ်ကို ဆန်းစစ်သုံးသပ်ချက်

အကယ်၍ တစ်စုံတစ်ဦးအနေဖြင့် မိမိ၏ မျက်စေ့နှစ်လုံးကို မှိတ်ပြီ လွန်ခဲ့သော နှစ်ပေါင်း (၁၄၀၀) အလျှင်က ကမ္ဘာကြီးကို စဉ်းစားတွေးမြင် ကြည့်မိမည်ဆိုလျှင် ယခုမျက်မှောက်ကမ္ဘာကြီးနှင့် အသွင်ချင်းလားလားမျှ မတူညီဘဲ ကွဲပြားခြားနားနေသည့် ကမ္ဘာတစ်ခုကို တွေ့ရှိရမည် ဖြစ်၏။

ယုတ်စွအဆုံး ယနေ့ကာလ ပတ်ဝန်းကျင်၌ တွေ့မြင်နေရသည့် ကြမ်းတမ်းခက်ထရော်မှုများနှင့် ဖရိုဖရဲ ကမောက်ကမဖြစ်မှုများနှင့် အနည်းငယ်မျှ ဆင်ဆင်တူသော အဖြစ်ကို တွေ့ရမည်မဟုတ်ပေ။

အသိဉာဏ်ထွန်းကားမှုမှာ များစွာ နှောင့်နှေးနေသည်ကို တွေ့ရ၏။ လမ်းပန်း ဆက်သွယ်မှုမှာလည်း တိုးတက်ကောင်းမွန်ခြင်း အနည်းငယ်မျှမရှိ နယ်ကျဉ်းနေ၏။ လူ၏ အဲ့သိဉာဏ်မှာလည်း အဆမတန် သေးသိမ်နိမ့်ကျ ခေါင်းပါးနေ၏။ လူ၏အပြင်မှာ လည်း အလွန်ကျဉ်းမြောင်းနေ၏။ လူသားအပေါ် အယူသီးလွန်းမှု ရိုင်းစိုင်းကြမ်းကြုတ်မှု များနှင့် ကောက်ကျစ်စဉ်းလဲသော စိတ်ဓာတ်များကသာ ဖုံးလွှမ်းအနိုင်ယူလျက်ရှိ၏။ အရာရာ၌ အမှောင်ထုကြီးကသာ ပိန်းပိတ်အောင် လွှမ်းခြုံလျက်ရှိနေ၏။ လူ၏ အသိဉာဏ် စက်ဝန်းတွင် ဖျော့တော့သော် ပညာအလင်းရောင်မျှင်တန်းကလေးမှာ ခက်ခဲပင်ပန်းစွာ ဖြင့် အားယူပြီး ဖုတ်လိုက်ဖုတ်လိုက် ထွန်းဝင်းလျက်ရှိနေရ၏။

ဤခေတ်အခါက ကြိုးမဲ့ကြေးနန်းလည်းမရှိ၊ တယ်လီဖုန်းလည်းမရှိ။ ရုပ်မြင်သံ ကြားနှင့် ရုပ်ရှင်ဆိုသည်မှာ ဝေလာဝေး။ ကြားပင် မကြားဖူးကြချေ။

မီးရထား၊ မော်တော်ကားနှင့် လေယာဉ်ပျံတို့ကို အိပ်မက်ပင် မမြင်မက်ဘူးကြ ချေ။ စာပုံနှိပ်စက်လည်း မရှိ၊ သတင်းစာ စာနယ်ဇင်းများကိုလည်း အလျဉ်းမတွေ့ရပေ။ လက်ဖြင့် ကူးရေးပြီး ရှားရှားပါးပါး မှတ်တမ်းတင်ထားသည့် စာပေများလောက်သာ မျိုးဆက်တစ်ဆက်မှ တစ်ဆက်သို့ လက်ဆင့်ကမ်း ထိန်းသိမ်းထားသည်ကို တွေ့ရ၏။ ထိုခေတ်ပညာရေးမှာ ကာမဂုဏ်အားပေးသော ပညာရေးသာဖြစ်ပြီး လူတစ်စုအတွက်သာ ဖြစ်၏။ စာသင်ကျောင်းများမှာ မရှိသလောက်ပင် ဖြစ်၏။

လူ၏အသိဉာဏ် ဗဟုသုတမှာ ဆိုဖွယ်ရာမရှိအောင် ခေါင်းပါးပြီး လူ၏အမြင် မှာလည်း အလွန်ပင် ကျဉ်းမြောင်းနေပေသည်။ လူ၏ အသိဉာဏ်သည် မိမိနှင့် ထိတွေ့နေ သော ပတ်ဝန်းကျင်လောက်တွင်သာ စခန်းရပ်လျက်ရှိ၏။ ထိုခေတ်က သုတေသီတစ်ဦးဦး သည် ယနေ့ခေတ် ပညာမဲ့တစ်ဦးတွင်ရှိသည့် အသိပညာလောက်မျှ တတ်ကျွမ်းခြင်း မရှိပေ။ ဤခေတ်က အယဉ်ကျေးဆုံးသူမှာ ယနေ့ခေတ် လမ်းဘေးက လူလောက်မျှ ယဉ်ကျေးခြင်းမရှိပေ။

အကယ်စင်စစ်တွင် လူသားသည် အမိုက်မှောင်ထုအတွင်းနှင့် အယူသီးမှု သံသရာတွင် နက်ရှိုင်းစွာ တိုးဝင်လျက်ရှိနေ၏။ အသိဉာဏ်၏ အရိပ်အရောင်မှာ ပတ်ဝန်း ကျင်တစ်ခုလုံး၌ ထုလိုက်ထည့်လိုက် ပိန်းပိတ်အောင် စိုးမိုးနေသော အမှောင်ထုနှင့် တုဖက်ယှဉ်နိုင်စွမ်း မရှိခဲ့ပေ။ အရှုံးစစ်ပွဲဆင်နွှဲနေရရှာ၏။

ယနေ့ခေတ်၌ သာမညအဆင့်တွင်သာရှိသည့် အသိပညာရပ်ကလေးကို ရရှိရန် အတွက် နှစ်ပေါင်းများစွာ အောင့်အည်းသည်းခံပြီး တွေးတောရွာဖွေ လေ့လာဆည်းပူးမှု ပြုမှသာ ရရှိနိုင်သည်ဆိုပါက ပို၍ပြောရာကျမည် မထင်ပါ။ ဤခေတ်က လူသားများမှာ ခက်ခဲကြမ်းတမ်းပြီး ဘေးအန္တရာယ် ပြွမ်းတီးနေသည့် ခရီးကြမ်းကြီးတွင်သာ ကျင်လည် လျှောက်လှမ်းနေကြ၏။

ယခုကဲ့သို့ အသိပညာ ထွန်းကားသောခေတ်၌ လူတိုင်းတွင် ရှိနေသည့် သာမန် အသိလေးတစ်ခုကို ရရန်အတွက် ထိုခေတ်က လူသက်တမ်း တစ်ခုလုံးနီးပါးမျှ လေ့လာခဲ့ ကြရ၏။

ယနေ့ခေတ်၌ ဒဏ္ဍာရီဆန်လွန်းသည့် အယူသည်းလွန်းသည်ဟု မှတ်ယူထားသည့် အကြောင်းရပ်များကို ထိုခေတ်က ဟကယ့်အမှန်တရားများအဖြစ် လက်ခံထားကြ၏။ ကျွန်ုပ်တို့အနေဖြင့် ဆိုးသွမ်းယုတ်မာပြီး ကြမ်းကြုတ်ရက်စက်သည်ဟု မှတ်ယူထားသည့် ကိစ္စရပ်များမှာ ထိုခေတ်လူသားတို့အဖို့ နေ့စဉ်လုပ်ရိုးလုပ်စဉ်များ ဖြစ်နေ၏။

ကျွန်ုပ်တို့၏ စာရိတ္တပိုင်းဆိုင်ရာ အသိတရား၌ အပြစ်အနာဆာမကင်းဟု ဆိုထားသည့် အပြုအမူများကို ထိုခေတ် လူသားတို့က ကိုယ်ကျင့်တရား၏ အသက်ဝိညာဉ်သဖွယ် မှတ်ယူထားကြ၏။ ထိုခေတ်က လူသားတစ်ဦးအနေဖြင့် အခြားသော ဘဝလမ်းညွှန်မှုစနစ် ရှိနေကြောင်းကို သိနိုင်ရန် ခက်ခဲစွာ စဉ်းစားရမည်ဖြစ်၏။

ယုံလွယ်တတ်ခြင်းက ထိုခေတ်က လူသားတို့သို့ သဘာဝထက် လွန်ကဲသော ဖြစ်ရပ်များ စုန်းတစ္ဆေကဝေများနှင့် ထူးထူးခြားခြား ဖြစ်ရပ်များတွင်သာ ဇွတ်မိတ်ယုံကြည်နေစေပြီး အခြားကျိုးကြောင်း ဆင်ခြင်တုံတရားနှင့်ညီသော ကိစ္စရပ်များကိုမူ လုံးဝလက်ခံယုံကြည်ခြင်း မရှိစေရန် ဟန့်တားထား၏။ အယူသီးမှုများနှင့် အစွဲအလမ်းကြီးမှုများကို လက်မလွတ်နိုင်အောင် ဖြစ်နေကြ၏။ ဤမျှထိ အတွေးအခေါ် နိမ့်ကျနေကြ၏။ ထိုသူတို့တွင် ဤမျှအထိ ဂုဏ်အင်နိမ့်ကျသေးသိမ်မှုက ပွားများလျက်ရှိနေပေရာ၊ ထိုလူသားများတွင် ကောင်းမြတ်သော ကိုယ်ကျင့်တရား သူတော်စင်စိတ်ဓာတ်နှင့် မြင့်မြတ်သော စိတ်နေစိတ်ထားမျိုး ပိုင်ဆိုင်ထားကြောင်းကိုပင် စဉ်းစားမိမည်မဟုတ်ပေ။

## အာရေဗျ (၀ါ) အမှောင်တွင်းမှ ထဲခုန်း

ထိုကဲ့သို့ ကမ္ဘာတစ်ခွင်လုံး အမှောင်ထုလွှမ်းနေသော ခေတ်အခါက ပိုမိုအမိုက်မှောင် ဖုံးလွှမ်းနေသည့် တိုင်းနိုင်ငံတစ်ခုရှိခဲ့၏။ ဤနိုင်ငံကား အာရေဗျပင်ဖြစ်၏။

ဤနိုင်ငံ၏ အိမ်နီးချင်းနိုင်ငံများဖြစ်သော ပါရှား၊ ဘိုင်ဇန်တိုင်နှင့် အီဂျစ်နိုင်ငံတို့တွင်မူ ယဉ်ကျေးမှု၏ အလင်းရောင်နှင့် ဖျော့တော့မှေးမှိန်သော ပညာ့အလင်းမျှင်တန်းကလေးကို တွေ့နိုင်သေး၏။ ထိုနိုင်ငံများ၏ ဤမျှလောက်သော ယဉ်ကျေးမှုသည်ကား အာရေဗျနိုင်ငံအပေါ်၌ မည်သို့မျှ အထောက်အကူ မပြုနိုင်ချေ။

အာရေဗျပြည်သည် သီးသန့်ထီးထီးကြီး တည်နေသော နိုင်ငံတစ်ခုဖြစ်၏။

ပတ်ဝန်းကျင်တစ်ခွင်လုံး၌ အပြောကျယ်သော သဲပြင်များဖြင့် ဖုံးလွှမ်းလျက်ရှိနေခြင်းကြောင့် အခြားတိုင်းပြည်များနှင့် ဝေးမြင်အဆက်ဖြတ်ထားသကဲ့သို့ ဖြစ်နေ၏။ အရပ်ကုန်သည်များသည် အလှမ်းဝေးလှသော ခရီးရှည်ကြီးများကို လပေါင်းများစွာ သွားလာရင်း ပါလာသော ကုန်ပစ္စည်းများကို ထိုနိုင်ငံများ၌ ဟိုဟိုဒီဒီ ခက်ခဲပင်ပန်း နှေးကွေးစွာ သွားလာရောင်းချ အသက်မွေးမြူကြရ၏။

ဤခရီးရှည်ကြီးတွင် သူတို့အဖို့ အသိပညာ တစ်စွန်းတစ်စ ရနိုင်စရာ လမ်းမမြင်ပေ။ သူတို့၏ ဇာတိနိုင်ငံကိုယ်၌ကလည်း စာသင်ကျောင်းများနှင့် စာကြည့်တိုက်များ မရှိချေ။ မည်သူကမျှ အသိပညာ ပဟုသုတ ဆည်းပူးလေ့လာရန်ကို စိတ်ပင်မကူးကြချေ။ စာတတ်သူ အနည်းငယ်မှာလည်း လက်ရှိ ဝိဇ္ဇာနှင့် သိပ္ပံပညာရပ်များကို ပိုမို တိုးတက်လေ့လာနိုင်အောင် အသိဉာဏ်ပညာ ပြည့်စုံခြင်းမရှိကြပေ။

သူတို့သည် လူသား၏ အတွေးအခေါ်ကို မှတ်သားလောက်ဖွယ်ရာ အကောင်းဆုံး ပုံဖော်ပေးနိုင်စွမ်းသည့် အဆင့်မြင့်များ တိုးတက်မှုရှိသော ဘာသာစကားတစ်ရပ်ကိုမူ ပိုင်ဆိုင်ထားကြ၏။ ထို့ပြင် ဤစာပေ၏ မြင့်မားသော အရသာကိုလည်း ခံစားတတ်ခဲ့ကြ၏။

သို့သော် သူတို့၏ စာပေအကြွင်းအကျန် အပိုင်းအစများကို လေ့လာခြင်းအား ဖြင့် ယင်းတို့၏ အသိဉာဏ်သည် မည်မျှ ကျဉ်းမြောင်းနေပုံ၊ ယဉ်ကျေးမှုသည် မည်မျှ အောက်တန်းနောက်တန်းကျနေပုံ ယင်းတို့၏ စိတ်နှလုံးအတွင်း၌ အဘယ်မျှ အယူသီးမှုများနှင့် ပြည့်နှက်နေပုံ၊ သူတို့၏ အတွေးအခေါ်များနှင့် ဓလေ့ထုံးတမ်းများတွင် အဘယ်မျှ ရိုင်းစိုင်းယုတ်မာ ရက်စက်ကြမ်းကြုတ်မှုများနှင့် ပြွန်းတီးနေပုံနှင့် သူတို့၏ ကိုယ်ကျင့်တရား အဆင့်အတန်းနှင့် ခံယူချက်တို့တွင် အဘယ်မျှ တင့်တယ်မှုမရှိဘဲ ဂုဏ်ရည်နိမ့်ကျနေပုံ တို့ကို အထင်အရှား သိခဲ့ရ၏။

ထိုခတ်အခါက အာရေဗျနိုင်ငံ၌ အုပ်ချုပ်ရေး အဖွဲ့လည်းမရှိချေ။ အာရေဗျ ပြည်တွင်းရှိ လူမျိုးစုအသီးသီးမှာ သူတစ်လူ ငါတစ်မင်း ကိုယ့်မင်းကိုယ်ချင်း အချုပ်အချယ် မရှိ ထင်ရာစိုင်းနေကြ၏။ ဖွဲ့စည်းအုပ်ချုပ်ပုံ စည်းမျဉ်းဥပဒေလည်း ၆ရှိပေ။ တောရွာ ဇနပုဒ်လောက်တွင်သာ ကိုယ်ပိုင်ဥပဒေ ရှိခဲ့၏။

ခိုးဆိုးတိုက်ခိုက်လုယက်မှု ရန်ငြိုးဖြင့် တစ်ပါးသူအိမ်ကို မီးတိုက်မှုနှင့် အပြစ်မဲ့သူများနှင့် အားအင်ချိနဲ့သူများအား သတ်ဖြတ်မှုများကို နေ့စဉ်နှင့်အမျှ ကျူးလွန်လျှက်ရှိနေကြ၏။ အသက်စည်းစိမ်နှင့် ဂုဏ်အင်တို့ကိုလည်း လုံးဝ တန်ဖိုးမထားကြချေ။ အလောင်းအစားဖြင့် ဖြုန်းတီးပစ်ကြ၏။

မျိုးနွယ်မတူသော လူမျိုးစုအချင်းချင်းမှာ တစ်အုပ်စုနှင့် တစ်အုပ်စု အမြဲပင် စစ်ခင်းလျှက်ရှိနေကြ၏။ ဘာမဟုတ်သည့် ကိစ္စလေးနှင့်ပင် တစ်ဦးနှင့် တစ်ဦး အပြစ်ရှာပြီး ဒေါသအမျက် ချောင်းချောင်းထွက်ကာ စစ်မီးတောက်ကို ပွားများစေခဲ့ကြ၏။ ဤစစ်ပွဲများကြောင့် အကြိမ်များစွာပင် တိုင်းပြည်အနှံ့တွင် စစ်မီးလွှဲကြီးများ အဆက်မပြတ် လောင်ကျွမ်းကာ အပျက်အစီးပေါင်း မြောက်မြားစွာကို ဖြစ်ပေါ်စေခဲ့၏။

အကယ်စင်စစ်တွင် ဘဒူကျေးတောသား အရိုင်းအစိုင်းတစ်ဦးအနေဖြင့် အခြားမျိုးနွယ်တစ်စုမှ လူတစ်ဦးအား တုံ့ပြန်လက်စားချေခြင်းမပြုဘဲ အဘယ်ကြောင့် ခွင့်လွှတ်ရမည်ကို သိရှိနားလည်ခြင်း မရှိပေ။ သူ့အနေဖြင့် ထိုသူအား သတ်ပိုင်ခွင့် ထိုသူထံမှ လုယက်တိုက်ခိုက်ပိုင်ခွင့် အမြဲရှိနေသည်ဟု မှတ်ယူထား၍ ဖြစ်၏။[၁]

---

၁။ ပရော်ဖက်ဆာ ဂျိုးဇက်ဟဲလ်ဂ်က သူ၏ သည်အာရပ်စီဗိလိုက်ဇေးရှင် စာအုပ်စာမျက်နှာ (၁၀) ၌ ရေးသားထားသည်မှာ–

''အရဗီတို့၏ ဤကြိုးပမ်းချက်များသည် အမျိုးသားစည်းလုံး၊ ညီညွတ်မှု အသိစိတ်ဓာတ်ကို ပျက်စီးစေခဲ့ပြီး ကုသ၍မရနိုင်သော 'သီးခြားအုပ်စုဖွဲ့နေသော ဂါဒ' ကြီးစိုးမှုကို အားပေး တိုးတက်စေခဲ့၏။ မျိုးနွယ်စုတိုင်းသည် မိမိအလိုကိုသာကြည့်ပြီး အခြားမျိုးနွယ်အပေါ်တွင် သူတ်ဖြတ်မှု၊ တိုက်ခိုက်မှုနှင့် လုယက်မှုတို့မှာ ပြုပိုင်ခွင့်ရှိကြောင်း၊ ဤသို့ပြုလုပ်ခြင်းမှာ တရားဥပဒေနှင့် ကိုက်ညီကြောင်းနှင့် အခြားမျိုးနွယ်ဝင်များမှာ ၎င်းတို့ပြုသမျှ နုကြရမည့် သားကောင်များသာဖြစ်သည်ဟု မှတ်ယူထားကြပေသည်''ဟု ဖြစ်သည်။

ကိုယ်ကျင့်တရားယဉ်ကျေးမှု၊ ဘဝမွာရေးခြားရှိမှုနှင့် ပတ်သက်ပြီး သူတို့သိမြင်ထားသည့် မည်သည့်အချက်တွင်မဆို ရှေးဆန်ပြီး ကောင်းမြတ်မှုနှင့် ပြည့်စုံခြင်း မရှိခဲ့ချေ။ သူတို့အနေဖြင့် အသန့်နှင့် မသန့် တရားဝင်နှင့် တရားမဝင် ယဉ်ကျေးခြင်းနှင့် မယဉ်ကျေးခြင်းတို့ကို ခွဲခြားသိနိုင်စွမ်းလည်း မရှိသလောက်ပင် ဖြစ်၏။

သူတို့၏ ဘဝကား ရိုင်းစိုင်းမှု အတိဖြင့် ပြီးနေ၏။ အပြုအမူများမှာလည်း ရိုင်းစိုင်းကြမ်းကြုတ် ရက်စက်မှုဖြင့် ပြည့်နေ၏။ လုယက်တိုက်ခိုက်ခြင်းသည် သူတို့၏ လက်သုံးဆောင်ပုဒ်ဖြစ်နေပြီး သတ်ဖြတ်မှုနှင့် လုယက်တိုက်ခိုက်မှုတို့ဖြင့် လက်ပွန်းတတီးဖြစ်နေ၏။ တစ်ဦး၏ရှေ့တွင် တစ်ဦးက ဝတ်လစ်စလစ်နေခြင်းကိုလည်း နှလုံးနာစရာကိစ္စဟု မထင်မှတ်ကြချေ။

အမျိုးသမီးများပင်လျှင် ကာမဘာကျောင်းတော်ကို ဝတ်လစ်စလစ်ဖြင့် လှည့်ပတ်ဝတ်ပြုကြ၏။ ဤမျှအထိ အရှက်ကွဲနွေး ဟီရိသြတ္တပ္ပတရား ကင်းမဲ့ကြသူများဖြစ်ကြ၏။ သမီးမိန်းကလေးမွေးခဲ့လျှင် အခြားသူအား သားမက်တော်ရမည်ကို စိုးသောကြောင့် အရှင်လတ်လတ် မြေမြှုပ်သင်္ကြိုဟ်ခဲ့ကြ၏။

ဖခင်ဖြစ်သူ သေဆုံးသွားလျှင် ကျန်ရစ်သူသားများက မိဒွေးဖြစ်သူအား ဇနီးမယားအဖြစ် သိမ်းပိုက်နိုင်၏။ နေ့စဉ် လုပ်ရိုးလုပ်စဉ်ဖြစ်သော စားရေး၊ သောက်ရေး၊ ဝတ်ရေး၊ ဆင်ရေးကိစ္စရပ်များ၌ပင် အသိဉာဏ်ခေါင်းပါးနေသူများ ဖြစ်ကြ၏။

ကိုးကွယ်ယုံကြည်မှုဘက်တွင်လည်း ကမ္ဘာပေါ်ရှိ အခြားသောလူသားများနည်းတူပင် အကြီးအကျယ် မှောက်မှားပျက်စီးပြီး အဓိပ္ပါယ်မဲ့သော ကိုးကွယ်မှုများကို ကိုးကွယ်ယုံကြည်လျက်ရှိကြ၏။

အရစ်တို့သည် ကျောက်တုံးများ၊ သစ်ပင်များ၊ ရုပ်တုများ၊ ကြယ်၊ နက္ခတ်တာရာများနှင့် နာနာဘာဝများကိုပင် ကိုးကွယ်ကြ၏။ အလွှာဟ်အရှင်မြတ်မှလွဲပြီး သူတို့ထင်ရာမြင်ရာ၊ စိတ်ကူးပေါက်ရာတို့ကို ကိုးကွယ်ခဲ့ကြ၏။

ရှေးယခင်က တမန်တော်ကြီးများ၏ သင်ကြားချက်များကိုလည်း တစ်စုံတစ်ရာမျှ နားလည်သိမြင်နိုင်ခြင်း မရှိကြချေ။ တမန်တော် အီဗရာဟင်မ်နှင့် သားတော် အစ္စမာအီလ်တို့သည် ၎င်းတို့၏ ဘိုးဘေးဘီဘင်များ ဖြစ်ကြောင်းကိုမူ အမှတ်ရှိကြ၏။ သို့သော် ထိုတမန်တော်ကြီးများ၏ ဘာသာတရားဆိုင်ရာ သင်ကြားပို့ချချက်များနှင့် ထိုတမန်တော်ကြီးများ ခဝပ်ကိုးကွယ်ခဲ့သော အလွှာဟ်အရှင်နှင့် ပတ်သက်ပြီး မည်သည့် အချက်အလက် တစ်စုံတစ်ရာကိုမျှ မသိရှိကြချေ။

လူကြီးသူမတို့၏ ရှေးဟောင်းစကားများ၌ အားဒ်နှင့် ဆမူးဒ်အမျိုးသားများ၏ ဒဏ္ဍာရီပုံပြင်များကို ကြားသိရသော်လည်း ထိုလူမျိုးစုများတွင် ပွင့်ပေါ်ခဲ့သည့် တမန်တော် ဟူးဒ်နှင့် ဆွာလေဘ်တို့၏ သင်ကြားပို့ချချက် တစ်စုံတစ်ရာကိုမျှ ခြေရာကောက်မိခြင်း မရှိကြချေ။

ရဟူဒီများနှင့် ခရစ်ယာန်တို့ထံမှ အစွရာအီလ်မျိုးနွယ် တမန်တော်များနှင့် သက်ဆိုင်သော ပုံပြင်ဝတ္ထုများကို တစ်ဆင့်လက်ခံရယူခဲ့ကြ၏။ ထိုမြင့်မြတ်သော ပုဂ္ဂိုလ်ကြီးများနှင့် ပတ်သက်ပြီး ဘာတစ်ခုမျှ ရေရေရာရာ သိခဲ့ခြင်းလည်း မရှိကြချေ။

ဤတဇန်တော်များ၏ သင်ကြားချက်များမှာလည်း အရင်းအမျိုးသားများ၏ ကိုယ်ပိုင်ကြွစည် စိတ်ကူးထားချက်များဖြင့် အရောရောအနှောနှောဖြစ်လျက်ရှိရာ ဤတမန်တော်များ၏ ဘဝမှန်မှာ လမ်းစဉ်ဘက်မရအောင် အမှောင်ထုအတွင်း ကျရောက်သွားခဲ့ရ၏။

ယနေ့ခေတ်တွင်ပင် အစွရာအီလ်မျိုးနွယ်များနှင့် ပတ်သက်သော အကြောင်းရပ်များကို ကုရ်အာန်ကျမ်းမြတ်ကို အနက်ဖွင့်ပြသူများ၏ ဖွင့်ဆိုချက်များကို လေ့လာခြင်းဖြင့် ထိုခေတ်က အရင်းလူမျိုးများ၏ ဘာသာရေးခံယူချက်ကို အတော်အတန် တီးခေါက်မိနိုင်ခဲ့၏။

အကယ်စင်စစ်တွင် ထိုအချိန်က ဖော်ကျူးခဲ့သည့် တမန်တော်ပွင့်ပေါ်ခြင်းပန်းချီကားချပ်ကြီးနှင့် အစွရာအီလ် တမန်တော်များ၏ စရိုက်လက္ခဏာများမှာ လူကောင်းသူမွန်များနှင့် အမှန်တရားကို လိုက်နာရပ်တည်သူများနှင့် လုံးဝဆန့်ကျင်နေသည်ကို တွေ့ရပေသည်။

## ကယ်တင်ရှင်ပေါ်လာပြီ

ဤမှု မှောင်ထုဖုံးလွှမ်းနေသော ခေတ်အချိန်အခါအတွင်းမှာပင် ဤတိုင်းပြည်တွင် လူသားတစ်ဦး ဖွားမြင်လာခဲ့၏။

သူကလေးဘဝကတည်းက မိဘများမှာ ကွယ်လွန်သွားခဲ့၏။ များမကြာမီမှာပင် အဘိုးဖြစ်သူလည်း ကွယ်လွန်ပြန်၏။ ထိုအကျိုးတရားကြောင့် သူသည် ထိုခေတ်က အရင်းကလေးငယ်တစ်ဦး ရရှိခံစားခဲ့သည့် ပြုစုယုယမှုနှင့် လေ့ကျင့်ပျိုးထောင်ပေးမှုနှင့် ကင်းဝေးခဲ့ရ၏။

သူသည် ကလေးဘဝအရွယ်က ဘဒူအရင်း ကလေးများနှင့်အတူ သိုးများ၊ ဆိတ်များကို ထိန်းကျောင်းခဲ့ရ၏။

အသက်အရွယ်အတော် ရလာသောအခါ၌ အရောင်းအဝယ် စီးပွားရေးလုပ်ငန်းကို လုပ်ကိုင်ခဲ့ရ၏။ သူနှင့် နေ့စဉ်နှင့်အမျှ ထိတွေ့ဆက်ဆံ ပေါင်းသင်းသွားလာနေရသူများမှာ အရင်းအမျိုးသားများသာလျှင် ဖြစ်၏။ အရင်များ၏ စရိုက်လက္ခဏာများကို အထက်တွင် ရှင်းလင်းဖော်ပြခဲ့ပြီးဖြစ်၏။

သူသည် ပညာရေးနှင့်လည်း အလှမ်းဝေးခဲ့၏။ လုံးဝစာမသင်ကြားရ၊ ကျောင်းလည်း မနေရခဲ့ရပေ။ သူ့အနေဖြင့် ပညာရှိသူများအကြား၌ ဝင်ရောက်နိုင်သော အခွင့်အလမ်းပင် မရရှိခဲ့ပေ။ အကြောင်းမူကား အာရေဗျပြည်၌ ပညာတတ်များ မရှိသလောက် ရှားပါးလွန်းသောကြောင့် ဖြစ်သည်။

သူသည် သူ၏ဇာတိတိုင်းပြည်မှ အခြားတိုင်းပြည်များသို့ သွားရောက်ရန် အခွင့်အလမ်းအနည်းအကျဉ်း ရရှိခဲ့၏။ ဤတိုင်းပြည်များမှာလည်း ဆီးရီးယားနိုင်ငံတစ်ခုလောက်သာ အဓိကဖြစ်ပြီး အရင်ကုန်သည်စုများ၏ အရောင်းအဝယ်အတွက် သွားလာသော သမားရိုးကျခရီးစဉ်တွင် အတူလိုက်ပါသွားခဲ့ရခြင်းလောက်သာဖြစ်၏။ ဤသို့ ခရီးသွားရာ၌

ပညာရှိတစ်ဦးဦးနှင့် တွေ့ခဲ့လျှင်ဖြစ်စေ၊ ဒေသန္တရ ဗဟုသုတမှ လူ့ယဉ်ကျေးမှု အဖြာဖြာကို သုံးသပ်ဆင်ခြင်မိလျှင်ဖြစ်စေ ဤကဲ့သို့ ရံဖန်ရံခါ မဆိုစလောက်သော ဗဟုသုတများနှင့် ဆုံဆည်းရရုံမျှနှင့် သူ၏အရည်အသွေးကို ထွန်းပြောင်အောင် လုပ်နိုင်စွမ်း ရှိမည်မဟုတ်ပေ။

အကြောင်းမူကား ဤကဲ့သို့သော အတွေ့အကြုံများမှာ တစ်စုံတစ်ဦးအပေါ်၌ မည်သည့်အခါမျှ နက်နက်နဲနဲ လွှမ်းမိုးနိုင်မည်မဟုတ်ပေ။ ထိုအရည်အချင်းများမှာ သူ့အား ပတ်ဝန်းကျင်အသိုက်အဝန်းမှ မြှင့်တင်ပေးရန် သူ၏ အနေအထားကို အပြည့်အဝ ပြောင်းလဲသွားရန် ဤသို့ ပင်ကိုယ်မြင့်မြတ်သော ဘဝသို့ မြှင့်တင်ပေးရန်နှင့် သူမွေးဖွား ရှင်သန်ခဲ့ရာ ပတ်ဝန်းကျင်နှင့် လုံးဝပတ်သက်ခြင်းမရှိသည့် ဂုဏ်သရေမျိုးကို ရရှိအောင် ပြုပေးနိုင်ခြင်းမရှိပေ။

အလားတူ သူ၏ ပတ်ဝန်းကျင်ရှိ အမျိုးသားများမှာလည်း သူကဲ့သို့ စာပေ မသင်ကြားခဲ့ရသည့် ဘဂူအရပ်တစ်ဦးကို မိမိနိုင်ငံခေါင်းဆောင်အဖြစ်သို့သာမက ကမ္ဘာ တစ်ဝန်းလုံးက ခေတ်အဆက်ဆက် ကြည်ညိုလေးစား ဂုဏ်ယူခဲ့ရသည့် ခေါင်းဆောင် အဖြစ်သို့ ရောက်ရှိအောင် မည်သည့်ဘက်ကမျှ စွမ်းဆောင်နိုင်အား မရှိခဲ့ပေ။

အကယ်စင်စစ် ဤခရီးစဉ်မှ ရရှိသည့် မဆိုစလောက်သော ဒေသန္တရဗဟုသုတ နှင့် ယဉ်ကျေးမှုအတိုင်းအတာမှာ သူ့အပေါ်၌ မည်သို့မျှ အထောက်အကူမပြုခဲ့ကြောင်း မှာ ထင်ရှားနေပေသည်။ ဤအကြောင်းကို စီးပွားရေး၊ လူမှုရေးနှင့် ကိုယ်ကျင့်တရား ဆိုင်ရာ ယဉ်ကျေးမှုဆိုင်ရာ အယူအဆများနှင့် စည်းမျဉ်းများပါရှိသည့် အစွလာမ်ကဲ့သို့ သူဟောကြားခဲ့သည့်တရားမျိုးမှာ ထိုအချိန်က ကမ္ဘာပေါ်တွင် လုံးဝမရှိခဲ့ဖူးသည့် အချက် ကပင် သက်သေထူနေပေသည်။

ဤသို့သော အသိတရားများက လူသား၏ စရိုက်လက္ခဏာအား မြင့်မြတ်သော အဆင့်နှင့် ပြည့်စုံသော အဆင့်သို့ ဖန်တီးပေးခဲ့သည်ဟုလည်း ကမ္ဘာလောက၏ မည်သည့် နေရာတွင်မျှ မတွေ့ရှိခဲ့ရပေ။

## ကျောက်ဖိုင်းတောမှ စိန်တစ်ပွင့်

ယခုဆက်လက်ပြီး ဤမြင့်မြတ်သော ပုဂ္ဂိုလ်၏ဘဝနှင့် စွမ်းဆောင်ချက်သည် အရပ်လူမျိုးများအတွက်သာမက ကမ္ဘာတစ်ဝန်းလုံးအတွက် ထိုခေတ်အခါက မည်သို့ ရပ်တည်ခဲ့ပုံကို လေ့လာကြပါစို့။

သူသည် သူမွေးဖွားရှင်သန်ကြီးထွားရာ လူမျိုးများအကြားတွင် ၄င်းတို့နှင့် လုံးဝမတူညီဘဲ တစ်မူထူးခြားစွာ သူ၏ လူငယ်ဘဝနှင့် လူလတ်ပိုင်းဘဝကို ဖြတ်ကျော် လာခဲ့သည်မှာ လူကြီးပိုင်းဘဝအထိပင် ဖြစ်၏။

သူသည် ဘယ်အခါကမျှ မုသားစကားကို မပြောခဲ့ဖူးချေ။ သူ၏ အမျိုးသား အားလုံးပင် သူ၏ ဖြောင့်မတ်မှန်ကန်မှုကို တစ်ညီတစ်ညွတ်တည်း လက်ခံအသိအမှတ် ပြုခဲ့ကြ၏။ သူ၏ အဆိုးရွားဆုံးသော ရန်သူကပင် သူ၏ ဘဝတစ်လျှောက်လုံး၌ မည်သည့်ကိစ္စတွင်မဆို မုသားတစ်ခွန်း ပြောခဲ့ဖူးပါသည်ဟု စွပ်စွဲပြောဆိုခဲ့ခြင်း မရှိချေ။

သူသည် အပြောအဆိုဒွိလည်း ယဉ်ကျေးသိမ်မွေ့၏။ မည်သည့်အခါမျှ မကြားဝံ့ မနာသာသော စကား၊ ရိုင်းပျသော စကားနှင့် ဆဲဆိုမှုများကို မပြုခဲ့ချေ။

ဘုံအား လူတိုင်းကပင် ချစ်ခင်မြတ်နိုးကြ၏။ သူ့တွင် မြတ်နိုးဖွယ်ရာ လက္ခဏာအတိဖြင့် ပြည့်ဝနေ၏။ ထိတွေ့ဆက်ဆံဖူးသူတိုင်း၏ စိတ်နလုံးကို ဆွဲငင်ယူနိုင်စွမ်းက သူ့တွင် အပြည့်ရှိနေ၏။ လူတိုင်းလူတိုင်းနှင့် ထိတွေ့ဆက်ဆံရာ၌ သူသည် အမြဲတမ်း မှန်မှန်ကန်ကန် သစ္စာရှိရှိ တရားမျှတစွာ ဆက်ဆံလေ့ရှိသဖြင့် ဆက်ဆံရသူတိုင်းမှာ စိတ်နှလုံးချမ်းမြေ့မှုကို ရရှိခဲ့၏။

သူသည် ကုန်အရောင်းအဝယ် စီးပွားရေးလုပ်ငန်းကို နှစ်အနည်းငယ်ကြာထိ လုပ်ကိုင်ခဲ့၏။ သို့သော် တစ်ခါဖူးမျှ မရိုးသားသောကိစ္စမျိုးကို လုပ်ခဲ့ခြင်းမရှိပေ။ အရောင်းအဝယ်နှင့် ပတ်သက်ပြီး သူနှင့် ဆက်သွယ်လာသူတိုင်းပင် သူ၏ ဖြောင့်မတ်မှုအပေါ်၌ အပြည့်အဝ ယုံကြည်မှုရှိခဲ့ကြ၏။

သူ၏ အမျိုးသားအားလုံးက သူ့အား ''အလ်အမီးန်''(သစ္စာတော်ရှင် ဖြောင့်မတ်မှန်သူ) ဟူ၍ ခေါ်ဝေါ်ခဲ့ကြ၏။ သူ၏ ရန်သူများကပင် သူတို့၏ အဖိုးတန်ပစ္စည်းများကို ယုံယုံကြည်ကြည်နှင့် စောင့်ရှောက်ထိန်းသိမ်းပေးရန် သူ့ထံတွင် အပ်နှံထားခဲ့ကြ၏။ ဤအပ်နှံထားသော ပစ္စည်းများကို သူ၏ အသက်တမျှ ကာကွယ်ထိန်းသိမ်း စောင့်ရှောက်ပေးခဲ့၏။

သူသည် မောက်မှားပလွှားသော နလုံးသားပိုင်ရှင် လူမျိုးစုအကြား၌ ခပ်သိမ်းကုန်သော ကောင်းကြီးကျေးဇူးအပေါင်းနှင့် တင့်တယ်ခဲ့၏။ အရှက်ကွဲဇွန်းလွန်စွာ ကြီးမားခဲ့သူလည်း ဖြစ်၏။ သောက်စားမူးယစ်ခြင်းနှင့် လောင်းကစားခြင်းကို ကောင်းမြတ်ဂုဏ်ရှိသော အလုပ်ဟု မှတ်ယူထားသူတို့အကြား၌ မွေးဖွားရှင်သန် ကြီးထွားလာခဲ့သော်လည်း အရက်ကို လက်ဖျားနှင့်ပင် မထိခဲ့ပေ။

လောင်းကစားဘက်၌ ခုံမင်လိုက်စားခြင်းလည်း မရှိခဲ့ချေ။ သူ၏ အမျိုးသားများသည် ကောင်းသော လက္ခဏာမဆောင် ယဉ်ကျေးမှုမရှိ သန့်စင်မှုမရှိကြသော်လည်း သူကမူကား အမြင့်မားဆုံးသော ယဉ်ကျေးမှုနှင့် အတင့်တယ်ဆုံးသော အမြော်အမြင် စရိုက်လက္ခဏာကို ဆောင်နေခဲ့၏။ သူ၏ ပတ်ဝန်းကျင်တစ်ခုလုံးတွင် နှလုံးသားမရှိသူများဖြင့်သာ ပိုင်းပိုင်းလည်နေသော်လည်း သူ၏ နှလုံးသားကား ကြင်နာတရားဖြင့်သာ အမြဲယိုဖိတ်နေခဲ့၏။

သူသည် မိဘမဲ့များ၊ မုဆိုးမများအား အထူးအရေးထား စောင့်ရှောက်ကူညီခဲ့၏။ ညှဉ်သည်အာဂန္တုများအပေါ်၌လည်း လွန်စွာမှပင် ညှဉ်ဝတ်ကျေခဲ့၏။ မည်သူတစ်ဦးတစ်ယောက်ကိုမျှ ဘေးအန္တရာယ်လည်း ပြုခဲ့ခြင်းမရှိ၊ သူကသာ တစ်ခြားသူများအကျိုးအတွက် များစွာ အနစ်နာခံခဲ့ ဒုက္ခခံခဲ့ ကိုယ်ကျိုးစွန့်ခဲ့ရှာသူ ဖြစ်၏။

စစ်မက်ပြုခြင်းကို ထမင်းစားရေသောက်ဖွယ် သဘောထားကြသည့် အမျိုးသားများအကြား၌ ကျင်လည်ခဲ့ရသူ ဖြစ်သော်လည်း ငြိမ်းချမ်းရေးကိုသာ သူမြတ်နိုးခဲ့၏။ အချင်းချင်း လက်နက်စွဲကိုင်ပြီး တစ်ဦး၏ လည်ချောင်းသွေးကို တစ်ဦးက ဖောက်သောက်နေသော သူ့အမျိုးသားများကို မြင်မိတိုင်း သူ၏ စိတ်အတွင်း၌ အလွန်တရာ ယူကြုံးမရဖြစ်မိ၏။ ထိုသူတို့၏ အဖြစ်ကို ကရုဏာလည်း သက်မိ၏။

သူသည် မျိုးနွယ်စု တစ်ခုနှင့်တစ်ခု အကြားဌ ဖြစ်ပွားနေသော ကမ္ဘာရန်ကြီးကို အဝေးကရှောင်ပြီး ခပ်ကင်းကင်းသာနေခဲ့၏။ တတ်နိုင်သမျှ တစ်ဖက်နှင့်တစ်ဖက် ပြေလည်ငြိမ်းချမ်းမှုရအောင်သာ အထူးတလည် အားသွန်ခွန်စိုက် ကြိုးပမ်းပေးခဲ့၏။

ရုပ်တုကိုးကွယ်သူများအကြားဌ ဖွားမြင်ကြီးပြင်းလာခဲ့ရသော်လည်း ဤရုပ်တုများကို သူက တစ်ခါဖူးမျှ ဦးမညွတ်ခဲ့ချေ။ သူ၏ စိတ်ဝိညာဉ်သည် သန့်စင်လျှက် ရှိ၏။ စကြဝဠာအတွင်းရှိ မိုးမြေနေလ နက္ခတ်တာရာနှင့် သက်ရှိသက်မဲ့အားလုံးသည် ကိုးကွယ်ရာ မဟုတ်ကြောင်းကို သူက ဆင်ခြင်နှလုံးသွင်း၏။ တစ်ဆူတည်းသော စစ်မှန်သည့် အလွှာဟ် အရှင်မြတ်မှလွဲပြီး အခြားခပ်ကိုးကွယ်ခြင်း ခံထိုက်သူမရှိကြောင်းကို သူက အပြည့်အဝ ခံယူထားခဲ့၏။ ထို့ကြောင့် ကလေးဘဝကတည်းကပင် ဤရုပ်တုဆင်း တုများနှင့် ဖန်ဆင်းခံများကို ပူဇော်သက္ကာရပြုသော နေရာသို့ သွားလည်းမသွားခဲ့ချေ။ ဦးလည်း မညွတ်ခဲ့ချေ။

သူ၏ ပကတိ အတွင်းစိတ်အတွင်းမှပင် အလွှာဟ်အရှင်မြတ်မှလွဲပြီး ဤသို့ ဖန်ဆင်းခံများနှင့် သက်ရှိအရာများကို ခဝပ်ကိုးကွယ်ခြင်းကို လွန်စွာပင် မုန်းတီးစက်ဆုပ်ခဲ့သူလည်း ဖြစ်၏။

ဤမျှ ရိုင်းစိုင်းယုတ်မာပြီး အမိုက်မှောင်လွှမ်းနေသော ပတ်ဝန်းကျင်အကြားဌ ထိုပုဂ္ဂိုလ်၏ တောက်ပြောင်မြင့်မားသော ဂုဏ်ရှိန်ကား ပိန်းပိတ်အောင် မှောင်မည်းနေသော အမှောင်ထုအကြားဝယ် ငွေစန္ဒာလမင်းကြီး ဘွားခနဲပေါ်ထွက် ထွန်းလင်းလာသည်နှင့်လည်း တူပေသည်။

## တော်လှန်ရေးတစ်ရပ် ပေါ်လာပြီး

သူ၏ ဘဝတာဌ ဤသို့ဖြူစင်သန့်စင်သော ယဉ်ကျေးသော စရိုက်လက္ခဏာနှင့် အတန်ကြာရှိနေခဲ့ပြီး ကာလတွင် သူ၏ စိတ်အတွင်းဌ ပြုပြင်ပြောင်းလဲမှု (တော်လှန်လိုစိတ်) တစ်ရပ် ပေါ်ပေါက်လာခဲ့၏။

သူ၏ ပတ်ပတ်လည်ဌ ဝိုင်းဝိုင်းလည်နေသည့် ကြီးမားသော အမှောင်ထုနှင့် အသိဉာဏ် ခေါင်းပါးလွန်းမှုတို့ကို ကြည့်ပြီး ကရုဏာဒေါသ ဖြစ်ကာ ပင်ပန်းနွမ်းလျလာမိတော့၏။ အဖက်ဖက်မှ ဝိုင်းရံနေသော မောဟအမိုက်မှောင်ထု တရားမစောင့်စည်းမှု ကိုယ်ကျင့်တရား ပျက်ပြားမှု၊ ရုပ်တုဆင်းတု ကိုးကွယ်မှုနှင့် ကမောက်ကမ ဖြစ်ချင်တိုင်း ဖြစ်နေမှု စသည့်ကြောက်မက်ဖွယ်ရာ ဝဲဩဃကြီးအတွင်းမှ လွတ်မြောက်လိုသော ဆန္ဒ ပေါ်လာ၏။

သူ၏ ပတ်ဝန်းကျင်တစ်ခုလုံးသည် သူ၏ စိတ်နေသဘောထားနှင့် ကိုက်ညီမှု မရှိလုံကို မြင်လာခဲ့၏။ သူသည် လူသံ သူသံ တိတ်ဆိတ်ပြီး လူသူကင်းဝေးရာ တောင်ကုန်း တစ်ခုတွင် သွားရောက်အပန်းဖြေလေ့ရှိ၏။ ဤတောင်ကုန်းအတွင်းဌ တစ်ကိုယ်တည်း သွားနေရင်း တရားဘာဝနာ စီးဖြန်းကာ နေ့ပေါင်း ညပေါင်းများစွာကို ကုန်လွန်စေခဲ့၏။ ဥပုလ်သီလ စောင့်တည်ခြင်းဖြင့် သူ၏ စိတ်ဝိညာဉ်နှင့် နှလုံးသားအား ဝိမုတ္တိ ဖြူစင်သန့်စင်သည်ထက် သန့်စင်အောင် ဝိမုတ္တိမြင့်မြတ်သထက် မြင့်မြတ်အောင် ပြုလုပ်ခဲ့၏။

သူသည် နက်နက်နဲနဲ စဉ်းစားဆင်ခြင် တွေးဆလာ၏။ ဝိုင်းဝိုင်းလည်နေသော အမှောင်ထုကို ဖြိုဖျက်ပေးနိုင်မည့် အလင်းဖရောင်ကို ရှာကြံမိ၏။ သူ့ခေတ်သူ့အခါက တရားပျက်ပြီး ကမောက်ကမ ဖြစ်ချင်တိုင်းဖြစ်နေသည့် ကမ္ဘာကြီးအား ဖြိုဖျက်ပစ်ပြီး ပိုမိုကောင်းမွန်သော ကမ္ဘာသစ်တစ်ခုကို တည်ဆောက်ပေးနိုင်မည့် စွမ်းအားကို ပိုင်ဆိုင်လိုသော ဆန္ဒပေါ်ပေါက်လာ၏။

ကြည့်ကြလော့၊ သူ၏ စိတ်အတွင်း၌ မှတ်သားလောက်သည့် တော်လှန်ရေး တစ်ရပ် ပေါ်ပေါက်လာခဲ့၏။ ရုတ်ချည်းပင် ကောင်းကင်ကျ အလင်းပေးမှုကြောင့် (အလွှာဟ် အရှင်၏ တရားအလင်းရောင်ပေးမှုကြောင့်) သူ၏ စိတ်နလုံးသည် လင်းဝင်းလာခဲ့၏။ သူတမ်းတမျှော်မှန်းခဲ့သည့် စွမ်းအားကို အလွှာဟ်အရှင်က ချီးမြှင့်ပေးခဲ့၏။ သူသည် သွားနေကြ လှိုင်ဂူအတွင်းမှ ထွက်ခဲ့ပြီး၊ သူ၏ အမျိုးသားများရှိရာသို့ သွားရောက်ကာ အောက်ပါအကြောင်းအရာများကို ဟောကြားခဲ့၏။

''အသင်တို့ ခဝပ်ကိုးကွယ်သမှုပြုနေသော ဤဆင်းတုများကား အတု အယောင် များသာ ဖြစ်၏။ ယနေ့မှစပြီး ရှေ့တွင် ယင်းဆင်းတုရုပ်တုများ ကိုးကွယ်မှုကို ရပ်တန့်ကြ လော့၊ သေမျိုးနွယ်ဝင်များ ကြယ်တာရာ နက္ခတ်များ သစ်ပင်တောတောင်များနှင့် နာနာဘာဝ များကား လူတို့၏ ကိုးကွယ်ခြင်းကို ခံထိုက်သည်များ မဟုတ်ချေ။ ဤအ ကြောင်းကြောင့် ယင်းတို့အား ခဝပ်ကိုးကွယ်ခြင်းဖြင့် ယင်းတို့၏ ရှေ့မှောက်၌ အသင်တို့၏ ဦးခေါင်းများကို မညွတ်ကြလေနှင့်''

''စကြဝဠာ အပါအဝင် ၄င်းတွင် ရှိရှိသမျှ အရာအားလုံးကို အနန္တတန်ခိုးတော်ရှင် အလွှာဟ်အရှင်မြတ် တစ်ပါးတည်းကသာလျှင် ပိုင်ဆိုင်တော်မူချေ၏။ အလွှာဟ်အရှင်မြတ် သည်သာလျှင် ဖန်ဆင်းရှင်၊ ရိက္ခာပေးတော်မူသောအရှင်၊ ကျွေးမွေးတော်မူသော စောင့် ရှောက်တော်မူသောအရှင်နှင့် အားလုံး၏ ဦးညွတ်မှုကို ခံယူထိုက်သည့် အားလုံး၏ ခဝပ် ကိုးကွယ်မှု ကျိုးနွံနာခံမှု ပြုထိုက်သည့် ကြီးကဲမြင့်မြတ်သည့် စိုးပိုင်တော်မူသောအရှင် ဖြစ်တော်မူ၏။ ဤအတွက်ကြောင့် အလွှာဟ်အရှင်မြတ် တစ်ပါးတည်းကိုသာ ကိုးကွယ်မှု ပြုကြလော၊ အလွှာဟ်အရှင်၏ အမိန့်တော်များကိုသာ လိုက်နာကျင့်ကြံပါလော''

ခိုးဝှက်ခြင်း၊ လုယက်ခြင်း၊ တိုက်ခိုက်ခြင်း၊ သူတစ်ပါးအား သတ်ဖြတ်ခြင်း မူးယစ်သောက်စားခြင်း လောင်းကစားခြင်း တရားမစောင့်စည်းခြင်းနှင့် ရက်စက်ကြမ်းကြုတ် ခြင်း အပါအဝင် အသင်တို့ ကျူးလွန်နေသမျှ အပြုအမူအားလုံးသည် အလွှာဟ်အရှင်၏ ရှေ့တော်မှောက်၌ ဒုစရိုက်မကောင်းမှုများသာလျှင် ဖြစ်ချေသည်။

အသင်တို့၏ မကောင်းမှု ဒုစရိုက်များကို စွန့်လွှတ်ကြလော့။ အလွှာဟ်အရှင် သည် ယင်းဒုစရိုက်များကို စက်ဆုတ်ရွံရှာတော်မူ၏။

မှန်ရာကိုသာ ပြောလော။ တရားမျှတကြလော။ အချင်းချင်း သတ်ဖြတ်ခြင်း မပြု ကြနှင့်၊ တစ်ဦးနှင့်တစ်ဦး လုယက်တိုက်ခိုက်မှု မပြုကြနှင့် ။ တရားသဖြင့်သာ ရှာကြံစား သောက်ကြ။ အသက်မွေးဝမ်းကျောင်းကြ၊ တစ်ပါးသူများအား ပေးစရာရှိလျှင်လည်း အမှန် အကန် တရားမျှတစွာ ပေးကြလော။

အသင်တို့သည် လူသားများသာဖြစ်ပေရာ အားလုံးသော လူသားဟူသရွေ့ အလွှာဟ်အရှင်မြတ်၏ ရှေ့မှောက်တွင် တန်းတူညီတူ တစ်တန်းတစ်စားတည်းသာ ဖြစ်ကြပေသည်။ မည်သူမျှ ဒုစရိုက်သားကောင်အဖြစ်နှင့် မွေးဖွားလာခြင်းမဟုတ်သလို မည်သူသည်မျှ မွေးကတည်းက ကောင်းသော ဂုဏ်သတင်းဆောင်လာခြင်းလည်း မရှိချေ။ အလွှာဟ်အရှင်အား ကြောက်ရွံ့ပြီး ဘာသာတရား လေးစားသူ၊ စကားအရာနှင့် အပြုအမူတွင် ဖြောင့်မတ်မှန်ကန်သူသည်သာလျှင် ကောင်းမွန်မြင့်မြတ်သောသူ ဖြစ်ချေသည်။

အမျိုးအနွယ်၏ ဂုဏ်နှင့် မွေးပွားရာ အဆင့်အတန်းတို့သည် ဂုဏ်ယူဖွယ်ရာနှင့် ကြီးကဲသော လက္ခဏာရပ်များ မဟုတ်ပေ။ အလွှာဟ်အရှင်မြတ်အား ကြောက်ရွံ့ပြီး ကောင်းသော အပြုအမူကို ကျင့်ကြံသူသည်သာ လူသားများအနက် အမြတ်ဆုံးသော သူဖြစ်ချေ၏။ အလွှာဟ်အရှင်မြတ်၏ နှစ်မြို့မှကို လွှဲရှောင်ပြီး မကောင်းမှု ဒုစရိုက်၌ နစ်မွန်းနေသူသည် အပြစ်ဒဏ်ခံရပေမည်။

''အသင်တို့အားလုံး သေဆုံးပြီးနောက်ဝယ် သတ်မှတ်ထားသည့် နေ့ကြီးတစ်နေ့ကို ရင်ဆိုင်ရပေမည်။ ထိုနေ့တော်ကြီးတွင် အဲ့သင်တို့အားလုံး အလွှာဟ်အရှင်မြတ်၏ရှေ့မှောက်၌ စုဝေးကြရမည်။ ထိုနေ့ကြီးတွင် အသင်တို့၏ ကောင်းမှု မကောင်းမှုနှင့် ပတ်သက်သည့် အပြုအမူအ ားလုံးကို စာရင်းရှင်းရန် ဆင့်ခေါ်ပေလိမ့်မည်။ ဤအခါ၌ အသင်တို့အနေဖြင့် တစ်စုံတစ်ရာကိုမျှ ကွယ်ဝှက်ထားနိုင်စွမ်း ရှိကြမည် မဟုတ်ချေ''

''အလွှာဟ်အရှင်မြတ်ထံမှောက်၌ အသင်တို့၏ဘဝတစ်လျှောက်လုံး၌ ပြုကျင့်ခဲ့သမျှ ကိစ္စအဝဝကို တင်ပြအစီရင်ခံရမည်ဖြစ်၏။ အသင်တို့၏ ကောင်းမှုနှင့် မကောင်းမှုတို့က အသင်တို့၏ကံကြမ္မာကို အဆုံးအဖြတ်ပေးလိမ့်မည်ဖြစ်၏။ ဖြောင့်မတ်သော တရားစီရင်ရာအရှင်၊ အလုံးစုံကို သိမြင်တော်မူသောအရှင်က မိမိ၏ခုံရုံးတော်၌ အသင်တို့အား စစ်ကြောမေးမြန်း စီရင်လိမ့်မည်ဖြစ်၏။ ဤရုံးတော်တွင် မျက်နှာလိုက်ခြင်းနှင့် မျက်နှာသာပေးခြင်းလည်းမရှိ၊ ထိုအရှင်၏ ရုံးတော်တွင် အမျိုးယုတ်ခြင်း၊ မြတ်ခြင်းကိုလည်း ထည့်သွင်းစဉ်းစားလိမ့်မည်မဟုတ်။ ဤရုံးတော်တွင် တံစိုးလက်ဆောင်နှင့် လာဘ်လာဘထိုး၍လည်းမရနိုင်''

''သင်တို့၏ ဆွေဂုဏ်မျိုးဂုဏ်ကိုလည်း အလေးထားလိမ့်မည်မဟုတ်ချေ၊ မှန်ကန်သောယုံကြည်ချက်နှင့် ကောင်းသော အပြုအမူများကသာလျှင် ထိုအချိန်၌ အသင်တို့ဘက်က ရပ်တည်ပေးလိမ့်မည်ဖြစ်၏။ ကောင်းမွန်သော ကိုယ်ကျင့်တရားနှင့် အကျင့်သိက္ခာအပြည့်အဝရှိသူသည်သာလျှင် ကောင်းကင်ဘုံရှိထာဝရ သုခဘုံ (ဂျန္နသ်) တွင် ဝင်ရောက်စံမြန်းနေထိုင်ရမည်ဖြစ်၏။ မကောင်းမှုဒုစရိုက် ပြုကျင့်သူတို့ကား ငရဲဘုံအတွင်းသို့ ပစ်ချခံရပေမည်။''

သူသည် သူ၏အမျိုးသားများအား ဤသို့ တရားထူးတရားမှန် သတင်းကို ဆောင်ကျဉ်းပေးခဲ့၏။ ထိုစကားရပ်များကို ကြားမိသော အမိုက်မှောင် ဖုံးလွှမ်းနေသည့် အမျိုးသားများမှာ ဒေါသူပုန်ထပြီး သူ့အပေါ်၌ ရန်သတ္တရှု ပြုလာကြ၏။ ဤမြင့်မြတ်သော ဟိုရိလ်ထူးအား ကျောက်ခဲများဖြင့် ဦးသီးဦးပေါက်နှယ် တရစပ်ပစ်ခတ်ကြ၏။ အမျိုးမျိုးဆဲရေးပြစ်တင်ခဲ့ကြ၏။

စိတ်ထင်သလို သူ့အပေါ်၌ မကောင်းအမျိုးမျိုး ကြံစည်ခဲ့ကြ၏။ အမျိုးမျိုး ယုတ်မာပက်စက်စွာ နှိပ်စက်ကလူပြုခဲ့ကြ၏။ ဤသို့ညှဉ်းပန်းနှိပ်စက်မှုမှာ တစ်ရက်နှင့် နှစ်ရက် အပြီးသတ်သွားသည်မဟုတ်။ ဆယ့်သုံးနှစ်လုံးလုံး နေ့စဉ်ရက်စက် မနားမနေ ကမ်းကုန်အောင် နှိပ်စက်ညှဉ်းပန်းခဲ့ကြ၏။ ဒုက္ခအမျိုးမျိုးပေးခဲ့ကြ၏။

နောက်ဆုံး ညှဉ်းပန်းနှိပ်စက်မှုဒဏ်ကို မခံရပ်နိုင်လွန်းသဖြင့် ဇာတိချက်ကြွေ မွေးရပ်မြေမှ စွန့်ခွာပြီး အခြားမြို့တစ်မြို့တွင် တိမ်းရှောင်ခိုလှုံခဲ့ရ၏။ သူ၏ ရန်သူများမှာ အခဲမကျေဘဲ သူခိုလှုံနေရာမြို့အထိပင် လိုက်လံပြီး အမျိုးမျိုး ဒုက္ခပေးခဲ့ကြသေး၏။ အာရေဗျတစ်ပြည်လုံးက သူ့အား ဆန့်ကျင်ရန် လှုံ့ဆော်ထကြွလာခဲ့၏။ သူသည် ဤမြို့တွင်လည်း ရှစ်နှစ်လုံးလုံး ညှဉ်းပန်းနှိပ်စက်မှုဒဏ်ကို အလူးအလဲ ခံခဲ့ရသေး၏။

သူသည် ဤမျှ ဒုက္ခခံစားခဲ့ရသော်လည်း ဤဒုက္ခများကို တစ်စက်ကလေးမျှ မမူဘဲ ကြံကြံခံကာ ရင်ဆိုင်ခဲ့ရ၏။ သူသည် ရပ်တည်ချက်ကို တစ်လက်မမျှပင် မရွေ့ခဲ့၊ အထိအပါး မခံခဲ့ချေ။ သူသည် စိတ်ဓာတ်ခိုင်ခိုင်မာမာနှင့် ကြံကြံခံနေခဲ့၏။. သူ၏ ရည်ရွယ်ချက်နှင့် ရစ်တည်ချက်ကို ပြောင်းလဲခဲ့ခြင်း မရှိပေ။

## ရန်မီးပိုင်းပိုင်း ဘာကြောင့်လည်

ထိုအမျိုးသားများသည် မည်သို့မည်ပုံ သူ၏ အဆိုးဝါးဆုံးသော ရန်သူများ ဖြစ်လာခဲ့ရသနည်းဟု တစ်စုံတစ်ယောက်အနေဖြင့် မေးကောင်း မေးလာပေလိမ့်မည်။

ဤကိစ္စသည် ရွှေဖြစ်ငွေဖြစ်ကိစ္စ သို့မဟုတ် လောကီစည်းစိမ်အတွက် မူတည်ပြီး အတိုက်အခံဖြစ်နေရ၍လော၊ သွေးမြေကျခဲ့သည့် ရန်ကြွေးရန်စအတွက်ကြောင့် ဖြစ်ရခြင်းလော၊ သူ့အနေဖြင့် ၄င်းအမျိုးသားများထံမှ တစ်စုံတစ်ရာကို တောင်းဆိုခဲ့ခြင်း ကြောင့်လောဟု လောပေါင်းများစွာ ပေါ်လာဖွယ်ရာ ရှိပါသည်။

အထက်ပါ အကြောင်းချင်းရာများအတွက် ဖြစ်ရခြင်း လုံးဝမဟုတ်ပါ။ တစ်မျိုးသားလုံးက သူ့အပေါ်၌ ရန်ငြိုးဖွဲ့ရခြင်းမှာလည်း ၄င်းတို့အား တစ်ဆူတည်းသော စစ်မှန်သည့် ကိုးကွယ်ရာအရှင် အလ္လာဟ်အရှင်မြတ်အား ခဝပ်ကိုးကွယ်ရန်နှင့် ကောင်းမှုသီလ မွေးမြူပြီး ကိုယ်ချင်းစာတရား ပွားများကာ ဖြောင့်မတ်မှန်ကန်သော လမ်းစဉ်ကို လျှောက်လှမ်းကြရန် ဟောကြားခဲ့သော အကြောင်းအရာအပေါ် အခြေခံ၍ ဖြစ်ရခြင်းသာလျှင် ဖြစ်ပေသည်။

သူသည် ရှစ်တုဆင်းတု ကိုးကွယ်မှုနှင့် အလ္လာဟ်အရှင်မြတ်မှလွဲပြီး အခြားအရာများအား ကိုးကွယ်မှုကို ဆန့်ကျင်ရန်နှင့် သူတို့၏ မကောင်းမှုဖြင့် ပြည့်နှက်နေသော ဘဝကို ပြစ်တင်ပြောဆို ပို့ချခဲ့ခြင်းကြောင့်ပင် ဖြစ်ပေသည်။ သူသည် ယဇ်ပရောဟိတ်များနှင့် သာသနာပိုင်ဝါဒ ဘုန်းကြီးရဟန်းဝါဒများကိုလည်း အမြစ်မှ ဖြတ်တောက်ခဲ့၏။ လူသားအချင်းချင်းအကြား၌ အနိမ့်အမြင့် အဆင့်အတန်းခွဲခြားခြင်းကိုလည်း လုံးဝဝေဖန် ပြောဆိုခဲ့၏။

နလဗိန်းတုံးဆန်ခြင်း သက်သက်ဖြစ်သော အမျိုးအနွယ်ကို ငဲ့ကွက်နေမှုသည်လည်း မှားယွင်းကြောင်းကို သူက ထောက်ပြခဲ့၏။ နှစ်ကာလ အတန်ကြာကတည်းက အမွေဆက်ခံထားသည့် အရိုးစွဲနေသော ဝါဒဆိုးများကို လက်ခံကျင့်သုံးနေသည့် သူ၏ အမျိုးသားအားလုံး၏ အခြေအနေအရပ်ရပ်ကို သူ့အနေဖြင့် လမ်းမှန်သို့ရောက်အောင် ပြုပြင်ပြောင်းလဲ ပေးလိုသော ဆန္ဒပြင်းပြခဲ့၏။

သူ၏ အမျိုးသားများဘက်က ကြည့်လျှင်မူ သူ၏ သာသနာပြုမှုသည် ဘိုးဘွားစဉ်ဆက် စောင့်ထိန်းလာသော အယူဝါဒ ဓလေ့ထုံးစံများကို ရန်သတ္တုရုပြုရာ စော်ကားရာ ရောက်သည်ဟု မှတ်ယူထားကြ၏။ ထို့ကြောင့် သူ့အား ဤအလုပ်ကို ရပ်တန့်မည်လော၊ ဆက်လက်လုပ်ဦးမည်လောဟု အရေးဆိုလာကြ၏။ ဤအလုပ်ကို မစွန့်လွှတ်ဘဲ ရှေ့သို့ ဆက်ခဲ့ပါက အဆိုးဝါးဆုံးသော ညှဉ်းပန်းနှိပ်စက်မှု၏ အရသာကို အမြဲခံစားရမည်ဟု ခြိမ်းခြောက်ခဲ့ကြ၏။

တစ်ဦးတစ်ယောက်အနေဖြင့် သူသည် ''မည်သည့်အတွက်ကြောင့် ဤဘေးအန္တရာယ်ဆိုးများနှင့် ရင်ဆိုင်ခဲ့ရသနည်း''ဟု မေးကောင်းမေးနိုင်ပေသည်။ အကယ်၍ သူအနေနှင့် ဤသို့ ဟောကြားပို့ချခြင်း မပြုခဲ့လျှင်လည်းကောင်း၊ သူ၏ သတင်းကောင်းအား မဖြန့်ဝေခဲ့လျှင်လည်းကောင်း သူ၏အမျိုးသားများက သူ့အား ဘုရင်အဖြစ် မြွှောက်စား ရန်လည်း သဘောတူထားကြသည့်အပြင် သူတို့ ချမ်းသာသမျှကို သူ၏ ခြေတော်ရင်း၌ ရက်ရောစွာ ပုံအောပေးပါမည်ဟုလည်း အတိအလင်း ကတိပေးခဲ့ကြ၏။[၁]

---

၁။ တမန်တော်မြတ် မုဟမ္မဒ် (ﷺ) သည် မှန်ကန်သော လမ်းစဉ်ကို ပို့ချရာ၌ ဒုက္ခမုန်တိုင်းနှင့် ဝိုင်းဝိုင်းလည်နေအောင် ခံစားရင်ဆိုင်ခဲ့ရ၏။ အလုံးစုံသော ဒုက္ခဆင်းရဲများ ဆန့်ကျင်ရန် သတ္တုရုပြုခြင်းများနှင့် ညှဉ်းပန်းနှိပ်စက်ခြင်းများကို အပြုံးမပျက် ရင်ဆိုင်ခဲ့၏။ အနိုင်အထက်ပြုမှုများနှင့် ဝေဖန်ကဲ့ရဲ့ ရှုံ့ချမှုများကို အရေးမထားဘဲ မိမိယုံကြည်ချက်အပေါ်၌ အခိုင်အမာ ရပ်တည်ခဲ့၏။ တစ်မျိုးသားလုံး၏ ခြိမ်းခြောက်ရန်ပြုမှုများကို သူ့အနေနှင့် အနည်းငယ်မျှ ကြောက်ရွံ့တုန်လှုပ် ခြင်းမရှိကြောင်းနှင့် ပြင်းထန်စွာ ညှဉ်းပန်းနှိပ်စက်မှုများက သူနှင့် သူ့နောက်လိုက်များအား တစ်လက်မမျှပင် နောက်ဆုတ်ရန် မစွမ်းဆောင်နိုင်ခြင်းကို သူတို့သိလာသောအခါဟွင် အခြားတစ်မျိုးလှည့်ပြီး ကြဲစည်မှုကို ပြုပြန်၏။ သို့သော် ဤကြဲစည်ချက်သည်လည်း အပြစ်ဒဏ်ခတ်ရန် ရှေးမဆွေးကတည်းက တင်ကူးစီမံထား သည့် အကြံပင်တည်း။

ကုရိုက်ရှ်ခေါင်းဆောင်များအနက်မှ ကိုယ်စားလှယ်အဖွဲ့တစ်ဖွဲ့က တမန်တော်မြတ်အား ဆင့်ခေါ်ပြီး သူတို့တွေးမိသမျှ လောကီစည်းစိမ်ဥစ္စာများ ပေးကမ်းခြင်းဖြင့် လာဘ်ထိုးရန် ကြိုးစားခဲ့ကြ၏။ သူတို့က တမန်တော်မြတ်အား–

''အသင့်အနေဖြင့် စည်းစိမ်ချမ်းသာနှင့် ကြွယ်ဝသောအဖြစ်သို့ ရောက်လိုလျှင် အသင် အလိုရှိသည်ထက် ပိုပြီး ကျွန်ုပ်တို့အနေဖြင့် စုပုံပေးပါမည်။ အသင့်အနေဖြင့် ကျော်ကြားမှုနှင့် တန်ခိုးအာဏာကို မက်မောလိုလားတောင့်တခဲ့လျှင်လည်း အသင့်အား ကျွန်ုပ်တို့က တစ်နိုင်ငံလုံး၏ ရှင်ဘုရင်အဖြစ် မြွှောက်စားချီးမြှင့်ပြီး သစ္စာခံကြရန် အစဉ်သင့်ဖြစ်ပါသည်။ အသင့်အနေဖြင့် အချောအလှ မိန်းမမြတ် လှကေရီယျိကလေးများဖြင့် လက်ဆက်ထိမ်းမြားလိုလျှင်လည်း အသင်ကြိုက်ရာ အလှဆုံးသော ဇာတီအမျိုးစင်ကလေးဖြင့် အသင့်အား လက်ဆက်ပေးပါမည် ''ဟု ပြောကြား၏။

သို့သော် ထိုအမျိုးသားများ၏ လိုလားချက်မှာ သူ၏ သာသနာဖြန့်ချီမှုကို စွန့်လွှတ်ပစ်ရန်ပင် ဖြစ်၏။ ဤစကားရပ်များမှာ သေမျိုးနွယ်ဝင် လူသားတစ်ယောက်အဖို့ အင်မတန်မှ သည်းခြေကြိုက်

အဘယ်ကြောင့် သက်တောင့်သက်သာ အေးငြိမ်းစွာနေရမည့်အဖြစ်နှင့် အစစပြည့်စုံသည့်အဖြစ်တို့ကို သူက လစ်လျူရှုခဲ့ရပါသနည်း။ သူသည် လောကီစည်းစိမ်များထက် ပိုမိုကောင်းမွန် အရေးပါသည့် ကောင်းကျိုးချမ်းသာ အောင်မြင်မှုများကို ရှာကြံတွေ့ရှိထား၍လော။

လောကီချမ်းသာများသည် အဆိုပါ အောင်မြင်မှုနှင့် နှိုင်းစာသော် အရေးမပါ၊ အဓိပ္ပါယ်မဲ့နေ၍လော၊ ဒဲ့အဆိုပါ ကောင်းကျိုးချမ်းသာ အောင်ခြင်မှုများမှာ အလွန်တစ်ရာမှ လိုချင်မက်မောဖွယ်ရာဖြစ်နေ၍ သူသည် မီးပင်လယ်ကိုဖြတ် ခေးတောင်ကို ခက္ပါလွှား

---

စကားပင် ဖြစ်၏။ မည်သည့်လူသားမဆို အာဏာစည်းစိမ်ဥစ္စာများနှင့် ဖိနိးမလှများနှင့် တွေ့လျှင် မိမိတို့၏ ရပ်တည်ချက်ကို စွန့်လွှတ်ပစ်ရန် ဝန်မလေးကြချေ။ သို့သော် သူသည် မြတ်နိုးမက်မောဖွယ်ရာ ပေးကမ်းချက်များကို ငြင်းပယ်ပြီးသူ၏ လမ်းစဉ်အတိုင်း ကြွကြွခိုင် ရပ်တည်သွားရန်ကိုသာ ရွေးချယ်ခဲ့၏။ အဘယ်ကြောင့်နည်း။ ထိုအချိန်သားအားလုံး ဖြောင့်မတ်မှန်ကန်ပြီး သူတော်စင်များဘဝသို့ ရောက်သွားခဲ့လျှင် သူ့တွင် တစ်စုံတစ်ခုသော အောင်ခြင်မှုကိုရရန် လမ းရှိနေ၍လော။

မည်သည့်အကြောင်းကြောင့် သူသည် ဓနချမ်းသာ၊ ကာမဂုဏ်စည်းစိမ်၊ ဘုရင်အဖြစ်နှင့် ဘုန်းတန်ခိုးကျက်သရေ ထုင်ပေါ်ကျော်ဇောမှတို့ကို အနည်းငယ်မျှပင် ဂရုစိုက် အလေးထားခြင်း မရှိခဲ့ရပါသနည်း။

ထိုအရာများမှာ တမန်တော်မြတ်၏ အမြင်၌ ဘာမျှ ခွဲမက်မြတ်နိုးစရာ မဟုတ်ခဲ့ပေ။ အာရေဗျပြည် ခေါင်းဆောင်ကြီးများ၏ ကိုယ်စားလှယ်များက ပထမတွင် မိမိတို့၏ တောင်းဆိုချက်ကြောင့် သူ့အနေဖြင့် လက်လျော့သွားမည်ဟု တွေးထင်ခဲ့ကြ၏။ အဆုံးတွင် သူတို့သာ လက်လျော့သွားခဲ့ကြရ၏။ တမန်တော်မြတ်က–

''ကျွန်ုပ်အနေဖြင့် မစင်ကြယ်သည့် စီးပွားဥစ္စာ စည်းစိမ်ချမ်းသာများကိုလည်း အလိုမရှိ၊ ဂုဏ်အဆင့်အာဏာကိုလည်း မမက်မော၊ အလွှာဟ်အရှင်မြတ်က လူသားတို့အား သတိပေး လမ်းညွှန်သူအဖြစ်နှင့် ကျွန်ုပ်အား တာဝန်ပေးခိုင်းစေခဲ့သည်။ အသင်တို့အနေဖြင့် ကျွန်ုပ်၏ ပို့ချချက်များကို လက်ခံခဲ့လျှင် ဤဘဝ၌လည်း ကောင်းကျိုးချမ်းသာ ပျော်ရွှင်မှုကို ရရှိမည်ဖြစ်သလို နောင်တမလွန်ဘဝ၌လည်း ထာဝရကောင်းကျိုးချမ်းသာကို ခံစားကြရပေမည်။ အသင်တို့အနေဖြင့် အလွှာဟ်အရှင်၏ ဗျာဒိတ်တော်ကို လက်မခံ ငြင်းပယ်ခဲ့လျှင်လည်း ကေန်မုချ အလွှာဟ်အရှင်သည်သာ အသင်တို့နှင့် ကျွန်ုပ်၏အကြားတွင် အဆုံးအဖြတ်ပေးလိမ့်ဖြစ်၏'' ဟု ဖြေကြားခဲ့ပေသည်။

အခြားသော အဖြစ်အပျက်တစ်ခုတွင်မူ အာရေဗျပြည်၏ ခေါင်းဆောင်များက တမန်တော်မြတ်၏ ဦးလေးတော်အား ဝိုင်းဝန်းပြီး တူတော်မောင်၏ သာသနာဖြန့်ချီရေးလုပ်ငန်းကို စွန့်လွှတ်ရေးအတွက် ဖြားယောင်းပြောဆိုပေးရန် အရေးဆိုခဲ့ကြ၏။ ဤဦးလေး၏ စကားကိုလည်း တမန်တော်မြတ်က အောက်ပါအတိုင်း ပြတ်ပြတ်သားသားပင် အဖြေပေးခဲ့သည်မှာ–

''ဒုံ့ ဦးလေးတော်၊ ထိုသူများအနေဖြင့် ဤသာသနာဖြန့်ချီရေးကို စွန့်လွှတ်ရေးတွက် ကျွန်ုပ်လက်ျာလက်တွင် သူရိယနေမင်းနှင့် လက်ဝဲလက်တွင် စန္ဒာလမင်းကြီးတို့ကို ပေးပင်ပေးသော်ငြားလည်း ကျွန်ုပ်၏လမ်းစဉ်ကို တားဆီးပိတ်ပင်နိုင်စွမ်း ရှိလိမ့်မည် မဟုတ်ပါ။ ကျွန်ုပ်အနေဖြင့် ဤလုပ်ငန်းကြီးအား မည်သည့်အခါမျှ စွန့်လွှတ်လိမ့်မည်မဟုတ်ပါ။ အလွှာဟ်အရှင်မြတ် အလိုတော်အတိုင်း အထမြောက်သည်အထိ ဆက်လက်လုပ်ကိုင်သွားမည်သာ ဖြစ်ပါသည်။ သူတို့၏ ကြိုးပမ်းချက်ကို ကျွန်ုပ်ချေမှုန်းပစ်ပါမည်။''

ဤကား တမန်တော်မြတ်၏ မိမိ၏ကြေညာချက်အတွက် တစ်စက်ကလေးမျှ နောက်မဆုတ်သော သံမဏိစိတ်ဓါတ်ပင်တည်း။

သွားရမည့် လမ်းစဉ်အား လိုက်ခဲ့ရခြင်းလော။ စိတ်ဆင်းရဲ ကိုယ်ဆင်းရဲ ဖြစ်စေရသည့် ညှဉ်းပန်းနှိပ်စက်မှုဒဏ်အမျိုးမျိုးကို နှစ်ကာလများစွာ မတွန့်အဆုတ် ခံစားရမည့် လမ်းစဉ်တို့ကို ရွေးချယ်ခဲ့ရခြင်းလော၊ မည်သူမဆို ဤမေးခွန်းများ၏အဖြေကို ရှာဖွေရန် နက်နက်နဲနဲ ဆင်ခြင်တွေးတောရပေမည်။

လူတစ်ဦးသည် မိမိ၏ပျော်ရွှင်ချမ်းသာကို အပျက်အစီးခံပြီး အခြားသူများကောင်းစားရေးအတွက် ရှေးရှုကြိုးပမ်းနေစဉ် ထိုသူများကပင် မိမိတို့ကောင်းစားမှုအတွက် အစွမ်းကုန် ကြိုးပမ်းနေသော ဤပုဂ္ဂိုလ်အပေါ်၌ ကျောက်ခဲများဖြင့် ပစ်ခတ်ခဲ့သည်။ သူ့အား ဆဲဆိုခြင်း ပြစ်တင်ကဲ့ရဲ့ခဲ့သည်။ ညှဉ်းပန်းနှိပ်စက်ခဲ့ကြသည်။ ဤပုဂ္ဂိုလ် ခိုလှုံနေရာအရပ်ထိပင် ၎င်းတို့က လိုက်လံနှောင့်ယှက်ပြီး ၎င်းအား ခိုလှုံခွင့်မပေးရန် အမျိုးမျိုး ကြံစည်ခြင်းဖြင့် ဒုက္ခအဖုဖုကို ပေးခဲ့ကြသည်။ သို့တိုင်အောင် မိမိအား ရန်ပြုသူများ၏ ကောင်းကျိုးချမ်းသာအတွက် ကြိုးပမ်းမှုများကို ရပ်တန့်မသွားဘဲ နေခဲ့သူထက် မိမိ၏ နောက်လိုက်ငယ်သားများအတွက် ကိုယ့်ကိုယ်ကို အနစ်နာခံမှု လက်အောက်ငယ်သားများအား စာနာထောက်ထားမှုနှင့် စိတ်သဘောထားကောင်းမွန်မှုအရာ၌ ထိုသူထက် သာလွန်မြင့်မားသော စံနမူနာမျိုးကို တစ်စုံတစ်ဦးအနေဖြင့် စဉ်းစားပင် စဉ်းစားနိုင်ပါ့မည်လော။

လိမ်လည်လှည့်ဖျားတတ်သူ တစ်စုံတစ်ဦးအနေဖြင့် မမှန်သောအကြောင်းတစ်ခုမှသားတစ်ရပ်အတွက်နှင့် ဤမျှများပြားလှသော ဒုက္ခအမျိုးမျိုးကို တွေ့ကြုံခံစားပြီး နေနိုင်ပါမည်လော။

မရိုးသားသော အတွေးသမားတစ်ဦးနှင့် စိတ်ကူးယဉ်သမားတစ်ဦးဦးအနေဖြင့် ဘေးအန္တရာယ်များနှင့် ရင်ဆိုင်ရသော အခါမျိုးနှင့် တစ်တိုင်းပြည်လုံးက သူ့အား လက်နက်စွဲကိုင် ဆန့်ကျင်ရန် တာဆူလာသောအခါမျိုးတွင် ထိုသူအနေဖြင့် မိမိ၏ခိုင်မာသော သန္ဓိဌာန်အပေါ်၌ ကြံ့ခိုင်စွာ ဆက်လက်ပြီး ရပ်တည်နိုင်ပါ့မည်လော။

ဤယုံကြည်ချက် ဤဖွဲ့လုံ့လနှင့် ကြံ့ခိုင်သော စိတ်တို့ဖြင့် မိမိ၏လှုပ်ရှားမှုကို အဆုံးစွန် အောင်မြင်မှုရသည်အထိ ဦးတည်ဆောင်ရွက်သွားခဲ့ခြင်းကပင် သူ၏အကြောင်းနှင့် သူ၏လုပ်ရပ်သည် သစ္စာမြင့်မား မှန်ကန်မှုရှိနေပုံကို အခိုင်အလုံသက်သေထူနေချက်တစ်ရပ်ပင် ဖြစ်၏။

မိမိ၏ ရပ်တည်ချက်အပေါ်၌ အနည်းငယ်မျှ သံသယဝင်လာမိသည်နှင့် မိမိကိုယ်မိမိ အနည်းငယ်မျှ ယုံကြည်မှုမဲ့မိသည်နှင့် သူ့အနေဖြင့် မိမိအပေါ်၌ ၂၁ နှစ်လုံးလုံး ကာလကြာရှည်စွာ မုန်တိုင်းထန်နေသော ဒေါသရန်ငြိုးများကို မည်သည့်နည်းနှင့်မျှ ရဲရဲပုံ့ပုံတွန်းလှန် ရင်ဆိုင်နိုင်မည်မဟုတ်ချေ။ ဤကား သူ့ဘဝ၌ ပြုခဲ့သည့် တော်လှန်ရေးတစ်ရပ်ပင်ဖြစ်၏။ အခြားတစ်ခုကား ထို့ထက်ပင် အံ့သြဖွယ် မှတ်သားဖွယ် ပိုမိုကောင်းမွန်နေပေသေးသည်။

## ပြောင်းလဲလာသည့် အသက်လေးဆယ်အရွယ်

သူသည် အသက် (၄၀) အရွယ်အထိ အရင်လူမျိုးများအကြား၌ အရင်တစ်ဦး အဖြစ် နေထိုင်ခဲ့၏။ ဤမျှကာလကြာရှည်စွာ နေထိုင်ခဲ့သော်လည်း သူ့အား နိုင်ငံရေး သမားအဖြစ်ဖြင့်လည်းကောင်း၊ တရားဟောဆရာအဖြစ်ဖြင့်လည်းကောင်း၊ အာဝဇ္ဇာန်းရွှင် သော စာဟောဆရာအဖြစ်ဖြင့်လည်းကောင်း ကျော်ကြားလူသိများခဲ့ခြင်းကား မရှိပေ။

သူသည် နောက်ပိုင်း၌ ဆင်ခြင်တုံတရား ပညာဉာဏ်အမြော်အမြင်နှင့် ပြည့်ဝ သော စကားရတနာကို စတင်ဟောကြားခဲ့ရာ ယခင်က ဤစကားမျိုး သူ့ထံမှမည်သူ တစ်ဦးတစ်ယောက်မျှ ကြားဖူးခဲ့ခြင်းမရှိချေ။ ရုပ်ပိုင်းဆိုင်ရာ အဘိဓမ္မာများ၊ လောကနီတိ၊ ဥပဒေရေး၊ နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးကိစ္စများကို ယခင်က ဆွေးနွေးပြောဆိုခြင်းကို လည်း ဘယ်အခါမျှ မတွေ့ရချေ။ စစ်ဗိုလ်ကြီးတစ်ဦးအဖြစ်လည်း သူသည် လေသံမျှ မဟာခဲ့ဖူးချေ။

သူသည် အလွှာဟ်အရှင်၊ ကောင်းကင်တမန်တော်များ၊ ကောင်းကင်ကျကျမ်းစာ များ၊ ပွင့်လေပြီးသမျှ တမန်တော်များ၊ အတိတ်ခေတ်က နိုင်ငံများ တိုင်းပြည်များ၊ တရား စီရင်ရမည့် နေ့တော်ကြီး၊ သေပြီးနောက်ဘဝ သုခဘုံနှင့် ငရဲဘုံတို့အကြောင်းကိုလည်း ရှေးယခင်က ပြောကြားခဲ့ခြင်းလည်း မရှိချေ။

သူသည် ထူးကဲသော စရိုက်လက္ခဏာနှင့် နှစ်လိုဖွယ်သော အပြုအမူများကို ပိုင်ဆိုင်လျက်ရှိနေကြောင်းကမူ သံသယဖြစ်စရာမရှိချေ။ မြင့်မားသော ယဉ်ကျေးမှုရှိသူ လည်း ဖြစ်၏။

အနာဂတ်ကာလ၌ ကြီးကဲသော ပြုပြင်ရေးသမားကြီးအဖြစ်သို့ သူအား ပို့ဆောင် ပေးနိုင်မည့် နက်နဲအံ့ဩဖွယ်ရာနှင့် ကြီးကဲသော ထူးခြားချက်များ ရှိနေခြင်းကို မတွေ့ရပေ။ သူနှင့် သိရှိသူများက သူ့အား စိတ်ထားတည်ကြည်အေးဆေးသူ၊ စိတ်နှလုံးသိမ်မွေ့သူ၊ ကောင်းမြတ်သော ပင်ကိုယ်ဘာဝရှိပြီး ဥပဒေကို စောင့်ထိန်းသောသူအဖြစ်ကိုမူ သိရှိ လက်ခံထားကြ၏။

သို့သော် တရားထိုင်ရာ လှိုဏ်ဂူအတွင်းမှ ထွက်ခွာပြီး သတင်းထူးစကားကို ပြောကြားလာသည့်အချိန်မှ စတင်ပြီး သူ့အသွင်သဏ္ဌာန်သည် လုံးဝပြောင်းလဲသွားသည်။

သူသည် သူ၏ တရားထူးတရားမြတ်ကို စတင်ဟောကြားသောအခါ အာရေ ဗျုပြည်တစ်ပြည်လုံးပင် ရိုသေကြောက်ရွံ့ပြီး၊ အံ့အားအသင့်ကြီး သင့်ခဲ့ကြသည်။ ထို့ပြင် သူ၏ အာဝဇ္ဇာန်းရွှင်သော ဟောပြောမှုနှင့် စကားပြောပိုင်နိုင်မှုမှာ ထိုသူများအဖို့ နှစ်သက် သဘောကျစရာ ဖြစ်ခဲ့ရသည်။

ဤစကားရပ်များမှာ အထူးပင် စိတ်နှလုံးကို ဆွဲငင်ယူနိုင်စွမ်းနှင့် ထိုးဖောက်နိုင် စွမ်း ရှိခဲ့ပေရာ သူ၏ အဆိုးရွားဆုံးသော ရန်သူများသည်ပင် ဤစကားကို ကြောက်လန့်စိုး ရိမ်ခဲ့ကြ၏။

ဤသို့ ကြောက်ရွံ့စိုးရိမ်မိခြင်းမှာ အကြောင်းရှိ၏။ ဤစကားရပ်များသာ အကယ်၍ ၎င်းတို့၏ အသည်းနှလုံးနှင့် ရိုးတွင်းချဉ်ဆီအထိ နက်ရှိုင်းစွာ ထိုးဖောက်ဝင်ရောက်သွားခဲ့လျှင် မိမိတို့အား ရှေးဘိုးဘွားစဉ်ဆက် ဘာသာယဉ်ကျေးမှုနှင့် ဓလေ့ထုံးတမ်းများမှ အတင်းဆွဲခေါ်သွားမည်ကို စိုးရိမ်မိသောကြောင့်ပင် ဖြစ်၏။ ဤစကားရပ်များမှာ ပြိုင်ဆိုင်ဘက်မရှိအောင် ထူးခြားနက်နဲလှပေရာ အာရေဗျတစ်ပြည်လုံးရှိ ကဗျာပညာကျော်များ စုပေါင်းပြီး ကြိုးစားသီကုံး မူပြုကြလျှင်ပင် သူ၏စကားကဲ့သို့ ပြောင်မြောက်သော အနှစ်သာရနှင့် တူညီအောင် ဖော်ကျူးရန် တတ်နိုင်စွမ်းကြမည် မဟုတ်ချေ။

စကားလုံးအသုံးအနှုန်း၌ ခမ်းနားပုံ ကြွယ်ဝပုံနှင့် စကားတန်ဆာဆင်ရာ၌ လှပခန့်ညားမှုကို ပိနိုင်မည်မဟုတ်ချေ။ ယခု သူဟောကြားပြသသော စကားရပ်မျိုးနှင့် တူညီသောစကားရပ် တစ်ကြောင်းမျှ အသင်တို့အချင်းချင်း စုပေါင်းပြီး အတူတကွ ကြံစည်ကြိုးစားရေးသားပြသရန် သူ၏ ရန်သူများအား စိမ်ခေါ်ခဲ့ရာ ယင်းစိန်ခေါ်ချက်ကို ၎င်းတို့မှာ တွန်းလှန်နိုင်စွမ်းပင် မရှိခဲ့ချေ။

## ကောင်းမြတ်ခြင်းအဖြာဖြာ သူ့သတင်းစကားမှာ

ဤသို့ ကာလရှည်စွာ နေလာခဲ့ပြီးမှ သူသည် သူ၏အမျိုးသားများ ရှေ့မှောက်၌ ပြိုင်စံမရှိသော တွေးခေါ်ရှင်ကြီး၊ အံ့သြဖွယ်ရာ လမ်းသစ်ထွင်သူ၊ ကျော်ကြားသော ယဉ်ကျေးမှုနှင့် လူနေမှုစနစ်ကို ပုံဖော်သူ၊ ထင်ရှားသောနိုင်ငံရေးသမား၊ ကြီးမြင့်သော ခေါင်းဆောင်၊ မြင့်မားသော အဆင့်ရှိ တရားသူကြီးအဖြစ်နှင့် တုန့်ပြန်မရှိသော စစ်ဗိုလ်ချုပ်ကြီးအဖြစ် ရပ်တည်ပေါ်ပေါက်လာခဲ့၏။

ဤသို့ စာမဖွဲ့တတ်သည့် အရစ်ကျေးတောသားနှင့် သဲကန္တာရအလယ်၌ ကြီးပြင်းခဲ့သူ ပြောကြားခဲ့သည့် နက်နဲပြီး ဆင်ခြင်တုံတရား အသိလိမ္မာနှင့် ပြည့်ဝသော ဤစကားမျိုးကို ယခင်ကလည်း မည်သူတစ်ဦးတစ်ယောက်မျှ ပြောဆိုခဲ့ခြင်း မရှိချေ။ နောက်နောင် တွင်လည်း ဤစကားမျိုးကို ပြောကြားနိုင်သူ မပေါ်ပေါက်နိုင်ချေ။ သူသည် ရှုပ်ထွေးသော ရှုပ်ပိုင်းဆိုင်ရာ အဘိဓမ္မာတရား၏ အနှက်အကျယ်ကိုလည်း ရှင်းလင်းပြခဲ့၏။

သူသည် ရှေးခေတ်က အမျိုးသားများနှင့် တိုင်းနိုင်ငံ အင်ပါယာကြီးများ၏ ယိုယွင်းလာပုံနှင့် ပျက်စီးခဲ့ပုံကို ရှင်းလင်းပြောကြားခဲ့၏။ ဤသို့ ဟောကြားရာ၌ သူ၏ အဆိုကို ခိုင်လုံစေရန် အတိတ်ခေတ်၏ သမိုင်းဆိုင်ရာ အကြောင်းရင်းခံများကို အထောက်အကူပြု တင်ပြခဲ့ပေသည်။ ရှေးယခင်က လမ်းသစ်ညွှန်သူ (တမန်တော်) များ၏ ကြိုးပမ်းမှုများကိုလည်း ပြန်လည်တင်ပြခဲ့၏။

ကမ္ဘာပေါ်ရှိ ဘာသာတရားအသီးသီးနှင့် ပတ်သက်သည့် အခြေအနေအရပ်ရပ်ကို သုံးသပ်တင်ပြခဲ့၏။ လူမျိုးအသီးသီး တိုင်းနိုင်ငံအဖုံဖုံကြား၌ ကွဲလွဲမှုများနှင့် အခြေအတင် အငြင်းပွားခဲ့မှုများကို ကောက်ချက်ချပြပေးခဲ့၏။

သူသည် လောကီရေးဆိုင်ရာအဖြာဖြာ (နေထိုင်မှု၊ ပေါင်းသင်းဆက်ဆံမှု၊ ပညာရေး၊ ဗဟုသုတရေး) စသည်နှင့် ယဉ်ကျေးမှုရေးရာ စည်းမျဉ်းများကို သင်ကြားပို့ချပေးခဲ့၏။ လူမှုဆက်ဆံရေး၊ လူ့ယဉ်ကျေးမှု၊ စီးပွားရေးစုစည်းမှု၊ အုပ်စုအချင်းချင်း ထိတွေ့ဆက်ဆံမှုနှင့် နိုင်ငံတကာဆက်ဆံရေးနှင့် သက်ဆိုင်သည့် ဥပဒေသများကိုလည်း ဖော်ကျူးပုံဖော်ပေးခဲ့၏။

သူပုံဖော်ပေးခဲ့သည့် ဥပဒေသမျိုးကို မြင့်မားသော တွေးခေါ်ရှင်ကြီးများနှင့် သုတေသီကြီးများပင်လျှင် တစ်သက်တာပတ်လုံး လူသားနှင့် ပတ်ဝန်းကျင်ကို အကျအန အချိန်ယူလေ့လာ သုတေသနပြုရာမှရရှိသော ကြီးမားသည့် အတွေ့အကြုံများဖြင့် အရင်းတည်ပြီး ကြံစည်ကြိုးစားရေးသားခဲ့လျှင်ပင် ရရှိနိုင်မည်မဟုတ်ချေ။

အကယ်စင်စစ် လူသား၏ အတွေးအခေါ် အယူအဆ သဘောတရားအသိနှင့် လက်တွေ့အတွေ့အကြုံတို့တွင် အစစအရာရာ၌ တိုးတက်လာသည်နှင့်အမျှ ဤစကားရပ်များ၏ နက်နဲမှုကို ပိုမိုသိရှိနားလည်လာရလေလေပင် ဖြစ်၏။ ထိုပညာရှိများ၏ အတွေးအခေါ်တို့ကမူ လူ့အသိဉာဏ်က တိုးတက်လာလေလေ ပြန်လည်ပြုပြင်မှု ပြုရလေလေပင်ဖြစ်၏။

ဤမျှ အေးဆေးပြီး မေတ္တာတရားကို မြတ်နိုးသော ကုန်သည်တစ်ဦးဖြစ်ခဲ့သည့် သူသည် ရှေးယခင်က ဓါးတစ်ချောင်းသော်မှ ကိုင်ဆောင်ခဲ့ဖူးခြင်းမရှိ။ မည်သည့် စစ်သင်တန်းကိုမျှလည်း တက်ရောက်ခဲ့ဖူးခြင်းမရှိ။ သို့သော် တစ်ကြိမ်ကမူ စစ်ပွဲတစ်ခု၌ ကြည့်ရှုသူတစ်ဦးအနေဖြင့် ပါဖူးခဲ့သည်။ တကယ်တော့ သူသည် အေးဆေးသိမ်မွေ့ပြီး မေတ္တာတရားကို မြတ်နိုးသည့် ကုန်သည်တစ်ဦးသာ ဖြစ်ခဲ့သည်။

သူသည် ရုတ်ချည်းပင် ရဲရင့်သော စစ်သားတစ်ဦးအဖြစ်သို့ ရောက်ခဲ့ရာ ကြောက်မက်ဖွယ် အကောင်းဆုံးသော စစ်ပွဲကြီးများကိုပင် တစ်ကြိမ်တစ်ခါမျှ နောက်ဆုတ်ခြင်းမရှိဘဲ ရဲရင့်စွာ တိုက်ခိုက်ခဲ့ပေသည်။ ကိုးနှစ်အတွင်းတွင် အာရေဗျတစ်ပြည်လုံးကို သိမ်းပိုက်အောင်နိုင်ခဲ့သည့် စစ်ဗိုလ်ချုပ်ကြီးတစ်ဦးအဖြစ်သို့ သူက ဆိုက်ရောက်ခဲ့၏။

ဤအချိန်က စစ်လက်နက်ပစ္စည်းများမှာ ရှေးကျသည်သာမက လမ်းပန်းအဆက်အသွယ်မှာလည်း အလွန်ခက်ခဲလှပေသည်။ သူ၏ သေနင်္ဂဗျူဟာစစ်ပညာ၌ ကျွမ်းကျင်လိမ္မာမှုနှင့် စွမ်းဆောင်နိုင်မှုမှာ ဤမျှ အထွတ်အထိပ်အထိ တိုးတက်ရောက်ရှိလာပေရာ အမျိုးမျိုးရောနှောနေသော အရင်အုပ်စုများ (ယင်းတို့အား မည်သို့ အမည်နာမပေးရမည်ကိုပင် မသိရချေ) မှာ သူထည့်သွင်းပေးသည့် စစ်သည်တော် စိတ်ဓါတ်နှင့် သူပြသခဲ့သော စစ်သင်တန်းကြောင့် ယင်းစစ်သည်တော်များမှာ အံ့သြဖွယ်ရာ ကောင်းလောက်အောင်ပင် ထိုအချိန်က ကြောက်မက်ဖွယ်ရာ အင်အားကြီးများလှသော ရန်သူတပ်နှစ်တပ်ကို နှစ်အနည်းငယ်အတွင်းမှာပင် အပြီးချေမှုန်းအောင်နိုင်ခဲ့ပြီး ကမ္ဘာသမိုင်းဝယ် ထင်ရှားကျော်ကြားသော အရှင်သခင်များ ဖြစ်လာခဲ့ကြသည်။

ဤကဲ့သို့ ရိုးရိုးကျင့်မြင့်မြင့်ကြဲသဘောဖြင့် နေထိုင်လာခဲ့သော သူသည် အသက်လေးဆယ်လုံးလုံး ပြည့်သည်အထိ မည်သည့်အခါမျှ နိုင်ငံရေးအကျိုးအမြတ်နှင့် လုပ်ရှားမှု

ကို ညွှန်ကြားဩဝါဒ မပေးခဲ့သော်လည်း ရုတ်ချည်းပင် ကမ္ဘာဇာတ်ခုံပေါ်၌ ဤမျှကြီးကျယ်သော နိုင်ငံရေးလမ်းသစ်ပြုပြင်သူ နိုင်ငံရေးသမားကြီးအဖြစ်နှင့် ဘွားခဲ့ခဲ့ ပေါ်လာခဲ့၏။

စတုရန်းမိုင်ပေါင်း တစ်သောင်းနှစ်ထောင်ခန့် ကျယ်ဝန်းသော သဲကန္တာရလွင်ပြင်ကြီး၌ အနှံ့အပြားဖြန့်လျက် ကျက်စားနေသည့် စစ်တိုက်ခြင်းကို ဝါသနာထုံသည့် အသိဉာဏ်ခေါင်းပါးသည့် တရားဥပဒေမရှိသည့် စည်းကမ်းမရှိသည့် ယဉ်ကျေးမှုမရှိသည့် သူများနှင့် မျိုးနွယ်ဝင်အချင်းချင်းပင် တစ်ဦးနှင့်တစ်ဦး မကောင်းကြဲ ရန်မီးမွှေးနေတတ်သည့် သူများအား ရေဒီယိုနှင့် ကြေးနန်းဆက်သွယ်ရေးကိရိယာတို့၏ အကူအညီမပါဘဲနှင့် အလံတစ်ခုတည်း၏အောက်၊ တစ်ခုတည်းသော ဥပဒေ၊ တစ်ခုတည်းသော သာသနာ၊ တစ်ခုတည်းသော ယဉ်ကျေးမှု၊ တစ်ခုတည်းသော ထုံးဓလေ့နှင့် တစ်ခုတည်းသော တစ်ပုံစံတည်းသော အုပ်ချုပ်မှု၏ လက်အောက်၌ အတူတကွ ပေါင်းစည်းစေခဲ့၏။

သူသည် လူတို့၏ တွေးခေါ်ပုံကို ပြောင်းလဲပစ်ခဲ့၏။ သူတို့၏ ဓလေ့ထုံးစံများနှင့် ကိုယ်ကျင့်တရားများကိုပါ ပြောင်းလဲပေးခဲ့၏။ သူသည် တင့်တယ်မှုမရှိသူများအား တင့်တယ်မှုရှိနိုင်အောင် ရိုင်းစိုင်းကြမ်းကြုတ်သူများအား လိမ္မာယဉ်ကျေးလာအောင်၊ မကောင်းမှုဒုစရိုက် ပြုနေသူများအား သူတော်ကောင်းများ၊ ဘုရားတရား ကိုင်းရှိုင်းရိုသေသူများနှင့် ဖြောင့်မှန်သူများဖြစ်သွားအောင် ပြောင်းလဲပြုပြင်ပေးခဲ့၏။[၁]

သူတို့၏ စည်းကမ်းမရှိသော ခေါင်းမာသော ဆုံးမရခက်သော သဘာဝကို ဥပဒေနှင့် အမိန့်ကို နာခံကျိုးနွံသူများအဖြစ်သို့ ပုံသဏ္ဌာန်ပြောင်းလဲပေးခဲ့၏။ ရာစုနှစ်များစွာ နာမည်မွှေးနေမည့် သာမန်ကြီးကဲ့သော် ခေါင်းဆောင်တစ်ဦးကိုပင် မွေးထုတ်ပေးနိုင်ခြင်းမရှိသည့် နိုင်ငံမှာ သူ၏ အုပ်ချုပ်မှုနှင့် လမ်းညွှန်မှု ဩဇာအာဏာ လက်အောက်တွင်

---

၁။ အစွလာမ်ကို အမြဲတမ်းဆန့်ကျင်ပုတ်ခတ်လေ့ရှိသူ ဆာဝီလျံမူးရ် ကိုယ်တိုင်က ဤအချက်ကို သူ၏ Life of Muhammad စာအုပ်၌ အတိအလင်း ဝန်ခံထားသည်မှာ...

"ကျွန်ုပ်တို့၏ ရည်ရွယ်ချက်ကို ဆွဲဆောင်စေသော ပထမထူးခြားချက်မှာ တစ်ဦးနှင့်တစ်ဦး ထင်ရာစိုင်းနေပြီး အချင်းချင်း မကြာခဏ မနားမနေ စစ်မက်ဖြစ်ပွားနေသော အရပ်များ၊ သွေးသားတော်စပ်၍ဖြစ်စေ၊ အကျိုးတစ်စုံတရာကြောင့်ဖြစ်စေ၊ ညီညွတ်မှုရှိနေလျှင်ပင် အခိုက်အတန့်သာဖြစ်ပြီး ဘာမဟုတ်သည့် ကိစ္စလေးနှင့်ပင်လျှင် ရုတ်ချည်းအချင်းချင်း စိတ်ဝမ်းကွဲပြားပြီး အကြီးအကျယ် အငြိုးထား ရန်မီးမွှားတတ်ကြသည့် သူများမှာ အရစ်တစ်မျိုးတည်း ဖြစ်သော်လည်း အမျိုးမျိုး အကွဲကွဲအပြားပြား ဖြစ်နေကြပေသည်။ ဤနည်းဖြင့် အစွလာမ် ထွန်းကားလာသောအခါက အာရေဗျ ပြည်သဝိုင်းကြီးကို ပြန်လည်ကြည့်ရှုရသောအခါတွင်မူ ကလိုင်ဖိုစကုတ် (ပန်းပဒေသာမှန်ပြောင်း) ကို ကြည့်ရသကဲ့သို့ပင် ပြိုကွဲလိုက် စည်းရုံးလိုက်နှင့် အမြဲတန်း အပြောင်းအလဲဖြစ်နေပြီး စည်းလုံးညီညွတ်ရန် ကြိုးပမ်းချက်မှန်သမျှ အရာမရောက် အချည်းနှီးသာ ဖြစ်နေသည်ကို တွေ့ရပေသည်။ မည်သည့်အင်အားစုက ယင်းသူမျိုးများအား တစ်ခုတည်းသော ရည်ရွယ်ချက်၌ စုစည်းစေပြီး အောင်မြင်စွာ ညီညွတ်မှုကို တည်ဆောက်ပေးခြင်းဖြင့် ဤပြဿနာကို ဖြေရှင်းခဲ့ပါသနည်း။ ဤပြဿနာကို ရှင်းနိုင်ခဲ့သူကား တမန်တော် မုဟမ္မဒ် (ﷺ) ပင် ဖြစ်၏" ဟူ၏။

ရောက်တော့မှ ကမ္ဘာ၏ အစွန်အဖျား ဝေးလံသော အရပ်ဒေသအထိ သွားရောက်ပြီး သာသနာရေးရာ စည်းမျဉ်းများ၊ ကိုယ်ကျင့်တရားနှင့် ယဉ်ကျေးမှုရေးရာ အဖြာဖြာတို့ကို ဟောပြော သင်ကြားဖြန့်ချိပို့ချပေးနိုင်သည့် မြင့်မြတ်သော သားကောင်းရတနာ ထောင်ပေါင်းများစွာကို ပေါက်ဖွားမွေးထုတ်ပေးနိုင်ခဲ့၏။[၁]

ဤထူးခြားသော အပြုအမူကို သူသည် လောကီစည်းစိမ်များနှင့် ဖြားယောင်းခြင်းဖြင့်လည်းကောင်း၊ ညှဉ်းပန်းနှိပ်စက်ခြင်းဖြင့်လည်းကောင်း ကြိုးပမ်းယူခဲ့ခြင်း မဟုတ်ပေ။

သူ၏ စွဲမက်ဖွယ်ရာ အပြုအမူ မြတ်နိုးချစ်ခင်ဖွယ်ရာ ကိုယ်ကျင့်တရား အရည်အသွေးနှင့် သူ၏ ထင်ရှားသော သင်ကြားချက်များဖြင့်သာ ရယူခဲ့ခြင်းဖြစ်၏။ သူသည် သူ၏ ရန်သူများနှင့်ပင် မြင့်မြတ်သော စိတ်ထားသိမ်မွေ့သော အပြုအမူနှင့် မိတ်ဆွေရင်း

---

၁။ ဤနေရာ၌ ဂျာဖရ်အစ်ပဒန္ဓေ အဘီတွာလစ်၏ မှတ်သားဖွယ်ရာ အရေးပါလှသည့် မိန့်ခွန်းတစ်ရပ်ကို ကိုးကားတင်ပြပါမည်။ မက္ကာဟ်မြို့ရှိ မွတ်စလင်များအပေါ်၌ ညှဉ်းပန်းနှိပ်စက်မှုများမှာ အဝိုင်းထက်အလွန် ဖြစ်လာသောအခါဝယ် တမန်တော်မြတ်က အချို့သော မွတ်စလင်များအား မက္ကာမြို့နှင့် ဆက်စပ်နေသော အဘီစီနီးယားနိုင်ငံသို့ ပြောင်းရွှေ့သွားရန် ပြောကြားခဲ့၏။

မွတ်စလင်အချို့မှာ ထိုနိုင်ငံသို့ ပြောင်းရွှေ့သွားကြ၏။ သို့သော် မွတ်စလင်များအပေါ်၌ အခါမလပ် ရန်သတ္တုရှုပြုရန်ကိုသာ ကြိုးပမ်းနေကြသော အရပ်များမှာ ဤအထိလည်း ချမ်းသာမပေးခဲ့ချေ။ ၎င်းတို့သည် အဘီစီနီးယားပြည့်ရှင်မင်းကြီး နီဂပ်စ်ထံ သွားရောက်ပြီး ခိုလှုံနေသည့် မွတ်စလင်များကို ပြန်ပေးရမည်ဟု အတင်းအကြပ် အရေးဆိုခဲ့၏။

ဘုရင်နီဂပ်စ်၏ နန်းရင်ပြင်၌ ဂျာဖရ်က တမန်တော်မြတ် ဆောင်ကျဉ်းခဲ့သော တော်လှန်ရေးနှင့် ပတ်သက်ပြီး ပီပီပြင်ပြင် မီးမောင်းထိုးပြသော မိန့်ခွန်းတစ်ရပ်ကို ပေးခဲ့၏။ သူ၏ မိန့်ခွန်းအနက်မှ ကောက်နှုတ်ချက်တစ်ရပ်ကို အောက်တွင် ဖော်ပြထားပေသည်။

"အို... အရှင်မင်းကြီး၊ ကျွန်ုပ်တို့သည် အသိဉာဏ်ခေါင်းပါးပြီး မောဟမှုံးလွှမ်းနေသူများဖြစ်ကြပါသည်။ သေဆုံးနေသော သတ္တဝါများ၏ အသားကိုပင် စားသုံးကြပါသည်။ ဆွေမျိုးများအပေါ်၌ တင်ရှိနေသည့် မိမိတို့၏ တာဝန်ဝတ္တရားများနှင့်ပတ်သက်ပြီးလည်း ကောင်းမွန်ရာကို ပြုလုပ်ခြင်းမရှိကြပါ။ မိမိတို့၏ အိမ်နီးပါးချင်းအပေါ်၌လည်း ဒုက္ခအမျိုးမျိုး ပေးခဲ့ကြပါသည်။ ကျွန်ုပ်တို့အတွင်း အင်အားကြီးသူက အင်အားနည်းသူများ၏ အကျိုးစီပွားကို မတရားသိမ်း ဆည်းယူကြပါသည်။

ဤသို့ နေထိုင်လာခဲ့သည်မှာ အလွန်ဟိအရှင်က ကျွန်ုပ်တို့အား ပြုပြင်လမ်းညွှန်ရန် တမန်တော်တစ်ပါးကို စေလွှတ်သည်အထိပင် ဖြစ်ပါသည်။ သူ၏ အမျိုးအနွယ် အစဉ်အဆက်၊ သူ၏ ဖြောင့်မတ်မှုနာမ်မှု၊ သူ၏ တည်ကြည်သန့်စင်မှုနှင့် သူ၏ကရုဏာတရားကို ကျွန်ုပ်တို့ ကောင်းစွာ အသိအမှတ်ပြု ထားကြပါသည်။ သူက ကျွန်ုပ်တို့အား တစ်ဆူတည်းသော အလွှာဟ်အရှင်အား ကိုးကွယ်ရန် ဖိတ်ခေါ်ခဲ့၏။ ကျွန်ုပ်တို့အား ရုပ်တုဆင်းတု ကိုးကွယ်မှုများကို စွန့်လွှတ်ရန် တိုက်တွန်းခဲ့၏။

ကျွန်ုပ်တို့အား မှန်သောစကားကိုဆိုရန် ကျွန်ုပ်တို့၏ ကတိသစ္စာကို စောင့်ထိန်းကြရန်၊ အချင်းချင်း လေးစားမှုရှိကြရန်နှင့် အိမ်နီးနားချင်းများနှင့် ကောင်းမွန်စွာ ဆက်ဆံရန် မှာကြားခဲ့၏။ ညစ်ညမ်းသော အရာဟူသရွေ့ ရှောင်ရှားကြရန်လည်း သင်ကြားခဲ့၏။

ချာပမာ ဆက်ဆံခဲ့တ၏။ ဤသို့ အတိုင်းအဆမရှိ ကြီးမားလှသော ကရုဏာတရားနှင့် မေတ္တာနို့ရည်ကြည့်ကြောင့် အခြားသူများ၏ စိတ်နှလုံးအား ဖမ်းယူနိုင်ခဲ့တ၏။

သူသည် တရားမျှတစွာ အုပ်ချုပ်စိုးစံခဲ့တ၏။ ဖြောင့်မတ်မှန်ကန်ခြင်းမှ အနည်းငယ်သော်မျှ တိမ်းချော်အောင်မနေခဲ့ချေ။ အသက်ရှင်စဉ်က သူအား ကျောက်ခဲများဖြင့် ပစ်ပေါက်ခြင်း ဇာတိနိုင်ငံမှ မောင်းထုတ်ခြင်းနှင့် အာရေဗျတစ်ပြည်လုံးက သူ့အား ဆန့်ကျင်တော်လှန်ရန် ကြိုးပမ်းခြင်းကို ပြုခဲ့ကြသည့် သေဆုံးသွားသည့်သူတ၏ ရန်သူအပေါ်၌ပင် ညှဉ်းပန်းနှိပ်စက်ခြင်းကို မပြုခဲ့ချေ။

အငြိုးကြီးငြိုးပြီး ဒေါသအမျက် တချောင်းချောင်းထွက်ရင်းက ကလဲ့စားချေသောသဘောဖြင့် စစ်မြေပြင်၌ ကျဆုံးသွားသော ဦးလေးတော်တ၏ အသည်းနှလုံးကို ဖြတ်တောက် ဝါးစားပြခဲ့သော ရက်စက်ယုတ်မာလှသည့် ရန်သူကိုပင် မည်သို့မျှ ရန်ငြိုးထား ရက်စက်ခြင်းမပြုဘဲ ခွင့်လွှတ်ခဲ့တ၏။[၁]

ရန်သူအမျိုးသားအားလုံးအပေါ်၌ အောင်ပွဲဆင်ခဲ့သောအခါ၌ပင် သူ့အနေနှင့် ထင်သလို ရန်ကြွေးရပ်ကလဲ့စားချေနိုင်သော်လည်း မေတ္တာတရား ကြီးမားစွာနှင့် ခွင့်လွှတ်ခဲ့တ၏။ သူတ၏ ကိုယ်ရေးကိုယ်တာကို ထိခိုက်နစ်နာမှုအတွက်သော်လည်းကောင်း၊ သူတ၏နောက်လိုက်များအပေါ်၌ မကောင်းကြံခဲ့သူများကိုသော်လည်းကောင်း ရန်ငြိုးတစ်စုံတစ်ရာထားပြီး ကလဲစားချေခြင်းလည်း မရှိချေ။

တိုင်းပြည်ကို အုပ်ချုပ်မင်းလုပ်သူအဖြစ်သို့ ရောက်လာခဲ့သော်လည်း ကိုယ်ကျိုးစွန့်ပြီး တည်တည်ကြည်ကြည်ပင် နေခဲ့တ၏။ သူ ယခင်က နေခဲ့သလို ရိုးရိုးရှင်းရှင်းပင် နေထိုင်ကျင့်ကြံခဲ့တ၏။ ရှေးယခင်ကအတိုင်း စွန့်ပလွှန်ခက်မိုးပြီး ရွံဖြင့် မံထားသော တဲငယ်တွင်ပင် နှိမ်ချသော သဘောဖြင့် ဆင်းဆင်းရဲရဲပင် နေထိုင်မပျက် ရှိခဲ့သည်။

ရိုးရိုးအခင်းတွင်ပင် အိပ်စက်ခဲ့တ၏။ ကြမ်းတမ်းထူထဲသော အဝတ်ကို ဝတ်ဆင်ခဲ့ပြီး သာမန်ဆင်းရဲသားတို့ စားသောအစားအစာကိုသာ စားခဲ့တ၏။ တစ်ခါတစ်ရံ အစာတစ်စက်မျှ မစားဘဲ ရက်ပေါင်းများစွာ ကုန်လွန်ခဲ့ရတ၏။ တစ်ညဉ့်ပတ်လုံး အိပ်စက်ခြင်းမရှိဘဲ

---

အချင်းချင်း သွေးထွက်သံယိုဖြစ်မှုကိုလည်း ရှောင်ကြဉ်ရန် မိန့်ဆိုခဲ့တ၏။ မုသားပြောဆိုခြင်းမပြုရန်နှင့် မိဘမဲ့တို့တ၏ ပစ္စည်းဥစ္စာအနားသို့ မချဉ်းကပ်ရန်ကိုလည်းကောင်း။ ကာအိန္ဒြေစောင့်ထိန်းသော အမျိုးသမီးများကို မဟုတ်မမှန် စွပ်စွဲပြောဆိုခြင်းမှလည်းကောင်း တားမြစ်တော်မူခဲ့ပါသည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် သူ့အား ယုံကြည်တ၏။ သူ့လမ်းစဉ်ကို လိုက်နာတ၏။ သူ့ သင်ကြားချက်အတိုင်း ကျင့်ဆောင်ကြပါတ၏။

၁။ ဗဒရ်စစ်ပွဲ၌ ရှုပ်ထုကိုးကွယ်သော အရဗ်များ၏ အဓိကခေါင်းဆောင်ကြီးဖြစ်သည့် အဘူစုဖ်ယာန်၏ခနီး 'ဟင်းဒါ' သည် ဤစစ်မြေပြင်၌ ကျဆုံးခဲ့သော တမန်တော်မြတ်တ၏ ဦးလေးတော် ဟမ္မဇာသခင်တ၏ ရင်ကို ခွဲပြီး အသည်းကို ဖြတ်ထုတ်ကာ အစိမ်းလိုက် ဝါးစားပြခဲ့တ၏။

အလွှာဟ်အရှင်၏ ရှေ့တော်မှောက်၌ ဝတ်ပြုလျက်သာ နေလေ့ရှိ၏။ ခိုကိုးရာမဲ့များနှင့် အခြေအနေမဲ့များ၊ ခြုံးတစ်ပြားမှ မရှိသူများကို အမြဲအကူအညီပေးလေ့ရှိ၏။[၁]

သူသည် မည်သူတစ်ဦးတစ်ယောက်ကိုမျှ စော်ကားမော်ကား ပြုခဲ့ခြင်းမရှိချေ။ အခိုင်းအစေပေါ်၌ပင် တစ်စုံတစ်ရာ ကြိမ်းမောင်းပြစ်တင်ခဲ့ခြင်း မရှိချေ။ လုပ်စရာရှိလျှင် အခိုင်းအစေနှင့် အတူယှဉ်တွဲ လုပ်ကိုင်လေ့ရှိ၏။

ဘဝ၏ နောက်ဆုံးအချိန်ထိ သူ့တွင် မင်းခမ်းမင်းနားကဲ့သို့ ခမ်းနားစွာ နေထိုင်သွားခဲ့ခြင်းမျိုး အရိပ်အယောင်မျှပင် မတွေ့ရသလို ချမ်းသာကြွယ်ဝသူတို့ကဲ့သို့ စိတ်နေမြင့်မြင့်နှင့် မောက်မောက်မာမာ နေထိုင်သွားခြင်းမျိုးလည်း အနည်းငယ်မျှပင် မရှိခဲ့ချေ။ သာမန်လူတစ်ယောက်ပမာ လူအများနှင့် ရောနှောသွားလာနေထိုင်လေ့ရှိသည်။

လူအများ၏ သုခဒုက္ခကို မိမိ၏ သုခဒုက္ခအလား ဝေမျှခံစားသူလည်း ဖြစ်၏။ သူသည် သူ၏ လက်အောက်ငယ်သားများနှင့် အလွန်တရာမျှပင် ရင်းရင်းနှီးနှီး အရောတဝင်နှင့် ရိုးရိုးရှင်းရှင်းသာ နေထိုင်တတ်ပေရာ တစိမ်းတစ်ယောက်အနေဖြင့်လည်းကောင်း၊ အပြင်လူ တစ်ဦးတစ်ယောက်အနေဖြင့် ဤသူများ၏ ခေါင်းဆောင်ကား အဘယ်သူဆိုသည်ကို ယင်းတို့အလည်မှ ရွေးချယ်ရှာဖွေပြရန်ပင် ခဲယဉ်းခဲ့ရသည့်အထိပင် ဖြစ်၏။

မိမိ၏ ကြီးမြင့်မှုကို ဂရုမပြုဘဲ သူ၏ဘဝ၌ အနှိမ့်ချဆုံးသော လူသားတစ်ဦး အနေဖြင့် သာမန်လူသာတစ်ဦးပမာ နေထိုင်သွားခဲ့၏။ ဘဝတာ တစ်လျှောက်ရှိ ကြိုးပမ်းချက်တိုင်းနှင့် လုပ်ဆောင်ချက်တိုင်းတွင်ပင် သူ၏ သွေးသားများ အကျိုးအတွက် ရည်ရွယ်ပြီး လုပ်ဆောင်ခဲ့ခြင်းလည်း မရှိချေ။ သူ၏ အမွေဆက်ခံမည့်သူများအတွက် စည်းစိမ်ဥစ္စာကို အမွေအဖြစ်ထားရှိရန် ကြိုးပမ်းခြင်းကိုလည်း မတွေ့ရပေ။

မိမိ၏ အမျိုးသားများအရေးကိုသာ ဦးစားပေးခဲ့၏။ သူသည် သူ၏ နောက်လိုက်များအား သူ့အတွက်နှင့် သူ၏ အဆက်အနွယ်များအတွက် ရည်ရွယ်ပြီး အခွင့်အရေးတစ်ရပ်အနေဖြင့် ပေးဆောင်ခြင်းလည်း မပြုရန်ကိုပါ မှာကြားခဲ့၏။

ထို့အတွက်ကြောင့်ပင် သူ၏ဆွေမျိုး သားစဉ်မြေးဆက်အား ဇကာသင်္ဂေ (ဆင်းရဲသားအထူးခံစားခွင့်) ကို အကျိုးခံစားခွင့်မပေးရန်ကိုပင် တားမြစ်ပိတ်ပင်ခဲ့ပေသည်။ အကြောင်းမူကား နောင်အနာဂတ်ကာလအချိန်တွင် ဇကာသင်္ဂေအားလုံးအား တမန်တော်၏ မျိုးနွယ်များကိုသာ ဦးစားပေးပြီး စုပုံခွဲဝေပေးမည်ကို စိုးသောကြောင့် ဖြစ်၏။

သူသည် သူ၏နောက်လိုက် အမျိုးသားများအတွက်သာ အရာရာ၌ အမြဲဦးစားပေးခဲ့၏။

---

၁။ တမန်တော်မြတ်က "အကြွေးများ ဝိုင်းဝိုင်းလည်နေစဉ် သေဆုံးသွားသူကို ဘိုခိုနေရသူများဖြစ်စေ၊ သို့မဟုတ် မိခိုအား ဘိုခိုသူများကို ဒုက္ခဆင်းရဲကြားတွင် ပစ်ထားခဲ့ပြီး ကွယ်လွန်သွားသည်ဖြစ်စေ၊ ထိုသူတို့မှာ ကျွန်ုပ်ထံ လာကြလေ။ ကျွန်ုပ်သည် လူတို့အား စောင့်ရှောက်သူပင် ဖြစ်၏။" ဟု မိန့်ကြားခဲ့ပါသည်။ သူ့ဘဝတစ်ခုလုံးက ဤအချက်ကို အခိုင်အမာ သက်သေထူ လျက်ရှိပေသည်။

## လူ့အတွေးအခေါ်ဝယ် သူ၏ အခန်းကဏ္ဍ

ဤပုဂ္ဂိုလ်ကြီး၏ ကြိုးပမ်းချက်များသည် ဤမျှနှင့် အဆုံးမသတ်သေးပေ။ သူ၏ မှန်ကန်သော ဂုဏ်ရည်ကို အမှန်ကန်ဆုံး တန်ဖိုးဖြတ်နိုင်ရန်မှာ တစ်စုံတစ်ဦးအနေဖြင့် ကမ္ဘာကြီးတစ်ခုလုံး၏ သမိုင်းနောက်ခံကို မြင်ထားဖို့လိုအပ်၏။ သို့မှသာ လွန်ခဲ့သော နှစ်ပေါင်း ၁၄၀၀ ကျော် အမှောင်ခေတ်က ပေါ်ထွန်းခဲ့သော အာရေဗျ၏ သဲကန္တာရဘွားတမန်တော်သည် ယခုခေတ်၏ လူရည်ချွန်အစစ်ဖြစ်ကြောင်းနှင့် လူသားထု၏ ခေါင်းဆောင်မှုနှင့်တစ်ဦးဖြစ်ကြောင်းကို ပြဆိုနေလိမ့်မည်ဖြစ်သည်။ သူသည် သူ၏ခေါင်းဆောင်မှုကို လက်ခံသူများ၏ ခေါင်းဆောင်ဖြစ်သည်သာမက ရန်သူများနှင့် သူ့အား မကောင်းသတင်းဆိုသူများကပင် ဤအချက်အရ သူ့ကို အသိအမှတ်ပြုကြရပြီး သူ့အား ချီးမွမ်းစကား ဆိုခဲ့ကြရ၏။

သို့သော် ယင်းပုဂ္ဂိုလ်များမှာ သူတို့၏ အတွေးအခေါ်များနှင့် လုပ်ရပ်များ၌ ထိုပုဂ္ဂိုလ်၏ လမ်းညွှန်များသည် မသိမသာ လွှမ်းမိုးနေကြောင်းကို မသိရှိကြချေ။ ထိုပုဂ္ဂိုလ်၏ လမ်းညွှန်မှုများသည် သူတို့ဘဝ၏ စည်းမျဉ်းဘောင်များကို အုပ်စိုးနေကြောင်းကိုလည်း မမြင်တတ်ကြချေ။ ယခုကဲ့သို့ အစစထွန်းကားသော ခေတ်တွင်ပင် အလွန်နီးစပ်စွာ ရှိနေကြောင်းကို မသိရှိကြ၍သာ ကတ္တာခြားထားသလို ဖြစ်နေရပေသည်။[၁]

---

၁။ အော်သာလီအိုနာဒ်က "အကယ်စင်စစ် အစွယ်လာမ်သည် လုပ်ရပ်တစ်ခုကို လုပ်ခဲ့ပေရာ လူသိမိုင်းစာမျက်နှာများ၌ အမှတ်အသားအဖြစ် ထင်ကျန်နေစေခဲ့သည်။ ယင်းအမှတ်အသားမှာ လုံးဝ ပျောက်ပျက်နိုင်ခြင်းမရှိပေ" မည်သည့်အခါမျှ ဖျောက်ဖျက်ပစ်နိုင်မည်လည်း မဟုတ်ပေ။

"အစွယ်လာမ်ကြောင့်သာ ကမ္ဘာကြီးသည် အသိပညာအရာ၌ အံ့ပြည့်အဝ ကြီးထွားရှင်သန်လာခဲ့ရ၏" ဟု ပြောခဲ့ပေသည်။

ကျော်ကြားသည့် သိပ္ပံပညာရှင်နှင့် ခေါင်းဆောင်ကြီးတစ်ဦးဖြစ်သူ ဂျွန်ဒီပင်ဖေါ် (က) သုံးသပ်ပြထားသည်မှာ...

"ရူပဗေဒဖြစ်စေ၊ နက္ခတ္တဗေဒဖြစ်စေ၊ ဒဿနိကဗေဒဖြစ်စေ၊ သို့မဟုတ် သချာပညာဖြစ်စေ၊ ၁၀ ရာစုနှစ်က ဥရောပ၌ ထွန်းကားခဲ့သမျှ ရူပဗေဒ၊ ဒဿနိကဗေဒနှင့် သချာပညာရပ်တို့ အားလုံးပင် အာရေဗျပြည် ကျောင်းတော်များမှ အရင်းခံဆင်းသက် ရယူပိုင်ဆိုင်ခဲ့ခြင်းဖြစ်၏။ စပိန်ပြည် ဆာရာဆင်တို့မှာ ဥရောပဒဿနိက ပညာရပ်အား ဖခင်သဖွယ် ထိန်းသိမ်းစောင့် ရှောက်ခဲ့သူများ ဖြစ်၏" ဟု ဖြစ်သည်။

(အေကရင်မ်ရေး အစွယ်လာမ်ကွန်ထရီဗျူးရှင်း တူဆိုင်းယန်နှစ် အဲန် စီဘီလိုက်ဇေးရှင်းမှ ကိုးကားဖော်ပြသည်။)

ကျော်ကြားလှသည့် ဇြတိသျှ ဒဿနိက ပညာရှင်ကြီး ဘာထရန်ရပ်ဆဲလ်ကမူ "အရှေ့ကိုင်း၏ မြင့်မားကြီးကဲ့သို့မှာ စစ်ပညာရေးရာတစ်ခုသာ မဟုတ်ပေ။ ဥရောပသည် အရိုင်းအစိုင်း ဘဝ၌ နစ်မြုပ်နေစဉ်အချိန်တွင် မဟာမေဒင်တို့က ကမ္ဘာတွင် သိပ္ပံ၊ ဒဿနိကဗေဒ၊ ကဗျာလင်္ကာနှင့် ပညာရပ်မျိုးစုံ၌ အကြီးအကျယ် ထွန်းကားနေခဲ့ပြီးဖြစ်၏။

လူ့အတွေးအခေါ်လမ်းကြောင်းကို ပြောင်းလဲခဲ့သူမှာလည်း သူပင်ဖြစ်၏။ လူ့အတွေးအခေါ်၌ စိုးမိုးနေသည် အယူသည်းလွန်းမှု၊ သဘာဝနှင့် မအပ်စပ်သည့် အရာများနှင့် ရှင်းလင်း၍ မရနိုင်သည့်အရာများကို ခုံမင်မှုတို့ကို ဖျောက်ဖျက်စေခဲ့ပြီး ကျိုးကြောင်းခိုင်လုံစွာဖြင့် သာသနာပိုင်ဝါဒကို တွန်းလှန်ပြုပြင်ပေးခဲ့၏။ အမှန်တရားကို ချစ်ခင်မှု ဘာသာတရား လေးစားမှုနှင့် လောကီရေးကိစ္စများကို မျှမျှတတ သဘာဝကျကျ အသုံးတည့်အောင် အသုံးချနိုင်ရေးအတွက် လမ်းခင်းပေးခဲ့၏။

ကမ္ဘာလောကကြီး၌ သဘာဝထက် လွန်ကဲသည့် ဖြစ်ရပ်များကို တန်ခိုးအာနုဘော်များအဖြစ် မှတ်ယူထားသည့် သူများ၏ စိတ်တွင်း၌ ဘာသာတရား၏ အမှန်တရားကို ရှုမြင်ပြီး ဆန်းစစ်နိုင်အောင် ယင်းအဖြစ်အပျက်များကို အမှန်တရားဖြင့် ချိန်ထိုးပြီး ကျိုးကြောင်းညီမျှသည့် သက်သေသာဓကများဖြင့် စဉ်းစားရှုမြင်ပုံကြည့်တတ်သော် စိတ်ခါတ်များ ရှိလာအောင် ပြုပြင်ပေးခဲ့သူမှာလည်း သူပင် ဖြစ်သည်။

အလ္လာဟ်ရှင်၏ နိမိတ်လက္ခဏာတော်များကို သဘာဝဖြစ်ရပ်များအဖြစ်သာ ဘောင်ကျဉ်းစွာ မြင်နေဆဲရှိသူများ၏ မျက်စေ့ကို ဖွင့်ပေးခဲ့သူမှာလည်း သူပင် ဖြစ်၏။

---

[၂၂] ထိုစဉ်က ဥရောပသားများသည် ကျေးကျွန်များအဖြစ်ပါ၌ သိနှံးမဖက် ရက်စက်စွာ ကျင့်သုံးနေကြ၏။ ထို့ကြောင့် ဤခေတ်ကို 'အမှောင်ခေတ်' ဟု ခေါ်ခဲ့ကြ၏။ သို့သော် ဥရောပတွင်သာ အမှောင်ဖုံးလွှမ်းနေခြင်း ဖြစ်၏။ တကယ်တမ်းပြောရလျှင် ခရစ်ယာန်သာသနာဝင် ဥရောပသားများသာဖြစ်ပြီး စပိန်နိုင်ငံမှ မွတ်စလင်များတွင်မူ ပြောင်မြောက်တောက်ပသော ယဉ်ကျေးမှုများ ရှိနေပြီးဖြစ်၏။ (ပါကစ္စတန်၊ ကွေ့ဒရာလီ၊ အတွဲ (၄)၊ အမှတ် (၃)။)

ကျော်ကြားသည့် သမိုင်းသုတေသီ ရောဘတ်ဘရစ်ဖော့ကာ သူ၏ "သည် မိတ်ကြင်း အော့ဗ် ဟူမင်းနီတီ" စာအုပ်၌ မှတ်သားစဖွယ်ရေးသားခဲ့သည်မှာ...

ယခုခေတ်ပေါ် ဥရောပယဉ်ကျေးမှုများမှာ အရစ်များကဲ့သို့ မြင့်မားသော စာရိတ္တရှင်များ ဘဝသို့ မည်သည့်အခါမျှ မြှင့်တင်ပေးနိုင်မည် မဟုတ်သည်မှာ သိသာလှ၏။ ထို့ပြင် ပြီးခဲ့သည့် ဖြစ်စဉ်တိုင်း၌ အရစ်များတုတ် သီဘာလွန်ခြင်းမရှိခဲ့သည်မှာ ထင်ရှားလှ၏။ ယနေ့ခေတ်ပေါ် ဥရောပ ယဉ်ကျေးမှုသည် လူ့ယဉ်ကျေးမှုဖြစ်စဉ် တိုးတက်မှုသမိုင်းစဉ်၌ လူသားကို အရစ်အမျိုးသားများအား အစွလွှာမ်က အံ့မခန်းတိုးတက်မှု ပေးစွမ်းသကဲ့သို့ မ ပေးစွမ်းနိုင်ပေ။ ယနေ့ တိုးတက်သော ကမ္ဘာကြီး အနေဖြင့် အာရိုန်အဟုန်ကြီးမားစွာ ဤမျှ တိုးတက်မှုသို့ ရောက်လာခြင်းနှင့် အောင်မြင်မှုနှင့် ရလာခြင်းမှာ အီရစ်များကြောင့် ဖြစ်၏။ ဥရောပသားများ၌ ပိပ်ပိစိတ်ခါတ်နှင့် သိပ္ပံပညာထွန်းကားလာခြင်းမှာလည်း အရစ်များကြောင့် ဖြစ်၏။

ဥရောပတွင် သိပ္ပံဟုခေါ်ဆိုနေသည့် စူးစမ်းမှု၏ ဝိညာဉ်သစ်တစ်ရပ်၊ ရှာဖွေလေ့လာမှု၏ နည်းလမ်းသစ်ပညာရပ်များဖြစ်သည့် သဘျာပညာရပ်ဆိုင်ရာ တိုးတက်သော အယူအဆများကို ဂရီများပင် နားမလည်ခဲ့ပေ။ ထိုပညာရပ်ကို ဥရောပနှင့် မိတ်ဆက်ပေးခဲ့သူမှာ အရစ်များပင် ဖြစ်၏" ဟု ရေးသားခဲ့၏။

ပရိုဂရက်စစ် အဲ့ဂျူကေးရှင်း အဲ့ဆိုဖေးရှင်းကို တည်ထောင်သူ စတဲန်ကော့စ်က "အစွလာမ်သည် ဥရောပတွင် အသိဉာဏ်ထွန်းလင်းစေသော ခေတ်သုစ်ကို ထိရောက်စွာ ဖန်တီးပေးခဲ့သည်" ဟု ရေးသားခဲ့၏။

"ရောဘတ်အဲလ်ဂူလစ် (က) ရေးသားသော မုဟမ္မဒဒ် သည် အဲ့ဂျူးကေးဒါး" မှ ကိုးကားဖော်ပြပါသည်။

အခြေအမြစ်မရှိသော တွေးခေါ်ချင့်ချိန်မှုနေရာတွင် အခြေခံကျကျ သုံးသပ်ခြင်း၊ လက်တွေ့စမ်းသပ်ခြင်းနှင့် သုတေသနပြုခြင်းတို့ဖြင့် ကျိုးကြောင်းခိုင်လုံပြီး အမှန်ကို နားလည်ကာ ခိုင်မာသော အကြောင်းပြချက်ကို ရနိုင်သော လမ်းစဉ်အား အစားထိုးနိုင်ရန် လူသားအား သူက လမ်းညွှန်ပေးခဲ့တ၏။

အသိဉာဏ် အာရုံ ဦးနှောက်နှင့် အရာရာကို ထိုးထွင်းသိမှုတို့၏ အတိုင်းအတာနှင့် လုပ်ရပ်များ၏ အကန့်အသတ် ဘောင်ပမာဏအား ပြသသူလည်း ဖြစ်တ၏။ ဝိညာဉ်ပိုင်းဆိုင်ရာနှင့် ရုပ်ပိုင်းဆိုင်ရာ တန်ဖိုးများ၏အကြား ဆက်နွယ်မှုအကြောင်းရပ်များအား ဆောင်ကျဉ်းလာသူလည်း ဖြစ်တ၏။

ယုံကြည်မှုအား အသိဉာဏ်နှင့် လက်တွေ့ဆန်စွာ ညီညွတ်မျှတစေအောင် ပြုပေးခဲ့သူမှာလည်း သူပင် ဖြစ်တ၏။ သာသနာရေးရာ အစွမ်းဖြင့် သိပ္ပံပညာပိုင်းဆိုင်ရာ စိတ်ဓါတ်အား ဖန်တီးပေးခဲ့သူမှာလည်း သူပင် ဖြစ်တ၏။ သိပ္ပံနည်းကျကျဖြင့် မှန်ကန်သော ဘာသာတရား လိုက်စားမှုကို ပြသပေးခဲ့သူမှာလည်း သူပင် ဖြစ်တ၏။

ရုပ်ထုဆင်းတုကိုးကွယ်မှု လူသားအချင်းချင်း ကိုးကွယ်မှုနှင့် ဘုရားအများကိုးကွယ်မှုအမျိုးမျိုးကို အမြစ်မှစတင် သုတ်သင်ပေးခဲ့သူလည်း ဖြစ်တ၏။ အယူသီးမှုများနှင့် ရုပ်တုဆင်းတုကိုးကွယ်မှုအပေါ် လုံးဝအခြေပြုထားသည့် သာသနာများအား အရှင်တစ်ဆူတည်းသော ဝါဒလမ်းစဉ်အပေါ်တွင် ရပ်တည်နိုင်အောင် ပြုပြင်ပေးခဲ့သူလည်း ဖြစ်တ၏။

ကိုယ်ကျင့်တရားပိုင်းဆိုင် အယူအဆနှင့် ဝိညာဉ်ပိုင်းဆိုင်ရာ အယူအဆတ၏ အခြေခံအချက်များကို ပြောင်းလဲပေးခဲ့သူလည်း ဖြစ်တ၏။ ရသေ့ရဟန်အဖြစ် နေခြင်း၊ တောထွက်ခြင်းနှင့် အတ္တကို အလွန်အကျူး ချီးနှိမ်ခြင်းဖြင့်သာ စာရိတ္တပိုင်းဆိုင်ရာနှင့် ဝိညာဉ်ပိုင်းဆိုင်ရာ သန့်စင်မှု၏ အမြင့်ဆုံးအဆင့်သို့ ရရှိနိုင်သည်ဟု လွဲမှားစွာ ယုံကြည်ထားသူများအား လောကီရေးရာများမှ ရှောင်ထွက်လွတ်မြောက် ထွက်ပြေးခြင်းဖြင့် ဤသန့်စင်မှုကို ရရှိနိုင်မည် မဟုတ်ကြောင်းနှင့် သွေးသား၏ တောင်းဆိုချက်အား အရေးမထားခြင်း အသိအမှတ်မပြုခြင်းနှင့် ကိုယ်ခန္ဓာအား အမျိုးမျိုးသော ညှဉ်းပန်းနှိပ်စက်မှုများဖြင့် ညှဉ်းပန်းနှိပ်စက်ခြင်းများသည်လည်း ဝိညာဉ်သန့်စင်သော အဖြစ်သို့ မရရှိနိုင်ကြောင်းကို အတိအလင်း ပြဆိုခဲ့သူလည်း ဖြစ်တ၏။

ဂင်းပြင် ဝိညာဉ်ပိုင်းဆိုင်ရာ တိုးတက်မှု ဆင့်ကဲဖြစ်စဉ်၏ လမ်းစဉ်မှန်ကာ ဘာဆိုသည်ကို ပြပေးခဲ့တ၏။ စာရိတ္တပိုင်းဆိုင်ရာ လွတ်လပ်မှုနှင့် မိမိ၏ ပတ်ဝန်းကျင်၌ ဖြစ်ပျက်နေသည့် လောကီရေးကိစ္စရေးတွင် လက်တွေ့ကျကျ ပါဝင်လုပ်ဆောင်ခြင်းတို့ဖြင့်သာ ဘယ်တင်လွတ်မြောက်ရာကို ရရှိနိုင်မည့် လမ်းစဉ်အား ပြသပေးခဲ့သူလည်းဖြစ်တ၏။

လူသားတို့အား 'လူ၏တန်ဖိုး အစစ်အမှန်' နှင့် အဆင့်မှန်သို့ ရောက်အောင် ပို့ပေးခဲ့သူလည်းဖြစ်တ၏။ ဘုရားအဖြစ် အနေရှိသူများ သို့မဟုတ် တစ်စုံတစ်ဦးအား ဘုရားသခင်၏ သားတော်အဖြစ် မှတ်ယူကိုးကွယ်နေသူများ မိမိတို့၏စာရိတ္တနှင့် ဉာဏ်စင် မြှင့်တင်ပေးမည့် ဆရာသမားကို လမ်းညွှန်သူများအဖြစ် ကိုးကွယ်နေသူများနှင့် လူသားကဲ့သို့ အသွင်သဏ္ဌာန်မျိုး ရှိသူများအား ဘုရားအဖြစ် ကိုးကွယ်ခြင်းတို့သည် လမ်းမကျကြောင်းနှင့် လူသားသည် ကမ္ဘာမြေပြင်၏ ကိုယ်စားလည်အဖြစ်နှင့် ကမ္ဘာမြေပြင်သို့ ဖန်ဆင်းရှင်မှ စေလွှတ်ခံရသူများဖြစ်ကြောင်းကို လမ်းညွှန်ခဲ့တ၏။

အစွမ်းသတ္တိကြီးမားသော လူသားများအား မိမိတို့၏ ကိုးကွယ်ရာဟု မှတ်ယူကိုးကွယ်နေသူများအား ယင်းတို့၏ ဘုရားတုဘုရားယောင်များသည် သာမန်လူသားဟစ်ဦးပင်ဖြစ်ကြောင်းနှင့် ဤအဆင့်ထိတက် အနည်းငယ်သာလွန်ခြင်း၊ မရှိကြောင်းကို ပြသပေးခဲ့သူလည်း ဖြစ်၏။ မည်သူကမျှ မိမိသည် သန့်စင်မြင့်မြတ်ကြောင်း ဩဇာတိက္က မရှိကြောင်းနှင့် အုပ်စိုးရာအရှင်သခင်အဖြစ် အလွန်အကျူး မှတ်ယူပြောဆိုကာ မိမိမွေးရာပါ အခွင့်အရေးပမာ ကြွေးကြော်ခြင်းမျိုး မပြုအပ်ကြောင်းကို အလေးအနက်ထားတင်ပြခဲ့သူမှာလည်း သူပင်ဖြစ်သည်။

မည်သူတစ်ဦးကမျှ မွေးကတည်းက အခိုင်းအစေအဖြစ်၊ ကျေးကျွန်အဖြစ်၊ ဇာတ်နိမ့်သောအဖြစ်နှင့် အမှတ်အသားရိုက်နှိပ်ပြီး မွေးဖွားလာခဲ့ခြင်း မဟုတ်ကြောင်းကိုလည်း သူက ပြောဆိုခဲ့၏။ သူနှင့် သူ၏ အဆုံးအမများသည်သာလျှင် တစ်တန်းစားတည်းသော လူသားအဖြစ်ကို ပုံတော်ပေးခဲ့သည်။ လူသားအချင်းချင်း အခွင့်အရေးတူညီမှုစစ်မှန်သော ဒီမိုကရေစီနှင့် စစ်မှန်သော ကမ္ဘာလောကကြီး၏ လွတ်လပ်မှုနှင့် လွတ်လပ်ရေး အတွေးအခေါ်များကို အမှန်အကန် ဖော်ထုတ်ပေးနိုင်ခဲ့၏။

ဤအတွေးအခေါ်၏ နယ်နိမိတ်မှ အနည်းငယ် ဘေးထွက်ရှိဖြစ်စေ၊ အနည်းငယ်ခပ်လှမ်းလှမ်းတိုးချဲ့ဖြစ်စေ၊ ဆန်းစစ်ကြည့်မည်ဆိုလျှင် တစ်စုံတစ်ဦးအနေဖြင့် ဤကဲ့သို့သဲကန္တာရဝွားပုဂ္ဂိုလ်၏ခေါင်းဆောင်မှုသည် ကမ္ဘာလောကကြီး၏ လမ်းစဉ်များနှင့် ဥပဒေများ၌ မရေမတွက်နိုင်အောင် လက်တွေ့အကျိုးဆက်များအဖြစ် ခိုင်မြဲစွာ စွဲထင်ကျန်ရစ်နေကြောင်းကို တွေ့ရှိကြမည်ဖြစ်၏။

ထို့ကြောင့် ကောင်းမြတ်သော အပြုအမူများ၏ စည်းမျဉ်းများ ယဉ်ကျေးမှုနှင့် တိုးတက်ထွန်းကားမှုများ၊ အတွေးအခေါ်များနှင့် စိတ်စေတနာ မှန်ကန်မှုများဖြစ်သည့် ယနေ့ကမ္ဘာတွင် ဖြစ်ပေါ်လွှမ်းမိုးနေသမျှ ကိစ္စရပ်အားလုံးသည်ပင် သူ့ထံမှ အရင်းခံပြီးရရှိလာခဲ့ခြင်းသာ ဖြစ်၏။ သူညွှန်ကြားပြသခဲ့သည့် လူမှုရေးဆိုင်ရာ ဥပဒေသများမှာ လူ့အသိုက်အဝန်း လူမှုရေး ဘာသာရေး၌ များစွာပင် စိစဉ်ဝင်နေပေရာ ဤတိုးတက်မှုမှာ ယနေ့အထိ ဆက်လက်ရှင်သန်ဆဲပင် ဖြစ်၏။

သူ ညွှန်ကြားပြသခဲ့သည့် စီးပွားရေးဆိုင်ရာ အခြေခံအချက်များသည် လူသမိုင်း၏ တိုးတက်မှုဖြစ်စဉ်တိုင်း၌ လမ်းညွှန်မှုကို ပေးသည်သာမက အနာဂတ်ကာလအထိပင် အကျိုးပြုလျက် ရှိနေမည်သာ ဖြစ်၏။ သူပုံဖော်ပေးခဲ့သည့် အုပ်ချုပ်ရေးနည်းစနစ်မှာ ကမ္ဘာ့လူသားတို့၏ နိုင်ငံရေးအုပြင်နှင့် အယူအဆများကို များစွာပင် မြင့်တင်ပေးနိုင်ခဲ့ရာ ယနေ့အထိပင် သူ၏ အယူအဆများမှာ ဩဇာညောင်းလျက်ရှိနေကြောင်းကို အခိုင်အမာပြောဆိုနိုင်ပေသည်။

သူချပြပေးခဲ့သည့် တရားဥပဒေနှင့် တရားမျှတမှု၏ အခြေခံစည်းမျဉ်းများသည် နိုင်ငံတကာတရားရုံးများနှင့် တရားဥပဒေ စိုးမိုးရေး၌ပါ စွဲထင်ကျန်ရစ်ခဲ့ကြောင်းကို အထင်အရှား သက်သေထူလျက် ရှိနေပေသည်။ သူ၏ဥပဒေရေးရာနှင့် ပတ်သက်သည့် လုပ်ငန်းရပ်များကို ယနေ့ခေတ်ဥပဒေ ပါရဂူများကပါ ရှေ့ဆောင်လမ်းညွှန်အဖြစ် ထာဝရစံထားလျက် ရှိနေရပေသည်။

ဤအရစ်အမျိုးသားကြီးသည် နိုင်ငံအချင်းချင်း ဆက်သွယ်မှုနှင့် ပတ်သက်၍ လည်း ပထမဦးဆုံး ခြေချပေးခဲ့သူလည်း ဖြစ်၏။ စစ်နှင့် ငြိမ်းချမ်းရေးဥပဒေသများကို ပုံမှန်အတိုင်းဖြစ်အောင် ကြဲဆောင်နိုင်ခဲ့သူလည်း ဖြစ်၏။

အကြောင်းမူကား သူ့အလျင်က မည်သူတစ်ဦးတစ်ယောက်မျှ မမြင်ခဲ့ မတွေ့ခဲ့သည့် စစ်ရေးစစ်ရာဌ် စောင့်ထိန်းအပ်သည့် စစ်ဥပဒေ စည်းမျဉ်းများနှင့် နိုင်ငံအချင်းချင်း အကြားဌ် ယေဘူယျကျလှသည့် လူသားအချင်းချင်းဖြစ်သည်ဟူသော ကျောထောက်နောက်ခံအချက်ဖြင့် ပုံမှန်အတိုင်း နည်းစနစ်ကျကျ ဆက်ဆံနိုင်ရန် နည်းလမ်းများကို သူက ညွှန်ပြပေးခဲ့၍ပင် ဖြစ်ပါသည်။[၁]

## အကြီးကဲဆုံးသော ကော်လှန်ရေးသမား

ကမ္ဘာသမိုင်းတွင် စာဖွဲ့ထားသော ဤအံ့သြဖွယ်ရာ ပုဂ္ဂိုလ်ထူး၏ ထူးခြားသော လက္ခဏာများကား နိုင်ငံခြေခိုင်းဆောင်များနှင့် အမျိုးသားသူရဲကောင်းများအဖြစ် ခေတ်အသီးသီးတွင် ဂုဏ်သတင်းဖွေး ကျော်ကြားနေသူများ၏ အရည်အသွေးထက် များစွာ ပိုလွန်မြင့်မားနေပေရာ သူနှင့် နှိုင်းယှဉ်လိုက်လျှင် ထိုပုဂ္ဂိုလ်ကြီးများမှာ သူ့ထက် များစွာ နိမ့်ကျနေကြောင်းကို တွေ့ရပေမည်။

ထိုပုဂ္ဂိုလ်များအနက် မည်သူတစ်ဦးတစ်ယောက်မျှ လူ့ဘဝ၏ကဏ္ဍတစ်ခု သို့မဟုတ် နှစ်ခုထက်ပို၍ လူ့သမိုင်းတွင် ပြောင်မြောက်သော စွမ်းဆောင်ချက်များ ထင်ကျန်ရစ်ခဲ့အောင် ပြုစွမ်းနိုင်ရာ တောက်ပြောင်သည့် အရည်အသွေးကို ပိုင်ဆိုင်ခဲ့ကြခြင်း မရှိချေ။

ထိုသို့သော ခေါင်းဆောင်ကြီးများနှင့် အမျိုးသားသူရဲကောင်းကြီးများမှာ အတွေးအခေါ်အယူအဆပိုင်း၌သာ ထူးချွန်ခဲ့ကြပြီး လက်တွေ့ပိုင်းတွင်မူ ချို့တဲ့နေကြ၏။

အချို့ကား လက်တွေ့ပိုင်း၌ ထူးချွန်ပြီး အတွေးအခေါ် အသိပညာအရာ၌ ခေါင်းပါးမှုဝေဒနာကို ခံစားနေကြရ၏။ အချို့ကား နိုင်ငံရေးသမားသက်သက်အဖြစ်သာ ကျော်ကြား၏။ အချို့ကမူ စစ်သေနင်္ဂဗျူဟာအတတ်၌ ဆရာတစ်ဆူသဖွယ် ဖြစ်နေ၏။ အချို့ကမူ လူမှုရေးဘက်၌သာ စိတ်ဝင်စားပြီး အခြားသော ပြဿနာများကိုမူ လစ်လျူရှုထား၏။ အချို့ကား မိမိ၏စွမ်းအား အရည်အချင်းများကို ကိုယ်ကျင့်တရားနှင့် နာမ်ပိုင်းဆိုင်ရာ၌ အကုန်လုံး မြှုပ်နှံထားပြီး အုပ်ချုပ်ရေးနှင့် စီးပွားကဏ္ဍကို မျက်ကွယ်ပြုထားကြ၏။

အချို့ကား အုပ်ချုပ်ရေးစီးပွားရေးဘက်တွင် ပါရဂူမြောက်သော်လည်း စာရိတ္တ ပိုင်းဆိုင်ရာနှင့် နာမ်ပိုင်းဆိုင်ရာတို့ကို လစ်လျူရှုထားကြ၏။ အတိုချုပ်ဆိုသော် ကမ္ဘာပေါ်ရှိ ခေါင်းဆောင်ကိုင်းလိုလို တစ်ဘက်ဘက်တွင်သာ ထူးထူးချွန်ချွန် တော်ကြသည်က များ၏။

---

၁။ အသေးစိတ်ကို "အဗုလ်အဘ်လာမောင်ဒူဒီ" ရေးသားသည့် "အလ်ဂျီဟာဒ် ဇီလ်အစ္စလာမ်" တွင် ကြည့်ပါရန်။

သူကား ထိုသို့မဟုတ်ပေ။ တစ်ဦးတည်းသော စံနမူနာပင်ဖြစ်သည်။ လူတစ်ကိုယ်တည်း၌ အရည်အသွေး ထူးချွန်မှုအမျိုးမျိုးနှင့် ကောင်းမွန်မြင့်မြတ်မှုအမျိုးမျိုး ပေါင်းစုတည်နေသူဖြစ်၏။ သူသည် တွေးခေါ်ပညာရှင်နှင့် ဒဿနိကပညာရှင်ကြီး တစ်ဆူလည်း ဖြစ်၏။ အမြင်ရှိသူလည်းဖြစ်၏။ သူ၏သင်ကြားချက်များ၏ သက်ရှိခန္ဓာတစ်ရပ်လည်း ဖြစ်၏။

နိုင်ငံရေးသမားကြီးတစ်ဦးဖြစ်သလို ပြောင်မြောက်သော စစ်သေနင်္ဂဗျူဟာမှူး တစ်ဦးလည်းဖြစ်၏။ စာရိတ္တပိုင်း၌ လမ်းညွှန်ဆရာတစ်ဆူသဖွယ်လည်း ဖြစ်၏။ ဝိညာဉ်ပိုင်းဆိုင်ရာ၌ ထင်ပေါ်ကျော်ကြားသော မီးရှူးတန်ဆောင်ကြီးပမာဖြစ်ပြီး ဘာသာရေး လမ်းညွှန် ပုဂ္ဂိုလ်ကြီးတစ်ဦးလည်း ဖြစ်၏။

သူ၏အမြင်သည် ဘဝ၏ ပြဿနာရပ်မျိုးစုံကို ထိုးဖောက်ဝင်ရောက် မြင်နိုင်ခဲ့၏။ သူမတွေ့မြင် မသိရှိ လက်လှမ်းမမှီသည့်အရာဟူ၍ လုံးဝမရှိချေ။

သူ၏အမိန့်နှင့် ပညတ်ချက်များမှာ နိုင်ငံတကာဆက်ဆံရေးအပိုင်းမှသည် လူ့ဘဝ၏ နိစ္စဓုဝ ကိစ္စရပ်များဖြစ်သည့် စားရေးသောက်ရေးနှင့် ကိုယ်ခန္ဓာ သန့်ရှင်းစင်ကြယ်ရေးကိစ္စကဲ့သို့ အောက်ခြေသိမ်း ကိစ္စရပ်များအထိ ပုံနှံ့ကျယ်ပြောစွာ ပေါက်ရောက်ခဲ့၏။

သူ့အယူအဆများ၏ အုတ်မြစ်များဖြင့် ယဉ်ကျေးမှု အဆောက်အအုံတစ်ရပ်ကို တည်ဆောက်ခဲ့ပြီး ဘဝ၏အမျိုးမျိုးသော ပဋိပက္ခအဆင်မပြေမှုများကို ညီညွတ်မှုတအောင် ပြုနိုင်သည့် နည်းလမ်းတစ်ရပ်ကိုလည်း ညွှန်ပြပေးခဲ့ပေရာ အပြစ်အနာမရှိ၊ ချို့တဲ့မှုမရှိ၊ လုံးဝပြည့်စုံနေ၏။ ဤကဲ့သို့ အစစအရာရာ၌ လိုလေသေးမရှိ။ ဘက်စုံ ပြည့်ပြည့်ဝဝ ထူးချွန်သော စံနမူနာရှင်နှင့် အလားတူအခြားပုဂ္ဂိုလ်မျိုးရှိခဲ့ပါသည်ဟု တစ်စုံတစ်ဦး အနေဖြင့် ညွှန်ပြခြင်းပြုနိုင်ပါမည်လော။

ကမ္ဘာလောက၏ များစွာသော ကျော်ကြားလှသည့် အရည်အသွေးပိုင်ရှင်များအား ယင်းတို့၏ ပတ်ဝန်းကျင်က ပြုစုပျိုးထောင်ပေးခဲ့ခြင်း ဖြစ်၏။ သူမှကား ဤသို့မဟုတ်ပေ။ သူ၏ပတ်ဝန်းကျင်သည် သူ၏ အရည်အသွေးကို ထွန်းပြောင်အောင် မည်သည့်ကဏ္ဍကမျှ ဆောင်ရွက်ပေးခဲ့ခြင်းမရှိပေ။

သူမွေးဖွားသည့်နှစ်နှင့်အပြိုင် ဖြစ်ပွားခဲ့သည့် အာရေဇျပြည်၏ ဖြစ်ရပ်များကလည်း သူ့ကို မည်သို့မျှ အထောက်အကူပြုခဲ့ခြင်းမရှိကြောင်း သမိုင်းအရ သက်သေသေထူနေပေသည်။

တစ်စုံတစ်ဦးအနေဖြင့် အများဆုံးပြောနိုင်သော အချက်ကား အာရေဇျပြည်၏ ပတ်ဝန်းကျင်အသီးသီးကပင် ရန်ဗီဒေအဆက်မပြတ် ပွားနေသည့် မျိုးနွယ်များအား တစ်ခုတည်းသော အမျိုးသားအဖြစ်သို့ ပို့ဆောင်ပေးနိုင်မည့် ၎င်းတို့၏ ချမ်းသာကောင်းစားမှု အုတ်မြစ်ကို ချပေးခြင်းဖြင့် အခြားတိုင်းပြည်များအား သူတို့၏ အုပ်ချုပ်မှုအောက်ဝယ် ရောက်ရှိအောင် ပို့ဆောင်ပေးနိုင်မည့် ဤကဲ့သို့သော ပုဂ္ဂိုလ်မျိုးကို ကာလအတန်ကြာက ပင် မျှော်လင့်နေသည်ဟူသော အချက်ပင်ဖြစ်၏။

အကျဉ်းရုံးဆိုရသော ထိုခေတ်က အရှေ့အမျိုးသားတစ်ဦး၏ ထူးခြားမှုများဖြစ်သည့် ရက်စက်ကြမ်းကြုတ်မှု ဖိနှိပ်ကျူးကျော်မှု၊ သွေးထွက်သံယိုဖြစ်မှု၊ လိမ်လည်

ကောက်ကျစ်မှု၊ ပရိယာယ်မာယာများနှင့် ကောင်းကျိုး သို့မဟုတ် ဆိုးကျိုးတစ်စုံတစ်ရာကို ပေးမည့် သူ၏အမျိုးသားများက အားထားစေနိုင်မည့် အမျိုးသားခေါင်းဆောင်တစ်ဦးအနေဖြင့် သူ နောက် ဆက်ခံမည့်သူအား နိုင်ငံတစ်နိုင်ငံကို အမွေပေးခဲ့မည်ဆိုသည်နှင့် ပတ်သက်ပြီး အခြားအရေးပါသော အချက်တစ်ရပ်ကို ထောက်ပြနိုင်မည် မဟုတ်ချေ။

ဟေဂဲလ်၏ သမိုင်းအတွေးအခေါ် သို့မဟုတ် မာက်စ်၏ သမိုင်းဆိုင်ရာ ရုပ်ဝါဒတို့မှာ နိုင်ငံတစ်နိုင်ငံ အင်ပါယာတစ်ရပ်ကို ထူထောင်နိုင်မည့် ခေါင်းဆောင်တစ်ဦးအရေးတကြီး လိုအပ်နေ၍ ပေါ်ထွန်းလာခြင်းဖြစ်မည်ဟု တစ်စုံတစ်ဦးအနေဖြင့် ဆိုလာပေမည်။

သို့သော် ဟေဂဲလ်နှင့် မာက်စ်တို့၏ အတွေးအခေါ်များက အကောင်းဆုံးသော ကိုယ်ကျင့်တရားများကို တင်ပြရန် မစွမ်းခဲ့သလိုပင် လူသားတွင် အပြစ်အနာအဆာပေါင်းစုံ သန့်စင်ကင်းလွတ်ရန်၊ အမိုက်မှောင်ဖုံးလွှမ်းနေသော နေ့ရက်များ၊ အယူသီးလွန်မှုများနှင့် စဉ်းစား ဉာဏ်ကင်းမဲ့မှုများကို သုတ်သင်ပစ်ရန် လမ်းညွှန်ပေးနိုင်မည့် ပုဂ္ဂိုလ်တစ်ဦးကို မွေးဖွားနိုင်မည့် ပတ်ဝန်းကျင်တစ်ရပ်ကိုလည်း မရှင်းပြနိုင်ချေ။

ကိုယ်ကျင့်တရားဆိုင်ရာ၊ ဝိညာဉ်ပိုင်းဆိုင်ရာ၊ ယဉ်ကျေးမှုရေးရာနှင့် အုပ်ချုပ်ရေး ယန္တရားဆိုင်ရာတို့၌ သူ၏နိုင်ငံတစ်ခုတည်း ကောင်းမွန်ရေးအတွက် မဟုတ်ဘဲ ကမ္ဘာလောကတစ်ရပ်လုံး၏ ကောင်းကျိုးအတွက် ပြသပေးမည့်သူကဲ့သို့ ပုဂ္ဂိုလ်မျိုးကား မရှိခဲ့ပါ။ သဘောတရားသက်သက် မဟုတ်ဘဲ လက်တွေ့ကျကျ ကုန်စည်ကူးသန်းမှု၊ မြို့ရွာစည်ပင်မှု၊ နိုင်ငံရေး၊ အုပ်ချုပ်ရေးနှင့် နိုင်ငံတကာဆက်ဆံရေး၌ ကိုယ်ကျင့်တရားကို ကျောထောက်နောက်ခံပြုသော ရုပ်ပိုင်းနှင့် ဝိညာဉ်ဆိုင်ရာ တိုးတက်မှုအကြား၌ ညီညွတ်မှုတသော အခြေကို ဖန်တီးမည့်သူ၊ ယနေ့ခေတ်အထိပင် ပညာပိုင်းဆိုင်ရာ၌ ပါရဂူမြောက်ကျွမ်းကျင်သူနှင့် သူ့ဘဝတာ၌ အလားတူ တိတိကျကျ ရှေ့ရှုမြော်မြင်တတ်သည့် သူမျိုးကို မဖော်ထုတ်နိုင်သေးပေ။

တစ်စုံတစ်ဦးအနေဖြင့် ဤမျှပတ်ဝန်းကျင်ထုတစ်ရပ်လုံး၌ အမှောင်ဖုံးလွှမ်းနေသည့် အာရေဗျပြည်မှနေပြီး ဤကဲ့သို့ ပုဂ္ဂိုလ်ကို မွေးထုတ်ပေးနိုင်သည်ဟု ရိုးသားစွာ ဆိုနိုင်ပါမည်လော။

သူသည် သူ့ပတ်ဝန်းကျင် လွတ်မြောက်ကောင်းစားရေးအတွက်သာ ပေါ်လာခြင်းမဟုတ်ချေ။ သူ၏စွမ်းဆောင်ချက်ကို လေ့လာကြည့်မည်ဆိုလျှင် မြင်းမကွယ် နိဂုံးဆွဲနိုင်မည့်အချက်မှာ သူ၏လုပ်ရပ်သည် ခေတ်ကာလအတိုင်းအတာ အကန့်အသတ်မရှိဘဲ ကမ္ဘာ့အစဉ်သဖြင့် ကောင်းမွန်နေသည်ဟူသော အချက်ပင် ဖြစ်၏။

သူ၏ တွေးခေါ်မြော်မြင်မှုသည် လောကီနှင့် ရုပ်ပိုင်းဆိုင်ရာ အဟန့်အတားအသီးသီးကို ချိုးဖျက်နိုင်၏။ နှစ်ပေါင်းထောင်ကျော် ကြာညောင်း ကုန်လွန်ခဲ့သော်ငြားလည်း သူ၏ ကြိုးပမ်းချက်မှုတစ်ရပ်လုံးနှင့် လူ့သမိုင်းတစ်လျှောက်လုံး၌ သူ၏ လုပ်ဆောင်ချက်များအား အသိအမှတ်ပြုနေရပေသည်။

သူသည် လူ့သမိုင်းတွင် မေ့ပျောက်ခြင်းခံရသူများ၊ လစ်လျူရှုခံရသူများနှင့် အကွရောထင်ကျန်ခဲ့ခြင်း မရှိသူများအနက် တစ်ဦးအပါအဝင် မဟုတ်ချေ။ သူ့ခေတ်သူ့အခါက ခေါင်းဆောင်ကောင်းတစ်ဦးဖြစ်ခဲ့၍ ချီးကျူးခြင်းခံရသူလည်း မဟုတ်ပေ။ သူသည်

လူ့သမိုင်းတွင် ပြိုင်စံရှားသည့် တစ်ဦးတည်းသော ခေါင်းဆောင်တစ်ဦးဖြစ်ပြီး အချိန်နှင့် အမျှ သူ၏ ထူးချွန်ပြောင်မြောက်မှုမှာ တစ်ဟုန်ထိုး ထိုးတက်လျက်ရှိနေ၏။

တစ်နှစ်ပြီးတစ်နှစ် ဟောင်းခဲ့သော်လည်း သူ၏ ဂုဏ်သတင်းကား မွှေးသည် ထက်မွှေး၊ သစ်သည်ထက်သစ်လာ၏။ မှေးမှိန်ရပ်တန့်သွားသည်ဟူ၍ မရှိချေ။ သူ့ခေတ် သမိုင်းတွင်သာမက ခေတ်တိုင်းကာလတိုင်း၌ ခေတ်မီလျက်ရှိနေပေသည်။ အမှန်အားဖြင့် သူ၏ သင်ကြားချက်များကား မနက်ဖြန်၏ ရောင်နီဦးထက်ပင် ဝိုမို ခေတ်ရှေ့ပြေးလျက် ရှိနေပေသည်။

''သမိုင်းကို ပြုလုပ်သူများ'' ဟု ဆိုစမှတ်ပြုခြင်း ခံရသူများမှာ စင်စစ်၌ သမိုင်းက ဖန်တီးလိုက်သူများသာ ဖြစ်၏။ တကယ်တန်းတွင်မူ လူ့သမိုင်းတစ်ရပ်လုံးတွင် သူ တစ်ဦးတည်းသာလျှင် သမိုင်းကို ဖန်တီးပြုလုပ်သူ စံမူနာရှင်ဖြစ်၏။

တော်လှန်ရေးအဆက်ဆက်ကို ဆောင်ကျဉ်းခဲ့သော တော်လှန်မှုအမျိုးမျိုးကို ပြုခဲ့သော ကမ္ဘာ့ခေါင်းဆောင်ကြီးများ၏ ဘဝနှင့် ပတ်ဝန်းကျင်အခြေအနေများကို သေချာစွာ ဆန်းစစ်ကြည့်မည်ဆိုပါက ယင်းတော်လှန်ရေး အဖြစ်အပျက်တိုင်း၌ တော်လှန်ရေး လမ်းကြောင်း မှန်ကန်သော ဦးတည်ချက်အတိုင်း ဆင်နွှဲရ၏။

ထို့ပြင် တော်လှန်ရေးတစ်ရပ် ဆင်နွှဲရန်အတွက် အချိန်အခါကောင်းတစ်ခုကို စောင့်ဆိုင်းရသည်ကို တွေ့ရပေသည်။ ဤစွမ်းအားစုများကို နေသားတကျ ကြိုတင်ပြင်ဆင်ပြီးမှ တော်လှန်ရေးခေါင်းဆောင်သည် ရှေးမဆွကယင် ကြိုတင်ပြင်ဆင်ထားသော ဇာတ်ခုံနှင့် ဇာတ်လမ်းတွင် ဇာတ်ကောင်တစ်ဦးအနေဖြင့် ပါဝင်လှုပ်ရှားရခြင်း ဖြစ်၏။ အခြားတစ်ဘက်မှဆိုသော် ''သမိုင်းကို ဖန်တီးသူများ'' အကြားနှင့် ခေတ်တိုင်း၏ အသွင်သဏ္ဌာန် တော်လှန်ရေးလက္ခဏာရပ်များ၌ သူသည် သူ့လမ်းကို သူရှာပြီး တော်လှန်ရေး အတွက် လိုအပ်ချက်များကို မိမိကိုယ်တိုင် စုဆောင်းပြီး လုပ်ဆောင်သွားခဲ့သည့် တစ်ဦး တည်းသောသူပင် ဖြစ်၏။

သူသည် သူလိုလားသော ပုံစံအတိုင်း သူ၏ရည်ရွယ်ချက်အတိုင်း လူသားအား ပုံသွင်းရန် ကြိုးစားခဲ့၏။ အကြောင်းမူကား ထိုတော်လှန်ရေး၏ အဓိက အသက်ဝိညာဉ်နှင့် ယင်း၏လိုအပ်သော က,ကြိုးတန်ဆာမှာ သူ၏ အမျိုးသားများတွင် မရှိပေရာ ထို သူများအကြား၌ သူ၏ ကိုယ်ပိုင်ဆုံးဖြတ်ချက်သာ ရှိပေသည်။ သူ့ကို ထောက်ခံမဲပေးမည့် သူပင် မရှိခဲ့ပေ။

သူ၏ ထက်မြက်သော အရည်အသွေးများမှာ သူ့အစွမ်းဖြင့် ထောင်ပေါင်းများစွာသော တပည့်သာဝကများ၏ စိတ်နှလုံးအတွင်း၌ မပျောက်မပျက်နိုင်အောင် စွဲထင်ကျန်ရစ်လျက် ရှိစေခဲ့၏။ သူ၏ နောက်လိုက်များအား သူ့အကြိုက် ပုံသွင်းနိုင်ခဲ့၏။ သံမဏိစိတ်ခါတ်ဖြင့် သူ၏တော်လှန်ရေးအတွက် ကျောထောက်နောက်ခံကို ပြင်ဆင်သွားစေခဲ့၏။

တော်လှန်ရေး၏ အသွင်သဏ္ဌာန် လက္ခဏာများကို ပုံဖော်ပေးနိုင်ခဲ့၏။ သူလိုလားဆန္ဒရှိသည့် လမ်းကြောင်းကြီးအတိုင်း တော်လှန်ရေး၏ အဖြစ်အပျက် လမ်းကြောင်းကို ဦးတည်ပေးနိုင်ခဲ့၏။

တစ်စုံတစ်ဦးအနေဖြင့် ဤသို့ ထူးခြားသောကဏ္ဍမှ အခြားအခြားသော သမိုင်းကို ဖန်တီးသူတစ်ဦးနှင့် ဤသို့ ပြောင်မြောက်ထွန်းတောက်ပြီး ခမ်းနားလှသော တော်လှန်ရေးကဲ့သို့သော တော်လှန်ရေးမျိုးကို နှိုင်းယှဉ်ကိုးကားပြနိုင်အံ့ရာလော။

## နှောက်ဆုံးသက်သေ

လွန်ခဲ့သော နှစ်ပေါင်း (၁၄၀၀) က အာရေဗျပြည်ကဲ့သို့ အမှောင်ထုဖုံးလွှမ်းနေသည့် တိုင်းနိုင်ငံကြီးတွင် စာပေပညာ သင်ကြားခဲ့ခြင်းမရှိသည့် အရစ်ကုန်သည်နှင့် သိုးကျောင်းသားတစ်ဦးအနေဖြင့် ဤကဲ့သို့ အသိပညာ၊ ဤကဲ့သို့ အလင်းရောင် ဤကဲ့သို့ စွမ်းအားသတ္တိ၊ ဤကဲ့သို့ လုပ်ဆောင်ချက်နှင့် ဤမျှ ကောင်းမွန်တိုးတက်သည့် စာရိတ္တ တရားများကို မည်သို့မည်ပုံ ရရှိခဲ့ပုံကို တွေးခေါ်ကြည့်မည်ဆိုပါက မုချပင် အံ့သြမိပေလိမ့်မည်။

တစ်စုံတစ်ဦးအနေဖြင့် 'သူ၏သတင်းကောင်း' တွင် ထူးခြားချက်တစ်စုံတစ်ရာ မရှိဟု ဆိုကောင်းဆိုပေမည်။ ယင်းသတင်းစကားများကား သူ၏ ကိုယ်ပိုင်စိတ်ကူးမှ ပေါက်ဖွားလာခြင်းဟုလည်း ဆိုကောင်းဆိုလာပေမည်။ ဤသို့သာဆိုလျှင် သူသည် သူ့ကိုယ် သူ ဖန်ဆင်းရှင်ဘုရားဟု ကြွေးကြော်တော့မည်သာ ဖြစ်၏။

ထိုခေတ်ထိုအချိန်က သူက အခိုင်အမာ ပြောကြားချက်များကို ကြည့်လျှင် ကမ္ဘာမြေပေါ်ရှိ လူသားများအနေဖြင့် ခရစ္စနာနှင့် ဗုဒ္ဓအား ဘုရားဟုလည်းကောင်း၊ သခင်ယေရှုအား ဘုရားသားတော်ဟုလည်းကောင်း ခေါ်ဝေါ်ရန် လက်မနေးကြပေ။

မီး၊ ရေ၊ လေကဲ့သို့ သဘာဝအင်အားစုများကိုပင် ကိုးကွယ်သူတို့အနေဖြင့် ဤမျှအံ့သြဖွယ်ရာ ပုဂ္ဂိုလ်အနေဖြင့် မိမိကိုယ်ကို ဘုရားရှင်အဖြစ် ကြွေးကြော်ခဲ့လျှင်လည်း အလွယ်တကူ လက်ခံ အသိအမှတ်ပြုသွားကြမည်သာ ဖြစ်၏။

သို့သော် သူ၏ ကြွေးကြော်ချက်များကား အထက်ပါနှင့် လုံးဝဆန့်ကျင်နေသည်ကို ကြည့်ပါလေ။

သူကြွေးကြော်ခဲ့သည်မှာ ''ကျွန်ုပ်သည် သင်တို့ကဲ့သို့ပင် လူသားတစ်ဦးသာ ဖြစ်၏။ ကျွန်ုပ်သည် ကျွန်ုပ်ကိုယ်ပိုင် စိတ်ဆန္ဒ ကျွန်ုပ်ကိုယ်ပိုင် ကြိုးပမ်းချက်ဖြင့် မည်သည့်ကိုမှ အသင်တို့ထံသို့ ယူဆောင်လာခြင်းမရှိပါ။ ကျွန်ုပ် ပြောဆိုချသမျှသည် အလွှာဟ် ရှင်က ကျွန်ုပ်အား ပို့ချပေးသည့်အတိုင်းသာ ဖြစ်၏။ ကျွန်ုပ်ပြောဆိုသမျှ လုပ်ဆောင်ပြသမျှသည် ထိုအရှင်ထံမှသာ ဖြစ်၏''

''ဤကဲ့သို့ သတင်းစကားနှင့်တူသော စကားမျိုးကို လူသားထုတစ်ရပ်လုံး ထုတ်လုပ်ရန် စွမ်းဆောင်နိုင်မည် မဟုတ်။ ထာဝရအရှင်၏ တမန်တော်များသာ ယင်းကိစ္စကို စွမ်းဆောင်နိုင်၏။ ယခုပြောဆိုချက်ဟူသမျှမှာ ကျွန်ုပ်၏ စိတ်ကူးစိတ်သန်းမှ ပေါ်ပေါက်လာခြင်း မဟုတ်ချေ။ စကားလုံးတိုင်း စကားလုံးတိုင်း အလွှာဟ်ရှင်ထံမှ ပို့ချပေးခြင်းဖြစ်၏''

''ဤသတင်းစကားများ၏ အရှင်ကို ကောင်းချီးပေးကြပါလေ။ အသင်တို့ မျက်စေ့ရှေ့ဝယ် ကျွန်ုပ်လက်ဝယ် ပိုင်ဆိုင်ထားသော အဲ့ဒြ့ဿရာ လုပ်ဆောင်ချက် အားလုံးသည်လည်းကောင်း၊ ကျွန်ုပ်ပို့ချပေးသည့် ဥပဒေသများသည်လည်းကောင်း၊ ကျွန်ုပ် ပြဋ္ဌာန်း သင်ကြားပို့ချပေးသည့် ပညတ်ချက် စည်းမျဉ်းအားလုံးသည်လည်းကောင်း မည်သည့် အရာမှ ကျွန်ုပ်ထံမှ ဖြစ်လာသည်မဟုတ်ချေ''

''ကျွန်ုပ်တွင် ကျွန်ုပ်၏ ကိုယ်ပိုင်စွမ်းအင် အရည်အချင်းဖြင့် ဤကဲ့သို့သော အရာများကို ထုတ်ဖော်ပြောဆိုရန် လုံးဝ တတ်စွမ်းနိုင်ခြင်းမရှိပေ။ အရာရာကို ကောင်းကင် ကျလမ်းညွှန်မှုကို ကြည့်ပြီးမှ ပြုရသည်သာ ဖြစ်၏။ အလွှာဟ်ရှင်နှစ်မြို့သော မည်သည့် ကိစ္စဟူသရွေ့မဆို ကျွန်ုပ်ပြုလုပ်ပြီး ထိုအရှင်လမ်းညွှန်သည့်အတိုင်း ကျွန်ုပ်ကြွေးကြော် တင်ပြခြင်းဖြစ်၏''

''နားဆင်လော့၊ အဘယ်မျှ အံ့သြစရာကောင်းပြီး ဂိုးသားဖြောင့်မတ်မှု၊ မှန်ကန်မှု၊ တည်ကြည်မှု၊ သန့်စင်မှု စသည့် ဂုဏ်ယူဖွယ်များနှင့် ပြည့်စုံနေပါဘိသနည်း။ မှာသားပြောဆို သူနှင့် လိမ်လည်ဟန်ဆောင်သူတစ်ဦးအနေဖြင့် သူ၏ပြောဆိုချက် မှားယွင်းကြောင်း လွယ်ကူစွာ သက်သေထူနိုင်သည့်အခါ အထူးသဖြင့် အခြားသူများ၏ အကြိုက်လိုက်လျောပြီး မိမိ၏ အောင်မြင်မှုကို ရှာကြံယူသွားမည်သာ ဖြစ်၏။

သို့သော် ဤပုဂ္ဂိုလ်ကြီးကား ဤကဲ့သို့ စွမ်းဆောင်ကြိုးပမ်းချက်မျိုးဖြင့် ကိုယ့် အပေါ်တွင် ယုံကြည်မှုရှိရန် ကြိုးပမ်းခဲ့ခြင်းမရှိချေ။ သူ့အား ဆန့်ကျင်သူမရှိသည့်အခါ တွင်ပင် ဤသို့မပြုခဲ့ချေ။ သူ၏အတွေးအခေါ်မျိုးကို ရရှိရန် မည်သို့သော နည်းလမ်းဖြင့်မျှ မကြိုးပမ်းနိုင်ချေ။ သူ့အား မည်သည့်နည်းနှင့်မျှ လက်ညှိုးထိုး အပြစ်မပြောနိုင်ပေ။

ဤမျှ ပြည့်ဝဖြောင့်မတ်သော ရည်ရွယ်ချက် တည့်မတ်သော စာရိတ္တနှင့် ထူးကဲမြင့်မြတ်သော အသက်ဝိညာဉ်ရှင်ကို ထိုထက်ပို၍ မည်သို့ သက်သေထူအံ့နည်း။ ဤကဲ့သို့ ပြိုင်စံရှားသည့် ချီးမြှင့်မှုကို လျှို့ဝှက်သောနည်းလမ်းဖြင့် လက်ခံရရှိပြီး သူသိထားသမျှ ရရှိထားသမျှကို မချွင်းမချန် အတိအလင်း ညွှန်ပြသူထက် မည်သူသည် ပိုမို ဖြောင့်မတ်မှန်ကန်ပါအံ့နည်း။

ဤအချက်ကပင် ဤကဲ့သို့သော လူသားသည် အလွှာဟ်ရှင်၏ တမန်တော် အစစ်အမှန်ဖြစ်ကြောင်းကို မငြင်းမကွယ်နိုင်လောက်အောင် အဆုံးသတ်အဖြေကို ပေးပျက် ရှိချေ၏။

ဤသူကား ကျွန်ုပ်တို့၏ တမန်တော်မြတ် မုဟမ္မဒ် (ﷺ) ပင် ဖြစ်၏။ သူသည် ထူးခြားသော နိမိတ်လက္ခဏာတော်ရှင်တစ်ဦးလည်း ဖြစ်၏။ ကောင်းမြတ်ခြင်းနှင့် အကျင့် သိက္ခာအရာ၌ စံထားရသူတစ်ဦးလည်း ဖြစ်၏။ အံ့ဖွယ်တစ်ပါးလည်းဖြစ်၏။ အမှန်တရား နှင့် သစ္စာ၏ သင်္ကေတတစ်ဆူလည်း ဖြစ်၏။

အလွှာဟ်ရှင်၏ တမန်တော်ကြီးတစ်ပါးလည်း ဖြစ်၏။ သူ၏ တမန်တော်အဖြစ် သည် ကမ္ဘာတစ်ဝှမ်းလုံးအတွက် ဖြစ်၏။ သူ့ဘဝနှင့် အတွေးအခေါ် သူ့အမှန်တရားနှင့် ဖြောင့်မတ်မှု၊ သူ့မေတ္တာတရားနှင့် ကောင်းမြတ်မှု၊ သူ့စာရိတ္တနှင့် ကိုယ်ကျင့်တရား၊

သူ၏ အတွေးအခေါ် အယူအဆနှင့် ကြိုးပမ်းချက်များ ဤအရည်အချင်းအားလုံးကပင် သူ၏ တမန်တော်အဖြစ်ကို မငြင်းဆန်နိုင်လောက်အောင် သက်သေအခိုင်အမာထူလျက် ရှိပေသည်။

သူ၏ဘဝနှင့် သင်ကြားချက်များကို မထောက်မညှာ လေ့လာသူတိုင်းပင် သူသည် အလွှာဟ်အရှင်၏ တမန်တော် အစစ်အမှန်ပြစ်ကြောင်းနှင့် လူသားတို့အား သူမှတစ်ဆင့် ပို့ချပေးသည့် ကျမ်းမြတ်ကုရ်အာန်မှာလည်း ထိုအရှင်၏ ကျမ်းမြတ်အမှန် ဖြစ်ကြောင်းကို အထင်အရှား သက်သေခံကြမည်သာ ဖြစ်၏။ အရာရာကို မငဲ့ကွက်ဘဲ အမှန်တရားကို အလေးထားသူတိုင်းပင် မည်သူမဆို ဤနိဂုံးချုပ်အဖြေမှ လွတ်မြောက်နိုင်မည် မဟုတ်ချေ။

ထို့ထက်ပို၍ ဆိုရသော် တမန်တော် မုဟမ္မဒ် (ﷺ) ကြောင့်သာ အစွလာမ်၏ ဖြောင့်မတ်မှန်ကန် ဒသာ လမ်းစဉ်ကို ကျွန်ုပ်တို့ သိရှိရကြောင်းကို ရှင်းရှင်းလင်းလင်း နားလည်ထားရမည်သာ ဖြစ်၏။ ကျမ်းမြတ်ကုရ်အာန်နှင့် တမန်တော်မြတ်၏ စံပြဘဝသည်သာ ဖန်ဆင်းရှင်၏ အလိုဆန္ဒကို လူသားတို့ အပြည့်အဝ သိရှိရေးအတွက် ခိုင်လုံသော အရင်းခံအချက်များ ဖြစ်ပေသည်။

တမန်တော်မုဟမ္မဒ် (ﷺ) မှာ လူသားတစ်ရပ်လုံးအတွက် ဖန်ဆင်းရှင်၏ တမန်တော်တစ်ပါးဖြစ်ပေရာ ပွင့်လေပြီးသမျှ တမန်တော်များမှာ သူပွင့်ပေါ်စေခဲ့ခြင်းတွင် အဆုံးသတ်လေပြီ ဖြစ်၏။

သူသည် တမန်တော်များအနက် နောက်ဆုံးတမန်တော်ဖြစ်ပြီး ထာဝရအရှင်၏ အလိုတော်အရ လူသားတို့အား တိုက်ရိုက်ပို့ချပေးခဲ့သမျှ ညွှန်ကြားချက် ဗျာဒိတ်တော်အားလုံးပင် တမန်တော်မြတ်မုဟမ္မဒ် (ﷺ) မှတစ်ဆင့် ပို့ချပေးခဲ့ကြောင်းမှာ ကျမ်းမြတ်ကုရ်အာန်နှင့် ဟဒီစ်တွင် ပါရှိနေလေသည်။

ယခု အမှန်တရားကို သိမြင်သူတိုင်း ဖြောင့်မတ်သော မွတ်စလင်တစ်ဦးဖြစ်လာရန်နှင့် အလွှာဟ်ရှင်၏ လမ်းညွှန်အား မှန်ကန်စွာ လိုက်နာသူတစ်ဦး ဖြစ်လာရေးငှာ စိုးရိမ်မကင်းရှိနေသူများမှာ ထိုအရှင်၏ နောက်ဆုံးတမန်တော်ကြီးကို ယုံကြည်လက်ခံရန် အထူးတာဝန်ရှိသလို သူ၏ သင်ကြားချက်များကို လက်ခံပြီး လူသားတို့အား သူညွှန်ပြခဲ့သော လမ်းစဉ်အတိုင်း လိုက်နာကျင့်သုံးသွာရန်သာ လိုအပ်ပေသည်။ ဤသည်ပင်လျှင် အောင်မြင်ခြင်းနှင့် လွတ်မြောက်ခြင်း၏ လမ်းကြောင်းအစစ်အမှန် ဖြစ်၏။

## တမန်တော်ပွင့်ပေါ်လာခြင်း၏ အဆုံးသတ်နိဂုံး

ဤနေရာ၌ တမန်တော်ပွင့်ပေါ်ခြင်း၊ အဆုံးသတ်ခြင်း ရှိ မရှိ ပြဿနာတစ်ရပ် ပေါ်ပေါက်လာပြီဖြစ်၏။ ဤအချက်ကို တမန်တော်မုဟမ္မဒ် (ﷺ) ၏ တမန်တော်ဘဝ အထွဌပ္ပတ္တိအား စဉ်းစားသုံးသပ်ခြင်းဖြင့် ဆန်းစစ်ကြည့်ကြပါစို့။

ပြီးခဲ့သော ကဏ္ဍများ၌ တမန်တော်ပွင့်ခြင်း၏ ဖြစ်စဉ်နှင့် သဘာဝကို တင်ပြခဲ့ပြီးဖြစ်၏။ ယင်းဆွေးနွေးချက်များပင် တမန်တော်ပွင့်ခြင်းသည် နေ့စဉ် သမားရိုးကျ ဖြစ်စဉ်တစ်ခု မဟုတ်ကြောင်းကို အထင်အရှား ဆိုထားပြီးဖြစ်သည်။

တမန်တော်ပွင့်ခြင်းသည် ထာဝရရုပ်အကောင်အထည်အဖြစ်နှင့် ရှိနေစရာလည်း မလိုအပ်သလို၊ လူမျိုးအသီးသီး၊ နိုင်ငံတိုင်း၊ ခေတ်ကာလတိုင်းတွင် နောက်ထပ်တမန်တော်ပွင့်စရာလည်း မလိုပေ။

တမန်တော်၏ သင်ကြားချက်နှင့် ဘဝဖြစ်စဉ်သည် လူသားတို့အား ဖြောင့်မတ်မှန်ကန်သော လမ်းစဉ်ကို ညွှန်ပြရန်ဖြစ်ရာ လမ်းညွှန်မှုများ ရှင်သန်တည်တံ့နေသမျှ ကာလပတ်လုံး ယင်းတမန်တော် သက်ရှိထင်ရှားရှိနေသည်ဟု ဆိုနိုင်၏။

တမန်တော်တစ်ပါး အစစ်အမှန် ကွယ်လွန်ခြင်းကား အဘယ်ပါနည်း။ သူ၏ သင်ကြားချက်များ ဖောက်လွဲဖောက်ပြန် ပြုခံရခြင်းသည်သာ ထိုတမန်တော် အမှန်တကယ် ကွယ်လွန်ခြင်းဖြစ်သည်ဟု ဆိုနိုင်၏။

ရှေးဦးပိုင်း တမန်တော်အားလုံးပင် ကွယ်လွန်ကြပြီ ဖြစ်၏။ အကြောင်းမူကား ထိုတမန်တော်များ၏ နောက်လိုက်များက ယင်းတို့၏ သင်ကြားပို့ချချက် အဆုံးအမများကို ပျက်သုဉ်းပျောက်ကွယ်သွားရန် ပြုခဲ့ခြင်းကြောင့်လည်းကောင်း၊ သူ၏ ညွှန်ကြားချက်များကို ကပြောင်းကပြန် ကမောက်ကမဖြစ်အောင် မိမိတို့၏ စိတ်တိုင်းကျပြင်ဆင် ဖြည့်စွက်မှု ပြုခဲ့ကြခြင်းကြောင့်လည်းကောင်း ဖြစ်ပေသည်။

ထို့ပြင် တမန်တော်များ၏၊ဘဝဖြစ်စဉ်၌ စိတ်ကူးယဉ်ဆန်သော ဒဏ္ဍာရီဆန်သော မှသားနှယ်သော ဖြစ်ရပ်များကို ထည့်သွင်းထားခြင်းကြောင့် ထိုတမန်တော်၏ ဘဝလမ်းညွှန် စံနမူနာဖြစ်ရပ်များ၌ အမည်းကွက်ထင်ခဲ့ပြီ ဖြစ်၏။

ရှေးဦးပိုင်း ခရစ်တော်ကျမ်းစာ စသည့် ကျမ်းဂန်များသည် နဂိုမူရင်းအတိုင်း တစ်ခုမျှ မရှိတော့ပေရာ ယင်းကျမ်းဂန် အစစ်အမှန်ကို လက်ကိုင်ကျင့်သုံးမှု ပြုခဲ့ကြသည့် သူများကပင် မိမိတို့တွင် မူရင်းကျမ်း အစစ်အမှန်ကို ပိုင်ဆိုင်နိုင်စွမ်း မရှိတော့ပါဟု အတိအလင်း ဝန်ခံခဲ့ကြ၏။ ရှေးဦးတမန်တော်များ၏ ဘဝဖြစ်စဉ်၌ ဒဏ္ဍာရီဆန်သော အဖြစ်အပျက်များစွာပင် ရောယှက်ပါရှိနေပေရာ ယင်းတမန်တော်များနှင့် ပတ်သက်သည့် အတ္ထုပ္ပတ္တိအစစ်အမှန်ကို မည်သည့်နေရာတွင်မှ ရှာဖွေတွေ့ရှိနိုင်ခြင်း မရှိတော့ပေ။

ယင်းတမန်တော်များနှင့် ပတ်သက်သမျှ အရာများမှာ အားလုံးလိုလို ပျောက်ပျက် ဆုံးရှုံးလက်လွတ်ခဲ့ရပြီဖြစ်သလို ထိုတမန်တော်များ ကျင့်သုံးတည်ဆောက်ခဲ့သည့် လူနေမှုစနစ်မှာလည်း အစပျောက်ခဲ့ပြီဖြစ်၏။ ယင်းတမန်တော်များအနက် တစ်ပါးစီသည် မည်သည့်ဒေသများတွင် ဖွားမြင်၍ မည်သို့ ကြီးထွားရှင်သန်လာပုံ၊ မည်သို့ စားသောက်နေပုံနှင့် လူသားထု ကောင်းကျိုးအတွက် မည်သို့သော လမ်းညွှန်ကျင့်စဉ် ဥပဒေသများအား ကျင့်သုံး ပို့ချပေးခဲ့ပုံတို့ကို လုံးဝခြေရာကောက်မရတော့ချေ။

အကယ်စင်စစ်၌ တမန်တော်တစ်ပါး၏ အစစ်အမှန် ကွယ်လွန်အနိစ္စရောက်သွားခြင်းဟူသည် ယင်းတမန်တော်၏ သင်ကြားပို့ချချက်များ ပျောက်ပျက်ဆုံးရှုံးသွားခြင်း သာလျှင် ဖြစ်၏။

ဤစံနမူနာအပေါ်၌ မူတည်ပြီး ကောက်ချက်ချကြည့်မည်ဆိုပါက တမန်တော် မုဟမ္မဒ် (ﷺ) နှင့် သူ၏ သင်ကြားပို့ချချက်များ ရှင်သန်လျက် ရှိနေသည်ဆိုသည့်အချက်

ကို မည်သူမျှ ငြင်းဆန်နိုင်မည်မဟုတ်ပေ။ သူ၏သင်ကြား လမ်းညွှန်ချက်များမှာ ယနေ့ထိ မပျောက်မပျက် ရှိနေ၏။ ဖျောက်ဖျက်ခြင်းလည်း မပြုနိုင်ခဲ့ပေ။

တမန်တော်မြတ်မှတစ်ဆင့် လူသားတို့အား ပို့ချခဲ့သော ကျမ်းမြတ်ကုရ်အာန်သည်လည်း မူရင်းအတိုင်း ယနေ့တိုင် မပျောက်မပျက် ရှိနေပေသည်။ တမန်တော်မြတ် လက်တွင် ကျရောက်ခဲ့စဉ်ကအတိုင်း ဝတ်ဆံတစ်လုံး၊ ကဏ္ဍာတစ်ခုနှင့် ပုဒ်တစ်ပုဒ်ကဲ့သို့ သေးနုတ်သည့် ကွဲလွဲချက်မျိုးကိုပင် မတွေ့ရချေ။ တမန်တော်မြတ်၏ ဘဝအထွဋ်ပွတ္တိ အစအဆုံး သင်ကြားပို့ချခဲ့သော ဩဝါဒအားလုံးနှင့် ညွှန်ကြားပို့ချချက်အားလုံး အပြည့်အဝ အမှန်အတိုင်း ယနေ့ထိ ဟည်တံ့လျက် ရှိနေပေသည်။

နှစ်ပေါင်း (၁၄၀၀) မျှ ကြာညောင်းခဲ့ပြီဖြစ်သော်လည်း ယင်းထေရုပ္ပတ္တိသမိုင်းနှင့် ဩဝါဒများကို တစ်ဆင့်ဖတ်ရှုရသည်ကပင် တမန်တော်မြတ်ကြီးကိုယ်တိုင် မိမိတို့မျက်စိရှေ့မှောက်၌ မျက်ဝါးထင်ထင် လာရောက်ပြောကြားနေသည့်နှယ် ခံစားနေ၏။ အစွလာမ်၏ တမန်တော်ကြီးမုဟမ္မဒ် (ﷺ) ၏ ဘဝအထွဋ်ပွတ္တိထက် ပိုမိုပြည့်စုံတိကျသော အထွဋ်ပွတ္တိမျိုးကို မည်သည့်အခါမျှ တွေ့နိုင်မည်မဟုတ်ပေ။

ကျွန်ုပ်တို့၏ ဘဝဖြစ်စဉ် ဖြစ်ရပ်တိုင်း၌ တမန်တော်မုဟမ္မဒ် (ﷺ) ၏ လမ်းညွှန်မှုကိုသာ စံထားနေရ၏။ တမန်တော်မြတ်၏ ဘဝစံနမူနာကို လက်တွေ့လိုက်နာ သင်ခန်းစာယူနေရ၏။ ထိုအချက်ကပင်လျှင် တမန်တော်မုဟမ္မဒ် (ﷺ) ၏ နောက်ပိုင်း၌ အခြားမည်သည့်တမန်တော်မျှ အဘယ်ကြောင့် ပွင့်ပေါ်စရာမလိုအပ်တော့ကြောင်းကို ပြဆိုလျက်ရှိ၏။

ထို့ပြင် တမန်တော်တစ်ပါးပါး ပွင့်ပေါ်ရန် ပင်မအကြောင်းခံအချက်သုံးချက် လိုအပ်နေပေသည်။ ဤနေရာ၌ တမန်တော်တစ်ပါးပါး ကွယ်လွန်သွားသဖြင့် နောက်တစ်ပါးအစား ပွင့်ပေါ်လာရခြင်းမဟုတ်သည်ကို သတိမူသင့်ပေသည်။ ဤအချက်သုံးချက်ကို ကောက်နှုတ်တင်ပြရသော် အောက်ပါအတိုင်းဖြစ်၏။

၁။ စောစောပိုင်းက ပွင့်ခဲ့သော တမန်တော်များ၏ ဆုံးမသွေးသင်ချက်များမှာ ကပြောင်းပြန် ကမောက်ကမဖြစ်ကုန်ခြင်း၊ ပျက်သုဉ်းတိမ်းပါးသွားခြင်းအတွက်ကြောင့် ယင်းဆုံးမသွန်သင်ချက်များ ပြန်လည်ရှင်သန်လာရေးအတွက် ဟောပြောတင်ပြရန် လိုအပ်လာပြီဖြစ်၏။

ဤသို့သော အချိန်အခါမျိုး၌ တမန်တော်တစ်ပါး ပွင့်ပေါ်လာပြီး ထိုတမန်တော်က လူသားတို့၏ဘဝ လူနေမှုစနစ်၌ ဖောက်လွဲဖောက်ပြန်မှုနှင့် ဒုစရိုက်အမိုက်အမောင်တို့ဖြင့် စွန်းထင်းနေခြင်းများကို ရွှတ်ကယ်ဆေးကြော သန့်စင်ပေးရန်နှင့် သာသနာတော်ကို နဂိုမူရင်း ပကတိအတိုင်း မှန်မှန်ကန်ကန် သန့်စင်စွာ ပြန်လည်တည်တံ့လာစေရန်အတွက် ဆောင်ရွက်ပေးရန် ဖြစ်သည်။

၂။ ဒုတိယအချက်မှာ ပထမပွင့်ပေါ်လာခဲ့သော တမန်တော်၏ အဆုံးအမသွန်သင်ချက်များ ပြည့်စုံလုံလောက်မှု မရှိသဖြင့် ယင်းသင်ကြားချက်များကို ပြုပြင်ပေးရန်နှင့် ဖြည့်စွက်ပေးရန် လိုအပ်လာသည့်အတွက် ယင်း

သွန်သင်ချက်များကို တိုးတက်ကောင်းမွန်အောင် ပြင်ဆင်ပြီး လိုအပ်သည်တို့ကို ထပ်မံဖြည့်စွက်ပေးနိုင်ရန်အလို့ငှာ တမန်တော်အသစ်တစ်ပါးကို ဤတာဝန်များကို ထမ်းဆောင်စေရန် စေလွှတ်ပွင့်ပေါ်စေခဲ့ရခြင်းပင် ဖြစ်၏။

၃။ တတိယအချက်မှာ ပထမပွင့်ပေါ်ခဲ့သော တမန်တော်သည် သီးခြားလူမျိုးစုတစ်စုအတွက်သော်လည်းကောင်း၊ သီးခြားဒေသတစ်ခု အတွက်သော်လည်းကောင်း၊ သီးသန့်ရည်ရွယ်ပွင့်ပေါ်လာရခြင်းကြောင့် အခြားသော အမျိုးသားအုပ်စု သို့မဟုတ် နိုင်ငံတစ်နိုင်ငံအတွက် အခြားတမန်တော်တစ်ပါး ပွင့်ပေါ်ပေးရန် လိုအပ်လာခြင်းကြောင့်လည်း ဖြစ်၏။[၁]

ဤကား တမန်တော်တစ်ပါး ပွင့်ပေါ်ရန် လိုအပ်သော အနေအထားသုံးရပ်ပင် ဖြစ်၏။ ဤအချက်သုံးချက်အပေါ်၌ ဆန်းစစ်ကြည့်မည်ဆိုပါက ယနေ့ခေတ်အခါ၌ ဤအနေအထားမျိုး တစ်ခုတစ်လေမျှ မရှိတော့ကြောင်းကို အထင်အရှား တွေ့ရပေမည်။

နောက်ဆုံးတမန်တော်မုဟမ္မဒ် (ﷺ) ၏ သွန်သင်လမ်းညွှန်ချက်များမှာ ယနေ့တိုင် ရှင်သန်လျက်ရှိနေ၏။ အပြည့်အဝ ထိန်းသိမ်းထားခြင်းကို တွေ့နေရ၏။ ဟမန်တော်မြတ်က လူသားတို့အား ညွှန်ပြခဲ့သော လမ်းညွှန်မှုများမှာ လုံးဝပြီးပြည့်စုံနေရုံသာမက တစ်စုံတစ်ရာ အပြစ်အနာအဆာလည်း မတွေ့ရပေ။ ဤလမ်းညွှန်မှုများမှာ ကျမ်းမြတ်ကုရ်အာန်၌ ယနေ့တိုင် အထင်အရှားရှိနေ၏။

အစွလာမ်၏ အရင်းခံသဘောတရားများမှာ အပြည့်အဝ ပကတိ မူရင်းမပျက်မပြောင်းမလဲ တည်ရှိနေ၏။ တမန်တော်မြတ်၏ လုပ်ရပ်တိုင်း၊ လမ်းညွှန်တိုင်းကိုလည်း အနည်းငယ်မျှ သံသယရှိစရာ မလိုအောင်ပင် အပြည့်အဝ အမှန်အတိုင်း သိရှိနိုင်ပေသည်။ ဤနည်းအားဖြင့် သူ၏ ဆုံးမသွန်သင်ချက်မှန်သရွေ့ အားလုံးမပျောက်မပျက် တည်ရှိနေသောကြောင့် နောက်ထပ်တမန်တော်အသစ် တစ်ပါးတစ်လေသော်မျှ ပွင့်ပေါ်ရန် မလို အပ်တော့ချေ။

ဒုတိယအချက်မှာ အလ္လာဟ်ရှင်သည် တမန်တော်မုဟမ္မဒ် (ﷺ) အား လမ်းညွှန်မှုကို အပြည့်အဝ ပို့ချပေးခဲ့ခြင်းနှင့် အစွလာမ်သည်လည်း လူသားထုတစ်ရပ်လုံးအတွက် အပြည့်စုံဆုံးသော အယူဝါဒတစ်ရပ်ဖြစ်နေခြင်းကြောင့်ပင် ဖြစ်၏။

ကျမ်းမြတ်ကုရ်အာန်၌ အလ္လာဟ်က အတိအလင်း မိန့်ဆိုထားသည်မှာ ''ယနေ့ငါအရှင်မြတ်သည် အသင်၏ ယုံကြည်ချက်နှင့် အယူဝါဒကို ပြီးပြည့်စုံစေခဲ့ပြီး အသင့် အပေါ်၌ ငါအရှင်၏ ချီးမြှင့်မှုကိုလည်း ပြီးပြည့်ဝစေခဲ့ပြီး ဖြစ်၏'' ဟု ဆိုထားပေသည်။

---

၁။ အခြားသော အနေအထားတစ်ရပ်မှသည်ကား ပထမမွင့်ပေါ်လာခဲ့သော တမန်တော်ကို ကူညီထောက်ပံ့မှု ဖြစ်စေရန် အခြားတမန်တော်တစ်ပါးကို ပွင့်ပေါ်စေခဲ့ခြင်း ဖြစ်၏။ ကျမ်းမြတ်ကုရ်အာန်ဘွင် ဤဖြစ်ရပ်မျိုးနှစ်ခုသာ တွေ့ရ၏။ ဤအနေအထားမှာ ရွှင်းချက်တစ်ရပ်သာဖြစ်ပြီး ယေဘုယျနိယာမ တစ်ရပ်ကား မဟုတ်ပေ။ ထို့ကြောင့် ဤအနေအထားကို ဖော်တွေ့အချက်အနေဖြင့် မတင်ပြရခြင်း ဖြစ်ရပါသည်။

အစွလာမ်ကို ပြီးပြည့်စုံသော လူ့ဘဝလမ်းညွှန်တစ်ရပ် ဟုတ်မဟုတ် အသေ အချာ လေ့လာကြည့်မည်ဆိုပါက ကျမ်းမြတ်ကုရ်အာန်ပါ အထက်ပါ မိန့်ဆိုချက် မှန်ကန် ကြောင်း ထင်ရှားလှသည်ကို တွေ့ရပေမည်။

အစွလာမ်သည် ဤဘဝနှင့် နောက်တမလွန်ဘဝ နှစ်ဘဝလုံးအတွက် လမ်းညွှန် မှုကို အပြည့်အဝ ပေးထားပေရာ တစ်စုံတစ်ရာ လိုအပ်နေခြင်း မရှိကြောင်းကို တွေ့ရပေ သည်။ သာသနာတော်မှာ ယခုအခါ၌ လုံးဝပြီးပြည့်စုံနေပြီဖြစ်ရကား မပြည့်မစုံမှုကို ဖြည့်စွက်ပေးရန်အတွက် တမန်တော်အသစ်တစ်ပါး ပွင့်ပေါ်ပေးစရာလည်း လုံးဝ မလိုအပ် တော့ပေ။[၁]

---

၁။ အချို့က ခေတ်ကာလအမျိုးမျိုး ပြောင်းလဲနေပေရာ ဤခေတ်မျိုး၌ လမ်းညွှန်မှုတစ်ရပ် အမှန် တကယ်လိုအပ်နေကြောင်း၊ လွန်ခဲ့သော (၁၃) ရာစုနှစ်ကတည်းက တည်ရှိခဲ့သော အစွလာမ်အနေ ဖြင့် ခေတ်နှင့် မလျော်ညီတော့ကြောင်း၊ ရှေးကျဟောင်းမျိုးသွားပြီဖြစ်ကြောင်းနှင့် ယခုကဲ့သို့ အစစ အရာရာ တိုးတက်ထွန်းကားနေသော ခေတ်ကြီး၌ အံဝင်ခွင်ကျ မရှိတော့ကြောင်း စသဖြင့် အမျိုးမျိုး တင်ပြလာခဲ့ကြ၏။

ဤစောဒက တတ်ချက်များကား အခြေအမြစ်မရှိချေ။ အောက်တွင် အကျိုးအကြောင်း ခိုင်လုံစွာ တင်ပြထားပေသည်။

(က) အစွလာမ်၏ အဆိုအမိန့်များသည် ထာဝရတည်တံ့လျက် ရှိ၏။ အဘယ်ကြောင့်ဆိုသော် အစွလာမ်၏ အဆုံးအမများကို အတိတ်ပစ္စုပ္ပန်နှင့် အနာဂတ်ရှိ ဖြစ်ရပ်အလုံးစုံကို အကြွင်းမဲ့ သိမြင်တော်မူသည့် ထာဝရအရှင်ဖြစ်သည့် အလ္လာဟ်အရှင်ကိုယ်တော်တိုင်က ပို့ချပေးခဲ့ခြင်း ကြောင့်ပင် ဖြစ်၏။

လူ၏ အသိဉာဏ်သည်သာ အတိုင်းအတာ ကန့်သတ်မှုရှိနေ၏။ အနာဂတ် ကာလကို မှုန်ဝါးဝါးပင် မြင်နိုင်စွမ်းမရှိသည်မှာ လူသား၏ အမြင်အာရုံသာ ဖြစ်၏။ ဖန်ဆင်းရှင် အလ္လာဟ်၏ ဉာဏ်တော်မှာမူ လူကဲ့သို့ ခေတ်ကာလကိုလိုက်ပြီး အကန့်အသတ် အချုပ်အချယ်ရှိခြင်းမျိုးနှင့် လုံးဝကင်းစင်၏။

(ခ) အစွလာမ်သည် လူသား၏ သဘာဝအပေါ်၌ အခြေခံထားပေရာ လူသား၏ ပင်ကိုယ်သဘာဝ မှာ ခေတ်တိုင်းခေတ်တိုင်း၌ မူရင်းအတိုင်း ရှိနေသည်သည်။ လူသားတိုင်းသည် ရှေးယခင် လူသားများနည်းတူ တစ်ပုံစံတည်းသာ ဖြစ်နေပေရာ လူသား၏ သဘာဝမှာ ရှေ့ဆက်ပြီးလည်း မပြောင်းမလဲ ကျန်ရစ်နေမည်ပင်။

(ဂ) လူ့ဘဝ၌ တည်တံ့နေသောဖြစ်စဉ်နှင့် ပြောင်းလဲနေသော ဖြစ်စဉ်ဟူ၍ ဖြစ်ရပ်နှစ်ခုသည် သဟဇာတမျှတစွာ လှလှပပ တည်ရှိနေပေသည်။ အရာဝတ္ထုတိုင်း ထာဝရတည်တံ့နေခြင်း မရှိသလို၊ အရာဝတ္ထုတိုင်း အစဉ်ပြောင်းလဲနေသည်လည်း မဟုတ်ချေ။ အချိန်ကာလကို လိုက်၍ ဖြစ်မှားတတ်သည့် ပြောင်းလဲမှုဖြစ်စဉ်မှာ အပြင်းဘန်း အသွင်သဏ္ဌာန်သာဖြစ် ပြီး အနည်းအကျဉ်းသော နိယာမဖြစ်စဉ်များသာလျှင် ဖြစ်၏။

အခြေခံစည်းမျဉ်းများနှင့် အခြေခံအနှစ်သာရဝိုင်း၌ကား ပြောင်းလဲမှုမရှိပေ။ အစွလာမ်သည် တည်တံ့နေသောဖြစ်စဉ်နှင့် ရပ်တည်နေသောဖြစ်စဉ် နှစ်ရပ်စလုံးကို သူ့ကဏ္ဍနှင့်သူ လိုက်လျောညီထွေ ရှိအောင် ပြဋ္ဌာန်းညွှန်ပြထားပေသည်။ ကုရ်အာန်နှင့် ဟဒီးဆ်တွင် ထာဝရတည်တံ့နေမည့် စည်းမျဉ်း နိယာမကို တင်ကူးစီမံထားပေသည်။

ခေတ်ကာလကိုလိုက်၍ ပြောင်းလဲနိုင်သည့် ဖြစ်ရပ်များကို ကိုင်တွယ်လုပ်ဆောင်ရန်အတွက် အစ်ဂျတီဟာဒ် ရှိနေပေသည်။ ဘဝ၏ အနှစ်သာရ တန်ဖိုးမှန်နှင့် လိုက်လျောညီထွေသည့် လူ့ဘောင်

နောက်ဆုံးအနေနှင့် တမန်တော်မုဟမ္မဒ် (ﷺ) ၏ ဩဝါဒတော်များမှာ သီးခြားလူမျိုးတစ်မျိုးအတွက်၊ သီးခြားဒေသ တိုင်းနိုင်ငံတစ်ခုအတွက်နှင့် ခေတ်ကာလတစ်ခုအတွက်သာ ရည်ရွယ်ထားခြင်း မဟုတ်ပေ။ သူသည် ကမ္ဘာ့တမန်တော်အဖြစ် လူသားအားလုံးကို အမှန်တရားပြသရန် ပွင့်ပေါ်လာခြင်းဖြစ်၏။

ကျမ်းမြတ်ကုရ်အာန်၌ တမန်တော်မုဟမ္မဒ် (ﷺ) အား အောက်ပါအတိုင်း ကြွေးကြော်ရန် ဆိုထားသည်မှာ ''အို... လူသားတို့ ကျွန်ုပ်သည် အသင်တို့ (လူသားအားလုံး) အတွက် အလွှာဟ်အရှင် စေလွှတ်တော်မူခဲ့သည့် တမန်တော်ပင်ဖြစ်၏'' ဟု ဖြစ်၏။

ထို့ပြင် ကျမ်းမြတ်ကုရ်အာန်၌ တမန်တော်မြတ်အား ''စကြဝဠာအပေါင်းအတွက် (လူသားအားလုံးအတွက်) မဟာကရုဏာတော်ရှင်'' ဟု ချီးမွမ်းဂုဏ်တင်ဖော်ပြထား၏။ တမန်တော်မြတ်သည် လူသားတိုင်းနှင့် စကြဝဠာကြီးအတွက် ပွင့်ပေါ်ခဲ့ခြင်းဖြစ်သည်ဟု ဆိုထား၏။

---

အဖွဲ့အစည်း၏ တိုးတက်မှုဆင့်ကဲဖြစ်စဉ် ယန္တရားကြီးကို တည်ဆောက်ပေးခဲ့သည်မှာ အစွမ်းသတ္တိဖြစ်သည်။

(ဃ) သိပ္ပံနည်းကျ ပြောရမည်ဆိုလျှင် အစွမ်းသတ္တိသည် လူသားတို့ ကမ္ဘာမြေပြင်၌ စတင်ခြေချကတည်းက တည်ရှိလာသည်။ တိုးတက်ပြောင်းလဲမှု ဖြစ်စဉ်၌ အခြေခံအချက်များ အနည်းငယ်မျှ ပြောင်းလဲခဲ့ခြင်း မရှိပေ။ ယဉ်ကျေးမှုအမျိုးမျိုး ပေါ်ထွန်းလာလိုက် ပျောက်ပျက်သွားလိုက်နှင့် အသိဉာဏ် တိုးတက်ဖွံ့ဖြိုးမှုနှင့် ယဉ်ကျေးမှုအဆောက်အအုံ ပိုမိုရှင်သန်ထွန်းကားလာမှုတို့မှာလည်း ကြီးထွားလိုက် မှေးမိန်သွားလိုက်နှင့် ဖြစ်နေ၏။

သို့သော် ခေတ်တိုင်း၌ သဘာဝဖြစ်စဉ် ကွင်းဆက်ကြီးမှာ မပြောင်းလဲဘဲ မူလအုတိုင်း ရှိနေ၏။ ထိုအတွက်ကြောင့် လွန်ခဲ့သော ရာစုနှစ်ပေါင်းများက ပို့ချခဲ့သော လူ့ဘဝ လမ်းညွှန်မှုများမှာလည်း ခေတ်အမျိုးမျိုး ပြောင်းလဲခဲ့ပြီဖြစ်၍ အလိုအလျောက် ခေတ်ကုန်သွားပြီဟူသော အမြင်မှာ မမှိုင်လုံသလို အယရိကသာ ဖြစ်သွား၏။

(၁) ကုရ်အာန်နှင့် ဟဒီးဆိသည် ဤအချက်၌ တစ်ညီတစ်ညွတ်တည်း ဆိုထားကြ၏။ ကျမ်းမြတ်ကုရ်အာန်၌ ''မုဟမ္မဒ်သည် အလ္လာဟ်အရှင်၏ နောက်ဆုံး တမန်တော်နှင့် တမန်တော်အပေါင်းတွင် နောက်ဆုံးပွင့်ခဲ့သည့် တမန်တော် ဖြစ်၏'' ဟု ဆိုထား၏။ (ကုရ်အာန် ၃၃ : ၄၀)

(၂) တမန်တော်ကိုယ်တိုင် မိန့်ကြားခဲ့သည့် ဟဒီးဆိတစ်ခုတွင် တမန်တော်မြတ်က ''ကျွန်ုပ်၏နောက်ဝိုင်းတွင် အခြားတမန်တော် ပွင့်ပေါ်ရန်မရှိ'' ဟု ပြောကြားခဲ့၏။ အခြားဩဝါဒတစ်ခုတွင် တမန်တော်မြတ်က ''ကျွန်ုပ်နှင့် အခြားတမန်တော်များ (အဆက်မပြတ် ပွင့်ပေါ်ခဲ့ခြင်း) ဆက်စပ်ပုံမှာ ခမ်းနားကြီးကျယ်သော ရဲတိုက်ကြီးတစ်ခု ဆောက်တည်ခြင်း ဥပမာနှင့် ခိုင်းနှိုင်းတင်ပြနိုင်ပေသည်။ ဤရဲတိုက်ကြီးအား အုံဩမဆုံး ရင်သပ်ရှုမော ဖြစ်ရလောက်အောင် တခမ်းတနား ဆောက်လုပ်ထား၏။ ဤရဲတိုက်ကြီး၌ အစစ လိုလေသေးမရှိ ဖြစ်နေသော်လည်း အုတ်တစ်ခုပ်စာသာ လစ်လပ်လျက်ရှိနေပေသည်။ ကျွန်ုပ်သည် ဤလိုနေသော အုတ်တစ်ချက်ကို ဖြည့်စွက်ပေးခဲ့သူပင် ဖြစ်ရာ ဤအဆောက်အအုံကြီးမှာ ပြီးပြည့်စုံသော အဆင့်သို့ ရောက်ခဲ့ရပြီ ဖြစ်၏။'' (ကြည့် – ဒုခါဒီးကျမ်း၊ မွတ်စလင်းကျမ်း)

ဤအချက်များကပင် တမန်တော်မြတ်၏ နောက်ပိုင်းတွင် အခြားတမန်တော်ပွင့်ပေါ်စရာ မလိုအပ်တော့ကြောင်းကို ပြဆိုနေပေသည်။ ကျမ်းမြတ်ကုရ်အာန်၌ တမန်တော်မြတ်အား ''ခါတေမွန်နဗီးယီး (နှ)'' တမန်တော်အပေါင်း၏အချုပ် နောက်ဆုံးတမန်တော်ဟု ချီးမြှင့်ခေါ်ဆိုထားဖူး၏။

ထို့ကြောင့် ယခုအခါ၌ ထာဝရအရှင်နှင့် ထိုအရှင်၏ လမ်းညွှန်မှုကို သိရှိရန်မှာ တမန်တော်မုဟမ္မဒ် (ﷺ) အပေါ်၌ အဓိကအရင်းခံ မူတည်နေ၏။ ကျွန်ုပ်တို့အနေဖြင့် တမန်တော်မြတ်၏ ဆုံးမသွန်သင် လမ်းညွှန်ချက်များကြောင့်သာ အစွလာမ်ကို သိရှိနားလည်နိုင်ခဲ့ရခြင်းဖြစ်၏။

ထိုသွန်သင်လမ်းညွှန်ချက်များမှာ အထူးပင်ပြည့်စုံကာ လိုအပ်ချက်တစ်စုံတစ်ရာမျှ မရှိသည့်အပြင် နားလည်ရန်လည်း လွယ်ကူမှုရှိသဖြင့် ခေတ်ကာလတိုင်း၌ လူသားအား အပြည့်အဝလမ်းညွှန်မှု ပြုပေးနိုင်ပေသည်။ ထိုအတွက် ယခုခေတ်ကာလ၌ တမန်တော်အသစ် ထပ်မံပွင့်ပေါ်စရာ မလိုအပ်တော့ပေ။

တမန်တော်မုဟမ္မဒ် (ﷺ) အပေါ်၌ အပြည့်အဝ စိတ်ရောကိုယ်ပါ ယုံကြည်လက်ခံသွားကြမည့်သူများသာ လိုအပ်နေပေသည်။ တမန်တော်မြတ်၏ ဆုံးမသွန်သင်လမ်းညွှန်ချက်များ၌ အပြည့်အဝ ရပ်ပာညိပြီး တစ်ကမ္ဘာလုံးအတိုင်းအတာထိ ဖြန့်ချိပို့ချပေးနိုင်မည့်သူများ ဖြစ်ထွန်းလာရေးသာ လိုအပ်နေပေသည်။ တမန်တော်မြတ်က လူသားတို့အား ညွှန်ပြခဲ့သော လမ်းညွှန်အဆောက်အအုံကြီးကို တည်ဆောက်နိုင်ရေးအတွက် ကြိုးပမ်း အကောင်အထည်ဖော်သွားမည့်သူများ ဖြစ်ပေါ်လာရေးသာ လိုအပ်နေ၏။

တမန်တော်မြတ်၏ သွန်သင်ချက်များအား လက်တွေ့လိုက်နာ ကျင့်ကြံပြီး တစ်ခြားသူများထံ တစ်ဆင့် ပို့ချပေးမည့်သူများသာ ဤလူ့ဘောင်၌ လိုအပ်လျက်ရှိနေ၏။ ဖန်ဆင်းရှင်အလ္လာဟ်၏ ကြီးကဲမြင့်မြတ်လှသည့် တမန်တော်မြတ်မုဟမ္မဒ် (ﷺ) ပို့ချပေးခဲ့သည့် လူ့ဘဝလမ်းညွှန်ကျမ်းမှန် ကုရ်အာန်၏ အဆုံးအမအောက်၌ အမြဲရပ်တည်နေမည့် လူ့ဘောင်အဖွဲ့အစည်းတစ်ခု ဖြစ်ပေါ်လာအောင်နှင့် ယင်းလမ်းမှန်မှုအတိုင်း ကွပ်ကဲပျိုးထောင်ပေးသွားရန်သာ လိုအပ်နေပေသည်။

ဤအတွက်ကြောင့် တမန်တော်မုဟမ္မဒ် (ﷺ) အား ကမ္ဘာမြေပြင်သို့ စေလွှတ်ခဲ့ရခြင်းဖြစ်ပြီး ယင်းဖြစ်ရပ်၏ အောင်မြင်မှုမှာ လူသား၏ အောင်မြင်မှုအပေါ်၌ ဆက်နွယ်လျက် ရှိနေပေသည်။

# အခန်း (၄)

# ယုံကြည်မှုဆိုင်ရာ အချက်အလက်များ

ရှေ့မဆက်မီ ပြီးခဲ့သော အခန်းများက ဆွေးနွေးချက်များကို ပြန်လည်အကျဉ်းချုံးတင်ပြပါက ပိုမိုသင့်မြတ်မှု ရှိပေမည်။ ယင်းအချက်အလက်များ၏ သဘောတရားများနှင့် အနှစ်သာရများကို အောက်တွင် ကောက်နုတ်အကျဉ်းချုံး တင်ပြထားပေသည်။

၁။ အစွဲလာမ်ဟူသည် စကြဝဠာအပေါင်း၏ အရှင်သခင်ဖြစ်သည့် ဖန်ဆင်းရှင်အပေါ် ကျိုးန္ဓိခြင်းနှင့် နာခံခြင်းကို ဆိုလိုသော်လည်း ဖန်ဆင်းရှင်နှင့် ထိုအရှင်၏အလိုတော် ဥပဒေများကို အရင်းအမြစ်ကျကျ အခိုင်အမာ သိရှိရန်မှာ တမန်တော်မြင့်၏ စစ်မှန်သော သွန်သင်ချက်များအပေါ်၌ တည်နေသည်။ ထို့ကြောင့် အစွဲလာမ်ဟူသည် တမန်တော်မြတ်၏ သင်ကြားချက်များအပေါ် အခိုင်အမာယုံကြည်ခြင်းနှင့် သူ၏ ဘဝလမ်းညွှန်ကို မတွန့်မဆုတ် နာခံလိုက်နာခြင်းပင် ဖြစ်သည်ဟု အဓိပ္ပာယ်ဖွင့်နိုင်၏။

ဤအကြောင်းတရားကြောင့် တမန်တော်မြတ်၏ အခန်းကဏ္ဍကို လစ်လျူရှုထားပြီး ဖန်ဆင်းရှင်ကိုသာ တိုက်ရိုက်နာခံမည်ဟု ကြွေးကြော်သူတို့ကို မွတ်စ္လင်ဟု မဆိုနိုင်ပေ။

၂။ လွန်ခဲ့သော စောစောပိုင်း ခေတ်အဆက်ဆက်က လူ့အဖျိုးအနွယ်အသီးသီးနှင့် တိုင်းနိုင်ငံအမျိုးမျိုးကြားတွင် သီးခြားတမန်တော်များ ပွင့်ပေါ်ခဲ့၏။ တမန်တော်များ ပွင့်ပေါ်ခြင်း သမိုင်းစဉ်ကိုကြည့်လျှင် တစ်ခုတည်းသော တူညီသော လူသားမျိုးနွယ်အတွင်းမှာပင် များစွာသော တမန်တော်များမှာ တစ်ပါးပြီးတစ်ပါး ပွင့်ပေါ်ခဲ့သည်ကို တွေ့ရ၏။

ဤအချိန်က အစွဲလာမ်မှာ ထိုတမန်တော်တစ်ပါး သို့မဟုတ် များစွာက ထိုအမျိုးသားများအား ဟောပြောသင်ပြခဲ့သည့် ဘာသာတရားပင် ဖြစ်၏။ အစွဲလာမ်၏ သဘာဝနှင့် အဓိပ္ပာယ်မှာ ခေတ်ကာလတိုင်းနှင့် နိုင်ငံတိုင်း၌ အတူတူပင်ဖြစ်သော်လည်း ဝတ္ထုပြုပုံနည်းစနစ် ဥဒေသရေးရာနှင့် အခြားဘဝဆိုင်ရာ စည်းမျဉ်းဥပဒေ အသေးစိတ် အချက်အလက်များတွင်သာ ထိုအမျိုးသားစု၏ ပတ်ဝန်းကျင်နှင့် ကိုက်ညီသော အဖြေအနေအရပ်ရပ်ကြောင့် အနည်းငယ်ကွဲလွဲမှု ရှိခဲ့၏။ ထို့ကြောင့် မျိုးနွယ်တစ်ခုအနေဖြင့် အခြားအမျိုးသား

ထုတစ်ရပ်တွင် ပွင့်ပေါ်ခဲ့သည့် အခြားတမန်တော်၏ အဆိုအမိန့်ကို လိုက်နာစရာ မလိုပေ။ မိမိကဲ့သို့ အမျိုးသားထုအကြားတွင် ပွင့်ပေါ်ခဲ့သည့် တမန်တော်၏ လမ်းညွှန်ချက်ကိုသာ တာဝန်တစ်ရပ်အနေဖြင့် လိုက်နာသွားရန် သတ်မှတ်ထား၏။

၃။ တမန်တော်အများအပြား ပွင့်ပေါ်ခဲ့ခြင်း (ဝါ) တမန်တော်များ အစဉ်အဆက် ပွင့်ပေါ်ခဲ့ခြင်းမှာ တမန်တော်မြတ် မုဟမ္မဒ် (ﷺ) ပွင့်ပေါ်လာသောအချိန်၌ ပြီးဆုံးသွားပြီဖြစ်၏။ ကမ္ဘာတစ်ဝှမ်းလုံးအတွက် အခြေခံဥပဒေတစ်ရပ်ကို စီရင်ပေးခဲ့ပြီ ဖြစ်၏။ တမန်တော်မြတ်ကို ကမ္ဘာလူသားထုတစ်ရပ်လုံးအတွက် တမန်တော်အဖြစ် ပွင့်ပေါ်စေခဲ့ခြင်း ဖြစ်၏။

သူ၏ တမန်တော်အဖြစ်သည် လူ့မျိုးနွယ်တစ်ခု နိုင်ငံတစ်ခု သို့မဟုတ် ခေတ်ကာလတစ်ခုအတွက် သီးသန့်ပေးထားခြင်း မဟုတ်ပေ။ သူ၏ သတင်းကောင်းစကားသည် ခေတ်ကာလအသီးသီး လူသားမျိုးနွယ် အားလုံးအတွက်ပင် ဖြစ်၏။ ကမ္ဘာလောကကြီးအား အပြည့်စုံဆုံး ဥပဒေသတစ်ရပ်ကို ပို့ချပေးခဲ့သည့် ယင်းတမန်တော်မြတ် ပွင့်ပေါ်ခဲ့သည့် အချိန်မှစပြီး အခြားရှေးဟောင်းစောစောပိုင်း ဥပဒေစည်းမျဉ်းများကို အလို အလျောက် ပယ်ဖျက်ခဲ့ပြီးဖြစ်သည်။

နောင်အနာဂတ်ကာလတွင် တမန်တော်တစ်ပါးတစ်လေမျှပွင့်ရန် မရှိပေ။ အခြားဘာသာတရားရေးရာ ဥပဒေသအသစ်တစ်ရပ်ကိုလည်း နောက်ဆုံးနေ့တော်ကြီး (ကီယာမတ်) အထိ ပို့ချခြင်း ရှိချေမည်မဟုတ်ပေ။ တမန်တော် မုဟမ္မဒ် (ﷺ) ၏ သင်ကြားချက်များမှာ အာဒမ်၏ အဆက်အနွယ်များဖြစ်သည့် လူသားထုတစ်ရပ်လုံးအတွက် ရည်ရွယ်ထားခြင်းဖြစ်၏။ ယခု အစွလာမ်ဟူသည် တမန်တော်မြတ် မုဟမ္မဒ် (ﷺ) ကို လိုက်နာခြင်း၊ တမန်တော်မြတ်၏ တမန်တော်အဖြစ်ကို လက်ခံအသိအမှတ်ပြုခြင်း၊ သူပြောဆိုညွှန်ကြားခဲ့သည့် ယုံကြည်ရမည့် အချက်ဟူသမျှကို ယုံကြည်ခြင်း၊ တမန်တော်မြတ်၏ လမ်းညွှန်များကို စိတ်ရောကိုယ်ပါ လိုက်နာခြင်းနှင့် သူ၏အမိန့်နှင့် ပညတ်ချက်အားလုံးကို အလွှာဟ်ရှင်၏ အမိန့်တော်နှင့် ပညတ်ချက်များပမာ ဝန်ခံလိုက်နာခြင်း၌ တည်နေပေသည်။ ဤသည်ပင် အစွလာမ်ဖြစ်၏။

ဤအချက်ကပင် အောက်ပါမေးခွန်းများကို အလိုအလျောက် ပေါ်လာစေခဲ့၏။

မုဟမ္မဒ် (ﷺ) သခင် မိန့်ကြားခဲ့သည့် ယုံကြည်ရမည့်အချက်များကား အဘယ်နည်း။

အစွလာမ့်ယုံကြည်ချက်ဆိုင်ရာ အချက်အလက်များကား မည်သည်နည်း။

ယခု ကျွန်ုပ်တို့ဖြင့် ဤအကြောင်းအချက်များကို ဆွေးနွေးကြမည်ဖြစ်သည်။ ဤအကြောင်းအချက်များသည် အဘယ်မျှ ရိုးရှင်းပုံ၊ မည်မျှမှန်ကန်ပုံ၊ မည်သို့ ချစ်ခင်မြတ်နိုးဖွယ်ကောင်းပုံ၊ မည်သို့ တန်ဖိုးထားရှိအပ်ပုံနှင့် ယင်းအချက်အလက်များသည် လူသား၏ အဆင့်အတန်းကို ဤကမ္ဘာနှင့် နောင်လာမည့် ကမ္ဘာနှစ်ရပ်စလုံး၌ မည်မျှမြင့်မားသော အထွတ်အထိပ်အထိ မြှင့်တင်ပေးမည်ဆိုသည်တို့ကို ဆွေးနွေးကြည့်ကြပါစို့။

## ၁။ တောင်ဟီးဒ် (ဝါ) အရှင်တစ်ဆူအပေါ် ယုံကြည်ခြင်း

တမန်တော်မြတ်မုဟမ္မဒ် (ﷺ) ၏ အခြေခံအကျဆုံးနှင့် အရေးအပါဆုံး သင်ကြား ချက်မှာ အရှင်တစ်ဆူအပေါ် ယုံကြည်မှု (Faith in the Unity of God) ပင် ဖြစ်၏။ ဤ အချက်ကို ''လာအီလာဟ အိလ်လလ္လာဟ်'' ''အလ္လာဟ်အရှင်မြတ်မှလွဲပြီး အခြားကိုး ကွယ်ရာမရှိ'' ဟူသော အစွလာမ့်အခြေခံ ပင်မကလေမာဒ်၌ ဖော်ကျူးထားပေသည်။ ဤလုပ်သော စကားစုသည် အစွလာမ်၏ အဓိကမှတ်ကျောက်ကြီးပင် ဖြစ်၏။ အုတ်မြစ် အနှစ်သာရ အမြုတေလည်း ဖြစ်၏။

ဤယုံကြည်မှုကို ဖော်ထုတ်ခြင်းကပင် မှန်ကန်သော မွတ်စလင်တစ်ဦးကို ကာဖရ်တစ်ဦးအဖြစ်မှ ကတ္တားခြား ခွဲထုတ်ပေး၏။ အလားတူ မှုရှရီ (က) ဖန်ဆင်းရှင်နှင့် ယှဉ်တွဲပြီး အခြားအရာများကို ကိုးကွယ်သူ သို့မဟုတ် ဒါရီယဟ် ဘုရားမဲ့ဝါဒီ) တစ်ဦးအဖြစ် မှလည်း ဖယ်ရှားပေး၏။ ဤစာတန်းကလေးကို လက်ခံခြင်း၊ ငြင်းပယ်ခြင်းကပင် ကမ္ဘာပေါ်၌ လူနှင့် လူ့အကြား ကွဲလွဲမှုများကို ဖြစ်ပွားစေခဲ့၏။

ဤအချက်ကို ယုံကြည်သူများမှာ တစ်ခုတည်းသော အသိုင်းအဝိုင်းတစ်ရပ်တွင် ရောက်ရှိလာပြီး ဤအချက်ကို ယုံကြည်လက်ခံခြင်း မပြုသူများမှာ အခြားဆန့်ကျင်ဘက် အုပ်စုသို့ ရောက်သွားခဲ့ရ၏။ ယုံကြည်သူများအဖို့မူ ဤကမ္ဘာနှင့် နောက်လာမည့် ကမ္ဘာ နှစ်ရပ်စလုံးတွင် အခက်အခဲမရှိ တိုးတက်မှုနှင့် အောင်မြင်မှုအထပ်ထပ်ကို ရရှိမည် ဖြစ်၏။ ဤအချက်ကို ယုံကြည်ရန် ငြင်းပယ်သူတို့မှာမူကား အဆုံးစွန်သော ဆုံးရှုံးမှုများနှင့် ရှက်ဖွယ်လိလိများဖြင့်သာ ကြုံတွေ့ရပေမည်။

သို့ရာတွင် ဤစာတန်းကလေးကို ရွတ်ဆိုရုံမျှနှင့် ယုံကြည်သူနှင့် မယုံကြည်သူများအကြား၌ ကွဲလွဲမှုများ ဖြစ်ပွားလာခဲ့ရခြင်း မဟုတ်ပေ။ ဤကဲ့သို့ စာတန်းကလေး တစ်ကြောင်းနှစ်ကြောင်းကို ရွတ်ဆိုရုံမျှဖြင့် ဤမျှကြီးမားသော ကွဲလွဲမှုမဖြစ်နိုင်သည်မှာ ထင်ရှားလှ၏။ ထက်မြက်သော စွမ်းအားစုမှာ ဤမွန်မြတ်သော စာတန်းနှင့် ယင်း၏ ပဋိညာဉ်ကို အသိတရားနှင့် ယှဉ်ပြီး လက်ခံမှု၊ ယင်းကို လက်တွေ့ဘဝ၌ပါ အပြည့်အဝ စွဲမြဲစွာ လက်ကိုင်သွားခြင်းအပေါ်၌သာ မူတည်နေပေသည်။

ဤစာတန်း၏ တကယ့်အဓိပ္ပာယ်ဖြစ်သော ''အလ္လာဟ်အရှင်မြတ်မှလွဲပြီး အခြားကိုးကွယ်ခဝပ်ခြင်း ခံထိုက်သူမရှိ'' ဟူသောအချက်ကို မသိခဲ့လျှင် လူ့ဘဝ၌ ယင်းအချက်ကို လက်ခံရမှု၌ အသင့်အနေဖြင့် ဤမွန်မြတ်သော စာတန်းကလေးသည် တကယ်အရေးပါ အရာရောက်ပုံကို အသိအမှတ်ပြုနိုင်မည် မဟုတ်ပေ။ အဓိကလိုအပ်ချက်ကို ရယူကြိုးပမ်းမချဉ်းကပ်နိုင်ခဲ့လျှင်မူ မည်သည့်အခါမျှ စိတ်အားထက်မြတ်မှု ရှိလာချေမည် မဟုတ်ပေ။

''ဆာတယ်၊ ဆာတယ်'' ဟု ထပ်တလဲလဲ အော်နေရုံမျှဖြင့် ဆာလောင်မှုပျောက်နိုင်မည် မဟုတ်ပေ။ ဆေးဝါးတစ်စုံတစ်ခု၏ အမည်ကို အာပေါက်မတတ် ရွတ်ဆို

နေရုံမျှဖြင့် ရောဂါပျောက်ကင်းသွားမည် မဟုတ်ပေ။ အလားတူပင် ကလေမာဟ်ကို ယင်း၏ အဓိပ္ပာယ် တိုက်တွန်းချက်နှင့် အနှစ်သာရကို မသိဘဲ ထပ်တလဲလဲ ရွတ်ဆို နေရုံမျှဖြင့် ယင်းကလေမာဟ်က ဖော်ညွှန်းသော တော်လှန်သော အသိတရား ရယူနိုင် မည်မဟုတ်ပေ။

လူတစ်ဦးအနေဖြင့် ဤကောင်းကင်ကျ ဆောင်ပုဒ်ကလေး၏ ပြည့်ဝသော အဓိပ္ပာယ်ကို အမိအရ သိရှိခြင်းမရှိလျှင်သော်လည်းကောင်း၊ ယင်း၏ နက်နဲသော အဓိပ္ပာယ်ကို အသိအမှတ်မပြုနိုင်ခဲ့လျှင်သော်လည်းကောင်း၊ ယင်းအချက်ပေါ်၌ မှန်ကန်စွာ ယုံကြည်မှုတည်နေခြင်း မရှိလျှင်သော်လည်းကောင်း ဘဝနှင့် အတွေးအခေါ်၌ မြင့်မား သော အသိတရားကို ရရှိမည်မဟုတ်ပေ။

ကလေမာအပေါ်၌ ဤသို့ အမိအရ သိရှိခြင်း၌ တိုးတက်ဖွံ့ဖြိုးမှု မရှိခဲ့လျှင်မူ ယင်း၏ အစွမ်းထက်မြက်မှုကို အပြည့်အဝ ခံစားရရှိမည်မဟုတ်ပေ။

မီးသည် ပူသည်ကိုသိ၍ မီးကို ကျွန်ုပ်တို့ ရှောင်ရှားရန် သိကြ၏။ အဆိပ်သည် လူကို သေစေတတ်ကြောင်း သိသဖြင့် ဝေးဝေးကပင် ရှောင်ကြ၏။ ထိုနည်းတူစွာ တောင်ဟီးဒ်၏ အဓိပ္ပာယ်မှန်ကို အမိအရ အပြည့်အဝ သိရှိခဲ့ပြီဆိုလျှင် မယုံကြည်မှု၏ အနေအထား အသွင်သဏ္ဌာန်အမျိုးမျိုး အပါအဝင် ဘုရားမဲ့ဝါဒနှင့် ဘုရားအများဝါဒတို့ အပေါ် တစ်နည်းနည်းနှင့် ယုံကြည်မှုနှင့် ကိုယ်ထိလက်ရောက် ကျူးလွန်မှုများကို ကျွန်ုပ်တို့အနေဖြင့် ရှောင်ကြဉ်ရမည်ဖြစ်၏။ ဤသည်ပင်လျှင် အရှင်တစ်ဆူဝါဒအပေါ် ယုံကြည်မှု၏ သဘာဝနိုးဆော်ချက်ပင် ဖြစ်၏။

## ကလေမာ၏အဓိပ္ပာယ်

အရဗီစကား၌ (အီလာ) သည် ''ကိုးကွယ်ခြင်း ခံထိုက်သူ'' ဟု ဆိုလိုသည်။ ယင်း၏ ကြိုးကဲမှုစွမ်းအား အဘနတော်ရှိမှုတို့ကြောင့် ကိုးကွယ်ခြင်း ပြုထိုက်သူနှင့် နှိမ့်ချ ကျိုးနွံစွာ ဦးညွတ်မှုပြုထိုက်သူကို ရည်ညွှန်း၏။ လူ၏ အသိတရား၌ ကြီးကဲသော စွမ်း အားတော်ကို ပိုင်ဆိုင်ထားသော မည်သည့်အရာကိုမဆို ''အီလာ'' ဟုခေါ်၏။ 'အီလာ' ဟူသောအမည်၌ အခြားသူများအဖို့ အံ့ချီးဖွယ်ရာ စွမ်းအားတော်ဖြစ်သည့် အနန္တစွမ်းအား တော်များကို ပိုင်ဆိုင်ခြင်းသည်လည်း တစ်ခုအပါအဝင်ပင် ဖြစ်၏။ အခြားအရာများသည် 'အီလာ' ထံ၌ မှီခိုနေရပြီး 'အီလာ'ကမူ အခြားအရာများ၌ မှီခိုနေမှုမရှိဟူသော အဓိပ္ပာယ် ကို ဆောင်ထား၏။

''အီလာ'' ဟူသောစကားသည် လျှို့ဝှက်နက်နဲသော အသိတစ်ရပ်ကိုလည်း ဆောင်နေ၏။ ထို့ကြောင့် 'အီလာ' ဟူသည် မြင်နိုင်စွမ်း မရှိသည့် သိနိုင်စွမ်းမရှိသည့် ကိစ္စတစ်ရပ်လည်း ဖြစ်၏။ ပါရှန်းအမျိုးသားများက 'အီလာ' ကို ခိုဒါဟုလည်းကောင်း၊ ဟင်ဒီစကား၌ ဒေဝဟုလည်းကောင်း၊ အင်္ဂလိပ်တို့က ဂျဲဒ်ဟုလည်းကောင်း အနှည်းနှင့် အများ တူညီသောအဓိပ္ပာယ်ဖြင့် ခေါ်ဆိုကြ၏။ ကမ္ဘာပေါ်ရှိ အခြားဘာသာစကားအသီး

သီးတွင်လည်း ဤသဘောတရား အနက်အဓိပ္ပာယ်ကို ဆောင်သည့် 'ခေါ်ဝေါ်မှုများ ရှိကြ၏။[၁]

တစ်ဖန် 'အလ္လာဟ်' ဟူသော ဝေါဟာရသည် အနန္တတန်ခိုးတော်ရှင်၏ အဓိက နာမတော်ပင် ဖြစ်၏။ 'လာအိလာဟ အိလ်လလ္လာဟ်' ဟူသည် လုံးစေ့ပါတ်စေ့ အနက် ကောက်ယူလျှင် 'အလ္လာဟ်ဟူသော နာမတော်တို့ ပိုင်ဆိုင်တော်မူသည့် တစ်ဆူတည်း သော ကြီးကဲသည့်အရှင်သခင့် ''အီလာ''မှလွဲပြီး အခြား''အီလာမရှိချေဟု အဓိပ္ပါယ်ရ၏။ ယင်းသည် စကြဝဠာတစ်ဝမ်းလုံး၌ အလ္လာဟ်အရှင်မြတ်ကလွဲပြီး အခြားခဝဲကိုးကွယ်ခြင်း ခံထိုက်သူ လုံးဝမရှိ၊ ထိုအရှင်ကိုသာ ရိုသေချစ်ကြည် ကျိုးနွံစွာဖြင့် ဦးညွှတ်မှုပြုထိုက်သည်။

ထိုအရှင်သည်သာ အလုံးစုံသော စွမ်းအားအာနုဘော်များကို ပိုင်ဆိုင်တော်မူသည်။ အရာရာသည် ထိုအရှင်၏ ချီးမြှင့်မှုကို တောင့်တနေသည်နှင့် ထိုအရှင်ထံမှသာ အကူအညီကိုတောင်းခံထိုက်သည်ဟု ဆိုလိုပေသည်။ ထိုအရှင်ကို ကျွန်ုပ်တို့အနေဖြင့် မြင်နိုင်စွမ်းမရှိပေ။ ကျွန်ုပ်တို့အသိဉာဏ်သည် ထိုအရှင်ကို သိမြင်ရန် မတတ်စွမ်းနိုင်ပေ။

ဤစကားရပ်များ၏ အဓိပ္ပာယ်ကို သိရှိပြီးပြီဆိုလျှင် ယင်းအချက်များ၏ စစ်မှန် သောအဓိပ္ပာယ်ကို ရှာကြံကြည့်ကြပါဆို့။

ရှေးအကျဆုံးသော လူသုဝိုင်းနှင့် ရှေးအကျဆုံးသော ရှေးဟောင်းပစ္စည်း အကြွင်းအကျန်များကို လေ့လာရှုစမ်းချက်အရ ခေတ်တိုင်းခေတ်တိုင်း၌ လူသားသည် ကိုးကွယ်ရာ နတ်ဘုရားအမျိုးမျိုးကို အသိအမှတ်ပြု ကိုးကွယ်ခဲ့ကြသည်ဟူသော အချက်ကို သိခဲ့ရပေသည်။ ယခုမျက်မှောက်ခေတ်ကြီး၌ပင် ကမ္ဘာမြေပြင်ပေါ်ရှိ လူသားတိုင်းလိုလို ရှေးအကျဆုံးမှသည် အယဉ်ကျေးဆုံးအလွှာအထိ ဘုရားတစ်ဆူဆူကို ယုံကြည် ကိုးကွယ်လျက် ရှိကြပေသည်။

ဤအချက်ကပင် လူသား၏ သဘာဝ၌ ကိုးကွယ်ရာအရှင်တစ်ပါးကို ကိုးကွယ်ရန်ဟူသော အယူအဆသည် စွဲကပ်လျက်ရှိကြောင်း ပြဆိုနေပေသည်။ လူသားဝိညာဉ်၌ လူသားအား ဤသို့ပြုမူရန် တစ်စုံတစ်ခုသော အရာက တိုက်တွန်းနှိုးဆော်လျက်ရှိပေသည်။

ထိုအရာသည် မည်သည်နည်း။ လူသားသည် အဘယ်ကြောင့် ဤသို့ပြုမူရန် တိုက်တွန်းမှုကို ပြုပေးခဲ့ရသနည်း။ ဤအပြောကျယ်ဝန်းလှသော စကြဝဠာကြီးအတွင်း၌ လူသား၏အဆင့်အတန်းနှင့် အခြေနေကို ကြိုးပမ်းရှာဖွေခြင်းဖြင့် ဤမေးခွန်းများ၏ အဖြေကို တွေ့ရှိရမည်ဖြစ်၏။ လူသားနှင့် သူ၏သဘာဝကို ဤရှုထောင့်မှ ဆန်းစစ်ကြည့်ခြင်းကပင် လူသားသည် အနန္တတန်ခိုးတော်ရှင်တစ်ပါး မဟုတ်ကြောင်းကို ပြဆိုနေပေသည်။

လူသားသည် မိမိကိုယ်မိမိ ကြောင့်ကြမှုမကင်းနိုင်သလို၊ မိမိကိုယ်မိမိ ထာဝရ ရပ်တည်နိုင်စွမ်းလည်း မရှိပေ။ လူသား၏ စွမ်းအားသည်လည်း အကန့်အသတ်မရှိ

---

၁။ ဥပမာအနေဖြင့် တင်ပြရသော် ဂရိတို့က အူးဆ်ဟူ၍လည်းကောင်း၊ လက်တင်တို့က ဒိုသစ်က် ဒိုသ်ဟု လည်းကောင်း၊ ဂျာမန်တို့က ဂေါ့ (တ) ဟုလည်းကောင်း အသီးသီး ခေါ်ဆိုကြ၏။ ဖြိတိသျှစွယ်စုံကျမ်း (ဧရိကာဂို ၁၉၅၆) အတွဲ ၁၀ ၊ စာမျက်နှာ (၄၆၀) ကို ကြည့်ပါ။

မဟုတ်ပေ။ အကန့်အသတ်ရှိနေ၏။ အကယ်စစ်စစ်၌ လူသားသည် များမြောင်လှစွာသော စွမ်းအားစုအမျိုးမျိုးပေါ်၌ လုံးဝမှီခိုနေရသည်သာ။

ထိုအရာများမရှိလျှင် တိုးတက်မှုမရှိပေ။ ဘဝတွင်ရပ်တည်မှုနေနိုင်ပေ။ လူသားအနေဖြင့် မိမိ၏ဘဝရပ်တည်မှု၌ အထောက်အကူပြုရန် မရေမတွက်နိုင်လောက်သော အရာများကို လိုအပ်လျက်ရှိနေ၏။ သို့သော် အလုံးစုံအဓိကလိုအပ်နေခြင်း မဟုတ်ပေ။ သူ၏အစွမ်းအစဖြင့် ရယူနိုင်သည်လည်းရှိ၏။

ထိုလိုအပ်ချက်များကို တစ်ခါတစ်ရံ လူသားအနေဖြင့် အရိုးရှင်းဆုံးနှင့် သဘာဝကျသော နည်းလမ်းဖြင့် ပိုင်ဆိုင်ရယူခဲ့၏။ အကြိမ်များစွာ မိမိကိုယ်၌က လက်လွှတ်ဆုံးရှုံးစေခဲ့သည်လည်း ရှိ၏။ လူသားအနေဖြင့် ကြိုးပမ်းရယူရန် အရေးပါလှသည့် အဖိုးတန်အရာများစွာ ရှိနေ၏။

ဤသည်တို့ကို လူသားသည် အောင်မြင်စွာ ရယူနိုင်ခဲ့သည်လည်းရှိ၏။ အရှုံးနှင့် ရင်ဆိုင် လက်လွှတ်ခဲ့ရသည်လည်း ရှိ၏။ အကြောင်းမူကား မိမိလိုလျှင်လိုသလို ရယူနိုင်ရန် သူ့တွင် ပြည့်စုံသော ကိုယ်ပိုင်အင်အား မရှိပေ။ လူသားအပေါ်၌ ဘေးအန္တရာယ်သင့်စေသော အရာများကလည်း များစွာပင် ရှိ၏။ ရှောင်တခင်အဖြစ်အပျက်များကြောင့် လူ၏ဘဝသက်တမ်းတစ်ခုလုံး ရုတ်ချည်းပင် ပျက်စီးသွားနိုင်၏။ ရောဂါဘယများ၊ ကြောင့်ကျမှုများနှင့် ဘေးအန္တရာယ် ကပ်ဆိုက်ခြင်းများသည် လူသားအား အမြဲခြောက်လှန့်လျက်ရှိ၏။ လူသား၏ ပျော်ရွှင်မှုသုခကို ပျက်ပြားစေလျက်ရှိ၏။

ယင်းတို့၏ ကြီးကဲမှု၊ ခမ်းနားမှု အင်အားကြီးမှုများကြောင့် လူသားအဖို့ ခြောက်လှန့်ခြင်း ခံနေရသည့်အရာများစွာ ရှိ၏။ ယင်းတို့မှာ တောင်ကြီးများ မြစ်ချောင်း အင်းအိုင် ပင်လယ်သမုဒ္ဒရာကြီးများ ကြီးမားသော တိရစ္ဆာန်ကြီးများနှင့် ကြမ်းတမ်းရိုင်းစိုင်းသော သားရဲတိရစ္ဆာန်ကြီးများပင် ဖြစ်၏။ လူသားအဖို့ မြေလျှင်ဒဏ်၊ လေမုန်တိုင်းဒဏ်နှင့် အခြားအခြားသော သဘာဝဘေးအန္တရာယ်များကို အမြဲရင်ဆိုင်နေရ၏။

လူသားသည် မိမိ၏ ဦးခေါင်းထက်ရှိ မိုးတိမ်များကို မြင်မိ၏။ ယင်းမိုးတိမ်များ တဖြည်းဖြည်း ထူထပ်လာသည်ထက် ထူထပ်လာကာ မိုးခြိမ်းသံများ၊ မိုးကြိုးအဆက်မပြတ် ပစ်ခြင်းများနှင့် မိုးသည်းထန်စွာ ရွာသွန်းခြင်းတို့ကို တွေ့မြင်ခဲ့ရ၏။ နေ, လ, ကြယ်, နက္ခတ်, တာရာများ၏ မပြောင်းမလဲ ထာဝရလှုပ်ရှားနေခြင်းကိုလည်း တွေ့ခဲ့၏။ ဤကြီးကျယ်, နက္ခတ်, တာရာများသည် အဘယ်မျှ ကြီးမားပုံ၊ အစွမ်းထက်ပုံနှင့် ခန့်ညားကြီးကျယ်ပုံတို့ကို စဉ်းစားမိ၏။ ထိုအရာများနှင့် မိမိကိုယ်ကို နှိုင်းယှဉ်းကာ မိမိသည် အဘယ်မျှ အင်အားချိနဲ့နေပုံနှင့် သေးနုတ်နေပုံများကို စိတ်တွင် ထင်ဟပ်လာစေခဲ့၏။

ဤအတွေးပေါက်လာသည်နှင့် ယင်းတို့ကို စွမ်းအားရှင်နှင့် ကိုးကွယ်ရာအဖြစ် မြင်လာခဲ့သည်မှာ လုံးဝသဘာဝကျ၏။ ဤကြီးမားသော အင်အားစုကြီးများက စွဲကိုင်သုံးစွဲနေသော အစွမ်းအာနိသင်ကို တွေးတောမိလာ၏။ ထိုအရာများ၏ ကြီးကဲမှုကို မြင်ပြီး ယင်းအရာများကို နှိမ့်ချစွာ ဦးညွှတ်မိတော့၏။ ယင်းအရာများ၏ စွမ်းအားစုကို မြင်ပြီး ယင်းတို့ထံမှ အကူအညီတောင်းခံမိတော့၏။

ဤအရာများ၏ နှစ်ခြိုက်သဘောကျမှုကို ကြိုးစားရယူမှသာ မိမိကို ယင်းအရာများက အကျိုးပြုမည်ဟု ထင်လာရာမှ ယင်းအရာများကို နှိမ့်ချစွာဦးညွှတ် မိတော့၏။

ယင်းအရာများကို ကြောက်ရွံ့လာပြီး ယင်းသဘာဝ အင်အားစုများ၏ အပြစ်ဒဏ် ခတ်ခြင်းနှင့် အမျက်တော်ရှခြင်းမှလွတ်မြောက်အောင် ကြိုးစားလာခဲ့၏။ သို့မှသာ သူအနေဖြင့် ယင်းသဘာဝ အင်အားစုများ၏ ဖျက်ဆီးမှုမှ လွတ်ကင်းနိုင်မည်ဟု ယုံကြည်မိနေ၏။

အသိဉာဏ်ခေါင်းပါး နလပိန်းတုံးဆန်မှု၏ ရှေးအကျဆုံးအဆင့်မှာ လူသားအနေဖြင့် ယင်းကဲ့သို့ခမ်းနားကြီးကျယ်မှုများရှိနေသည့် သဘာဝအင်အားစုများနှင့် စကြဝဠာမိသားစုတို့သည် မိမိအား အကျိုးပြုနိုင်သည် သို့မဟုတ် အကျိုးယုတ်အောင် ပြုနိုင်သည်ဟု တွေးထင်ခြင်းနှင့် ယင်းတို့၏ ဩဇာအာဏာ တန်ခိုးအာနိသင် တကယ်ရှိနေသည်။ ယင်းတို့သည် ကိုးကွယ်ရာများဖြစ်သည်ဟု တွေးထင်လာခြင်းပင် ဖြစ်၏။ သို့ဖြင့် လူသည် သစ်ပင်များ၊ တောတောင်ကြီးများ၊ သတ္တဝါကြီးများ၊ မြစ်နဒီများ၊ မီး၊ လေ၊ မိုး၊ ကြိုးဟ် နက္ခတ်တာရာများနှင့် မြောက်မြားလှစွာသော အရာဝတ္ထုများကို ကိုးကွယ်မှုပြုလာခဲ့၏။ ဤအပြုအမူကား အဆိုးဝါးဆုံးသော အသိဉာဏ်ခေါင်းပါးမှု၊ နလပိန်းတုံးဆန်မှုပင် ဖြစ်၏။

လူသား၏ အသိဉာဏ်စက်ဝန်း၌ အသိဉာဏ်၏ အလင်းရောင် တစ်စွန်းတစ်စနှင့် အတိုင်းအတာ အနည်းငယ် ပိုမိုလာသောအခါတွင်မူ အသိဉာဏ်ခေါင်းပါးမှု၏ အရိပ်လက္ခဏာသည် တစ်စတစ်စ လွင့်ပါးလာခဲ့၏။ လူသားသည် ဤကြိုးမားအစွမ်းထက်သော အရာဝတ္ထုများကိုယ်၌က လုံးဝအကူအညီမဲ့လျက် ရှိနေပုံနှင့် အမှီခံများသာဖြစ်ကြောင်း သိမြင်လာခဲ့၏။ လူသားများထက် တစ်စုံတရာ ပိုမိုထူးခြားချက်မရှိကြောင်းကို သဘောပေါက်နားလည်လာခဲ့၏။ လူသားထက်ပင် ပို၍ အကူအညီမဲ့နေကြောင်းနှင့် အမှီခိုခံဖြစ်နေကြောင်း တွေးမိခဲ့၏။

အကြီးမားဆုံးနှင့် အင်အားအရှိဆုံး သတ္တဝါကြီးသည်ပင် သေးနုတ်သောပိုးမွှားကလေးနည်းတူ သေဆုံးရကြောင်းနှင့် စွမ်းအားသတ္တိအားလုံး ချုပ်ငြိမ်းရကြောင်းကို သဘောပေါက်ခဲ့၏။ ကြီးမားသော မြစ်ချောင်းများမှာလည်း တိမ်ကော ခြောက်ခန်းသွားရကြောင်း၊ ရေတက်ရေကျရှိနေကြောင်းနှင့် ကြီးမားသော တောင်တန်းကြီးများမှာလည်း လူသား၏အစွမ်းကြောင့် ပြိုပျက်ပြီး အစိပ်စိပ်အမွှာမွှာ ဖြစ်သွားရပုံတို့ကို မြင်လာခဲ့သည်။ ကမ္ဘာမြေလွှာသည် မိမိ၏ အစွမ်းအစကွပ်ကဲမှုဖြင့် အသီးအနှံဖြစ်ထွန်းအောင် မပြုနိုင်ကြောင်း ရေအပေါ်၌ အမှီပြုနေရပုံ၊ ရေမရှိပါက ယင်းမြေလွှာမှာ ချောက်ခန်းကွဲအက်ပြီး စိုက်ပျိုး၍ မရနိုင်သော မြေဖြစ်သွားရသည်ကို သိလာခဲ့၏။ ရေသည်လည်း အမှီအခိုကင်းစွာ မနေနိုင်ပေ။ မိုးတိမ်များကို သယ်ဆောင်ပေးသည့် လေအုပ်ပေါ်၌ မှီခိုနေရ၏။ လေသည်လည်း စွမ်းအားမဲ့ပြီး အခြားအကြောင်းအချက်များ၌ မှီခိုနေရသည်။

နေ၊ လ၊ နက္ခတ်တာရာများသည်ပင် အစွမ်းထက်သော ဥပဒေတစ်ရပ်ကို နာခံလျက်ရှိနေရ၏။ ယင်းအပြန်မှ သွေဖီပြီး အနည်းငယ်မျှပင် ရွေ့လျားနိုင်ခြင်း မရှိချေ။ လူသားသည် ဤသို့ များစွာ စဉ်းစားဆင်ခြင်မိလာသောအခါ မိမိမျက်စိဖြင့် မြင်တွေ့နေသည့် ယင်းသဘာဝအင်အားစု အားလုံးကို ကွပ်ကဲထိန်းချုပ်နိုင်သော ဩဇာအာဏာအပေါင်းနှင့် ပြည့်စုံတော်မူသည့် ကြီးကဲလှသို့တက်နက်နဲသော ကိုးကွယ်ရာဖြစ်နိုင်သည့် အရာ

အချို့ဘက်သို့ စိတ်ကို လှည့်မိ၏။ ဤတွေးတော ဆင်ခြင်ချက်ကပင် သဘာဝလက္ခဏာ အရေပရေပ၏ နောက်ကွယ်၌ လှုံ့ဆော်နက်နဲသော စွမ်းအားများ ရှိနေသည်ဟူသော ယုံကြည်မှုကို ဖြစ်ပေါ်စေခဲ့သည်။ လေ၊ ရေ၊ အလင်းရောင်အပါအဝင် သဘာဝအင်အား စုများကို ကွပ်ကဲအုပ်ချုပ်နေသည့် နတ်ဘုရားများမှာ မခန့်မှန်းနိုင်လောက်အောင် ရှိနေသည်ဟု ထင်လာခဲ့၏။

မိမိတို့ စိတ်ကူးစိတ်သန်းဖြင့် ထိုနတ်ဘုရားများ၏ကိုယ်စား ရုပ်တုများ အထိမ်းအမှတ်များကို ပြုလုပ်လာခဲ့၏။ ဤရုပ်ထု ဆင်းထုများနှင့် အထိမ်းအမှတ် သင်္ကေတ လက္ခဏာများကို စတင်ကိုးကွယ်လာခဲ့၏။ ဤအပြုအမူသည်လည်း အသိဉာဏ်ခေါင်းပါးမှု အသွင်သဏ္ဌာန်တစ်ရပ်သာဖြစ်၏။ ဤကဲ့သို့ အသိဉာဏ်နှင့် ယဉ်ကျေးမှုအတော်အသင့် ရှိနေသော အဆင့်၌ပင်၊ လူသား၏အမြင်၌ အမှန်တရားသည် ဖုံးကွယ် ကျန်ရစ်နေဆဲ ပင်ဖြစ်၏။

လူသား၏အသိဉာဏ် အတွေးအခေါ် ပိုမိုတိုးတက် ရင့်သန်လာလေလေ၊ ဘဝနှင့် ဘဝရပ်တည်မှု၏ အခြေခံပြဿနာရပ်များကို နက်နက်နဲနဲ စဉ်းစားဆင်ခြင်မိလာလေ လေဖြစ်၏။ ဤအဆင့်၌ လူသားသည် စကြဝဠာကြီးတွင် အရာရာကို လွှမ်းခြုံနေသော ကွပ်ကဲထိန်းချုပ်မှုနှင့် စွမ်းအားအစုစုတည်နေသော သဘာဝတရားကို ရှာဖွေတွေ့လာခဲ့ ၏။ နေထွက်ခြင်း၊ နေဝင်ခြင်း၊ လေတိုက်ခြင်း၊ မိုးရွာခြင်း၊ ကြယ်၊ နက္ခတ်တာရာများ၏ ရွေ့လျားသွားလာမှုနှင့် ရာသီဥတုအပြောင်းအလဲများကို မည်သည်က ပုံမှန်ဖြစ်ပျက် လှုပ်ရှားလျက် ရှိစေခဲ့သည်ကို စဉ်းစားသိမြင်လာခဲ့၏။ မရေမတွက်နိုင်အောင် အသွင် သဏ္ဌာန်အမျိုးမျိုးရှိနေသော သဘာဝအင်းအားစုများမှာ အံ့သြဖွယ်ရာ စည်းဝါးကျကျ သူကဏ္ဍနှင့်သူ မည်သို့ဆက်စပ် ဖြစ်ပျက်လှုပ်ရှားနေသည်ကို တွေးတောမိလာ၏။

ယင်းတို့ကို အစွမ်းထက်ပြီး ကြီးကဲမြင့်မြတ်သည့် ဥပဒေသကြီးက ကွပ်ကဲမှုပေး နေသည်ကိုပါ မြင်ယောင်လာ၏။ ယင်းဥပဒေသကြောင့်သာ စကြဝဠာအတွင်းရှိ ဝတ္ထု ပစ္စည်းအမျိုးမျိုးမှာ နေသားတကျ သူအချိန်နှင့်သူ၊ သူနေရာနှင့်သူ သတ်မှတ်ထားသည့် အတိုင်း ဖြစ်ပျက်လှုပ်ရှားနေရသည် မဟုတ်လော၊ ဤညီညွတ်မှု စည်းလုံးမှု ပုံမှန် ဖြစ်ပျက်မှုနှင့် သဘာဝတရား၏ ကဏ္ဍတိုင်းလိုလို၌ပင် တိကျခိုင်မာသော ဥပဒေတစ်ရပ်ကို အပြည့်အဝ နာခံမှုပြုနေရပုံတို့ကို စဉ်းစားမိလေ၏။

ဤသို့ စဉ်းစားဆင်ခြင်မိမှုကြောင့် ဘုရားအများကို ကိုးကွယ်မှုပြုသူတစ်ဦးသည် ပင် ဘုရားအဆူဆူအကြား၌ အားလုံးသော ဘုရားများထက် တန်ခိုးအာနုဘော် အကြီးမား ဆုံးနှင့် သြဇာအာဏာ ကြီးကဲမြင့်မားဆုံးသော ဘုရားတစ်ဆူရှိနေသည်ဟု အခိုင်အမာ ယုံကြည်လာခဲ့ရ၏။ အကြောင်းမူကား ရှိသမျှဘုရားအဆူဆူသည် အအုပ်အထိန်း ကင်းမဲ့ပြီး သီးခြားစီ လွတ်လွတ်လပ်လပ် ရှိနေကြမည်ဆိုပါက စကြဝဠာကြီး၏ ယန္တရား ကစ်ခုလုံးမှာ ကျွမ်းထိုးမောက်ခုံ ဖြစ်ချင်တိုင်း ဖြစ်နေမည်ဖြစ်၏။

လူသားတို့သည် ဤအကြီးကဲဆုံး ဘုရားရှင်ကို ''အလ္လာဟ်'' ဟုလည်းကောင်း၊ ''ဂေါ့ဒ်'' ဟုလည်းကောင်း၊ ''နိဒါအီနိဒါဂန်'' ဟုလည်းကောင်း၊ ''ပရ်မေရှ္ဝါရ်'' ဟု လည်းကောင်း အမျိုးမျိုး အမည်နာမ ပညတ်ခေါ်ဝေါ်ခဲ့ကြ၏။ သို့ရာတွင် လူသားသည်

အသိဉာဏ်ခေါင်းပါးမှု အမိုက်မှောင်မှ ယခုအချိန်အထိ ရုန်းထွက်ခြင်း မပြုနိုင်သေးပေ။ အကြီးကဲဇာမြင့်မြတ်ဆုံး အရှင်တစ်ဆူနှင့် ယှဉ်တွဲပြီး အခြားသာမည ဘုရားသေး ဘုရားမွားများစွာ ကိုးကွယ်လျက်ပင် ရှိနေသေး၏။

လူသားအနေဖြင့် ဘုရားရှင်၏ ကောင်းကင်ရှိ အုပ်ချုပ်မှုနယ်ပယ်သည် ကမ္ဘာမြေပြင်ရှိ အုပ်ချုပ်မှုနယ်ပယ်နှင့် ခြားနားမှုမရှိဟု ယုံကြည်ထား၏။ အစိုးရတစ်ဦး၌ ဝန်ကြီးများ၊ သစ္စာခံ လုပ်ဖော်ကိုင်ဘက်များ၊ ဘုရင်ခံများနှင့် အခြားအရာထမ်း အမှုထမ်းများ ရှိနေသကဲ့သို့ပင် ဤသာမည ဘုရားငယ်များမှာလည်း အကြီးကဲဆုံးဘုရားရှင်၏ လက်အောက်ငယ်သား အမှုတော်ထမ်းများအဖြစ် ရှိနေကြသည်ဟု ထင်မှတ်ထား၏။

အကြီးကဲဆုံး ဘုရားရှင်ထံ ချဉ်းကပ်ရန်အရေးမှာ ယင်း၏ လက်အောက်ငယ်သား အမှုတော်ထမ်း ဘုရားများ၏ နှစ်မြို့မှုနှင့် ယင်းတို့သို့ ပူဇော်ပ,သမှု မပြုလျှင် မဖြစ်နိုင်ဟု ယူဆထားကြ၏။ ထို့ကြောင့် ဤလက်အောက်ခံ ဘုရားများကိုပါ ပူဇော်ပ,သ ကိုးကွယ်ခြင်းနှင့် အကူအညီတောင်းခံခြင်း ပြုရမည်ဟု လက်ခံထားကြ၏။

ယင်းဘုရားများ အလိုမကျသည့် ကိစ္စရပ်များကို ရှောင်ရှားရမည်ဟု ခံယူထားကြ၏။ ဤနည်းဖြင့် လူသားသည် အကြီးကဲဆုံး ဘုရားရှင်ကို ချဉ်းကပ်နိုင်ရေးအတွက် ယင်းလက်အောက်ငယ်သားဘုရားကို ကိုယ်စားလှယ်အဖြစ် တင်မြှောက်ထားခဲ့ကြ၏။

လူသား၏ အသိဉာဏ်သည် ပိုမိုတိုးတက်သွန်းကား ရင့်သန်လာလေလေ ဘုရားအများကိုးကွယ်သော အယူဝါဒအပေါ် မကျေနပ်ချက်က ပိုမိုတွေ့လာလေလေပင် ဖြစ်၏။ ထို့ကြောင့် အသေးအဖွဲ့ဘုရားအများ၏ အရည်အတွက်လည်း တစထက်တစ နည်းပါးလာခဲ့ရ၏။

ပိုမိုအသိဉာဏ် အလင်းရောင်ရှိသူတို့မှာ ယင်းဘုရားတစ်ဆူစီကို အသေအချာ မီးမောင်းထိုး ဆန်းစစ်ကြည့်ရာမှ ယင်းသို့ လူကိုယ်တိုင်ထွင်းထု ပြုလုပ်ထားသည့် ဘုရားများ၌ ကိုးကွယ်ခြင်းခံထိုက်သော လက္ခဏာ တစ်စုံတစ်ရာမျှ မရှိဟူသော အဆုံးစွန် သောအဖြေကို တွေ့ရှိလာခဲ့၏။

ဤဘုရားများသည်လည်း လူသားကဲ့သို့ ဖန်ဆင်းခံများသာဖြစ်ကြောင်းနှင့် လူသားထက်ပင် ပိုမိုအကူအညီကင်းမဲ့လျက် ရှိနေကြောင်း သိလာခဲ့၏။ ဤသို့ဖြင့် ဘုရားတစ်ဆူပြီးတစ်ဆူကို ပယ်ချလာခဲ့ရာ ပင်မတစ်ဆူတည်းသောအရှင်သာ ကျန်ခဲ့၏။ သို့ရာတွင် ဤအခြေထိ အရှင်တစ်ဆူဝါဒ၌ အသိဉာဏ်ခေါင်းပါးမှု၏ အရိပ်လက္ခဏာ အကြွင်းအကျန်ကို တွေ့နေရဆဲပင်ဖြစ်၏။ အချို့က ဤအရှင်သည် လူသားကဲ့သို့ ခန္ဓာကိုယ်ဖွဲ့စည်းထားသည်ဟု ဆို၏။ တိကျသော နေရာတစ်ခု၌ အခြေစိုက်နေထိုင်လျက် ရှိသည်ဟုဆို၏။ အချို့ကမူ ထိုအရှင်သည် ကမ္ဘာမြေပြင်သို့ လူသား၏ အသွင်သဏ္ဌာန်ဖြင့် ဆင်းသက်လာသည်ဟု ဆို၏။

အချို့က သူတို့အရှင်သည် စကြဝဠာရေးရာ ကိစ္စအားလုံးကို ချမှတ်လုပ်ဆောင်တော်မူခဲ့ပြီးနောက် ယခုအခါ အနားယူကာ အခန့်သားရှိနေသည်ဟု ယူဆခဲ့ကြ၏။ အချို့ကမူ ထိုအရှင့်ထံပါးသို့ ချဉ်းကပ်ရန်မှာ သူတော်စင်များနှင့် နာမ်ဝိညာဉ် အလင်းရှင်များအား ကြားအဆင့်ထားပြီး ယင်းတို့မှတစ်ဆင့် ဆက်သွယ်ရမည်ဟု ယုံကြည်ထားကြ၏။

ယင်းကြားပွဲစားများ၏ ဝင်ရောက်ဖြန့်ဖြေ ကြားဝင်ပေးမှုမရှိပါက အထမမြောက်ဟု ခံယူထားကြ၏။ အချို့ကမူ ထိုအရှင်သည် တိကျသော ပုံသဏ္ဌာန်ရှိသည်ဟု ဆို၏။ ထိုအရှင်၏ ရုပ်ပွားပုံတော်ကို မိမိ၏ရှေ့မှောက်တွင် ထားပြီး ကိုးကွယ်ပ,သခြင်း ပြုရန် အထူးလိုအပ်သည်ဟု ယူဆထားကြ၏။

ဤသို့ ကိုးကွယ်ရာအရှင်နှင့် ပတ်သက်ပြီး လွဲမှားသော အသိတရားများ ရစ်ပတ်လျက်ရှိခြင်းကြောင့် အရှင်တစ်ဆူဝါဒ အမှန်ကို သိမြင်ရေးမှာ နောင့်နှေးကြန့်ကြာနေခဲ့ရ၏။ ယခုခေတ်၌ပင် ဤအဖြစ်အပျက်များကို လူမျိုးအသီးသီးကြား၌ အတိုင်းထက်အလွန် တွေ့ရှိရနေသေးသည်။

တောင်ဟီးဒ်သည် ကိုးကွယ်ရာအရှင်နှင့် ပတ်သက်ပြီး အမြင့်မားဆုံးသော အသိတရားပင်ဖြစ်၏။ ဤအသိတရားကို အလ္လာဟ်အရှင်က ခေတ်အသီး၌ လူသားတို့အကြားတွင် တမန်တော်အများအပြားကို ပွင့်ပေါ်စေခြင်းဖြင့် ပို့ချပေးခဲ့၏။

တမန်တော်မြတ်မုဟမ္မဒ် (ﷺ) သည်လည်း အမှန်ကန်ဆုံးသော ဤကိုးကွယ်မှုအသိတရားကိုပင် လူသားတို့ထံ ပို့ချပေးခဲ့၏။ ဤအသိတရားသည် အသန့်စင်ဆုံး အပြည့်အဝဆုံးသော 'အသိတရား' ပင် ဖြစ်၏။

ယင်း၌ အသိဉာဏ်ခေါင်းပါးမှု အရိပ်လက္ခဏာ တစ်စုံတစ်ရာမျှ မတွေ့ရှိရပေ။ လူသည် တမန်တော်များ၏ သင်ကြားပို့ချက်များကို ကျော်ခိုင်းပြီး မိမိ၏ ခွဲတ်ယွင်းချက်မကင်းသော ဆင်ခြင်တုံတရား၊ မှားယွင်းသော အသိနှင့် မိမိအကြိုက် အဓိပ္ပာယ်ကောက်ယူမှုအပေါ် မှီခိုရပ်တည်နေခြင်းကြောင့် အလ္လာဟ်အရှင်ကို ယှဉ်တွဲကိုးကွယ်ရာ ထားခြင်းရှစ်ရိ (က) အပြုအမူ၊ ဆင်းတုကိုးကွယ်သော ကုဖရ်အပြုအမူတို့ကို ကျူးလွန်မိတော့၏။

တောင်ဟီးဒ်သည် အသိဉာဏ်ခေါင်းပါးမှု တိမ်စိုင်တိမ်လိပ်ကြီးကို တစ်စစီလွှင့်ပျောက်စေခဲ့၏။ လူ၏အသိဉာဏ်စက်ဝန်းကို အမှန်တရား၏ လင်းရောင်ခြည်ဖြင့် ထွန်းလင်းစေခဲ့၏။

ဤစာတမ်းငယ်ကလေးဖြစ်သည့် ''လာအီလာဟ အီလ်လလ္လာဟ်'' ဟူသော တောင်ဟီဒ်ကို လက်ခံယုံကြည်ခြင်း၌ မည်သို့နက်နဲထူးခြားသော အဓိပ္ပာယ်အနှစ်သာရများရှိနေကြောင်းနှင့် ယင်းအချက်က မည်သို့ အမှန်တရားကို ဆောင်ကျဉ်းထားပြီး မည်သည့်ယုံကြည်ချက်ကို အားပေးအားမြှောက်ပြုခြင်းကို ဆန်းစစ်လေ့လာကြပါစို့။ အောက်ပါအချက်များကို စဉ်းစားသုံးသပ်ခြင်းဖြင့် ဤအချက်များကို မိမိရရ ကောက်ယူနိုင်မည်ဖြစ်၏။

ပထမဦးစွာ စကြဝဠာကြီးနှင့် သက်ဆိုင်သည့် ပြဿနာရပ်ကို ရင်ဆိုင်ရမည်ဖြစ်၏။ ကျွန်ုပ်တို့သည် အပြောကျယ်ခမ်းနားလှပြီး အဆုံးအစ အကန့်အသတ်မရှိ စကြဝဠာကြီးနှင့် နီးကပ်စွာ ထိတွေ့လျက်ရှိနေကြ၏။

လူသား၏ စိတ်သည် ယင်းအစနှင့် အဆုံးကို ပိုင်းခြားသိမြင်ရန် မစွမ်းနိုင်ပေ။ စကြဝဠာကြီးသည် သတ်မှတ်ထားသည့် လမ်းစဉ်အတိုင်း မှတ်မိခြင်းငှာ မစွမ်းနိုင်သည့် နှစ်ကာလပေါင်း များစွာကတည်းက လှုပ်ရှားတည်တံ့လျက်ရှိသည်မှာ နောင်မျှော်မှန်းနိုင်စွမ်းမရှိသည့် အနာဂတ်ကာလ အဝိုင်းအခြားအထိတိုင် ခရီးဆန့်လျက်ရှိနေမည်သာ ဖြစ်၏။

မရည်မတွက်နိုင်အောင် များပြားလှသည့် ဖန်ဆင်းခံများနှင့် သတ္တဝါများက နေ့စဉ်လိုလို ပေါ်ထွန်းပေါက်ဖွားလျက်ရှိနေ၏။ ယင်းလက္ခဏာရပ်များမှာ နားလည်ရခက်ခဲလှပေရာ စဉ်းစားတတ်သူတို့၏ စိတ်နှလုံးအတွင်း၌ အံ့သြမဆုံးဖြစ်နေရ၏။

လူသားအနေဖြင့် ယင်းအကြောင်းရပ်များကို မိမိ၏အကူအညီမကင်းသည့် ချို့တဲ့ချွတ်ယွင်းသည့် အမြင်အာရုံအားဖြင့် သိမြင်နားလည်ရန်နှင့် အမှန်တရားကို မိမိရရ ကိုင်တွယ်မိရန် မစွမ်းနိုင်ရှာပေ။ ဤစကြဝဠာကြီးသည် အလိုအလျောက် အခြေအနေအရ အခါအခွင့်သင့်၍ ရုတ်ချည်းပေါ်ပေါက်လာခြင်းဖြစ်သည်ဟု လူသားအနေဖြင့် မယုံကြည်ပေ။ စကြဝဠာသည် အမှတ်မဲ့ဖြစ်ပေါ်လာသော အရာမဟုတ်ပေ။

ယင်းသည် အဆင့်အတန်းမတူသည့် အရာများဖြင့် အရောရောအနှောနှော ဖြစ်နေခြင်းလည်း မဟုတ်ပေ။ အရာဝတ္ထုများစွာတို့ အဓိပ္ပာယ်မဲ့ ရွှတ်ထွေးစွာ စုဝေးပြီးဖြစ်လာခြင်းလည်း မဟုတ်ပေ။

ဤအရာအားလုံးပင် ဖန်ဆင်းရှင်၊ ပုံစံထုတ်သော အရှင်၊ ထိန်းချုပ်ကွပ်ကဲပေးမည့်အရှင်နှင့် စိုးပိုင်တော်မူသော အရှင်တစ်ပါးမရှိဘဲနှင့် လုံးဝဖြစ်လာနိုင်စွမ်း မရှိပေ။

သို့ရာတွင် မည်သည်က ဤကြီးကဲမြင့်မြတ် လှိုက်လှဲကန်သော စကြဝဠာကြီးအား ဖန်ဆင်းခဲ့ပါသနည်း။ အရှင်တစ်ပါးက ဖန်ဆင်းခဲ့သည်ဆိုပါက ယင်းတို့၏ အရှင်သခင်သည် မည်သူဖြစ်မည်နည်း။ မည်သူသည် အရာရာ၌ စွမ်းအားတော်အရှင်နှင့် အလုံးစုံသော ဉာဏ်တော်အပေါင်းနှင့် ပြည့်စုံတော်မူသောအရှင်၊ အရာရာကို မြင်နိုင်စွမ်းသော အရှင် ဖြစ်ချိမ့်မည်နည်း။

အနန္တစွမ်းအားအရှင်နှင့် ထာဝရအရှင်ကား မည်သူနည်း။ ထိုအရှင်သည် စကြဝဠာကြီးအတွင်း၌ ရှိသမျှအရာအားလုံးအပေါ်၌ သြဇာအကြီးကဲဆုံးနှင့် အမြင့်မားဆုံးဖြစ်ရပေမည်။ အနန္တစွမ်းအားတော်ကို ပိုင်ဆိုင်မှုရှိရပေမည်။

စကြဝဠာကြီးအပါအဝင် ယင်းတွင် ရှိရှိသမျှ၏ အရှင်သခင် မုချဖြစ်ရပေမည်။ မည်သူတစ်ဦးတစ်ယောက်မျှ ထိုအရှင်၏ လုပ်ရပ်၌ ဝင်ရောက်စွက်ဖက်နိုင်စွမ်းမရှိရာဖြစ်ရပေမည်။

ဤသို့ တုဖက်ကင်းသည့် တစ်ဆူတည်းသော အရှင်သခင်ကား စကြဝဠာကြီး၏ ဖန်ဆင်းရှင် ကွပ်ကဲထိန်းချုပ်မှုပေးသော အရှင်နှင့် အုပ်ချုပ်တော်မူသည့် အရှင်သာဖြစ်နိုင်ပေသည်။

ဒုတိယအချက်မှာ ဤကိုးကွယ်ရာအရှင်၏ ဂုဏ်အင်လက္ခဏာတော်များနှင့် စွမ်းအားတော်များမှာ တစ်ဆူတည်းသော အရှင့်ထံမှောက်၌သာ ရှိနေရမည်။ ယင်းဂုဏ်အင်လက္ခဏာများမှာ အရှင်နှစ်ဆူ သို့မဟုတ် အများအပြားထံ၌ တစ်ပြိုင်နက်တည်း တန်းတူရည်တူ ရှိနေရန်မှာ မည်သို့မျှမဖြစ်နိုင်ပေ။ တစ်စုတဝေးတည်း တစ်ဦးတည်းထံပါး၌သာ ပေါင်းစည်းကာ ရှိနေရမည်ဖြစ်၏။

ယင်းဂုဏ်အင်လက္ခဏာများသည် တစ်ဆူတည်းသော အရှင့်ထံ၌သာ ရှိနေရမည်။ အခြားအရာဝတ္ထုများအပေါ် ကွပ်ကဲထိန်းချုပ်မှုပြုရန် အကြီးကဲအမြင့်မြတ်ဆုံးအရှင်တစ်ပါးတည်းသာ ရှိရမည်။ အသင့်အနေဖြင့် နိဂ်ံးတစ်နိဂ်ံးတည်း၌ ဘုရင်နှစ်ပါးရှိနေ

ခြင်းနှင့် စစ်တပ်တစ်တပ်တည်းတွင် ဗိုလ်နှစ်ဗိုလ် ရှိနေခြင်းကို မည်သို့မျှ စဉ်းစားမိမည် မဟုတ်ပေ။

အလားတူပင် ဤစွမ်းအားစုများမှာ ဘုရားအဆူဆူထံပါး၌ ခွဲဝေတည်ရှိနေသော (ဥပမာ... ပညာဉာဏ်ကို စိုးပိုင်သည့်ဘုရား၊ ကံကြမ္မာကို၊ အဆုံးအဖြတ်ပေးသည့် ဘုရား၊ အစာရေစာ စားရေရိက္ခာကို ပို့ချပေးတော်မူသည့်ဘုရားနှင့် အသက်ကိုစောင့်သော ဘုရား စသည်ဖြင့်) ဆိုင်ရာဆိုင်ရာ အရည်အချင်း ဂုဏ်အင်္ဂါတစ်ရပ်စီကို သီးခြားစီ ပိုင်ဆိုင်ဟူးကြသည်ဆိုခြင်းကို လုံးဝစဉ်းစား၍ပင် မရချေ။

စကြဝဠာကြီးအား ခွဲဝေခြင်း မပြုနိုင်ပေရာ၊ ယင်းသို့ အရှင်အဆူဆူ ရှိနေပါက တစ်ဆူချင်းမှာ မိမိတို့၏တာဝန်ကို ထမ်းဆောင်ရန် တစ်ဆူက အခြားတစ်ဆူကို မှီခိုနေရမည်သာဖြစ်၏။ ပူးပေါင်းဆောင်ရွက်မှု နည်းပါးသော အဖြစ်အပျက်များ ပေါ်ပေါက်လာပေမည်။ သူတစ်လူ ငါတစ်မင်း အနေအထားသို့ ရောက်သွားပေမည်။ ဤသို့ ဖြစ်ပေါ်လာပါက ကမ္ဘာကြီးသည် အဆုံး၌ အစိတ်စိတ်အမွှာမွှာ ဖြစ်သွားမည်။

ဤဂုဏ်အင်္ဂလက္ခဏာများကို လွှဲပြောင်းနိုင်စွမ်းလည်း မရှိပေ။ ဂုဏ်လက္ခဏာတစ်ရပ်သည် ကစ်ချိန်၌ ဘုရားတစ်ဆူထံတွင် ရှိနေပြီး အခြားတစ်ချိန်၌ အခြားဘုရားတစ်ဆူထံတွင် ရှိနေရန်မှာလည်း လုံးဝမဖြစ်နိုင်ပေ။

မိမိကိုယ်၌က ရှင်သန်ရပ်တည်နိုင်စွမ်းမရှိသည့် ကိုးကွယ်ရာအရှင်အနေဖြင့် အခြားဘုရားများကို ရှင်သန်အောင် ပြုပေးနိုင်စွမ်း ရှိမည်မဟုတ်ပေ။ မိမိ၏ ကိုယ်ပိုင်ကိုးကွယ်ခြင်းခံထိုက်သော စွမ်းအားကို ကာကွယ်ဂိန်းသိမ်းခြင်း မပြုနိုင်သူအနေဖြင့် အဆုံးအစမရှိ ကျယ်ပြောလှသည့် စကြဝဠာကြီးအား အုပ်ချုပ်ပေးရန်မှာ လုံးဝလျော်ကန်သင့်မြတ်ခြင်း မရှိပေ။

ဤနည်းဖြင့် ထိုပြဿနာရပ်ကို နက်နက်နဲနဲစဉ်းစားလေ ကိုးကွယ်ရာအရှင်၏ ဂုဏ်လက္ခဏာဇာတ်များနှင့် အနန္တစွမ်းအားတော်များမှာ တစ်ဆူတည်းသော အရှင်ထံ၌သာ ပိုင်ဆိုင်မှုရှိနေရမည်ဟု အခိုင်အမာ သန္နိဋ္ဌာန်ချနိုင်လေပင် ဖြစ်၏။

လူ့ဘဝနှင့် သဘာဝတွင် ယင်းဝါဒကို လက်ခံနိုင်ရန် မည်သို့သော ရှင်းလင်းချက်မှမရှိပေ။ ယင်းအချက်များကပင် လူသားအား အမှန်တရားဝါဒစစ်စစ် ဖြစ်သည့် တောင်ဟီးဒ် (အရှင်တစ်ဆူဝါဒ) သို့ ပို့ဆောင်ပေးလျက် ရှိ၏။

ယခု ဤမှန်ကန်ပြည့်ဝသော ဖန်ဆင်းရှင်အပေါ် ယုံကြည်မှုအသိတရားကို နှလုံးပိုက်ပြီး အပြောကျယ်လှသည့် စကြဝဠာကြီးအား တစေ့တစောင်း ကြည့်ရှုသုံးသပ်ကြပါစို့။ အသင့်အနေဖြင့် အစွမ်းကုန် အသင်မြင်တွေ့နေရသည့် အရာများ၊ အသင်ထိတွေ့မိသမျှ စဉ်းစားမိသမျှအရာများ၌ ဤဂုဏ်အင်္ဂလက္ခဏာရပ်များအနက် လက္ခဏာတစ်ရပ်တစ်လေသော်မျှ ပိုင်ဆိုင်ထားခြင်းရှိမရှိကို ရှာဖွေကြည့်ရှုပါလေ။ အသင်ဉာဏ်မီသလောက် စဉ်းစားဆင်ခြင်ကြည့်ပါလေ။ ကြယ်နက္ခတ်တာရာများ၊ ကိရဏ္ဍာန်များ ကျေးငှက်များ၊ ငါးများ၊ ရုပ်ဝတ္ထုများ၊ ဌေကြေးဥစ္စာများနှင့် လူတစ်ဦးတစ်ယောက် သို့မဟုတ် လူအစုအဝေးတစ်ရပ်ရပ်၌ ယင်းဂုဏ်အင်္ဂလက္ခဏာရပ်များကို ပိုင်ဆိုင်ထားခြင်း ရှိမရှိကို လေ့လာကြည့်ပါလေ။ မည်သည့်ဂုဏ်အင်္ဂလက္ခဏာမျှ ပိုင်ဆိုင်ထားခြင်း မရှိသည်မှာ သေချာလှ၏။

အကြောင်းကား စကြဝဠာအတွင်း ရှိရှိသမျှသည် အဖန်ဆင်းခံများဖြစ်နေခြင်း ကြောင့်ပင် ဖြစ်ပါသည်။ ယင်းတို့သည် ထိန်းချုပ်မှုကို ခံလျက်ရှိနေပြီး အနေအထားမပျက် ပုံမှန်ဖြစ်ပျက်လှုပ်ရှားနေရ၏။ တစ်ခုနှင့်တစ်ခု အမှီသဟဲပြုနေကြရ၏။ မကြာမီ လွှင့်ပျောက် ပျက်စီး တိမ်းပါးသွားရ၏။ သေပွဲဝင်ရမည့် သေမျိုးနွယ်များသာ ဖြစ်၏။ မိမိအစွမ်းအစဖြင့် တည်နေကြခြင်း မဟုတ်ပေ။

အသေးအဖွဲ့ လှုပ်ရှားမှုလေးဦးပင်လျှင် အခိုင်အမာ တည်တံ့နေသည့် ဥပဒေ တစ်ရပ်၏ ကွပ်ကဲထိန်းချုပ်မှုအောက်မှ မလွတ်ကင်းနိုင်ပေ။ ဤဥပဒေသမှ လုံးဝသွေဖည် ၍ မရပေ။ ယင်းတို့တွင် ဤသို့ အကူအညီမဲ့နေခြင်းကပင် ကိုးကွယ်ခြင်းခံထိုက်သော လက္ခဏာရပ်တစ်စုံတစ်ရာမျှ ဆင်ယင်ထားခြင်း မရှိကြောင်းကို သက်သေထူလျက်ရှိ၏။ ယင်းလက္ခဏာရပ်အနည်းငယ်ကိုမျှ လက်ဝယ်ပိုင်ဆိုင်ထားခြင်း မရှိသည်ကို ပြဆိုနေ၏။ မည်သည့်လက္ခဏာရပ်မျှ လုံးဝပိုင်ဆိုင်ထားခြင်း မရှိပေ။ ယင်းစွမ်းအား လက္ခဏာရပ်များ နှင့် ကင်းမဲ့သည့် ရိုးရိုးသာမန်အဆင့်တွင်သာ ရှိနေခြင်းကြောင့် ယင်းတို့ကို ကိုးကွယ်ရာ အဖြစ် သတ်မှတ်ပြီး ယင်းစွမ်းအားလက္ခဏာများဖြင့် ဆင်ယင်ပေးခြင်းမှာ အမှန်အား ဖြင့် မိုက်မဲမှုတစ်ရပ်နှင့် ရယ်ဖွယ်ကိစ္စတစ်ရပ်သာလျှင် ဖြစ်၏။

ဤသည်ပင်လျှင် ''လာအီလာဟ'' ၏အဓိပ္ပာယ်ဖြစ်သော ထာဝရအရှင် အလွှာဟ်မှလွဲပြီး အခြားကိုးကွယ်ခြင်းခံထိုက်သူ လုံးဝမရှိကြောင်းကို ပြဆိုနေပေသည်။ မည်သည့်လူသား။ မည်သည့်ဝတ္ထုပစ္စည်းတွင်မျှ ကိုးကွယ်ဝတ်ပြုမှုကို ခံထိုက်သော ကိုးကွယ်ရာအရှင်၏ ဂုဏ်အင်လက္ခဏာရပ်များ ပိုင်ဆိုင်ထားခြင်း လုံးဝမရှိပေ။

သို့သော် ဤအဆင့်သည် ကျွန်ုပ်တို့၏ စူးစမ်းလေ့လာမှု၏ အဆုံးစွန်သော အဆင့်မဟုတ်သေးပေ။ ကိုးကွယ်ရာအရှင်၏ ဂုဏ်အင်လက္ခဏာတော်များမှာ စကြဝဠာ အတွင်းရှိ လူသားနှင့် ကျန်အရာဝတ္ထုများအကြား၌ တည်ရှိနေခြင်းမရှိသည့် အကြောင်းနှင့် မည်သူတစ်ဦးတစ်ယောက်ကမျှ ဤလက္ခဏာရပ်ကို အနည်းအကျဉ်းပင် ပိုင်ဆိုင်ထားခြင်း မရှိသည့်အချက်ကို ကျွန်ုပ်တို့ ရှာဖွေဆုပ်ကိုင်မိပြီဖြစ်၏။

ဤအနီးစပ်ဆုံး ဆန်းစစ်လေ့လာမှုကပင် စကြဝဠာအတွင်း ရှိရှိသမျှ မြင်မြင် သမျှ အရာများ၌ ကြီးကဲမြင့်မြတ်သော ကိုးကွယ်ရာအရှင်တစ်ပါး ရှိနေကြောင်း၊ ထိုအရှင် သည် ကိုးကွယ်ခြင်းခံထိုက်တော်မူသည့် ဂုဏ်တော်အပေါင်းကို ပိုင်ဆိုင်ထားကြောင်းနှင့် အရာရာသည် ထိုအရှင်၏ အလိုတော်အရသာ ဖြစ်ပေါ်ရကြောင်း စသဖြင့် အဆုံးသတ် အဖြေသို့ ဦးတည်လမ်းကြောင်းပေးလျက် ရှိ၏။

ထိုအရှင်သည် ဤကြီးကျယ်ခမ်းနားလှသော စကြဝဠာကြီး၏ ဖန်ဆင်းရှင်ဖြစ် ကြောင်း ခမ်းနားကြီးကျယ်မဆုံးဖြစ်သည့် သဘာဝဓမ္မ ဥပဒေသအား ကွပ်ကဲမှုပြုပေး နေသော အရှင်ဖြစ်တော်မူကြောင်းနှင့် ယင်းသဘာဝဓမ္မ ဥပဒေကြီးအား စည်းဝါးကျကျ လှုပ်ရှားဖြစ်ပျက်စေရန် စီမံအုပ်ချုပ်မှုပေးနေသော အရှင် ဖြစ်တော်မူကြောင်းကို သိခဲ့ရ ပြီဖြစ်၏။ စကြဝဠာတစ်ဝှမ်းလုံး၏ အရှင်သခင်မှာ ''အလွှာဟ်'' ပင်ဖြစ်၏။

ထိုအရှင်နှင့် ယှဉ်တွဲပြီး ခဝဝ်ကိုးကွယ်ခြင်း ခံထိုက်သူမရှိပေ။

ဤအချက်ကား အီလ်လလ္လာဟ် (အရှင်မြတ်မှလွဲပြီး) ၏ ဆိုလိုရင်းအဓိပ္ပာယ် ပင်ဖြစ်၏။

အလုံးစုံသော အသိတရားများအနက် ဤအသိတရားသည် အကြီးကဲဆုံးနှင့် အမြင့်မားဆုံးသော အသိတရား အမျိုးအစားပင်ဖြစ်၏။ နက်နက်နဲနဲ အားထုတ်စဉ်းစားလေ လေ ဤအသိတရားအသီးသီး၏ မူလပထမ အရင်းခံအချက်ပင်ဖြစ်ကြောင်းကို အခိုင် အမာ ယုံကြည်လာနိုင်လေလေပင် ဖြစ်သည်။

ရူပဗေဒ၊ ဓါတုဗေဒ၊ နက္ခတ္တဗေဒ၊ ဘူမိဗေဒ၊ ဇီဝဗေဒ၊ သတ္တဗေဒ၊ စီးပွားရေး ဗေဒ၊ နိုင်ငံရေးသိပ္ပံ၊ လူမှုဆက်ဆံရေးဗေဒ၊ သို့မဟုတ် မနုဿဗေဒဖြစ်စေ ကြိုက်ရာ ရွေထောင့်မှ ဆန်းစစ်လေ့လာလျှင်လည်း အသင့်အနေဖြင့် နက်နက်နဲနဲ လေ့လာဆန်းစစ် စဉ်းစားဆင်ခြင်မှု ပြုလေလေ လာအီလာဟ အီလ်လလ္လာဟ်မှ ဖော်ညွှန်းသော အမှန်တရား ကို ပီပီပြင်ပြင် မြင်လာလေလေပင် ဖြစ်၏။

မည်သည့်ဘာသာရပ် ရွေထောင့်မှမဆို လေ့လာဆန်းစစ်ပါက ဤအဖြေကိုသာ ရရှိမည်ဖြစ်၏။ ဤအသိတရား ခံယူချက်ကပင် အသိပညာ၏လမ်းကို အမှန်တရား၏ အလင်းရောင်ဖြင့် ထွန်းပင်စေပြီ ရှာဖွေစူးစမ်းဆင်ခြင်မှု၏ တံခါးမကြီးကို ဖွင့်ပေးနိုင်ပေသည်။

ခြေလှမ်းတိုင်းခြေလှမ်းတိုင်း၌ မှန်ကန်သော အတွေးအခေါ် အယူအဆနှင့် အသိတရားကို ကြုံတွေ့ရင်ဆိုင်ရမည်ဖြစ်၏။ အကြောင်းမူကား ဤအခြေခံအမှန်တရား ကို ငြင်းပယ်လက်မခံခြင်းအားဖြင့် စကြဝဠာအတွင်း ရှိရှိသမျှ၏ အရင်းခံအဓိပ္ပာယ်နှင့် အနှစ်သာရမှန်ကို လက်လွှတ်ဆုံးရှုံးစေနိုင်၍ ဖြစ်၏။

## လူ့ဘဝ၌ တောင်ဟီးဒ်၏ အကျိုးသက်ရောက်မှုများ

ယခုဆက်လက်ပြီး 'လာအီလာ အီလ်လလ္လာဟ်' ကို ယုံကြည်ခြင်းသည် လူ့ဘဝ၌ မည်သို့သော အကျိုးတရားကို ပေးစွမ်းနိုင်ကြောင်း ဘဝ၌ အမြဲတမ်း အောင် မြင်မှုတွေ့နေရခြင်းမှာ အဘယ်အကြောင်းကြောင့် ဖြစ်ကြောင်းနှင့် ယင်းယုံကြည်ချက်ကို ငြင်းပယ်ခြင်းအားဖြင့် ဘဝ၌ ဆုံးရှုံးမှုများ အဘယ်အကြောင်းကြောင့် တွေ့ကြုံရပုံနှင့် ဤဘဝ နောင်ဘဝနှစ်ခွာစလုံး၌ အရှုံးဖြင့် အဘယ်ကြောင့် ရင်ဆိုင်ရပုံတို့ကို လေ့လာကြည့် ကြပါစို့။

၁။ ဤကလီမာကို ယုံကြည်သူတစ်ဦးအနေဖြင့် မည်သည့်အခါမျှ ကျဉ်း မြောင်းသော စိတ်ဓါတ်နှင့် ကျဉ်းမြောင်းသော အမြင်ရှိမည် မဟုတ်ပေ။ သူသည် စကြဝဠာတစ်ဝှမ်းလုံးအား ကျွေးမွေးစောင့်ရှောက် စားရေရိက္ခာ ပေးသနားတော်မူသော အရှင်၊ အရှေ့နှင့်အနောက် နှစ်ရပ်ကို စိုးပိုင်တော်မူသော အရှင်သခင်နှင့် ကောင်းကင်ဘုံ များနှင့် ကမ္ဘာမြေပြင်ကို ဖန်ဆင်းတော်မူသည့်အရှင်ကို ယုံကြည်၏။

ဤယုံကြည်ချက်ကို နလုံးပိုက်ပြီး နောက်ပိုင်းတွင် ကမ္ဘာပေါ်တွင်ရှိ အရာရာတိုင်း သည် သူ့အတွက် တစိမ်းဆန်သည်ဟု မယူဆတော့ချေ။ စကြဝဠာအတွင်း ရှိရှိသမျှ

အရာအားလုံးသည် သူ့ကို ပိုင်စိုးတော်မူသည့် တစ်ဆူတည်းသော အရှင်သခင်က ပိုင် ဆိုင်ခြင်းဖြစ်သည်ကို အသေအချာ ယုံကြည်လာ၏။

သူ၏အတွေးအခေါ်နှင့် အပြုအမူ၌ ဘက်လိုက်မှုမရှိပေ။ သူ၏မေတ္တာ၊ ကရုဏာ နှင့် လုပ်ရပ်တွင် လူ့အဆင့်အတန်းတစ်ခု သို့မဟုတ် အုပ်စုတစ်ခုအတွက်ဆိုပြီး သီးခြား ဘောင်ခတ် ခွဲခြားမှု မရှိပေ။ သူ၏အမြင်မှာ ကျယ်ပြောလှ၏။

သူ၏အသိဉာဏ်စက်ဝန်းမှာလည်း ကျယ်ပြောလှ၏။ ဖန်ဆင်းရှင်၏ ပိုင်နက်မှာ ဆုံးစမရှိ ကျယ်ပြောသကဲ့သို့ပင် သူ၏အမြင်မှာလည်း အချုပ်အချယ်ကင်းပြီး အတိုင်း အဆမရှိပေ။

ဤကဲ့သို့ စိတ်ဓါတ်ပြည့်ဝမှုနှင့် အမြင်ကျယ်မှု အပြည့်အဝရှိသူတစ်ဦးအား မည်သည့်နည်းဖြင့် ဘုရားမဲ့ဝါဒီတစ်ဦးနှင့်သော်လည်း၊ ဘုရားအများဝါဒီတစ်ဦးနှင့်သော် လည်းကောင်း နှိုင်းယှဉ်နိုင်ပါအံ့နည်း။

လူသားနည်းတူ ချို့တဲ့ချို့နဲ့သော စွမ်းအင်နှင့် အတိုင်းအတာရှိသော စွမ်းအား ကို ပိုင်ဆိုင်ထားသည့် ဘုရားတစ်ဆူဆူကို ကိုးကွယ်နေသူနှင့် မည်သို့ ချိန်ထိုးနိုင်ပါအံ့နည်း။

၂။ ဤယုံကြည်ချက်သည် လူသားတွင် မိမိကိုယ်မိမိ တန်ဖိုးထားမှုနှင့် မိမိကိုယ်မိမိ လေးစားရိုသေမှုကို မွေးထုတ်ပျိုးထောင်ပေး၏။ ယုံကြည်သူတစ်ဦးသည် အလုံးစုံသော စွမ်းအားအစုစု၏ ပိုင်ရှင်အစစ်အမှန်မှာ ''အလ္လာဟ်'' တစ်ပါးတည်းသာလျှင် ဖြစ်တော်မူကြောင်း သိထား၏။

ထိုအရှင်မှလွဲပြီး အခြားမည်သူတစ်ယောက်တွင်မျှ လူသားအား ထိခိုက်နစ်နာ အကျိုးပယုတ်အောင် ပြုနိုင်စွမ်းနှင့် အကျိုးကျေးဇူးဖြစ်ထွန်းအောင် ပြုနိုင်စွမ်းမရှိကုံကို သိထား၏။

လူသား၏ လိုအင်ဆန္ဒ လိုအပ်ချက်ကို ထိုအရှင်မှလွဲပြီး အခြားမည်သူမျှ မပေးစွမ်းနိုင်ကြောင်း၊ အသက်ကို ဖန်တီးနိုင်စွမ်း၊ နူတ်သိမ်းနိုင်စွမ်း မရှိကြောင်းနှင့် သြဇာအာဏာကို ဝင့်ကိုင်သုံးစွဲနိုင်စွမ်း မရှိကြောင်းကို အခိုင်အမာ သိထား၏။

ဤခံယူချက်ကပင် လူသားအား ထိုအရှင်၏ စွမ်းအားအာနုဘော်များမှအပ အခြားအရာများကို လစ်လျူရှုခြင်း၊ အမှီအခိုမပြုခြင်းနှင့် ကြောက်ရွံ့ကင်းမဲ့မှုတို့ကို ဖန်တီး ပေးခဲ့၏။

သူသည် ထာဝရအရှင်၏ ဖန်ဆင်းခံတစ်ခုခုအပေါ်၌ ရှိသေလေးမြတ်မှုနှင့် မည်သည့်အခါမျှ ဦးညွတ်မိမည် မဟုတ်ပေ။ တစ်စုံတစ်ဦးဦး၏ မည်သို့သော ကြီးကဲမှုကမှ သူ့အား ခြောက်လှန့်တားဆီးနိုင်မည် မဟုတ်ပေ။

ဤကဲ့သို့ အနေအထားနှင့် အရည်အသွေးပြည့်ဝသော စိတ်ဓါတ်မျိုးကို ဤယုံကြည်ချက်မှလွဲပြီး အခြားမည်သည့်ယုံကြည်ချက်ကမျှ ပေးစွမ်းနိုင်စွမ်းမရှိချေ။

အကြောင်းမူကား ဖန်ဆင်းရှင်နှင့်ယှဉ်တွဲပြီး အခြားအရာများကို ကိုးကွယ်သူနှင့် ထာဝရအရှင်အား ငြင်းပယ်လက်မခံသူတို့မှာ အခြားဖန်ဆင်းခံတစ်ခုခုအား လေးမြတ် ကြည်ညိုစွာ ဦးညွတ်ခြင်းပြုရန် ထိုအရာသည် မိမိတို့အား အကျိုးရှိအောင်၊ အကျိုးယုတ် အောင် ပြုနိုင်စွမ်းရှိသည်ဟု အသိအမှတ်ပြုရန်၊ မိမိတို့၏ မျှော်လင့်ချက်ဟူသမျှကို ထို

အရာအပေါ်၌ ပုံအပ်ထားရန်နှင့် ထိုအရာ၌ မကြောက်ရွံ့ရန်မှာ လုံးဝလိုအပ်နေခြင်းကြောင့် ပင်ဖြစ်၏။

၃။ မိမိကိုယ်မိမိ လေးစားရိုသေမှုအပြင် ဤယုံကြည်ချက်သည် လူသားတွင် ကောင်းမြတ်သော အမှုအကျင့်သိက္ခာနှင့် နှိမ်ချမှုတို့ကို မွေးထုတ်ပေး၏။ လူသားအား နှိမ်ချသောသဘောဖြင့် မထင်မပေါ် နေသွားရန်နှင့် ပရိယာယ်မာယာ ဟန်ဆောင်မှုကင်းရန် ပြုပေး၏။ ယုံကြည်သူတစ်ဦးတစ်ယောက်သည် မည်သည့်အခါမျှ မာန်မာနခက်ထန်မှု စိတ်ကြီးဝင်ဘဝင်မြင့်မှုနှင့် မိမိကိုယ်မိမိ သိဒ္ဓိတင်မှုမရှိနိုင်ပေ။ သူ၏စိတ်နှလုံးတွင် ပစ္စည်းဥစ္စာရာထူးနှင့် အာဏာဂုဏ်မောက်ပြီး ပလွှားမူပြုရန် နေရာမရှိပေ။

ဤသည်မှာ မိမိလက်ဝယ်တွင် ပိုင်ဆိုင်ထားသမျှသည် မိမိအား ဖန်ဆင်းရှင်က ချီးမြှင့်ထားသည့် အရာများသာဖြစ်ကြောင်းကို ကောင်းစွာ သိရှိထားခြင်းကြောင့်ပင်ဖြစ်၏။

အလွှာဟ်အရှင်သည် မိမိအား ချီးမြှင့်ပေးထားသမျှကို အချိန်မရွေး ပေးစွမ်းနိုင်သလို အချိန်မရွေး ပြန်လည်ရုပ်သိမ်းနိုင်ကြောင်းကိုပါ သိထားရှိဖြစ်၏။

မယုံကြည်သူတစ်ဦး၏ အယူအဆကား ယုံကြည်သူကစ်ဦးနှင့် လုံးဝဖီလာဆန့်ကျင်နေ၏။

မယုံကြည်သူတစ်ဦးအနေဖြင် လောကီစီးပွား၊ လောကီသုခ၌ အကျိုးဖြစ်ထွန်းလာသောအခါ၌ မာန်မာနတရားဝင်လာပြီး ဤသို့ မိမိကောင်းစားလာရခြင်းမှာ မိမိ၏ ကိုယ်ပိုင်အစွမ်းအစကြောင့်သာ ဖြစ်သည်ဟု စိတ်ကြီးဝင်လာတတ်၏။

ယင်းသို့ မာန်မာတရားထောင်လွှားခြင်းနှင့် မိမိကိုယ်မိမိ အထင်ကြီးဘဝင်မြင့်ခြင်းကား ရှစ်ရိ (က) (အလွှာဟ်ရှင်နှင့် ယှဉ်တွဲပြီး အခြားအရာများကို ခဝဲကိုးကွယ်ခြင်း) အပြုအမူနှင့် ထပ်တူထပ်မျှ မုချပေါ်ပေါက်လာမည့် အကျိုးတရားများပင် ဖြစ်၏။

အကြောင်းမူကား မူရှရစ် (က) (အလွှာဟ်ရှင်အား တုပကိုးကွယ်သူ) တစ်ဦးသည် မိမိနှင့် ကိုးကွယ်ရာအရှင်သခင်၌ သီးသန့် အထူးဆက်သွယ်မှု ရှိနေပြီ။ ယင်းဆက်သွယ်မှုမှာ မိမိတို့မှလွဲပြီး အခြားသူများတွင် မရှိနိုင်ဟု ယုံကြည်ထားခြင်းကြောင့်ပင် ဖြစ်၏။

၄။ ဤယုံကြည်ချက်သည် လူသားတွင် အကျင့်သီလကောင်းမွန်မြင့်မြတ်မှုနှင့် ဖြောင့်မတ်မှန်ကန်မှုကို ဖန်တီးပေးနိုင်၏။ စိတ်ဝိညာဉ် သန့်ပြန့်စင်ကြယ်မှု အကျင့်သီလ ကောင်းမြတ်မှုနှင့် ဖြောင့်မတ်မှန်ကန်သော အပြုအမူရှိမှုတို့မှ လွဲပြီး အခြားမည်သည့်အရာနှင့်မျှ မိမိအား အောင်မြင်မှုနှင့် ကယ်တင်ခြင်း အကျိုးတရားများကို ပေးနိုင်စွမ်းမရှိဟု အခိုင်အမာ ယုံကြည်ချက်က ရှိနေပေသည်။

သူသည် လိုအင်ဆန္ဒအဖြာဖြာကို ဖြည့်နိုင်စွမ်းပေးနိုင်သော ကြောင့်ကျမှုကင်းသော မည်သူနှင့်မျှ ဆက်သွယ်မှုမရှိသော တရားမျှတမှု အပြည့်အဝရှိသော တိုအရှင်၏ ဂုဏ်လက္ခဏာနှင့် စွမ်းအားအာနုဘော်၌ မည်သူတစ်ဦးတစ်ယောက်မျှ ဝင်ရောက်စွက်ဖက် လက်ထည့်နိုင်စွမ်းမရှိသော ထာဝရအရှင် အလွှာဟ်အား အပြည့်အဝ ယုံကြည်ထား၏။

ဤယုံကြည်ချက်ကြောင့်ပင် လူသားအား မည်သည့်အာဏာ မည်သည့်ဩဇာ နှင့် မည်သည့်ကောက်ကျစ်လိမ်လည်သော အပြုအမူများနှင့်မျှ ပျက်စီးအောင် မပြုနိုင်ပေ။ ကာဖရိမျာနှင့် မုရှိရစ် (က) များမှ ဤဖြစ်ရပ်များနှင့် ဆန့်ကျင်ပြီး မှားယွင်းသော မျှော်လင့်ချက်ကြီးများကို ရင်ဝယ်ပိုက်ကာ ထာဝရရှိနေကြ၏။

အချို့က ထာဝရအရှင်၏ သားတော်က မိမိတို့လူသားများ၏ မကောင်းမှုဒုစရိုက်များအတွက် ကိုယ်စား ကြားဝင် အပြစ်ဒဏ်ခံယူသွားသည်ဟု ယူဆထားကြ၏။ အချို့ကမူ မိမိတို့သည် ထာဝရအရှင်၏ မျက်နှာသာပေးခြင်း ခံရသူများဖြစ်သဖြင့် အပြစ်ငရဲခံရမည်မဟုတ်ဟု ယုံမှတ်ထားကြ၏။ အချို့ကမူ မိမိတို့၏ သူတော်စင်ကြီးများက ထိုအရှင်ထံ မိမိတို့အစား ကြားဝင်ဖြန်ဖြေမှု ပြုပေးမည်ဟု ယုံကြည်ထား၏။

အချို့ကမူ မိမိတို့ကိုးကွယ်နေသော နတ်ဘုရားများကို ပူဇော်ပသ လာဘ်လာဘ ပေးခြင်းအားဖြင့် မိမိတို့ကြိုက်ရာ မကောင်းမှုဒုစရိုက်နှင့် အနိဋ္ဌာရုံ ဝဲသြဃကြီးအတွင်းမှာ ထိုသူတို့အား ငြိတွယ်နေစေခဲ့၏။ ထိုသူများမှာ မိမိတို့၏ နတ်ဘုရားများအပေါ် မှီပြီး ဝိညာဉ်ပိုင်းဆိုင်ရာ သန့်စင်မှုနှင့် ဘဝ၌ ကောင်းမွန်မြင့်မြတ်စွာ နေထိုင်သွားရန်ကို လစ်လျူရှု ကျော်ခိုင်းခဲ့ကြ၏။

ဘုရားမဲ့ဝါဒီများကမူ မိမိတို့အား အာဏာစွမ်းအားသတ္တိဖြင့် အုပ်ချုပ်မှုပေးမည့် အရှင်မရှိ၊ ထို့ကြောင့် ဤလောကဌ မိမိကြိုက်ရာကို မိမိထင်သလို စိတ်ကြိုက်လွတ်လပ်စွာ ပြုလုပ်ပိုင်ခွင့်ရှိသည်ဟု ယူဆထားကြ၏။ ထိုသို့သော သူတို့တွင် ယင်းတို့၏ စိတ်ကူး စိတ်သန်းများမှာ ၎င်းတို့၏ ဘုရားများဖြစ်လာပြီး၊ အလိုရမ္မက်၏ ကျေးကျွန်အဖြစ်နှင့် နေထိုင်သွားကြသူများ ဖြစ်၏။

၅။ ယုံကြည်သူတစ်ဦးအနေဖြင့် မည်သည့်ပတ်ဝန်းကျင် အခြေအနေ အရပ်ရပ်အောက်တွင်မျှ စိတ်ပျက်အားလျော့ခြင်းနှင့် စိတ်နှလုံးကြေကွဲကာ ရင်ကွဲပက်လက်ဖြစ်ခြင်း မရှိပေ။ သူသည် ကောင်းကင်အထပ်ထပ်နှင့် ကမ္ဘာမြေပြင်အကြား ရှိရှိသမျှ အရာများကို ပိုင်ဆိုင်တော်မူသော အရှင်သခင်ဖြစ်သည့် ထာဝရအရှင်အပေါ်၌ အခိုင်အမာ ယုံကြည်ထား၏။

ထိုအရှင်၏ မြင့်မြတ်သော ဂုဏ်ကျက်သရေနှင့် ရက်ရောမှုများမှာ အကန့်အသတ်မရှိပေ။ ထိုအရှင်၏ စွမ်းအား အာနုဘော်သည် အနတ္တက္ကမပင်ဖြစ်၏။ ဤယုံကြည်ချက်သည် လူသားအား ထူးကဲသော စိတ်နှလုံးပျော်မွေ့မှုကို ဖြည့်စွမ်းပေး၏။ လူသား၏ စိတ်နှလုံးတွင် ရောင့်ရဲကျေနပ်မှုနှင့် မျှော်လင့်ချက်များဖြင့် ပြည့်ဝစေခဲ့၏။

ဤကမ္ဘာလောကဌ လူသားအနေဖြင့် အမျိုးမျိုးသော အကြပ်အတည်းများနှင့် ဘေးဒုက္ခအန္တရာယ်များကို ကြုံတွေ့ရင်ဆိုင်ရသော်ငြားလည်း ထိုအဖြစ်များက လူ့ဘဝအား ဆုံးခန်းတိုင် ရောက်သွားအောင် မပြုနိုင်ပေ။ သူ့ထံပါးမှ ကောင်းကျိုးချမ်းသာများ တစ်စတစ်စ တစ်ခုပြီးတစ်ခု လက်လွတ်ထွက်ပြေးသွားလျှင်လည်း ဖန်ဆင်းရှင်အပေါ် ယုံကြည်မှုနှင့် မှီခိုအားထားမှုကို မည်သည့်အခါမျှ လက်လွတ်လိမ့်မည်မဟုတ်ပေ။

ဤလက်လွတ်ခဲ့ရသမျှကို အစွမ်းကုန်ကြိုးပမ်း ရှာယူသွားမည်သာ ဖြစ်သည်။ ဤကဲ့သို့ ခိုင်မာနက်နဲသော ကိုယ့်ကိုယ်ကို ယုံကြည်မှု အကျိုးတရားကို ရရှိရန် အရှင်

တစ်ဆူဝါဒအပေါ် ယုံကြည်ချက်မှလွဲပြီး အခြားမည်သည့်ယုံကြည်ချက်ကမျှ ပေးနိုင်စွမ်းမရှိပေ။ မူရှိရစ်ကဲ့များ၊ ကာဖရိများနှင့် ဘုရားမဲ့ဝါဒီများကား သေးသိမ်သော နှလုံးသားကို ပိုင်ဆိုင်ထားသူများသာ ဖြစ်၏။ အကန့်အသတ်ရှိသော စွမ်းအားအာနုဘော်များကို မှီခို နေသူများသာ ဖြစ်၏။

ထို့ကြောင့် အကြေပ်အတည်း ဘေးဒုက္ခအန္တရာယ်များနှင့် ရင်ဆိုင်ရသည့် အချိန်ကာလတိုင်း၌ စိတ်ပျက်အားလျော့မှုများ ဖြစ်ပွားလာတတ်ကြ၏။ တစ်ခါတစ်ရံ စိတ်သောက ဝေဒနာများကို မခံမရပ်နိုင်သဖြင့် မိမိကိုယ်ကိုပင် သေကြောင်းကြံမိတတ်ကြ၏။[၁]

၆။ ဤယုံကြည်ချက်က လူသားတွင် ခိုင်မာသော ဆုံးဖြတ်ချက်၊ သည်းခံမှု၊ ကြံ့ခိုင်သော ဇွဲလုံ့လနှင့် အလွှာဟ်ရှင်အပေါ် ယုံကြည်မှုကို မွေးထုတ်ပျိုးထောင်ပေး၏။ ထိုအရှင်၏ နှစ်မြို့မှုကို ရှာကြံရန် ထိုအရှင်၏ ကောင်းကင်ကျ ပညတ်ချက်များကို ဖြည့်တင်းရန် မိမိကိုယ်ကို သစ္စာပြုရာတွင်လည်းကောင်း၊ မိမိစိတ်ကို ဆုံးဖြတ်ချက်ချရာ၌လည်းကောင်း မိမိအား စကြဝဠာကြီး၏ ထာဝရအရှင်သခင်က နောက်ကွယ်မှ အထောက်အကူပြုလျက်ရှိသည်ဟု အခိုင်အမာ ယုံကြည်ထား၏။

---

၁။ မည်သို့သော ပြင်းထန်သည့် ခံစားချက်က ဤသို့ စိတ်နှလုံးတွင် စိတ်ပျက်အားငယ်မှုကို ပေါ်စေခဲ့ပုံကို တွေးဆမိရန် ခေတ်လောကကို သုံးသပ်တင်ပြထားသည့် မစ္စတာကိုလင်းဝီလ်ဆင်၏ ''သည်အောက်ဆိုက်ဒါး'' (ဆယ့်တစ်ကြိမ်မြောက် ပုံနှိပ်ခြင်း၊ ၁၉၅၇၊ လန်ဒန်) ကို ဖတ်ရှုရန် စာရှုသူများအား ရည်ညွှန်းလိုပေသည်။

ပရော်ဖက်ဆာဂျွန်ဒ်၏ ဤအချက်နှင့် ပတ်သက်သည့် ပြောဆိုချက်သံ့ညီလည်း ထင်ရှားလှသော သက်သေတစ်ရပ်ပင်ဖြစ်၏။

သူသည် အနောက်နိုင်ငံသားတို့အကြောင်းကို ရေးသားခဲ့သည်မှာ ''ယနေ့ကား သိမိုင်းတွင်လောက်အောင်ပင် ဘာသာတရားမရှိသည့် မိန်းမ၊ ယောကျ်ား မျိုးဆက်များဖြင့်သာ ပြည့်ဝလျက် ရှိနေ၏။ ဘာသာတရားကား မရှိအပ်ဟု ယူဆထားကြသူများမှာ ဘာသာတရားကို လစ်လျူရှုပြီး နေထိုင်ရသော ဘဝကို ကျေနပ်ရောင့်ရဲလျက် ရှိနေကြ၏။ ယင်းတို့သည် ပျော်ရွှင်ချမ်းမြေ့မှုကင်းကြဲသာမက မိမိကိုယ်မိမိ သေကြောင်းကြံမှု နှုန်းထားမှာလည်း ကြောက်ဖွယ်လိလိ အတော်ပင်မြင့်မားလျက် ရှိ၏။''

စီ၊ အီး၊ အဲမ်ဂျွန်ဒ်၏ သည်ပရဲဇန့်အဲန် ဖျူးချာ၊ အော့ (ဖ်) ဧရိလေးဂျင်းနှင့် ဆာအာနိုးလ်၏ ''အဲန်ယက်ဆိုးနယူ'' လန်ဒန်–၁၉၅၈ ခု၊ စာမျက်နှာ (၂၂၈) မှ ကိုးကားဖော်ပြထားသည်။

မွတ်စလင်မဟုတ်သူ သမိုင်းသုတေသီတစ်ဦး၏ အစွယ်လာမဲ့ကမ္ဘာနှင့် အစွယ်လာမဲ့ဘောင်သို့ သက်ဝင်လာသူများအပေါ် သုံးသပ်တင်ပြထားသည်မှာ မှတ်သားဖွယ်ရာပင် ဖြစ်၏။

''ဤပြတ်သားသော အရှင်တဲစ်ဆူဝါဒ၊ ယင်း၏ ရိုးရှင်းမှုနှင့် ထူးကဲသော အရှင်တစ်ပါး၏ ကြီးကဲမြင့်မြတ်သော ဥပဒေသအပေါ် စိတ်အားထက်သန်စွာ ယုံကြည်မှုပ္ပ အစွယ်လာမဲ့၏ အင်အားသည် တည်နေပေသည်။ ဤယုံကြည်ချက်ကို ခံယူထားသူများတွင် အခြားသာသနာဝင်များ၌ မတွေ့နိုင်သည့် ရောင့်ရဲမှုနှင့် မိမိခံစားမှုကို အောင့်အည်းသည်းခံနိုင်စွမ်းကို တွေ့ရှိရ၏။ မွတ်စလင်အများနေထိုင်သည့် ဒေသများနှင့် မွတ်စလင်လောကတွင် ကိုယ့်ကိုယ်ကို သေကြောင်းကြံစည်မှု နှုန်းထားမှာ မရှိသလောက် ပင် နည်းပါးလှ၏။ (ဒီလစ်ကေဟစ်တီ၏ ''ဟစ်တရီအော့ဖ်အာရပ်'' စာမျက်နှာ (၁၂၉)၊ ၁၉၅၁။)

ဤသို့ အခိုင်အမာ ယတိပြတ် ယုံကြည်မှုက သူ့အား ကျောက်တောင်ကြီး အလား ခိုင်မာတောင့်တင်းစေ၏။ မည်မျှ အခက်အခဲ အကြပ်အတည်း အဟန့်အတား အနှောင့်အယှက်များ၊ ဆန့်ကျင်ရန် ပြုလာမှုများနှင့် ကြုံတွေ့ရပေငြားလည်း သူ၏ကြံ့ခိုင်သော စိတ်ဓါတ်ကို ပျက်ပြားအောင် မည်သို့မျှ မလုပ်နိုင်ပေ။ ရှစ်ရိ (က)၊ ကုဖရိနှင့် ဘုရားမဲ့ဝါဒကိုကျင့်သုံးသူများ၌ ဤသို့ အကျိုးခံစားရမှု မရှိပေ။

၇။ ဤကြွေးကြော်ချက်သည် လူသားတွင် ရဲရင့်မှုစိတ်ဓါတ်ကို သွတ်သွင်းပေး၏။ လူသားအား သူရဲဘောကြောင်သော အဖြစ်သို့ ပို့ဆောင်ပေးသော အချက်နှစ်ရပ် ရှိ၏။

ယင်းတို့မှာ...

(၁) သေခြင်းတရားကို ကြောက်ရွံ့ပြီး အသက်စည်းစိမ်ကို မက်မော တွယ်တာမှုနှင့်၊

(၂) ထာဝရအရှင်အပြင် လူသားအား အသက်နှုတ်နိုင်၊ သွင်းနိုင်စွမ်းရှိသော အရှင်ရှိကြောင်းနှင့် သေခြင်းတရားကို ကာကွယ်နိုင်သည်ဟူသော အယူအဆကို ခံယူထားခြင်းတို့ပင် ဖြစ်၏။ 'လာအီလာဟ အီလ်လလ္လာဟ်' အပေါ် ယုံကြည်ခြင်းက ဤအယူအဆနှစ်ရပ်စလုံးကို လူသား၏ စိတ်တွင်းမှ ချွတ်ကယ်ပေး၏။

ကလေမာကို ယုံကြည်သူသည် မိမိ၏ ဘဝစည်းစိမ် ဥစ္စာများနှင့် ရှိရှိသမျှအရာများကို တကယ်တမ်းပိုင်ဆိုင်သူမှာ အလ္လာဟ်အရှင် ဖြစ်တော်မူကြောင်းကို သိထားခြင်းကြောင့် ပထမအယူအဆမှာ အလိုအလျောက် ထွက်သွားပြီဖြစ်၏။ ထိုအရှင်နှစ်ပြို့မှ အတွက် အရာရာကို စွန့်လွှတ်ရန် အစဉ်သင့်အနေအထား၌ ရှိနေ၏။

မည်သည့်လက်နက် မည်သည့်လူသားနှင့် မည်သည့်တိရစ္ဆာန်တွင်မှ မိမိအသက်ကို နှုတ်သိမ်းနိုင်စွမ်းမရှိကြောင်းကို သိရှိထားသဖြင့် ဒုတိယအယူအဆကိုလည်း စွန့်လွှတ်နိုင်ခဲ့၏။ ယင်းသို့ ပြုနိုင်စွမ်းမှာ ထာဝရအရှင်တစ်ဦးတည်းထံ၌သာ ရှိသည်ကို အခိုင်အမာ ယုံကြည်ထား၍ပင် ဖြစ်ပါသည်။

မိမိအတွက် သတ်မှတ်ထားသော အချိန်အခါသို့ ဆိုက်ရောက်လာလျှင် ကမ္ဘာပေါ်ရှိ စွမ်းအားအစုစုက အတူတကွ စုပေါင်းပြီး ကြိုးပမ်းလျှင်ပင် မိမိ၏သက်တမ်းကို တဒင်္ဂမျှ ပိုရှည်အောင် မပြုနိုင်ဟု အတိအကျ ခံယူထား၏။ ဤအကြောင်းအရာကြောင့်ပင် ထာဝရအရှင်တစ်ဆူတည်းအပေါ်၌ ယုံကြည်မှုရှိသူထက် ပိုမိုရဲရင့်သူ မရှိနိုင်ခြင်းဖြစ်၏။

မည်သည့်အရာမျှ သူ့အား ခြောက်လှန့်ဟန့်တားနိုင်မည် မဟုတ်ချေ။ မည်မျှပင် ဒုက္ခမုန်တိုင်းဝေပြီး မည်မျှပင် ဆန့်ကျင်မှုများဖြင့် ရင်ဆိုင်နေရသော်လည်း တုန်လှုပ်လှိမ့်မည်မဟုတ်ပေ။ အင်အားအကြီးမားဆုံး စစ်တပ်များသည်ပင် သူ့အား အောင်မြင်အောင် တိုက်ခိုက်နိုင်မည်မဟုတ်ပေ။

အလ္လာဟ်အရှင်အတွက် တိုက်ပွဲဝင်ရတော့မည် ဆိုလျှင်လည်း သူ့ထက် အင်အား ဆယ်ဆသာလွန်သော တပ်မကြီးသည်ပင် သူ့အား အောင်နိုင်လှိမ့်မည် မဟုတ်ပေ။ မုရွစ်ဂ်များ၊ ကာဖရိများနှင့် ဘုရားမဲ့ဝါဒီများတွင် ဤမျှကြီးကျယ်ခိုင်ခဲ့သော စိတ်ဓါတ်၊ ဆုံးဖြတ်ချက်အင်အားနှင့် အစွမ်းသတ္တိကို မည်သည်က ရယူနိုင်ပါအံ့နည်း။ ထိုသူများမှာ

ကမ္ဘာပေါ်၌ ခင်ဗျာယ်စရာ အကောင်းဆုံးအရာမှာ လူ၏ အသက်ပင် ဖြစ်သည်ဟု ဆွဲကိုင် ယုံကြည်ထားကြသည် မဟုတ်ပါသလော။

ထို့ပြင် ရန်သူ၏လက်ချက်ဖြင့် အသက်ဆုံးပါးနိုင်သည်ဟု မြင်ထားခြင်းကြောင့် ရန်သူအပါးမှ လွတ်အောင်ပြေးခြင်းဖြင့် အသက်ဘေးအန္တရာယ်မှ ရှောင်ရှားနိုင်သည်ဟု ယုံကြည်ထားသူများ ဖြစ်နေခြင်းကြောင့်လည်း ဖြစ်၏။

၈။ လာအီလာဟ အိလ်လလ္လာဟ်အပေါ် ယုံကြည်မှုသည် ကျေနပ်ရောင့်ရဲမှုနှင့် ငြိမ်းချမ်းရေးကို မြတ်နိုးသော စိတ်ဓါတ်ကို ဖန်တီးပေးနိုင်၏။ လူ့စိတ်နှလုံး၌ စွဲကပ်နေသည့် မနာလိုဝန်တိုမှု၊ သဝန်ကြောင်မှု၊ လောဘရမ္မက်ကြီးမှုနှင့် မိမိအောင်မြင်မှုအတွက် သေးနုတ်သိမ်ဖျင်း မလျော်ကန်သော လုပ်ရပ်များကို အသုံးချသည့် အယူအဆ အတွေးအခေါ်များကို ချွတ်ကယ်စင်ကြွယ်စေ၏။

ယုံကြည်သူတစ်ဦးအနေဖြင့် စည်းစိမ်ချမ်းသာသည် ဖန်ဆင်းရှင်၏ လက်တော်တွင် ရှိနေကြောင်းကို ယုံကြည်ထား၏။ ထိုအရှင်သည် မိမိနှစ်မြို့သလို လူသားများအကြား၌ ယင်းစည်းစိမ်များကို အနည်းနှင့်အများ ချီးမြှင့်ဝေငှထား၏။

ထို့ကြောင့် လူသားတို့တွင် ရှိသည့် ထင်ပေါ်မှု၊ သြဇာအာဏာရှိမှုနှင့် ဂုဏ်သတင်းကျော်ကြားမှုတို့မှာ ဖန်ဆင်းရှင်အလိုတော်အရ ဖြစ်လာရခြင်းဖြစ်၏။ ထာဝရအရှင်က မိမိအလိုကျ ချီးမြှင့်ထားခြင်းဖြစ်၏။ ယင်းတို့ကို ဆီလျော်သင့်မြတ်သောနည်းဖြင့် ရုန်းကန်ကြိုးပမ်းအားထုတ်ရယူရန်မှာ လူသား၏တာဝန်ပင် ဖြစ်သည်။

ယုံကြည်သူတစ်ဦးအနေဖြင့် မိမိ၏အောင်မြင်မှုနှင့် ဆုံးရှုံးမှုမှာ အလွှာဟ်ရှင်၏ အလိုတော်အပေါ်၌ မူတည်နေကြောင်းကို ကောင်းစွာ သိထား၏။ ထိုအရှင်အလိုတော်အရ ပေးကမ်းလာပြီဆိုလျှင် ကမ္ဘာပေါ်ရှိ မည်သည့်စွမ်းအားစုနှင့်မျှ ဖန်ဆင်းရှင်၏ ချီးမြှင့်မှုကို ဟန့်တားနိုင်မည် မဟုတ်ပေ။

အလွှာဟ်အရှင် အလိုတော်မတူဟုဆိုလျှင်လည်း မည်သည့်စွမ်းအားကမျှ အတင်းအကြပ် အလိုတူပါဟု ပြုနိုင်မည်မဟုတ်ပေ။ အခြားတစ်ဖက်တွင်မူ မုရ်ရိုက်များ၊ ကာဖရ်များနှင့် ဘုရားမဲ့ဝါဒီ မိစ္ဆာဒိဋ္ဌိများကမူ အောင်မြင်မှုနှင့် ဆုံးရှုံးမှုနှစ်ရပ်မှာ မိမိတို့၏ ကိုယ်ပိုင်ကြိုးပမ်းချက်အပေါ်၌ မူတည်နေသည်ဟု တွေးထင်ထားကြ၏။

ကမ္ဘာ့စွမ်းအားစုများ၏ ကူညီမှုနှင့် ဆန့်ကျင်မှုအပေါ်၌ တည်နေသည်ဟု ယူဆထားကြ၏။ ထိုအကြောင်းကြောင့် ထိုသူတို့သည် လောဘရမ္မက်နှင့် ဝန်တိုမစ္ဆရိယစိတ်၏ သားကောင်များအဖြစ်၌သာ ကျန်ရစ်နေခဲ့ကြရ၏သည်။

ထိုသူတို့အနေနှင့် အောင်မြင်မှုကို ကြိုးပမ်းရယူရာ၌ လာဘ်ပေးလာဘ်ယူမှု၊ မကောင်းကြံစည်မှုနှင့် အခြားသိမ်ဖျင်းပြီး အောက်တန်းကျသော လုပ်ရပ်များနှင့် မလျော်ကန်သော နည်းလမ်းများကို အသုံးချရန် တုံ့ဆိုင်းနောင့်နေးခြင်း ရှိမည်မဟုတ်ပေ။

အခြားသူများ၏ အောင်မြင်မှုအပေါ် ဝန်တိုမနာလိုစိတ် ထားမှုက ယင်းတို့အား ဝါးမြိုခဲ့ပြီဖြစ်၏။ ထို့ကြောင့် မိမိအပေါ် အောင်နိုင်လာသော ပြိုင်ဘက်၏ ပျက်စီးရာပျက်စီးကြောင်းကို ပြုရာ၌ အဆိုးရွားဆုံးသော နည်းလမ်းလုပ်ရပ်များဖြင့် မရမက ရေကုန်

ရေခမ်း အသုံးချပြုလုပ်သွားမည်မှာ အမှန်ပင်ဖြစ်၏။ အနည်းငယ်သော်မျှ ချမ်းသာပေးလိမ့်မည်မဟုတ်ပေ။

၉။ လာအီလာအီလ်လလ္လာဟ်၏ အရေးပါဆုံးသော အကျိုးသက်ရောက်မှုမှာ လူသားအား ဖန်ဆင်းရှင်၏ ဥပဒေသများကို နာခံလိုက်နာလာအောင် ပြုပေးခဲ့ခြင်းပင် ဖြစ်၏။ ဤယုံကြည်ချက်ကို နှလုံးပိုက်ထားသူတစ်ဦးအနေဖြင့် ဖန်ဆင်းရှင်သည် မျက်မှောက်၌ ရှိနေသည့်အရာများနှင့် မျက်ကွယ်၌ရှိသည့် အရာများအပါအဝင် အရာရာကို အလုံးစုံ သိမြင်တော်မူကြောင်းနှင့် ထိုအရှင်သည် မိမိ၏ လည်ပင်းသွေးကြောထက်ပင် မိမိနှင့် နီးကပ်စွာ ရှိနေကြောင်းကို အခိုင်အမာ ယုံကြည်ထား၏။

မိမိအနေဖြင့် ဒုစရိုက်မှုတစ်ခုခုကို ဆိတ်ကွယ်ရာ လူသူလေးပါး ကင်းဝေးရာ၌ သီးခြားသွားရောက် ကျူးလွန်လျှင်လည်းကောင်း၊ အမှောင်ထု သိပ်သည်းစွာ ဖုံးလွှမ်းနေသည့်အကာလ ညအခါ၌ ကျူးလွန်လျှင်သော်လည်းကောင်း အလ္လာဟ်အရှင်အနေဖြင့် သိနိုင်သည်။

မိမိတို့စိတ်တွင်း၌ ပေါ်ပေါက်လာသည့် ကောင်းသော အကြံအစည်များ မကောင်းသော အကြံအစည်များ အတွေးအခေါ်များနှင့် ရည်ရွယ်ချက်များကိုပင် တစ်ခုမကျန် သိနိုင်၏။

လူတစ်ဦးတစ်ယောက် မသိအောင် မတွေ့အောင် ပုန်းရှောင်နေနိုင်သော်လည်း ထာဝရအရှင်လက်အောက်မှ ရှောင်ရှားနိုင်ရန်ကမူ လုံးဝမဖြစ်နိုင်ပေ။ လူတစ်ဦးအနေဖြင့် ဤအချက်ကို အခိုင်အမာ ယုံကြည်မှုရှိထားလေလေ မိမိအနေဖြင့် အလ္လာဟ်ရှင်၏ ပညတ်ချက်များကို နာခံရမည့်အကြောင်း ထိုအရှင် ပိတ်ပင်တားမြစ်သမျှကို ရှောင်ကြဉ်ရမည့်အကြောင်းနှင့် မိမိတစ်ဦးတည်း သီးခြားရှိနေလျှင်ဖြစ်စေ၊ အမှောင်ထုထဲ၌ဖြစ်စေ၊ အဘယ်သို့သော အခြေအနေမျိုးမှာပင်ဖြစ်စေ ဤပညတ်ချက်များကို ချိုးဖောက်ခြင်း မပြုဘဲ လက်တွေ့ထမ်းဆောင်ရမည့် အချက်များကို ပိုမို ဆင်ခြင်သုံးသပ်မိလာလေလေ ပင်ဖြစ်၏။

အကြောင်းမှာကား ယုံကြည်သူတစ်ဦးအနေဖြင့် ထိုအရှင်၏ ''ငရဲသား'' အစောင့်အကြပ်လက်အောက်မှ မလွတ်နိုင်ကြောင်းနှင့် မည်သည့်နည်းနှင့်မျှ ရှောင်လွှဲ၍ မရနိုင်သည့် ''ဝရမ်း'' ထုတ်ပေးရာ ''ထာဝရအရှင်၏ ခုံရုံးမတော်'' ကို ထိတ်လန့်ကြောက်ရွံ့ခြင်းကြောင့်ပင်ဖြစ်၏။

ဤအကြောင်းကြောင့် မွတ်စလင်များအဖို့ ပထမဆုံးနှင့် အရေးကြီးဆုံးသော အဆင့်မှာ ''လာအီလာဟ အီလ်လလ္လာဟ်'' အပေါ် ယုံကြည်မှုပင်ဖြစ်၏။

မွတ်စလင်ဟူသည် ထာဝရအရှင်အား နာခံသူဟု ရှေ့တွင် ရှင်းပြခဲ့ပြီးဖြစ်ရာ ''လာအီလာဟ အီလ်လလ္လာဟ်'' အပေါ် အခိုင်အမာယုံကြည်မှုမရှိသူ တစ်ဦးအနေဖြင့် ထာဝရအရှင်အပေါ် နာခံမှုကို မည်သည့်နည်းနှင့်မျှ ပြုနိုင်မည် မဟုတ်ပေ။

''အလ္လာဟ်အရှင်မြတ်မှလွဲပြီး အခြားကိုးကွယ်ရာမရှိ'' ဟူသော ခံယူချက်သည် မွတ်စလင်တစ်ဦး၏ အသက်သွေးကြောပင် ဖြစ်၏။

မုဟမ္မဒ် (ﷺ) သခင်၏ သင်ကြားချက်များအနက် တစ်ဆူတည်းသော ထာဝရ အရှင်အပေါ် ယုံကြည်မှုသည် အရေးပါဆုံးနှင့် အခြေခံအကျဆုံး စည်းမျဉ်းတစ်ရပ်ပင် ဖြစ်၏။ ယင်းအချက်သည် အစ္စလာမ်၏ အဓိကအုတ်မြစ်ကြီးဖြစ်ပြီး ယင်းစွမ်းအား၏ ပင်မအချက် အချာလည်းဖြစ်၏။

အခြားသော ယုံကြည်ချက်များနှင့် အစ္စလာမ်၏ ဥပဒေသပညတ်ချက်အားလုံးသည်ပင် ဤအခြေခံအုတ်မြစ်ကြီးအပေါ်၌ အခိုင်အခန့် တည်ရှိနေကြ၏။ ဤအရင်းခံယုံကြည်မှုအပေါ်၌ အခြားအချက်အားလုံးက အားယူလျက် ရှိနေရ၏။ ဤအသိတရားအရင်းခံ ပင်မယုံကြည်ချက်ကို လက်လွှတ်လိုက်သည်နှင့် အစ္စလာမ်၏ အရိပ်လက္ခဏာဟူသည်ကလည်း တစ်စုံတစ်ရာမျှပင် မရှိနိုင်တော့ပေ။

## ၂။ အလ္လာဟ်၏ ကောင်းကင်တမန်များကို ယုံကြည်ခြင်း

တမန်တော်မုဟမ္မဒ် (ﷺ) သည် အလ္လာဟ်ရှင်၏ ကောင်းကင်တမန်တော်များတည်ရှိနေကြောင်းကို ယုံကြည်ရန် ညွှန်ကြားခဲ့၏။ ဤအချက်သည် အစ္စလာမ်၏ ဒုတိယယုံကြည်ချက်ပင်ဖြစ်ပြီး၊ အလွန်အရေးပါလှ၏။ ဤယုံကြည်ချက်က တောင်ဟိဒ်ဟူသော ခံယူချက်၌ ထင်ဟပ်လာနိုင်သော အစွန်းအထင်းမှန်သမျှကို လွတ်ကင်းချွတ်သော စေနိုင်၏။

ထို့အပြင် တောင်ဟိဒ်၏ သန့်စင်မှုနှင့် ရိုးရှင်းမှုကို ပြုလုပ်ပေးပြီး ရှုစ်ရိုက် (ဘုရားအများ ကိုးကွယ်သောဝါဒ) ၏ အရိပ်အယောင် ထင်ဟပ်လာနိုင်သည့် အန္တရာယ်ဟူသမျှကို ကာကွယ်လွတ်ကင်းစေနိုင်၏။

ဘုရားအဆူဆူ ကိုးကွယ်သူ (POLYTHEIST) တစ်ဦးအနေဖြင့် ထာဝရအရှင်နှင့် ယှဉ်တွဲပြီး နှစ်မျိုးနှစ်စားသော အဖန်ဆင်းခံများကို ကိုးကွယ်ဆည်းကပ်ခြင်း ပြုလေ့ရှိ၏။

(က) ပထမအမျိုးအစားမှာ ရုပ်ဝတ္ထုအကောင်အထည်ရှိပြီး လူတို့၏ မျက်စေ့ဖြင့် မြင်တွေ့သိရှိနိုင်သော နေ၊ လ၊ ကြယ်၊ နက္ခတ်တာရာများ၊ မီး၊ ရေ၊ လေ၊ အဟိတ်တိရစ္ဆာန်များနှင့် ကြီးကျယ်သော ပုဂ္ဂိုလ်ကြီးများ။ မဟာလူသားများ ဖြစ်၏။

(ခ) ဒုတိယအမျိုးအစားမှာ ရုပ်အကောင်အထည်လည်း မရှိ၊ လူသား၏ အမြင်အာရုံ၌လည်း တွေ့မြင်နိုင်စွမ်းမရှိသည့် စကြဝဠာကြီး၏ အုပ်ချုပ်စီမံမှုတွင် ပါဝင်တာဝန်ထမ်းဆောင်လျက်ရှိသည်ဟု ယုံကြည်ရသည့် လေနတ်သား၊ နေနတ်သား၊ မိုးနတ်သား စသည့် စသည်တို့ပင် ဖြစ်၏။

အထက်တွင် ဆိုခဲ့သည့် ပထမအမျိုးအစား နတ်ဘုရားများမှာ အကောင်အထည်ရှိ၏။ လူ၏မျက်စေ့ရှေ့မှောက်၌ မျက်မြင်ရှိနေ၏။ ယင်းတို့ကို ကိုးကွယ်ခြင်း၏ မှားယွင်းမှုသည် ကလေမာ ''လာအီလာဟ အီလ်လလ္လာဟ်'' ၌ အပြည့်အဝတည်နေ၏။

ဤအချက်ကပင် ယင်းအရာများကို ရှိသေလေးမြတ်သမှုနှင့် ကိုးကွယ်ရာများ၌ ပါဝင်ပြီ။ ဖော်ပသထိုက်သည်ဟု ယူဆနေခြင်းသည် လုံးဝမှားယွင်းကြောင်းကို အခိုင် သက်သေထူလျက် ရှိနေပေသည်။

ဒုတိယအမျိုးအစားမှာမူ ရုပ်အကောင်အထည်လည်း မရှိပေ။ လူ၏မျက်စေ့ဖြင့်လည်း မမြင်တွေ့နိုင်သည့်အပြင် လျှို့ဝှက်ဆန်းကြယ်သော အရာများဖြစ်၏။ ဘုရားအများဝါဒီတို့သည် ဤအရာများဘက်သို့ ယုံကြည်မှု ပိုမိုယိမ်းယိုင်လျက် ရှိနေ၏။ ၎င်းတို့က ထိုအရာများအား ဘုရားအငယ်စားများ၊ နတ်များနှင့် ထာဝရအရှင်၏ သားတော်သမီးတော်များအဖြစ် တွေးထင်ထားကြ၏။

ယင်းအရာများ၏ ရုပ်ပုံကိုထွင်းထုပြီး ဆုလာဘ်သဘော တောင်းခံကြ၏။ ပူဇော်ပသမှု ပြုကြ၏။ အရှင်တစ်ဆူဝါဒအပေါ် ယုံကြည်မှုကို သန့်စင်စေရန်နှင့် ဤယုံကြည်ချက်၌ ဒုတိယအမျိုးအစားဖြစ်သည့် မမြင်နိုင်သော ဖန်ဆင်းခံများနှင့် အရောရောအနှော အနှော ဖြစ်ခြင်းမှ ကင်းရှင်းရန် ဤသို့ ကောင်းကင်တမန်တော်များအပေါ် ယုံကြည်ချက်၏ အဓိပ္ပာယ်ကို ရှင်းလင်းအောင် ဖော်ပြပေးခဲ့ရခြင်းဖြစ်ပါသည်။

တမန်တော်မြတ် မုဟမ္မဒ် (ﷺ) က လူသားတို့အနေဖြင့် နတ်ဘုရားများနှင့် ထာဝရအရှင်၏ သားတော်သမီးတော်များဟု ယုံကြည်ထားသည့် ဤဒုတိယအမျိုးအစားမျက်စေ့ဖြင့် မြင်တွေ့နိုင်စွမ်းမရှိသည့် ဝိညာဉ်ရှင်များမှာ ကောင်းကင်တမန်တော်များသာ ဖြစ်သည်ဟု ကျွန်ုပ်တို့အား ညွှန်ကြားပြသပေးခဲ့၏။

ယင်းတမန်တော်များတွင် ထာဝရအရှင်ကဲ့သို့ ကိုးကွယ်ခြင်းခံထိုက်သည့် လက္ခဏာတစ်စုံတစ်ရာမျှ မရှိပေ။ ယင်းတို့သည် ဖန်ဆင်းရှင်၏ အမိန့်တော်အောက်တွင် တည်နေရပြီး ယင်းအမိန့်များကို တစ်သဝေမတိမ်း လိုက်နာလျက် ရှိကြကုန်၏။ ယင်းကောင်းကင်တမန်များသည် ထာဝရအရှင်၏ အမိန့်ပညတ်ချက်များမှ လုံးဝ သွေဖီနိုင်စွမ်းမရှိပေ။

တစ်လက်၏ တစ်ထောင်ပုံတစ်ပုံ၊ တစ်သောင်းပုံတစ်ပုံသော်မျှ ဖီဆန်ခြင်းမပြုနိုင်ပေ။ အလ္လာဟ်အရှင်သည် ယင်းတို့ကို ထိုအရှင်၏ နိုင်ငံတော်ကြီးကို အုပ်ချုပ်စီမံရန် တာဝန်အသီးသီးချပေးထားရာ ယင်းအမိန့်များကို အတိအကျ အမှန်အကန် လိုက်နာလျက်ရှိနေကြရ၏။ သူတို့တွင် မိမိအစွမ်းအစဖြင့် မည်သည်ကိုမျှ ပြုလုပ်နိုင်စွမ်း မရှိပေ။

ယင်းတို့ကို ကိုးကွယ်ခြင်းနှင့် ယင်းတို့ထံမှ အကူအညီ တောင်းခံခြင်းသည် လူသား၏ အဆင့်အတန်းကို နိမ့်ကျစေပြီး သိမ်ဖျင်းယုတ်ညံ့ရာသို့ ရောက်သွားစေ၏။ အကြောင်းမူကား လူသားအား ဖန်ဆင်းခဲ့သည့် ပထမဆုံးနေ့ကတည်းကပင် ယင်းတို့ကို ပထမဆုံး လူသားအာဒမ်၏ ရှေ့မှောက်၌ ဦးညွတ်ခယမူကို ပြုစေခဲ့၏။ လူသားအာဒမ်ကို ပိုမို ချီးမြှင့်မွှောက်စားခဲ့၏။ ကမ္ဘာမြေပြင်၌ အလ္လာဟ်အရှင်၏ ကိုယ်စားလှယ်အဖြစ်နှင့် စေလွှတ်ခဲ့၏။[၁]

---

၁။ (ကြည့် – ကုရ်အာန် ၂ : ၄ နှင့် ၇ : ၁၁)

တမန်တော်မြတ် မုဟမ္မဒ် (ﷺ) သည် ယင်းတို့အား ခဝပ်ကိုးကွယ်ခြင်းကို တားမြစ်ခဲ့၏။ အလ္လာဟ်အရှင်နှင့် ယှဉ်တွဲပြီး ကိုးကွယ်ရာများအဖြစ် မှတ်ယူခြင်းကို ပိတ်ပင်ခဲ့၏။ သို့သော် တစ်ဆက်တည်းမှာပင် ဖန်ဆင်းခံများအနက် ယင်းတို့မှာ လက်ရွေးစင်များဖြစ်ကြောင်း၊ အပြစ်ဒုစရိုက်အပေါင်းနှင့် ကင်းစင်မှုရှိနေကြောင်း၊ ယင်းတို့တွင် ထာဝရအရှင်အား ဖီဆန်နိုင်သော သဘာဝမရှိကြောင်းနှင့် အလ္လာဟ်ရှင်၏ အမိန့်အတိုင်း ထာဝစဉ် တာဝန်ထမ်းဆောင်လျက် ရှိနေပုံတို့ကို ညွှန်ကြားခဲ့၏။

ဤတွင်မက ထိုကောင်းကင်တမန်များသည် ကျွန်ုပ်တို့၏ ပတ်ဝန်းကျင်၌ အဖက်ဖက်မှရှိနေမကြောင်း၊ ကျွန်ုပ်တို့နှင့် တပူးတွဲတွဲရှိနေပြီး ကျွန်ုပ်တို့၏ အစုအဝေး၌ အမြဲရှိနေကြောင်းကို ပြောကြားခဲ့၏။ ကောင်းမှု၊ မကောင်းမှုနှင့် ပတ်သက်ပြီး လူသားတို့ လုပ်ဆောင်သမျှကို စောင့်ကြည့်ထိန်းသိမ်းနေကြ၏။

သေဆုံးကွယ်လွန်ပြီးနောက် ထာဝရှင်၏ ရေ့တော်မှောက်သို့ ပို့ဆောင်သော အခါ၌ ကမ္ဘာမြေပြင်အပေါ်၌ လူသားတို့ပြုခဲ့သမျှ ဘဝမှတ်တမ်းအပြည့်အစုံကို ယင်းကောင်းကင်တမန်များက တင်ပြကြမည်ဖြစ်၏။

ဤမှတ်တမ်း၌ လူတို့ပြုခဲ့သမျှ တစ်ခုမကျန် မှတ်တမ်းတင်ထား၏။ အနည်းငယ်သော ကွဲလွဲချက်ကိုပင် တွေ့ရှိနိုင်မည်မဟုတ်ပေ။ ဤမျှတိကျမှန်ကန်မှု ရှိ၏။ အသေးအဖွဲ့ကိစ္စနှင့် အသေအချာ ဂရုတစိုက် ထိန်ချန်လျှို့ဝှက်ထားသည့် ကိစ္စမျိုးပါမကျန် ဤမှတ်တမ်း၌ အလုံးစုံ အပြည့်အစုံ ပါရှိ၏။

ကျွန်ုပ်တို့အား ကောင်းကင်တမန်များ၏ သဘာဝအစစ်အမှန်က ဘာဆိုသည်ကိုမူ ပြောကြားခဲ့ခြင်း မရှိပေ။ အချို့အဝက်သော ကောင်းမြတ်သော လက္ခဏာရပ်များနှင့် ဂုဏ်အင်များကိုသာ ပြောကြားသွားခဲ့၏။ သို့ရာတွင် ကောင်းကင်တမန်များ ရှိကြောင်းကို ယုံကြည်ရမည်ဟုကား မိန့်မှာသွားခဲ့၏။ ယင်းတို့၏ သဘာဝ၊ ယင်းတို့၏ ဂုဏ်အင်လက္ခဏာများနှင့် အရည်အချင်းများကို ဤထက် ပိုမိုသိနိုင်စရာ အကြောင်းမရှိပေ။

ထို့ကြောင့် လူသားအနေဖြင့် မိမိတို့ဒူဗ်းအစဖြင့် ယင်းတို့၏ ဘဝဂုဏ်အင်လက္ခဏာအသွင်သဏ္ဌာန်နှင့် အရည်အချင်းတို့ကို သတ်မှတ်ကြည့်နေကြခြင်းသည်ကား မိုက်မဲသော အပြုအမူသက်သက်သာ ဖြစ်သွားချေမည်။ ဘာပဲဖြစ်ဖြစ် ကျွန်ုပ်တို့အား ညွှန်ကြားထားချက်အတိုင်း ယင်းတို့ကို အတိအကျ ယုံကြည်သွားရမည်ပင် ဖြစ်သတည်း။

ယင်းတို့ ရှိနေကြောင်းကို ငြင်းပယ်ခြင်းသည် ကုဖရ်အပြုအမူတစ်ရပ်သာ ဖြစ်၏။ အကြောင်းမူ ပထမအချက်အနေဖြင့် ဤသို့ ငြင်းပယ်ရန် နိုင်လုံသော အကြောင်းပြချက် မရှိချေ။ ဒုတိယအချက်မှာ ယင်းကောင်းကင်တမန်များကို ငြင်းပယ်လက်မခံခြင်းသည် တမန်တော်မြတ်မုဟမ္မဒ် (ﷺ) အား မမှန်မကန်သူဟု ပြောဆိုသောအဖြစ်နှင့် ထပ်တူထပ်မျှ ကိုက်ညီသွားနိုင်ခြင်းကြောင့်ပင် ဖြစ်၏။

ကျွန်ုပ်တို့အနေဖြင့် ကောင်းကင်တမန်များ ရှိကြောင်းကို ယုံကြည်ရခြင်းမှာ အလ္လာဟ်ရှင်၏ စစ်မှန်သော တမန်တော်မြတ်ကြီး၏ ညွှန်ကြားချက်ကြောင့်သာဖြစ်၏။

## ၃။ အလွှာဟ်ရှင်၏ ကျမ်းစာများကို ယုံကြည်ခြင်း

တမင်တော်မြတ် မိန့်ဆိုခဲ့သည့် တတိယယုံကြည်ချက်မှာ အလွှာဟ်ရှင်၏ ကျမ်းစာများအပေါ် ယုံကြည်ခြင်းပင် ဖြစ်၏။ ထာဝရရှင်မှ တမန်တော်များမှတစ်ဆင့် တစ်ခေတ်ပြီးတစ်ခေတ် ခေတ်အဆက်ဆက် လူသားတို့ထံ ပို့ချပေးခဲ့သည့် ကျမ်းစာများကို ယုံကြည်မှုပင် ဖြစ်ပါသည်။

တမန်တော်မြတ် မုဟမ္မဒ် (ﷺ) မတိုင်ခင်ကတည်းက တမန်တော် အများအပြားထံ ထာဝရအရှင်သည်, မိမိ၏ကျမ်းစာများကို ပို့ချပေးခဲ့၏။ ယင်းကျမ်းစာများကို တမန်တော်မြတ်ထံ ကျမ်းမြတ်ကုရ်အာန်ကို ပို့ချပေးခဲ့သည့် နည်းလမ်းအတိုင်း ပို့ချပေးခဲ့ခြင်းပင် ဖြစ်သည်။

ယင်းကျမ်းစာများအနက် အမည်နှင့်တကွ အတိအကျ သိရသည့် ကျမ်းစာများမှာ အီဗရာဟင် တမန်တော်၏ ကျမ်းစာများ၊ မူစာနဗီ၏ တောင်ရတ်ကျမ်း၊ ဒါဝူဒ်နဗီ၏ ဇဗူးရ်ခေါ် ဆာလံကျမ်းနှင့် အီစာနဗီ၏ အင်ဂျီလ်ကျမ်းများပင် ဖြစ်၏။ အခြားတမန်တော်များထံ ပို့ချပေးခဲ့သည့် ကျမ်းစာများ၏ အမည်ကိုမူ ပြောကြားခဲ့ခြင်းမရှိပေ။

ထို့ကြောင့် အခြားလက်ရှိတည်မြဲနေသည့် ကျမ်းစားများမှာ မူရင်းကောင်းကင်ကျကျမ်းတော်များ ဟုတ်မဟုတ်ကို အခိုင်အမာ ပြောနိုင်သော အနေအထားမရှိပေ။

သို့ရာတွင် ထာဝရရှင်ထံမှ ပို့ချပေးခဲ့သည့် ကျမ်းစာမှန်သမျှသည် အားလုံး အမှန်အကန်ဖြစ်သည်ဟု ယုံကြည်ရပေမည်။

ဆိုခဲ့ပြီးသော ကျမ်းဂန်များအနက် တမန်တော် အီဗရာဟင်မိ၏ ကျမ်းစာများမှာ ပျောက်ကွယ်ပျက်သုဉ်းသွားပြီဖြစ်၏။ ကမ္ဘာ့စာပေစင်မြင့်၌ လုံးဝခြေရာကောက်၍ မရတော့ပေ။ ဒါဝူဒ်တမန်တော်၏ ဇဗူးရ် (ဆာလံကျမ်း) တောင်ရတ်ကျမ်းနှင့် အင်ဂျီးလ် ကျမ်းတို့မှာ ဂျူးအမျိုးသားများနှင့် ခရစ်ယာန်များအကြားတွင် (သမ္မာကျမ်းစာအသွင်နှင့်) ရှိနေသေး၏။

သို့ရာတွင် ကျမ်းမြတ်ကုရ်အာန်၏ ပြောကြားချက်အရ ဤကျမ်းစာများကို လူသားတို့က အပြောင်းအလဲ အမျိုးမျိုးလုပ်ပြီး မိမိတို့စိတ်ကြိုက် ဖြည့်စွက်ခြင်း၊ နှုတ်ပယ်ခြင်း ပြုခဲ့ကြသည်ဟု သိရ၏။ ထို့ကြောင့် ဤကျမ်းစာများတွင် ထာဝရအရှင်၏ ဗျာဒိတ်တော်များနှင့် လူသားတို့၏ အယူအဆအကြံအစည်များ ရောနှောပါဝင်လျက် ရှိနေ၏။

ကျမ်စာများအား ဤကဲ့သို့ ပျက်စီးအောင်၊ ညစ်ညမ်းအောင် ပြုခြင်း၊ လုပ်ရပ်များမှာ များစွာပင် ကျယ်ပြန့်နေပြီး လွန်စွာမှပင် ထင်ရှားလှပေရာ ယင်းကျမ်းစာများကို လက်ဝယ် ပိုင်ဆိုင်ထားသော အမျိုးသားများ (နဆွရာနီများနှင့် ခရစ်ယာန်များ) ကိုယ်တိုင်က မိမိတို့သည် မူရင်းကျမ်းဂန်များ ပိုင်ဆိုင်ထားနိုင်စွမ်း မရှိခဲ့ပုံကို အတိအလင်း ထုတ်ဖော်ဝန်ခံခဲ့ကြ၏။

မိမိတို့၏ ပြန်ဆိုချက်များတွင် ရာစုနှစ်ပေါင်းများစွာကတည်းက ပြုပြင်ပြောင်းလဲမှုအမျိုးမျိုးကို ဖြည့်စွက်နှုတ်ပယ်မှု ပြုလာခဲ့သည်မှာ ယနေ့အထိပင် ဖြစ်၏။

ဤကျမ်းစာကို လေ့လာခြင်းဖြင့်ပင် ယင်းကျမ်းစာပါ စာပိုဒ်များနှင့် အချက်အလက်များမှာ ထာဝရရှင်အထံမှ မဟုတ်ကြောင်းကို အထင်အရှား သိနိုင်၏။ ဤကျမ်းစာများ၌ ဖန်ဆင်းရှင်၏ ဗျာဒိတ်တော်နှင့် လူသားတို့၏ စကားများ ရောနှောလျက်ရှိနေပေရာ မည်သည်က ဗျာဒိတ်တော်အစစ်ဖြစ်ပြီး မည်သည်က လူသား၏ အာဘော်ဖြစ်သည်ကို ပင် ခွဲခြားသိနိုင်စွမ်း မရှိတော့ပေ။

ကျွန်ုပ်တို့အား ရှေးကထုတ်ပြန်ပို့ချပေးခဲ့သော ကျမ်းစာများကို ယုံကြည်ရန် ပညတ်ခဲ့ရခြင်းမှာ ကျမ်းမြတ်ကုရ်အာန် မပို့ချမီအလျင်ကတည်းက အလ္လာဟ်ရှင်သည် တမန်တော်များထံ ကျမ်းဂန်များကို ပို့ချပေးခဲ့ကြောင်း၊ ယင်းကျမ်းဂန်အားလုံးပင် ကျမ်းမြတ်ကုရ်အာန်ကို ပို့ချပေးသည့် အရှင်ဖြစ်သည့် တစ်ဆူတည်းသော အရှင်ထံမှ ကျရောက်လာခြင်းဖြစ်ကြောင်းနှင့် ကျမ်းမြတ်ကုရ်အာန်အား ကောင်းကင်ကျကျမ်းတစ်ဆူအနေဖြင့် ပို့ချပေးခဲ့ခြင်းမှာ အသစ်အဆန်းဖြစ်ရပ်တစ်ခု မဟုတ်ကြောင်းကို ဝန်ခံနိုင်သော အသိကို ပေါ်စေရန်အတွက်ပင် ဖြစ်ပါသည်။

သို့ရာတွင် ထိုကဲ့သို့ ခိုင်မာတိကျပြည့်စုံသော ကျမ်းစာများကို လူသားတို့က တစ်စစီဖြစ်အောင် ပြုခဲ့ကြ၏။ ရှေးအထက်ကျော်ကာလကတည်းက ဖျောက်ဖျက်ဆုံးရှုံးလက်လွှတ်ခဲ့ကြရ၏။

ကျမ်းမြတ်ကုရ်အာန်သည် အလ္လာဟ်ရှင် ပို့ချခဲ့သည့် ကောင်းကင်ကျကျမ်းဂန်များအနက် နောက်ဆုံးကျမ်းဂန်ပင် ဖြစ်၏။ ဤကျမ်းစာနှင့် ရှေးယခင်ကျမ်းစာများတွင် သိသိသာသာ ခြားနားချက်များ ရှိနေ၏။ ဤခြားနားချက်များကို အောက်တွင် အကျဉ်းချုံးဖော်ပြထားပေသည်။

(၁) ရှေးယခင်ကျမ်းစာများမှာ မူရင်းပျောက်ကွယ်သွားပြီး ဖြစ်၏။ မူလကျမ်းမြတ်ကို ပြန်ဆိုထားချက်သာရှိ၏။ ကျမ်းမြတ်ကုရ်အာန်သည် အလ္လာဟ်ရှင်မှ တမန်တော်မြတ်ထံ ပို့ချပေးခဲ့စဉ်အတိုင်းက တစ်လုံးမလွဲ ရှိနေ၏။ ဝတ်ဆံတစ်လုံးသော်မျှ ကွဲလွဲမှုမရှိပေ။ ယင်းကျမ်းမြတ်ကုရ်အာန်ကို မူရင်းအတိုင်း ယနေ့အထိ ရရှိနိုင်၏။ အလ္လာဟ်ရှင်၏ ဗျာဒိတ်တော်များကို မူရင်းအတိုင်း ရှေးလာမည့် ခေတ်အဆက်ဆက်အတွက် ကောင်းစွာ ထိန်းသိမ်းကာကွယ် စောင့်ရှောက်ထား၏။

(၂) ရှေးယခင် ကျမ်းစာများတွင် လူသား၏ အာဘော်နှင့် ထာဝရအရှင်၏ နှုတ်ကပါတ်တော်များ ရောပြွန်းပါရှိနေ၏။ သို့ရာတွင် ကျမ်းမြတ်ကုရ်အာန်၌ ထာဝရရှင်၏ နှုတ်ကပါတ်တော်များကို မူအခြေအနေအတိုင်း သန့်သန့်စင်စင် တွေ့ရှိနိုင်၏။ အစွလာမ်ကို ဆန့်ကျင်ဝေဖန်သူများကပင် ဤအချက်ကို အတိအလင်း ဝန်ခံခဲ့ကြ၏။

(၃) ရှေးယခင် ကျမ်းစာများမှာ လူမျိုးအသီးသီးနှင့် ပိုင်ဆိုင်ပတ်သက်ခြင်းမရှိပေ။ တူညီသော တမန်တော်တစ်ပါးပါးနှင့်သာ သက်ဆိုင်မှုရှိနေသည်ဟု ခိုင်လုံသော သမိုင်းအထောက်အထားအရ အထင်အရှားပြောနိုင်ပေသည်။ အချို့သော ကျမ်းစာများမှာ မည်သည့်ခေတ်က မည်သည့်တမန်တော်ထံ ပို့ချပေးခဲ့ကြောင်းကိုပင် မသိနိုင်တော့ချေ။

ကျမ်းမြတ်ကုရ်အာန်ကို တမန်တော်မုဟမ္မဒ် (ﷺ) ထံ ပို့ချပေးခဲ့ခြင်းမှာ လုံးဝခိုင်မာထင်ရှား စနစ်ကျမှုကြောင့် အစွလာမ်ကို အပြင်းအထန် ဝေဖန်သူများကပင် ဤ

အချက်ကို အနည်းငယ်မျှ သံသယမဖြစ်ခဲ့ကြပေ။ ဤအထောက်အထားမှာ ကျယ်ပြန့်နိုင်မာပြီး အသေးစိတ်မှတ် တမ်းတင်ထားချက်များ ပါရှိခဲ့ပေရာ ကျမ်းပြတ်ကုရ်အာန်ပါ အာယသ်တော်များနှင့် စူရာဟ်အများအပြားကို မည်သည့်အချိန် မည်သည့်ဌာနများ၌ မည်သည့် အကြောင်းအရာကို မူတည်ပြီး ကျရောက်လာခြင်း ဖြစ်သည်ကိုပင် အသေအချာသိနိုင်၏။

(၄) ရှေးကျမ်းစာများ ပို့ချပေးခဲ့သည့် ဘာသာစကားများမှာ ကာလကြာရှည်စွာကတည်းက ပျောက်ပျက်တိမ်ကောသွားပြီဖြစ်၏။ ယခုမျက်မှောက်ခေတ်၌ မည်သည့်လူမျိုးကမှ ယင်းစကားကို ပြောဆိုသုံးစွဲကြခြင်း မရှိကြတော့ပေ။ ယင်းဘာသာစကားကို တတ်ကျွမ်းနားလည်သူဟူ၍ အနည်းငယ်မျှသာရှိ၏။ ဤနည်းဖြင့် ယနေ့အထိ အထင်အရှား မပြောင်းမလဲ မူရင်းအတိုင်း ရှိနေလျှင်ပင် ယခုခေတ် လူသားတို့အဖို့ ယင်းကျမ်းစာပါ ပညတ်ချက် အဆိုအမိန့်များကို အကျအန နားလည်ရန်နှင့် လက်တွေ့ကျင့်ကြသွားရန်မှာ မဖြစ်နိုင်တော့ပေ။

ကျမ်းပြတ်ကုရ်အာန်၏ ဘာသာစကားမှာ ရှင်သန်နေသော ဘာသာစကားတစ်ရပ်ဖြစ်ပြီး သန်းပေါင်းများစွာသော လူသားများ လက်ရှိသုံးစွဲ ပြောဆိုနေသော ဘာသာစကားလည်း ဖြစ်၏။ တစ်နေ့ထက်တစ်နေ့ ယင်းဘာသာစကားကို နားလည်တတ်ကျွမ်းလာသူ သန်းနှင့်ချီ၍ ရှိနေ၏။ ယင်းဘာသာစကားကို ကမ္ဘာ့တက္ကသိုလ် ကောလိပ်အားလုံးလိုလိုတွင် ပို့ချသင်ကြားပေးလျက်ရှိ၏။ လူတိုင်း အလွယ်တကူ သင်ကြားနိုင်၏။ မိမိကိုယ်တိုင် သင်ကြားရန် အချိန်မရပါက တတ်ကျွမ်းသူကို အလွယ်တကူ ရှာဖွေတွေ့နိုင်ပြီး ကျမ်းပြတ်ကုရ်အာန်၏ အနက်အဓိပ္ပာယ်ကို ရှင်းလင်းပြသခိုင်းနိုင်၏။

(၅) ကမ္ဘာ့လူမျိုးအသီးသီးကြား၌ တည်ရှိနေသည့် ကောင်းကင်ကျ ကျမ်းဂန်များအနက် ကျမ်းဂန်တိုင်းသည် လူမျိုးတစ်မျိုးအတွက် သီးသန့်ရည်ရွယ်ပို့ချပေးခဲ့ခြင်းဖြစ်၏။ ကျမ်းစာတိုင်း၌ သဝိုင်းတစ်ရပ် ခေတ်ကာလတစ်ခုအတွက် သီးသန့်ရည်ရွယ်ပို့ချထားသည့် ပညတ်ချက်များစွာ ပါရှိနေ၏။ ထိုခေတ်ထိုအခါနှင့် ကိုက်ညီသော လိုအပ်ချက်များဖြင့်သာ ပြည့်နှက်နေ၏။

ယင်းအချက်အလက်များမှာ ယနေ့ခေတ်အဖို့ လိုအပ်မှုမရှိတော့ပေ။ လက်တွေ့ကျင့်ဆောင်ရန် ချော့ချာမောမော မှန်မှန်ကန်ကန် သင့်လျော်စွာ ဆောင်ရွက်နိုင်တော့မည်မဟုတ်ပေ။ ဤအချက်ကပင် ထိုကျမ်းစာများသည် သီးသန့်လူမျိုးတစ်မျိုးစီထံ ပို့ချခဲ့သည်ဖြစ်ခြင်းကြောင့် မည်သည့်ကျမ်းစာမျှ တစ်ကမ္ဘာလုံးအတွက် ရည်ရွယ်ထားခြင်း မရှိဟုံကို အထောက်အထားခိုင်လုံစွာ ပြသလျက်ရှိနေပေသည်။ ဤတွင်မက ယင်းကျမ်းစာများကို လက်ခံထားသူများအတွက်ပင်လျှင် ထာဝရလက်ကိုင်ထားရန် ပို့ချခဲ့ခြင်းမဟုတ်ပေ။

တိကျသော အချိန်ကာလ အပိုင်းအခြားတစ်ရင်းအထိသာ ရည်ရွယ်ပြီး ခေတ္တ ပို့ချပေးခဲ့ခြင်းဖြစ်၏။ ကျမ်းတော်မြတ် ကုရ်အာန်မူကား ဤသို့မဟုတ်ပေ။ လူသားထု တစ်ရပ်လုံး (ဝါ) လူသားအားလုံးအတွက် ပို့ချပေးခဲ့ခြင်းဖြစ်၏။ ကျမ်းပြတ်ကုရ်အာန်ပါ ပညတ်ချက်ကလေး တစ်ခုတလေကိုပင်လျှင် လူမျိုးတစ်မျိုးအတွက် သီးသန့်ရည်ရွယ်ပြီး ပို့ချပေးခဲ့သည်ဟု အထောက်အထားမပြနိုင်ပေ။

အလားတူ ကျမ်းမြတ်ကုရ်အာန်ပါ အဆိုအမိန့် ပညတ်ချက်အားလုံးသည်ပင် နေရာဌာနတိုင်းနှင့် ခေတ်ကာလတိုင်း၌ လူတိုင်းအတွက် လိုက်လျောညီထွေရှိနေ၏။ အပြည့်အဝ လက်ခံကျင့်သုံးနိုင်၏။ ဤအချက်အလက်ကပင် ကျမ်းမြတ်ကုရ်အာန်သည် တစ်ကမ္ဘာလုံးအတွက် ရည်စူးပို့ချခြင်းဖြစ်ကြောင်းနှင့် လူ့ဘဝအတွက် ထာဝရတည်တံ့နေမည့် လက်စွဲတော် ဥပဒေသကြီးဖြစ်ကြောင်းကို သက်သေထူပေးလျက်ရှိ၏။

(၆) ရှေးဟောင်းကောင်းကင်ကျ ကျမ်းဂန်များ၌လည်း ကောင်းမြတ်သော အကျင့်သီလရေးရာ အဆိုအမိန့်များ ပါရှိနေသည်မှာ လုံးဝငြင်းမရနိုင်သော အချက်ပင် ဖြစ်၏။ ယင်းကျမ်းစာများသည်လည်း ထာဝရအရှင် အလိုကျအောင် မည်သို့မည်ပုံဝ ဘဝ၌ ကျင့်ကြံနေထိုင်သွားမည်ဆိုသော အချက်များ၊ စာရိတ္တပိုင်းဆိုင်ရာ စည်းမျဉ်းများနှင့် ဖြောင့်မတ်မှုများကို သင်ကြားပို့ချပေးပါသည်ဆိုခြင်းကို လက်မခံနိုင်စရာ မရှိပေ။

သို့သော် ကုရ်အာန်မှအပ မည်သည့်ကျမ်းဂန်ကမျှ ကောင်းမြတ်သော အကျင့်သီလကို ရှိစေသည့်ဘဝကို တည်ဆောက်နိုင်ရန် လိုအပ်ချက်ဟူသရွေ့ကို အလုံအလောက် အပြည့်အဝ ပို့ချပေးနိုင်စွမ်းကား မရှိတော့ပေ။ အဝိုအလိုမရှိ လမ်းညွှန်ပေးနိုင်စွမ်းကား မရှိတော့ပေ။ အချို့ကျမ်းဂန်များမှာ အကြောင်းအရာတစ်ရပ်ရပ်၌ ပိုမိုသာလွန်ကောင်းမွန်နေပြီး အချို့အချက်အလက်များ၌မူ တစ်ခြားကျမ်းဂန်က သာလွန်နေတတ်ပေသည်။

ကုရ်အာန်ကျမ်းမြတ်သည်သာလျှင် ယင်းကျမ်းဂန်များ၌ ပါရှိခဲ့သည့် ကောင်းမြတ်သော လက္ခဏာရပ်အလုံးစုံနှင့် ပြည့်ဝနေသည့် အလွှာဟ်အရှင်မြတ် နှစ်မြို့သည့် လမ်းစဉ်ကို အပြည့်အဝ အကောင်အထည်ဖော်ပေးနိုင်သည့် ကမ္ဘာ့လူသားများအဖို့ လိုအပ်နေသမျှသော ဘဝလမ်းညွှန် လူနေမှု၊ ဥပဒေသနည်းစနစ်များ အပြည့်အဝပါရှိနေသည့် တစ်ဆူတည်းသော တုဘက်ကင်းသည့် ကျမ်းမြတ်ဖြစ်၏။

(၇) လူသားတို့၏ ပယောဂ စွက်ဖက်မှုနှင့် ဖြည့်စွက် ထည့်သွင်းမှုများကြောင့် ရှေးယခင်ကျမ်းဂန်များ၌ အမှန်တရားနှင့် ဆန့်ကျင်သော အချက်အလက်များ ဆင်ခြင်တုံတရားက လက်မခံနိုင်သည့် အချက်များနှင့် တရားမျှတမှုတို့ ပိတ်ပင်တားဆီးထားသည့် အချက်အလက်များစွာပင် ပါရှိနေ၏။ လူ၏ ယုံကြည်ချက်နှင့် အပြုအမူကို ချွတ်ယွင်းပျက်ပြားစေနိုင်ပြီး ကြမ်းကြုတ်ရက်စက်ရာကျသော မှန်ကန်တရားမျှတမှုကင်းမဲ့ရာကျသော ကိစ္စရပ်များစွာ ပါရှိနေ၏။

ထိုထက် ပိုဆိုးသည်မှာ ညစ်ညမ်းယုတ်မာမှုများ၊ မလျော်ကန်သည့် ကိစ္စများနှင့် စာရိတ္တပျက်ပြားမှုတို့ကို အားပေးအားမြှောက်ပြုသည့် အချက်အလက်များ အတော်ပင် ပါရှိနေခြင်းပင် ဖြစ်၏။

ကျမ်းမြတ်ကုရ်အာန်ကမူ ဤသို့သော အပြစ်အနာဆာ အပျက်သရိုက်များနှင့် လုံးဝကင်းစင်၏။ ကျိုးကြောင်း ဆင်ခြင်တုံတရားဖြင့် လက်မခံနိုင်သည့် အချက်အလက် လုံးဝမရှိပေ။ မှားယွင်းသည်ဟု အထောက်အထားပြနိုင်သည့် ကိစ္စရပ်များလည်း မပါရှိချေ။ ပညတ်ချက် ညွှန်ကြားချက်တွင်မှ မမှန်ကန်ခြင်းကို မတွေ့ရှိရပေ။

လမ်းမှားသို့ ညွှန်ပြခြင်းလည်း မရှိချေ။ မလျော်ကန်သော အရာနှင့် စာရိတ္တပျက်ပြားမှုကို ဦးတည်ပေးသော အချက်အလက်တစ်စုံတစ်ရာကိုမျှ အစရှာမရနိုင်ပေ။

ကျမ်းမြတ်ကုရ်အာန်တစ်အုပ်လုံး အစမှသည်အဆုံးထိတိုင် အမှန်တရားများနှင့် အသိတရား များဖြင့်သာ ပြည့်နှက်လျက်ရှိနေပေသည်။ ယင်းတွင် အကောင်းဆုံးသော အတွေးအခေါ် ဒဿနိကဗေဒဆိုင်ရာများနှင့် လူ့ယဉ်ကျေးမှု အဆောက်အအုံအတွက် လက်ရွေးစင် ဥပဒေသများ ပါရှိနေ၏။

ယင်းကျမ်းမြတ်သည် ဖြောင့်မတ်မှန်ကန်သော လမ်းစဉ်ကို ညွှန်ပြပြီး လူသား အား အောင်မြင်မှုနှင့် ကယ်တင်ခြင်းသို့ ဦးဆောင်သယ်ပို့ပေး၏။

ကျမ်းမြတ်ကုရ်ဒ၊ဟန်၏ ကောင်းမြတ်ထူးခြားသော လက္ခဏာရပ်များကြောင့် ကမ္ဘာပေါ်ရှိ လူသားအားလုံးအား ဤကျမ်းမြတ်အပေါ် ယုံကြည်မှုရှိကြရန် အခြားကျမ်းဂန် များကို စွန့်လွှတ်ကြရန်နှင့် ဤကျမ်းတစ်ဆူတည်း၏ လမ်းညွှန်မှုကိုသာ လိုက်နာသွားကြ ရန်ကို ဦးတည်လမ်းကြောင်းပေးခဲ့ခြင်း ဖြစ်၏။

အကြောင်းမူကား ကျမ်းမြတ်ကုရ်အာန်၌ အလွှာဟ်ရှင် နှစ်မြို့တော်မူသည့် လူနေမှုလမ်းစဉ်နှင့် ပတ်သက်သည့် အဓိကအချက်များ ပါရှိနေခြင်းနှင့် ယင်းကျမ်းမြတ်၏ နောက်ပိုင်း၌ အခြားအခြားသော ကောင်းကင်ကျကျမ်းများ လုံးဝကျရောက်စရာ မရှိ နိုင်ခြင်းကြောင့်တို့ပင်ဖြစ်ပါသည်။

ကျမ်းမြတ်ကုရ်အာန်နှင့် အခြားကောင်းကင်ကျကျမ်းဂန်များ၏ ခြားနားချက်ကို လေ့လာခြင်းကပင် ကုရ်အာန်အပေါ် ယုံကြည်သက်ဝင်မှုနှင့် အခြားကျမ်းဂန်များအပေါ် သက်ဝင်ယုံကြည်မှုတို့မှာ တူညီမှုမရှိပုံကို တစ်စုံတစ်ဦးအဖို့ အလွယ်တကူ သဘောပေါက် နားလည်စေနိုင်ပါသည်။

ရှေးဟောင်းကျမ်းဂန်များအပေါ် ယုံကြည်ရာ၌ ယင်းကျမ်းဂန်အားလုံးမှာ ထာဝရ အရှင်ထံမှ ဖြစ်ကြောင်း မှန်ကန်သော ကျမ်းဂန်ဖြစ်ခဲ့ဘူးကြောင်း ခေတ်အလိုက် လိုအပ်ချက် များကို ဖြည့်ဆည်းပေးရန် ပို့ချပေးခဲ့ခြင်းဖြစ်ကြောင်းနှင့် ကျမ်းမြတ်ကုရ်အာန်ကို ပို့ချပေး ခဲ့ရသည့် ရည်ရွယ်ချက်နှင့် အလားတူပင် ပို့ချပေးခဲ့ခြင်းဖြစ်ကြောင်း စသည့်အတိုင်းအတာ ဘောင်အတွင်းကသာ ယုံကြည်ကြရခြင်းဖြစ်၏။

ကျမ်းမြတ်ကုရ်အာန်အပေါ် ယုံကြည်မှုသည်ကား အတိုင်းအဆမရှိ နက်နဲ ကျယ်ပြန့်လှ၏။ ကျမ်းမြတ်အပေါ် ယုံကြည်ရာ၌ ကုရ်အာန်သည် ထာဝရအရှင်၏ မုကွပါတ်တော်များနှင့် အပြည့်အဝ သန့်သန့်စင်စင် စာလုံးတစ်လုံးမလွဲ ရှိနေပုံ၊ ယင်း ကျမ်းမြတ်သည် အပြည့်အဝ မှန်ကန်မှုရှိပုံ၊ ကျမ်းမြတ်ပါ စကားလုံးတိုင်းကို အကျအန ထိန်းသိမ်း စောင့်ရှောက်ထားမှုပျက် ရှိနေပုံ၊ ကျမ်းမြတ်၌ ပါရှိသမျှ အချက်အလက်များ မှာ ချွင်းချက်မရှိ မှန်ကန်ပုံ၊ ဤကျမ်းမြတ်ပါ မိန့်ဆိုချက်အတိုင်း ဘဝရေးကိစ္စရပ်တိုင်း၌ လက်တွေ့လိုက်နာသွားရန်မှာ လူသား၏ အဓိကတာဝန်တစ်ရပ်ဖြစ်ပုံနှင့် ကျမ်းမြတ်နှင့် ဆန့်ကျင်သမျှ ကိစ္စရပ်များကို ပယ်ချလက်မခံသင့်ပုံ စသဖြင့် ကျယ်ပြန့်သော အသိတရား။ မြင့်မားသော ခံယူချက်တို့နှင့်အတူ ယုံကြည်ခုလုံးပိုက်ထားရမည် ဖြစ်၏။

+ + + + + + + + +

## ၄။ ပွင့်လေပြီးသမျှ တမန်တော်အဆူဆူအပေါ် ယုံကြည်မှု

ပြီးခဲ့သောအခန်း၌ ထာဝရအရှင်၏ တမန်တော်များကို လူမျိုးတိုင်းတွင် ပွင့်ပေါ်စေခဲ့ကြောင်းနှင့် ယင်းတမန်တော်အားလုံးပင် တမန်တော်မြတ် မုဟမ္မဒ် (ﷺ) က ပို့ချပြန့်နှံ့စေခဲ့သည့် သာသနာတော်ဖြစ်သည့် အစွလာမ်ကိုပင် ယူဆောင်ဟောကြားခဲ့ကြခြင်းဖြစ်ကြောင်း ဆွေးနွေးတင်ပြခဲ့၏။ ဤအချက်ကြောင့် ဖန်ဆင်းရှင်၏ တမန်တော်အားလုံးမှာ တူညီသောအဆင့်၌ ရှိကြောင်းနှင့် တစ်ပါးနှင့်တစ်ပါး တန်းတူဖြစ်ကြောင်းကို သိရ၏။

တစ်စုံတစ်ဦးအနေဖြင့် ယင်းတို့အနက် တစ်ပါးကိုသာ ယုံကြည်ခဲ့မည်ဆိုလျှင် တမန်တော်အားလုံးကို မှားယွင်းကြောင်း ဆိုရာသို့ ရောက်သွား၏။ ထို့ပြင် လူတစ်ဦးအနေဖြင့် တမန်တော်များအနက် တစ်ပါးပါးကိုသာ အခိုင်အမာ ယုံကြည်ခဲ့ပါသည်ဆိုလျှင် ကျန်တမန်တော်များကိုလည်း ယုံကြည်ရန် မုချလိုအပ်၏။ ယင်းအတွက် အကြောင်းပြချက်မှာ လုံးဝရှင်းလင်းလှ၏။

ဥပမာအနေဖြင့် လူဆယ်ဦးသည် တစ်ခုတည်းသော ကြွေးကြော်သံကို ကြွေးကြော်လာသည်ဆိုပါစို့။ အသင့်အနေဖြင့် ယင်းတို့အနက် တစ်ဦးဦးကို မှန်ကန်သည်ဟု ဝန်ခံလျှင် ကျန်ကိုးဦးကိုပါ မှန်ကန်သည်ဟု ဓမ္မဗိဒ္ဓာန်ကျကျ ဝန်ခံရတော့မည်သာဖြစ်သည်။ အသင့်အနေဖြင့် တစ်ယောက်ယောက်သည် လိမ်လည်သည်ဟု ယုံကြည်ထားပါက အပြန်အလှန်သဘောအရ ကျန်ကိုးဦးကိုလည်း လူလိမ်ဟု ဆိုရာသို့ ရောက်သွားချေမည်။

ဤအကြောင်းကြောင့်ပင် အစွလာမ်၌ ထာဝရအရှင်၏ တမန်တော်အားလုံးကို နှောင့်နှေးတုံဆိုင်းခြင်းမရှိဘဲ ယုံကြည်ရန် အဓိကလိုအပ်၏။ ယင်းတမန်တော်များအနက် တစ်ပါးပါးကို မယုံကြည်ဟု ဆိုမိပါလျှင်မူ အခြားတမန်တော်အားလုံးကို ယုံကြည်ကြောင်း ဝန်ခံခဲ့လျှင်သော်ငြားလည်း ထိုသူသည် ကာဖရ်သာ ဖြစ်သွားချေမည်။

ဩဝါဒတော်များအရ သိရသည်မှာ ခေတ်ကာလအသီးသီး၌ လူမျိုးအသီးသီး အကြားတွင် ပွင့်ပေါ်စေခဲ့သည့် တမန်တော်အပေါင်းမှာ (၁၂၄၀၀၀) ကျော်ရှိ၏။ ကမ္ဘာကြီး၏ သက်တမ်းတစ်လျှောက်၌ လူသားတို့ ကမ္ဘာမြေပေါ်၌ ပထမဆုံး အခြေစိုက်နေထိုင်ခဲ့သည့် အချိန်မှစပြီး ကမ္ဘာပေါ်၌ ပေါ်ထွန်းခဲ့သည့် ကွယ်လွန်သေဆုံးသွားသည့် လူမျိုးအသီးသီး၏ အရေအတွက်နှင့် နှိုင်းဆသော်၊ ဤအရေအတွက်မှာ သိပ်မများလှပေ။ ကျမ်းမြတ် ကုရ်အာန်၌ အမည်နာမနှင့်တကွ ပါရှိခဲ့သည့် တမန်တော်များကို ကျွန်ုပ်တို့အနေဖြင့် အလေးအနက် ယုံကြည်ကြရပါမည်။

ကျန်တမန်တော်များကိုမူ ထာဝရအရှင်ထံမှ လူသားတို့အား လမ်းညွှန်ပေးရန် ပွင့်ပေါ်သည့် တမန်တော်များအဖြစ် မှန်ကန်သည်ဟု ယုံကြည်ရန် ညွှန်ကြားထား၏။ ဤနည်းဖြင့် အိန္ဒိယပြည်၊ တရုတ်ပြည်၊ အီရန်နိုင်ငံ၊ အီဂျစ်နိုင်ငံ၊ အာဖရိကနှင့် ဥရောပအပါအဝင် အခြားကမ္ဘာ တိုင်းနိုင်ငံအသီးသီး၌ ပွင့်ပေါ်ခဲ့သမျှ ဟမန်တော်အားလုံးကို ယုံကြည်သွားကြရမည်ဖြစ်ပါသည်။

သို့ရာတွင် ကျမ်းမြတ်ကုရ်အာန်၌ အမည်နာမနှင့်တကွ ပါရှိခဲ့သည့် တမန်တော်များမှလွဲပြီး ထူးကဲသော ပုဂ္ဂိုလ်တစ်ဦးဦးနှင့် ပတ်သက်၍ကား တမန်တော် ဟုတ်မဟုတ် ယတိပြတ်ပြောနိုင်စွမ်း ကျွန်ုပ်တို့တွင် အနည်းငယ်မျှ မရှိချေ။ အကြောင်းမူကား ယင်းပုဂ္ဂိုလ်နှင့် ပတ်သက်ပြီး အတိအကျ အထောက်အထားပြနိုင်ခြင်း မရှိ၍ပင် ဖြစ်ပါသည်။

အခြားဘာသာဝင်များ၏ မြင့်မြတ်သော ပုဂ္ဂိုလ်ကျော်ကြီးများကို ဆန့်ကျင်ပြောဆိုပိုင်ခွင့်လည်း မရှိပေ။ ယင်းပုဂ္ဂိုလ်ကျော်ကြီးများအနက် အချို့မှာ ထာဝရအရှင်၏ တမန်တော်များ ဖြစ်နိုင်စရာအကြောင်းရှိ၏။ တမန်တော်အီဆာနှင့် မူစာနဗီ၏ နောက်လိုက်များ ပြုမူသကဲ့သို့ ယင်းပုဂ္ဂိုလ် ကွယ်လွန်အနိစ္စ ရောက်သွားသည့် နောက်ပိုင်းတွင် နောက်လိုက်တပည့်များက ယင်းတို့၏ သွန်သင်ပို့ချချက်များကို ပျက်စီးအောင် ပြုလုပ်နိုင်ခြင်းကြောင့်ပင် ဖြစ်ပါသည်။

ထို့ကြောင့် ယင်းပုဂ္ဂိုလ်မြတ်များနှင့် ပတ်သက်သည့် အယူအဆတစ်ခုခုကို ပြောဆိုတိုင်း ယင်းအယူအဆများမှာ ထိုပုဂ္ဂိုလ်တို့၏ သာသနာရေးရာ ဝတ်ပြုပုံနည်းစနစ်များနှင့် အယူဝါဒများဖြစ်နိုင်ခြင်းကြောင့် ထိုသို့သောသူများကို ဘာသာသာသနာများကို ပို့ချထူထောင်ခဲ့သူများကဲ့သို့ တစ်စုံတစ်ရာဝေဖန်ခြင်းမပြုဘဲ နှုတ်ဆိတ်နေရပေမည်။ အကြောင်းမှာ တမန်တော်တစ်ပါးအပေါ် မရှိမသေ မလေးမခန့် ပြုမူရာသို့ ရောက်သွားနိုင်၍ပင် ဖြစ်ပါသည်။

ဖန်ဆင်းရှင်၏ တမန်တော်များဖြစ်ခြင်းကြောင့်တစ်ကြောင်း တစ်ညီတစ်ညွတ်တည်း အစွလာမ်၏ ဖြောင့်မတ်မှန်ကန်သော လမ်းစဉ်ကိုသာ ပို့ချခဲ့ကြခြင်းကြောင့်လည်းကောင်း တမန်တော်မုဟမ္မဒ် (ﷺ) နှင့် အခြားတမန်တော်များအကြားတွင် ကွဲလွဲခြားနားချက် မရှိပေ။

ယင်းတမန်တော်အားလုံးကို တန်းတူညီတူ ယုံကြည်ရန် ညွှန်ကြားထား၏။ သို့သော် ဤရှုထောင့်အရ တူညီမှုရှိနေသော်လည်း တမန်တော်မုဟမ္မဒ် (ﷺ) နှင့် အခြားတမန်တော်များတွင် အောက်ပါခြားနားချက် သုံးရပ်ရှိ၏။

(၁) လွန်ခဲ့သော တမန်တော်များမှာ တိကျသော ခေတ်တစ်ခေတ်နှင့် တိကျသော လူမျိုးအတွက် ရည်ရွယ်ခြင်းဖြစ်၏။ တမန်တော်မုဟမ္မဒ် (ﷺ) မှာမူ တစ်ကမ္ဘာလုံးအတွက်နှင့် နောင်လာမည့် ခေတ်အဆက်ဆက်အတွက် ပွင့်ပေါ်ခဲ့ခြင်းဖြစ်၏။

(အကျယ်ကို အခန်း (၃) တွင် ကြည့်ပါ။)

(၂) ယင်းတမန်တော်များ၏ သွန်သင်ချက်များမှာ ကမ္ဘာပေါ်တွင် ပျောက်ကွယ်သွားသည်လည်း ရှိ၏။ မပျောက်မပျက် ကျန်ရှိနေသော သွန်သင်ချက်များစွာမှာလည်း သန့်စင်မှုမရှိတော့ပေ။ မှားယွင်းမှုအမျိုးမျိုး ဒဏ္ဍာရီဆန်သော ဖြစ်ရပ်များစွာနှင့် ရောနှောလျက် ရှိနေပြီဖြစ်၏။

ဤအချက်ကြောင့် တစ်စုံတစ်ဦးအနေဖြင့် ဤသွန်သင်ချက်များကို လိုက်နာရန် ဆန္ဒရှိနေလျှင်ပင် ယင်းဆန္ဒကို အကောင်အထည်ဖော်နိုင်စွမ်း မရှိပေ။ တမန်တော်မြတ်၏ သွန်သင်ချက်များကား ဤသို့မဟုတ်ပေ။

တမန်တော်မြတ်၏ ဘဝအထွဋ်ပုဗ္ဗတို့ ဟောပြောချက်များ နေပုံထိုင်ပုံ အကျင့်အကြဲ ကိုယ်ကျင့်တရားနှင့် အကျင့်သီလ အပါအဝင် သူ၏ဘဝဖြစ်စဉ် အသေးစိတ်ကို ကောင်းစွာ ထိန်းသိမ်းမှတ်တမ်းတင် စောင့်ရှောက်ထားခြင်း ရှိခဲ့၏။

ထို့ကြောင့် တမန်တော်မုဟမ္မဒ် (ﷺ) သည် ပွင့်ခဲ့လေသမျှ တမန်တော်များ အနက် အမြဲတမ်း ရှင်သန်လျက်ရှိနေသည့် တစ်ပါးတည်းသော တမန်တော်ဖြစ်၏။ သူ၏ လမ်းစဉ်အတိုင်း အမှန်အကန် ယုံကြည်စိတ်ချကာ လိုက်နာသွားနိုင်၏။

(၃) အတိတ်ခေတ်က တမန်တော်များ ပို့ချပေးခဲ့သည့် လမ်းညွှန်မှုများမှာ ပြည့်ဝစုံလင်မှုမရှိပေ။ တမန်တော်တိုင်းသည် မိမိအလျင် ပွင့်ခဲ့သူ၏ သွန်သင်ချက်များနှင့် ပညတ်ချက်များကို ထပ်မံပြုပြင် ပြောင်းလဲပေးထားသည့် ထပ်မံဖြည့်စွက်ပေးထားသည့် အခြားကောင်းကင်ကျလမ်းညွှန်ကို လိုက်နာရပေမည်။

အကြောင်းမူကား စောစောပိုင်း တမန်တော်များ၏ သွန်သင်ချက်များသည် ဤနည်းဖြင့် ပြန်လည်ရှင်သန်စေမှုနှင့် တိုးတက်မွမ်းမံမှုပြုပေးရန် အဆက်မပြတ် လိုအပ်နေ၍ပင် ဖြစ်၏။

ဤအချက်သည် အဘယ်ကြောင့် ရှေးဦးပိုင်း တမန်တော်များ၏ သွန်သင်ချက်များမှာ သတ်မှတ်ထားသော အချိန်ကုန်ဆုံးသွားသည်နှင့် မေ့ပျောက်ခြင်းဖြစ်ကာ ဆုံးရှုံးပျက်စီးသွားရကြောင်းကို ပြဆိုနေပေသည်။

ယင်းသွန်သင်ချက်များကို ပြင်ဆင်ထားသည့် တိုးတက်သော လမ်းညွှန်မှုအသစ်ကို ပျောက်ပျက်သွားသော နေရာတွင် အစားဝင်ပေးခဲ့ခြင်းကြောင့် မူလသွန်သင်ချက်များကို စောင့်ရှောက်ထိန်းသိမ်းထားရန်မှာလည်း မလိုအပ်တော့သည်မှာ ထင်ရှားနေပေသည်။

ဤသို့ အဆင့်ဆင့် ပြုပြင်ပို့ချပေးခဲ့သည်မှာ နောက်ဆုံး၌ တမန်တော်မြတ်လက်ထက်အထိ ရောက်လာတော့၏။ တမန်တော်မြတ်သည် လူသားတို့အတွက် အပြည့်စုံဆုံးသော လမ်းညွှန်ဥပဒေသကို ပို့ချပေးခဲ့ပေရာ ရှေးယခင်ဥပဒေသများကို အလိုအလျောက် နူတ်သိမ်းပယ်ဖျက်လိုက်ပြီ ဖြစ်၏။

ပြည့်ဝသော ဥပဒေသများရှိနေပါလျက်နှင့် မပြည့်စုံသော ဥပဒေသကို လိုက်နာခြင်းမှာ မည်သို့မျှ အကျိုးမရှိပေ။ တမန်တော်မြတ် မုဟမ္မဒ်ကို လက်ခံလိုက်နာသူသည် တမန်တော်အားလုံးကို လက်ခံလိုက်နာသူပင် ဖြစ်သည်မဟုတ်လော။

ထို့ကြောင့် တမန်တော်များ၏ သင်ကြားချက်များကို ကန့်ကွက်ငြင်းပယ်သူ မည်သူမဆို မိမိကိုယ်မိမိ အသုံးအဝင်ဆုံးနှင့် အဖိုးတန်ဆုံးသော တမန်တော်မြတ်၏ သွန်သင်ချက်များတွင် ပါရှိနေသည့် လမ်းညွှန်မှုနှင့် ပညတ်ချက်တို့ကို လက်လွတ်ဆုံးရှုံးစေခဲ့သူသာ ဖြစ်သွားပေမည်။ ယင်းသွန်သင်ချက်များမှာ စောစောပိုင်း တမန်တော်များ၏ ကျမ်းစာများတွင် မရှိခဲ့ပေ။ နောက်ဆုံး တမန်တော်ထံ၌သာ ကျရောက်ခဲ့ခြင်းဖြစ်၏။

ဤအချက်ကပင် အဘယ်ကြောင့် လူတိုင်းလူတိုင်းအဖို့ တမန်တော်မုဟမ္မဒ် (ﷺ) ကို ယုံကြည်ရန်နှင့် သူတစ်ဦးတည်းကိုသာ လိုက်နာရန် တာဝန်ရှိနေကြောင်းကို ပြဆိုနေ၏။ စစ်မှန်သော မွတ်စလင်တစ်ဦးဖြစ်လာရန်အတွက် တမန်တော်မြတ်၏ ဘဝ

လမ်းညွှန်ကို နာခံလိုက်နာသွားရမည်ဖြစ်၏။ တမန်တော်မြတ် မုဟမ္မဒ် (ﷺ) အပေါ် အပြာင် ယုံကြည်ရန် လိုအပ်၏။ ဤသို့ ယုံကြည်ရာ၌ အခိုင်အမာ နှလုံးပိုက်ထားရမည့်အချက်များမှာ–

(က) သူသည် အနန္တတန်ခိုးတော်ရှင်၏ တမန်တော်အစစ်အမှန်တစ်ပါးဖြစ်ကြောင်း။

(ခ) သူ၏ သွန်သင်ချက်များမှာ လုံးဝပြည့်စုံကြောင်း၊ ချို့တဲ့မှုနှင့် အမှားအယွင်းများမှ လုံးဝကင်းစင်ကြောင်းနှင့်။

(ဂ) အလ္လာဟ်ရှင်၏ နောက်ဆုံးတမန်တော်ဖြစ်ကြောင်း စသည်တို့ပင် ဖြစ်ပါသည်။

တမန်တော်မြတ်၏ နောက်ပိုင်းတွင် တရားစီရင်ရမည့် နေ့တော်ကြီးအထိ အခြားတမန်တော် တစ်ပါးတစ်လေသော်မျှ ပွင့်ပေါ်ရန်မရှိတော့ချေ။ ဤကဲ့သို့ ပုဂ္ဂိုလ်တစ်ဦးဦး ပေါ်လာသည်ဆိုလျှင်လည်း မွတ်စလင်တစ်ဦးအဖို့ ထိုပုဂ္ဂိုလ်အား ယုံကြည်ရန် မလိုအပ်ပေ။

## ၅။ သေပြီးသည့် နောက်ပိုင်းဘဝကို ယုံကြည်မှု

အစွလာမ်ယုံကြည်ချက်၏ ပထမအချက်မှာ သေပြီးသည့်နောက် ဘဝကို ယုံကြည်ခြင်းပင်ဖြစ်၏။ တမန်တော်မြတ် မုဟမ္မဒ် (ﷺ) က ကျွန်ုပ်တို့အား သေပြီးသည့်နောက် ပြန်လည်ရှင်ကြရမည်ကိုလည်းကောင်း၊ တရားစီရင်တော်မူမည့် နေ့တော်ကြီးကိုလည်းကောင်း၊ ယုံကြည်ရန် ညွှန်ကြားခဲ့၏။ တမန်တော်မြတ် ပြောကြားခဲ့သည့် ဤယုံကြည်ချက်နှင့် ယှဉ်တွဲလာသော အချက်များမှာ အောက်ပါအတိုင်း ဖြစ်၏။

ဤကမ္ဘာကြီးအပါအဝင် ယင်းတွင်ရှိရှိသမျှ အလုံးစုံသော အရာများသည် သတ်မှတ်ထားသည့် နေ့တစ်နေ့တွင် အားလုံး ချုပ်ငြိမ်းပျက်သုဉ်းသွားရမည် ဖြစ်၏။ သက်ရှိသက်မဲ့ ဟူသရွေ့အားလုံး ပျောက်ပျက်သွားရမည်ဖြစ်၏။ ''ထိုနေ့ကို ကိယာမတ် (ဝါ) နောက်ဆုံးနေ့တော်ကြီး'' ဟု ခေါ်ဆို၏။

ကမ္ဘာတည်စကတည်းက ကမ္ဘာပေါ်၌ ခြေချနေထိုင်ခဲ့သည့် လူသားအားလုံးကို ပြန်လည်အသက်ရှင်စေမည်ဖြစ်ပြီး အလ္လာဟ်ရှင်၏ ရှေ့တော်မှောက်သို့ ခေါ်ယူတော်မူမည်။ ထာဝရအရှင်သည် ယင်းနေ့တွင် လူသားတို့အား တရားစီရင်တော်မူမည်ဖြစ်၏။ ထိုနေ့ကို ဟရှိရ် ''ပြန်လည်ရှင်ကြရမည့်နေ့'' ဟု ခေါ်ဆိုပါသည်။

လူတစ်ဦးချင်း ယောက်ျား၊ မိန်းမ အားလုံး၏ ကောင်းမှု မကောင်းမှု မှတ်တမ်းအပြည့်အစုံကို နောက်ဆုံးအဆုံးအဖြတ်အဖြစ် ထာဝရအရှင်ထံမှောက်သို့ ပို့ပေးတော်မူမည်ဖြစ်သည်။

ဤနည်းဖြင့် ထာဝရအရှင်သည် လူသားတိုင်း၏ ဆုလာဘ်ကို နောက်ဆုံးအဆင့်အနေဖြင့် စီရင်ဆုံးဖြတ်ပေးတော်မူမည် ဖြစ်၏။ လူတိုင်းလူတိုင်း၏ ကောင်းမှုမကောင်းမှု

ကို ချိန်စက်ကြည့်မည်ဖြစ်၏။ ကောင်းမှုကုသိုလ်ဘက်၌ သာလွန်သူသည် ကောင်းကျိုး ခံစားရမည်ဖြစ်ပြီး၊ မကောင်းမှုဒုစရိုက်အရာ၌ အလေးသာသူမှာ အပြစ်ဒဏ်ခတ်ခြင်းကို ခံရမည် ဖြစ်၏။

ဤသို့ ကောင်းကျိုးနှင့် ဆိုးကျိုး ဆုလာဘ်များကို မှန်ကန်စွာ အဆုံးအဖြတ် ပေးတော်မူမည်ဖြစ်ရာ ဤတရားစီရင်မှုဌ အောင်မြင်မှုအဖြေကို ရရှိသူသည် ဂျန္ဓတ်သုခဘုံသို့ ဝင်ရောက်စံမြန်းရမည်ဖြစ်ပြီး ကောင်းချီးမင်္ဂလာ ဆုလာဘ်တံခါးပေါက်များကို ဖွင့်ပေး ထားမည်ဖြစ်၏။ ပြစ်မှုထင်ရှားပြီး အပြစ်ဒဏ်ထိုက်သင့်သူများကိုမူ ဂျဟန္နမ်ငရဲဘုံသို့ ပို့ပေးပြီး၊ မီးလျှံငြိုးငြိုးတွင် ပြစ်ဒဏ်ခတ်ခြင်းခံရမည်ဖြစ်၏။

ဤအချက်များကား သေပြီးသည့်နောက် ဘဝကို ယုံကြည်မှုနှင့် ယင်းနှင့် ဆက်စပ်နေသည့် အကြောင်းအချက်များပင် ဖြစ်ပါသည်။

## ၆။ ဤယုံကြည်ချက်၏ လိုအပ်ပုံ

သေပြီးသည့်နောက်ပိုင်း ဘဝကို ယုံကြည်မှုသည် တမန်တော်အဆူဆူ၏ သင်ကြားချက်များအနက် တစ်ပိုင်းအပါအဝင် ဖြစ်၏။ တမန်တော်တိုင်းပင် မိမိတို့၏ နောက်လိုက်များအား ဤအချက်ကို ယုံကြည်ရန် တိုက်တွန်းခဲ့ရာ တမန်တော်များအနက် နောက်ဆုံးတမန်တော်မြတ်ကြီးဖြစ်သည့် မုဟမ္မဒ် (ﷺ) ကလည်း အလားတူပင် တိုက်တွန်း ခဲ့ပေသည်။

မွတ်စလင်တစ်ဦးဖြစ်ရန် ဤအချက်သည်လည်း လိုအပ်နေသည့် အဆင့်တစ် ဆင့်ပင် ဖြစ်၏။ တမန်တော်အားလုံးကပင် ၎င်းအချက်အပေါ်၌ ယုံကြည်မှုမရှိသူသည် ကာဖရ်ဖြစ်သည်ဟု အတိအလင်း ကြွေးကြော်ခဲ့ကြ၏။

ဤသို့ ဆိုခဲ့ခြင်းမှာ သေပြီးသည့်နောက်ပိုင်းဘဝကို ယုံကြည်ရန် ငြင်းပယ် လက်မခံခြင်းကြောင့် အခြားသော ယုံကြည်ချက်များကိုပါ အဓိပ္ပာယ်မဲ့သွားစေနိုင်၍ ဖြစ်ပါသည်။

ဤငြင်းပယ်ချက်သည် ကောင်းမြတ်သောဘဝကို ထူထောင်နိုင်သည့် အခွင့် အလမ်းများကို ဖျက်စီးပစ်နိုင်သည်သာမက လူသားအား အသိဉာဏ်ခေါင်းပါး နလပိန်တုံး ဆန်သောအဖြစ်နှင့် မယုံကြည်သူဘဝသို့ပါ တွန်းပို့ပေး၏။ အနည်းငယ်စဉ်းစားရုံမျှ ဤ အချက်မှာ လုံးဝထင်ရှားနေသည်ကို တွေ့ရပေမည်။

အသင်၏ နေ့စဉ်ဘဝရေးရာများ၌ တစ်စုံတစ်ခုကို ပြုလုပ်ရန် ဆိုလာတိုင်း အသင့်အနေဖြင့် ဤကိစ္စကို ဆောင်ရွက်ခြင်းဖြင့် မည်သို့ အကျိုးရှိမည်။ မလုပ်ဘဲနေ ပါက မည်သို့ အကျိုးယုတ်စေမည်ကို ချက်ချင်းလက်ငင်း စဉ်းစားမိမည်ဖြစ်၏။

ဤကား လူသား၏ သဘာဝအမှန်ပင် ဖြစ်၏။ အကျိုးမရှိသော လုပ်ရပ်တစ်ခု ကို လူသား၏ ပင်ကိုယ်ဉာဏ်က လုံးဝမလိုအပ်ဟု မှတ်ယူထားပေသည်။ အချုံးနှင့် ပြည့်နေသော အကျိုးအမြတ်မရှိသော လုပ်ရပ်၌ မိမိ၏အချိန်နှင့် လုပ်အားကို ဖြုန်းတီး

ပစ်ရန် မည်သူမျှ ဆန္ဒမရှိပေ။ ဤနည်းတူစွာ အန္တရာယ်မရှိသော၊ အကျိုးမယုတ်သော် လုပ်ရပ်တစ်ခုကို ရှောင်ကြဉ်ရန်ကိုလည်း မည်သည့်အခါမျှ စိတ်ထက်သန်မိမည်မဟုတ်ပေ။

အသင့်အနေဖြင့် အရာဝတ္ထုတစ်ခု၏ အကျိုးတရားကို နက်နက်နဲနဲ ယုံကြည်လာလေလေ ဤအကျိုးတရားကို ရယူရန် ခိုင်ခိုင်မာမာ သံန့်ဋ္ဌာန်ချနိုင်လေလေဖြစ်ပြီး ၎င်း၏ အကျိုးအမြတ်အပေါ်၌ သံသယဝင်လာလေလေ အသင့်တွင် စိတ်လှုပ်ရှားမှု ဖြစ်လာလေလေမှာ ယေဘူယျနီယာမတစ်ရပ်ပင် ဖြစ်ပါသည်။ ကလေးငယ်တစ်ဦးသည် မီးအပူတွင် အဘယ်ကြောင့် လက်ထည့်ရသနည်း။ မီးသည် ပူမှန်းကို အသေအချာ နားမလည်ခြင်းကြောင့်ပင် ဖြစ်သည်။

ကလေးငယ်တစ်ဦးသည် အဘယ်ကြောင့် ကျောင်းပြေးရသနည်း။ ပညာ၏ အကျိုးတရားနှင့် အရေးပါပုံကို အပြည့်အဝ မိမိရရ မသိသည့်အပြင် လူကြီးမိဘများ၏ ဆိုဆုံးမချက်ကို မယုံကြည်ခြင်းကြောင့်ပင် ဖြစ်၏။

ယခု တရားစီရင်ရမည့် နေ့တော်ကြီးကို မယုံကြည်သူအပေါ် စဉ်းစားသုံးသပ်ကြည့်ကြပါစို့။ သူ့အနေဖြင့် ထာဝရအရှင်အပေါ် ယုံကြည်ရန်နှင့် ထာဝရအရှင်၏ ဥပဒေသအတိုင်း လိုက်နာသွားပါက အကျိုးရှိမရှိကို မစဉ်းစားမိပါသလော။ ထာဝရအရှင် နှစ်မြို့သည့် ဘဝမျိုးကို ဆောက်တည်သွားပါက ထိုသူအဖို့ မည်သို့ အကျိုးထူးရှိမည်နည်း။ ထိုသူအဖို့ ထာဝရအရှင်အပေါ် နာခံမှုကြောင့် တစ်စုံတစ်ရာ အကျိုးရှိမည်မဟုတ်သလို ယင်းအရှင်အား မနာခံမှုကြောင့် တစ်စုံတစ်ရာ ဆိုးကျိုးမတွေ့နိုင်ဟု ခံယူထားခဲ့သည်ဆိုပါစို့။

ဤသို့ဆိုပါက အလွှာဟ်ရှင်၊ တမန်တော်မြတ်နှင့် ကျမ်းမြတ်ကုရ်အာန်ပါ ပညတ်ချက်များကိုပါ အကျအန လိုက်နာသွားရန် ထိုသူအဖို့ မည်သို့ ဖြစ်နိုင်ပါအံ့နည်း။ လောကီစည်းစိမ်များကို ရှောင်ရှားရန် မည်သည်က စမ်းသပ်မှုများနှင့် စွန့်လွှတ်မှုများကို သည်းခံနိုင်သော စိတ်ဓါတ်ကို တိုက်တွန်းပေးမည်နည်း။ ထို့ပြင် အကယ်၍ လူတစ်ဦးအနေဖြင့် ထာဝရအရှင်၏ ဥပဒေသမလိုက်နာဘဲ မိမိစိတ်ကြိုက်အတိုင်း နေထိုင်ခဲ့လျှင် ထာဝရအရှင်ရှိနေကြောင်းအပေါ် သူ၏ ယုံကြည်ချက်အပါအဝင် အခြားယုံကြည်ချက်များမှ မည်သို့ အသုံးဝင်ပါတော့အံ့နည်း။

ဤအချက်များသာမက အခြားအချက်အလက်များလည်း ကျန်ရှိနေပေသေးသည်။ အသင့်အနေဖြင့် နက်နက်နဲနဲ စဉ်းစားလေလေ သေပြီးသည့်နောက် ဘဝအပေါ် ယုံကြည်မှုသည် လူတစ်ဦး၏ဘဝ၌ အကြီးမားဆုံး အဆုံးအဖြတ်ပေးရမည့် အကြောင်းတစ်ရပ်ဖြစ်သည်ဟု အဆုံးသတ်ကောက်ချက်ချနိုင်မည် ဖြစ်၏။ ၎င်းအချက်ကို လက်ခံခြင်းလက်ခံခြင်းကပင် လူတစ်ဦး၏ ဘဝနှင့် အပြုအမူလမ်းကြောင်းကို အဆုံးအဖြတ်ပေးမည်ဖြစ်၏။

ဤကမ္ဘာတစ်ခုဘည်း၏ အောင်မြင်မှုနှင့် ဆုံးရှုံးမှုကို ကွက်ပြီး မြင်ထားသူသည် ဤဘဝ၌ ဖြစ်မွားလာသည့် အကျိုးကျေးဇူးနှင့် ဆုံးရှုံးမှုပျက်စီးမှုများကိုသာ ရည်မှန်းချက်ထားသွားမည် ဖြစ်၏။ မိမိအတွက် လောကီအကျိုးစီးပွား ဖြစ်ထွန်းနိုင်စရာ မျှော်လင့်ချက်မရှိပါက လူတစ်ဦးအနေဖြင့် ကောင်းသောအပြုအမူကို ပြုလုပ်ရန် ပြင်ဆင်မှု

ပြုလုပ်မည် မဟုတ်ပေ။ အလားတူ ဤကမ္ဘာ၌ မိမိ၏ အကျိုးအမြတ်ကို အန္တရာယ်မပြုသည့် ကိစ္စရပ်များကို ရှောင်ကြဉ်ရန် စိတ်အားထက်သန်မှု ရှိလိမ့်မည် မဟုတ်ပေ။

သို့သော် လူတစ်ဦးအနေဖြင့် နောင်လာမည့် ဘဝကို ယုံကြည်သလို သူ့အပြုအမူ၏ နောက်ဆုံးအကျိုးဆက်ကို အထင်အရှား အခိုင်အမာ သိရှိထားပါက လောကီအကျိုးစီးပွားများနှင့် ဆုံးရှုံးမှုများကဲ့သို့ တဒင်္ကောင်းကျိုး ဆိုးကျိုးများကို သေးသိမ်စွာ မြင်ထားမည်ဖြစ်ပြီး ယင်းတဒင် ကောင်းကျိုးဆိုးကျိုးများကို ထာဝရကောင်းကျိုးချမ်းသာနှင့် လဲလှယ်ဝံ့လိမ့်မည်မဟုတ်ပေ။

သူသည် အရာရာကို အကျယ်တဝင့် အသေအချာ ဆန်းစစ်ကြည့်မည်ဖြစ်ပြီး ထာဝရအကျိုးတရားနှင့် ဆိုးကျိုးနှစ်ရပ်နှင့်သာ နှိုင်းယှဉ်ချိန်ထိုးကြည့်သွားမည် ဖြစ်၏။ လောကီအကျိုးစီးပွားအရကြည့်လျှင် မိမိအတွက် မည်မျှပင် တန်ဖိုးကြီးမားသည်ဖြစ်ပါစေ၊ မည်မျှပင် မိမိ၏ တဒင်္အကျိုးအမြတ်ကို အန္တရာယ်ပြုနေသည်ဖြစ်ပါစေ ထိုသူသည် ကောင်းသော အပြုအမူကိုသာ ပြုမူမည်ဖြစ်၏။

မည်မျှ နှစ်သက်လိုချင်စဖွယ် ဖြစ်နေသော်လည်း မှားယွင်းသော အပြုအမူများကို ရှောင်ကြဉ်သွားလိမ့်မည် ဖြစ်၏။ သူသည် အရာရာကို ထာဝရအကျိုးတရားဖြင့် ချိန်ထိုးကြည့်သွားမည်ဖြစ်ပြီး မိမိ၏ စိတ်ရှုစိတ်မိုက်အလိုကိုလိုက်ပြီး ကြည့်မည်မဟုတ်ပေ။

ဤနည်းဖြင့် လူနှစ်ဦး၏ ယုံကြည်ချက်၊ ကြိုးပမ်းချက်နှင့် ဘဝတွင် ဆင်ခြင်တုံတရားနှင့်ယှဉ်သော ကွဲလွဲချက်နှစ်ရပ်က ရှိလာရ၏။ တစ်ဦး၏ ကောင်းသော အပြုအမူအပေါ် အယူအဆသည် ဤတဒင်္ဘဝ အကျိုးတရား အတိုင်းအတာအထိသာ ဖြစ်၏။ ဘဝ၏ တဒင်္အကျိုးစီးပွားများ ဖြစ်ကြသည့် ငွေစီးပွားဥစ္စာ ထင်ပေါ်ကျော်ကြားမှု၊ အာဏာ၊ ရာထူး၊ ဂုဏ်အဆင့်အတန်းနှင့် လောကီချမ်းသာများကိုသာ ဦးတည်ထား၏။

ဤသို့သော အရာများသည် ထိုသူ့ဘဝတွင် အဓိက ရည်မှန်းချက်ပန်းတိုင်ပင် ဖြစ်၏။ မိမိ၏ ကိုယ်ပိုင်အလိုဆန္ဒနှင့် မိမိကိုယ်မိမိ အမွန်းတင်ရေးသည်သာ ထိုသူ၏ ဘဝ၏ အစနှင့်အဆုံးသတ် ရည်ရွယ်ချက်ဖြစ်နေပေသည်။ မိမိတို့၏ ကြိုးပမ်းမှု၌ ရက်စက်သော မတရားသော အကျိုးစီးပွားများကိုပင် ဟန့်တားပိတ်ပင်မှု ပြုမည်မဟုတ်ပေ။

ဤနည်းတူစွာ ထိုသူအဖို့မူ မကောင်းသော အပြုအမူဟူသည် ဤကမ္ဘာတွင် သူ၏ အကျိုးစီးပွားကို ထိခိုက်နစ်နာစေမည့် လက်လွတ်အဟန့်အတား ဖြစ်စေနိုင်သည့် ပစ္စည်းဥစ္စာ ဆုံးရှုံးမှု၊ အသက်သေကြေမှု၊ ကျန်းမာရေး ချို့ယွင်းမှု၊ ဂုဏ်သတင်းပျက်ပြားမှု သို့မဟုတ် အခြားမလိုလား မနှစ်ခြိုက်သော အကျိုးတရားများကဲ့သို့သော အရာများကို ဆိုလို၏။

ယုံကြည်သူတစ်ဦးနှင့် ထိုသူမှာ ဆန့်ကျင်လျက် ရှိနေပေသည်။ ယုံကြည်သူတစ်ဦး၏ ကောင်းမှုမကောင်းမှုအပေါ် ခံယူမှုသည် အဆိုပါပုဂ္ဂိုလ်၏ အယူအဆနှင့် လုံးဝခြားနားလျက်ရှိ၏။ ထိုသူအဖို့ရာ၌ အလွှာဟ်ရှင် နှစ်မြို့တော်မူသည့် အရာဟူသရွေ့ ကောင်းမှုကိစ္စများသာဖြစ်ပြီး ထိုအရှင်မနှစ်မြို့သည့် အမျက်တော်ရှစေသည့် ကိစ္စရပ်ဟူသရွေ့သည်ကား မကောင်းမှုဒုစရိုက်များသာ ဖြစ်ပေသည်ဟု ယူဆလက်ခံထား၏။

ထိုသူအဖို့ ကောင်းသော အပြုအမူဟူသည် ဤကမ္ဘာလောကၦ တစ်စုံတစ်ရာ အကျိုးအမြတ် မပြုနိုင်သည့် ကိစ္စ၊ သို့မဟုတ် လောကီချမ်းသာ တစ်စုံတစ်ရာကို ဆုံးရှုံးလက်လွတ်စေနိုင်သည့် မိမိကိုယ်ပိုင် အကျိုးစီးပွားကို ထိခိုက်နစ်နာစေနိုင်သည့် ကိစ္စပင် ဖြစ်သော်ငြားလည်း ကောင်းသော အပြုအမူသာလျှင် ဖြစ်နေပေသည်။

သူသည် အလွှာဟ်ရှင်က ထာဝရဘဝၦ သူ့အား ဆုလာဘ်များ ချီးမြှင့်တော်မူမည်ကို အခိုင်အမာ ယုံကြည်ထား၏။

ထိုသို့ ချီးမြှင့်ခြင်းခံရခြင်းသည်သာ စစ်မှန်သော အောင်မြင်မှုဖြစ်သည်ဟု နှလုံးပိုက်ထားသူလည်း ဖြစ်၏။ ထိုနည်းတူစွာ သူသည် လောကီအောင်မြင်မှုသက်သက် အတွက် မကောင်းမှုဒုစရိုက်၏ သားကောင်အဖြစ်သို့ သူ့ကိုယ်သူ လုံးဝအကျခံလိမ့်မည် မဟုတ်ပေ။

အကြောင်းမူကား သူ့အနေဖြင့် တိုတောင်းလှသော လောကီသက်တမ်းၦ အပြစ်ဒဏ်ခြင်းမှ ကင်းလွတ်နိုင်သော်ငြားလည်း အဆုံးၦ အရှုံးနှင့် ရင်ဆိုင်ပြီး ထာဝရရှင်၏ ခုံရုံးတော်မှ အပြစ်ဒဏ်ခတ်ခြင်းကို မည်သို့သောနည်းနှင့်မျှ ရှောင်လွှဲမရနိုင်ကြောင်းကို ကောင်းစွာ သိထားခြင်းကြောင့်ဖြစ်၏။

သူသည် ထာဝရှင် ချမှတ်ထားသည့်အတိုင်း အတိအကျ လိုက်နာသွားမည်။ ဤကမ္ဘာလောကတွင် အောင်မြင်မှု၊ ဆုံးရှုံးမှုများကို အလေးမထားဘဲ ယင်းဥပဒေသများ အတိုင်း ထပ်တူထပ်မျှ နေထိုင်သွားပေသည်။

ဤနည်းဖြင့် သေပြီးနောက်ဘဝကို ယုံကြည်မှုက ဤသို့ လူသား၏ ဘဝလမ်းကြောင်းကို တရားမဲ့သူနှင့် တူညီမှုမရှိအောင် ပြောင်းလဲပေး၏။ တရားစီရင်မည့် နေ့တော်ကြီးကို မယုံကြည်သူအဖို့ အစွလာမ်က ချမှတ်ထားသော လမ်းစဉ်အတိုင်း သူ့ဘဝကို ပုံဖော်သွားရန် လုံးဝမဖြစ်နိုင်ပါ။ အစွလာမ်က ''အလွှာဟ်အရှင်မြတ်၏ လမ်းစဉ်တွင် ဆင်းရဲသားများအား ဇကာသံဒါနကြေးပေးလော့'' ဟု ဆို၏။

ထိုသူက ''အို... မပေးနိုင်ပါ။ ဇကာသံပေးခြင်းဖြင့် အကျိုးမရှိ။ ကျွန်ုပ်အနေဖြင့် ဤငွေကို အတိုးဖြင့် ချေးငှားပါက အကျိုးအမြတ် ပိုရနိုင်၏'' ဟု ဖြေကြားမည်သာ ဖြစ်သည်။

ကြွေးပူထားသူအနေဖြင့် မည်မျှပင် ဆင်းရဲနွမ်းပါးနေပြီး ငတ်မွတ်ခေါင်းပါးနေသော်ငြားလည်း ထိုသူမှာ မိမိရရာရှိလျှင် ထိုကြွေးသမားပိုင် ပစ္စည်းဥစ္စာ မည်သည့် အရာကိုမဆို အရသိမ်းပိုက်ပြီး ကြွေးနှင့် ထေယူရန် လက်နှေးလိမ့်မည် မဟုတ်ချေ။

. အစွလာမ်က ''အမှန်တရားကို အစဉ်ပြောကြားကြရန်။ မုသားကို ရှောင်ကြဉ်ရန် ဆိုထား၏။ မုသားပြောကြားခြင်းဖြင့် အကျိုးအမြတ်များစွာ ရနိုင်သော်လည်း မုသားကို ရှောင်ရှားရန်နှင့် အမှန်ပြောခြင်းဖြင့် မိမိအား ထိခိုက်နစ်နာနိုင်လျှင်လည်း အမှန်ကိုသာ ပြောကြားရန်''ဆိုထား၏။ သို့သော် ထိုသူမျိုးမှာမူ ကောင်းပင်ကောင်းငြားလည်း လက်တလော အကျိုးမရှိသည့်ကိစ္စၦ အဘယ်ကြောင့် အမှန်ကို ပြောရပါအံ့နည်း။ ယင်းအပြုအမူကြောင့် ကျွန်ုပ်ကိုပင် ထိခိုက်နစ်နာဆုံးရှုံးစေနိုင်မည် မဟုတ်လော။ ကျွန်ုပ်အဖို့

အနည်းငယ်မျှ အကြေပ်အတည်း တစ်စုံတစ်ရာမရှိဘဲနှင့် အကျိုးအမြတ် များစွာ ဖြစ်ထွန်းနိုင်မည်ဆိုပါက နာမည်ပျက်ချင် ပျက်ပါစေ၊ အဘယ်ကြောင့် မုသားကို ရှောင်ကြဉ်ရအံ့နည်း''ဟု ဖြေကြားလာမည်သာဖြစ်၏။

ထိုသူမျိုးမှာ သူတစ်ကိုယ်တည်း တစ်နေရာရာ၌ အလည်အပတ် သွားရောက်စဉ် အဖိုးတန် ကျောက်မျက်ရတနာတစ်ခုခု ကောက်ရခဲ့ပါက အစွလာမ်၏ အဆုံးအမဖြစ်သော သူတစ်ပါးပိုင်ပစ္စည်းကို မယူငင်ရန် ဆုံးမချက်ကို လက်မခံဘဲ ''ငါနဲ့ထိုက်လို့ မပင်မပန်း ရတဲ့ပစ္စည်းကို ငါဘာကြောင့် ပိုင်ဆိုင်ခွင့်မရှိရမှာလဲ'' ''တခြားလူတွေလည်း ဒါကို သိကြမြင်ကြတာမှ မဟုတ်တာ၊ ဘယ်သူက ဒီအကြောင်းကို ရဲကို သတင်းပို့မှာမို့လဲ၊ ဘယ်သူက တရားရုံးမှာ မျက်မြင်သက်သေ ပေးမှာမို့လဲ၊ လူအများကြားမှာ ငါ့နာမည်ဖျက်အောင် ဘယ်သူက လုပ်နိုင်မှာမို့လဲ၊ ဘာကြောင့် ဒီအဖိုးတန်ရတနာကို အသုံးမချဘဲ နေရမှာလဲ''ဟု စောဒကတက်မည်သာ ဖြစ်၏။

အလားတူ တစ်ဦးဦးက သူ့ထံ၌ ပစ္စည်းတစ်စုံတစ်ရာ အပ်နှံထားပြီး မကြာခင် ကွယ်လွန်သွားပါက အစွလာမ်၏ အဆုံးအမဖြစ်သည့် ''အသင့်တံ အပ်နှံထားသော ပစ္စည်းဥစ္စာနှင့် ပတ်သက်ပြီး ရိုးသားဖြောင့်မတ်စွာ ကျင့်သုံးပါ။ ယင်းပစ္စည်းများကို ကွယ်လွန်သူ၏ အမွေခံများကို ခွဲဝေပေးလေ''ဟူသော အချက်ကို လစ်လျူရှုပြီး ''ဘာကြောင့် ပေးရမှာလဲ'' ''ကျွန်ုပ်ထံ အပ်နှံစဉ်က မျက်မြင်သက်သေလည်း မရှိ၊ သူ့ရဲ့ ကလေးတွေကလည်း ဒါကို သိထားကြတာမဟုတ်။။ ဥပဒေအရ တရားဆိုင်ရမည့် အရေးကိုလည်း ကြောက်ရွံ့စရာမရှိ။ ကျွန်ုပ်ရဲ့ ဂုဏ်သတင်းကိုလည်း အစွန်းအထင်း တစ်စုံတစ်ရာမဖြစ်စေဘဲ လွယ်လွယ်ကူကူ အချောင်ရတဲ့ပစ္စည်းကို ဘာကြောင့် အပိုင်မစီးရာဘဲ နေရမှာလဲ'' ဟုသာ ဆင်ခြေကန်သွားမည် ဖြစ်၏။

အကျဉ်းချုံးပြောရသော် ဘဝ၏အဆင့်တိုင်း အဆင့်တိုင်း၌ အစွလာမ်က လမ်းမှန်ကို ဖြောင့်ဖြောင့်တန်းတန်း လျှောက်ရန်နှင့် ကောင်းသော အပြုအမူနှင့် ကောင်းသော အနေအထား အသွင်အပြင်ကို ကျင့်ကြံရန် လမ်းညွှန်ပြသထားခဲ့သော်လည်း ထိုသူ့အနေဖြင့် အစွလာမ်နှင့် ဆန့်ကျင်ရာဘက်သို့သာ လျှောက်လှမ်းလိမ့်မည်ဖြစ်၏။

အစွလာမ်က အရာရာကို ထတရ အကျိုးတရားကိုကြည့်ပြီး တိုင်းတာတန်ဖိုးဖြတ်သော်လည်း ဤသို့သော လူစားများမှာ အစဉ်သဖြင့် တဒင်္ဂလောကီအကျိုးစီးပွားကိုသာ ကြည့်မည်ဖြစ်၏။ ယခုဆိုလျှင် အသင့်အနေဖြင့် တရားစီရင်မည့်နေ့တော်ကြီးကို မယုံကြည်သူတစ်ဦးအနေဖြင့် မွတ်စလင်တစ်ဦး အဘယ်ကြောင့် မဖြစ်နိုင်ကြောင်းကို နားလည်လောက်ပြီဖြစ်၏။

မွတ်စလင်တစ်ဦးဖြစ်ရန်မှာ အလွန်ကြီးကျယ်လှ၏။ အကြောင်းကား ဤယုံကြည်ချက်မရှိဘဲနှင့် လူကောင်းတစ်ဦးဖြစ်လာနိုင်မည် မဟုတ်ပေ။

တရားစီရင်မည့် နေ့တော်ကြီးကို မယုံကြည်ခြင်းသည် လူသား၏ အဆင့်အတန်းကို အနိမ့်ဆုံး အောက်တန်းအကျဆုံး သတ္တဝါတစ်ကောင်၏ အဆင့်ထက်ပင် နိမ့်ကျသောအဆင့်သို့ လျှောကျသွားစေနိုင်၍ပင် ဖြစ်ပါသည်။

# သေပြီးသည့်နောက်ပိုင်း ဘဝအပေါ် ဆန်းစစ်သုံးသပ်ချက်

ကျွန်ုပ်တို့အနေဖြင့် တရားစီရင်မည့်နေ့တော်ကြီး၏ လိုအပ်ပုံနှင့် အရေးပါမှုကို အတော်အသင့် ဆွေးနွေးခဲ့ပြီဖြစ်၏။ ယခုဆက်လက်ပြီး ဤယုံကြည်ချက်နှင့် ဆက်နွယ်နေသည့် အချက်အလက်များသည် အဘယ်မျှ ကျိုးကြောင်းဆင်ခြင်တုံတရားနှင့် ယှဉ်ပြီး လက်ခံနားလည်နိုင်ကြောင်းကို စဉ်းစားကြည့်ကြပါစို့။ တမန်တော်မြတ် မိန့်ဆိုပြောကြား ခဲ့သမျှ သေပြီးသည့်နောက်ပိုင်း ဘဝနှင့် ပတ်သက်သည့် အချက်အလက်အားလုံးပင် ကျိုးကြောင်းခိုင်လုံမှု အထင်အရှားဖြင့် ပေါက်ဖွားလာခဲ့ခြင်းဖြစ်ပါသည်။

ဤနေ့မြတ်ကြီးအပေါ် ကျွန်ုပ်တို့၏ ယုံကြည်မှုသည် တမန်တော်မြတ် မုဟမ္မဒ် (ﷺ) အပေါ် အထင်အရှား ယုံကြည်မှုအပေါ်၌ အခြေခံထားသော်လည်း ဆင်ခြင်တုံတရား နှင့်ယှဉ်သော ဤတွေးခေါ်မှုက ဤယုံကြည်ချက်ကို ပိုမိုခိုင်မာစေသည်။ အခြားခြားသော သေပြီးသည့်နောက်ပိုင်းဘဝနှင့် ပတ်သက်သည့် အယူအဆများနှင့် နှိုင်းယှဉ်လျှင် တမန် တော်မြတ်မုဟမ္မဒ် (ﷺ) ၏ ပို့ချသင်ကြားချက်များက ပိုမိုကျိုးကြောင်း ခိုင်လုံမှုရှိပုံနှင့် နားလည်လက်ခံနိုင်ဖွယ် ပိုမိုရှိနေပုံတို့ကို ထုတ်ဖော်ပြသနေပေသည်။

ဤကဏ္ဍအပေါ်၌ သေပြီးသည့်နောက်ပိုင်း ဘဝနှင့် ပတ်သက်ပြီး အောက်ပါအမြင် များကို တွေ့ရှိရ၏။

၁။ အချို့သောလူများက သေပြီးသည့်နောက်ပိုင်း၌ လူသားအဖို့ ဘာမျှ မရှိတော့ကြောင်းနှင့် ဤလူ့ဘဝသက်တမ်း ဆုံးသွားပါက နောက်ထပ်မည်သည့်ဘဝမျှ မရှိတော့ကြောင်း ဆိုခဲ့ကြ၏။ ဤသူများ၏ အဆိုအရဆိုလျှင် ဤယုံကြည်ချက်မှာ မဖြစ်နိုင်ကြောင်း၊ လုံးဝသိပ္ပံနည်းမကျ ဟူ၏။ ဤကား ဘုရားမဲ့ဝါဒီ မိစ္ဆာဒိဋ္ဌိတစ်ဦး၏ အမြင်သာဖြစ်ပါသည်။ သိပ္ပံကို လက်ကိုင်အဖြစ်ထားပြီး အနောက်တိုင်းအယူအဆကို မှီပြီး ကြွေးကြော်ချက်သာလျှင် ဖြစ်၏။

အချို့ကမူ လူသားသည် သူ၏အပြုအမူ အကျိုးဆက်အပေါ် မူတည်ပြီး ကမ္ဘာကြီး၌ ထပ်ခါတလဲလဲ ဘဝအမျိုးမျိုးကို ကျင်လည်နေရသည်ဟု ဆိုကြ၏။ ယခုဘဝ၌ မကောင်းသော အပြုအမူကို ကျင့်ကြံလျှင် ယင်းအကျိုးဆက်ကြောင့် နောင်ဘဝ၌ ခွေး ဘဝ၊ ကြောင်ဘဝကဲ့သို့ တိရစ္ဆာန်တစ်ကောင်ကောင်၏ ဘဝ သို့မဟုတ် သစ်ပင်ဘဝ သို့မဟုတ် အဆင့်အတန်းနိမ့်ကျသော လူ့ဘဝတွင် ကျင်လည်ရမည်ဟု ဆို၏။

အကယ်၍ ကောင်းသောအမူအကျင့်ကို ပြုကျင့်ပါက အဆင့်အတန်း မြင့်မား လှသော လူအဖြစ် နောင်ဘဝ၌ ပြန်လည်ဖွားမြင်လာမည်ဟူ၏။ ဤအမြင်ကို အရှေ့တိုင်း သာသနာများ၌ တွေ့ရှိရ၏။

၃။ ဤအချက်မှာ တတိယအမြင်ဖြစ်၏။ ဤအမြင်က တရားစီရင်မည့် နေ့တော်ကြီး၌ ပြန်လည်ရှင်ကြွရမည့်အကြောင်း ကောင်းကင်ဘုံ ခုံရုံတော်ကြီး၌ လူသား တို့ ရောက်ရှိရမည့်အချက်နှင့် အပြစ်ဒဏ်ခတ်ခြင်းနှင့် ဆုလာဘတ်ကောင်းကျိုး ခံမြွေ့

ခြင်းခံရမည်ကို ညွှန်းဆိုထား၏။ ဤအချက်ကား တမန်တော်အဆူဆူ၏ ယေဘူယျယုံကြည်ချက်ပင် ဖြစ်၏။

ယခု ဤအမြင်နှင့် အယူအဆများကို တစ်ခုပြီးတစ်ခု စဉ်းစားသုံးသပ်ကြည့်ကြပါစို့။ ပထမအုပ်စုမှာ သိပ္ပံပညာ၏ ထောက်ကန့်မှုအရှိန်အဝါဖြင့် မိမိကိုယ်မိမိ အထင်ကြီးပြီး သေပြီးသည့်နောက်ဘဝအပေါ် ယုံကြည်မှုသည် အခြေအမြစ်မရှိကြောင်း ပြောဆိုကြသူများဖြစ်၏။

ထိုသူတို့က မည်သူတစ်ဦးတစ်ယောက်မျှ သေပြီးသည့်နောက်ဝယ် ပြန်လည်ရှင်လာခြင်းကို ကျွန်ုပ်တို့ မတွေ့ဖူးမမြင်ဖူးပါ။ သေပြီးသည့်နောက် ပြန်ရှင်လာရန် တစ်စက်ကလေးမျှ မဖြစ်နိုင်ပါဟု ပြောကြ၏။ လူတစ်ဦးသည် သေလွန်သွားပါက မြေမှုန်အဖြစ်သို့သာ ရောက်သွားသည်ကို မြင်တွေ့ကြရသည်။ ထို့ကြောင့် သေခြင်းသည် ဘဝ၏ အဆုံးသတ်ဖြစ်ပြီး သေပြီးသည့် နောက်ဘဝမရှိကြောင်း ဆိုခဲ့ကြ၏။

သို့သော် ဤအကြောင်းပြချက်ကို အသေအချာ စဉ်းစာကြည့်ကြပါစို့။

ယင်းစောဒကတက်ချက်သည် သိပ္ပံနည်းကျ မှန်ကန်မှုရှိပါသလော။ ယင်းကြွေးကြော်ချက်သည် ကျိုးကြောင်းဆင်ခြင်တုံတရားပေါ် အမှန်ပင် အခြေခံထားခြင်း ရှိပါသလော။ အကယ်၍ ယင်းတို့အနေဖြင့် သေပြီးသည့်နောက်ပိုင်း၌ ပြန်လည်ရှင်လာခြင်း အရိပ်အယောင်ကို တစ်စုံတစ်ရာမျှ မတွေ့ခဲ့ရပါက သေပြီးသည့်နောက်ပိုင်း၌ မည်သို့ဖြစ်မည်ကို ကျွန်ုပ်တို့ မသိပါဟု ဆိုရန်သာရှိပါသည်။

သို့သော် ဤအတိုင်းအတာတွင် ရှိနေရမည့်အစား ထိုသူတို့က သေပြီးသည့်နောက်ပိုင်းတွင် မည်သည်မျှ ဖြစ်စရာမရှိပါဟု ပြောဆိုခဲ့ကြခြင်းကပင် မိမိတို့သည် ဆင်ခြင်တုံတရားကင်းမဲ့စွာ ပြောဆိုနေခြင်းဖြစ်ကြောင်းကို တစ်ချိန်တည်း၌ သက်သေထူပြနေသလို ဖြစ်နေပါသည်။

အကယ်စင်စစ်၌ ယင်းတို့သည် အသိဉာဏ်ခေါင်းပါး နလဒိန်တုံးဆန်လွန်းနေပြီဖြစ်၏။ သိပ္ပံပညာသည် ယင်းအချက်နှင့် ပတ်သက်ပြီး ကောင်းသည်၊ ဆိုးသည် ဤနှစ်လီကို ပြောကြားခဲ့ခြင်းမရှိပေရာ ယင်းတို့၏ သေပြီးသည့်နောက်ပိုင်း ဘဝသစ်မရှိဟူသော ကြွေးကြော်ချက်မှာလည်း အခြေအမြစ် လုံးဝမရှိပေ။ ယင်းသို့ ကြွေးကြော်ခြင်းသည် လေယာဉ်ပျံကို မမြင်ဖူးသူ နလဒိန်တုံးတစ်ဦးက လေယာဉ်ပျံဆိုတာ မရှိနိုင်ဟု ပြောသည်နှင့် တူနေပေသည်။ တစ်စုံတစ်ခုကို မမြင်ဖူးကာမျှနှင့် ယင်းအရာဝတ္ထုမျိုး မရှိနိုင်ဟု မဆိုနိုင်ပေ။

လူတစ်ဦးမဆိုထားနှင့် လူထုတစ်ရပ်လုံးသည်ပင် တစ်စုံတစ်ခုကို မမြင်ဖူးဘဲနှင့် ဤအရာဝတ္ထုသည် မရှိစကောင်း၊ မဖြစ်နိုင်စကောင်းဟု မငြင်းကြောက်နိုင်ပေ။ ဤသို့ကြွေးကြော်ချက်သည် လုံးဝမှားယွင်းနေ၏။ သိပ္ပံနည်း လုံးဝမကျပေ။ ကျိုးကြောင်းဆင်ခြင်တုံတရားရှိသူ မည်သူမဆို ဤအပြုအမူကို အနည်းငယ်မျှပင် လက်ခံမည်မဟုတ်ချေ။

ဒုတိယအုပ်စုဝင်တို့၏ အယူအဆကို လေ့လာကြည့်ပါလေ။ ထိုသူတို့၏ အလိုအရ လူသားအဖြစ် မွေးဖွားလာခဲ့ခြင်းမှာ ယင်း၏ရှေ့ဘဝ ကိရဏ္ဍာန်အဖြစ်၌ ကောင်းမှု

ကုသိုလ်ကို ပြုခဲ့ခြင်းကြောင့် ယခုဘဝ၌ လူသားအဖြစ်ကို ရခဲ့ပြီး ယခုဘဝ၌ တိရစ္ဆာန်ဘဝသို့ ရောက်ခဲ့ရခြင်းမှာ ရှေ့ဘဝလူအဖြစ်၌ မကောင်းမှုဒုစရိုက်ကို ကျင့်ကြံခဲ့ခြင်းကြောင့် ဖြစ်သည်ဟု သိရ၏။

တစ်နည်းဆိုသော် လူအဖြစ် သို့မဟုတ် တိရစ္ဆာန်အဖြစ်သို့ ရောက်ရှိရန်မှာ ရှေးဘဝအပြုအမူ၏ အကျိုးဆက်အပေါ် တည်နေသည်ဟု ဖြစ်၏။ ဤသို့ဆိုလျှင် ''လူ့ဘဝနှင့် တိရစ္ဆာန်ဘဝ မည်သည်က အလျင်စခဲ့သနည်း'' ဟု တစ်စုံတစ်ဦးအနေဖြင့် ကောင်းစွာ မေးခွန်းထုတ်နိုင်ချေမည်ဖြစ်၏။

လူသည် တိရစ္ဆာန်ထက် အလျင်ဖြစ်ခဲ့သည်ဆိုလျှင် လူသားသည် အရင်ဆုံး တိရစ္ဆာန်ဘဝက လာခဲ့သည်ကို ယင်းတို့ လက်ခံရတော့မည်ဖြစ်၏။ တိရစ္ဆာန်ဘဝ၌ ကောင်းမှုကို ပြုခဲ့ခြင်းကြောင့်သာ ဤဘဝ၌ လူဖြစ်လာရသည်ဟု ဆိုထားကြသည် မဟုတ်လော။ တိရစ္ဆာန်က အလျင်စခဲ့ပါသည်ဆိုလျှင်လည်း ယင်းတို့၏ အဆိုအရ ရှေးဘဝလူအဖြစ်၌ မကောင်းမှုကို ကျင့်ကြံခဲ့ခြင်းကြောင့် ယခုဘဝ၌ လူအဖြစ်မှ တိရစ္ဆာန်အဖြစ်သို့ ဘဝပြောင်းခဲ့ရသည်ဟု ဆိုရမည်ဖြစ်၏။

ဤအချက်ကပင် သပွတ်အူလို ရှုပ်ထွေးပြီး အမျှင်မပြတ်နိုင်အောင်ပင် ချားရဟတ်နယ်သို့ လည်နေကြောင်း ပြနေပေသည်။ ဤယုံကြည်မှုသည် ပထမဆုံး သက်ရှိသတ္တဝါသည် မည်သည်ဖြစ်ကြောင်းကို အခိုင်အမာ အကောင်အထည်ဖော်ပေးနိုင်စွမ်း အထောက်အထားပြနိုင်စွမ်း မရှိပေ။

မျိုးဆက်တိုင်းသည် ရှေးဘဝမျိုးဆက်၏အပေါ်၌ မူတည်နေသည်။ ရှေးမျိုးဆက်၏အကျိုးဆက်က နောက်ဆက်ခံမည့်မျိုးဆက်ကို အဆုံးအဖြတ်ပေးသည်ဟု ဆိုလိုရာ ရောက်နေခြင်းကြောင့်လည်း ဤအချက်ကား လုံးဝယထာဘူတ မကျပေ။

တတိယအယူအဆကို သုံးသပ်ကြည့်ကြပါစို့။ ဤအယူအဆ၏ ပထမအဆိုမှာ ''ဤကမ္ဘာကြီးသည် တစ်နေ့တွင် ဆုံးခန်းသို့ရောက်မည်၊ ဖန်ဆင်းရှင်သည် ယင်းအား ပျက်စီးစေပြီး စကြဝဠာကြီးကို ပျောက်ပျက်သွားစေမည်။ ထို့ပြင် ယင်းစကြဝဠာကြီး၏ နေရာတွင် ယင်းထက်အဆင့်အတန်းမြင့်မားပြီး ကြီးကဲမဆုံးဖြစ်သည့် ကမ္ဘာသစ်တစ်ခုကို ပေါ်ပေါက်လာစေမည်'' ဟူ၍ ဖြစ်၏။

ဤအဆိုသည် စောဒကမတက်နိုင်အောင်ပင် မှန်ကန်လှ၏။ ယင်း၏မှန်ကန်မှုအပေါ်၌ လုံးဝသံယသဝင်နိုင်စရာ မရှိပေ။

စကြဝဠာ ယန္တယားကြီးအတွင်း၌ လှုပ်ရှားပါဝင်နေသမျှ အရာအားလုံးနှင့် စွမ်းအားအစုစု၏ သဘာဝတွင် အကန့်အသတ် အတိုင်းအတာက ကိုယ်စီရှိနေ၏။ ယင်းယန္တရားကြီးတစ်ခုလုံးသည် တစ်နေ့နေ့တွင် အလုံးစုံ ချုပ်ငြိမ်းပျောက်ပျက်သွားမည်မှာ မုချဖြစ်၏။

သိပ္ပံပညာရှင်တိုင်းက တစ်နေ့နေ့တွင် နေမင်းကြီးသည် တစ်ဖြည်းဖြည်း အေးလာပြီး ယင်း၏စွမ်းအား အားလုံး ပျောက်ပျက်သွားမည်။ ကြယ်၊ နက္ခတ်တာရာများနှင့် ဂြိုဟ်များမှာ တစ်ခုနှင့်တစ်ခု ပူးကပ်သွားမည်ဖြစ်ပြီး စကြဝဠာကြီးတစ်ခုလုံး ကပြောင်းပြန်ဖြစ်ကာ ပေါက်ကွဲပျက်စီးသွားမည်ဟု အခိုင်အမာဆိုထားကြသည်မဟုတ်လော။

စကြဝဠာအတွင်း၌ ပါရှိနေသမျှ အရာအားလုံး၏ ဆင့်ကဲဖြစ်စဉ်ကိုယ်၌က ဤသည်ကို စဉ်းစားလက်ခံနိုင်သေးသည်။ ယင်းစကြဝဠာကြီးသည် အခြားတိုးတက်သော အဆင့်သို့ ရောက်ရှိသွားနိုင်သည်။ အခြားနည်းစနစ်တစ်မျိုးဖြင့် ပိုမိုတိုးတက်သော အခြေအနေ အကြံအစည်အောက်မှ ပေါ်ထွက်လာနိုင်မည်မှာ ယုတ္တိမတန်ပါဟု မဆိုနိုင်စရာမရှိပေ။

ဤယုံကြည်ချက်၏ ဒုတိအဆိုမှာ ''လူသားသည် သေပြီးသည့်နောက်ပိုင်း အသက်တစ်ဖန် ပြန်ရှင်လာမည်'' ဟူသော အဆိုပင်ဖြစ်၏။ ယင်းအချက်သည် ဖြစ်နိုင်စရာမရှိပါလော။ ဤအတိုင်းသာ ဆိုရပါမူ ယခုမျက်မှောက် လူ့ဘဝသည်ပင် ဖြစ်နိုင်စရာရှိပါသလော။ ယခုဘဝ၌ လူသားအား ဖန်ဆင်းခဲ့သည့် ထာဝရအရှင်ကပင် နောက်ပိုင်း၌ လူသားကို အသက်ပြန်သွင်းမည်မှာ ထင်ရှားနေ၏။ ထို့ကြောင့် ယင်းအချက်သည် ဖြစ်နိုင်ရုံသာမက လိုအပ်ချက်တစ်ရပ်လည်း အမှန်ဖြစ်ကြောင်းကို နောက်ပိုင်း၌ ပြဆိုထားပေသည်။

တတိယအဆိုမှာ ''ဤကမ္ဘာပေါ်ရှိ လူသားတိုင်း၏ အပြုအမူမှတ်တမ်းကို ပြန်လည်ရှင်ကြမည့် နေ့ကော်ကြီးတွင် တင်ပြမည်'' ဟူသော အချက်ပင်ဖြစ်၏။ ဤအဆိုမှန်ကန်ကြောင်း သက်သေကို ယနေ့ခေတ် သိပ္ပံပညာရှင်တို့ကိုယ်နှိုက်က သက်သေပေးလျက်ရှိ၏။ ပထမဆုံးသိထားရမည့်အချက်မှာ လေထုထဲ၌ အသံလွှင့်ရန် အသုံးပြုနေသည့် လှိုင်းငယ်များပင်ဖြစ်၏။ ယခုအခါ၌ အသံသည် ယင်း၏ ပတ်ဝန်းကျင်ရှိအရာများကို ရိုက်ခတ်ခြင်းဖြင့် ပေါ်ထွက်လာခြင်းဖြစ်ကြောင်းကို ရှာဖွေတွေ့ရှိထားကြပြီဖြစ်၏။

ဓါတ်ပြားဓါတ်စက်များသည် ဤစည်းမျဉ်းကို အခြေခံထားခြင်းဖြစ်၏။ ဤအချက်အရ လူသား၏ လှုပ်ရှားမှုမှတ်တမ်းသည် ယင်းလှုပ်ရှားမှုအရ ထွက်လာရသည့် အသံလှိုင်းက ထိတွေ့ခဲ့သည့်အရာများတွင် ထင်ဟပ်ကျန်ရစ်နေခဲ့ခြင်းကို သိနားလည်နိုင်ပေသည်။ ဤအချက်ကပင် လူသား၏ အပြုအမူအားလုံးကို အပြည့်အဝ မှတ်တမ်းတင်ထိန်းသိမ်းထားကြောင်းကို ပြသနေပေသည်။

စတုတ္ထအဆိုမှာ ''ပြန်လည်အသက်ရှင်ကြမည့် နေ့တော်ကြီးတွင် ထာဝရအရှင်သည် ခုံရုံးကြီးဖွဲ့ပြီး လူသားအား သူ၏ကောင်းမှု မကောင်းမှုနှင့် ပတ်သက်ပြီး ထိုက်တန်သည့်ဆုကို ချီးမြှင့်ခြင်း သို့မဟုတ် အပြစ်ဒဏ်ခတ်ခြင်းကို တရားမျှတစွာ စီမံတော်မူမည်'' ဟူသော အဆိုပင်ဖြစ်၏။ ယင်းအချက်တွင် ကျိုးကြောင်းဆိုင်လုံမှုမရှိ ဆိုသည်မှာ မည်သည့်နည်း၊ ထာဝရရှင်ကိုယ်တော်တိုင် ခုံရုံးထိုင်တော်မူမည့် အချက်နှင့် တရားမျှတသော ဆုံးဖြတ်မှုကို ပေးတော်မူမည့်အချက်ကပင် ဆင်ခြင်တုံတရားနှင့် ညီနေပေသည်။

လူတစ်ဦးတစ်ယောက်သည် ကောင်းမှုကုသိုလ်ပြုပြီး ဤကမ္ဘာ၌ အကျိုးဆုလာဘ်တစ်စုံတစ်ရာမှ ခံစားရခြင်းမရှိသည်ကို ကျွန်ုပ်တို့ မြင်တွေ့နေရပေသည်။ အလားတူ မကောင်းမှုကို ပြုကျင့်နေသူတစ်ဦးသည် ယင်းအပြစ်ဒဏ်ကြောင့် တစ်စုံတစ်ရာခံစားရခြင်း မရှိသည်ကိုလည်း တွေ့နေရ၏။

ဤသည်သာမက ကောင်းမှုကုသိုလ် ထောင်နှင့်ချီပြီး လုပ်နေပါလျက်နှင့် ထပ်တလဲလဲ ဒုက္ခိတွေ့နေရပုံများ။ မကောင်းမှုဒုစရိုက်အမျိုးမျိုး ကျူးလွန်ခြင်းဖြင့် ဒုစရိုက်

သမားများမှ အကျိုးထူးတွေ့ကာ ပျော်ရွှင်သုခ ခံစားနေရပုံများကိုလည်း မျက်မြင်နေ့စဉ် ၄ ၅ တွေ့နေရပေသည်။

ဤအဖြစ်ပျက်များကို နေ့စဉ် မြင်တွေ့ဂရုပြုမိလာခြင်းကပင် ကျွန်ုပ်တို့၏ ဆင်ခြင် တုံတရားနှင့် တရားမျှတမှုကို လိုလားသော စိတ်ဓါတ်က ကောင်းမှုကုသိုလ်ပြုသူသည် ကောင်းကျိုးကို ခံစားရပြီး မကောင်းမှုပြုသူသည် ဆိုးကျိုးကို ကြုံတွေ့ရမည့် အချိန်အခါ တစ်ရပ်ကို တောင်းဆိုလျက်ရှိနေရပေသည်။

လက်ရှိအရာဝတ္ထုများ၏ အနေအထားမှာ အသင်မျက်မြင်တွေ့နေရသည့် အတိုင်း ရုပ်ပိုင်းဆိုင်ရာ ဥပဒေသကို နာခံလျက်ရှိနေရသည်။ ယင်းအချက်အရ လူတစ်ဦး အနေဖြင့် မကောင်းမှုကို ပြုလုပ်ပြီး အကျိုးခံစားမှု ရရှိနေမည်မှာ လုံးဝသဘာဝကျပေသည်။ ယင်းမကောင်းမှု၏ အကျိုးဆက်ကို တစ်စိတ်တစ်ဒေသသော်လည်းကောင်း၊ အားလုံးသော်လည်းကောင်း တုံ့ပြန်ခံစားရန် မလိုအပ်သေးပေ။ သူကြိုက်ရာကို ကြိုက်သလို ရွေးချယ်လုပ်ပိုင်ခွင့် ရှိနေပေသေးသည်။

အသင့်အနေဖြင့် အသင့်ရန်သူ၏ အိမ်ကို ဓါတ်ဆီလောင်း မီးတင်ရှို့ခဲ့လျှင်ပင် လောကီစွမ်းအားစုများက အသင်ဘက်မှ အကာအကွယ်ပေးနေခဲ့ပါက ယင်းအပြုအမူ၏ အကျိုးဆက်တိုင်းမှ လွတ်ကင်းနိုင်ပေသည်။ ဤသို့ ပြစ်မှုကျူးလွန်သူတစ်ဦးအနေဖြင့် တစ်စုံတစ်ရာ့ အကျိုးသက်ရောက်မှု လုံးဝမရရှိနိုင်ဟု ဆိုလိုပါသလော။ လုံးဝမဟုတ်ပေ။ ၎င်း၏ရုပ်ပိုင်းဆိုင်ရာ အကျိုးဆက်ကိုကား ပေါ်ထွန်းထားပြီ။ တရားမျှတမှု၏ အကျိုးဆက်မှာ ခွင်းချန်ထားသည်ကိုသာ ဆိုလိုပေသည်။

အသင့်အနေဖြင့် ဤအချက်သည် မည်သည့်အခါမျှ မပေါ်ပေါက်နိုင်ဟု တွေးထင်ထားပါသလော။ ဤတွင် ''မည်သည့်နေရာ၌'' ဟူသော အမေးတစ်ရပ် ပေါ်လာချေပြီမဟုတ်လော။ ဤကမ္ဘာတွင်မူ မပေါ်ပေါက်နိုင်ပေ။ အကြောင်းမူကား ဤရုပ်ပိုင်းဆိုင်ရာ ကမ္ဘာကြီးတွင် အပြုအမူတိုင်း၏ ရုပ်ပိုင်းဆန်သော အကျိုးဆက်ကိုသာ အပြည့်အဝ အထင်အရှားပေးမည်ဖြစ်၏။ တရားမျှတသော နောက်ဆက်တွဲအဖြေကိုမူကား ပေါ်နိုင်စွမ်း မရှိသေးစေခြင်းကြောင့်ပင် ဖြစ်၏။

ဤမြင့်မားသော အခြေအနေ၏ အကျိုးဆက်များနှင့် အဖြေများမှာ အခြားသော အခြေအနေတစ်ရပ်တွင်သာ ပေါ်ပေါက်လာမည်ဖြစ်သည်။ ယင်းအခြေအနေတွင် ဆင်ခြင်တုံတရားနှင့် ညီ၍ မှန်ကန်သော ကျင့်ဝတ်တရားဥပဒေကသာ စိုးမိုးနေမည်ဖြစ်၏။ ရုပ်ပိုင်းဆိုင်ရာ ဥပဒေသများမှာ ယင်းအခြေအနေတွင် အရာရောက်မှု မရှိတော့ချေ။

ဤအခြေအနေသည် ယခင်ကဆိုခဲ့သည့်နောက်ပိုင်း ပေါ်ပေါက်လာမည့် ကမ္ဘာသစ်ထွင်သာ ဖြစ်နိုင်မည်ဖြစ်၏။ စကြဝဠာကြီး၏ နောက်ဖြစ်မှားလာမည့် တိုးတက်မှုဖြစ်စဉ် အတွင်းတွင်သာ ဖြစ်နိုင်မည်ဖြစ်၏။

ဤသို့ တိုးတက်မှု ဖြစ်စဉ်အောက်၌သာလျှင် တရားအမျှတဆုံးသော ကျင့်ဝတ် ဥပဒေသက ရုပ်ပိုင်းဆိုင်ရာ ဥပဒေသများအပေါ်၌ ဖုံးလွှမ်းအနိုင်ယူသွားမည်ဖြစ်၏။

ဤကမ္ဘာလောကဌ တစ်စိတ်တစ်ဒေသသော်လည်းကောင်း၊ အားလုံးသော်

လည်းကောင်း ထိန်ချန်ထားခဲ့သည့် လူ့အပြုအမူ၏ အကျိုးဆက်အားလုံးပင် ဤအခြေအနေ၌ ဘွားခနဲပေါ်လာမည်ဖြစ်၏။

လူ၏အဆင့်အတန်းကို ကမ္ဘာလောက၏ စမ်းသပ်မှုမှ ထွက်ပေါ်လာသော သူ့အပြုအမူအဖြေအပေါ် မူတည်ပြီး တရားမျှတမှုအရှိဆုံး၊ ဆင်ခြင်တုံတရားနှင့် အကိုက်ဆုံးသော ဥပဒေသနှင့် အဆုံးအဖြတ်ပေး တရားစီရင်သွားမည်ဖြစ်၏။

ဤအခြေအနေ၌ အသင့်အနေဖြင့် ဤကမ္ဘာလောကမှာကဲ့သို့ လူ့ဘာလတစ်ဦး လက်အောက်၌ လူလိမ္မာတစ်ဦးက ခယနေရသောအဖြစ်မျိုးနှင့် စာရိတ္တမြင့်မားသော လူတစ်ဦးက ယုတ်ညံ့သူတစ်ဦးအဆင့်ထက် နိမ့်ကျနေရခြင်းအဖြစ်မျိုးတို့ကို တွေ့ရမည် မဟုတ်ပေ။

ဤယုံကြည်ချက်၏ နောက်ဆုံးအဆိုမှာ သုခဘုံနှင့် ငရဲဘုံရှိနေကြောင်းပင် ဖြစ်၏။ ဤသည်ကလည်း အလားတူ မဖြစ်နိုင်စရာ မရှိပေ။ ဖန်ဆင်းရှင်အနေဖြင့် နေ၊ လ၊ နက္ခတ်၊ တာရာများနှင့် ကမ္ဘာမြေကြီးကိုပင် ဖန်ဆင်းနိုင်ခဲ့သေးပါက သုခဘုံနှင့် ငရဲဘုံ တို့ကို အဘယ်ကြောင့် မဖန်ဆင်းနိုင်အံ့ရာနည်း။ ဖန်ဆင်းရှင်အနေဖြင့် ခုံရုံးထိုင် တော်မူပြီး တရာမျှတမှုများကို ဆင့်ဆိုမည့်အခါကာလ၌ ကုသိုလ်ကောင်းမှုပြုသူများကို ဆုချီးမြှင့်ပြီး အပြစ်ရှိသူများကို အပြစ်ပေးရန်ရှိလာပေသည်။ ဤတွင် ကုသိုလ်ပြုကျင့်သူများ အနေဖြင့် ယင်းတို့၏ ဆုလာဘ်ပေးရွှင်သုခ အလိုဆန္ဒပြည့်ဝမှုနှင့် ခြီးမြှောက်မှုများနှင့် ကောင်းချီး မင်္ဂလာအဖြာဖြာကို ခံစားရန် နေရာဌာနတစ်ခု ရှိရမည်ဖြစ်သလို အပြစ်စီရင်ခြင်းခံရသူများအဖို့လည်း အပြစ်ဒဏ်ခံစားရန် စိတ်ချမ်းသာမှုကင်းမဲ့သည့် အလွန်နိမ့်ကျသည့် နေရာဌာနတစ်ခုကလည်း ရှိနေရမည်သာဖြစ်၏။

ဤပြဿနာအားလုံးကို စဉ်းစားဆင်ခြင်ပြီးပါမူ ကျိုးကြောင်းဆင်ခြင်တုံတရား ရှိသူတစ်ဦးအနေဖြင့် သေပြီးသည့်နောက်ဘဝအပေါ် ယုံကြည်မှုသည် လုံးဝလက်ခံနိုင်စရာ ရှိသော အသိတရားဖြစ်သည်။ ကျိုးကြောင်းဆင်ခြင်တုံတရားနှင့်လည်း အညီဆုံးအချက် ဖြစ်သည်။ ဆင်ခြင်ကုံတရားနှင့် မကိုက်ညီသောအချက်၊ မဖြစ်နိုင်သော အချက်လုံးဝမရှိ ကြောင်းကို အခိုင်အမာသိလာမည်ဖြစ်၏။

ဤတွင်မက တမန်တော်မုဟမ္မဒ် (ﷺ) ကဲ့သို့ စစ်မှန်သော တမန်တော်တစ်ပါး၏ ပြောဆိုချက်သည် ကျွန်ုပ်တို့အဖို့ အကျိုးရှိသော ကိစ္စရပ်သာဖြစ်ကြောင်းနှင့် ယင်း အပေါ် ယုံကြည်မှုတွင် အသိတရားနှင့်ယှဉ်သော အကျိုးထူးများစွာ ပါရှိကြောင်း သိသာ ထင်ရှားလှသလို၊ ယင်းအချက်ကို ခိုင်လုံသော အကြောင်းပြချက် မရှိဘဲနှင့် ကန့်ကွက်ခြင်း မပြုသင့်ကြောင်းကိုလည်း သိထားပေသည်။ ဤယုံကြည်မှုတွင် ဤအချက်များမှလွဲပြီး အခြားမည်သည်မျှ လွှမ်းမိုးနေခြင်းမရှိပေ။

အထက်ပါ အချက်များမှာ အစွလာမ့်အဆောက်အဦးကြီး၏ အဓိကအုတ်မြစ် မဏ္ဍိုင်များဖြစ်သည့် ယုံကြည်ချက်ငါးချက်ပင် ဖြစ်၏။ ယင်းတို့၏ အနှစ်ချုပ်မှာ ''ကလေမာတ္ဝါဒိယိဗာ ခေါ် ဝါကျတိုကလေးဌ ပါရှိနေပေသည်။ အသင့်အနေဖြင့် ''လာအီလာဟ အီလ္လလ္လာဟ်'' (အလ္လာဟ်အရှင်မြတ်မှတစ်ပါး အခြားကိုးကွယ်ရာမရှိ) ဟု ကြွေးကြော်လိုက် သည်နှင့် တစ်ပြိုင်နက်တည်း ဘုရားတုဘုရားယောင်များကို စွန့်လွှတ်ရမည်ဖြစ်သလို

အသင့်ကိုယ် အသင် တစ်ပါးတည်းသော ထာဝရအရှင်၏ ဖန်ဆင်းခံတစ်ဦးဖြစ်ကြောင်း ကိုလည်း အတိအလင်း ဝန်ခံရတော့မည်ဖြစ်၏။

အသင့်အနေဖြင့် ''မုဟမ္မဒ်ရဏ်ရာ်လွလ်လာဟ်'' (မုဟမ္မဒ်သခင်သည် အလ္လာဟ်အရှင်၏ တမန်တော်ဖြစ်သည်) ဟု ဆက်လက်ကြေးကြော်ခဲ့ပါက မုဟမ္မဒ် (ﷺ) သခင်၏ တမန်တော်အဖြစ်ကို အခိုင်အမာ ဝန်ခံအသိအမှတ်ပြုရမည်ဖြစ်၏။ သူ၏တမန်တော်အဖြစ်ကို ဝန်ခံလိုက်သည်နှင့် ထာဝရအရှင်၏ ဂုဏ်တော်လက္ခဏာတော်များ ထိုအရှင်၏ တမန်တော်အဆူဆူနှင့် ကောင်းကင်တမန်များ၊ ကျမ်းစာများနှင့် သေပြီးသည့်နောက်ဘဝကို ယုံကြည်ရန် အသင့်အပေါ်၌ တာဝန်ရှိလာပြီဖြစ်သည်။

ထို့ပြင် တမန်တော်မြတ် မုဟမ္မဒ် (ﷺ) ညွှန်ကြားပြသခဲ့သည့်အတိုင်း ထာဝရအရှင်ကို ကိုးကွယ်ဆည်းကပ်သွားရန်နှင့် ထိုအရှင်အပေါ်၌ ကျိုးနွံနာခံစွာ နေထိုင်သွားရန် လိုအပ်လာပြီဖြစ်၏။ ဤသို့ပြုမူခြင်း၌သာ အောင်မြင်ခြင်းနှင့် ကယ်တင်ခြင်းလမ်းစဉ်နှစ်ရပ်က တည်ရှိနေပေသည်။

# အခန်း (၅)

# ဝတ်ပြုခြင်းနှင့် ကိုးကွယ်ခြင်း

ပြီးခဲ့သော ဆွေနွေးချက်များအရ တမန်တော်မြတ် မုဟမ္မဒ် (ﷺ) သည် အောက်ပါယုံကြည်ချက်ငါးချက်ကို ယုံကြည်ရန် ကျွန်ုပ်တို့အား မိန့်ဆိုခဲ့ကြောင်း အထင်အရှား သိမြင်လာရပေသည်။ ဤအချက်ငါးချက်မှာ...

(၁) အခြားအရာနှင့် ယှဉ်တွဲကိုးကွယ်ခြင်းငှာ လုံးဝမထိုက်သည့် တစ်ဆူတည်းသော အလ္လာဟ်အရှင်အား ယုံကြည်ခြင်း။

(၂) အလ္လာဟ်အရှင်၏ တမန်တော်များအပေါ် ယုံကြည်ခြင်း။

(၃) အလ္လာဟ်အရှင်မြတ်၏ နောက်ဆုံးကျမ်းတော်မြတ်ကြီး ကုရ်အာန် အပါအဝင် အလ္လာဟ်အရှင်၏ ကျမ်းဂန်အားလုံးကို ယုံကြည်ခြင်း။

(၄) အလ္လာဟ်အရှင်မြတ်၏ တမန်တော်များနှင့် တမန်တော်မုဟမ္မဒ် (ﷺ) အား အလ္လာဟ်အရှင်မြတ်၏ နောက်ဆုံးတမန်တော်မြတ်ကြီးအဖြစ် ယုံကြည်ခြင်းနှင့်

(၅) သေပြီးနောက် ပြန်လည်ရှင်ရမည့် ဘဝအား ယုံကြည်ခြင်းတို့ပင် ဖြစ်၏။

ဤအချက်ကြီးငါးချက်သည်ပင် အစ္စလာမ်၏ အခြေခံအုတ်မြစ်ဖြစ်ပေသည်။ ဤအချက်များကို ယုံကြည်လက်ခံသူသည် အစ္စလာမ်၏ အရိပ်အာဝါသအောက်၌ ရောက်ရှိလာပြီး မွတ်စလင်အစည်းအရုံး၌ တစ်ဦးအပါအဝင်ဖြစ်လာ၏။ သို့သော် ဤအချက်များကို နှုတ်မှ ရွတ်ဆိုဝန်ခံရုံဖြင့်ကား ပြည့်ဝသော မွတ်စလင်ဖြစ်နိုင်မည် မဟုတ်ချေ။

ပြည့်ဝသော မွတ်စလင်တစ်ဦးဖြစ်ရန်မှာ အလ္လာဟ်အရှင်မြတ် ပြဋ္ဌာန်းထားသည့် ပညတ်ချက်များကို တမန်တော်မြတ် မုဟမ္မဒ် (ﷺ) ညွှန်ကြားပို့ချတော်မူသည့်အတိုင်း အပြည့်အဝ လက်တွေ့လိုက်နာကျင့်သုံးသွားရန် လိုပေသည်။ အလ္လာဟ်အရှင်မြတ်အပေါ်တွင် ယုံကြည်လိုက်နာသည်နှင့် အလ္လာဟ်အအရှင်မြတ်၏ အမိန့်တော်များအား လက်တွေ့နာခံလိုက်နာရန် တာဝန်ရှိသွားပြီဖြစ်သည်။

ဤယုံကြည်ချက်ကြောင့် အသင့်အနေဖြင့် အလ္လာဟ်အရှင်မြတ်သည်သာ အသင်၏ တစ်ပါးတည်းသော အရှင်ဖြစ်ကြောင်းနှင့် ထိုသည်သာလျှင် ကိုးကွယ်ဆည်းကပ်ရာအရှင်ဖြစ်ကြောင်းကို ဝန်ခံရပေမည်။ တို့ပြင် အလ္လာဟ်အရှင်သည် အသင်၏ ဖန်ဆင်းရှင်ဖြစ်ပြီး အသင်သည် ထိုအရှင်၏ ကျေးကျွန်ဖြစ်ကြောင်းနှင့် ဤအရှင်သည် အသင့်အား စိုးမိုးအုပ်ချုပ်ရှင်ဖြစ်ပြီး အသင်သည်ကား ထိုအရှင်၏ လက်အောက်ခံ ဖြစ်ကြောင်းတို့ကို တစ်ဆက်တည်း ဝန်ခံအသိအမှတ်ပြုရမည်ဖြစ်၏။

အလ္လာဟ်အရှင်သည် အသင်၏သခင်နှင့် စိုးမိုးအုပ်ချုပ်သူဖြစ်သည်ဟူသော အသိတရားကို ရရှိပြီး နောက်ဝယ်ကျမှ ထိုအရှင်၏ အမိန့်ကို နာခံရန် သွေဖီငြင်းဆန်သွားခဲ့လျှင်မူ အသင်ကိုယ်တိုင်က ဝန်ခံချက်ကို ဖောက်ဖျက်ပုန်ကန်သူတစ်ဦး ဖြစ်သွားချေမည်ဖြစ်၏။

အလ္လာဟ်အရှင်မြတ်အပေါ် ယုံကြည်ခြင်းနှင့် တစ်ဆက်တည်း အသင်သည် ထိုအရှင်မြတ်၏ ကျမ်းစာဖြစ်သော ကုရ်အာန်ကို ယုံကြည်ခဲ့၏။ ဤသို့ ယုံကြည်သည့် အကျိုးကပင် ကျမ်းမြတ်တွင် ပါရှိသမျှ အကြောင်းရပ်များသည် အလ္လာဟ်အရှင်မြတ်ထံတော်မှ ဖြစ်ကြောင်းကို အလိုအလျောက် ဝန်ခံပြီးသားပါ ဖြစ်သွားရ၏။

ဤသို့ဖြင့် ကျမ်းမြတ်ကုရ်အာန်တွင် ပါရှိသမျှကိုလည်း လက်ခံလိုက်နာကျင့်ဆောင်ရန် အဓိကတာဝန်တစ်ရပ် ဖြစ်လာရ၏။ ထိုအကြောင်းခံမှ ဆက်နွယ်ပြီး တမန်တော်မုဟမ္မဒ် (ﷺ) သည် အလ္လာဟ်အရှင်မြတ်၏ စေတမန်ဖြစ်ကြောင်းကိုလည်း တစ်ပါတည်း ဝန်ခံရပြန်၏။

ဤယုံကြည်ချက်ကြောင့် တမန်တော်မြတ်၏ အဆိုအမိန့်နှင့် ပညတ်ချက်တားမြစ်ချက်တိုင်းသည်လည်း အလ္လာဟ်အရှင်မြတ်ထံမှဖြစ်ကြောင်းကို ဆက်လက်ဝန်ခံသွားရန် အသင့်တွင် လိုအပ်လာရ၏။

ဤဝန်ခံချက်ကို ဖြုတ်ပြီးသည်နှင့် သူ၏အမိန့်တော်အား နာခံလိုက်နာရန်မှာ အသင်၏ တာဝန်ဖြစ်လာ၏။ ထို့ကြောင့် သင်၏ ဝန်ခံချက်နှင့် သင်၏ လက်တွေ့လုပ်ဆောင်ချက်များ ညီညွတ်မှုရှိမှသာလျှင် အသင်သည် ပြည့်ဝသော မွတ်စလင်အစစ်အမှန်တစ်ဦး ဖြစ်နိုင်ပေလိမ့်မည်"

ဤသို့မှမဟုတ်လျှင် အသင်၏ အစွဲလာမ်သည် မပြည့်ဝသော အခြေအနေ၌ ကျန်ရစ်တည်ရှိနေမည်သာ ဖြစ်၏။

ယခုဆက်လက်၍ ကျွန်ုပ်တို့အနေဖြင့် အနှစ်သွမ်းအားတော်ရှင် အလ္လာဟ်အရှင်မြတ် မိန့်တော်မူသည့်အတိုင်း တမန်တော်မြတ် မုဟမ္မဒ် (ﷺ) က လမ်းညွှန်သင်ကြားပို့ချပြသခဲ့သော ကျင့်ရန်ကျင်ရန် အဆိုအမိန့် ပညတ်ချက် ဥပဒေသများကား အဘယ်အရာများဖြစ်သည်ကို ဆက်လက် ဆွေးနွေးသုံးသပ်ကြပါစို့။

ဤအချက်များအနက် ပထမဆုံးအချက်နှင့် ပဓါနအကျဆုံး အရာများမှာ အီဘာဒတ်ပင်ဖြစ်၏။ အီဘာဒသ်ဟူသည် မွတ်စလင်အသိုင်းအဝိုင်း၌ ရှိနေပါသည်ဆိုသော သူတိုင်း စောင့်ထိန်းကျင့်သုံးအပ်သည့် ပဓါနအကျဆုံးနှင့် အရေးကြီးဆုံးသော တာဝန်များပင်ဖြစ်ပေသည်။

## အီဘာဒတ် သို့မဟုတ် ခဝပ်ခြင်း၏ သဘောတရား

အီဘာဒတ်သည် အရဗီစကားဖြစ် ''အဘ်ဒ်'' (ကျေးကျွန်တစ်ဦး) ဟူသော စကားမှ ဆင်းသက်လာပြီး ''ကျိုးနွံနာခံသည်'' ဟု အဓိပ္ပာယ်ရသည်။ ဤစကားလုံးက အလွှာဟ်အရှင်မြတ်သည် အရှင်သခင်ဖြစ်ကြောင်း အသင်သည် ကျေးကျွန်ဖြစ်ကြောင်း နှင့် ကျေးကျွန်တစ်ဦးအနေဖြင့် အရှင်သခင်၏ အလိုကျအောင် မည်သည့်အရာဖြစ်ဖြစ် နာခံလုပ်ကိုင်ခြင်းသည်ပင် အီဘာဒတ်ဖြစ်သည်ဟု ပုံဖော်ပေး၏။

''အီဘာဒတ်'' နှင့် ပတ်သက်သည့် အစွလာမ်အယူအဆ ခံယူချက်သည်ကား အလွန်တရာပင် နက်နဲကျယ်ဝန်းလှ၏။ အသင့်အနေဖြင့် ညစ်ညမ်းသော စကားကို ပြောဆိုခြင်း၊ မုသားပြောခြင်း၊ အပြိုးထားခြင်း၊ မစ္စရိယစိတ်မွေးခြင်း၊ မကောင်းသော စရိတ္တ အပြုအမူများမှ ရှောင်ကြဉ်ခြင်း၊ အမှန်ကိုပြောခြင်းနှင့် မကောင်းသော စကားကို ဆိုခြင်းတို့သည် ဘာသာတရားနှင့်မဆိုင်ဘဲ လောကီရေးဆန်သည်ဟု ထင်မိမည်ဖြစ်သော်လည်း ဤကျင့်စဉ်များသည်လည်း အီဘာဒတ်ပင်ဖြစ်၏။

အသင့်အနေဖြင့် အလွှာဟ်အရှင်မြတ်၏ အမိန့်ကို စိတ်ရောကိုယ်ပါ လိုက်နာကျင့်ဆောင်ပြီး အသင်၏ စီမွားရေးလုပ်ငန်း အရောင်းအဝယ်လုပ်ငန်းများမှ ရရှိသည့် ငွေကြေးအမြတ်အစွန်းများကို သင်၏ မိဘများ၊ ဆွေမျိုးများ၊ မိတ်ဆွေသူငယ်ချင်းများ နှင့် သင်နှင့် ဆက်နွယ်နေသော လူအားလုံးအတွက် သုံးစွဲခြင်းသည်လည်း အီဘာဒတ်ပင်ဖြစ်၏။

အကယ်၍ အသင့်အနေဖြင့် ဆင်းရဲသားများနှင့် ခိုကိုးရာမဲ့များအား အကူအညီပေးခြင်း၊ ငတ်မွတ်နေသူများအား ကျွေးမွေးစောင့်ရှောက်ခြင်း၊ လိုအပ်နေသောသူများနှင့် ဒုက္ခရောက်နေသူများအား အကျိုးဆောင်ခြင်း စသည်တို့သည် အသင့်ဖို့ အကျိုးရှိရုံသာမက အလွှာဟ်အရှင်မြတ်၏ အလိုတော်ကျမှု နှစ်ခြိုက်မှုကို ရှာကြံရာလည်းရောက်၏။

ဤကဲ့သို့သော ကိစ္စရပ်များသည်လည်း အီဘာဒတ်တစ်မျိုးမှလွဲပြီး အခြားဘာမျှ မဟုတ်ချေ။ အသင်နှင့် အသင့်အား မှီခိုနေသူများ စားဝတ်နေရေးအတွက် ပြုလုပ်ရသည့် အသက်မွေးဝမ်းကျောင်း စီးပွားရေးလုပ်ငန်းများပင် ဖြစ်ပါစေ၊ အလွှာဟ်အရှင်မြတ်၏ ဗျာဒိတ်တော်အတိုင်း လိုက်နာပြီး ဖြောင့်မတ်မှန်ကန်သော သမ္မာအာဇီဝနည်းဖြင့် စီးပွားရှာခဲ့ပါက ဤသည်လည်း အီဘာဒတ်ပင်ဖြစ်၏။

အကျဉ်းရုံးပြောရလျှင် အသင်၏ ဘဝတာတစ်ခုလုံးနှင့် အသင်၏လုပ်ဆောင်ချက်တိုင်းသည် အလွှာဟ်အရှင်မြတ်၏ စည်းမျဉ်းဥပဒေအတိုင်း ကိုက်ညီကာ အလွှာဟ်အရှင်မြတ်အား ကြောက်ရွံ့သောစိတ်ကို အစဉ်နှလုံးပိုက်ပြီး ထိုအရှင်မြတ်၏ အလိုတော်ကျမှု၊ နှစ်မြို့မှုကို မျှော်ကိုးဦးတည် ဆန္ဒထား၍ လုပ်ဆောင်ခဲ့သည်ဆိုလျှင်ပင် အသင်၏ လုပ်ဆောင်ချက်မှန်သမျှသည် အီဘာဒတ်မည်၏။

ဤနည်းဖြင့် ဘဝ၏ မည်သည့်ရှုထောင့်နှင့် မည်သည့်လုပ်ဆောင်ချက်တိုင်းဌမဆို အလွှာဟ်အရှင်မြတ်အား ကြောက်ရွံ့သောစိတ်နှင့် မကောင်းမှုကို ရှောင်ကြဉ်ပြီး

အကောင်းကိုသာ ကျင့်ဆောင်ခြင်းဖြင့် အစွမ်းလာမ်က ပြဋ္ဌာန်းထားသည့် တာဝန်များကို ထမ်းဆောင်သွားကြရမည်။ ဤသည်ပင်လျှင် အီဘာဒတ်၏ အစစ်အမှန် အဓိပ္ပာယ် သတ်မှတ်ချက်ဖြစ်၏။

ထိုသို့သော အကြောင်းအချက်များကြောင့် လုပ်ဆောင်ချက်တိုင်း လုပ်ဆောင်ချက်တိုင်း၌ အလ္လာဟ်အရှင်မြတ်၏ နှစ်ခြိုက်မှုကိုသာ အစဉ်ရှေ့ရှုပြီး အစွမ်းလာမ်က ဖော်ကျူးထားသည့်ပုံစံအတိုင်း အရေးမပါသော အသေးအဖွဲ့ ကိစ္စလေးများ၌ပင်ဖြစ်စေ ကျင့်သုံးနေထိုင်သွားခြင်းကိုပင် အီဘာဒတ်ဟု ဆိုလိုပေသည်။

ဤရည်ရွယ်ချက်ပန်းတိုင်ကို ရောက်ရှိနိုင်ရန် အထောက်အကူပြုရေးအတွက် ကျင့်ဆောင်ရန် အဓိကအီဘာဒတ် (ခဝပ်ခြင်း) ကို သင်တန်းတစ်ရပ်သဖွယ် အစဉ်လုပ်ဆောင်သွားရန် ပြဋ္ဌာန်းထားပေသေးသည်။

ဤသင်တန်းကြီးများကို လုံလီဝီရိယ ပိုမိုစိုက်ထုတ်ကာ မပြတ်လိုက်နာသွားမည်ဆိုလျှင် ကျွန်ုပ်တို့၏ စံပြလုပ်ရပ်များနှင့် လက်တွေ့လုပ်ဆောင်ချက်များအကြား၌ ပိုမိုညီညွတ်တင့်တယ်မှု ရရှိရန်၊ ကောင်းစွာ ဆင်ခြင်နိုင်မည်ဖြစ်ပေသည်။ ဤအီဘာဒတ်များကား ဆွလာသ်၊ ဇိယာမ်၊ ဇကာသ်နှင့် ဟဂ်ျ စသည့် အစွမ်းလာမ်အဆောက်အအုံကြီး၏ အဓိကမဏ္ဍိုင်များပင် ဖြစ်ပေသည်။

**ဆွလာသ်** ။ ။ ဤတာဝန်များအနက် ပဓာနအကျဆုံးနှင့် အရေးအကြီးဆုံးမှာ ဆွလာသ်ပင်ဖြစ်၏။ ထိုသို့ဆိုလျှင် ဆွလာသ်ကား အဘယ်နည်း။

ဆွလာသ်သည် နေ့စဉ်ပြုလုပ်ရန် ပြဋ္ဌာန်းထားသည့် ဝတ်ပြုခြင်းပင်ဖြစ်ပြီး သင်၏ အိမာန် (ယုံကြည်ချက်) တည်တံ့ခိုင်မြဲရေးအတွက် အားဖြည့်သော သဘောဖြင့် ထပ်တလဲလဲ ပြုလုပ်ရမည့် တစ်နေ့လျှင် ငါးကြိမ်ဆင့်နွှဲရသည့် ဝတ်ပြုခြင်း (အလ္လာဟ်အရှင်အား ခဝပ်ခြင်း) များပင် ဖြစ်၏။

အသင်သည် အိပ်ရာမှ အစောကြီးထကာ အသင့်ကိုယ်ကို သန့်ရှင်းစင်ကြယ်အောင်ပြုပြီး အလ္လာဟ်အရှင်မြတ်၏ ရှေ့တော်မှောက်၌ နမာဇ်ဝတ်ပြုရန် ခစားဝင်မည်ဖြစ်၏။ နမာဇ်ဝတ်ပြုနေစဉ် ဆောင်ရွက်ရသည့် အနေအထားအမျိုးမျိုး (ကိယာမ်၊ ရုကူအ်၊ စစ်ဂျဒါ) သည် အလ္လာဟ်အရှင်မြတ်အား ကျိုးနွံခြင်း အရိပ်လက္ခဏာကို အနီးကပ်ဆုံး စုစည်းဖော်ပြနေပေသည်။

ထို့အတူ နမာဇ်ဝတ်ပြုမှုအတွင်း၌ ကျမ်းမြတ်ကုရ်အာန်၏ အမျိုးမျိုးသော ပါဒတော်များကို ရွတ်ဖတ်သရဇ္ဈာယ်ရခြင်းသည်လည်း အလ္လာဟ်အရှင်မြတ်ထံပါး၌ သင်၏ တစ်ကိုယ်လုံး ပုံအပ်ထားခြင်းပင် ဖြစ်၏။

နမာဇ်ဝတ်ပြုခြင်းဖြင့် အသင်သည် အလ္လာဟ်အရှင်မြတ်၏ လမ်းညွှန်မှုကို ရှာကြံခြင်းဖြစ်ပြီး၊ ထိုအရှင်၏ အမျက်တော်ရှု အပြစ်ဒဏ်ခတ်ခြင်းခံရသူများ၏ အဖြစ်မှ ရှောင်ကြဉ်နိုင်စွမ်းနှင့် ထိုအရှင်မြတ် ရွေးချယ်ထားသော လမ်းစဉ် (အစွမ်းလာမ်) အတိုင်း ကျင့်ကြံနေထိုင်သွားနိုင်စွမ်းကို ချီးမြှင့်ပေးပါရန် ထပ်ခါတလဲလဲ ကျူးရင့်နေစေမည် ဖြစ်၏။

တမန်တော်မြတ်၏ နမူဝသ်အဖြစ်ကို လက်ခံအသိအမှတ်ပြု ယုံကြည်ကြောင်း ကြေးကြော်ဝန်ခံမှုပြုသည်သာမက ကိယာမသ်ဆေ နောက်ဆုံး တရားစီရင်တော်မူမည့်

နေ့တော်ကြီးအား ယုံကြည်မှု ပိုမိုခိုင်မာစေရန်နှင့် အသင်သည် အသင်၏ ဘဝတစ်ခုလုံးကို အလွှာဟ်အရှင်မြတ်ထံတော်၌ ပုံအပ်ထားပြီး အလွှာဟ်အရှင်မြတ် ရှေ့တော်မှောက်၌ အခစားဝင်နေကြောင်း သတိကို အစဉ်မလပ် အားဖြည့်ပေး၊ နှိုးဆော်ပေးလျက် ရှိနေရ၏။

ဤနည်းဖြင့် အသင်သည် အသင်၏ တစ်နေ့တာလုပ်ငန်းကို စတင်ခဲ့၏။ ဤပထမ အကြိမ် ဝတ်ပြုပြီးနောက် နာရီအနည်းငယ်ကြာတွင် 'မုအပ်ဇင်'' (နီဗွာန်ဆော်) က ဝတ်ပြုရန် ကြွေးကြော်ပြန်၏။ အသင်သည် စုရုံးဝတ်ပြု ကတိသစ္စာ ခံယူရန် အလွှာဟ်အရှင်မြတ်ရှေ့မှောက်သို့ ဒုတိယအကြိမ် တစ်ဖန် အခစားငင်ရပြန်၏။

အသင်သည် အသင်၏ကိုယ်ကို လောကီရေးရာ ကိစ္စရပ်များနှင့် ခဏတာ တဒင်္ဂမျှ ကင်းကွာစေပြီး အလွှာဟ်အရှင်မြတ်ရှေ့မှောက်၌ ကျိုးနွံခြင်းကို ရှာကြံရယူခဲ့ပြန်၏။ ဤအကြိမ်၌ အသင်၏ စိတ်အလျင်ကို ဘဝ၏ စစ်မှန်သော အနေအထားသို့ ပြန်ရောက်စေခဲ့ပြန်၏။

ဤတစ်ကြိမ် အသင့်ကိုယ်အား အလွှာဟ်အရှင်ထံမှောက်၌ အပ်နှံပြီးသည့်နောက် မိမိ၏လုပ်ငန်းခွင်သို့ တစ်ဖန်ပြန်လည် ဝင်ရောက်ပြန်၏။

ထို့နောက် နာရီအနည်းငယ်အကြာတွင် တစ်ဖန် အလွှာဟ်အရှင်မြတ် ရှေ့မှောက်သို့ တတိယအကြိမ်အနေဖြင့် ဝင်ရောက်ရပြန်၏။ ဤတစ်ကြိမ်၌ အသင်၏ကိုယ်ကို အသင် သတိပေးသူတစ်ဦးအနေအထားဖြင့် ပြုမူပြီး အသင်၏ ရည်မှန်းချက်ကို အသင်၏ယုံကြည်ချက် အီမာန်ဝိညာဉ်အပေါ်၌ တည်နေစေရန် ထပ်မံ ချိန်ကိုက်ပေးခဲ့ပြန်၏။

နေဝင်ပြီး လောကကြီးအား ညဏ်အမှောင်ထု စတင် ဖုံးလွှမ်းလာသောအခါ၌လည်း ဝတ်ပြုခြင်းဖြင့် အလွှာဟ်အရှင်မြတ်တော်၌ ပဋိညာဉ် သစ္စာတော်ခံရန် တစ်ဖန် အခစား ဝင်ရောက်ရပြန်၏။

ထိုသို့ပြုခြင်းဖြင့် စိုးမိုးစပြုနေသော ညအမှောင်ထု၏ အလယ်၌ အသင်၏ လုပ်ငန်းနှင့်၊ တာဝန်များကို မေ့လျော့ခြင်းမရှိအောင် သတိပေးရာရောက်၏။ နောက်ထပ် နာရီအနည်းငယ်အကြာတွင် တစ်နေ့ကာ၏ နောက်ဆုံးအကြိမ် ဝတ်ပြုမှုကို ထမ်းဆောင်ရန် အလွှာဟ်အရှင်၏ ရှေ့တော်မှောက်သို့ တစ်ဖန် ဝင်ရောက်ရပြန်ပါသည်။

ဤနည်းအားဖြင့် အိပ်ယာမဝင်မီ အသင်၏ယုံကြည်ချက် (အီမာန်) ကို အားသစ်လောင်းရန် အလွှာဟ်အရှင်မြတ် ရှေ့တော်မှောက်၌ တစ်ဖန် ပျံဝဲဝဲဦးချခြင်းကို ပြုခဲ့ပြန်၏။ ဤနည်းဖြင့် အသင်သည် အသင်၏ တစ်နေ့တာကို ပြီးပြည့်ကုန်ဆုံးစေခဲ့ရ၏။

ဤကဲ့သို့ သတ်မှတ်ထားသော အချိန်အတိုင်း မကြာခဏ 'နမာဇ်' ဝတ်ပြုခြင်းအားဖြင့် ဘဝ၏ အဓိကရည်ရွယ်ချက်ပန်းတိုင်ကို ရှုပ်ထွေးမွေလီလှသော လောကီရေးရာကိစ္စရပ်များအကြား၌ လက်လွှတ်ဆုံးရှုံးမျက်ခြေပြတ် လမ်းစပျောက်ရမည့် အဖြစ်မျိုးသို့ မည်သည့်အခါမျှ အရောက်မခံတော့ပေ။

ဤသို့ နေ့စဉ် 'နမာဇ်' ဝတ်ပြုခြင်းဖြင့် အသင်၏ အီမာန်ယုံကြည်ချက် အုတ်မြစ်အား ပိုမိုခိုင်မြဲစေ၏။ မြင့်မြတ်ပြီး ကောင်းချီးကျေးဇူးသရေအပေါင်းနှင့် တင့်တယ်လှသည့် လူ့ဘဝကို ရရှိအောင် ပြင်ဆင်မှုပြုပေးနိုင်၏။ အလွှာဟ်အရှင်မြတ်အား နာခံကျိုးနွံသောဘဝကို ရစေနိုင်၏။

ထို့ပြင် 'နမာဖ' ဝတ်ပြုခြင်းဖြင့် ရဲစွမ်းသတ္တိနှင့် ပြည့်စုံမှု၊ ရိုးဖြောင့်သစ္စာရှိမှု၊ ရည့်ရွယ်ချက်ပြည့်ဝမှု၊ စိတ်နလုံးသန့်စင်မှု၊ ဝိညာဉ်ပိုင်းဆိုင်ရာ တိုးတက်ရှင်သန်မှုနှင့် ကိုယ်ကျင့်တရား ပြည့်ဝကောင်းမွန်သော ကြွယ်ဝမှုများကို ဖြစ်ပေါ်စေနိုင်သည့် ယုံကြည်ချက်အဓိဌာန်များကို ပေါ်ပေါက်လာရန် အားသစ်လောင်းပေးနိုင်၏။

ဤကား နေ့စဉ် 'နမာဖ' ဝတ်ပြုခြင်းဖြင့် မည်ကဲ့သို့သော အကျိုးတရားများ ရရှိနိုင်ကြောင်းကို နားလည်ရန် အလွယ်ကူဆုံး ဖော်ပြထားချက်ပင် ဖြစ်၏။

ယခုဆက်လက်၍ နမာဖ (ဆွလာသ်) က ဤအကျိုးတရားများကို မည်ကဲ့သို့ ရရှိစေနိုင်ကြောင်းကို လေ့လာသုံးသပ်ကြပါစို့။ နမာဖ်မပြုမီ အသင်သည် ဦးစွာကိုယ်လက်သန့်စင်ခြင်းအမှုကို တမန်တော်မြတ် ညွှန်ကြားပြသခဲ့သော နည်းလမ်းများအတိုင်း ပြုလုပ်ရ၏။

ဤသို့ ပြုလုပ်ရာ၌လည်း တမန်တော်မြတ်၏ ညွှန်ကြားချက်နှင့်အညီ ဆုမွန်ဒိအာများကို တောင်းခဲ့ပြန်၏။ ကောင်းပြီ၊ အသင်သည် အဘယ်ကြောင့် ဤသို့ပြုမူနေရသနည်း။ အရှင်းဆုံးပြောရလျှင် တမန်တော်မြတ်၏ နဗီအဖြစ်ကို ယုံကြည်ရန်နှင့် တမန်တော်မြတ်၏ လမ်းစဉ်ကို ငြုံစူခြင်း။ နောက်တွန့်ခြင်းမရှိဘဲ လိုက်နာရန်မှာ အသင်၏ တာဝန်ဖြစ်ကြောင်းကို မှတ်ယူထားသောကြောင့်ပင် မဟုတ်ပါသလော။

တစ်ဖန် အသင်သည် ကျမ်းမြတ်ကုရ်အာန်ပါ အာယသ်တော်များကို အဘယ်ကြောင့် အလွဲလွဲအချော်ချော် မဖတ်ခဲ့ခြိမ့်သနည်း။ အသင့်အနေဖြင့် ကျမ်းမြတ်ပါ စာသားများမှာ အလ္လာဟ်အရှင်၏ ဗျာဒိတ်တော် အစစ်အမှန်များဖြစ်ကြောင်းနှင့် ကျမ်းမြတ်၏ အကွာရာ တစ်လုံးတစ်လေကိုသော်မှ မှားယွင်းစွာ ဖတ်ရှုခြင်းဖြင့် အပြစ်ရှိနိုင်သည်ဟု မှတ်ယူလက်ခံထားခြင်းကြောင့်ပင် မဟုတ်လော။ 'နမာဖ' ဝတ်ပြုနေစဉ်အတွင်း ရွတ်ဆိုရသည့် စာပိုဒ်များကို တိုးတိုးတိတ်သာ စိတ်အတွင်းမှ ရွတ်ဖတ်နေရခြင်းပေရာ အသင့်အနေဖြင့် ဤစာပိုဒ်များကို လုံးဝမဖတ်ဘဲ နေလျှင်သော်လည်းကောင်း၊ အလွဲလွဲအချော်ချော် အမှားမှားအယွင်းယွင်း ဖတ်လျှင်သော်လည်းကောင်း အသင့်အား အဘယ်ကြောင့် ဤသို့ ပြုရသနည်းဟု စစ်ဆေးမေးမြန်းမည့်သူ တစ်ဦးတစ်လေမျှ ရှိမည်မဟုတ်ချေ။

ဤကဲ့သို့ တမင်တကာ ရည်ရွယ်ပြီး အသင်သည် မည်သည့်အခါမျှ ပြုလိမ့်မည်မဟုတ်ချေ။ အဘယ်ကြောင့်နည်း။ အကြောင်းမူကား အသင့်အနေဖြင့် အလ္လာဟ်အရှင်သည် အသင့်အား ထာဝစဉ်စောင့်ကြပ် ကြည့်ရှုနေပြီး ထိုအရှင်သည် အသင်ရွတ်ဖတ်နေသမျှကို အကုန်အစင် ကြားနိုင်တော်မူကြောင်းကိုသာမက အကွယ်တွင် ရှိသည့်အရာများနှင့် အထင်အရှားရှိနေသော အရာများကိုပါ လုံးဝဥဿုံ အကြွင်းမဲ့ သိမြင်နိုင်စွမ်းရှိကြောင်း သိရှိထား၍ပင် ဖြစ်၏။

မည်သူတစ်ဦးတစ်ယောက်ကမျှ အသင်ဆုတောင်းရာ နေရာသို့လာပြီး 'ဒိအာ' ဆုမွန်တောင်းရမည်ဟု အဓမ္မတိုက်တွန်းခြင်း မရှိပါဘဲလျက်နှင့် အသင် ဆုတောင်းနေသည်ကို စောင့်ကြည့်နေသူလည်း တစ်ဦးတစ်လေမျှ မရှိပါဘဲလျက်နှင့် အဘယ်အရာက အသင့်ကို ဤသို့ ပြုစေခဲ့ပါသနည်း။ အလ္လာဟ်အရှင်မြတ်သည် သင့်အား အမြဲကြည့်ရှု

နေပေသည်ဟု အသင်ယုံကြည်ထား၍ပင် မဟုတ်လော။ မည်သည့်အရာက အသင်၏ အရေးကြီးသော လုပ်ငန်းကိုင်ငန်းများနှင့် အသင်၏ အလုပ်အကိုင်များ စွန့်ပစ်ထားစေပြီး 'နမာဖ' ဝတ်ပြုရန်အတွက် ဗလီကျောင်းတော်ရှိရာဆီသို့ ကမန်းကတန်း အူလျားဖားလျား သွားစေခဲ့သနည်း။

မည်သည့်အရာက နံနက်စောစော အိပ်ကောင်းချိန်တွင် နှစ်ခြိုက်စွာ အိပ်မော ကျနေခြင်းမှ နိုးထခြင်းကို ပြုစေခဲ့ပါသနည်း။ နေ့လယ်ခင်း၏ ပျော်ပွဲရွှင်ပွဲများကို စွန့်ပစ်ဘေးဖယ်ပြီး မွန်းတည့်ချိန်၏ နေပူရှိန်အောက်တွင် နမာဇ်ဝတ်ပြုရန် ဗလီသွားရေးအတွက် မည်သည့်အရာက နှိုးဆော်ပေးနေပါသနည်း။

အသင်၏တာဝန်ကို သိတတ်မှထက် ပိုသော အခြားအရာတစ်ခုခုက ဖန်ဆင်းရှင်အပေါ် တာဝန်ကို ဖြည့်ဆီးရန် အသင်၏ အသိတရားကို နှိုးဆော်တိုက်တွန်းပေးခြင်း ကြောင့်လော။ အသင့်အနေဖြင့် နမာဇ်ဝတ်ပြုမှုတွင် အမှားတစ်စုံတစ်ရာဖြစ်မည်ကို အဘယ်ကြောင့် ကြောက်ရွံ့နေရပါသနည်း။

အကြောင်းမှာကား အသင်၏ စိတ်နလုံးအတွင်း၌ အလွှာဟ်အရှင်မြတ်အား သိစိတ်များ ပြည့်လျှံ ယိုဖိတ်နေ၍ကား ကိယာမတ်ခေါ် တရားစီရင်တော်မူမည့် နေ့တော်ကြီးတွင် အသင်၏ ဘဝတစ်လျှောက်လုံး၌ ပြုမူခဲ့သမျှ ကိစ္စအဝဝကို ဖွင့်လှစ်ပြောပြရမည်ကို သိရှိထားခြင်းကြောင့်ပင် ဖြစ်၏။

ယခု ဆက်လက်ဆွေးနွေးကြပါဦ့မို့။ နမာဇ်ဝတ်ပြုခြင်းထက် ကိုယ်ကျင့်တရားနှင့် ဝိညာဉ်ပိုင်းဆိုင်ရာကို ပိုမိုတိုးတက်ထွန်းကား ကောင်းမွန်စေနိုင်သည့် ကျင့်စဉ်မျိုး ရှိနိုင်ပါသလော၊ ဤကျင့်စဉ်ကပင် လူတစ်ဦးအား ပြည့်ဝသော မွတ်စလင်တစ်ဦးအဖြစ်သို့ ရောက်စေနိုင်၏။

နမာဇ် (စွလားတ်) ဝတ်ပြုမှုကပင် လူသားအား အလွှာဟ်ရှင်မြတ်နှင့် ပြထားသော ပဋိညာဉ်ပေါ်တွင် တည်တံ့မြဲနေစေ၏။ ကိယာမတ်ခေါ် တရားစီရင်မည့် နေ့တော်ကြီးအပေါ် ယုံကြည်မှုကို ရှင်သန်နေစေပြီး ထိုသူ၏ စိတ်မျက်စိအတွင်း၌ အမြဲတည်ရှိနေစေ၏။

စွလားတ်ကပင် တမန်တော်မြတ်အား နာခံသော စိတ်ဓာတ်နှင့် သူ၏တာဝန် ဝတ္တရားများကို စောင့်သိကျင့်သုံးခြင်း အလေ့အထကို ရရှိစေနိုင်၏။ စွလားတ်ဝတ်ပြုခြင်းကပင် ရည်ရွယ်ချက်နှင့် လက်တွေ့လုပ်ဆောင်ချက်ကို ထပ်တူထပ်မျှဖြစ်အောင် အကောင်အထည်ဖော်ပေးသည့် တင်းကြပ်သည့် သင်တန်းကြီးတစ်ရပ်ပင် ဖြစ်၏။

အထင်အရှားဆိုရသော် လူသားတစ်ဦးသည် မိမိ၏ ဖန်ဆင်းရှင်အပေါ်၌ တာဝန်များကို အထူးပင် ဖြောင့်မတ်မှန်ကန်စွာ မပျက်မကွက် ထမ်းဆောင်သွားမည်ဆိုလျှင် ထိုသူသည် စွလားတ်ကို ကမ္ဘာပေါ်တွင် ရှိသမျှအရာအားလုံးနှင့် အောင်မြင်မှုများထက် ပိုမို တန်ဖိုးထားနိုင်လာ၏။ ဆုမွန်တောင်းခြင်းဖြင့် စွလားတ်ဝတ်ပြုမှုကို မပျက်စောင့်ထိန်းနိုင်ရန် အားသစ်လောင်းပေး၏။

သူသည် သူနှင့် ဆက်သွယ်နေသော အရာအားလုံး (သံယောဇဉ်) ကို ကင်းကွာစေနိုင်ရမည်။ သို့မဟုတ်ပါက သူအထူးတလည် ကြိုးစားရှောင်ကြဉ်လာခဲ့သည့် အလွှာဟ်

အရှင်မြတ်၏ မနှစ်မျို့မှုကို ဖိတ်ခေါ်ရာသို့ အသေအချာ ရောက်ရှိသွားပေမည်။ သူသည် စွလားတ်ဝတ်ပြုမှုကို တစ်နေ့လျှင် ငါးကြိမ် မပျက်မကွက် လိုက်နာကျင့်ကြံသွားသလို ဘဝအစမှ အဆုံးတိုင် အလွှာဟ်အရှင်၏ ဗျာဒိတ်တော်၌ ဤနည်းတူ ကျင့်ကြံသွားနိုင်ပေမည်။

ဤသုအနေဖြင့် အခြားသော ဆောင်ရွက်ချက်များ၌လည်း ဤကဲ့သို့ ကျင့်ကြံသွားဖို့ လိုဏ်။ သို့မှသာ မကောင်းမှုဒုစရိုက်၏ အရိပ်အာဝါသနှင့် လိမ်လည်ကောက်ကျစ်စဉ်းလဲခြင်း စိတ်ဓာတ်များ ဖုံးလွှမ်းလာသောအခါတွင်လည်း သူ၏ စိတ်နှလုံးတွင် အမြဲတမ်း အသိတရားရှိနေရန် အလေ့အကျင့် ပြုထားမှုကြောင့် အလွှာဟ်အရှင်မြတ်အား ကြောက်ရွံ့သောစိတ်ဓာတ်နှင့် တွန်းလှန်ကြိုးစား ရှောင်ကြဉ်နိုင်မည် ဖြစ်၏။

ထို့ပြင် ဤသို့ အမြဲတမ်း ရှင်သန်အားသစ်လောင်းပေးနေသည့် သင်တန်းကြီးကို အစဉ်ပြုလုပ်နေပါလျက်နှင့် အကြင်သူတစ်ဦးသည် အခြားသော လောကီရေးရာ ကိစ္စရပ်များ၌ အလွှာဟ်အရှင်မြတ်၏ ပညတ်ချက်များကို မနာခံဘဲ သူကိုယ်တိုင် ဖောက်ပြန်မှုများကို ကျူးလွန်ခဲ့လျှင်မူကား ထိုသူ၏ အတ္တစိတ်၌ နဂိုကတည်းက အကျင့်သီလ ဖောက်ပြန်မှုအချို့ ရှိနေ၍သာ ဖြစ်နိုင်ပေသည်။

တစ်ဖန် တစ်နေ့ငါးကြိမ် နမာဇ် ဝတ်ပြုမှုအပြင် သောကြာနေ့ ဂျွမ္မအာဟ်နမာဇ်ကို အစုအရုံးဖြင့် အထူးဝတ်ပြုရန် အသင့်တွင် တာဝန်ရှိနေပြန်သေး၏။ ဤဂျွမ္မအာဟ်နမာဇ်ဝတ်ပြုမှုက အသင်တို့ မွတ်စလင်များအကြား၌ အချင်းချင်းချစ်ခင်မှုကို ပိုမိုခိုင်မြဲစုစည်းမှုရှိစေရုံသာမက တစ်ဦးနှင့်တစ်ဦး အပြန်အလှန် နားလည်မှုကိုပါ ရယူနိုင်စေ၏။

ဤဝတ်ပြုမှုက မွတ်စလင်တို့အား စည်းစည်းလုံးလုံးဖြင့် စုပေါင်းဆောင်ရွက်မှုအသိစိတ်ဓာတ်ကို နှိုးဆော်ပေး၏။ ထက္ကြစေ၏။ ဤသို့ အစုအဝေး တစ်ခုတည်းအတွင်း၌ စုပေါင်းဝတ်ပြုခြင်းသည် နက်နဲခိုင်မြဲလှသည့် ညီရင်းအစ်ကို စိတ်ဓာတ်ကို မွေးမြူကြရန် အထပ်ထပ် ပံ့ပြင်ပေးနေခြင်းပင် ဖြစ်၏။

စွလားတ် ဝတ်ပြုမှုသည် သာတူညီမျှတမှု၏ သရုပ်လက္ခဏာတစ်ရပ်လည်း ဖြစ်၏။ အကြောင်းမူကား ဆင်းရဲသူနှင့် ချမ်းသာသူ၊ ဂုဏ်နိမ့်သူနှင့် ဂုဏ်မြင့်သူ၊ အုပ်ချုပ်သူများနှင့် အုပ်ချုပ်ခံများ၊ ပညာရှိနှင့် ပညာမဲ့၊ လူဖြူနှင့် လူမည်းတို့သည် ပုခုံးချင်းယှဉ်တစ်တန်းတည်း ရပ်တည်ပြီး အလွှာဟ်အရှင်မြတ်၏ ရှေ့တော်မှောက်၌ ပျံဝင်ဦးချခြင်းအမှုကို တစ်ညီတစ်ညာတည်း ပြုကြခြင်းကြောင့်ပင် ဖြစ်၏။

ဤဝတ်ပြုမှုများကပင် ဝတ်ပြုသူတိုင်းအား မိမိတို့ ရွေးချယ်တင်မြှောက်ထားသည့် ခေါင်းဆောင်၏ အမိန့်ကို နာခံသော စိတ်ဓာတ်နှင့် စည်းကမ်းကို ရှိသေသော စိတ်ဓာတ်ကောင်းများကို ရရှိရန် အထပ်ထပ် လမ်းညွှန်ပေးနေ၏။

အကျဉ်ရုံးပြောရလျှင် စွလာတ်ဝတ်ပြုမှုကပင် မွတ်စလင်များအား တစ်ဦးချင်းဖြစ်စေ၊ အစုအဝေးလိုက် နေထိုင်ရာတွင်ဖြစ်စေ၊ တိုးတက်မှုကို ဖြစ်ထွန်းစေနိုင်သည့် ကောင်းမြတ်သော အကျင့်သီလနှင့် ကိုယ်ကျင့်တရား စာရိတ္တပိုင်း ဆိုင်ရာတို့ကို ရရှိစေရန် လေ့ကျင့်သင်တန်းပေးလျက်ရှိ၏။

ဤအချက်များမှာ နေ့စဉ်စွဲလားတံ ဝတ်ပြုမှုများမှ, ကျွန်ုပ်တို့ ရရှိနိုင်သည့် မြောက်မြားလှစွာသော အကျိုးတရားများအနက်မှ အနည်းငယ်ကို တင်ပြထားခြင်းသာ ဖြစ်၏။[၁]

ကျွန်ုပ်တို့အနေဖြင့် ဆွလာသံ ဝတ်ပြုမှုအပေါ် တာဝန်မကျေခြင်းမှာ အောက်ပါ အချက် (၂) ချက်အနက် တစ်ချက်ချက်ကြောင့်သာလျှင် ဖြစ်နိုင်ပေသည်။ ကျွန်ုပ်တို့အနေဖြင့် ဆွလားတံဝတ်ပြုမှုကို တာဝန်တစ်ရပ်အနေဖြင့် အသိအမှတ်မပြုခြင်းကြောင့်ဖြစ်စေ၊ ကျွန်ုပ်တို့၏ အဓိကတာဝန်ဟု အသိအမှတ်ပြုသော်လည်း ထိုတာဝန်ကို မကျေပွန်နိုင်ခဲ့ခြင်းကြောင့်ဖြစ်စေ၊ တစ်ချက်ချက်ကြောင့်သာ ဖြစ်၏။

ပထမအချက်နှင့် ပတ်သက်၍ပြောရလျှင် ကျွန်ုပ်တို့၏ အီမာန် (ယုံကြည်ချက်) အပေါ် ကြွေးကြော်ချက်မှာ ရုက်ဖွယ်လိလိသာဖြစ်ပြီး မုသားအတိုင်းနေ၏။ အကြောင်းမူကား ကျွန်ုပ်တို့အနေဖြင့် အမိန့်နာခံရန် ငြင်းဆန်ခဲ့သည်နှင့် ကျွန်ုပ်တို့အတွက် အလွှာဟ် အရှင်ထံတော်မှ မည်သည့်အခွင့်အလမ်းမှ ရနိုင်စရာ လမ်းမရှိနိုင်ချေ။

ဒုတိယအချက်နှင့် ပတ်သက်၍ ပြောရလျှင်မူ အလွှာဟ်အရှင်၏ အခွင့်အလမ်းကို တစ်ဖက်က အသိအမှတ်ပြုပြီး ထိုအရှင်၏ အမိန့်တော်များကို တစ်ဖက်မှ ပျက်ရယ်ပြုနေဆဲ၌ပင် ရှိနေသေးလျှင် (တာဝန်မကျေပွန်လျှင်) ကမ္ဘာမြေပြင်ပေါ်၌ ခြေချသွားလာနေသည့် သတ္တဝါများအနက် အားမကိုးရဆုံးနှင့် စိတ်မချရဆုံးသော သတ္တဝါများအဖြစ်သို့ ရောက်သွားပြီဖြစ်၏။

အကြောင်းမူကား ဤအချက်ကို ကျွန်ုပ်တို့အနေဖြင့် စကြဝဠာကြီး၌ အမြင့်ဆုံးသော အခွင့်အလမ်းအဖြစ် သဘောပိုက်ပြီး လုပ်ဆောင်နေခဲ့လျှင် အခြားသော လူသားများနှင့် ဆက်သွယ်ရာ၌လည်း ဤနည်းတူ ကျွန်ုပ်တို့ ကျင့်သုံးခြင်း ပြုနိုင်လိမ့်မည်မဟုတ်ဟု မည်သည်က ဆိုနိုင်အံ့ပါသနည်း။

## ဥပုသ်သီလဆောက်တည်ခြင်း (စွီယာမ်)

တစ်နေ့လျှင် ငါးကြိမ်ဆွလာသံ ဝတ်ပြုမှုတာဝန်အပြင် တစ်နှစ်လျှင်တစ်ကြိမ် ရမ်သွာန်လမြတ် (အစွလာမ့် ပြက္ခဒိန်၏ နဝမမြောက်၌) စွီယာမ်ဥပုသ် စောင့်ထိန်းခြင်း တာဝန်လည်းရှိသေးသည်။ ရိဇာသီလ ထားနေစဉ်အတွင်း နံနက်အရုဏ်ဦးမှ ညနေနေဝင်ချိန်ထိ ကျွန်ုပ်တို့အနေဖြင့် မည်မျှအရသာရှိသော အစာကိုဖြစ်စေ၊ မည်မျှငတ်မွတ်ဆာလောင်နေသည်ဖြစ်စေ၊ မည်မျှပင် ရေငတ်နေသည်ဖြစ်စေ၊ ထမင်းတစ်လုပ် ရေတစ်စက်မျှပင် သောက်ခွင့်မရှိချေ။

---

၁။ နမာစ်ဝတ်ပြုမှု၏ သဘောတရားနှင့် အရေးပါမှု အသေးစိတ်ကို သိလိုလျှင် မော်လနာ မောင်ဒူဒီ၏ "အစွလာမီ အီတာဒသိပရိ တဟကီကီ နဇရိ" (A TREATISE ON ISLAMIC WORSHIPS) စာအုပ်ကို ကြည့်ပါရန်။

ဤမျှ ငတ်မွတ်ဆာလောင်နေပါလျက်နှင့် အလိုအလျောက် အောင့်အည်းသည်း ခံပြီး ကြဲကြဲခံပြီးနေအောင် မည်သည့်အရာက ပြုပေးနေသနည်း။ အလွှာဟ်အရှင်မြတ် အပေါ် ယုံကြည်မှု ထိုအရှင်နှင့် ကမ္ဘာတရား စီရင်မည့်နေ့တော်ကြီးကို ကြောက်ရွံ့မှု တို့မှ လွဲပြီး အခြားမည်သည့်ကြောင့်မျှ မဟုတ်ပေ။ စွီယာမ်သီလစောင့်ထိန်းနေချိန်အတွင်း ကာမဂုဏ် မေထုံအမှု၊ ရမ္မက်ဆန္ဒများနှင့် အပျော်အပါးကိစ္စများကို ကျွန်ုပ်တို့အနေဖြင့် နေရာတိုင်း၌ပင် ချိုးနှိမ်ဖျောက်ဖျက်ပစ်ရ၏။

ဤသို့ ပြုလုပ်ရခြင်းမှာ အလွှာဟ်အရှင်မြတ်၏ ကြီးကဲမြင့်မြတ်သည့် အမိန့်ပညတ်ချက်ကြောင့်ပင် ဖြစ်၏။ ရမ်သွာန်လတစ်လလုံး အဆက်မပြတ် ဤတာဝန်ကို မပျက်မကွက် ထမ်းဆောင်ခြင်းနှင့် သည်းခံနိုင်မှုအင်အားကို မွေးမြူခြင်းကပင် ကျွန်ုပ်တို့၏ အီမာန်ယုံကြည်ချက်အား ပိုမိုခိုင်မာလာစေရန် အထောက်အကူပြုသည့်အနေနှင့် အထပ်ထပ် ပဲ့ပြင်ပေးနေရာသို့ ရောက်ပေသည်။

ဤလမြတ်အတွင်း၌ ကြဲခိုင်သည်းခံစိတ် မွေးခြင်းနှင့် စည်းမျဉ်းအတိုင်း နေထိုင်သွားလာခြင်းကြောင့် ကျွန်ုပ်တို့ဘဝ၏ ရည်ရွယ်ချက်အမှန်ကို သိမြင်စေနိုင်ပြီး ဘဝရေးရာ ကိစ္စများ၌လည်း အထောက်အကူဖြစ်ပေ၏။

ဤလမြတ်သည် ကျန်သောလဆယ်တစ်လ၌ အလွှာဟ်အရှင်မြတ်၏ အလိုတော်အတိုင်း စောင့်ထိန်းနေထိုင်သွားရန် ပျိုးထောင်လေ့ကျင့်ပေးသော လလည်း ဖြစ်၏။

အခြားသော ရွှေထောင့်မှကြည့်လျှင် စွီယာမ်သီလ စောင့်ထိန်းခြင်းတွင် အစုအဝေး၌ ကြီးမားသော ထိတွေ့မှုတစ်ရပ်ရှိနေ၏။ အကြောင်းမူကား မွတ်စလင်များအဖို့ သတိမမူမိသော မိမိတို့၏ အဖြစ်သနစ်ကို ရမ်သွာန်လမြတ်၌ တစ်ညီတစ်ညွတ် ရှုမြင်သုံးသပ်မိနိုင်ခြင်းပင် ဖြစ်၏။

ဤလမြတ်သည် လူသားထုအချင်းချင်း အကြားရှိ အထူးကိုအပ်နေသော သာတူညီမျှမှုကို ပိုမိုထင်ရှားစေ၏။ လူသားထုအတွင်း၌ ညီရင်းအစ်ကိုဝါဒနှင့် မေတ္တာတရားပြည့်ဝသော စိတ်ဓါတ်များကို တစ်ဆက်တည်း ဖန်တီးပေးနိုင်၏။

ရမ်သွာန်လမြတ် တစ်လလုံး၌ မကောင်းမှုကို ဖျောက်ဖျက်ချိုးနှိမ်ထားပြီး၊ ကောင်းမှုကိုသာ ရှေ့တန်းတင်ထားသည်ဖြစ်ရာ ဤလမြတ်တစ်ခုလုံးသည် သည်းခံခြင်း၊ သန့်စင်ခြင်းနှင့် ပြည့်ဝဖုံးလွှမ်းနေသောလပင်ဖြစ်၏။

ဤကျင့်စဉ်အား လူသားတို့၏ တိုးတက်ဖွံ့ဖြိုးအတွက် တာဝန်တစ်ရပ်အဖြစ် ချမှတ်ပေးထားခြင်းဖြစ်၏။ မိမိတို့အပေါ် ချမှတ်ထားသော ဤတာဝန်ကို အပြည့်အဝ ဆောင်ရွက်ခြင်းမရှိသူ မည်သူမဆို ၎င်းတို့၏ အခြားသော တာဝန်များကိုလည်း ပြီးမြောက်အောင်မြင်အောင် ပြုလုပ်နိုင်မည် မဟုတ်ချေ။

သို့သော် အဆိုးဝါးဆုံးသော သူများသည်ကား ဤလမြတ်၌ လူမြင်ကွင်းပင် မရှောင် အစားအစာ သောက်စားကြသူတို့ပင် ဖြစ်၏။ ထိုသို့သော သူများကား မိမိတို့ကိုယ်တိုင် ဖန်ဆင်းရှင်နှင့် ကျွေးမွေးပြုစု စောင့်ရှောက်သော အရှင်ဟု ယုံကြည်ဝန်ခံထားသည့် အလွှာဟ်အရှင်မြတ်၏ အမိန့်ပညတ်ချက်ကို လုံးဝအရေးမထား ဂရုမစိုက်ကြောင်းကို သူတို့၏ အပြုအမူအားဖြင့် ဖော်ပြနေသူများသာ ဖြစ်၏။

ဤတွင်မက မိမိတို့သည် မွတ်စလင်အသိုင်းဝိုင်းမှ မဟုတ်တော့၍ ဤသို့ စောင့်ထိန်းရန်မလိုဟု ဆိုလိုရာသို့လည်း ရောက်သွား၏။ မိမိတို့အပေါ် ပေးအပ်ထားတော်မူတာဝန်နှင့် ပညတ်ချက်များကို အသိအမှတ်ပြုပြီး တတ်စွမ်းနိုင်သမျှ စောင့်ထိန်းကျပွန်သူတို့မှာ ကောင်းကျိုးနှင့် တွေ့ကြုံရမည်ဖြစ်ပြီး အထက်ပါကဲ့သို့ မသူတော်များအဖို့မူ အဆိုးဝါးဆုံးသော အဖြစ်ဆိုးများနှင့်သာ တွေ့ကြုံရမည်မှာ အထူးပင် ထင်ရှားနေ၏။

## ဇကားသိ (နိမ့်ပါးသူ အထူးထောက်ကူမှု)

တတိယတာဝန်မှာ ဇကားသ်ပင်ဖြစ်၏။ မွတ်စလင်တိုင်း သတ်မှတ်ထားသည့် အနည်းဆုံး ဝင်ငွေပမာဏရှိခဲ့လျှင် ထိုသူအပေါ်၌ သူ၏ စုစုပေါင်းဝင်ငွေအပေါ်မှ နှစ်စဉ် နှစ် နှစ်တစ်ပိုင်း ရာခိုင်နှုန်းကို ဇကားသ်အဖြစ် ပေးဆောင်ရမည်ဖြစ်၏။[၁]

ဤငွေကို ဇကားသ်ပေးထိုက်သူများ၊ အစွလာမ်ဘောင်သို့ ဝင်လာသူများ၊ လမ်းစရိတ်ပြတ်နေသော ခရီးသည်များနှင့် ကြွေးဝိုင်းဝိုင်းလည်နေသူများအား ပေးရမည်ဖြစ်၏။[၂]

အသင့်အနေဖြင့် များများမေးလေ အလ္လာဟ်အရှင်မြတ်ဘက်တော်မှ များစွာသော ချီးမြှင့်မှုကို ရလေလေပင် ဖြစ်၏။

ဇကားသ်အဖြစ် ကျွန်ုပ်တို့ ပေးဆောင်ရမည့်ငွေမှာ အလ္လာဟ်အရှင်အတွက် လိုအပ်နေ၍ သို့မဟုတ် အလ္လာဟ်အရှင်မြတ်က လက်ခံလို၍ ပေးရခြင်းမဟုတ်ချေ။ အလ္လာဟ်အရှင်သည် လိုအင်ဆန္ဒအဝဝနှင့် ကြောင့်ကျမှုအပေါင်းမှ ကင်းစင်တော်မူ၏။

အလ္လာဟ်အရှင်မြတ်သည် အလွန်တရာ မဟာကရုဏာတော်နှင့် ပြည့်စုံပြီး သနားကြင်နာမှုအပေါင်းနှင့် ပြည့်ဝတော်မူ၏။ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ ညီနောင်သားချင်းများအား ကူညီလျှင် အလ္လာဟ်အရှင်မြတ်ဘက်တော်မှ အမြောက်အများ အထူးထူး အထွေထွေသော ဆုလာဘ်တော်များကို ချီးမြှင့်တော်မူမည်ဟု ကတိပေးထားတော်မူ၏။

---

၁။ ဇကားသ်သည် ဝင်ငွေအပေါ်၌သာလျှင် ပေးရမည်မဟုတ်ချေ။ ရွှေထည်၊ ငွေထည်၊ ကျွဲ၊ နွား၊ သိုး၊ ဆိတ်များ၊ ရောင်းကုန်ပစ္စည်းများနှင့် အခြားအဖိုးတန်သော ပစ္စည်းများမှလည်း တန်ဖိုးကို တွက်ချက်၍ ပေးဆောင်ရ၏။ ဤသို့သော ပစ္စည်းများအပေါ်၌ သတ်မှတ်ထားသည့် ဇကားသ် နှုန်းထားကို 'ဖစ်ကာဟ်' ကျမ်းများ၌ ကြည့်ပါ။ ဤနေရာ၌ စာမျက်နှာကို ငဲ့ကွက်နေရ၍ အကျယ်မရှင်းလိုပါ။ ထို့ကြောင့် ဝင်ငွေပိုက်ဆံအတွက်သာ ဇကားသ်နှုန်းကို ဖျော်ပြထားပေသည်။

၂။ ဤနေရာ၌ တမန်တော်မြတ်သည် မိမိ၏ ဆွေတော်မျိုးတော်များအား ဇကားသ်ငွေကို မယူရန် တားမြစ်ပိတ်ပင်ထားခဲ့၏။ 'ဟာရှေမီ' မျိုးနွယ်များတွင် ဇကားသ်ပေးရန် တာဝန်ရှိသော်လည်း မည်မျှပင် ဆင်းရဲချို့တဲ့နေပေငြားလည်း ဇကားသ်ငွေကို စားသုံးလက်ခံရန် တာဝန်မရှိချေ။ တစ်ဦးတစ်ဒေသာက်အနေဖြင့် ဤမျိုးနွယ်ဝင်များအား ကူညီလိုသော် လက်ဆောင်ပဏ္ဏာသာ ပေးနိုင်၏။ ဇကားသ်ငွေ ပေးကမ်း၍ ကူညီခြင်းကို မပြုလုပ်နိုင်ချေ။

သို့သော် ဤကဲ့သို့ အကျိုးထူးခံစားနိုင်ရန် လိုက်နာရမည့် အခြေခံအချက်တစ်ရပ် ရှိနေပေသည်။ ဤအချက်ကား ဇကားသံပေးရာ၌ အလွှာဟ်အရှင်မြတ်၏ နာမတော်ကို တမ်းတ,ပြီး ပေးရမည့်အပြင် ဤသို့ ပေးရာ၌လည်း အကျိုးခံစားသူများထံမှ မည်သို့သော လောကီရေးကိုယ်ကျိုးကိစ္စများကိုမှ မျှော်လင့်ခြင်းမရှိရမည့်အပြင် ''လူ့အကျိုးဆောင်'' ပုဂ္ဂိုလ်ကြီးဟု နာမည်သတင်းကြီးမှုလိုကို ရည်ရွယ်၍ ပကာသနအသွင် ပေးခြင်းမျိုးလည်း မဖြစ်စေရန် အထူးလိုအပ်၏။

ဇကားသံသည်လည်း ဆွလာသံဝတ်ပြုခြင်းနှင့် စောင်မဉ္ဇပုသိသီလစောင့်ခြင်းတို့ကဲ့သို့ အီဘာဒတ်သံတစ်ရပ်ပင် ဖြစ်၏။ ဇကားသံ၏ အခြေခံကျသော် အရေးပါမှုသည် ကိုယ်ကျိုးကို ပယ်နိုင်ခြင်း၊ စွန့်လွှတ်ခြင်းနှင့် ဥစ္စာဓနပေါကြွယ်ဝခြင်း စသည့် အရည်အသွေးရှိသည့် သူများအပေါ်တွင်သာ မူတည်နေပေသည်။

အစွလာမ်သည် မိမိလိုလိုချင်ချင် ခက်ခက်ခဲခဲ ရှာဖွေထားသော အရာများကို တဒင်္ဂဘဝအတွက်နှင့် မိမိတို့ကောင်းစားရေးအတွက် မဟုတ်ဘဲ အလွှာဟ်အရှင်မြတ်၏ လမ်းတော်တွင် ပေးလှူလိုသူတို့ထံမှသာလျှင် ဤသို့သော ဇကားသံငွေကို လက်ခံတော်မူလိုပေသည်။ ကပ်စေးနဲသူများထံမှ တစ်စုံတစ်ရာမျှ မမျှော်လင့်ခဲ့ပေ။

မွတ်စလင်အစစ်အမှန် တစ်ဦးဆိုလျှင် လိုအပ်သောအခါ၌ အလွှာဟ်အရှင်မြတ်၏ လမ်းတော်တွင် မိမိတွင် ရှိသမျှ၊ ပိုင်ဆိုင်သမျှကို အကုန်အစင် တစ်ခုမကျန် ပုံချ စွန့်လှူနိုင်ရမည် ဖြစ်၏။ ဇကားသံကား ဤကဲ့သို့သော ပြည့်ဝသည့် မွတ်စလင်တစ်ဦး ဖြစ်လာရန် လေ့ကျင့်ပျိုးထောင်ပေးသည့် ကျင့်စဉ်တစ်ရပ်သာဖြစ်၏။

ဤဇကားသံသတ်မှတ်ချက်ကြောင့် မွတ်စလင်အဆောက်အအုံတွင် ကြီးစွာသော အကျိုးထူးများကို ရရှိနိုင်ပေသည်။ ငွေကြေးတတ်စွမ်းနိုင်သူတိုင်းမှာ ဇကားသံတာဝန်ကို ထမ်းဆောင်ခြင်းဖြင့် နိမ့်ကျနေသူများနှင့် ဆင်းရဲမွဲတေသော ညီနောင်သားချင်းများအား ကူညီမှုပေးရန် အထူးတာဝန်ရှိပေသည်။

မိမိ၏ စည်းစိမ်ချမ်းသာကို မိမိ၏ ဘဝသက်တောင့်သက်သာရှိမှုနှင့် စည်းစိမ်ခံစားမှုအတွက်နှင့် မိမိတစ်ဦးတည်းအကျိုးအတွက်သာ သုံးစွဲရမည်မဟုတ်ချေ။

မိမိ၏ စည်းစိမ်ဥစ္စာ ချမ်းသာသမျှကို မိမိနှင့် တစ်မျိုးတည်းဖြစ်သော မုဆိုးမများ၊ မိဘမဲ့ကလေးများ၊ ဆင်းရဲသားများ၊ ဒုက္ခိတများ၊ လုပ်ရည်ကိုင်ရည်ရှိပြီး ကောင်းမွန်သော လုပ်ငန်းတစ်ခုလုပ်ကိုင်ရန် အရင်းအနှီး လိုနေသူများအပါအဝင် မွတ်စလင်အသိုက်အဝန်းအတွက် အကျိုးပြုသူတစ်ဦးဖြစ်လာနိုင်သည့် ဉာဏ်စွမ်းဉာဏ်စ ထက်မြက်သည့် ပညာရှာဖွေ ဆည်းပူနေသူများကပါ တောင်းဆိုပိုင်ခွင့် ရှိနေကြောင်းကို အစဉ် နှလုံးမူသင့်ပေသည်။

သူ၏ စည်းစိမ်ချမ်းသာအပေါ်၌ အခွင့်တာဝန်ရှိနေသော သူ့အသိုက်အဝန်းမှ လူများကို အသိအမှတ်မပြုဘဲ လစ်လျူရှုထားလျှင် အကယ်စင်စစ် ဤလူမှာ အလွန်တရာ ရက်စက်သူသာ ဖြစ်ပေသည်။

အလုပ်အကိုင်မဲ့ပြီး ဆင်းရဲဒုက္ခကြီးစွာ ရောက်နေသော သူများနှင့် ငတ်မွတ်ခေါင်းပါးမှုဒဏ်ကြောင့် သေကြေပျက်စီးရသော ထောင်ပေါင်းများစွာသော သူများ၏ ဘေးဒုက္ခ

ကို မကြည့်ဘဲ မိမိတစ်ကိုယ်တည်း ကောင်းစားရေးနှင့် မိမိဘဏ္ဍာတိုက် ပြည့်တင်းရေးကို သာ ကြည့်တတ်သူထက် ပိုမိုဆိုးဝါး ရက်စက်ကြမ်းကြုတ်သူကား မရှိပေ။

အစွလာမ်သည် ဤကဲ့သို့ တစ်ကိုယ်ကောင်းဆန်မှု၊ လောဘအလိုရမ္မက်ကြီးမှုနှင့် မိမိကိုယ်ကျိုးချမ်းသာ ကြီးပွားကိုသာ ရှာကြံမှုကို အဓိကတိုက်ဖျက်ခဲ့၏။

မယုံကြည်သူများနှင့် ကိုယ်ချင်းစာတရားနှင့် မေတ္တာတရားစိတ်ကို ရှေ့တမ်း မတင်တတ်သည့်သူများကား စည်စိမ်ချမ်းသာကိုသာ မျက်ခြေမပြတ် ကြည့်ရှုနေတတ်ပြီး ကြီးပွားသထက် ကြီးပွားအောင် ဤဥစ္စာများကို အရင်းပြုပြီး အတိုးငွေယူခြင်းဖြင့် ချေးငှားတတ်ကြ၏။

အစွလာမ့်သင်ကြားချက်များသည် ဤအချက်များနှင့် အထူးပင် ဆန့်ကျင်နေ၏။ အစွလာမ်က လူတစ်ဦးတစ်ယောက်အနေဖြင့် မိမိပိုင် စည်းစိမ်ချမ်းသာကို အခြားသူများအား ခွဲဝေပေးခြင်းဖြင့် အခြားသောသူများကို ကိုယ့်ခြေပေါ်၌ ကိုယ်ရပ်တည်နေထိုင်သွားရန်နှင့် မိမိအသိုက်အဝန်းတွင် စီးပွားဥစ္စာ ဖွံ့ဖြိုးသော အခြေအနေ တည်တံ့သောသူတစ်ဦးဖြစ်လာစေရန် ကူညီထောက်ပံ့မှုပြုသွားရန် အဓိက ဦးတည်ထားပေသည်။

## ဟဂျ် ကမ္ဘာ့မွတ်စလင် ညီလာခံကြီး

ဟဂ်ျ သို့မဟုတ် မက္ကာဟ်သို့ ခရီးထွက်ခြင်းသည် စတုတ္ထအခြေခံ အိဘာဒတ် တစ်ခုပင် ဖြစ်၏။ ဤတာဝန်မှာ ငွေကြေးတတ်စွမ်းနိုင်သူတို့အဖို့ တစ်သက်တွင် ဒနည်း ဆုံးတစ်ကြိမ်မျှ မပြုမနေရ တာဝန်ဖြစ်၏။

မက္ကာဟ်မြို့တွင် တမန်တော် အစ်ဗရာဟီးမ်က အလ္လာဟ်အရှင်အား ဝတ်ပြုရန် ဆောက်လုပ်ထားသော ကျောင်းတော်အဆောက်အအုံတစ်ခု ရှိ၏။

အလ္လာဟ်အရှင်သည် သူ့အား ဂုဏ်ပြုသောအားဖြင့် ဤကျောင်းတော်အား ''အလ္လာဟ်၏ အိမ်တော် '' (ဘိုင်တုလ္လာဟ်) ဟု ခေါ်ဝေါ်ခဲ့သည်သာမက နမာဇ်ဝတ်ပြုသူတိုင်းအား ဤကျောင်းတော်ရှိရာဘက်သို့ မျက်နှာမူ၍ ဝတ်ပြုစေခဲ့၏။

ထို့ပြင် တစ်သက်တွင် တစ်ကြိမ်တစ်ခါမျှဖြစ်စေ ငွေကြေးတတ်နိုင်သူတို့အား ဤကျောင်းတော်ရှိရာသို့ သွားရန် တာဝန်တစ်ရပ်အဖြစ် သတ်မှတ်ပေးထား၏။ ဤမက္ကာမြို့သို့ အလည်အပတ်ခေါ်ခြင်းသည် ရိုသေမှုအတွက် ခေါ်ဆိုခြင်း မဟုတ်ပေ။ ဤခရီးစဉ်တွင်ပင် ဝတ်ပြုပုံနည်းစနစ်များနှင့် အခြေအနေအရပ်ရပ်တို့ ရှိနေပေသည်။

ဤကျင့်စဉ်များက ကျွန်ုပ်တို့အား မေတ္တာတရားနှင့် ကိုယ်ချင်းစာတရားကို ပွားများရန်နှင့် ကိုယ်ကျင့်တရား ကောင်းမွန်ရေးအတွက် အထပ်ထပ် ပံ့ပြင်ပေးလျှက် ရှိပေသည်။ ဟဂ်ျပြုနေသောအခါ ကျွန်ုပ်တို့အနေဖြင့် ကာမဂုဏ် စိတ်ဆန္ဒ အပျော်အပါးများကို ချိုးနှိမ်ဖျောက်ဖျက်ထားရသလို သွေးထွက်သံယိုမှု (အမဲလိုက်ခြင်း) များကို ချုပ်တည်းထားရပြီး အပြုအမူ အနေအထိုင် စကားအပြောအဆိုမှအစ ကောင်းရာမွန်ရာ

စကားကိုသာ ပြောကြားရပြီး စင်စင်ကြယ်ကြယ် နေရ၏။ ကျွန်ုပ်တို့၏ ရိုးဖြောင့်မှန်ကန်စွာ နေမှုနှင့် ကျိုးနွံစွာ နေခြင်းတို့အတွက် အလွှာဟ်အရှင်မြတ်က ချီးမြှင့်မှုပြုတော်မူမည်ဟု ကတိပေးထားလေသည်။

''ဟဂျ်'' ကမ္ဘာမွတ်စလင် ညီလာခံ ခရီးထွက်ခြင်းသည် အိဘာဒတ်များအနက် အကြီးမားဆုံးသော လမ်းစဉ်တစ်ရပ်တွင် ပါဝင်နေပေသည်။ လူသားတစ်ဦးအနေဖြင့် အလွှာဟ်အရှင်မြတ်အပေါ်၌ တကယ်တမ်း မြတ်နိုးချစ်ခင်မှုမရှိခဲ့လျှင် သားတကွဲ မယားတကွဲ ခင်မင်ရင်းနှီးသူများနှင့် သံယောဇဉ်များကို ဖြတ်တောက်ပြီး ဤကဲ့သို့ ခရီးရှည်ကြီးကို ထွက်လိမ့်မည်မဟုတ်ချေ။

ဤကား ဟဂျ်ပြုခြင်းသည် အခြားသော ခရီးရှည်ထွက်ခြင်းပုံစံနှင့် မတူသည့် အချက်ပင်ဖြစ်၏။ ဤနေရာ၌ ဟဂျ်ပြုသူ၏ စိတ်အာရုံတွင် အလွှာဟ်အရှင်သည်သာ အစဉ်လွှမ်းမိုးလျက်ရှိ၏။ သူ၏ စိတ်အလျှဉ်တွင် အလွှာဟ်အရှင်မြတ်အပေါ် စွဲလမ်းမှုသည်သာ တဖျတ်ဖျတ် လှုပ်ခါလျက်ရှိနေ၏။

မိမိကိုယ်ကို အလွှာဟ်အရှင်မြတ်အပေါ်၌သာလျှင် သစ္စာပြုအပ်နှံထားလျက်ရှိနေ၏။ ကာအ်ဘာကျောင်းတော်သို့ ရောက်သောအခါ၌ ကိုယ်ကျင့်တရား ကိုယ်ချင်းစာနာတရားနှင့် ဘာသာတရား ကြည်ညိုမှုများ ဖုံးလွှမ်းနေသည်ကို တွေ့ရ၏။ ဤခရီးစဉ်၌ အစွလာမ်၏ မြင့်မြတ်သော ကျက်သရေဆောင် သာသနိက အဆောက်အအုံများရှိရာ ဌာနများသို့ပါ တစ်ဆက်တည်းသွားရောက်ရ၏။

ဤသို့သော နေရာများသို့ ရောက်သည့်အခါတိုင်း သူ၏ စိတ်အလျှဉ်၌ ဤအရာများသည် မပျောက်မပျက် စွဲထင်ကျန်ရစ်ခဲ့ပေသည်။

ဤခရီးစဉ်၌ ဆင့်ခဲ့ခဲ့သည့် မွတ်စလင်တိုင်းအဖို့ အခြားသော အိဘာဒတ်များမှာကဲ့သို့ပင် အကျိုးထူးများ မြောက်မြားစွာ ရှိနိုင်ပေသည်။ မက္ကာမြို့တော်ကြီးသည် ကမ္ဘာမွတ်စလင်ထုအဖို့ တစ်နှစ်တစ်ကြိမ် တစ်စုတစ်ဝေးတည်း လာရောက်စုရုံးရာ ဌာနကြီးဖြစ်ပြီး ကမ္ဘာမွတ်စလင် အသီးသီး၏ အရေးပါလှသည့် အမျိုးမျိုးသော အခြေအနေအရပ်ရပ်ကို တွေ့ဆုံ နှီးနှောရာ ကွန်ဖရင့် ညီလာခံကြီးပမာလည်း ဖြစ်၏။

မွတ်စလင်အချင်းချင်း သာတူညီမျှ တစ်တန်းတစ်စားတည်းသာ ဖြစ်သည်ဟူသော ယုံကြည်ချက်နှင့် အချင်းချင်း ဒေသစွဲ၊ လူမျိုးစွဲ၊ ယဉ်ကျေးမှုစွဲကို အလေးမထားဘဲ ကိုယ်ချင်းစာတရား၊ မေတ္တာတရားများ ပွားများသင့်ကြောင်းကို ဖန်တီး အားသစ်လောင်းပေးသော ကျင့်စဉ်ကြီးလည်းဖြစ်၏။ ဤနည်းအားဖြင့် ဟဂျ်ကျင့်စဉ်ကြီးက ကမ္ဘာပေါ်ရှိ မွတ်စလင်တိုင်းအား စည်းလုံးညီညွတ်စေပြီး တစ်မိသားစုမှ ပေါက်ဖွားလာသော ညီရင်းအစ်ကိုများပမာ ညီနောင်သားမျိုးစိတ်ခါတ်ကို ရရှိစေနိုင်၏။

❋ ❋ ❋ ❋

## ဂျီဟာဒ် အစွလာမ်ကို ထိန်းသိမ်းကာကွယ်ခြင်း

အစွလာမ်အတွက် ကာကွယ်ခြင်းသည် ဘာသာရေးအခြေခံ အချက်တစ်ရပ် မဟုတ်ဟူ၍ကား မဆိုနိုင်ပါ။ ကျမ်းတော်မြတ်ကုရ်အာန်နှင့် ဟဒီးဆ်တော်များ၌ ဤအချက်၏ အရေးပါမှုနှင့် လိုအပ်ပုံကို ထပ်ခါတလဲလဲ အလေးအနက် မိန့်ကြားထားပေသည်။ ဤအချက်သည်လည်း အစွလာမ်အား အပြည့်အဝယုံကြည်သူများ ဟုတ်မဟုတ် ကျွန်ုပ်တို့၏ ဖြောင့်မတ်မှန်ကန်မှုကို စမ်းသပ်သည့် အမြုံတေတစ်ပါးပင်ဖြစ်၏။

ကျွန်ုပ်တို့၏ မိတ်ဆွေဟု သတ်မှတ်ထားသူတစ်ဦးအား ၎င်း၏ရန်သူက တိတ်တဆိတ်ဖြစ်စေ၊ ပြောင်ပြောင်တင်းတင်းဖြစ်စေ၊ စော်ကားမော်ကား ပြုလုပ်နေခြင်းကို ကာကွယ်ပေးခြင်းမပြုခဲ့လျှင် ကိုယ်ကျိုးငဲ့ပြီး တသီးတခြားနေခဲ့လျှင် မိတ်ဆွေ၏ ကောင်းရာကောင်းကျိုးကို မပြုခဲ့လျှင် ကျွန်ုပ်တို့သည် စင်စစ်၌ မိတ်ဆွေယောင်ဆောင်နေခြင်းသာ ရောက်ပေမည်။

ထိုနည်းတူစွာ ကျွန်ုပ်တို့အနေဖြင့် အစွလာမ်အား ယုံကြည်ပါသည်ဟု ဝန်ခံချက်ပေးထားလျှင် အစွလာမ်ထွန်းကား ပျံ့နှံ့ရေးအတွက် အထောက်အကူပြုရမည်သာမက ဂုဏ်ယူဝင့်ကြွားစွာနှင့် အစွလာမ်အား ကာကွယ်စောင့်ရှောက်သွားရမည် ဖြစ်၏။ ကျွန်ုပ်တို့အနေဖြင့် မိမိတစ်ကိုယ်တည်း ကောင်းစားရေးကို ဘေးဖယ်ပြီး မွတ်စလင်အများစု၏ ကောင်းကျိုးနှင့် အစွလာမ်သာသနာ၏ ဝန်တိုရှေ့တန်းတင်နိုင်စိတ် မွေးရန် အထူး အရေးကြီးပေသည်။

**ဂျီဟာဒ်** ။ ။ 'ဂျီဟာဒ်' သည် အစွလာမ်အား ကာကွယ်မှု၌ အပါအဝင်ဖြစ်သော ကာကွယ်မှုတစ်ရပ်ပင် ဖြစ်၏။ ဂျီဟာဒ်ဟူသည် ''သူတထူး၏အရေးကို အစွမ်းကုန်ကြိုးပမ်းခြင်း'' ကို ဆိုလိုပေသည်။ လူတစ်ဦးတစ်ယောက်သည် မိမိ၏ အသက်ခန္ဓာသို့မဟုတ် စည်းစိမ်ချမ်းသာကိုပါ အလွှာဟ်အရှင်၏ လမ်းစဉ်ပေးတွင် စွန့်လွှတ်ပေးအပ်ခဲ့သုံးစွဲခဲ့လျှင် ဂျီဟာဒ်ပင်ဖြစ်၏။

သို့သော် ရှုရီအတ်လမ်းစဉ်အရမူ ဤစကားရပ်သည် အလွှာဟ်အရှင်မြတ်အတွက် သက်သက်ရည်ရွယ်ပြီး အစွလာမ်ကို မကောင်းပြု ကျူးကျော်စော်ကားလာသည့် အစွလာမ်၏ ရန်သူများကို ချေမှုန်းတိုက်ခိုက်ရန် ခုခံစစ်ဆင်နွှဲခြင်းကိုလည်း ဆိုလိုပေသည်။ မွတ်စလင်တိုင်းတွင် ဤကဲ့သို့ အသက်ကိုပင် မငဲ့ကွက်ဘဲ စွန့်လွှတ်ရဲသည့် ယင်းကဲ့သို့ မွန်မြတ်သည့် စွန့်လွှတ်မှုမျိုးကို ဆက်ခံရယူထားရပေမည်။

မည်သို့ဆိုစေကာမူ မွတ်စလင်များအနက် သီးခြားလူတစ်စု ဂျီဟာဒ်တွင် ဝင်ရောက်ဆင်နွှဲရန် တောင်းခံလာလျှင် မွတ်စလင်ထုတစ်ရပ်လုံးအပေါ်၌ ဤတာဝန်မှာ လွတ်ငြိမ်းကင်းလွတ်သွားပြီ ဖြစ်၏။ သို့သော် မည်သူတစ်ဦးတစ်ယောက်မျှ ဂျီဟာဒ်အတွက် မထွက်ပေါ်လာလျှင်မူ အားလုံးပင် အပြစ်ထိုက်၏။

ဤလိုက်လျောမှုသည် အစွလာမ်နိုင်ငံတစ်နိုင်ငံ၏ နိုင်ငံသားတိုင်းကို အခြားမွတ်စလင်မဟုတ်သည့် အင်အားစုများက တိုက်ခိုက်လာသည့်အခါမျိုးတွင်မူ အထက်ပါ

ကဲ့သို့ ခွင့်ပြုချက် အလျော့ပေးမှုမျိုး မရှိတော့ချေ။ ထိုအကြောင်းကြောင့် ထိုအခါမျိုးတွင် လူတိုင်းအပေါ်၌ ဂျိုဟာဒ်အတွက် ရှေ့တန်းသို့ ထွက်တိုက်ရန် တာဝန်က မုချရှိလာပေသည်။

ဤနိုင်ငံအနေဖြင့် ရန်သူ၏ တိုက်ခိုက်မှုကို တွန်းလှန်တိုက်ခိုက်ရန် အင်အား နည်းနေခဲ့လျှင် အိမ်နီးချင်းမွတ်စလင်နိုင်ငံများကပါ ဝင်ရောက် ပါဝင်ကူညီ တိုက်ခိုက်ပေး ရပေမည်။ ဤအဆင့်ထိတိုင် အရှုံးနှင့် ရင်ဆိုင်နေရသေးသည်ဆိုပါက တစ်ကမ္ဘာလုံးရှိ မွတ်စလင်တိုင်းက ဤရန်သူများအား တိုက်ခိုက်ရပေမည်။

ဤအချက်များကြောင့် ဂျိုဟာဒ်သည်လည်း ဆွလားသ်ဝတ်ပြုခြင်းနှင့် စွီယာမ် ဥပုသ်သီလ စောင့်ထိန်းခြင်းတို့ကဲ့သို့ပင် အရေးပါလှသည့် မွတ်စလင်တို့၏ တာဝန်တစ်ရပ်ပင် ဖြစ်ပေသည်။ ဤတာဝန်ကို ရှောင်ဖယ်သူသည် အပြစ်ဒုစရိုက်ရှိသူပင် ဖြစ်၏။

ထိုသူ၏ မိမိမွတ်စလင်ပါဟု ကြွေးကြော်ချက်သည်လည်း သံသယရှိစရာ ဖြစ်လာရ၏။ သူသည် ဂိုးသားဖြောင့်မတ်မှု စမ်းသပ်ချက်၌ ရှုံးနိမ့်သူဖြစ်၍ သူ၏ အိဘာဒတ် နှင့် ဆွလားသ် ဝတ်ပြုမှုအားလုံးပင် အယောင်ဆောင်မျှသာဖြစ်ပြီး ကြောင်သူတော် တစ်ဦးသာလျှင် ဖြစ်ချေ၏။ သူ၏ သစ္စာခံချက်ကား အနှစ်မရှိ တန်ဖိုးမဲ့လှချေ၏။

# အခန်း (၆)

# ဒီ(နှ်) နှင့် ရှရီအတ်

ယခု ဒီန် သို့မဟုတ် ဖိကာဟ်၏ အခန်းကဏ္ဍသို့ ရောက်လာပြီဖြစ်၏။ တမန်တော်မြတ်မုဟမ္မဒ် (ﷺ) ၏ ရှရီအတ်လမ်းစဉ်ကို ဆက်လက်ဆွေးနွေးကြမည် ဖြစ်၏။ သို့သော် ဤအကြောင်းကို မဆွေးနွေးမီအလျင် ဒီန်နှင့် ရှရီအတ်၏ ခြားနားချက်ကို အရင်းရှင်ပြမှသာ ပိုမိုသင့်မြတ်ပေမည်။

## ဒီန်နှင့် ရှရီအတ် ခြားနားချက်

ပြီးခဲ့သောအခန်းများ၌ ခေတ်အသီးသီး၌ တစ်ပါးပြီးတစ်ပါး တစ်ဆူပြီးတစ်ဆူ ပွင့်ပေါ်ခဲ့ကြသည့် တမန်တော်တိုင်းသည် အစွလာမ်ကို ပို့ချဟောကြားခဲ့ကြောင်းကို ဆွေးနွေးခဲ့ပြီးဖြစ်၏။ ဤအချက်သည် အလွန်အခြေခံကျသော အချက်ပင်ဖြစ်၏။

သူတို့သည် အစွလာမ်တရားတော်ကို ဟောကြားပို့ချခဲ့ရာ ထိုပို့ချချက်၌ အလွှာဟ်အရှင်မြတ်၏ ဂုဏ်တော်များကို ယုံကြည်ရန် တရားစီရင်တော်မူသည့် နေ့တော်ကြီးကို ယုံကြည်ရန် တမန်တော်များနှင့် ကျမ်းစာများကို ယုံကြည်ကြရန် အချက်များ ပါဝင်ပြီး အလွှာဟ်အရှင်မြတ်၏ အမိန့်တော်ကို ကျိုးနွံစွာ လိုက်နာသွားခြင်းဖြင့် လူ့ဘဝတွင် အကျိုးရှိရှိ နေထိုင်သွားကြရန်တို့ကို မိန့်ဆိုထားပေသည်။

ဤသည်ပင် အလ်ဒီန်သည် မည်သို့ ဖွဲ့စည်းထားကြောင်းနှင့် တမန်တော်များ၏ ယေဘူယျသင်ကြားချက်များပင် ဖြစ်၏။

ဤဒီန်အပြင် ရှရီအဟ် သို့မဟုတ် ပြုမူကျင့်ကြံရန် နည်းဥပဒေသ အသေးစိတ် သို့မဟုတ် ဝတ်ပြုပုံဝတ်ပြုနည်းစနစ်များနှင့် လမ်းညွှန်များ ပါဝင်သည့် စံကျမ်းဂန်များ။ ဘဝနှင့် ကိုယ်ကျင့်တရားဆိုင်ရာ စာရိတ္တအဆင့်အတန်းများ။ ခွင့်ပြုထားသည့် သတ်မှတ်ထားသည့် ဥပဒေသများနှင့် အမှားအမှန်ကို ခွဲခြားပေးသည့် ဥပဒေသများ ရှိနေပေသေးသည်။

တမန်တော်တိုင်းသည် တူညီသော ဒီန်ကိုသာ တင်ပြခဲ့သော်လည်း အထက်ပါ စံကျမ်းကန်ဥပဒေသများကို ပြင်ဆင်မှုအမျိုးမျိုး ပြုခဲ့ပြီး ထိုတမန်တော်သည် မိမိ၏ အမျိုးသားများနှင့် မိမိခေတ်အခါ၏ ပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေမှု ရှိသည့် ယခင်တမန်တော်၏ ရှရီအတ်နှင့် ကွဲလွဲသော ရှရီအတ်အသစ်ကို ဆောင်ယူလာခဲ့၏။ ခေတ်အသီးသီးရှိ လူမျိုးအဖုံဖုံ၏အကြား၌ ပိုမိုကောင်းမွန်မြင့်မားသော ယဉ်ကျေးမှု ထွန်းကားရန်နှင့် ပိုမိုကောင်းမွန်မြင့်မြတ်သော ကိုယ်ကျင့်တရား စာရိတ္တမဏ္ဍိုင်ကို ရရှိစေရန် သင်တန်းအဖြစ် ရည်ရွယ်ခဲ့သော လုပ်ငန်းစဉ်ပင်ဖြစ်၏။

ဤကဲ့သို့ ပိုမိုကောင်းမွန်အောင် အဆင့်ဆင့်မွမ်းမံ ပြင်ဆင်ခဲ့သော လုပ်ငန်းကြီးသည် နောင်ခေတ်အဆက်ဆက်ရှိ လူသားအားလုံးအတွက် နောက်ဆုံးဥပဒေသကြီးကို ယူဆောင်လာခဲ့သည့် နောက်ဆုံးတမန်တော်မြတ်ကြီး မုဟမ္မဒ် (ﷺ) ပွင့်ပေါ်လာသော အချိန်ကျမှ ဆုံးခန်းတိုင်ခဲ့ပေသည်။

ဒီန်မူကား အပြောင်းအလဲမရှိတဲ့ ဆက်လက်တည်ရှိနေခဲ့၏။ သို့သော် ယခုအခါတွင် ရှေးယခင်က ရှရီအတ်ကျင့်စဉ်များမှာ တမန်တော်မြတ် ပို့ချခဲ့သည့် ရှရီအတ်တရားတော်၌ အကုန်အစင် အပြည့်အစုံ ပါရှိနေချေပြီဖြစ်၏။

ဤကား အဆင့်ဖြင့် ပြင်ဆင်မွမ်းမံခဲ့သည့် သင်တန်းကြီး၏ အန္တိမအဆုံးစွန်သော အဆင့်ဖြစ်သလို လူ့သမိုင်းခေတ်သစ်၏ အရုဏ်ဦးလည်း ဖြစ်ပေသည်။

## ရှရီအတ်၏ အရင်းခံများ

တမန်တော်မြတ်မုဟမ္မဒ် (ﷺ) ၏ ရှရီအတ်ကျင့်စဉ်များကို နားလည်ရန် အရင်းခံအကျဆုံးနှင့် အဓိကအကျဆုံး အချက်နှစ်ရပ်မှာ ကုရ်အာန်နှင့် ဟဒီးဆ်တို့ပင် ဖြစ်၏။ ကုရ်အာန်ကား ကောင်းကင်ကျလမ်းညွှန် ပို့ချချက်ပင်ဖြစ်ပြီး စကားလုံးတိုင်း၊ စကားလုံးတိုင်းသည် အလ္လာဟ်အရှင်မြတ်၏ ထံတော်မှသာ ဖြစ်၏။

ဟဒီးဆ်မူကား နောက်ဆုံးတမန်တော်မြတ်ကြီး၏ သြဝါဒအပြုအမူ အနေအထိုင်တို့ကို တမန်တော်မြတ် သက်တော်ထင်ရှားရှိစဉ်က သူနှင့်အတူတကွ နေထိုင်ခဲ့သည့် စွဲဖာဗာအပေါင်းအသင်းများ သို့မဟုတ် ထိုမျက်မြင်တွေ့သူများ၏ ပြောပြချက်ကို တစ်ဆင့်ကြားသိခဲ့သူများက မှတ်တမ်းများအဖြစ် တမန်တော်မြတ်၏ ညွှန်ကြားချက်များကို စုဆောင်းရေးသားပြီး စောင့်ရှောက်ထိန်းသိမ်းထားသည့် အချက်များပင် ဖြစ်၏။

ဤသြဝါဒတော်များကို နောက်ပိုင်းတွင် အပြီးသတ် စစ်ဆေးရွေးချယ်ပြီး ကျမ်းစာကြီးများအဖြစ် ပြုစုထား၏။ ဤသြဝါဒတော်များကို စုဆောင်းကျမ်းပြုသူများအနက် အီမာမ်မာလစ်က်၊ အီမာမ်ဗုခါရီ၊ အီမာမ်မွတ်စလင်၊ တိရ်မိဇီ၊ အဘူဒါဝူဒ်၊ နစာအီနှင့် အစ်ဗနေမာဂျာတို့၏ ကျမ်းများမှာ အခိုင်လုံဆုံးနှင့် အစစ်အမှန်ဆုံး ဟူ၏။

**ဖိကာဟ် ။** ။ လူ့ဘဝတစ်လျှောက်လုံး၌ ကြုံတွေ့ရသည့် ပြဿနာပေါင်း သောင်းခြောက်ထောင်၏ အဖြေများကို ကုရ်အာန်နှင့် ဟဒီးဆ်တော်များကို ကိုးကားပြီး အသေး

စိတ် ဥပဒေသများမှအစ တစ်ခုမကျန် အတိတ်ခေတ်အချို့သော ဓမ္မသတ်ပညာရှင်ကြီးများက ကျမ်းအဆူဆူပြုစုထားခဲ့ကြ၏။

ထိုပုဂ္ဂိုလ်ကြီးများသည် သူတို့၏ဘဝတစ်ခုလုံးအား ကုရ်အာန်နှင့် ဟဒီးဆ်အပေါ် ကျွမ်းကျင်နိုင်နင်းစွာ သိရှိနားလည်ရေးဘက်တွင် ပုံအပ်မြုပ်နှံခဲ့ပြီး မွတ်စလင်တိုင်းအဖို့ မိမိတို့နေ့စဉ် ကြုံတွေ့နေရသည့် ကိစ္စအဝဝ၌ ရှရီအတ်တရားတော်နှင့်အညီ လွယ်လွယ်ကူကူ နေထိုင်သွားနိုင်ရေးအတွက် လွယ်ကူအောင် ပြုပေးခဲ့သူများဖြစ်သဖြင့် မွတ်စလင်တိုင်းက ထာဝစဉ် ကျေးဇူးတင်ရှိနေရသည့် ပုဂ္ဂိုလ်ကြီးများပင် ဖြစ်၏။

ထိုပုဂ္ဂိုလ်ကြီးများ၏ ကျေးဇူးကြောင့်သာလျှင် ကမ္ဘာပေါ်ရှိ မွတ်စလင်များမှာ မိမိတို့အနေဖြင့် ကုရ်အာန်တစ်ကြောင်း၊ ဟဒီးဆ်ဩဒါဒတော်တစ်ခုကိုသော်မှ အမှန်အကန် အစစ်အမှန်အတိုင်း အနက်အဓိပ္ပာယ် မကောက်နိုင်စေကာမူ ဘာသာရေးလုပ်ငန်းများ၌ ရှရီအတ်လမ်းစဉ်ကို လွယ်လွယ်ကူကူနှင့် လိုက်နာသွားနိုင်ခဲ့ကြပေသည်။

အစပထမပိုင်းတွင် ဘာသာရေးရှေ့ဆောင်ပုဂ္ဂိုလ် အတော်များများကား ဤလုပ်ငန်းစဉ်ကြီးကို ကြိုးပမ်းလုပ်ကိုင်ကြသော်လည်း ယခုအခါ အိမာမ်ကြီးလေးပါး၏ အယူအဆကသာလျှင် ရှင်သန်ကျန်ရစ်ခဲ့ပေသည်။ ၎င်းတို့မှာ[၁]

၁။ **ဖိကာအိဟနဖီ** ။ ။ ဤဖိကာဟ်ကျမ်းကို အဘူဟနီဖာ နုမန် ဗင် သာဗစ်က အဘူယူစုဖ်၊ မုဟမ္မဒ်၊ ဇုဖရ်နှင့် အခြားသောသူများ၏ အကူအညီ အထောက်အကူဖြင့် ပူးပေါင်းပြုစုခဲ့ခြင်း ဖြစ်၏။ အားလုံးပင် သူတို့၏ ယုံကြည်ချက်အတိုင်း မြင့်မားသော ဘာသာရေး ကြိုးပမ်းမှုများကို ပြုခဲ့ကြသူများဖြစ်၏။ ဤကျမ်းကို ဟနဖီ ဓမ္မသတ်ကျမ်းဟု လူသိများ၏။

---

၁။ ဖိကာဟ်ကျမ်းကြီးများ ပြုစုခဲ့သော အချိန်အခါနှင့် လက်ရှိအခြေအနေအရပ်ရပ်မှာ အောက်ပါအတိုင်း ဖြစ်၏။

အဘူဟနီဖာ နုမန်သာဗစ်သည် ဟီဂျရီ (၈၀) ခုတွင် မွေးဖွားခဲ့ပြီး ဟီဂျရီ ၅၀ (အေဒီ ၇၆၇) တွင် ကွယ်လွန်ခဲ့၏။ ဤဖိကာဟ်ဓမ္မသတ်ကို လက်ခံသူပေါင်း ကမ္ဘာပေါ်တွင် သန်းပေါင်းသုံးရာလေးဆယ်နီးပါးရှိပြီး တူရကီ၊ ပါကစ္စတန်၊ ဗာရက်၊ အာဖဂန် နစ္စတန်၊ ထရန်စ် ဂျော်ဒန်၊ အင်ဒိုချိုင်းနား၊ တရုတ်ပြည်နှင့် ဆိုဗီယက်တို့တွင် ပိုမိုများ၏။

မာလစ်ဂ် ဗင် အနပ်စ် အာစ်ဗဟီမှာ ဟီဂျရီ ၉၃ ခုနှစ်၊ (အေဒီ ၇၁၄) တွင် ဖွားမြင်ခဲ့ပြီး ဟီဂျရီ ၁၆၉ ခုနှစ်၊ (အေဒီ ၇၇၈) ခုနှစ်တွင် ကွယ်လွန်ခဲ့၏။ ကမ္ဘာပေါ်တွင် ဤဓမ္မသတ်ကို လိုက်နာသူပေါင်း လေးဆယ့်ငါးသန်းရှိပြီး အများအားဖြင့် မော်ရိုကို၊ အယ်လ်ဂျီးရီးယား၊ တူနီးရှား၊ ဆူဒန်၊ ကူဝိတ်နှင့် ဘာရိန်းတို့တွင် ဖြစ်၏။

မုဟမ္မဒ် ဘင် အီဒရိုးစ် အလ်ရှာဖိအီမှာ ဟီဂျရီ ၁၅၀၊ (အေဒီ ၇၆၇) ခုနှစ်မှာ မွေးဖွားခဲ့ ပြီး ဟီဂျရီ ၂၄၀၊ (အေဒီ ၈၅၄) တွင် ကွယ်လွန်ခဲ့၏။ ဤဓမ္မသတ်ရှင်၏ နောက်လိုက်များမှာ သန်းပေါင်းတစ်ရာနီးနီးရှိပြီး အထူးသဖြင့် ပါလက်စတိုင်း၊ လီဘာနွန်၊ အီဂျစ်၊ အီရတ်၊ ဆအူဒီ အာရေးဗီးယား၊ ယီမင်၊ မလေးရှားနှင့် အင်ဒိုနီးရှားတို့တွင် ပိုမိုများပြား၏။

အဟ်မဒ်ဘင် ဟန်ဘလ်မှာ ဟီဂျရီ ၁၆၄ ခုနှစ်၊ (အေဒီ ၇၈၀) တွင် မွေးဖွားခဲ့ပြီး ဟီဂျရီ ၂၄၁ ခုနှစ်၊ (အေဒီ ၈၅၅) တွင် ကွယ်လွန်ခဲ့၏။ ဤဓမ္မသတ်ရှင်ကို လက်ခံသူ သန်းသုံးဆယ်ရှိ၏။ အထူးသဖြင့် ဆူအူဒီ အာရေးဗီးယား၊ လီဘာနွန်နှင့် ဆီးရီးယားတို့တွင် ဖြစ်၏။

၂။ **ဖိကာအီ မာလိကီ** ။ ။ မာလစ်က် ဘင် အနပ်စ် အာစ်ဘဟီ ပြုစုခဲ့သော ဖိကာဟ်ကျမ်းကြီးဖြစ်၏။

၃။ **ဖိကာအီ ရှာဖိအီ** ။ ။ မုဟမ္မဒ် ဘင် အီးဒရိုစ် အလ်ရှာဖိအီ ပြုစုခဲ့သော ဖိကာဟ်ဖြစ်၏။

၄။ **ဖိကာအီ ဟန်ဘလီ** ။ ။ အဟ်မဒ် ဘင် ဟန်ဘလ်က တည်ထောင်ခဲ့ခြင်းဖြစ်၏။

တုမန်တော်မြတ်လက်ထက်မှသည် နှစ်ပေါင်းနှစ်ရာအတွင်းတွင် ဤကျမ်းစာကြီး အားလုံးပင် အပြည့်အစုံဆုံး အနေအထားသို့ ရောက်ရှိခဲ့ခြင်းဖြစ်၏။ ဓမ္မသတ်ရှင်ကြီးလေးပါးအကြား၌ ကွဲလွဲမှုများ ပေါ်ပေါက်ခဲ့ရခြင်းမှာလည်း အမှန်တရားအပေါ် ရှုထောင့်အမျိုးမျိုး ရှိနေကြ၍ ဖြစ်၏။

ဓမ္မသတ်လေးရပ်တွင် ကွဲလွဲမှုများ ရှိနေခြင်းကား သဘာဝတရားတစ်ခုပင်ဖြစ်ပြီး အမှန်တရားကို အခြေခံပြီး ထွက်ပေါ်လာသော အမှန်တရားဘောင်ကို မကျော်သည့် ကွဲလွဲမှုများသာဖြစ်၏။ အဖြစ်အပျက်တစ်ရပ်အား အနက်ယူရာ၌ ပုဂ္ဂိုလ်အသီးသီးအနေဖြင့် မိမိတို့၏ ကိုယ်ပိုင်ပညာအလင်းဖြင့် ရှင်းလင်းကောက်ယူခဲ့ကြခြင်းသာ ဖြစ်၏။

ဤအမျိုးမျိုးသော ဓမ္မသတ်များတွင် ဖော်ကျူးထားချက်များက ယင်းဓမ္မသတ်များကို ပြုစုသွားခဲ့ကြသည့် လေးစားအပ်သော ပုဂ္ဂိုလ်မြတ်ကြီးများ၏ အစွန်းအထင်းကင်းမှု၊ သဘောထားပြည့်ဝမှုနှင့် စစ်မှန်မှုကို ဖော်ပြနေပေသည်။

ထို့ကြောင့် မည်သည့်ဂိုဏ်းဝင်မွတ်စလင်မဆို ယင်းဓမ္မသတ်လေးခုစလုံး မှန်ကန်ပါသည်ဟု တစ်ညီတစ်ညွတ်တည်း ထုတ်ဖော်ပြောဆိုခဲ့ခြင်းဖြစ်၏။ ဓမ္မသတ်လေးခု၏ မှန်ကန်မှုက မပြောင်းလွဲနိုင်ငြားသော်လည်း တစ်စုံတစ်ဦးအနေဖြင့် မိမိ၏ဘဝတွင် ကြိုက်ရာတစ်ခုကို လိုက်နာသွားနိုင်ပေသည်။

အခြားအုပ်စုမှာ ကုရ်အာန်နှင့် ဟဒီးဆ်ကိုသာ တိုက်ရိုက်လက်ခံသော ''အဟ်လေဟဒီးဆ်'' အုပ်စုပင်ဖြစ်၏။

ရှီအာများမှာလည်း ကိုယ်ပိုင်ဖိကာဟ်ကျမ်း ရှိ၏။

## တဓောင်ဝုဖ်

ဖိကာဟ်သည် သိသာမြင်ပေ့ွနိုင်သော အပြုအမူရုပ်ပိုင်းဆိုင်ရာတာဝန်တို့နှင့် သက်ဆိုင်၏။ နာမ်ပိုင်းဆိုင်ရာအပြုအမူနှင့် သက်ဆိုင်သော ကိစ္စရပ်များကို တဓောင်ဝုဖ်ဟုခေါ်ဆို၏။

ဥပမာအနေဖြင့် ပြောရလျှင် ဖိကာဟ်သည် ဝတ်ပြုရာ၌ ဆောင်ရွက်ရသော အပြင်ပန်းကိစ္စများဖြစ်သည့် ဝိုဇူပြုခြင်း၊ ကိဗလာဘက်သို့ မျက်နှာမူခြင်း၊ အချိန်တိကျခြင်းနှင့် ရကာအတ်အရေအတွက်တို့နှင့် ပတ်သက်ပြီး တဓောင်ဝုဖ်ကား ကျွန်ုပ်တို့၏ ဆွလာသံဝတ်ပြုမှုဌ ကျွန်ုပ်တို့၏ စိတ်နလုံးအာရုံကို တည်ငြိမ်စေခြင်း၊ သစ္စာဓိဌာန်ခြင်း၊ စိတ်ဝိညာဉ် သန့်စင်ခြင်းနှင့် ကျွန်ုပ်တို့၏ ကိုယ်ကျင့်တရား အပြုအမူနှင့် ပတ်သက်ပြီး နမာဇ်တွင် အကျိုးသက်ရောက်မှုရှိစေခြင်းတို့ပင် ဖြစ်၏။

ဤသို့ဖြင့် အစွလာမ်၏ မှန်ကန်သော တဓောင်ဝုဖ်မှာ စိတ်ဝိညာဉ်ပိုင်းဆိုင်ရာ နာခံမှုနှင့် ဖြောင့်မတ်မှန်ကန်မှု အချင်းလက္ခဏာ အတိုင်းအတာပင်ဖြစ်ပြီး ဖိကာဟ်မှာ

အပြင်ပန်းကိစ္စရပ်များကို အသေးစိတ် အဆုံးတိုင် လုပ်ဆောင်ခြင်းပင်ဖြစ်၏။ စိတ်မပါဘဲ ပြုလုပ်သော အိဘာဒတ်သည် လုပ်နည်းကိုင်နည်း မှန်ကန်သော်ငြားလည်း ရုပ်ရည်ချော မောပြီး အကျင့်စာရိတ္တ ပျက်ပြားသူနှင့် အလားသဏ္ဌာန်တူ၏။ စိတ်ပါလက်ပါ ပြုလုပ်သော်လည်း ပြည့်စုံခြင်းမရှိသည့် အိဘာဒတ်ကမူကား အကျင့်စာရိတ္တမြင့်မားပြီး ကိုယ်လက်အင်္ဂါချို့တဲ့သူနှင့် ပမာတူ၏။

အထက်ပါဥပမာများက ဖိကာဟ်နှင့် တစောင်ဝုဖ်၏ ဆက်နွယ်ပုံကို ရှင်းလင်းထင်ရှားစေပြီးဖြစ်၏။ သို့သော် ကံကြမ္မာဆိုးသော အချက်ကား မွတ်စလင်များသည် အတိတ်ခေတ်က အသိနှင့် အကျင့်အကြံတွင် နစ်မြုပ်နေပြီး မိမိတို့အား လွှမ်းမိုးနေသော ဂိုးရာဓလေ့ထုံးစံများနှင့် လမ်းလွဲသော အတွေးအခေါ်များကို အရှုံးပေး အညံ့ခံနေကြခြင်းပင်ဖြစ်၏။

ယင်းဓလေ့အယူများမှ ရုန်းမထွက်နိုင်ခဲ့ကြသေးခြင်းပင် ဖြစ်၏။ မိမိတို့၏ မှောက်မှားသော အယူအဆများနှင့် ယင်းမိဂိုးဖလာများဖြင့် အစွယ်လာမ်ကို အရုပ်ဆိုးအောင် ပြုနေကြခြင်းပင်ဖြစ်၏။

ထိုသူတို့သည် အစွယ်လာမ်၏ သန့်စင်ကြည်လင်လှသည့် တစောင်ဝုဖ် စမ်းချောင်းလေးအား မဖြစ်နိုင်သော အရာများဖြင့် ညစ်ညမ်းအောင် ပြုခဲ့သူများဖြစ်၏။ ဤပြုမူချက်များကို ကုရ်အာန်နှင့် ဟဒီးဆ်ကို အခြေခံပြီး မည်သို့မျှ စဉ်းစားချင့်ချိန်ခွင့်မည်၊ မဟုတ်ချေ။

တဖြည်းဖြည်းနှင့် မွတ်စလင်ဒေသချို့မှာ အထက်ဖော်ပြပါ ရှရီအတ်၏ လိုအပ်ချက်များကို ကင်းလွတ်သထက် ကင်းလွတ်လာကြောင်းကို သူတို့၏ တွေးခေါ်ချက်နှင့် ကြွေးကြော်ချက်များက ဖော်ပြနေပေသည်။ ဤပုဂ္ဂိုလ်များကား အစွယ်လာမ်ကို နလဖိန်တုံးဆန်ဆန် မြင်သူများသာဖြစ်၏။

အကြောင်းမူကား အစွယ်လာမ်သည် ရှရီအတ်နှင့် ကင်းလွတ်သော တစောင်ဝုဖ်ကို လက်မခံနိုင်သည့်အပြင် ရှရီအတ်၏ အချုပ်အချယ်နှင့် လုံးဝမကင်းနိုင်ချပင် ဖြစ်၏။ မည်သည့်ဆူဖီတွင်မျှ ရှရီအတ်၏ အတိုင်းအတာဘောင်ကို ကျူးလွန်ရန် အခွင့်အလမ်းမရှိပေ။

သို့မဟုတ် အခြေခံဖရာဇ်ဘာဝန်များဖြစ်သည့် နေ့စဉ် နမာဇ်ဝတ်ပြုမှု စွိယာမ် ဥပုသ်စောင့်ခြင်း၊ ဇကားသ်နှင့် ဟဂ်ျတို့အပေါ် ပေါ့ပေါ့တန်တန် သဘောထားရန် အခွင့်အလမ်းမရှိချေ။

တစောင်ဝုဖ်၏ အနက်အဓိပ္ပာယ်မှန်ကား အလ္လာဟ်အရှင်မြတ်နှင့် တမန်တော်မြတ်မုဟမ္မဒ် (ﷺ) အပေါ် အလွန်အကျူး ချစ်ခင်မြတ်နိုးခြင်းပင်ဖြစ်ပြီး ဤကဲ့သို့ ချစ်ခင်မြတ်နိုးနိုင်ရန်မှာ အလ္လာဟ်အရှင်မြတ်၏ ကျမ်းမြတ်ကုရ်အာန်နှင့် တမန်တော်မြတ်၏ ဟဒီးဆ်ဩဝါဒ စွန့်တော်များတွင် ပါဝင်သော ပညတ်ချက် အဆိုအမိန့်များကို တစ်ဆံချည်မတိမ်း လိုက်နာသွားရန် လိုအပ်ပေသည်။

အလ္လာဟ်အရှင်မြတ်၏ ဗျာဒိတ်တော်များကို သွေဖည်ငြင်းပယ်သူ မည်သူမဆို အလ္လာဟ်အရှင်မြတ်နှင့် ထိုအရှင်၏ တမန်တော်မြတ်အပေါ်တွင် လိမ်ညာချစ်ခင်ဟန် ဆောင်နေသူသာ ဖြစ်သွားချေမည်ဖြစ်၏။

# အခန်း (၅)

# ရှရီအတ်၏ စည်းမျဉ်းကျင့်ဝတ်များ

အစွလာမ်၏ အခြေခံစည်းမျဉ်းဥပဒေသများကို ဆွေးနွေးရာ၌ အစွလာမ်၏ ဥပဒေသများ ယင်းဥပဒေသများ၏ အခြေခံစည်းမျဉ်းများကို လေ့လာခြင်းနှင့် အစွလာမ်က လိုလားသော ပြုစုပျိုးထောင် ဖန်တီးပေးသော လူသားနှင့် လူ့ဘောင်အဖွဲ့အစည်း၏ အသွင်သဏ္ဌာန်များကို အကောင်အထည်နှင့်တကွ မြင်လာအောင် ကြိုးပမ်းမှု စသည့် အချက်အလက်များကို ထည့်သွင်ဆွေးနွေးခြင်း မပြုခဲ့လျှင် ယင်းဆွေးနွေးချက်မှာ ပြီးပြည့်စုံပြီဟု မဆိုနိုင်ချေ။

ဤနောက်ဆုံးအခန်း၌ အထက်ပါအချက်များနှင့် သက်ဆိုင်ပတ်သက်နေသည့် ရှရီအတ်၏ ကျင့်ဝတ်စည်းမျဉ်းများကို အဓိကလေ့လာတင်ပြသွားရန် ဆန္ဒရှိပေသည်။ သို့မှသာ အစွလာမ်၏ သရုပ်သဏ္ဌာန်အစစ်အမှန်ကို ပီပီပြင်ပြင် ပြည့်ပြည့်စုံစုံ အကောင်အထည်နှင့်တကွ မြင်လာမည်ဖြစ်ပြီး အစွလာမ်က ချမှတ်လမ်းခင်းပြသထားသည့် ထူးကဲလှသည့် လူမှုဘဝလမ်းညွှန် သဘောတရားများ၏ အကျိုးတရားကို ကောင်းစွာ သိမြင်နားလည်နိုင်မည်ဖြစ်၏။

## ရှရီအတ်၏ အနှစ်သာရနှင့် ရည်ရွယ်ချက်

လူသားသည် မရည်မတွက်နိုင်အောင် များပြားလှသည့် စွမ်းအားသတ္တိများဖြင့် ချီးမြှင့်ပေးသနားခြင်း ခံရသူဖြစ်၏။ အလွှာဟ်အရှင်သည် လူသားအား အမြင့်မားဆုံးနှင့် အရက်ရောဆုံးသော ချီးမြှင့်ထောက်ပံ့မှုကို ပြုထားပေသည်။ လူသားတွင် အသိဉာဏ်၊ အသိပညာ၊ စိတ်နလုံး၊ စဉ်းစားဆင်ခြင်နိုင်မှု၊ ကိုယ်ပိုင်ဆုံးဖြတ်နိုင်ခွင့်၊ အမြင်အာရုံစကား ပြောနိုင်စွမ်း၊ အရသာခံစားနိုင်စွမ်း၊ ထိတွေ့သင်ကြားနိုင်စွမ်း၊ ခြေလက်များကို ကောင်းစွာ အသုံးချနိုင်စွမ်း၊ မေတ္တာတရား၊ ကာမဂုဏ်အာရုံ၊ ခံစားနိုင်စွမ်း၊ ကြောက်ရွံ့ထိတ်လန့်မှုနှင့် ဒေါသအမျက် စသည့် အရည်အချင်း အမျိုးမျိုးဖြင့် ပြည့်နှက်နေပေသည်။

ယင်းအရည်အသွေးများသည် လူသားများအတွက် လွန်စွာ အသုံးဝင်လှသော အရာများပင် ဖြစ်၏။ ယင်းအရည်အသွေးများအနက်မှ လူသားအတွက် အလဟဿ ပိုလွန်နေသောအရာ လိုအပ်နေသော အရာဟူ၍ မရှိပေ။

လူသားအား ယင်းအရည်အချင်းများကို ပေးကမ်းချီးမြှင့်ထားရခြင်းကပင် လူသားသည် ယင်းအရည်အသွေးများနှင့် ကင်းကွာပြီး မနေနိုင်ရှိဖြစ်၏။ ဘဝတွင် အောင်မြင်မှုဟူသည် လူသားအနေဖြင့် မိမိ၏လိုအပ်ချက်များကို ဖြည့်တင်းရာ၌ ယင်းအရည်အသွေးများကို နေရာမှန်မှန် နည်းမှန်လမ်းမှန် အသုံးချနိုင်ခြင်းအပေါ်၌ မူတည်နေပေသည်။

အလ္လာဟ်အရှင်မြတ်က ချီးမြှင့်ပေးကမ်းထားသည့် ဤစွမ်းအားသတ္တိများကား လူသားအတွက် သီးသန့်အထူးရည်ရွယ်ပြီး ပေးကမ်းထားခြင်းဖြစ်ပေရာ အကယ်၍ ယင်းစွမ်းအားသတ္တိများကို အပြည့်အဝ အသုံးချနိုင်စွမ်းသာ မရှိခဲ့ပါမူ လူ့ဘဝ၏ အဓိပ္ပာယ်ပြည့်စုံသောအဖြစ်သို့ မရောက်နိုင်သလို တန်ဖိုးရှိသော ဘဝကိုလည်း ရရှိနိုင်မည်မဟုတ်ပေ။

အလ္လာဟ်အရှင်မြတ်သည် လူသားအား ယင်းစွမ်းအားနှင့် အသိဉာဏ်အားလုံးကို ချီးမြှင့်ပေးထားပေရာ ယင်းစွမ်းအား အသိဉာဏ်ဖြင့် လူသားသည် သဘာဝစွမ်းအားကို အုပ်ထိန်းအသုံးချသွားရန် လုပ်ဆောင်သွားရန်နှင့် လူသား၏ လိုအပ်ချက်များကို ဖြည့်ဆည်းရေးအတွက် ကြိုးပမ်းသွားရန် ခန့်ခွဲပေးထားပေသည်။

လူသား၏ ခန္ဓာကိုယ်တည်ဆောက်ထားပုံသည်လည်း ချီးမြှင့်မှုတစ်ရပ်ဖြစ်ပေသည်။ သူ၏ဘဝပန်းတိုင်ကို လျှောက်လှမ်းရန် ကြိုးပမ်းရာ၌ လူ၏ခန္ဓာကိုယ် ဖွဲ့စည်းပုံသည်လည်း အကောင်းဆုံးကိရိယာ တစ်ခုသဖွယ်ပင်ဖြစ်၏။ ထို့ပြင် လူသားတို့ မီတင်းနေထိုင်ရာ ကမ္ဘာကြီးကိုပါ ဆက်လက်သုံးသပ်ကြည့်ကြပါစို့။

လူသား၏ ပတ်ဝန်းကျင်နှင့် အခြေအနေအရပ်ရပ်တွင်လည်း သူ့အတွက် အကျိုးရှိသည့်အရာ များစွာရှိနေပေရာ ယင်းစွမ်းအားစုများကို သူ၏ အသုံးစွန်ကြိုးပမ်းမှုများတွင် ကောင်းရာကောင်းကျိုးအဖြစ် အသုံးချသွားနိုင်ပေသည်။ သဘာဝနှင့် ယင်းတွင် ရှိသမျှ အရာအားလုံးသည်လည်း လူ့အသုံးခံသက်သက်ပင်ဖြစ်ပေရာ လူသားသည် ယင်းတို့ကို လိုလျင်လိုသလို အသုံးချသွားနိုင်ပေသည်။

လူသား၏ ပတ်ဝန်းကျင်တွင် မျိုးတူလူသားများသည်လည်း ရှိနေသေးပေရာ လူသားအချင်းချင်း ပူးပေါင်းဆောင်ရွက်ခြင်းအားဖြင့် ပိုမိုကောင်းမွန် ကုံလုံပြည့်ဝ၍ သာယာဝပြောသော ဘဝအသစ်ကို ပြန်လည်တည်ဆောက်သွားကြဖို့ လို၏။

ယခုဆက်လက်ပြီး လူသား၏ ထူးခြားချက်များကို နက်နက်နဲနဲ တွေးတောကြည့်သွားကြပါစို့။ ဤစွမ်းအားသတ္တိများနှင့် အသိဉာဏ် အတွေးအခေါ်များကို ဘဝတူလူသားများ၏ ကောင်းကျိုးကို လုပ်ဆောင်ရန်အလို့ငှာ ရည်စူးထားခြင်း ဖြစ်ပေသည်။ ထိုလူသားများကိုလည်း အသင်၏ကောင်းကျိုးအတွက်သာ ဖန်ဆင်းထားခြင်းဖြစ်ပေရာ အသင်၏ ပျက်စီးရာပျက်စီးကြောင်းနှင့် ဘေးအန္တရာယ်ဖြစ်စေရေးအတွက် အနည်းငယ်မျှ ရည်ရွယ်ခဲ့ခြင်းမရှိပေ။

ၔင်းလူသားတို့၏ ဆောင်ရွက်ချက်များသည် ကောင်းမှုအဖြာဖြာနှင့် မြင့်မြတ်မှု အသွယ်သွယ်ဖြင့် ပြည့်ဝနေရန်သာဖြစ်ပြီး ဘေးအန္တရာယ်အတွင်းသို့ ဆွဲခေါ်ရန် မဟုတ်ပေ။

အကယ်၍ တစ်စုံတစ်ရာသော ဆိုးကျိုးကို ပေါ်နေလျှင်ပင် ဤစွမ်းအားများကို မှန်ကန်စွာ အသုံးချခြင်းသည် အသင့်အဖို့ အကျိုးရှိရေးအတွက်သာ ဖြစ်ပေသည်။

ဤစွမ်းအားသတ္တိများကို လျော်ကန်စွာ အသုံးချခြင်းဖြင့်သာ အောင်မြင်မှုရနိုင်မည်ဖြစ်၏။ ဆိုးကျိုးနှင့် အဖျက်သဘောပါသော အကျိုးတရားကိုသာ ပေးစွမ်းသည့် အခြားအခြားသော လွဲမှားစွာ အသုံးချမှုများကမူ မှားယွင်းပြီး ယုတ္တိမတန်သည်ကို သက်သေထူပြစရာမလိုချေ။

ဥပမာအနေဖြင့် ပြရလျှင် အသင့်အနေဖြင့် အသင့်ကိုယ်အသင် ကေးအန္တရယ် ဖြစ်အောင်သို့မဟုတ် အနာတရဖြစ်အောင် ပြုခဲ့သည်ဆိုပါစို့၊ ယင်းသည် အမှားတစ်ရပ်ကို ရှင်းရှင်းလေးကျူးလွန်ခြင်းပင် ဖြစ်၏။ သို့မဟုတ် အသင်၏ လုပ်ဆောင်ချက်သည် အခြားသူများအား ထိခိုက်စေခဲ့လျှင် အနှောင့်အယှက် ဖြစ်စေခဲ့လျှင်လည်း မိုက်မဲမှုသက်သက်ဖြစ်မည်သာမက ဖန်ဆင်းရှင် ချီးမြှင့်ထားသော စွမ်းအားသတ္တိများကို လွဲမှားစွာ အသုံးချရာရောက်သွားမည်သာ ဖြစ်၏။

သို့မဟုတ် အသင့်အနေဖြင့် ဤအရည်အသွေးများကို အလဟဿ ပျက်စီးစေခဲ့လျှင် အဖျက်သဘော ကျင့်သုံးခဲ့လျှင်လည်း ကြီးမားသော အမှားတစ်ရပ်ကို ကျူးလွန်ရာသို့ ရောက်သွားမည်သာ ဖြစ်၏။ ဤသို့သော လုပ်ရပ်များကား ယုတ္တိမတန် အဓိပ္ပာယ်မဲ့ကြောင်း ထင်ရှားနေပေသည်။

အကြောင်းမူကား လူမှန်လျှင် အဖျက်လုပ်ငန်းများနှင့် ဘေးအန္တရာယ်ဟူသရွေ့ကို ရှောင်ရှားကာ အောင်မြင်မှုနှင့် အကျိုးရှိသော လမ်းစဉ်ကိုသာ လျှောက်လှမ်းရမည်ဟူသော လူသား၏ ခံယူချက်အရပင်ဖြစ်၏။ ဘေးဒုက္ခအန္တရာယ် တစ်စုံတစ်ရာနှင့် တွေ့ခဲ့ပါကလည်း အချို့သော ကိစ္စများ၌ ဘေးအန္တရာယ်ကို ရှောင်ရှားလွဲ၍ မရပေရာ ကြီးမားသော အကျိုးတရားများပင် ရရှိနိုင်ပေသည်။

ဤအချက်မှ အနည်းငယ်မျှ သွေဖီမိခြင်းသည်ကား မှားယွင်းသော လမ်းစဉ် တစ်ရပ်သာဖြစ်ကြောင်း ထင်ရှားလှပေသည်။

ဤအခြေခံသဘောတရားအပေါ် မူတည်ပြီး စဉ်းစားလျှင်ပင် လူ့အဖြစ်ကို ပီပြင်စွာ သိရှိလာပေမည်။ လူ့သမိုင်းကို လေ့လာလျှင် လူတန်းစား နှစ်မျိုးနှစ်စားရှိသည်ကို တွေ့ရပေမည်။ ပထမလူတန်းစားကား ၄င်းတို့၏ စွမ်းအားနှင့် အရည်အသွေးနှင့် အသိဉာဏ်တို့ကို လွဲမှားစွာ အသုံးချနေကြောင်း ကိုယ်ကိုယ်တိုင် သိပါလျက်ကယ်နှင့် ယင်းကဲ့သို့ လွဲမှားသော လမ်းစဉ်ကို ဇွတ်လျှောက်လှမ်းနေခြင်းဖြင့် မိမိကိုယ်ကို ထိခိုက်ပျက်စီးအောင် ပြုနေသူများဖြစ်၏။

ဒုတိယအမျိုးအစားကား သဘောသကာယအရ ရိုးသားဖြောင့်မတ်သော်လည်း အသိဉာဏ်ချို့တဲ့မှုကြောင့် အမှားကို အမှားအမှန်မသိ ကျူးလွန်နေကြသူများဖြစ်၏။ အမှားကို အမှားမှန်းသိလျက်နှင့် မိမိတို့၏ စွမ်းအားသတ္တိများကို လွဲမှားစွာ အသုံးချနေသူများကား ကောက်ကျစ်စဉ်လဲသူများနှင့် ဒုစရိုက်အမှောင်ထဲ၌ နစ်မွန်းနေသူများသာ ဖြစ်ပေရာ ယင်းတို့ဘဝအား ပြုပြင်ပြောင်းလဲပေးရန် စွမ်းအားထက်မြက်သော ဥပဒေသ တစ်ရပ် မျက်လိုအပ်လာပြီ ဖြစ်၏။

အသိဉာဏ်ချို့တဲ့မှုကြောင့် အမှားကို ကျူးလွန်သူများအဖို့ကား တော်တည့် မှန်ကန်သော အသိဉာဏ်ပေးမှုနှင့် လမ်းညွှန်ပြသပေးမှု လိုနေပေသည်။ သို့မှသာ ဖြောင့်မတ် မှန်ကန်သော လမ်းစဉ်ကို မြင်လာမည်ဖြစ်ပြီး လူသား၏ စွမ်းပကားနှင့် အရည်အသွေးတို့ကို အကောင်းဆုံးသော နည်းလမ်းဖြင့် အသုံးချသွားနိုင်မည်ဖြစ်၏။

ဤလိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရန် အလွှာဟ်အရှင်သည် လူသားတို့အတွက် လမ်းညွှန်ဥပဒေဖြစ်သည့် ရှရီအာကို ထုတ်ပြန်ပို့ချပေးခဲ့ရခြင်း ဖြစ်၏။

ရှရီအာသည် အလွှာဟ်အရှင်၏ ဥပဒေသများကို စနစ်တကျ စီမံပေးထားခြင်း ပင်ဖြစ်ပြီး လူသား၏ အကျိုးဖြစ်ထွန်းမှုကို ပေးနိုင်စွမ်းသော နည်းမှန်လမ်းကျသော လူ့ဘဝကို ဆောက်တည်နိုင်ရန် လမ်းညွှန်နိုင်စွမ်းသော ဥပဒေသများဖြင့် ဖွဲ့စည်းထား၏။

ယင်း၏ ရည်ရွယ်ချက်မှာ လူသားအား အကောင်းမွန်ဆုံးသော လမ်းစဉ်ကို ပြသပေးရန်ဖြစ်၏။ လူသားအနေဖြင့် မိမိ၏ လိုအပ်ချက်များကို ဖြည့်တင်းရာ၌ အအောင် မြင်ဆုံးသော အကျိုးကျေးဇူး အဖြစ်ထွန်းဆုံးသော နည်းလမ်းဖြင့် ဆောင်ရွက်နိုင်ရန် ရှရီအာက စီမံခန့်ခွဲ လမ်းညွှန်ပြသထားပေသည်။

အလွှာဟ်ရှင်၏ ဥပဒေသတိုင်းသည် လူသား၏ အကျိုးအတွက်သာ ရည်စူး ထုတ်ပြန်ထားခြင်းဖြစ်၏။ ဤဥပဒေသများ၌ လူသား၏ စွမ်းအားသတ္တိ အရည်အသွေး များကို အလဟဿအကျိုးယုတ် ပျက်စီးစေနိုင်သော အချက်အလက် တစ်စုံတစ်ရာမျှ မပါရှိချေ။

အလားတူ လူသား၏ သဘာဝလိုလားချက်များနှင့် အလိုဆန္ဒဟူသရွေ့ကို ချိုးနှိမ်ချုပ်ချယ်သည့် အချက်အလက်လည်း တစ်ခုတလေမျှပင် ပါဝင်ခြင်းမရှိသလို လူသား ၏ ပုံမှန်လိုလားချက်များနှင့် ခံစားချက်များကို နှိပ်ကွပ်တားဆီးရာရောက်သည့် အကြောင်း ရပ်တစ်စုံတစ်ရာမျှလည်း မပါရှိချေ။

ဤဥပဒေသများသည် ရသေ့ရဟန်းဝါဒကိုလည်း မထောက်ခံချေ။ ဤဥပဒေများ ၌ လောကကြီးကို လက်မြွောက်အရှုံးပေးခြင်းဖြင့် ထွက်ရပ်လမ်းရှာရန်လည်း မဆိုထား ချေ။ ဘဝ၏ သက်သာချောင်ချိမှုနှင့် စည်းစိမ်ချမ်းသာဟူသရွေ့ကို လက်လွှတ်ရန်လည်း ဝိုက်တွန်းခဲ့ခြင်း မရှိပေ။

ထို့အတူ မိမိအိမ်ယာနှင့် သားမယားများကို စွန့်ခွာပြီး တောကြီးမျက်မည်းထဲသို့ အဝတ်မဲ့၊ အစားမဲ့ဖြင့် လှည့်လည်သွားလာနေခြင်းဖြင့် မိမိကိုယ်ကို ညှဉ်းပန်းနှိပ်စက်ခြင်း ဒုက္ခစရိယကျင့်ခြင်းနှင့် အတ္တကို ချိုးနှိမ်ခြင်း လမ်းစဉ်ကဲ့သို့ အယူမှားလမ်းစဉ်မျိုးကိုလည်း ထုတ်ဖော်ပြသခြင်း မရှိချေ။

ဤစကြဝဠာကြီးတစ်ခုလုံးအား လူသားထုအကျိုးအတွက် ဖန်ဆင်းပေးခဲ့သည့် ဖန်ဆင်းရှင်ကိုယ်တိုင်ချမှတ်ပေးခဲ့သည့် အစွလာမ်၏ ဥပဒေသတွင် ယင်းအမြင်မျိုး လုံးဝ ပါဝင်ခြင်း မရှိချေ။

ရှရီအာ၏ ဥပဒေများသည် အရာရာကို လူ့အကျိုးအတွက် ဖန်ဆင်းပေးထား တော်မူသည့် အလွှာဟ်ရှင်ကိုယ်တော်တိုင် ထုတ်ပြန်ပို့ချပေးခဲ့သည့် ဥပဒေသများပင်ဖြစ်ရာ ဖန်ဆင်းရှင်သည် မိမိ၏ ဖန်ဆင်းမှုကို ပျက်စီးရန် လုံးဝလိုလား နှစ်ခြိုက်မှုမရှိပေ။

ဖန်ဆင်းရှင်သည် လူသားအဖို့ အသုံးမကျသော အရာကို ဖန်ဆင်းခဲ့ခြင်း မရှိပေရာ မိုးကောင်းကင်များနှင့် ကမ္ဘာမြေပြင်အကြား၌ လူသားအဖို့ အကျိုးပြုပေးဆပ်တာဝန်ထမ်းဆောင်နေခြင်း မရှိသည့်အရာ တစ်စုံတစ်ရာကိုသော်မျှ ဖန်ဆင်းထားခြင်း မရှိပေ။

ဤမျှ ခမ်းနားသော ယန္တရားကြီးဖြစ်သည့် စကြဝဠာကြီးနှင့် ယင်း၏ အမျိုးမျိုး အထွေထွေသော စွမ်းဆောင်ချက်များအား ချောချောမွေ့မွေ့ တင့်တယ်စွာ လည်ပတ်နေစေရန်မှာ ဖန်ဆင်းရှင်၏ ပြည့်ဝသော အလိုတော်ပင် ဖြစ်၏။

ထို့ကြောင့် ဖန်ဆင်းခံများအနက် အဆင့်အမြင့်ဆုံး ဆုရလူသားအနေဖြင့် သူ၏ စွမ်းအားသတ္တိများနှင့် အရည်အသွေးများဖြင့် အထက်ကောင်းကင်ဘုံနှင့် ကမ္ဘာမြေပြင်အကြားရှိ မိမိအကျိုးအတွက် ဖန်ဆင်းပေးထားသမျှကို အကောင်းဆုံးနှင့် အကျိုးအဖြစ်ထွန်းဆုံးသော နည်းလမ်းဖြင့် အသုံးချသွားရန်ကိုလည်း ဖန်ဆင်းရှင်က လိုလားတော်မူပေသည်။

လူသားအနေဖြင့် မိမိနှင့် မိမိဘဝတူ လူသားအတွက် ကောင်းမြတ်သော အကျိုးဆုလာဘ်ကို ဆွတ်ခူးစေရန် ရည်ရွယ်ပြီး ယင်းအရည်အချင်းများကို အသုံးချသွားဖို့လို ပေသည်။

ဤသို့ လုပ်ဆောင်ရာ၌ မည်သည့်အခါမျှ တမင် ရည်ရွယ်ပြီးသော်လည်းကောင်း မရည်ရွယ်ဘဲသော်လည်းကောင်း ဖန်ဆင်းရှင်၏ ဖန်ဆင်းခံများအပေါ်ဝယ် တစ်စုံတစ်ရာကို ထိခိုက်အောင် မပြုသင့်ပေ။ ရှရီအာသည် လူသား၏ ခြေလှမ်းများအား ဤရွှထောင့်မှ လမ်းညွှန်ပြသရန် ရည်ရွယ်၏။

လူသားအား အကျိုးယုတ်စေသော ကိစ္စရပ်ဟူသရွေ့ကို တားမြစ်ပိတ်ပင်ပြီး လူသားအတွက် အသုံးဝင် အကျိုးရှိမည့် ကိစ္စရပ်အားလုံးကို ခွင့်ပြုစီမံ လမ်းညွှန်ထားပေသည်။

ယင်းဥပဒေသ၏ အခြေခံစည်းမျဉ်းသည်ကား လူသားသည် လူသား၏ အခွင့်အရေးကို ကျပ်ပြည့်ခံစားပိုင်ခွင့် ရရှိရေးပင်ဖြစ်၏။ လူသားသည် ယင်းအခွင့်အရေးများကို ခံစားရန်မှာ မွေးရာပါတာဝန်ပင် ဖြစ်၏။

လူသားအနေဖြင့် မိမိ၏ လိုအပ်ချက်မှန်သမျှနှင့် ဆန္ဒဟူသရွေ့ကို ဖြည့်တင်းရန် မိမိလိုအပ်ချက်ဟူသမျှကို အစွမ်းကုန် ကြိုးပမ်းယူရန်နှင့် မိမိ၏ အောင်မြင်မှုနှင့် ပျော်ရွှင်သုခရရှိရေးအတွက် ကြိုးပမ်းမှု ပြုသွားရန်မှာ မွေးရာပါအခွင့်အရေး တာဝန်ပင် ဖြစ်၏။

သို့ရာတွင် (ဤသို့ရာတွင်ကား အထူးအရေးပါ လေးနက်မှု ရှိပေသည်) လူသားသည် မိမိ၏ အခွင့်အလမ်းကို ရယူခံစားရာ၌ တစ်ပါးသူ၏ အကျိုးကို ထိခိုက်စေနိုင်သည့် အဖြစ်မျိုးသို့ မည်သည့်နည်းနှင့်မျှ မရောက်သွားရန် လိုပေသည်။ ထို့ပြင် တစ်ခြားသူများအဖို့ ၎င်းတို့၏ အခွင့်အရေးနှင့် တာဝန်များကို ဖြည့်တင်းရန် ဦးတည်ကြိုးပမ်းရာ၌ အနှောင့်အယှက် အခက်အခဲ တစ်စုံတစ်ရာမျှ မဖြစ်စေရန်လည်း အထူးလိုအပ်၏။

သို့ရာတွင် မိမိတို့၏ ရည်မှန်းချက်များကို ကြိုးပမ်းလုပ်ဆောင်ရာ၌ ဖြစ်နိုင်သမျှ လူ့အသိုက်အဝန်းအချင်းချင်း ပူးပေါင်းစည်းကပ်မှု ထိတွေ့မှု အပြန်အလှန် ကူညီမှုနှင့် လူသားအချင်းချင်းအကြား၌ ပူးပေါင်းဆောင်ရွက်မှု ရှိရပေမည်။

ဤသို့ လုပ်ဆောင်ရာ၌ အကောင်းအဆိုး အရှုံးနှင့် အမြတ်တို့မှာ မလွဲမရှောင်သာ ရောပြွမ်းနေပေရာ ဤရှရီအာဥပဒေသ၏ အနှစ်သာရမှာ ကြီးမားဆုံးသော အနှစ်သာရကို ရရှိရေးအတွက် အနည်းငယ်မျှသော အကျိုးတရားကို စွန့်လွှတ်ရှောင်ရှားခြင်းဖြင့် အခက်အခဲအနည်းဆုံး လမ်းစဉ်ကို ရွေးချယ်သွားရန်သာ ဖြစ်သည်။ ဤသည်ပင်လျှင် ရှရီအာ၏ အခြေခံအကျဆုံး အဓိပ္ပာယ်ဖွင့်ဆိုချက် ဖြစ်၏။

လူ၏ အသိဉာဏ်သည် အကန့်အသတ်ရှိကြောင်း ကျွန်ုပ်တို့ သိထားကြ၏။ ခေတ်တိုင်းခေတ်တိုင်းရှိ လူသားတိုင်းလိုလိုပင် မိမိအလိုအလျောက် မိမိအတွက် ကောင်းကျိုး ဆိုးကျိုးပေးမည့်အရာနှင့် အကျိုးအမြတ်နှင့် အန္တရာယ်ပေးမည့် အရာတို့ကို ပိုင်းခြားသိနိုင်စွမ်း မရှိချေ။

လူ့အသိဉာဏ်၏ အရင်းအမြစ်သည် လူသားအား အမှန်တရားစစ်စစ်ကို ဆုပ်ကိုင်မိရန်အတွက် ကန့်သတ်ချက် အတိုင်းအတာ ရှိပေမည်။ ထိုအချက်ကြောင့်ပင် လူသားအား စမ်းသပ်မှုအမျိုးမျိုးနှင့် မိုက်မှားမှု အန္တရာယ်အသွယ်သွယ်ကြားမှ ရှောင်ရှားနိုင်ရေးအတွက် ဖန်ဆင်းရှင်သည် သနားညှာတာသောအားဖြင့် လူ့ဘဝတစ်လျှောက်လုံး၌ အပြည့်အစုံဆုံးနှင့် အမှန်ကန်ဆုံးဖြစ်သည့် လူ့ဘဝလမ်းညွှန် ဥပဒေသကျမ်းကြီး (ကျမ်းမြတ်ကုရန်အာန်) ကို ပို့ချပေးခဲ့ရခြင်း ဖြစ်၏။

ဤဥပဒေသ၏ မှန်ကန်မှုနှင့် အကျိုးတရားများမှာ ခေတ်ကာလ အမျိုးမျိုးကို ပြောင်းလဲကျော်ဖြတ်လာလေလေ၊ ပို၍ပို၍ ရှင်းလင်းပီပြင်ပြီး မှန်ကန်ကြောင်းက ပို၍ထင်ရှားလာလေလေပင် ဖြစ်၏။

လွန်ခဲ့သော ရာစုနှစ်အနည်းငယ်က ယင်းဥပဒေ လမ်းညွှန်ကျမ်းကြီး၏ အကျိုးတရားများမှာ လူ့အမြင်မှ ဝုံးကွယ်လျှက်ရှိနေခဲ့ရာ ယခုခေတ်ကဲ့သို့ အသိဉာဏ် ထွန်းကားလာမှ ယင်းအကျိုးတရားများကို ရှင်းလင်းစွာ သိမြင်လာနိုင်ခဲ့ပေသည်။

ယနေ့ကဲ့သို့ အသိဉာဏ်ထွန်းလင်းသော ခေတ်တွင်ပင် အချို့သော သူတို့မှာ ယင်းဥပဒေသ၏ အကျိုးတရားအားလုံးကို ကောင်းစွာ ခံစားသိမြင် နားလည်းခြင်း မရှိခဲ့သေးပေ။ သို့သော် အသိပညာ ပိုမိုတိုးတက်လာသော အခါကျမှသာ ယင်းဥပဒသေများကို အသိဉာဏ်စွမ်းဖြင့် တိုင်းတာသုံးသပ် ဆင်ခြင်မိပြီး ဤလူ့ဘဝလမ်းညွှန် ဥပဒေသများ၏ မြင့်မြတ်မှုကို လူသားတို့အမြင်၌ ပိုမိုပီပြင်စွာ မြင်လာခဲ့ရ၏။

ကမ္ဘာလောကကြီးတစ်ခုလုံးသည် ကောင်းကင်ကျ လူ့ဘဝလမ်းညွှန်ကျမ်းကြီး၏ လမ်းညွှန်မှုအတိုင်း စိတ်ထဲကပါသည်ဖြစ်စေ၊ မပါသည်ဖြစ်စေ အမှတ်မထင် လိုက်နာလျှက်ရှိနေပေရာ အမှားနှင့် စမ်းသပ်မှုအမျိုးအကြား၌ ရာစုနှစ်များစွာ စမ်းတဝါးဝါးလျှောက်လှမ်းခဲ့ကြသည့် ငြင်းပယ်သူအများစုသည်ပင် ယခုအခါ ယင်းဥပဒေသ၏ လမ်းညွှန်ချက်အချို့ကို မလွဲမရှောင်သာ လက်ခံလိုက်နာစ ပြုလာကြရပြီဖြစ်၏။

အလ္လာဟ်အရှင်၏ ဗျာဒိတ်တော်၏ မှန်ကန်မှုကို ငြင်းပယ်သူများနှင့် လူသား၏ ဆင်ခြင်တုံတရားဖြင့် လမ်းညွှန်မှုရအောင်မပြုဘဲ မိမိ၏ ယုံကြည်ချက်ကို ချိုးနှိမ် ဖျောက်ဖျက်ထားသူများပင် မှောက်မှားမှုများစွာကို ကျူးလွန်ပြီး ခါးသီးသော အတွေ့အကြုံများစွာကို ခံစားစေပြီးသည့် နောက်ပိုင်းကျမှ ရှရီအာ၏ ပညတ်ချက်များကို တစ်ခုစနှစ်ခုစ လိုက်နာရကောင်းမှန်း သိလာခဲ့ကြ၏။

တစ်နည်းဆိုသော် အလ္လာဟ်အရှင်၏ တမန်တော်များအပေါ် ယုံကြည်ပြီး ယင်းတို့၏ စကားအဆိုအမိန့်များကို လက်ခံကာ ရှရီအာ လမ်းညွှန်မှုကို နားလည်မှုအပြည့် အသိဉာဏ်အပြည့်ဖြင့် လိုက်နာပြီး ရပ်တည်နေသူများလည်း ရှိ၏။ သူတို့သည် ယင်း ပညတ်ချက်တစ်ခုချင်း၏ အကျိုးတရားအလုံးစုံကို အပြည့်အဝကား မသိရှိကြပေ။

သို့သော် ယင်းဥပဒေသ ပညတ်ချက်တိုင်းသည် အမှန်တရားမှ ပေါက်ဖွားလာကြောင်းနှင့် မိမိတို့အား မကောင်းမှုဒုစရိုက်များနှင့် မောဟဖုံးလွှမ်းမှုကြောင့် မှောက်မှား မှုများ မှားယွင်းမှုများနှင့် စမ်းသပ်မှုအဖုံဖုံမှ ကယ်တင်မှု အပြည့်အဝပေးနိုင်ကြောင်းကို လုံးလုံးလျားလျား လက်ခံခဲ့ကြပေသည်။ ထိုသို့သော သူများသည်သာ ဖြောင့်မတ်မှန်ကန်သော လမ်းစဉ်ပေါ်၌ ရပ်တည်ပြီး အောင်မြင်မှု မလွဲမသွေ ရရှိသူများဖြစ်ကြ၏။[၁]

---

၁။ ဤနေရာ၌ မှတ်သားဖွယ်ရာ ဥပမာတစ်ရပ်ကို ထောက်ပြရလျှင် ပိုမို သင့်မြတ်မှုရှိပေမည်။ ယနေ့ လတ်တလော ဒေသဖြစ်ပွားနေသည့် အသားအရောင်ခွဲခြားမှုပြဿနာကို ကြည့်ပါလေ။ ကမ္ဘာလောကကြီး အနေဖြင့် ယခုအထိ အသားမည်းများ၏အရေးကို လူသား၏ ကျိုးကြောင်းဆီလျော်သော ချဉ်းကပ်မှုဖြင့် ချဉ်းကပ်အဖြေရှာနိုင်ခြင်း မရှိသေးပေ၊ ကာလအတန်ကြာကပင် ပါဏာဗေဒအရ အသားအရောင်ခွဲခြားမှုကို အတည်ပြုခဲ့ကြ၏။

အမေရိကန်ပြည်ထောင်စုတွင် လွန်ခဲ့သော ရာစုနှစ် နှစ်စုခန့်က တရားရုံးများ၌ အသားအရောင်ခွဲခြင်းမှုကို အထောက်အကူပြုခဲ့ကြ၏။ ထောင်ပေါင်းများစွာသော သူတို့မှာ ယင်းတို့၏ မည်းနက်သော အသားရောင်ရှိမှုအဖြစ်ကြောင့် အနိုင်အထက်ပြုကျင့်မှု အခွင့်အရေးများ လက်လွတ်ဆုံးရှုံးမှုနှင့် ညှဉ်းပန်းနှိပ်စက်မှု အမျိုးမျိုးကို ခံစားခဲ့ရ၏။ လူဖြူနှင့် လူမည်းအား သီးခြားဥပဒေပြုစုပြီး အုပ်ချုပ်ခြင်း ပြုခဲ့၏။ လူမည်းများမှာ ကောလိပ် သို့မဟုတ် ကျောင်းတစ်ခုတည်းတွင် အဖိုးတစ်ခုတည်းအောက်၌ လူဖြူများနှင့် ယှဉ်တွဲ ပညာသင်ကြားခွင့် မရှိခဲ့ပေ။

၁၉၅၄ ခုမေလ (၁၇) ရက်ကျမှသာ အမေရိကန်ပြည်ထောင်စု အထက်လွှတ်တော်မှ တကွသိုလ်များ၌ ပညာသင်ကြားရာ၌ အသားအရောင် ခွဲခြားမှုစနစ်ကို ကျင့်သုံးခြင်းသည် တရားနည်းလမ်း မကျကြောင်းနှင့် လူ့အခွင့်အရေး တန်းတူညီတူရှိမှု စည်းမျဉ်းနှင့်လည်း ကိုက်ညီခြင်းမရှိဘဲ ဆန့်ကျင်ရာသို့ ရောက်နေကြောင်း တင်ပြပြီး အထက်ပါဥပဒေကို ပြင်ဆင်ခဲ့ခြင်းဖြစ်၏။

ရာစုနှစ်ပေါင်းများစွာ ဤအမှားကြီးကို ကျူးလွန်လာခဲ့ပြီးမှ ဤအသားရောင် ခွဲခြားမှုစနစ်၏ မှန်ကန်မှု တရားမျှတမှု မရှိကြောင်းကို လူသားတို့ သိရှိလာကြပြီး ယင်းစနစ်ဆိုးကြီးအား တော်လှန် ဖိတ်ပင်သင့်ကြောင်း မြင်လာကြ၏။ ယနေ့ကဲ့သို့ အသိဉာဏ်ထွန်းကားသော ခေတ်ကြီးတွင်ပင် လူသားများအနက် အများစုမှာ ယင်းအဆို၏ မှန်ကန်မှုကို နားလည်လက်ခံ အသိမှတ်ပြုခြင်းမရှိဘဲ ဆက်လက် ဖိကွပ်နှင်းနှက်နေကြဆဲပင် ဖြစ်၏။

ဥပမာအနေဖြင့် ပြရလျှင် တောင်အာဖရိက အစိုးရပိုင်းနှင့် အာဖရိကတိုက်မှ အနောက်တိုင်းသားများမှာ ထိုသို့သော သူများ ဖြစ်ကြသည်။ အမေရိကန်ပြည်ထောင်စုတွင်ပင် မိမိတို့ကိုယ်ကို ယဉ်ကျေးပါသည်ဟု ကြွေးကြော်နေသူများမှာ မိမိတို့၏ အမှားကို ဝန်ခံခြင်း မပြုကြသေးပေ။

ဤကား လူ၏ အတွင်းစိတ်သန္တာန်၌ ယင်းပြဿနာမည်သို့ ဆက်နွယ်နေသေးပုံပင် ဖြစ်၏။ ရှရီအာ၏ စည်းမျဉ်းများက ဤကဲ့သို့ အသားအရောင် ခွဲခြားမှုစနစ်သည် သဘာဝကျမှုမရှိကြောင်းနှင့် တရားမျှတမှု မရှိပုံတို့ကို လူ့သဘိုင်း စတင်ခဲ့သည့် အချိန်ကလည်းကပင် ကြွေးကြော် ဖော်ထုတ်ခဲ့၏။

ရှရီအာ၏ ဥပဒေများသည် လူသားအား အဆုံးမရှိအောင် နက်ရှိုင်းလှသည့် မှောက်မှားမှု ချောက် ကမ္ဘာကြီးအဝင်းမှ ကယ်တင်ဝေးခဲ့ပြီး မှန်ကန်သော လမ်းစဉ်နှင့် မြင့်မြတ်သော

## ဂ္ဂရီအာ အခွင့်အရေးနှင့် တာဝန်များ

အစွလာမ်က ချမှတ်ထားသည့် လူ့ဘဝလမ်းညွှန်ပုံစံတွင် လူသားတိုင်းအတွက် အခွင့်အရေးနှင့် တာဝန်များကို ချမှတ်ပေးထားပေရာ ဤအယူကို လက်ခံကျင့်လိုသူတိုင်း ဤအချက်အလက်အတိုင်း အပြည့်အဝ လိုက်နာကျင့်သုံးသွားရန် မိန့်ဆိုထားပေသည်။

ကျယ်ကျယ်ပြန့်ပြန့် တင်ပြရမည်ဆိုလျှင် အစွလာမ်၏ ဥပဒေကို လိုက်နာရန် လူသားတိုင်းအပေါ်၌ တင်ရှိနေသည့် အလွှာဟ်အရှင်ချမှတ်ပေးထားသည့် တာဝန်နှင့် ဝတ္တရား လေးမျိုးလေးစားရှိနေပေသည်။ ယင်းတို့မှာ...

---

မူဝါဒကျင့်စဉ်တို့ကို ပြသလမ်းညွှန်ပြပေးခဲ့၏။ ကျမ်းမြတ်ကုရ်အာန်၌ "လကာဒ် ကရမ်းနာ ဗနီးအာဒမာ" ဟုဆိုထား၏။ ယင်း၏ အဓိပ္ပာယ်မှာ "ငါအရှင်သည် အာဒမ်၏ သားမြေးများ (လူသား) အား အထူးအရေးပေး ဂုဏ်တင် ချီးမွှင့်မြှောက်စားထားသည်" ဟု ဖြစ်၏။

တစ်ဖန် ကျမ်းမြတ်ကုရ်အာန်၌ပင် ကြွေးကြော်ဟစ်ပြန်သည်မှာ "အို... လူသားတို့၊ ငါအရှင်သည် လူသားတို့အား အဖိုနှင့်အမတစ်ဦးစီမှ ဆက်နွယ်ပေါက်ဖွားစေခြင်းဖြင့် လူမျိုးနွယ်အသီးသီး မိသားစုအဖုံဖုံကို ဖြစ်ပွားစေခဲ့၏။ ယင်းသို့ ဖြစ်စေခဲ့ခြင်းမှာလည်း အသင်တို့ တစ်ဦးနှင့်တစ်ဦး ခွဲခြားသိနိုင်ရန်ပင် ဖြစ်၏။ မုချကောန် ငါအရှင်မြတ်၏ ရှေ့တော်မှောက်၌ အမွှန်မြတ်ဆုံးသော သူသည် ကား သူ၏တာဝန်ကို အထူးကျေပွန်ပြီး ငါအရှင်အား အပြည့်အဝ လေးမြတ်ကြည်ညိုစွာ လိုက်နာကျင့်သုံးသူပင် ဖြစ်၏" ဟု ဖြစ်သည်။

ထိုနည်းတူစွာ တမန်တော်မြတ်ကလည်း "အို... လူသားတို့၊ အသင်တို့၏ အလွှာဟ်ရှင်သည် တစ်ဆူတည်းသာ ဖြစ်၏။ အသင်တို့၏ ဖခင်မှာလည်း တစ်ဦးတည်းပင်ဖြစ်၏။ အသင်တို့အား လုံးပင် ဤကမ္ဘာဦးဖခင် အာဒမ်မှ ပေါက်ဖွားလာခြင်းဖြစ်ပြီး အာဒမ်အား မြေဖြင့် ဖန်ဆင်းထားခြင်း ဖြစ်၏။ အရပ်သည် အရပ်မဟုတ်သူထက် ပိုမိုမြင့်မြတ်ခြင်း မရှိသလို အရပ်မဟုတ် သူသည်လည်း အရပ်ထက် ပိုမိုမြင့်မြတ်ခြင်း မရှိချေ။ လူဖြူသည်လည်း လူမည်းထက် မမြင့်မြတ်ချေ။

မေတ္တာတရားသည်သာ အဓိကဖြစ်၏။ ကောန်မုချ အသင်တို့အနက် အမွန်မြတ်ဆုံးသော သူမှာ တရားတော်အား လေးမြတ်ကြည်ညိုလေးစားသူများသာ ဖြစ်၏" ဟု မိန့်ကြားခဲ့၏။

(ကြည့် - တမန်တော်မြတ်၏ ဟဂ်ျတုလ် ဝဒါဟ်တွင် ပြောကြားသည့်မိန့်ခွန်း)

ကြည့်လော့။ ဤသည်ကား လွန်ခဲ့သော ဒုရာစု အလျင်ကတည်းက ရှရီအတ်မှ ဖော်ကျူးခဲ့သည့် အရှင်းလင်းဆုံးသော အမှန်တရားပင် ဖြစ်၏။ သို့သော် ရာစုနှစ်ပေါင်းများစွာ ဆုံးရှုံးနစ်နာမှုများနှင့် ဝိုက်မှားမှုများကို ခါးသီးစွာ တွေ့ကြုံခံစားခဲ့ပြီးသည့် နောက်ပိုင်းကျမှသာ ဤလမ်းညွှန်မှုသည် ဆင်ခြင်တုံတရားကို အောင်နိုင်ခဲ့၏။ ရှရီအတ်၏ လမ်းညွှန်မှုအနားသို့လည်း ချဉ်းကပ်နိုင်ခဲ့၏။

ယင်းသို့ ရှရီအတ်၏ မှန်ကန်မှုကို ရာပေါင်း ထောင်ပေါင်းများစွာသော လူသားများအား စတေးခံခဲ့ပြီးမှသာ လူ့သိက္ခာ လူ့အဆင့်အတန်းကို နိမ့်ကျစေခဲ့ပြီးမှသာ လူ့အသိုက်အဝန်းအား ရာစုနှစ်များစွာ ပျက်စီးစေခဲ့ပြီးမှသာ သိရှိခဲ့ခြင်း ဖြစ်၏။

ရှရီအတ်သည် အမှန်တရားသို့ ချဉ်းကပ်ရန် အလွယ်ကူဆုံးနှင့် အတိုဆုံးသော လမ်းကို ပြပေး၏။ ယင်းရှရီအတ်၏ လမ်းညွှန်မှုများကို အလေးမထား လစ်လျူရှုခဲ့လျှင်မူ ဆုံးရှုံးမှုများနှင့် အကျိုးယုတ်မှုများဖြင့် ပြည့်ဝနေသည့် လမ်းစဉ်ကိုသာ ဦးတည်သွားမည်ဖြစ်၏။

(၁) လူသားတိုင်းလိုက်နာရန် လိုအပ်သော မိမိ၏ အလွှာဟ်ရှင်နှင့် ပတ်သက်သည့်တာဝန်။

(၂) မိမိကိုယ်မိမိ အပြည့်အတွက် မိမိကိုယ်တိုင် စောင့်ထိန်းလိုက်နာရမည့်တာဝန်။

(၃) အခြားဖန်ဆင်းခံ ဝေနေယျာ ခပ်သိမ်းများနှင့် ပတ်သက်ပြီး မိမိအပေါ်၌ တင်ရှိနေသည့် စောင့်ထိန်းရမည့်တာဝန်နှင့်

(၄) အလွှာဟ်ရှင်က မိမိလုပ်ငန်းဆောင်တာများ၌ အသုံးချသွားရန် ချမှတ်ပေးထားသည့်၊ လူသားအား မိမိအကျိုးအတွက် အသုံးချရန် စွမ်းအားပေးထားသည့် စွမ်းအားယင်္ဂါများနှင့် ကျမ်းကျင်လိမ္မာမှုများအပေါ် လိုက်နာစောင့်ထိန်းရမည့် တာဝန်များပင် ဖြစ်၏။

ဤတာဝန်ဝတ္တရားများနှင့် အခွင့်အရေးများမှာ အစွလာမ်၏ အုတ်မြစ်များသဖွယ်ဖြစ်ပြီး မွတ်စလင်မှန်သရွေ့ ဤတာဝန်နှင့် အခွင့်အရေးများကို နားလည်သိရှိရန်နှင့် စိတ်အားထက်သန်စွာ ဂရုတစိုက်ဂုဏ်ယူကျင့်သုံးသွားရန် အထူးလိုအပ်၏။ ရှရီအာသည် ယင်းတာဝန်နှင့် အခွင့်အရေးများကို တစ်ခုချင်းတစ်ခုချင်း၊ တစ်ကယ့်ကွာစီ ယင်းနှင့် ပတ်သက်သမျှကို အသေးစိတ်ကအစ ရှင်းရှင်းလင်းလင်း ဆွေးနွေးဖော်ပြထားပေသည်။

ရှရီအာသည် မည်သည့်တာဝန်ကို ထမ်းဆောင်ခြင်းဖြင့် မည်သို့သော အကျိုးတရားနှင့် လမ်းစဉ်ကို ကျော်လွှားနိုင်မည်ကို မီးမောင်းထိုးပြထားပေသည်။ သို့မှသာ ယင်းအခွင့်အရေးနှင့် တာဝန်အားလုံးကို လက်ကိုင်ပြုသွားနိုင်မည် ဖြစ်၏။

ယင်းတာဝန်နှင့် အခွင့်အရေးများအနက် မည်သည်ကိုမျှ ဖျောက်ဖျက်ခြင်း သို့ပဟုတ် ခြေဖျဲ့အောက်၌ နင်းချေခြင်း မပြုနိုင်ချေ။ ယခု ကျွန်ုပ်တို့အနေဖြင့် ဤအခွင့်အရေးနှင့် တာဝန်များကို အကျဉ်းချုံး တင်ပြသွားမည်ဖြစ်၏။ သို့မှသာ အစွလာမ်ကာယွန်ပြော လူ့ဘဝလမ်းစဉ်နှင့် ယင်းအခြေခံ အနှစ်သာရများကို တွေးဆပုံဖော် သိမြင်လာမည်ဖြစ်၏။

## အလွှာဟ်အရှင်နှင့် ပတ်သက်သည့် တာဝန်များ

ပထမဦးဆုံး အစွလာမ်က အခြေခံထားသည့် လူသားနှင့် သူ၏ ဖန်ဆင်းရှင်တို့ ဆက်စပ်ပုံနှင့် ပတ်သက်ရာ အကြောင်းရင်းများကို ရှင်းလင်းပေသည်။ အခြေခံအကျဆုံးနှင့် အရေးအကြီးဆုံးသော ဖန်ဆင်းရှင်နှင့် ပတ်သက်သည့် တာဝန်မှာ လူသားသည် ဖန်ဆင်းရှင်တစ်ပါးတည်းအပေါ်၌သာ ယုံကြည်အားထားရန်ဖြစ်၏။

လူသားသည် တာဝန်ကို သိရှိနားလည်ရန်နှင့် အလွှာဟ်အရှင်နှင့် ယှဉ်တွဲပြီး အခြားမည်သည့်အရာကိုမျှ ခဝပ်ကိုးကွယ်ခြင်း မပြုရန် လိုအပ်၏။ ဤအချက်ကို ကလေမာ

တောင်ဟီးဒ်၌ အတိုချုပ်ဖော်ပြထားသည်မှာ လာအီလာဟ အိလ်လလ္လာဟ် (အလ္လာဟ် အရှင်မြတ်မှတစ်ပါး အခြားခဝပ်ကိုးကွယ်ခြင်း ခံထိုက်သူမရှိ) ဟူ၍ ဖြစ်၏။[၁]

ဖန်ဆင်းရှင်နှင့် ပတ်သက်ပြီး ကျွန်ုပ်တို့ စောင့်ထိန်းရမည့် ဒုတိယတာဝန်ကား ဖန်ဆင်းရှင်၏ လမ်းညွှန်မှု (ဟေဒါယတ်) အား အပြည့်အဝ လက်ခံလိုက်နာ ကျင့်သုံးသွားရန်နှင့် လူသားများအတွက် ထုတ်ပြန်ပို့ချထားသည့် ဥပဒေတစ်ရပ်ဖြစ်သည့် ကျမ်းမြတ် ကုရ်အာန်၏ အဆုံးအမကို စိတ်ရောကိုယ်ပါ လိုက်နာကျင့်သုံးသွားခြင်းဖြင့် ဖန်ဆင်းရှင်၏ နှစ်မြို့မှုကို ရယူသွားရန်ပင် ဖြစ်သည်။

ဖန်ဆင်းရှင်၏ တမန်တော်မြတ်ကြီးအပေါ် ယုံကြည်ခြင်းနှင့် သူ၏ လမ်းညွှန်မှုနှင့် ခေါင်းဆောင်မှုကို လက်ခံသွားခြင်းဖြင့်သာ ဤတာဝန်နှင့် အခွင့်အရေးများကို အပြည့်အဝ လိုက်နာနိုင်ပေမည် ဖြစ်ပေသည်။[၂]

လူသားများအပေါ်၌ တင်ရှိနေသည့် အလ္လာဟ်ရှင်နှင့် ပတ်သက်သည့် တတိယတာဝန်မှာ ဖန်ဆင်းရှင်၏ အဆိုအမိန့်များအား ဖြောင့်မတ်မှန်ကန်စွာ ချွင်းချက်မရှိလိုက်နာသွားရန်ပင် ဖြစ်၏။

ကျမ်းမြတ်ကုရ်အာန်နှင့် စွန့်တ်တမန်တော်မြတ်၏ အပြုအမူများတွင် ပါရှိသည့် ဖန်ဆင်းရှင်၏ ဥပဒေသကို လိုက်နာသွားကြခြင်းဖြင့်သာ ဤတာဝန်၏ လိုအပ်ချက်များကို ကျွန်ုပ်တို့ လိုက်နာသွားနိုင်မည်ဖြစ်၏။[၃]

အလ္လာဟ်ရှင်နှင့် ပတ်သက်သည့် စတုတ္ထတာဝန်ကား အလ္လာဟ်ရှင်တစ်ပါးတည်းကိုသာလျှင် ခဝပ်ကိုးကွယ်ရန်ဖြစ်၏။ ယင်းတာဝန်ကိုမူ ဆွလာသ်ဝတ်ပြုခြင်းများနှင့် စောစောပိုင်းက တင်ပြခဲ့သည့် အိဘာဒတ် ကျင့်စဉ်များကို စောင့်ထိန်းသွားခြင်းအားဖြင့် အကောင်အထည်ဖော်သွားနိုင်မည်ဖြစ်ပေသည်။[၄]

ဤအခွင့်အရေးနှင့် တာဝန်များသည် အခြားသော အခွင့်အရေးတာဝန်များထက် ပိုမို ပဓါနကျပေသည်။ ဤအခွင့်အရေးတာဝန်ကို ထမ်းဆောင်ရာ၌ အခြားအခွင့်အရေးနှင့် တာဝန်များ၏ အကျိုးတရားအချို့ကို စွန့်လွှတ်အနစ်နာခံမှသာလျှင် ဤတာဝန်များကို ပြီးစီးအောင် ထမ်းဆောင်နိုင်မည်ဖြစ်၏။

ဥပမာအနေဖြင့် ပြရလျှင် ဆွလာသ်ဝတ်ပြုခြင်းနှင့် စွီယာမ် ဥပုသ်သီလစောင့်ထိန်းခြင်းတာဝန်များကို ထမ်းဆောင်ရာ၌ လူသားအနေဖြင့် မိမိ၏ ကိုယ်ပိုင်အခွင့်အရေးများကို စွန့်လွှတ်အနစ်နာခံပြီးမှသာ ဖြစ်နိုင်ပေသည်။ ဖန်ဆင်းရှင်နှင့် ပတ်သက်သည့် တာဝန်များကို စနစ်တကျ ဆီလျော်စွာ ထမ်းဆောင်ရာ၌ လူသားတစ်ဦးအနေဖြင့် အခက်အခဲများစွာနှင့် စွန့်လွှတ်မှုများစွာကို တွေ့ကြုံခံစားရမည်ဖြစ်၏။

---

၁။ ဤအကြောင်းကို အခန်း (၄) ၌ အသေးစိတ်ဆွေးနွေးထားပြီးဖြစ်၏။

၂။ အသေးစိတ်ကို အခန်း (၃) တွင် ကြည့်ပါ။

၃။ အခန်း (၄) တွင် ကြည့်ပါ။

၄။ အခန်း (၅) တွင် ကြည့်ပါ။

သူ့အနေဖြင့် ဆွေလာသံဝတ်ပြုရန် နံနက်အစောကြီး မိုးမလင်းမီ အိပ်ယာမှ ထရမည်ဖြစ်ရာ နံနက်ခင်း အိပ်စက်နားရန် အကောင်းဆုံးအချိန်ကို စွန့်လွှတ်ဖြတ်နစ်နာခံရပေမည်မဟုတ်လော။ သူ၏ဖန်ဆင်းရှင်အား ခဝပ်ကိုးကွယ်ရန် ကိစ္စအတွက်ကြောင့် တစ်နေတာအတွင်း၌ သူ၏ အရေးပါသော လုပ်ငန်းဆောင်တာများစွာနှင့် နားနေအပန်းဖြေလိုမှုများကို မကြာခဏ ဆိုင်းငံ့လက်လွှတ်ထားရပေသည်။

ရမ်သွာန်လမြတ် (ဥပုသ်သီလ ဆောက်တည်သည့်လ) အခါ ကျရောက်လာလျှင်လည်း သူ့အနေဖြင့် ဖန်ဆင်းရှင်နှစ်မြို့မှုအတွက် ဆာလောင်မွတ်သိပ်မှုဒဏ်ကို ခါးစီးခံပြီး လုံးလုံးဒုက္ခခံကာ နေခဲ့ရ၏။ ဇကားသံတာဝန်ကို ထမ်းဆောင်ရာ၌လည်း သူ့အနေဖြင့် သူ၏စည်းစိမ်ထဲမှ ဖဲ့ယူပေးရခြင်းဖြစ်ပြီး အလွှာဟ်အရှင်အပေါ်၌ ချစ်ခင်စိတ်မှာ အခြားအရာများအပေါ် ချစ်ခင်စိတ်ထက် သာလွန်ကြောင်းနှင့် အလွှာဟ်ရှင်အတွက်ဆိုလျှင် စည်းစိမ်ဥစ္စာကို မက်မောတွယ်တာစိတ်ကိုပင် ရှေ့တန်းမတင်နိုင်တော့ကြောင်းကို လက်တွေ့ပြသခဲ့ရပေသည်။

ထို့ပြင် မက္ကာဟ်မြို့သို့ ဟဂ်ပြုရန် ခရီးရက်ရှည်ထွက်ရာ၌လည်း ထိုသူ့အနေဖြင့် မိမိ၏ စည်းစိမ်ဥစ္စာများကို စွန့်လှူရရုံသာမက ခရီးသွားရာ၌လည်း ဒုက္ခအခက်အခဲများနှင့် စိတ်ဆင်းရဲ ပင်ပန်းမှုများကိုပါ တွေ့ကြုံခံစားခဲ့ရပေသည်။

ထို့အတူ ဂျီဟဒ်တာဝန်ကို ထမ်းဆောင်ရာ၌လည်း သူ့အနေဖြင့် မိမိ၏ ဥစ္စာဓနငွေကြေးစည်းစိမ်နှင့် အိုးအိမ်မှအစ ရှိရှိသမျှ အရာအားလုံးကို စွန့်လှူရရုံသာကာမ လိုအပ်လာပါက မိမိ၏အသက်ကိုပင် စတေးခံနိုင်ရမည်ဖြစ်၏။

ထိုနည်းတူစွာ ဤတာဝန်ဝတ္တရားများကို ထမ်းဆောင်ရာ၌ တစ်ဦးတစ်ယောက်အနေဖြင့် အနည်းငယ်နှင့် အများဆိုသလို အခြားသူများအပေါ်၌ရှိနေသည့် သူ့ဘက်မှ သာမန်တာဝန်များနှင့် အခွင့်အရေးအချို့ကိုပင် စွန့်လွှတ်ရပေရာ ဤနည်းဖြင့် သူ၏ကိုယ်ပိုင် အကျိုးအမြတ်များစွာကို ထိခိုက်နစ်နာစေရပေသည်။ အလုပ်သမားတစ်ဦးအနေဖြင့် သူ၏အလုပ်တာဝန်အား ခေတ္တဖယ်ထားပြီးမှသာ မိမိ၏ ထာဝရအရှင်အား ဝတ်ပြုခဝပ်ခြင်းပြုရန် သွားရောက်ရပေသည်။

အရောင်းအဝယ်သမား တစ်ဦးအနေနှင့်ဆိုလျှင်လည်း မိမိ၏ လုပ်ငန်းအားရပ်ဆိုင်းထားပြီးမှသာ မက္ကာဟ်မြို့တွင် ဟဂ်ကျင့်စဉ်ကို ထမ်းဆောင်ရန် သွားနိုင်မည်ဖြစ်၏။ ဂျီဟဒ်အတွက်ဆိုပါက လူတစ်ဦးအနေဖြင့် မိမိ၏ အသက်ကိုပင် ပဓာနမထားဘဲ အလွှာဟ်အရှင်အတွက် သက်သက်ရည်ရွယ်ပြီး စတေးခံရန် အသင့်အနေအထား၌ ရှိနေရပေမည်။

ထိုနည်းတူစွာပင် အလွှာဟ်အရှင်အပေါ် တာဝန်များကို ထမ်းဆောင်ရာ၌ လူသားတစ်ဦးအနေဖြင့် မိမိ၏ အုပ်ချုပ်ကွပ်ကဲမှုအောက်၌ ရှိနေသော သက်ရှိများနှင့် စည်းစိမ်ချမ်းသာ ဥစ္စာဓနများမှအစ အရာရာကို စွန့်လွှတ်ရမည်ဖြစ်ပေသည်။

သို့ရာတွင် လူသားအနေဖြင့် ဤသို့ခက်ခဲမှု မရှိစေရန် အလွှာဟ်ရှင်အနေဖြင့် ဘဝ၏ အမျိုးမျိုးအထွေထွေသော ပြဿနာများနှင့် အလျော်ညီဆုံး အမျှတဆုံးဖြစ်သည့် နည်းစနစ်များဖြင့် ရှရီအာဥပဒေသများကို ပုံဖော်ဖွဲ့စည်းပေးထားပေရာ အခြားသူများအပေါ်၌

လူသားအနေဖြင့် မိမိစောင့်ထိန်းရမည့် တာဝန်နှင့် အခွင့်အလမ်းများအား စွန့်လွှတ်ခြင်းအဖြစ်၌ လူသားအပေါ်၌ ထိခိုက်နစ်နာမှုကို နည်းနိုင်သမျှ အနည်းဆုံးဖြစ်အောင် စီစဉ်ပေးနိုင်ခဲ့ပေသည်။

ဤသည်ကို ဖန်ဆင်းရှင် ညွှန်ပြသတ်မှတ်ထားသည့် ကန့်သတ်ချက်ဘောင်အတွင်းမှ ပြီးစီးအောင် ပြုလုပ်စွမ်းဆောင်သွားနိုင်ပေသည်။

အလွှာဟ်ရှင်သည် ဆွလာသ်တာဝန်အား ပြီးစီးအောင် ဆောင်ရွက်ခဲ့ရာ၌ အခက်အခဲမရှိစေရန် လွယ်ကူမှုတိုင်းကို ခွင့်ပြုလိုက်လျောထားပေသည်။ အသင့်အနေဖြင့် ကိုယ်လက်သန့်စင်ရန် (ဝိုသူပြုရန်) ရေမရရှိခဲ့ပါက တယမွန် ခြောက်သွေ့သောမြေ သို့မဟုတ် သဲသန့်သန့်ဖြင့် ကိုယ်လက်သန့်စင်မှုပြုခွင့်ကို ပေးထား၏။

အကယ်၍ အသင့်အနေဖြင့် ခရီးထွက်နေပါက ဆွလာသ်ကို တိုတိုတုတ်တုတ်နှင့် ပြီးစီးအောင် ဖတ်နိုင်၏။ အသင့်အနေဖြင့် မကျန်းမာသောကြောင့် မတ်တတ်ရပ်ပြီး ဆွလားသ်မပြုနိုင်ခဲ့လျှင်လည်း လဲလျောင်း၍ဖြစ်စေ၊ ထိုင်၍ဖြစ်စေ ဆွလာသ်ပြုခွင့် ပေးထား၏။

မိမိဆန္ဒရှိသလို ဖတ်ရှုနိုင်ရန် စီစဉ်ပေးထားရာ အားလပ်ချိန် များစွာရှိသော အခါမျိုးနှင့် နားနားနေနေရှိသော အချိန်မျိုး၌ ကျမ်းမြတ်ကုရ်အာန်မှ စူရာဟ်ရှည်ရှည်ကို ရွတ်ဖတ်ကာ ဆွလာသ်ပြုနိုင်ပြီး ဘဝ၏ လူမှုဒုက္ခများဖြင့် လုံးပမ်းပြီး အလုပ်လုပ်နေသော အချိန်အခါမျိုး၌မူ စူရာဟ်တိုတိုဖြင့်သာ ဆွလာသ်တာဝန်ကို ဆောင်ရွက်ရန် ညွှန်ကြားထား၏။

အများစုနှင့် စုဝေး၍ ဆွလာသ် ဝတ်ပြုရာ၌ပင်လျှင် အကယ်၍ အသုပ်ကိစ္စမြားမြောင်သည့် အချိန်တွင်မှ ဖတ်ရသည့် ဆွလားသ်များ၌ စူရာဟ်တိုတိုနှင့် မြန်မြန်ပြီးစီးအောင် ဖတ်ရန် ပညတ်ထား၏။ ဖန်ဆင်းရှင်အနေဖြင့် နဖိလ်အပိုဝတ်ပြုခြင်း ဝတ်ပြုမှုကို အထူးပင် နှစ်ခြိုက်လိုလားတော်မူသော်ငြားလည်း သားရေးသမီးရေးနှင့် အိမ်ထောင်မှုတာဝန်များကို ဘေးဖယ်စွန့်လွှတ်ပြီး မိမိ၏ အိပ်စက်နားနေခြင်းကို ရှောင်ရှားပြီး နဖိလ် ဝတ်ပြုခြင်းမျိုးကိုမူ လုံးဝနှစ်ခြိုက် သဘောကျတော်မူခြင်း မရှိပေ။

အစွယ်လာမ်က အမျိုးမျိုးအထွေထွေသော လူမှုဘဝ လူမှုပြဿနာများနှင့် ဘဝ၏ ရှုန်းကန်လှုပ်ရှားမှုများအကြား၌ လူသားတို့အား လိုက်လျောညီထွေစွာ သင့်တင့်မျှတစွာ နေထိုင်သွားနိုင်ရေးကိုသာ လိုလားပေသည်။

စွီယာမ် (ဥပုသ်သီလဆောက်တည်ခြင်း) ကျင့်စဉ်တွင်လည်း ဤနည်းတူပင်ဖြစ်၏။ တစ်နှစ်ပတ်လုံးတွင်မှ ဤတာဝန်ကျင့်စဉ်ကို တစ်လတာ ရက်ပေါင်းသုံးဆယ်မျှသာ ထမ်းဆောင်ရန် သတ်မှတ်ပေးထားခဲ့၏။

ခရီးသွားဦးတွင်းနေသော ကာလမျိုးနှင့် နာမကျန်းဖြစ်နေသော အချိန်အခါများ၌ ဤကျင့်စဉ်အား ထမ်းဆောင်ရန် ခေတ္တလွှတ်ငြိမ်းခွင့် ပြုထားပေသည်။ ခရီးထွက်ရာမှ ပြန်လည်ရောက်ရှိလာချိန်နှင့် ကျန်းမာရေး ပြန်လည်ကောင်းမွန်လာသော အခါကျမှသာ အခြားအဆင်ပြေမည့်အချိန်တွင် ဤတာဝန်အား ပြန်လည်ထမ်းဆောင်ရန် အခွင့်အရေး ပေးထားပေသည်။

အမျိုးသမီးများကိုလည်း ပဋိသန္ဓေ ရှိနေသောအချိန်နှင့် ကလေးနို့တိုက်နေသော အချိန်၊ ကျား၌ စွဲယာမံဥပုသ်ဆောက်တည်ခြင်း တာဝန်မှ လွတ်ငြိမ်းခွင့် ပြုထား၏။ ဝါဖြေရာဌ်လည်း သတ်မှတ်ထားသော အချိန်အတိုင်း အတိအကျဖြေရန်နှင့် ယင်းအချိန်ထက် အနည်းငယ်မျှပင် နောက်ကျခြင်းမပြုရန် ဆိုထား၏။

သတ်မှတ်ထားသော အချိန်ထက် နောက်ကျပြီးမှ ဝါဖြေရခြင်းကို ထာဝရအရှင် အနေနှင့် မနှစ်ပြိုက်ပေ။ ထို့ပြင် နေဝင်မှသည် နံနက်အာရုဏ်တက်ချိန်ထိ စားသောက်နိုင်ခွင့် ပေးထား၏။ နဖီလရိဖာ စောင့်ထိန်းခြင်းကို ထာဝရအရှင်အနေဖြင့် အလွန်ပင်နှစ်မြို့တော်မူ၏။

သို့သော် အသင့်အနေဖြင့် အသင်၏ လုပ်ရိုးလုပ်စဉ် လူ့ဘဝရေးရာ တာဝန်များကို စိတ်ရှည်ရှည် စိတ်တိုင်းကျ စွမ်းဆောင်နိုင်ရန်အလို့ငှာ နေ့စဉ်ရက်ဆက် စွဲယာမ်ဆောက်တည်ခြင်းဖြင့် မိမိကိုယ်ကို အလွန်အကျူး အားပြတ်အောင် ပြုလုပ်မှုမျိုးကိုလည်း အလွှာဟ်ရှင်က နှစ်သက်လိုလားခြင်း လုံးဝမရှိပေ။

ဇကားသ်တာဝန် ထမ်းဆောင်ရာ၌လည်း အလားတူပင် ဖြစ်၏။ အလွှာဟ်ရှင်အနေဖြင့် အနည်းဆုံးသော နှုန်းထားကိုသာ ဇကားသ်အဖြစ် သတ်မှတ်ပေးထား၏။ လူသားအနေဖြင့် လွတ်လွတ်လပ်လပ် အလွှာဟ်အရှင်မြတ်အတွက် လှူဒါန်းသုံးစွဲခွင့် ပေးထားပေသည်။

တစ်စုံတစ်ဦးအနေဖြင့် ဇကားသ်တာဝန်ကို ထမ်းဆောင်လျှင် တစ်စုံတစ်ဦး အတွက်သာ ထမ်းဆောင်ရာရောက်၏။ တစ်စုံတစ်ဦးအနေဖြင့် အလှူဒါနပြုရာ၌ အများအပြား သုံးစွဲလှူဒါန်းခဲ့လျှင်မူ အလွှာဟ်ရှင်၏ နှစ်မြို့မှုကို ဆတက်ထမ်းပိုး ပိုရနိုင်၏။

သို့ရာတွင် အလွှာဟ်ရှင်အနေဖြင့် အလှူဒါနအရာ၌ မိမိပိုင် ပစ္စည်းဥစ္စာ အားလုံးကို တစ်ခုမကျန် လှူဒါန်းခြင်းကို လုံးဝမလိုလားပေ။ ကျွန်ုပ်တို့အနေဖြင့် မိမိ၏ ဆွေမျိုးသားချင်းအပေါ် စောင့်ထိန်းရမည့် အခွင့်အရေး တာဝန်များကို လစ်လျူရှုပြီး ၄င်းတို့၏ သက်သာချောင်ချိမှုနှင့် ပျော်ရွှင်မှုကို ဖြည့်တင်းပေးရန် မေ့လျော့ထားခြင်းကိုလည်း မလိုလားပေ။ ထို့ပြင် ကျွန်ုပ်တို့ကိုယ်ကို ကျွန်ုပ်တို့ အလှူအတန်းရက်ရောစွာ ပြုလုပ်ခြင်းဖြင့် ခွါတ်ခြုံကျပြီး ဆင်းရဲမွဲတေသောအဖြစ်သို့ ရောက်သွားစေနိုင်သော လှူဒါန်းခြင်းမျိုးကိုလည်း အလွှာဟ်ရှင်အနေဖြင့် နှစ်မြို့တော်မမူပေ။

ဟဂ်ဂါတာဝန်နှင့် ပတ်သက်ပြီး ဆန်းစစ်ကြည့်ပါက အထက်နည်းတူ ဖြစ်နေသည်ကို တွေ့ရမည်သာဖြစ်၏။ ဤဂါတာဝန်မှာ ဟဂ်ဂရိုးစဉ်အတွက် ကုန်ကျမည့် ငွေကြေးပမာဏကို တတ်စွမ်းနိုင်သူများအတွက်သာ အထူးရည်ရွယ်ထားခြင်းဖြစ်၏။ ဤခရီးစဉ်တစ်လျှောက်၌ တွေ့ကြုံခံစားရမည့် အခက်အခဲများကို ကျော်လွှားခံစားနိုင်မည့်သူ ကျန်းမာသန်စွမ်းသူများအတွက်သာ အဓိကဖြစ်၏။

ထို့ပြင် ဤဂါတာဝန်ကြီးအား တစ်သက်တွင်တစ်ခါ မိမိအဆင်ပြေမည့် နှစ်တစ်နှစ်တွင် ထမ်းဆောင်ရုံဖြင့် လုံလောက်ပြီဟု မိန့်ဆိုထား၏။ အကယ်၍ ဟဂ်ဂိုအချိန်၌ စစ်ဖြစ်နေလျှင်သော်လည်းကောင်း အသက်အန္တရာယ်ကို ထိခိုက်မည့် အခြေအနေ တစ်စုံတစ်ရာ ရှိနေလျှင်သော်လည်းကောင်း ဟဂ်ဂိုပြုရန် သွားခြင်းကို ရွှေ့ဆိုင်းထားနိုင်ပေသည်။

ဤတွင်မက မိဘ၏ ခွင့်ပြုချက်ရရှိမှသာ ဟဂ်ျပြုပိုင်ခွင့် ရှိထားပေရာ၊ မိဘ၏ ခွင့်ပြုချက်မှာလည်း အဓိကအရေးပါသော အချက်တစ်ရပ်ဖြစ်သည်။ သို့မှသာ အသက်အရွယ်ကြီးပြင်းပြီး အိုမင်းမစွမ်းရှိနေသည့် မိဘများအဖို့ အသင်မရှိသည့်အတွက် တွေ့ကြုံခံစားရမည့် အခက်အခဲများနှင့် စိတ်မချမ်းမသာ ဖြစ်ရခြင်းများကို မခံစားစေရေးအတွက် ဖြစ်၏။

ဤအချက်များကပင် ဖန်ဆင်းရှင်ကိုယ်တော်တိုင်က အရေးထားဖွယ်ဖြစ်သည့် မိမိ၏ ကိုယ်ပိုင်အခွင့်အရေးနှင့် တစ်တန်းစားတည်း အခြားသူများ၏တာဝန်နှင့် အခွင့်အရေးများကိုပါ သတ်မှတ်ပေးထားကြောင်းကို ရှင်းလင်းစွာ ပြဆိုလျက်ရှိနေပေသည်။

အလ္လာဟ်အရှင်မြတ်၏ လမ်းစဉ်၌ အကြီးမားဆုံး စွန့်လွှတ်မှုတစ်ရပ်ဖြစ်သည့် ဂျီဟာဒ်တာဝန်တွင်လည်း လူသားသည် မိမိ၏ အသက်စည်းစိမ်ကိုသာမက အခြားသူများ၏ အသက်စည်းစိမ်နှင့် အိုးအိမ်ဥစ္စာများကို စတေးခြင်းခံရ၏။ သို့သော် ဖော်ပြခဲ့သည့် အစွလာမ်၏ စည်းကမ်းချက်တစ်ရပ်မှာ ကြီးမားသော ဆုံးရှုံးမှုတစ်ရပ်အား ကျွန်ုပ်တို့ ရင်ဆိုင်ရမည့်အစား အနည်းငယ်မျှသော ဆုံးရှုံးမှုတစ်ရပ်ဖြင့် အစားထိုးခြင်းသာ ဖြစ်သင့်၏။

လူသားထုတစ်ရပ်လုံး၌ မကောင်းမှုအနှံ့ဌာရုံများက ကောင်းမှုအား ဖုံးလွှမ်းဝါးမျိုအနိုင်ယူလာသောအခါတွင် ကြုံတွေ့ခံစားရမည့် ဘေးဒုက္ခဆိုးကြီးနှင့် အစွလာမ်အပေါ် ဘုရားမဲ့ဝါဒီများက လွှမ်းမိုးညှဉ်းပန်းအနိုင်ယူလာသောအခါမျိုး၌ ကြုံတွေ့ရမည့် ဘေးအွန္တရာယ်ဆိုးကြီးထက် အသက်ပေါင်းများစွာအား စတေးခံလိုက်ခြင်းက မည်မျှ ပိုမြင့်မြတ်သည်ကို နှိုင်းယှဉ်ချိန်ထိုးကြည့်ပါလေ။ ရှင်းရှင်းလင်းလင်းဆိုရသော် ကြီးမားမြားမြောင်သော ဆုံးရှုံးမှုနှင့် ပို၍ ကြီးမားသော ဘေးအန္တရာယ်ဆိုးကို ရှောင်လွှဲနိုင်ရန်ပင်ဖြစ်၏။

ဤသည်မှာ အလ္လာဟ်ရှင်၏တရားတော် အားအင်ချိနဲ့လာမည့်အတွက်သာမက ကမ္ဘာ့လူ့ဘောင်လောကကြီးတွင် စာရိတ္တပျက်ပြားမှုနှင့် လမ်းမှားမှုများ လွှမ်းမိုးလာခြင်း ဘေးအန္တရာယ်ဆိုးများကြောင့် အသက်နှင့်ခန္ဓာပါ အစိတ်စိတ်အမြွှာမြွှာ အိုးစားကွဲရမည့် အဖြစ်ဆိုးမှ ကယ်တင်ရန်ပင် ဖြစ်၏။

ထိုအကြောင်းကြောင့် ဤမျှ ကြီးမားလှသည့် ဘေးအန္တရာယ်ဆိုးကြီးမှ လွတ်မြောက်ရန်အတွက် အလ္လာဟ်ရှင်က ကျွန်ုပ်တို့၏ အသက်အိုးအိမ် စည်းစိမ်များကို စွန့်လွှတ်ရန် ပညတ်ထားခြင်းဖြစ်၏။ တစ်နည်းဆိုသော် ဂျီဟာဒ်သည် ကြီးမားသော ဆုံးရှုံးမှုကို အနည်းငယ်မျှသော ဆုံးရှုံးမှုဖြင့် အစားထိုးလိုက်ခြင်းသာ ဖြစ်၏။

သို့သော် တစ်ဆက်တည်းမှာပင် မလိုလားအပ်သော သွေးထွက်သံယိုမှုများ သက်ကြီးရွယ်အို အိုမင်းမစွမ်းရှိသူများအား ထိခိုက်အနာတရဖြစ်အောင် ပြုမှုများ၊ အမျိုးသမီးများ ကလေးသူငယ်များ လူမမာများနှင့် ဒဏ်ရာအနာတရ ဖြစ်နေသူများအား ဘေးအန္တရာယ်ပြု ဒုက္ခရောက်အောင် ပြုခြင်းများကို မကျူးလွန်မိစေရန် တင်းကြပ်စွာ ပညတ်ပေးထား၏။

အလ္လာဟ်အရှင်၏ အမိန့်မှာ မိမိအား ဆန့်ကျင်တိုက်ခိုက်လာသူကိုသာ ခုခံသောသဘောဖြင့် ခုခံတိုက်ခိုက်ရန် ဆိုထား၏။ ရန်သူ၏ နယ်မြေ ပိုင်နက်အတွင်း၌ပင် မလိုလားအပ်သော ဖျက်ဆီးမှုများကို မပြုလုပ်ရန် ဆိုထား၏။ (ဥပမာ) ရန်သူပိုင်နက်ရှိ

စပါးသီးနှံ စိုက်ပျိုးခင်းများ ဘုရားကျောင်းကန်များနှင့် စားနပ်ရိက္ခာ စသည်တို့ကို အသုံးပြုမရအောင် ဖျက်ဆီးခြင်းမပြုရန် ရှရီအတ်၌ တားမြစ်ထား၏။

ယနေ့ခေတ် စစ်ပွဲများကဲ့သို့ လောင်မီးငုံးနှင့် အဆိပ်ငွေ့ဗုံး အသုံးပြုခြင်းဖြင့် စိုက်ပျိုးခင်းများအား လူမဆန်စွာ ဖျက်ဆီးခြင်းအမှုမျိုးကို မပြုရန် ဖြစ်၏။ ရှုံးနိမ့်သွားသော ရန်သူစစ်သည်ပန်းများကို စိတ်စေတနာ ဖြောင့်မတ်စွာ သာယာချိုအေး ချေငံစွာဖြင့် ကောင်းမွန်စွာ ဆက်ဆံရန် အစွလာမ်က ဆိုထား၏။

ရန်သူများနှင့် သဘောတူညီချက် နှစ်ဦးနှစ်ဘက် ရယူထားခဲ့ပါက ထိုသဘောတူညီချက်ကို ချိုးဖောက်ခြင်းမပြုဘဲ အတိအကျ လိုက်နာစောင့်ထိန်းရန် ရန်သူများဘက်မှ စစ်မက်ပြုခြင်းကို ရပ်ဆိုင်းပြီး ငြိမ်းချမ်းရေးစကား ကမ်းလှမ်းလာလျှင် မိမိတို့ဘက်မှ စစ်မက်ပြုခြင်းကို ရပ်ဆိုင်းပြီး ငြိမ်းချမ်းရေးအတွက် ကြိုးပမ်းကြရန် ဆိုထား၏။

ရန်သူများဘက်မှ ကျူးကျော်မှု ရပ်စဲလိုက်သော အခါတွင်လည်းကောင်း အစွလာမ်ဆန့်ကျင်ရေး လှုပ်ရှားမှုများကို ရပ်စဲလိုက်သော အခါတွင်လည်းကောင်း မိမိတို့ဘက်မှလည်း တန်ပြန်စစ်မက်ပြုခြင်းကို ရပ်စဲလိုက်ရန် ပညတ်ထား၏။

ဤနည်းအားဖြင့် အစွလာမ်သည် မလွဲမရှောင်သာ အခြေအနေသို့ ဆိုက်ရောက်လာမှသာ စစ်မက်ပြုခြင်းဖြင့် အသက်အိုးအိမ် စည်းစိမ်ဥစ္စာနှင့် တစ်ပါးသူတို့၏ အခွင့်အလမ်း တာဝန်အား အနည်းဆုံးအဆင့်မှ စွန့်လွှတ် စတေးခံခြင်းဖြင့် အလွှာဟ်ရှင်အပေါ် စောင့်ထိန်းရမည့် တာဝန်ကို ပြီးမြောက်အောင် ထမ်းဆောင်ရန် ဆိုထား၏။[၁]

လူသား၏ အမျိုးမျိုးသော လိုလားချက်များကို ညီညွတ်မှုတ သဟဇာတအဖြစ် ဆုံး အနေအထားမှ စိတ်ဓာတ်ထက်သန်စွာဖြင့် လှုံ့အဖွဲ့အစည်းအတွက် အကောင်းဆုံး ကြိုးပမ်းသွားရန်လည်းကောင်း ဆိုထားပေသည်။

## မိမိကိုယ်အတွက် တာဝန်

ယခုလူသား၏ ကိုယ်ပိုင်အခွင့်အရေးဖြစ်သော မိမိအတွက် တာဝန်ကို ဆွေးနွေးမည် ဖြစ်၏။

လူသည် မိမိကိုယ်မိမိ အခြားသူများထက် ပိုမို ရက်စက်ကြမ်းတမ်းစွာ ပြုကျင့်သူ၊ တရားမဲ့စွာ ပြုကျင့်သူဖြစ်သည်ဟု ဆိုပါက များစွာပင် အံ့သြမိကြပေမည်။ လူတစ်ဦး

---

၁။ လီနင်က "ကျွန်ုပ်တို့သည် စစ်ကို ၂စက်ဆုပ်မှုရှာ မုန်းတီးသည် မှန်သော်လည်း ရဲဖန်ရဲခါ စစ်ကို ရှောင်လွှဲ၍ မရပေ။ ကျွန်ုပ်တို့ကိုယ်တိုင် ပါဝင်တိုက်ခိုက်နေရသည်ဖြစ်ပြီး ရှောင်တိမ်းချိမရပေ" ဟု ပြောခဲ့ဖူး၏။

အစွလာမ်သည် စစ်မက်ပြုခြင်းကို မလိုလားပေ။ ကျူးကျော်စစ်ဟူသရွေ့အား မည်သည်ပုံစံ မည်သည့်အနေအထားကမျှ အားမပေးချေ။ တစ်ဘက်က ကျူးကျော်ခိုက်ခိုက်လာမှသာ ပြန်လည်ခုခံရန် ဆိုထား၏။ စစ်မီးလျှံမှုခြင်းထက် ငြိမ်းချမ်းအေးမြမှု ရရှိရေးကို အထူးအရေးထားရန် ညွှန်ကြားထား၏။ နှစ်ဦးနှစ်ဘက် စစ်မက်ပြုရန် တစ်ဘက်မှ စစ်ကြေညာလာလျှင် ဦးစွာ စစ်မက်မဖြစ်မှား ရအောင် အစွမ်းကုန် ညှိနှိုင်းကြရန် ဆိုထား၏။ မလွဲမရှောင်သာ ဖြစ်လာလွန်းမှသာ ခုခံစစ်ပြုရန် ဆိုထား၏။

သည် မိမိကိုယ်မိမိ မည်သို့ ရက်စက်ညှဉ်းပန်းနေသနည်း။ အများအားဖြင့် လူသည် မိမိကိုယ်မိမိ အမြတ်နိုးဆုံး မဟုတ်ပါလား။ လူသည် မည်သို့ မိမိကိုယ်မိမိ ရန်သူအဖြစ်သို့ ရောက်စေခဲ့သနည်း။ ယင်းအချက်မှာ လုံးဝ နားမလည်နိုင်စရာအချက်ဟု ထင်မိကြမည် ဖြစ်၏။ သို့သော် နက်နက်နဲနဲ တွေးကြည့်လေလေ ယင်းအဆိုမှန်ကန်ကြောင်း တွေ့ရှိရ လေပင်ဖြစ်၏။

လူသား၏ အကြီးမားဆုံးသော အားနည်းချက်မှာ အလိုဆန္ဒတစ်ခုခု ဖိစီးလာသောအခါ၌ ထိုရမ္မက်အာရုံကို ချိုးနှိမ်ရမည့်အစား အလျှော့ပေးပြီး အလိုရမ္မက်နောက်သို့ ကောက်ကောက်ပါအောင် လိုက်မိခြင်းကြောင့် ဘေးဒုက္ခ အန္တရာယ်ဆိုးများနှင့် ကြုံတွေ့ခဲ့ရခြင်းပင် ဖြစ်၏။ အရက်သေစာ သောက်စားတတ်သူ တစ်ဦးအနေဖြင့် သောက်ကာစက မည်သို့မျှ မထူးခြားသော်လည်း အချိန်ကြာညောင်းလာလေလေ အရက်၏ ကျေးကျွန် အဖြစ်သို့ ရောက်သွားလေလေပင် ဖြစ်၏။

ငွေလည်းကုန်၊ သိက္ခာလည်းကျ၊ ကျန်းမာရေးချို့တဲ့ပြီး နာမည်လည်း ပျက်ကာ အစစ အရှုံးနှင့် ရင်ဆိုင်ရတော့၏။ အလားတူ အစားကျူးသူတစ်ဦးကို ကြည့်မည်ဆိုလျှင် ယင်းသို့ အစားအသောက်အရာ၌ ရမ္မက်ကြီးလွန်းမှုကြောင့် ကျန်းမာရေးကို ထိခိုက်စေနိုင်ရုံသာမက အသက်ကိုပင် အန္တရာယ်ပြုလာနိုင်၏။ ကာမဂုဏ် စည်းစိမ်နောက် တကောက်ကောက်လိုက်နေပြီး အပျော်ကျူးနေသူတစ်ဦးအနေဖြင့် ကာမဂုဏ် ရာဂတဏှာ၏ သားကောင်အဖြစ်သို့ ရောက်သွားခြင်းဖြင့် မိမိကိုယ်မိမိ နစ်မွန်းအောင် ပြုရာရောက်သွားတော့၏။

ထို့ပြင် လောကုတ္တရာသက်သက်ကို ရှေ့ရှုပြီး မိမိတွင် တကယ်လိုအပ်နေသည့် ဆန္ဒများကို အတင်းချိုးနှိမ်ထားပြီး သွေးသားဆန္ဒအလိုနှင့် လိုလားချက်များကို ဖျောက်ဖျက်ကာ တောကြီးမျက်မည်းထဲ၌ အဝတ်မဲ့အစားမဲ့ တရားအားထုတ်မှု ပြုနေသူများသည်လည်း မိမိကိုယ်မိမိ ညှဉ်းပန်းနှိပ်စက်နေသူများတွင် အပါအဝင်ပင် ဖြစ်၏။

ထိုသူတို့သည် လူ့ဘောင် လောကကြီးသည် ခင်တွယ်မြတ်နိုးစရာ မဟုတ်၊ လောကီရေးရာ အဖြာဖြာနှင့် လူမှုကိစ္စအဝဝကို စက်ဆုပ်ရွံရှာဖွယ်ရာအဖြစ် ခံယူထားကြ၏။

အထက်ပါအချက်များမှာ လူတို့သည် တစ်ဘက်ဘက်၌ အလွန်အကျွံ တစ်ဘက်စွန်း ရောက်သွားတတ်ခြင်းနှင့် ယင်းသို့ တစ်ဘက်စွန်းရောက်မှုကြောင့် အရှုံးနှင့် ရင်ဆိုင်ရခြင်း ဖြစ်ရပ်၏ ဥပမာအချို့ ဖြစ်၏။ မည်သူမဆို မိမိ၏ နေ့စဉ်သမားရိုးကျ ကိစ္စများ၌ အထက်ပါ အဖြစ်မျိုးကဲ့သို့ လမ်းမှားလိုက်မိသော အဖြစ်နှင့် မိမိ၏ နိစ္စဓုဝကိစ္စများ၌ ညီမျှသော အခြေသို့ ရောက်အောင် မစွမ်းနိုင်သော အဖြစ်မျိုးကို ကြုံတွေ့နေရသည်ဖြစ်ရာ အကျယ်တဝင့် ရှင်းပြစရာ မလိုအပ်ပေ။

အစွလာမ်သည် လူသား၏အကျိုးကို အဓိက ဦးတည်ထား၏။ ယင်း၏ ဖြောင့်မတ်တိုလင်းသော ရည်ရွယ်ချက်မှာ လူသားတို့၏ ဘဝရပ်တည်မှုဝယ် ချိန်သားကျ ဟန်ချက်ညီအောင် ပြုပေးရန်ပင် ဖြစ်၏။ ဤအတွက်ကြောင့် ရှရီအတ်၌ ''အသင်၏ ခန္ဓာကိုယ်အတွက်လည်း အသင့်အပေါ်၌ တိကျသောတာဝန်များ အပြည့်တင်ရှိနေပေသည်'' ဟု ကြွေးကြော်ထားခြင်းဖြစ်၏။

ရှရီအတ်၏ အခြေခံစည်းမျဉ်းတစ်ရပ်မှာ (အသင်၏ ခန္ဓာကိုယ်အတွက် အသင့်အပေါ်၌ တာဝန်အခွင့်အရေးများ ရှိနေသည်) ဟူ၏။ ဤကား အစွလာမ်၏ သဘာဝကျသော အကြောင်းရင်းခံတစ်ရပ်လည်း ဖြစ်၏။ အစွလာမ်သည် လူမှုဘဝ ရပ်တည်ရေးအတွက် နည်းမှန်လမ်းကျသော လမ်းညွှန်မှုများကို ရှုထောင့်အသီးသီးမှ လိုလေသေးမရှိ အပြည့်အဝ လမ်းညွှန်ပြထား၏။

အစွလာမ်၏ လမ်းညွှန်မှုအောက်၌သာ လူ့ဘဝ၏ ပြည့်ဝသော အနှစ်သာရနှင့် တန်ဖိုးမှန်ကို အပြည့်အဝ ရယူခံစားနိုင်မည် ဖြစ်၏။ အစွလာမ်က ပေးသော အမြင့်ဆုံး အဆင့်မှာ လူသားတို့အတွက် သဘာဝလောကကြီး တစ်ခုလုံးအား ထိန်းချုပ်နိုင်စွမ်းနှင့် အမှန်အကန် အသုံးချနိုင်စွမ်းတည်းဟူသော လမ်းညွှန်မှုပင် ဖြစ်၏။

လောကကီအာရုံကို ပစ်ပယ်ပြီး လောကုတ္တရာသက်သက် ရှေးရှုရန်လည်း မဆိုထားပေ။ လောကုတ္တရာရေးကို လျစ်လျူရှုပြီး လောကီရေးသက်သက် ဦးစားပေးရန်လည်း မဆိုထားပေ။ လောကီနှင့် လောကုတ္တရာ နှစ်ရပ်စလုံးနှင့် သဟဇာတမျှတသော ဘဝလမ်းညွှန်များကို ပေးထား၏။

ယင်းလမ်းညွှန်များမှာ ကုရ်အာန်၊ ဟဒီးဆ်နှင့် ရှရီအာပင် ဖြစ်၏။ လူ့အဖွဲ့အစည်း ပြုပြင်ရေးအတွက် လက်သုံးပစ္စည်းကို အစွလာမ်၏ လမ်းညွှန်မှုအောက်၌သာ ရှာကြရယူနိုင်မည်ဖြစ်၏။

ရှရီအာသည် လူသား၏ စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာနှင့် စာရိတ္တပိုင်းဆိုင်ရာ၌ ဘေးအန္တရာယ်ဖြစ်စေနိုင်သည့် ကိစ္စရပ်ဟူသမျှကို တားမြစ်ပိတ်ပင်ခဲ့၏။ ထို့ကြောင့် မူးယစ်ဆေးဝါးများ၊ သတ္တဝါ၏သွေး၊ ဝက်တိရစ္ဆာန်၏ အသား၊ သားရဲတိရစ္ဆာန်ကြီးများ၊ အဆိပ်ရှိသတ္တဝါများ မသန့်ရှင်းသော သတ္တဝါများနှင့် အသေသားတို့ကို စားသုံးခြင်းကို ပိတ်ပင်ခဲ့ခြင်း ဖြစ်၏။

အကြောင်းမူကား ယင်းတို့သည် လူ့ဘဝ၏ စိတ်ပိုင်းရုပ်ပိုင်းဆိုင်ရာ အသိဉာဏ်နှင့် စာရိတ္တပိုင်းဆိုင်ရာတို့၌ မလိုလားအပ်သော အကျိုးတရားများကို ပေါ်ပေါက်စေနိုင်ခြင်းကြောင့်ပင် ဖြစ်၏။ တစ်ဖက်မှ ဤကဲ့သို့ လူ့အကျိုးယုတ်စေသည့် ကိစ္စများကို ပိတ်ပင်ခဲ့သော်လည်း တစ်ဘက်၌ အစွလာမ်က လူသားတို့အား သန့်ရှင်းလတ်ဆတ် အာဟာရဖြစ်စေပြီး လူ့အကျိုးကို ပြုနိုင်စွမ်းသော အထောက်အကူပြုနိုင်စွမ်းသော စားသုံးဖွယ်ရာများကို စားသုံးရန် ဖွင့်ပြုထားပေသည်။ ဤသို့ ခွင့်ပြုထားရာ၌လည်း အလွန်အကျူးသုံးစွဲခြင်းကို ခွင့်မပြုချေ။ မိမိ၏ ခန္ဓာကိုယ်အား ယင်းသို့ သန့်ရှင်းလတ်ဆတ်သော အာဟာရများကို စားသုံးမှီဝဲခြင်းမှ ချိုးနှိမ်ထားခြင်း မပြုကြရန် ဆိုထား၏။ အကြောင်းမူကား လူသားအနေဖြင့် မိမိ၏ အသက်ခန္ဓာ တည်မြဲရေးအတွက် ဤတာဝန်ကို ထမ်းဆောင်ဖြည့်တင်းပေးရန်မှာ အထူးတာဝန်တစ်ရပ် ဖြစ်နေခြင်းကြောင့် ဖြစ်၏။

ဤသည်လည်း အံ့မခန်းဖွယ်ရာ သဘာဝနှင့် ကိုက်ညီသော လမ်းညွှန်မှုပင်တည်း။ အစွလာမ်၏ ဥပဒေသ၌ ဝတ်လစ်စလစ်နေခြင်းကို အတိအလင်း တားမြစ်ထား၏။ အဝတ်အစား ဝတ်ဆင်ရာ၌ စည်းမဲ့ကမ်းမဲ့ ဝတ်ဆင်ခြင်း သရုပ်ပျက်အောင် ဝတ်စား

ဆင်ယင်ခြင်းနှင့် မသပ်မယပ် ဖရိုဖရဲ ဝတ်ဆင်ခြင်းတို့ကို ခွင့်မပြုချေ။ အဝတ်အစားကို သေသပ်ကျနစွာနှင့် တင့်တင့်တယ်တယ် ဝတ်ဆင်ရန် ဆိုထား၏။

လူမှန်လျှင် လူ့ဘဝ ရှင်သန်ရပ်တည်မှုအတွက် အဓိကလိုအပ်သော အသက်မွေးဝမ်းကျောင်းမှုကို မဖြစ်မနေ လုပ်ဆောင်ရန် လမ်းညွှန် တိုက်တွန်းထား၏။ အလုပ်အကိုင်မလုပ်ဘဲ လူပျင်းလူပေါ့အဖြစ် နေထိုင်ခြင်းကို လုံးဝမလိုလားပေ။ ရှရီအာ၏ အဓိက အသက်သွေးကြောသဖွယ်ဖြစ်သည့် အချက်မှာ လူသားသည် မိမိအား အလွှာဟ်အရှင် ချီးမြှင့်ပေးကမ်းထားသည့် စွမ်းအားသတ္တိနှင့် ထိုအရှင်မှ မိုးကောင်းကင်နှင့် မြေပြင်အကြား၌ အနှံ့အပြား ဖြန့်ကျက်တည်ရှိနေသည့် အရာများ (စကြဝဠာကြီး အပါအဝင် ယင်းအတွင်းရှိ သက်ရှိသက်မဲ့များ ဂြိုဟ်နက္ခတ်, တာရာများနှင့် သယံဇာတပစ္စည်းများ) ကို အသုံးပြုခြင်းဖြင့် မိမိ၏ဘဝ သာယာရေးနှင့် လူ့လောက အကျိုးပြုလုပ်ငန်းများကို ဆောင်ရွက်သွားရန်ဖြစ်၏။

အိမ်ထောင်သားမွေးမပြုဘဲ ကာမဂုဏ်အာရုံကို ချိုးနှိမ်ထားခြင်းကိုလည်း အတိအလင်း ဆန့်ကျင်ပြီး ကာမဂုဏ်အာရုံသည်လည်း လူသား၏ စိတ်ပိုင်းဆိုင်ရာနှင့် ရုပ်ပိုင်းဆိုင်ရာတို့၌ အရေးပါသော အချက်တစ်ရပ်ဖြစ်သည်ဟု အစွလာမ်က ဖော်ကျူးခဲ့၏။

လူမျိုးဆက် တည်တံ့ပြီး ကမ္ဘာမြေပြင်၌ လူ့အကျိုးပြု လူသားများ လူကောင်းလူမွန်များ တိုးတက်ထွန်းကားလာရေးအတွက် ထိမ်းမြားမှုမှာ အဓိကလိုအပ်ချက်တစ်ရပ်ဟု ဆိုထား၏။ လက်ထပ်ထိမ်းမြားခြင်းဖြင့် ကာမဂုဏ်အာရုံကို လူ့စည်းဝိုင်းအတွင်းမှ နည်းလမ်းတကျ မျှမျှတတ ထိန်းချုပ်ခံစားနိုင်ရန် လမ်းညွှန်ထား၏။

မိမိကိုယ်မိမိ ညှဉ်းပန်းနှိပ်စက်ခြင်း မိမိ၏အတ္တကို အမမှန်းလမ်းဖြင့် ချိုးနှိမ်ခြင်း (ဒုက္ခစရိယကျင့်စဉ်) မိမိကိုယ်မိမိ ပေလယျက် ပစ္စလက္ခတ် လစ်လျူရှုနေထိုင်ခြင်းတို့ကိုလည်း အတိအလင်း တားမြစ်ခဲ့၏။

လူသားအနေဖြင့် လူ့လောကဘ္ဝ ပျော်မွေ့ခံစားနိုင်ခွင့် ရှိသင့်သမျှရှိသည့် လောကီစည်းစိမ် လူ့ဘဝသုခများကို နည်းမှန်လမ်းမှန် တရားသော ဘောင်အတွင်းမှ ခံစားရယူ ပျော်မွေ့ရန် ခွင့်ပြုထားခြင်းဖြင့် လူ့ဘဝနှင့် လူမှုကိစ္စအဝဝ၌ မှန်ကန်သူများ၊ တရားသိသူများ မြင့်မားသော စာရိတ္တရှိသူများနှင့် လူပီသသူများအဖြစ်သို့ ရောက်ရှိအောင် ပြုစုပျိုးထောင် နေထိုင်သွားရန် လမ်းဖွင့်ပေးထား၏။

မြင့်မားသော စိတ်ဓာတ်၊ သန့်စင်သော စာရိတ္တ၊ ကောင်းမြတ်သော ဝိညာဉ်ရှင်များအဖြစ်သို့ ရောက်ရှိရန်နှင့် သေပြီးနောက် ရင်ဆိုင်ရမည့်ဘဝ၌ ကယ်တင်ခြင်းကို ရရှိနိုင်ရန်အတွက် ဤလောကကြီးကို လုံးဝ ကျောခိုင်းထားရမည်ဆိုသည်မှာ သဘာဝမကျကြောင်း လုံးဝ မလိုလားအပ်ကြောင်းကို အစွလာမ်က ပြတ်ပြတ်သားသား ဖော်ထုတ်ခဲ့၏။

လူသားအား အောင်မြင်မှုပို့ ရွေ့ရှုပို့ဆောင်ပေးနိုင်သည့် လမ်းစဉ်ကား အလွှာဟ်ရှင်၏ လူ့ဘဝလမ်းညွှန် ကျမ်းမှန်ကုရ်အာန်၏ သွန်သင်ချက်အတိုင်း လိုက်နာကျင့်ဆောင်ကာ လူ့ဘဝ၏ ရွှမ်းထွေးမွေလီသော ပြဿနာရပ်အသီးသီးနှင့် လူမှုကိစ္စအဝဝကို ရင်ဆိုင်ဖြေရှင်းနေထိုင်သွားသည့် လမ်းစဉ်သာ ဖြစ်၏။ ယင်းလူမှုဘဝ ပြဿနာများအကြား၌

ကိုယ်လွတ်ရုန်းထွက်ပြီး မိမိအတွက် ထွက်ရပ်လမ်း ရှာကြံသော အပြုအမူကား လုံးဝ လမ်းမကျဟု အစွလာမ်က ဖွင့်ဆိုထား၏။

ဤအတွက်ကြောင့် ဘဝကို အရှုံးပေးပြီး မိမိကိုယ်ကို သေကြောင်းကြံခြင်းနှင့် အလွှာဟ်ရှင်ပိုင်ဆိုင်သည့် မိမိ၏ အသက်တစ်ချောင်းအပေါ် ဖိစီးနှိပ်စက်ခြင်းနှင့် အလဟဿဖြစ်စေခြင်းတို့ကို အတိုအလှီင်း တားမြစ်ခဲ့ခြင်းဖြစ်၏။ လူသည် ကမ္ဘာလောကကြီး၌ လူအဖြစ်နှင့် ရပ်တည်နေစဉ်အတွင်း၌ ယင်းအချိန်ကို တန်ဖိုးရှိရှိ အသုံးချတတ်ဖို့ အရေးကြီးသည်။

ယင်းသို့ လူအဖြစ် ကျင်လည်နေရသော ခဏတာအချိန်တိုကလေးကို အလွှာဟ်ရှင်က လူသားအပေါ်၌ ပုံအပ် လွှဲအပ်ထားခြင်းဖြစ်ရာ ယင်းအချိန်တာကလေးကို တန်ဖိုးရှိရှိ အကျိုးဖြစ်ထွန်းအောင် အသုံးချသွားရန် လိုအပ်၏။

အကျိုးယုတ်ပျက်စီးစေရန် ရည်ရွယ်ထားခြင်း မရှိသည့်အတွက် သေးနုတ်သိမ်ဖျင်းသော လမ်းစဉ်ကို လျှောက်လှမ်းခြင်းဖြင့် တန်ဖိုးရှိသော ဘဝအား တန်ဖိုးမဲ့သော အဖြစ်သို့ ပို့ဆောင်ဖျက်ဆီးပစ်ရန် ရည်ရွယ်ခဲ့ခြင်း မရှိပေ။

ဤကား လူသား၏ အတွင်းစိတ်သန္တာန်၌ မိမိ၏ ခန္ဓာကိုယ်နှင့် မိမိ၏ အတ္တအပေါ်၌ စောင့်ထိန်းတင်ရှိနေသည့် တာဝန်ဝတ္တရားများဖြစ်၏။ ယင်းတာဝန်နှင့် ဝတ္တရားများကို ရှုရီအာမှ ချမှတ်ထားသော လမ်းစဉ်အတိုင်း လူသားအနေဖြင့် တတ်စွမ်းနိုင်သမျှ အကောင်းဆုံးအနေအထားမှ ထမ်းဆောင်သွားရန်မှာ အဓိကတာဝန်ဖြစ်ကြောင်းကို တဖြည်းဖြည်းချင်း သဘောပေါက် နားဝင်လာအောင် အစွလာမ်က မည်သို့မည်ပုံ လမ်းညွှန် စွမ်းဆောင်ပေးခဲ့ပုံပင် ဖြစ်၏။

သို့မှသာ လူသားအနေဖြင့် မိမိ၏ အတ္တအတွက် စောင့်ထိန်းရမည့်တာဝန် (၀၊) မိမိအတွက် တာဝန်ကို အမှန်အကန် ပြုကျင့်စွမ်းဆောင်ပေးနိုင်မည့် သူအဖြစ်သို့ မည်သို့မည်ပုံရောက်ရှိအောင် ပြုကျင့်ရမည်ဆိုသည်ကို သိနိုင်မည် မဟုတ်လော။

## လူမှုရေး တာဝန်များ

## (လူလူချင်း တာဝန်ဝတ္တရား)

ရှုရီအာသည် တစ်ဘက်မှ လူသားအား မိမိအတွက် တာဝန်ကို ပြည့်ဝအောင် စွမ်းဆောင်သွားရန်နှင့် မိမိ၏ အတ္တအတွက်လည်း မှန်ကန်စွာ ကျင့်ကြံကြရန် ပညတ်ထားသလို အခြားတစ်ဖက်မှ မိမိ၏ အတ္တအကျိုးကို ဆောင်ရွက်သွားရာ၌ အများ၏ အကျိုး (လူမှုရေးတာဝန်) ၊ ကို မထိခိုက်စေရန်နှင့် မိမိပတ်ဝန်းကျင်ရှိ လူ့ဘောင်အဖွဲ့အစည်းအပေါ်၌လည်း လူ့တာဝန်ကျေပွန်ရန်တို့ကို လမ်းညွှန်ထားပေသည်။

ရှုရီအာသည် လူသား၏ ကိုယ်ပိုင်အခွင့်အရေးနှင့် လူမှုရေးတာဝန်များအကြား၌ သဟဇာတမျှတ ညီညွတ်သော အခြေသို့ ရောက်ရှိနေစေရန် အမြဲဦးတည်ထား၏။ ရှုရီအာ

က လူနှင့် လူ့ဘောင်အဖွဲ့အစည်းတို့ကို အချင်းချင်း ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် တစ်ဦး၏ အကျိုးစီးပွားကို တစ်ဦးက အပြန်အလှန် အကျိုးပြုသွားကြရန် လမ်းညွှန်ထား၏။ သို့မှသာလျှင် လူ့ဘောင်အဖွဲ့အစည်းများ အကြားရှိ ပဋိပက္ခများ ပေါ်ပေါက်လာခြင်း ရှိမည် မဟုတ်ပေ။

လူနှင့် လူ့အသိုက်အဝန်း နှစ်ဦးနှစ်ဘက် ပူးပေါင်းဆောက်ရွက်ခြင်းဖြင့် အလွှာဟ် ရှင်၏ ဥပဒေများကို အကောင်အထည်ဖော် လုပ်ဆောင်သွားကြရန် ရှရီအာက ဦးတည်ပေး ထား၏။

အစွလာမ်သည် မုသားပြောခြင်းကို လုံးဝလက်မခံ၊ အတိအလင်း တားမြစ် ထား၏။ မုသားဆိုပါက မည်သို့သော ပုံစံ၊ မည်သို့သော အသွင်သဏ္ဌာန်ကို ဆောင်ဆောင် လုံးဝ လက်မခံခဲ့ချေ။ မုသားပြောဆိုခြင်းသည် မုသားပြောဆိုသူကိုလည်း ညစ်ငြူးပျက်စီး စေ၏။ အခြားသူများနှင့် အပြောခံရသူကိုလည်း ဆိုးကျိုးကို ဖြစ်ပေါ်စေ၏။ မိမိ၏ အသိုက် အဝန်းတွင် မလိုလားအပ်သော အပြုအမူတစ်ရပ်ကိုလည်း ဖြစ်ပေါ်လာစေ၏။ မိမိ၏ အသိုက်အဝန်း၏ ပျက်စီးရာပျက်စီးကြောင်းကို ပြုရန် ခြိမ်းခြောက်လာခြင်းတစ်ရပ်လည်း ဖြစ်နိုင်၏။

အစွလာမ်သည် လူ့အကျိုးအပြုဆုံး ဘဝလမ်းညွှန်တစ်ရပ် ဖြစ်ပေရာ ခိုးဝှက် ခြင်း၊ လှုယက်တိုက်ခိုက်ခြင်း၊ လာဘ်ပေးလာဘ်ယူပြုခြင်း၊ တုပဟန်ဆောင်ခြင်းနှင့် လိမ်လည်လှည့်ဖြားခြင်း၊ အတိုးစားခြင်း၊ အပေါင်ခံခြင်းကဲ့သို့ လူနှင့် လူ့ဘောင် အဖွဲ့ အစည်းအား အကျိုးယုတ်နစ်နာ ထိခိုက်စေနိုင်သည့် အမှုကိစ္စမှန်သရွေ့ကို အတိအလင်း တားမြစ်ပိတ်ပင်ခဲ့၏။

ယင်းအပြုအမူများမှ ရရှိသည့် အကျိုးအမြတ်သည် မိမိအတွက် တဒင်္ဂအကျိုး နှင့် ထာဝရဆိုးကျိုးကိုသာ ပေးဆပ်နိုင်သလို အခြားသူများအတွက်လည်း ကြီးစွာ ထိခိုက်နစ်နာစေနိုင်၍ ဖြစ်၏။ အလားတူပင် နောက်ကွယ်၌ အတင်းပြောခြင်း၊ မဟုတ်မမှန် လိုဆည်ပြောဆိုခြင်း၊ မတရားစွပ်စွဲခြင်းနှင့် စကားနိုင်ထိုးခြင်း စောင်းမြောင်းပြောဆိုခြင်း ကဲ့သို့ သိမ်ဖျင်းနိမ့်ကျသော အပြုအမူများကိုလည်း တားမြစ်ခဲ့၏။ လောင်းကစားခြင်း၊ ကံစမ်းမဲနှိုက်ခြင်း၊ ဖဲကစားခြင်း၊ ပိုကာ ကစားခြင်းကဲ့သို့ လောင်းကစားမှုအမျိုးမျိုးနှင့် ကုန်ပစ္စည်းများကို သိုလှောင်ထားပြီးမှ ဈေးတင်ရောင်းချခြင်းကဲ့သို့ မတရားစီးပွားရှာ အမြတ်ကြီးစားခြင်းနှင့် ခေါင်းပုံဖြတ်ခြင်းများကဲ့သို့ တစ်ဦးတစ်ယောက် ကောင်းစားရေး အတွက် အများစုတွင် ထိခိုက်နစ်နာစေသော ကိစ္စရပ်များကို လုံးဝဆန့်ကျင်ခဲ့၏။ လောင်း ကစားမှုဟူသရွေ့မှာ တစ်ဦးတစ်ယောက် ထောင်နှင့်သောင်းနှင့်ချီ၍ အနိုင်ရရှိရေးအတွက် အများစုက နစ်နာဆုံးရှုံးခံပေးရ၏။

လက်ဝါးကြီးအုပ်ခြင်း၊ ငွေကြေးများကို သိုလှောင်သိမ်းဆည်းထားခြင်း မှောင်ခို မတရားစီးပွားရှာခြင်း လယ်ယာမြေများကို တစ်ကိုယ်တည်း အပိုင်စီးထားခြင်းကဲ့သို့ တစ်ကိုယ်ကောင်းဆန်သော အပြုအမူများနှင့် လူတစ်စုကောင်းစားရေး ဝါဒဟူသရွေ့ကို လည်း အတိအလင်း တားမြစ်ထား၏။ ဤကဲ့သို့ ဖောက်ပြန်သည့် စီးပွားရှာနည်းများ မှာ လူ့ဘောင်အဖွဲ့အစည်း တစ်ရပ်လုံးအား ဆုံးရှုံးပျက်စီးစေနိုင်၍ ဖြစ်၏။ ပစ္စည်းဥစ္စာသည်

တစ်စုံတစ်ယောက်ထံတွင်သာ စုပုံနေခြင်းကိုလည်း အစွလာမ်က တားမြစ်ပြီး ခွဲဝေခံစားရေးကို လမ်းညွှန်ပေးခဲ့တဲ့။

လူသတ်မှု၊ သွေးထွက်သံယိုမှုများနှင့် တစ်စုံတစ်ဦး၏ အကျိုးအား ထိခိုက်နစ်နာစေသော အပြုအမူများ ဥပဒေကို ချိုးဖောက်မှုများနှင့် အဖျက်လုပ်ငန်းများ ကြီးထွားပျံ့နှံ့လာပါက ရာဇဝတ်မှုကြီးများ ဖြစ်ပွားလာနိုင်တဲ့။ တစ်ပါးသူတို့၏ အကျိုးစီးပွားနှင့် အသက်စည်းစိမ်တို့ကို ပျက်လိုပျက်စီးကြောင်း ပြုပြီးမှ မိမိတစ်ကိုယ်တည်း ကောင်းစားရေးနှင့် အလိုဆန္ဒ ပြည့်ဝရေးကို ဆောင်ရွက်ရန် မည်သူတစ်ဦးတစ်ယောက်တွင်မျှ အခွင့်အလမ်းမရှိပေ။ ကာမေသုမိစ္ဆာစာရက် ကျူးလွန်ခြင်း အိမ်ထောင်ရေး၌ ဖောက်ပြန်ခြင်း၊ သူတစ်ပါးသားမယားကို ပစ်မှားခြင်း၊ ပြည့်တန်ဆာများနှင့် ဆက်ဆံခြင်းကဲ့သို့ သဘာဝမကျသော ကာမဂုဏ် စည်းစိမ်ခံစားခြင်းများကိုလည်း အတိအလင်း ပိတ်ပင်ခဲ့တဲ့။

ယင်းအပြုအမူများသည် လူ့စာရိတ္တ ကိုယ်ကျင့်သိက္ခာနှင့် လူ့အသိုက်အဝန်းတစ်ရပ်လုံးကို ဖောက်လွှဲဖောက်ပြန် ပျက်စီးစေသည်သာကမ ယင်းအမှုကို ကျူးလွန်သူအတွက်လည်း သိက္ခာပိုင်းကို ထိခိုက်စေနိုင်ပြီး ကျန်းမာရေးကိုပါ ပျက်စီးစေနိုင်တဲ့။

ထိုအပြုအမူ၏ ဂယက်သည် လူ့အသိုက်အဝန်းကိုပါ ရိုက်ခတ်ပြီး တရားမစောင့်စည်းခြင်းနှင့် စာရိတ္တဖောက်ပြန်ခြင်းများကို ကူးစက်ပြန့်ပွားစေနိုင်တဲ့။ ထို့ပြင် မကောင်းသော မိန်းမများနှင့် ဆက်ဆံခြင်းဖြင့် ကာလသားရောဂါ စွဲကပ်လာပြီး လူအများ၏ ကျန်းမာရေးကို ထိခိုက်စေခြင်း၊ သားစဉ်မြေးဆက် ကာလသားရောဂါ ကူးစက်နိုင်ခြင်းနှင့် စာရိတ္တဖောက်ပြန်မှုများ၊ လူနှင့် လူ့ဘောင်အဖွဲ့အစည်း ဆက်ဆံရေး၌ အဟန့်အတား ကမောက်ကမ ဖြစ်စေမှုများကို ဖြစ်စေတဲ့။

လူ့ယဉ်ကျေးမှုအဆောက်အအုံကို တည်ဆောက်ရာ၌လည်း အဟန့်အတား ဖြစ်စေတဲ့။ လူမှုဆက်ဆံရေး ပေါင်းကူးတံတားကြီးကို ဖြတ်တောက်ပစ်ရာလည်း ရောက်တဲ့။ အစွလာမ်သည် ယင်းကဲ့သို့သော စက်ဆုတ်ဖွယ်ကောင်းသော အပြုအမူများ၊ စာရိတ္တပျက်ပြားမှုများကို ပင်မကြီးနှင့် အချက်အလက်များမကျန် အမြစ်ကအစ မြေလှန်ပစ်ရန် ဦးတည်ထားတဲ့။

အစွလာမ်၏ ဥပဒေသများ၌ အဓိကတာဝန်အဖြစ် ဘောင်သတ်မှတ်ပေးထားချက်များမှာ လူသားအနေဖြင့် မိမိအပါအဝင် လူ့ဘောင်အဖွဲ့အစည်းအပေါ်၌ ကျူးလွန်ဖောက်ဖျက်ရာသို့ မရောက်အောင် ဟန့်တားပေးနိုင်ရန်အတွက်ပင် ဖြစ်တဲ့။ လူတစ်ဦး၏ ဖောက်ပြန်မှုသည် လူ့အဖွဲ့အစည်းကို ထိခိုက်နိုင်တဲ့။ ဤအဖြစ်ကို အစွလာမ်က မလိုလားပေ။

အလားတူ အတ္တလွန်ကဲခြင်းနှင့် ကိုယ်ကျိုးကိုသာ အဓိကထားခြင်းကိုလည်း မလိုလားချေ။ မိမိ၏ စိတ်ဆန္ဒတွင် အနည်းငယ်မျှ အလိုပြည့်ရေးအတွက် အခြားသူများ၏ အကျိုးစီးပွားကို အရှက်ကိုပင် ပဓါနမထားဘဲ ထိခိုက်နစ်နာအောင် ပြုရာရောက်သော ကိစ္စရပ်ဟူသရွေ့နှင့် စာရိတ္တပိုင်းဆိုင်ရာ ဖောက်ပြန်မှုဖြစ်နိုင်သည့် ကိစ္စအဝဝကို တင်းကြပ်စွာ တားမြစ်ထားတဲ့။

မိမိတစ်ကိုယ်တည်း ကောင်းစားရေးအတွက် အခြားသူများ၏ အကျိုးစီးပွားကို စတေးပြီးမှ ရယူရမည့်လုပ်ရပ်ကို လမ်းမကျဟု အစွလာမ်က ဆိုထားတဲ့။ အစွလာမ်၏

ဥပဒေသသည် လူမှုဘဝ၌ ကြုံတွေ့ရမည့် လူမှုကိစ္စအဝဝကို အရာရာ၌ နည်းစနစ်ကျကျ၊ သဘာဝကျကျ လမ်းမှန်ကမ်းမှန် လိုလေသေးမရှိ စီမံခန့်ခွဲ ခင်းကျင်းပြသထားပေရာ ကိုယ့်အကျိုးကို ဆောင်ရွက်ရင်း တစ်ပါတည်း အများအကျိုးကိုပါ ထမ်းဆောင်သွားရန် ဦးတည်ထားသည်ကို တွေ့ရ၏။ လူသည် အတ္တလွန်ကဲသော သဘာဝရှိသည်ကား မှန်၏။ အတ္တလွန်ကဲသော လူသားအား အတ္တနှင့်ပရ မျှတသောအခြေ၊ သဟဇာတဖြစ်သောအခြေသို့ ရောက်အောင် အစွလာမ်က တည့်မတ်ပေးထား၏။

သို့သော် အများ၏အကျိုးစီးပွားကို ဖြည့်တင်းရန် စွမ်းဆောင်ရာ၌လည်းကောင်း၊ လူ့ယဉ်ကျေးမှု အဆောက်အအုံကြီး တိုးတက်ရှင်သန်အောင် ပြုမူရာ၌လည်းကောင်း၊ အတ္တနှင့် ပရ နှစ်ရပ်၌ တစ်ဘက်ဘက်သို့ အလေးထားနေလျှင်လည်း မရပေ။ တကယ့် စစ်မှန်သော ငြိမ်းချမ်းမှုနှင့် ကုံလုံကြွယ်ဝပြီး သာယာဝပြောသည့် လူ့ဘောင်အဖွဲ့အစည်းကို တည်ဆောက်နိုင်ရန်အတွက် အခြားသူ၏ အခွင့်အရေးကို ထိခိုက်နစ်နာအောင် ကျူးလွန်ရာသို့ မရောက်စေရန် စောင့်ထိန်းဖို့ လိုအပ်သည်သာမက ယင်းတို့၏ အကျိုးစီးပွားကို ပျက်စီးဆုံးရှုံးအောင် မပြုလုပ်မိရန် လိုအပ်၏။ တစ်ဘက်နှင့်တစ်ဘက် အပြန်အလှန် ပူးပေါင်းဆောင်ရွက်ရမည်ဖြစ်ပြီး တစ်ဦးနှင့်တစ်ဦး အတုံ့အလှည့် ဆက်သွယ်ရေးကို တည်ထောင်ခြင်းနှင့် လူမှုရေး အဖွဲ့အစည်းများကို တည်ဆောက်ခြင်းဖြင့် အများကောင်းစားရေးကို ဦးတည်သော လမ်းစဉ်ကို ရှေးရှုပြီး စံပြလူ့ဘောင် အဖွဲ့အစည်းတစ်ရပ်ကို ထူထောင်သွားကြရန် လိုအပ်ပေသည်။

ရှုရီအာသည် လူသားအား ဤအကျိုးတရား အသီးအပွင့်များကို လက်တွေ့ခံစားရယူနိုင်ရန် လမ်းညွှန်ပြထားပေသည်။ ထို့ကြောင့် ဤအခန်းတွင် အစွလာမ်ဥပဒေသ ပညတ်ချက်များက မီးမောင်းထိုး ဖော်ကျူးပြသထားသည့် စံပြဘဝရပ်တည်မှုနှင့် စံပြလူ့ဘောင်အဖွဲ့အစည်းကို အကျဉ်းချုံး တင်ပြသွားမည်ဖြစ်၏။

လူသားအနေဖြင့် မိမိ၏ဘဝသက်တမ်း၌ သူ၏မိသားစုသည် ပထမဆုံးဆက်ဆံရသည့် လူ့အဖွဲ့အစည်းလေး တစ်ရပ်ပင် ဖြစ်၏။ ထို့ကြောင့်ပင် မိသားစုအဖွဲ့အစည်းသည် လူသား၏ ပုခက်သဖွယ်ဖြစ်သည်ဟု ဆိုထားကြခြင်းဖြစ်၏။

လူသားအား စာရိတ္တဖောက်ပြန်စေခြင်းသည် ဤအသိုက်အဝန်းမှ စတင်အခြေခံလာခြင်းဖြစ်၏။ မိသားစုဘဝသည် ပုခက်သဖွယ် ဖြစ်သည်သာမက ယဉ်ကျေးမှု၏ ပုခက်သဖွယ်ဖြစ်သည်ဟုလည်း ဆိုထားကြ၏။

အစွလာမ်၏ မိသားစုနှင့် ပတ်သက်သည့် ပညတ်ချက်များမှာ အလွန်စံထားဂုဏ်ယူဖွယ်ရာ ကောင်းလှ၏။ တိုပနိုင်မာ လမ်းကျမှ အပြည့်အဝရှိ၏။ ရှုရီအာက လူသားအား မိမိ၏ဇနီးနှင့် သားသမီးများအား ရှာဖွေကျွေးမွေးရန် တာဝန်တစ်ရပ်အနေဖြင့် သတ်မှတ်ထားသလို ယင်းတို့အား အမျိုးမျိုး အထွေထွေသော ဘဝပြဿနာများမှ ကယ်တင်ကာကွယ်စောင့်ရှောက်ပေးရန်ပါ ဆိုထား၏။

ဇနီးဖြစ်သူကိုလည်း အိမ်မှုကိစ္စအဝဝ ထိန်းသိမ်းစီမံခန့်ခွဲ လုပ်ကိုင်သွားရန် ဘာဝန်ချမှတ်ပေးထားသလို သားသမီးနှင့် ရင်သွေးများအား လိမ္မာရေးခြားရှိအောင် အကောင်းဆုံးသော နည်းလမ်းဖြင့် ဆိုဆုံးမသွားရန်၊ ပြုစုယုယ ကျွေးမွေးစောင့်ရှောက်ပျိုးထောင်သွားရန်၊ လင်ဖြစ်သူနှင့် သားသမီးများ အိမ်ထောင်မှုသုခကို အပြည့်အဝ

ခံစားသွားနိုင်ရန်နှင့် ကြည်နူးဖွယ်ရာ မိသားစုဘဝဖြင့် သာယာအေးချမ်းသော အိမ်ထောင်စုတစ်ရပ်အသွင် နေထိုင်သွားရန်တို့ကို လမ်းညွှန်ပေးထား၏။

သားသမီးများ၏ တာဝန်မှာ မိဘနှစ်ပါးအား လေးစားရိုသေ ချစ်ကြည်သမှုရှိရန် မိဘ၏စကားကို မြေဝယ်မကျ နားထောင်သွားရန် ကြိုးပမ်းနေထိုင်သွားရန် ဆုံးမထား၏။

ထို့ပြင် မိဘနှစ်ပါး အသက်အရွယ် ကြီးမြင့်လာ၍ အိုမင်းမစွမ်း ရှိလာသည့်အခါ မိမိတို့က အတုံ့အလှည့်အားဖြင့် မိဘနှစ်ပါးအား ကြည့်ရှုစောင့်ရှောက်ပြီး ဝတ်ကြီးဝတ်ငယ် များနှင့် လိုအင်ဆန္ဒပူသရွေ့ကို တတ်နိုင်သမျှ စီမံခန့်ခွဲ ဖြည့်တင်းပေးရန် ပညတ်ထား၏။

သာယာဝပြော၍ ချမ်းမြေ့ကြည်နူးဖွယ်ရာကောင်းပြီး အရာရာ၌ စည်းစနစ်ကျကျ ရှိနေသည့် သီရိဂေဟာတစ်ခုကို ဆောက်တည်နိုင်ရန်အတွက် အစွလာမ်က အောက်ပါ အချက်နှစ်ရပ်ကို လိုက်နာသွားရန် လမ်းညွှန်ပြသထား၏။

(က) လင်သားသည် မိသားစုတစ်စု၌ အိမ်ထောင်ဦးစီး (ဝါ) ခေါင်းဆောင် အဆင့်နေရာတွင် ရှိ၏။ အိမ်ထောင်တစ်ခုတွင် အဓိကစီမံခန့်ခွဲ အုပ်ချုပ်မှုပေးမည့်သူ မရှိလျှင် မည်သို့သော ဥပဒေသပညတ်များကမှ ယင်းအိမ်ထောင်စုအား သာယာဖြောင့်ဖြူးသော မိသားစုဘဝကို ပေးစွမ်းနိုင်မည်မဟုတ်ချေ။

အသင့်အနေဖြင့် ကျောင်းအုပ်ဆရာကြီး မရှိသည့် ကျောင်း သို့မဟုတ် စီမံအုပ်ချုပ်မှုမရှိသည့် မြို့ပြတစ်ခုခုကို မည်သည့်အခါမျှ တွေးမိမည်မဟုတ်ပေ။ အကယ်၍ ဤကဲ့သို့ တစ်ဦးတစ်ယောက်၏ လမ်းညွှန်ကွပ်ကဲမှုနှင့် စီမံအုပ်ချုပ်မှုမရှိခဲ့ပါက အစစဗရမ်းဗတာဖြစ်နေမည်သာ ဖြစ်၏။ ရုန့်ရင်းဆန်ခတ် ထင်ရာစိုင်းနေမည်သာ ဖြစ်၏။

မိသားစုတစ်ခုတွင် လူတိုင်းလူတိုင်းသည် မိမိသဘောဆန္ဒအတိုင်း ထင်ရာစိုင်းနေကြမည်ဆိုလျှင် အားလုံးဖရိုဖရဲဖြစ်ပြီး ရွှပ်ထွေးပွေလီသော ပြဿနာများနှင့် ရင်ဆိုင်နေရမည်မှာ အမှန်ပင်ဖြစ်၏။

အကယ်၍ လင်နှင့်မယား ပြဒါးတစ်လမ်း သံတစ်လမ်း လင်ကတစ်မျိုး မယားက တစ်နည်း ထင်တိုင်းကြဲနေကြမည်ဆိုပါက သားသမီးများမှာ ကွဲနှစ်ကောင်ခတ်သည့်ကြား က မြေဇာပင်ဖြစ်နေမည်ဖြစ်၏။ ယင်းတို့၏ အနာဂတ်နောင်ရေးမှာ ဦးဆောင်ဦးရွက်ပြု စီမံခန့်ခွဲ အုပ်ချုပ်မှုပေးမည့်သူတစ်ဦး မရှိရှိနေရန် လိုအပ်၏။

သို့မှသာ အိမ်ထောင်စည်းကမ်းကို စောင့်ထိန်းနိုင်မည်ဖြစ်ပြီး ယင်းအိမ်ထောင်စုကြီးမှာ လူ့အဖွဲ့အစည်းတွင် စံပြအစုအသင်းတစ်ရပ်အဖြစ်သို့ ရောက်ရှိလာနိုင်မည် ဖြစ်၏။ အစွလာမ်က လင်ယောကျ်ားဖြစ်သူအား ဤအဆင့်ကို ပေးထားရာ ဤနည်းအားဖြင့် အခြေခံအကျဆုံး လူ့ယဉ်ကျေးမှုအဆောက်အအုံမှသည် အမြင့်မားဆုံး လူ့အဖွဲ့အစည်းအထိ စံယူဖွယ်ရာအဖြစ်သို့ ရောက်ရှိလာနိုင်ပေသည်။

(ခ) ဤမိသားစု (ဝါ) အိမ်ထောင်စု၏ အကြီးအကဲဖြစ်သူထံတွင် တာဝန်ဝတ္တရားအချို့ ဝန်ထုတ်ဝန်ပိုးသဖွယ် တင်ရှိနေ၏။ အသက်မွေးဝမ်းကျောင်းအတွက် ရှာဖွေလုပ်ကိုင် စားသောက်ရန်မှာ သူ၏တာဝန်ဖြစ်ပြီး အိမ်ပြင်နှင့် ပတ်သက်သည့် လုပ်ငန်းကိစ္စအဝဝကို တာဝန်ယူ ဆောင်ရွက်သွားရမည့်သူလည်း ဖြစ်၏။

မိသားစုအသက်ဆက်ရေး ကိစ္စမှာ သူ၏တာဝန် ဖြစ်၏။ ဇနီးဖြစ်သူတွင် ဤသို့ အိမ်ထောင်ပြင်ပ ကိစ္စများကို ထမ်းဆောင်ရခြင်းတာဝန်မှ ကင်းလွတ်ပြီး ယင်းတာဝန်အား လုံးကို လင်ယောကျ်ားဖြစ်သူကိုသာ လုံးလုံးပုံအပ်ထား၏။

မိန်းမသားဖြစ်သူအား အိမ်ပြင်ပတာဝန်များမှ လွတ်ငြိမ်းခွင့်ပြုပေးထား၏။ သို့မှသာ ဇနီးသည်အနေဖြင့် မိမိ၏ဘဝတစ်ခုလုံးအား အိမ်တွင်းဗာဟီရကိစ္စများ လုံးပမ်းရန် အတွက်သာ အဓိကထားရမည် ဖြစ်၏။ အိမ်ရှင်မနေဖြင့် မိမိ၏အစွမ်းအစနှင့် စွမ်းပကား ကို အိမ်ထောင်ထိန်းသိမ်းမှုကိစ္စ၌ အထောက်အပံ့အဖြစ် အသုံးချသွားရန်နှင့် နိုင်ငံ၏ သားကောင်းရတနာများအား ပြုစုပျိုးထောင် မြေတောင်မြှောက်ပေးနိုင်ရန် လုံးဝတာဝန်ရှိနေ ပေသည်။

ဇနီးမိန်းမသားများမှာ အိမ်မှာနေပြီး မိမိမိသားစုမှ တင်ရှိနေသည့် တာဝန်အစုစု ကို ဆောင်ရွက်ပေးရန်သာ ဖြစ်၏။ အစွလာမ်က မိန်းမသားများအား သားသမီးတာဝန် လည်းယူ အိမ်မှုကိစ္စကိုလည်း ထမ်းဆောင်ဟု သူတစ်ကိယ်တည်း တာဝန်ပိနေခြင်းကို မလိုလားပေ။ ဤသို့ တာဝန်ပိအောင်လုပ်ထားလျှင် တရားရာကျမည်မဟုတ်သည်မှာ လုံးဝထင်ရှားနေ၏။

ထို့ကြောင့် အစွလာမ်က လိင်မတူသည့် မိန်းမနှင့် ယောကျ်ား နှစ်ဦးအကြားတွင် အသင့်တော်ဆုံးနှင့် အလိုက်ဖက်ဆုံး သီးခြားစီ တာဝန်ပေးခြင်းဖြင့် ပိုမိုထိရောက် အကျိုး ဖြစ်ထွန်းစေသော နည်းလမ်းကို ပြဆိုထား၏။[၁]

---

၁။ ဤထိရောက်သော တာဝန်ခွဲဝေပေးမှုကို ငြင်းဆန်ဖျက်ဆီးခဲ့သဖြင့် ခါးသီးသော အကျိုးဆက်ကို မြည်းစမ်းခဲ့ရသည့် အနောက်တိုင်းအိမ်ထောင်သည်များ၏ အတွေ့အကြုံကိုကြည့်ပြီး တွေးခေါ် ပညာရှင်အချို့က အမျိုးသမီးများအား ယင်းတို့၏ နေရာမှန်ဖြစ်သော အိမ်မှုကိစ္စဘက်သို့ ပြန် လည်ဦးလှည့်ကြရန် ပြောဆိုတိုက်တွန်းလာကြပြီဖြစ်၏။

အောက်တွင် အနောက်တိုင်းထိပ်သီး တွေးခေါ်ရှင်နှစ်ဦးဖြစ်သည့် ဒေါက်တာဖုလ်ဟန်ဂျေ ရှိန်းနှင့် ပရော်ဖက်ဆာ ဆိုင်ရလ်ဂျွန်ဒီတို့၏ အမြင်များကို ဖော်ပြထားပေသည်။

ဒေါက်တာရှိန်းက "ကွန်မြူနစ်ဇင်းမ် အဲန်သည် ကောန်ဆိုင့်ယန်စ် အောက်ဖ်သည် ဝက်စ်" စာအုပ်တွင် ရေးသားထားသည်မှာ...

"အမေရိကန်ပြည်ထောင်စုတွင် အိမ်ထောင်စုပြဿနာများမှာ ဤခေတ်တွင် တစ်ချိန်ကထက် ပိုမိုများပြား ဆိုးဝါးလာလျက်ရှိ၏။ အိမ်ထွေထောင်စုတစ်ခုသည် နိုင်ငံတစ်နိုင်ငံ၏ ဗာရိမီတာပင်ဖြစ်၏။

နိုင်ငံတစ်နိုင်ငံကို အုဆုံးအဖြတ်ပေးမည်မှာ ယင်းနိုင်ငံ၏ အိမ်ထောင်စုပင်ဖြစ်၏။

အိမ်ထောင်စုအတွင်းဖြစ်သည့် ပြဿနာဂယက်သည် ကွန်ဂရက်အထိ အိမ်ဖြူတော်အထိ သာမက လွတ်တော်အထိပင် ရိုက်ခတ်သွားနိုင်၏။

ပရော်ဖက်ဆာဆီရယ်ဂျွန်ဒက...

"အမျိုးသမီးများသည် မိမိတို့၏ အိမ်ထောင်တာဝန်များဘက်သို့ ပြန်လည်ခြေဦးလှည့်ပြီး မိမိတို့၏ရင်သွေးငယ်များကို ပြုစုပျိုးထောင်သွားကြမည်ဆိုလျှင် ကမ္ဘာကြီးသည် သာယာဝပြောသော နေရာဌာနတစ်ခုအဖြစ်သို့ ရောက်ရှိလာမည်ဟု ကျွန်ုပ်တို့ ယုံကြည်ပေသည်။ လူနေမှုအဆင့်အတန်း အနိမ့်ဆုံး၊ အဖြစ်အပျက်များနှင့် လွှမ်းခြုံနေလျှင်ပင် ပွဲဖြိုးတိုးတက်ခြင်းမရှိသော နိုင်ငံအဖြစ်သို့ ရောက်ရှိနေလျှင်ပင် သာယာမှုကို မလွမ်မခေါ် ခံစားရမည်မှာ သေချာလှ၏" ဟု အကျယ်တဝံ့ အတိ အလင်း ဆိုခဲ့၏။

သို့သော် ဤနေရာ၌ အမျိုးသမီးနေဖြင့် လုံးဝအိမ်ပြင်သို့ မထွက်ရဟု ဆိုလိုခြင်း မရှိပေ။ ဤအချက်မှာ သာမညကိစ္စသာဖြစ်၏။ လိုအပ်လာပါက အမျိုးသမီးနေဖြင့် အိမ်ပြင်ပသို့ ထွက်ခွင့်ရှိ၏။ အမျိုးသမီးများအတွက် အိမ်သည် အဓိကလုပ်ငန်းခွင်ဟု သီးသန့် သတ်မှတ်ပေးထားခြင်းမှာ အမျိုးသမီးကို အိမ်ထောင်မှုဘဝ သာယာမှု၊ ချမ်းအေးမှု ရရှိအောင်ကို အထူးရည်ရွယ်ရင်း ရှိနေခြင်းကြောင့်ပင် ဖြစ်၏။

မိန်းမသားများအနေနှင့် အပြင်အပသို့ ထွက်သည့်အခါ၌ မိမိ၏ဖုံးကွယ်အပ်သည့် ကိုယ်အင်္ဂါ အစိတ်အပိုင်းအချို့ကို လုံလုံခြုံခြုံ ဖုံးဖိပြီး ကာအိုရွှေ့ကို စောင့်ထိန်းကာ တည်တည်ခန့်ခန့် ဝတ်စားဆင်ယင်ပြီးမှ သွားကြရန် အထူးတိုက်တွန်းထား၏။ လျှပ်ပေါ်လော်လီသော ဝတ်စားဆင်ယင်မှုကို မဝတ်ဆင်မိရန် အထူးသတိပြုသင့်၏။

မိသားစုအသိုက်အဝန်းကို ပိုမိုကျယ်ပြန့်လာရေးအတွက် ယေဘူယျစည်းမျဉ်းတစ်ရပ်မှာ မိသားစုချင်း သွေးနှောခြင်း (ဝါ) ထိမ်းမြားလက်ဆက်ခြင်းပင် ဖြစ်၏။ မိသားစုများအကြား၌ တစ်မိသားစုပမာ စည်းလုံးညီညွတ်မှုရရှိရန် မိသားစုချင်း အပြန်အလှန် ဆက်ဆံမှု ပိုမိုရှင်သန် နီးကပ်လာစေရန် ကျမ်းမာရေးကောင်းမွန်စေရန် မိသားစုဝင်များအကြား တစ်ဦးချင်းအနေဖြင့် တစ်ဦးနှင့်တစ်ဦး အထောက်အကူပြုသွားရန် အားပေးအားမြှောက် ပြုသွားနိုင်ရန်နှင့် တစ်ဦး၏ ကျေနပ်မှုကို တစ်ဦးက ဖြည့်ဆည်းပေးရန် အရေးကြီး၏။

အစ္စလာမ်၏ ဥပဒေသများက ခေတ်ကာလနှင့် ဝင်ဆန့်ကျင်သော တိကျသည့် စည်းမျဉ်းဥပဒေသများကို လမ်းညွှန်ပြသထားပေသည်။ ယင်းတို့ကို အောက်တွင် ခြုံငုံတင်ပြထား၏။

(၁) သဘာဝအရနှင့် ပတ်ဝန်းကျင် အသိုက်အဝန်းအရ သွေးအနီးစပ်ဆုံး အသိုက်အဝန်းများနှင့် မွေးချင်းပေါက်ဖော်များအကြား တစ်ဦးနှင့်တစ်ဦး ထိမ်းမြားလက်ထပ်ခြင်းကို အစ္စလာမ်က ပိတ်ပင်ထား၏။

ဤသို့ ထိမ်းမြားခြင်းမပြုအပ်ဟု တားမြစ်ထားသည့် ဆွေမျိုးသားချင်းများမှာ မိခင်နှင့်သား၊ ဖခင်နှင့်သမီး၊ ပထွေးနှင့် မယားပါသမီး၊ မိထွေးနှင့် လင်ပါသား၊ မောင်ရင်းနှမရင်း၊ နို့စို့ဘက် မောင်နှမအချင်းချင်း၊ ဖခင်ဘက်က ဦးလေးနှင့် တူမ၊ အဒေါ် (ဖခင်၏ နှမ သို့မဟုတ် မိခင်၏ညီမ) နှင့် တူ၊ ယောကျ်ားမနှင့် သားမက်၊ ချွေးမနှင့် ယောကျ်မ တို့ပင်ဖြစ်၏။

ယင်းတားမြစ်ချက်သည် မိသားစု၏ သံယောဇဉ်နှောင်ကြိုးကို ပိုမိုခိုင်မာစေပြီး ဤဆွေမျိုးအသိုက်အဝန်းအကြား၌ ဆက်ဆံမှုတွင် လုံးဝသန့်စင်မှုကို ရှိစေ၏။ တစ်ဦးနှင့် တစ်ဦး ဆက်ဆံရာ၌ စင်ကြယ်သော မေတ္တာကို အရင်းခံထားမှုကြောင့် ဆက်ဆံရာ၌ တစ်စုံတစ်ရာ အဟန့်အတားမရှိ ဆက်ဆံထိတွေ့နိုင်ကြ၏။

(၂) အထက်တွင်ဖော်ပြထားသည့် ထိမ်းမြားခြင်း မပြုအပ်သည့် ဆွေမျိုးစုအသိုက်အဝန်းမှ လွဲပြီး ထိမ်းမြားလက်ထပ်ပိုင်ခွင့်ရှိသော ဆွေမျိုးသားချင်းများလည်း ရှိ၏။ ဤနည်းဖြင့် ဆွေမျိုးစုများအကြား၌ ခင်မင်ရင်းနှီးမှု ပိုမိုခိုင်မာစေနိုင်၏။ မိသားစုနှစ်ခုအကြား ထိမ်းမြားလက်ထပ်ခြင်းပြုရာ၌ တစ်ဦးနှင့်တစ်ဦး ပေါင်းသင်းဆက်ဆံဖူးသူများ

ဖြစ်လျှင် တစ်ဦးအကြောင်းတစ်ဦး သိထားသူများဖြစ်လျှင် တစ်ဦး၏ မျိုးရိုးစရိုက်ကို တစ်ဦးက ကောင်းစွာ သိထားခြင်းကြောင့် ဤသို့ ထိမ်းမြားလက်ထပ်ခြင်း၌ အောင်မြင်မှု ပိုရနိုင်၏။

ထို့ကြောင့် ရှရီအာက ယင်းကဲ့သို့ ထိမ်းမြားလက်ထပ်ခြင်းကို လိုလိုလားလား နှင့် ခွင့်ပြုထား၏။ သွေးသားစပ်သော ဆွေမျိုးသားချင်းများအပြင် သွေးမစပ်သော တစိမ်းတရံစာများနှင့် ထိမ်းမြားလက်ဆက်ခြင်းကိုလည်း ကန့်ကွက်ခြင်း မပြုခဲ့ရုံသာမက အားပေးအားမြှောက်ပင် ပြုထားပြီး ယင်းကဲ့သို့ ထိမ်းမြားလက်ဆက်ခြင်းကို ပိုမိုလိုလား နှစ်ခြိုက်မှု ရှိနေလေသည်။ ဤကား လူ့အဖွဲ့အစည်းတွင် ချစ်ခင်မှု ပိုမိုကျယ်ပြန့်လာရေး အတွက် ဖြစ်၏။

(၃) ဆွေမျိုးစုတစ်စုတွင် ဆင်းရဲချမ်းသာသူ စည်းစိမ်ဥစ္စာကြွယ်ဝသူနှင့် ခိုကိုးရာမဲ့သူဟူ၍ ရှိနေတတ်သည်။ ဆွေမျိုးသားချင်းများအား ကြည့်ရှုစောင့်ရှောက်ခြင်း သည် လူသား၏ အကြီးမားဆုံးသော တာဝန်တစ်ရပ်ဖြစ်သည်ဟု အစွလာမ်၏ စည်းမျဉ်း များတွင် ဆိုထား၏။ ဆွေမျိုးသားချင်းများအကြား၌ ချစ်ချစ်ခင်ခင် လေးစားသမှုနှင့် ဆက်ဆံ ခြင်းကို ''ဆီလာအိရဟင် (မ)'' ဟု ခေါ်၏။

မွတ်စလင်မှန်သရွေ့ ဆွေမျိုးသားချင်းများအပေါ်၌ အလေးဂရုပြု ဆက်ဆံ သွားရန် ကြည့်ရှုစောင့်ရှောက်သွားရန် လို၏။ တစ်ဦးတစ်ယောက်အနေဖြင့် မိမိ၏ ဆွေမျိုး သားချင်းအပေါ် သစ္စာစောင့်ထိန်းခြင်းနှင့် ယင်းတို့၏ အခွင့်အရေးများကို အလေးဂရုမပြု လစ်လျူရှုထားခြင်းသည်ကား အကြီးမားဆုံးသော ပြစ်မှုတစ်ခုပင် ဖြစ်၏။ အလွှာဟ်အရှင် မှနှစ်မြို့သည့် လုပ်ရပ်တစ်ခုလည်း ဖြစ်၏။ ဆွေမျိုးသားချင်း တစ်ဦးအနေဖြင့် ဆင်းရဲနွမ်းပါး နေလျှင်သော်လည်းကောင်း၊ တစ်စုံတစ်ရာ ဘေးဒုက္ခ အကြပ်အတည်းနှင့် ရင်ဆိုင်နေရ လျှင်သော်လည်းကောင်း၊ မိမိ၏ စည်းစိမ်ချမ်းသာ ငွေကြေးဥစ္စာများမှ တတ်စွမ်းသရွေ့ ထောက်ပံ့ကူညီမှု ပြုသွားရန်မှာ အဓိကတာဝန်တစ်ရပ် ဖြစ်၏။

(၄) အမွေဆက်ခံခြင်းနှင့် သက်ဆိုင်သည့် အစွလာမ်၏ ဥပဒေသများမှာ လည်း စနစ်တကျ စီရင်ထားပေရာ သေဆုံးသူ ကျန်ရစ်ခဲ့သည့် ပစ္စည်းဥစ္စာများမှာ တစ်နေရာတည်း စုပုံရောက်ရှိမသွားရေးနှင့် တစ်ဦးတစ်ယောက်တည်း ခံစားရယူသွားခြင်း မရှိစေရန် ဦးတည်ပေးထား၏။ စနစ်တကျ ခွဲဝေယူကြရန် လမ်းညွှန်ထားခြင်းကြောင့် နီးစပ်သော ဆွေမျိုးသားချင်းတိုင်း မိမိနှင့်သက်ဆိုင်ရာ ဝေစုကို ရယူခံစားပိုင်ခွင့် အပြည့် ရှိနေပေသည်။

သား၊ သမီး၊ ဖနီး၊ ခင်ပွန်း၊ မိခင်၊ ဖခင်၊ အစ်ကို၊ ညီ၊ ညီမနှင့် အနီးစပ်ဆုံး ဆွေမျိုးသားချင်းများအား အမွေခွဲဝေရာ၌ ပထမဦးစားပေးအဆင့်တွင် ထားပြီး မိမိနှင့် ထိုက်သင့်သော အမွေကို ခံစားရယူနိုင်ရန် ဆိုထား၏။ သေဆုံးသူတွင် ဤကဲ့သို့ နီးစပ်သော ဆွေမျိုးသားချင်းများ မရှိပါက အခြားအနီးစပ်ဆုံး ဆွေမျိုးသားချင်းများအား ခွဲဝေပေးရမည်ဖြစ်၏။ ထို့ကြောင့် လူတစ်ဦး ကွယ်လွန်သေဆုံးပြီးသည့်နောက်ဝယ် သူ၏ စည်းစိမ်ဥစ္စာများကို ဆွေမျိုးညာတိများနှင့် မိတ်ဆွေအပေါင်းအသင်းများအား ခွဲဝေပေးရ မည်ဖြစ်၏။

ဤသို့ ခွဲဝေပေးခြင်းဖြင့် တစ်ဦးတစ်ယောက်ထံ၌သာ ပစ္စည်းဥစ္စာများ စုပြုံနေခြင်း ဖြစ်သည် ၁နရှင်စနစ်နှင့် အရင်းရှင်စနစ်ဆိုးတို့ကို အင်အားထက်မြက်သော လက်နက်ဖြင့် ပြိုခွင်းရာရောက်၏။ အစွယ်လာမ်၏ လူ့ဘောင်အကျိုးပြု ဥပဒေသများကား တုဖက်ကင်းလှ၏။ အခြားအမျိုးသားများမှာ ယခုအခါ ဤဥပဒေသ၏ အကျိုးတရား အသီးအပွင့်များကို ခံစားနေကြပြီးဖြစ်၏။

ဝမ်းနည်းဖွယ်ရာကောင်းသော အချက်မှာ ယင်းဥပဒေသ၏ ထက်မြက်သော စွမ်းအားအာနိသင်ကို အပြည့်အဝ ခံစားရယူခြင်း မရှိကြခြင်းနှင့် အမိုက်မှောင်မောဟကြောင့် ဤလမ်းစဉ်ကို ကျင့်သုံးအကောင်အထည်ဖော်ရန် မျက်နှာလွှဲနေကြခြင်းပင် ဖြစ်၏။ အိန္ဒိယနှင့် ပါကစ္စတန်၏ အချို့သော ဒေသများတွင် သမီးမိန်းကလေးများအား အမွေဆက်ခံခွင့် ပိတ်ပင်ထားပေရာ ကျမ်းမြတ်ကုရ်အာန်၏ ရှင်းလင်းသော ပညတ်ချက်များကို ဖြောင့်ဖြောင့်တန်းတန်း ဆန့်ကျင်ပြီး မတရားသက်သက်ပြုရာသို့ ရောက်၏။

မိသားစုအချင်းချင်း ဆက်ဆံရေးနှင့် ဆွေမျိုးစုတာဝန်များအပိုင်း ပြီးလျှင် မိတ်ဆွေသင်္ဂဟများ အိမ်နီးနားချင်းများ တစ်မြို့တည်းနေ တစ်ရေတည်းသောက်သူများနှင့် မိမိနှင့် အစဉ်ဆက်ဆံနေရသည့် လူသားများနှင့် ဆက်ဆံရေးအပိုင်းသို့ ရောက်လာပြီဖြစ်၏။

ဤအဆင့်ရှိ လူသားများနှင့် ဆက်ဆံရေးအပိုင်းကိုလည်း အစွယ်လာမ်က လိုလိုလားလား အသိအမှတ်ပြုထား၏။ မွတ်စလင်တစ်ဦးအနေဖြင့် အထက်ပါ လူသားများအပေါ်၌ ဖြောင့်မတ်စွာ၊ မှန်ကန်တရားမျှတစွာ ယဉ်ကျေးစွာဖြင့် လေးလေးစားစား ဆက်ဆံသွားရန် လုံးဝတာဝန်ရှိနေ၏။

ယုံကြည်သူတိုင်းသည် တစ်ဦး၏ခံစားမှုကို တစ်ဦးက စာနာထောက်ထားရန် တစ်ဦးနှင့်တစ်ဦး ကူညီယိုင်းပင်းသွားရန် ချစ်ခင်စွာ နေထိုင်သွားရန်နှင့် ယဉ်ယဉ်ကျေးကျေး ဆက်ဆံသွားရန် လိုအပ်၏။

တစ်ဦး၏ အခက်အခဲကို တစ်ဦးက စာနာထောက်ထား ကူညီစောင့်ရှောက်ဖြေရှင်းပေးသွားရန်မှာ အဓိကတာဝန်ဖြစ်၏။

တစ်ဦးနှင့်တစ်ဦး ကြမ်းတမ်းစွာ ပြောဆိုခြင်း မချေမငံ ရိုင်းရိုင်းစိုင်းစိုင်း ဆက်ဆံခြင်းနှင့် ကောက်ကျစ်စဉ်းလဲခြင်း မပြုရန်ကို တားမြစ်၏။

တစ်ဦးနှင့်တစ်ဦး နစ်နာထိခိုက်စေသော အပြုအမူများနှင့် အမုန်းပွားစေသည့် လုပ်ရပ်များကို ရှောင်ရှားပြီး ချစ်ခင်မှု တိုးပွားစေသည့် အပြုအမူများကို လုပ်ဆောင်သွားရန် တိုက်တွန်းထား၏။

အလားတူ ခိုကိုးရာမဲ့နေသူများအား ကူညီစောင့်ရှောက်မှုပေးရန်၊ နာမကျန်းရှိနေသူများအား သွားရောက်အားပေးမှု ပြုရန်၊ ချို့တဲ့ခွမ်းပါးသူများ၊ ဒုက္ခတိများ၊ မသန်မစွမ်းသူများအား ကူညီယိုင်းပင်းမှုပြုရန်၊ ငတ်မွတ်ဆာလောင်နေသူများအား ကျွေးမွေးပြုစုရန် အဝတ်မဲ့အကာမဲ့ ဖြစ်နေသူအား အဝတ်အစား ဆင်ယင်ပေးရန်နှင့် အလုပ်လက်မဲ့ဖြစ်နေသူအား အလုပ်ရှာပေးရန် ဆိုထား၏။

အလ္လာဟ်ရှင်က အသင့်အား ဥစ္စာဓနကုံလုံကြွယ်ဝသောအဖြစ်ကို ချီးမြှင့်ပေးစွမ်းထား၏။ ယင်းစည်းစိမ်ချမ်းသာကို ကာမဂုဏ်စည်းစိမ် ခံစားရန်နှင့် အပျော်အပါးဘက်

တွင် သုံးဖြုန်းပစ်ခြင်းမပြုဘဲ လူ့အဖွဲ့အစည်း အကျိုးပြုလုပ်ငန်းများတွင် သုံးစွဲရန် အစွလာမ် က ဖိတ်ခေါ်ထား၏။ အလားတူ ရွှေထည်၊ ငွေထည်ဖြင့် ပြုလုပ်ထားသော ခွက်ယောက် ပန်းကန်များကို သုံးစွဲခြင်း၊ ပိုးထည်ကဲ့သို့ တန်ဖိုးကြီးသော အဝတ်အထည်များကို ဝတ်စားဆင်ယင်ခြင်းနှင့် အလဟဿ ကိစ္စများ၌ ငွေကို အရမ်းကာရော ဖြုန်းတီးမှုတို့ကို အတိအလင်း တားမြစ်ထား၏။

ရှရီအာ၏ ဥပဒေတ်ချက်သည် လူထောင်ပေါင်းများစွာအား အကျိုးပြုနိုင်သည့် ငွေကြေးဥစ္စာကို မိမိတစ်ဦးတည်းက တစ်ကိုယ်ကောင်းဆန်စွာ အလဟဿသ ဖြုန်းတီးပစ်ခြင်းကဲ့သို့ အပြုအမူမျိုးကို မည်သည့်လူသားအနေနှင့်မျှ မလုပ်အပ်ကြောင်း ပြဆိုထား၏။ ငတ်မွတ်ခေါင်းပါးနေသည့် လူ့အန္တယ်တစ်ရပ်အား ကောင်းစွာ ကျွေးမွေးစောင့်ရှောက်ထောက်ပံ့ခြင်းပြုနိုင်သည့် ငွေကြေးပမာဏအား ပကာသနဆန်သော လုပ်ရပ်များ၊ အလွန်အကျူး အလှအပ မွမ်းမံဆင်ယင်မှုများ၊ ပွဲနေပွဲထိုင် ကျင်းပခြင်းများနှင့် မီးရှူးမီးပန်း ပစ်ဖောက်ခြင်းကဲ့သို့ အသုံးမကျသည့် လုပ်ရပ်များ၌ အလဟဿ ဖြုန်းတီးပစ်ခြင်းတို့မှာ တရားမျှတမှုကင်းပြီး ရက်စက်ကြမ်းကြုတ်ရာကျနေသည့် လုပ်ရပ်သာဖြစ်ချေမည်။

လူတစ်ဦးတစ်ယောက်၏ ဥစ္စာဓနစည်းစိမ်ချမ်းသာနှင့် ပိုင်ဆိုင်သမျှကို လက်လွတ်ဆုံးရှုံးစေလိုသော ဆန္ဒ အစွလာမ်က မလိုလားပေ။ လူတစ်ဦးတစ်ယောက် ရှာဖွေရရှိထားသည့် ပစ္စည်းဥစ္စာနှင့် အမွေဆက်ခံထားသမျှသည် သူ၏ ကိုယ်ပိုင်ပစ္စည်းသာ ဖြစ်သည်မှာ စောဒကတက်စရာမလိုပေ။ ယင်းပစ္စည်းများအပေါ် သူ၏ခံစားခွင့်ကို အသိအမှတ်ပြုသွားခြင်းကို အစွလာမ်က အပြည့်အဝ ထောက်ခံထား၏။

အသင့်အနေဖြင့် ချမ်းသာကြွယ်ဝလျှင် ကောင်းသော အဝတ်တန်ဆာကို ဝတ်ဆင်ခြင်းဖြင့် တင့်တင့်တယ်တယ် မိမိဂုဏ်နှင့် လိုက်အောင် နေထိုင်သွားရန် အခွင့်ပေးထား၏။

သို့သော် လူသား၏ လုပ်ရှားမှု၌ လူသားထုတစ်ရပ်လုံး၏ အခန်းကဏ္ဍကို မျက်ခြည်ဖြတ်ထားခြင်းမျိုးကိုမူ လုံးဝမလိုလားပေ။ လုံးဝမလိုလားဆုံးသော အချက်မှာ အခြားသူများ၏ အကျိုးကို လျစ်လျူရှုပြီး ဘစ်ကိုယ်ကောင်းဝါဒကို အလွန်အကျူး ကျင့်သုံးခြင်း၊ အတ္တလွန်ကဲခြင်းနှင့် ဓနဂုဏ်မောက်ကာ စိတ်ကြီးဝင် ဘဝင်မြင့်နေခြင်းတို့ ပင်ဖြစ်၏။

လူသားထုတစ်ရပ်လုံး ကောင်းစားရေးသည် အစွလာမ်၏ အဓိကလိုလားချက် ပင်ဖြစ်၏။ လက်တစ်ဆုပ်စာ လူတစ်စုသာ တစ်ကိုယ်ကောင်းဝါဒတွင် နစ်မွန်းကျန်နေစေပြီး အစွလာမ်ကို လက်ခံသူတိုင်း၏ နှလုံးသားဝယ် လူ့အန္တယ်ဟစ်ရပ်လုံး၌ ကိုယ်ကျင့်တရား ကောင်းမွန်လာရေး စိတ်ဓါတ်ကို တဖြည်းဖြည်းချင်း သက်ဝင်စေခြင်းဖြင့် ဘဝတွင် 'ရိုးရိုးကျင့် မြင့်မြင့်ကြဲ' သဘောမျိုးဖြင့် နေထိုင်သွားရန်ကို ရည်ရွယ်ထားပေသည်။

မိမိ၏ လိုအင်ဆန္ဒကို ဖြည့်ဆည်းရေးအတွက် အလွန်အကျူး ဆတက်ထမ်းပိုး ဖြုန်းတီးမှုကို ရှောင်ရှားပြီး လူအများ၏ လိုအပ်ချက်ကို ဖြည့်တင်းသွားရန်၊ ဆွေမျိုးသားချင်းများ၊ အပေါင်းအသင်း မိတ်သင်္ဂဟများ၊ သွေးနီးစပ်သော အမျိုးသားချင်းများ၊ သွေးဝေးသော အမျိုးသားချင်းများ၊ လုပ်ဖော်ကိုင်ဘက်များ၊ ချွေးရဲသင်းပင်းများ၊ အိမ်နီးနားချင်းများ၊

တစ်မြို့တည်းနေ တစ်ရေတည်းသောက်သူများ၊ မုဆိုးမများ၊ မိဘမဲ့များ၊ အားကိုးရာမဲ့သူများ၊ ဒုက္ခိတများနှင့် အငတ်ဘးကြုံနေသူများ၏ အလိုဆန္ဒနှင့် လိုအပ်ချက်များကို အမြဲအလေးထား ဆောင်ရွက်ပေးရန် ရည်ရွယ်ထား၏။[၁] အစွလာမ်က လျှောက်လှမ်းလိုသော ပန်းတိုင်ကား ဤသည်တို့ပင် ဖြစ်၏။

လူသားနှင့် သွေးနီးသော ဆွေမျိုးသားချင်းများနှင့် သွေးဝေးသော ဆွေမျိုးသားချင်းများ ဆက်ဆံရေးအပိုင်းကို တင်ပြခဲ့ပြီးဖြစ်၏။ ယခုဆက်လက်ပြီး အစွလာမ်က လိုလားသော လူ့အဖွဲ့အစည်းမှာ မည်သို့သော အသွင်သဏ္ဌာန်ရှိသည်ကို ကျယ်ကျယ်ပြန့်ပြန့် သုံးသပ်ကြည့်ကြပါစို့။ အစွလာမ်ဘာင်သို့ ဝင်ရောက်လာသည်နှင့် တူညီသော အယူဝါဒတစ်ရပ်၏ အောက်တွင် စုစည်းမှုဝယ် ရောက်လာပြီး အစွလာမ်အဖွဲ့အစည်း၏ အဖွဲ့ဝင်တစ်ဦး ဖြစ်လာပြီးဖြစ်၏။

ရှရီအာသည် ကမ္ဘာညီနောင်သားချင်း စိတ်ဓါတ် မွေးမြူရေးနှင့် ပတ်သက်သည့် တိကျသေချာသော ဥပဒေသစည်းမျဉ်းများကို ထိရောက်စွာ ပုံဖော်ပေးထား၏။ ပညတ်ချက်များကို လိုက်နာရန်မှာ မွတ်စလင်များအဖို့ အဓိကတာဝန်ပင်ဖြစ်၏။

အချင်းချင်း ကူညီယိုင်းပင်းကြရန်၊ ကောင်းရာကို ညွှန်၍ မကောင်းရာများမှ တားမြစ်ပိတ်ပင်ကြရန်နှင့် မိမိတို့၏ အသိုက်အဝန်းအတွင်း မည်သို့သော အမှားအယွင်းများမှ တိုးဝင်လာခြင်းမရှိစေခြင်းငှာ စောင့်ထိန်းသွားရန်တို့ပင် ဖြစ်၏။

အစွလာမ့်ဥပဒေသ၏ အချို့သော ပညတ်ချက်များကို အောက်တွင် ဖော်ပြထားပေသည်။

၁။ အမျိုးသားထု၏ စာရိတ္တနှင့် လူနေမှုဘဝကို မြှင့်တင်ပေးရန်နှင့် ကြဲ့ခိုင်မှုရှိရန် အသိုက်အဝန်း၏ တိုးတက်မှုဖြစ်စဉ်ကို ထိန်းသိမ်းစောင့်ရှောက်သွားကြရမည်ဖြစ်၏။ အမျိုးသားနှင့် အမျိုးသမီး တစ်ဦးနှင့်တစ်ဦး ဆက်ဆံရာ၌ အကန့်အသတ်စည်းနှင့်ဘောင် ချမှတ်ထားခြင်းမရှိဘဲ လွတ်လွတ်လပ်လပ် ထင်သလို ဆက်ဆံပေါင်းသင်းခြင်းကို မပြုအပ်ပေ။

အစွလာမ်သည် အမျိုးသားနှင့် အမျိုးသမီး နှစ်ဦးနှစ်ဘက်အကြားတွင် တိကျသော တာဝန်ခွဲဝေပေးမှုများကို ထိထိရောက်ရောက် ပေးအပ်ထား၏။ အမျိုးသမီးနှင့် အမျိုးသားတို့အကြားတွင် ကွဲပြားခြားနားသော တာဝန်များ၊ လုပ်ဆောင်ချက်များကို နှစ်ဦးစလုံးအတွက် ပြဋ္ဌာန်းပေးထား၏။ အမျိုးသမီးများအနေဖြင့် အိမ်ထောင်ပြုပြီးသည်နှင့် အိမ်ထောင်မှုတာဝန်ကိုသာ ဦးတည်လုပ်ဆောင်သွားရန်နှင့် အမျိုးသားအနေဖြင့် လူမှုရေး၊ စီးပွားရေးကဏ္ဍပိုင်း၌ အဓိကတာဝန်ယူ ကြိုးပမ်းလုပ်ဆောင်သွားရန် ရည်ရွယ်ထားပေသည်။

---

၁။ ကျမ်းမြတ်ကုရ်အာန်က...

ထိုသူတို့၏ ဥစ္စာဓန ကုလုံကြွယ်ဝခြင်းတွင် ချို့တဲ့နွမ်းပါးသူများနှင့် ခိုကိုးရာမဲ့များ ခံစားပိုင်ခွင့်ရှိ၏ဟု ဆိုထားသည်။ (၅၁ : ၁၉)

ထိမ်းမြားခြင်းမပြုအပ်သည့် သွေးနီးစပ်သည့် ဆွေမျိုးသားချင်းများဖြစ်လျှင်ပင် ယောကျ်ားနှင့် မိန်းမ စည်းနှင့်ဘောင်ကျော်ပြီး လွတ်လွတ်လပ်လပ် ဆက်ဆံထိတွေ့ခြင်း မပြုရန် ဆိုထားတ၏။ အချင်းချင်းဆက်ဆံရာ၌ အိန္ဒြေရရ တည်တည်ကြည်ကြည် ဆက်ဆံကြရန် လမ်းညွှန်ထား၏။

အမျိုးသမီးများအနေဖြင့် တစ်စုံတစ်ရာကိစ္စရှိသဖြင့် အိမ်ပြင်ပသို့ ထွက်ရလျှင် ရိုးရိုးသားသား ဝတ်စားဆင်ယင်ပြီး အိန္ဒြေရရ တည်တည်ကြည်ကြည်နှင့် မျက်လွှာချပြီး သွားရန်လိုတ၏။ လျှပ်ပေါ်လော်လီသော ဝတ်စားဆင်ယင်မှုနှင့် ကလက်တက်တက် အသွင်သဏ္ဌာန်များ မရှိသင့်ပေ။

မျက်နှာနှင့် လက်မှလွဲလျှင် ဖုံးသင့်ဖုံးထိုက်သည့် ခန္ဓာကိုယ်အစိတ်အပိုင်းများကို လုံလုံခြုံခြုံ ထိန်းသိမ်းစောင့်ရှောက်သွားရန် လိုတ၏။ ရုတ်တရက် ရောင်တခင်အရေးပေါ် ကြုံကြိုက်လာသော ကိစ္စများကဲ့သို့ မလွဲမရှောင်သာ ကိစ္စများမှလွဲလျှင် ကျန်အချိန်များ၌ သိုသိုသိပ်သိပ် ဝတ်ဆင်သွားကြရန် အထူးလိုအပ်တ၏။

ဤကဲ့သို့ပင် အမျိုးသားအနေဖြင့်လည်း ဒေါ်မိတ၏ စကျွတ်အိန္ဒြေကို စောင့်ထိန်းရန်နှင့် အမျိုးသမီးများအား ပြစ်မှားသောစိတ်နှင့် မကြည့်မိစေရန် လိုတ၏။ တစ်စုံတစ်ဦးအနေဖြင့် အမှတ်တမဲ့ ကြည့်မိလျှင်လည်း မျက်စိကို အမြန်လွှဲလိုက်ရမည်ဖြစ်တ၏။ အမျိုးသမီးများအား ကြည့်ရှုမျက်စိကစားခြင်းသည် ဟားယွင်းမှုတစ်ရပ်သာဖြစ်ရာ ယင်းတို့နှင့် သိကျွမ်းရင်းနှီးမှုရရှိရန် မရိုးသားသော စိတ်ဓါတ်ဖြင့် ကြိုးစားခြင်းသည် ဆိုးဝါးသော အပြုအမူတစ်ရပ်သာဖြစ်တ၏။

အမျိုးသားနှင့် အမျိုးသမီး နှစ်ဦးနှစ်ဘက်စလုံး မိမိတို့တ၏ စာရိတ္တပိုင်းဆိုင်ရာ၌ အထူးထိန်းသိမ်း စောင့်ရှောက်ကာကွယ် တန်ဖိုးထားကြရန်နှင့် မိမိတို့တ၏ နှလုံးသားအတွင်းမှ ဖောက်ပြန်သော ကိလေသာ အညစ်အကြေးများကို ဆေးကြောပစ်ရန် အရေးကြီးတ၏။

ထိမ်းမြားလက်ထပ်ခြင်းသည် လိင်ပိုင်းဆိုင်ရာ ဆက်ဆံရေးကို သဘာဝကျကျ လူ့စည်းဝိုင်းအတွင်းမှ ခံစားရယူခြင်းပင်ဖြစ်တ၏။ မည်သူတစ်ဦးတစ်ယောက်မျှ ဤအဆင့်ထက် ကျော်လွန်ပြီး လိင်မှုကိစ္စ၌ မပစ်မှားအပ်ပေ။ ဤသို့ ညစ်ညမ်းသော အယူအဆများ၊ အတွေးအခေါ်များနှင့် ကင်းစင်မှသာ လူ့ဘဝတွင် သာယာငြိမ်းအေးမှု ရနိုင်မည်ဖြစ်တ၏။ လူ့အတွေးအခေါ်နှင့် ဆင်ခြင်တုံတရားသည်လည်း ထူးထူးခြားခြား သန့်စင်လင်းဝင်းမွန်မြတ်လာမည်ဖြစ်တ၏။

၂။ ဤရည်ရွယ်ချက်ကြောင့် ဝတ်စားဆင်ယင်မှု၌ အိန္ဒြေရှိရှိ ဝတ်ဆင်ကြရန် ဆိုထားခြင်းဖြစ်တ၏။ အမျိုးသားအနေဖြင့်လည်း ချက်မှ ဒူးဆစ်အထိ ကိုယ်အင်္ဂါအစိတ်အပိုင်းကို ဖွင့်လှစ်ပြသခြင်း မပြုအပ်ပေ။ လုံလုံခြုံခြုံ ဝတ်စားဆင်ယင်ရန် လိုအပ်တ၏။ အမျိုးသမီးအနေဖြင့်လည်း မျက်နှာနှင့် ခြေလက်မှလွဲပြီး ကျန်ကိုယ်အင်္ဂါ အစိတ်အပိုင်းများကို မိမိတ၏ ခင်ပွန်းသည်မှလွဲလျှင် မည်မျှပင် သွေးနီးသော သူများတ၏ ရှေ့တွင်သော်လည်း ကောင်း၊ တစိမ်းတရံစာများ ရှေ့မောက်၌လည်းကောင်း ထုတ်ဖော်ပြသခြင်း မပြုအပ်ပေ။

ယင်းကို ('ဆတ်ရ်') အကာအကွယ်ဟု ခေါ်ဆိုပြီး ဤသို့ အမျိုးသားနှင့် အမျိုးသမီးများအနေဖြင့် မိမိတို့တ၏ မမြင်သင့် မမြင်အပ်သည့် ခန္ဓာကိုယ်အစိတ်အပိုင်းများကို ကာကွယ်ထိန်းသိမ်းခြင်းသည် သာသနာ့တာဝန်တစ်ရပ်ပင် ဖြစ်တ၏။

ဤဦးတည်ချက်အောက်မှ အစွမ်းသတ္တိသည် ယင်း၏ နောက်လိုက်များကို နက်နဲသော ကိုယ်ကျင့်သိက္ခာပိုင်းနှင့် မြင့်မားသော စာရိတ္တပိုင်းဆိုင်ရာများကို လမ်းညွှန်ပြထား၏။ သို့မှသာ ကိုယ်ကျင့်သိက္ခာပျက်ပြားစေသည့် လုပ်ရပ်များနှင့် စာရိတ္တဖောက်ပြန်မှုများမှ ကင်းစင်အောင် တိုက်ဖျက်ပေးနိုင်ပေမည်။

၃။ အလားတူ ကာမရာဂကို အားပေးသော၊ စာရိတ္တ ဖောက်ပြန်မှုသို့ ဦးတည်ပေးသော အပျော်အပါး ပွဲလမ်းသဘင်များနှင့် စိတ်လက်အပန်းဖြေခြင်းတို့ကို လည်း မနှစ်မြို့ပေ။ ယင်းကဲ့သို့ ပျော်ပွဲရွှင်ပွဲ ပွဲလမ်းသဘင်များမှာ ငွေကုန်လူပမ်း အချိန်ဖြုန်းရာ သက်သက်ဖြစ်ပြီး လူ့အသိုက်အဝန်း၌ စာရိတ္တဖောက်ပြန်မှုများကို တိုးပွားလာစေနိုင်သည့် အပြုအမူများသာဖြစ်၏။

လူသားအနေဖြင့် စိတ်လက်အပန်းဖြေမှု လိုအပ်သည်မှာ မငြင်းဆန်နိုင်သော အချက်ပင်ဖြစ်၏။ စိတ်လက်အပန်းဖြေ အနားယူခြင်းရှိမှသာ အာရုံကြောများ လန်းဆန်းပြီး စိတ်နှလုံး ကြည်လင်ချမ်းမြေ့မှု ရှိနိုင်မည်ဖြစ်၏။ ဘဝတွင် ချမ်းမြေ့သာယာစွာ နေထိုင်သွားရန် ရံဖန်ရံခါ အပန်းဖြေလိုက်၏။ အလုပ် ပင်ပင်ပန်းပန်း လုပ်ပြီးတိုင်း အပန်းဖြေ အနားယူရန် လိုအပ်၏။

သို့သော် အနားယူအပန်းဖြေခြင်းသည် စိတ်ရောကိုယ်ပါ တက်ကြွရွှင်လန်းမှု သက်သက်ကိုသာ ဦးတည်ရမည်ဖြစ်၏။ စိတ်ဓာတ်နောက်ကျိစေပြီး အကျင့်သီလပျက်ပြားစေသော အာရုံခံစားခြင်းနှင့် ကာမဂုဏ် စည်းစိမ်ခံစားခြင်းမျိုးကို ဖြစ်စေမှုကို အားပေးအားမြှောက်ပြုသည့် မြင်ကွင်းများနှင့် စာရိတ္တဖောက်ပြန်မှုသို့ ဦးတည်ပေးသည့် ဇာတ်လမ်းဇာတ်ကွက်များကဲ့သို့ နည်းလမ်းမကျသည့် ပျော်ပွဲသဘင်များသည်ကား ကျန်းမာရေးနှင့် လုံးဝဆန့်ကျင်နေသည့် အပန်းဖြေအနားယူခြင်းသာ ဖြစ်၏။

အပေါ်ယံအားဖြင့် ကြည့်လျှင် ယင်းပြကွင်းပြကွက်များမှာ နှစ်မြို့စရာဟု ထင်စရာဖြစ်သော်လည်း ယင်းတို့၏ အကျိုးတရားကြောင့် လူသားတို့၏ စိတ်နှလုံးနှင့် စာရိတ္တ အကျင့်သိက္ခာပိုင်း၌ ထပ်ဟပ်လာသော အကျိုးဆက်များကမူ ကြောက်ဖွယ်လိလိ စက်ဆုပ်ဖွယ်ရာပင် ဖြစ်၏။ ယင်းပွဲလမ်းသဘင်နှင့် ပျော်ပွဲရွှင်ပွဲများသည် လူတို့၏ အကျင့်စရိုက်နှင့် စာရိတ္တတို့ကို ပျက်စီးနိုင်ပေရာ အစွမ်းသတ္တိ၏ အသိုက်အဝန်းနှင့် ယဉ်ကျေးမှုကဏ္ဍတွင် ယင်းတို့အတွက် နေရာမရှိချေ။

၄။ အမျိုးသားထု စည်းလုံးညီညွတ်ရေးနှင့် အတူတကွ ပူးပေါင်းဆက်ဆံရေး၊ ယိုင်းပင်းကူညီရေးတို့ကို အထူးကာကွယ်စောင့်ရှောက်ရန် လိုအပ်သည်။ မွတ်စလင့် အသိုက်အဝန်းနှင့် ပတ်ဝန်းကျင် လူ့ဘောင်၏ ကောင်းရာကောင်းကျိုးအတွက် ယုံကြည်သူများအနေဖြင့် တစ်ဦးနှင့်တစ်ဦး ရန်တုံ့ရန်လှယ်ပြုခြင်း၊ အဆက်အသွယ်ဖြတ်တောက်ခြင်း၊ အငြင်းပွားခြင်းနှင့် ဂိုဏ်းဂန အရောင်အသွေး ကွဲပြားခြင်းဟူသရွေ့ကို ရှောင်ရှားကြရန်ကိုလည်း တိုက်တွန်းထား၏။

မိမိတို့အကြား၌ ဖြစ်မှားနေသည့် အချင်းချင်း ဝိဝါဒ ကွဲလွဲမှုများကို ကုရ်အာန် ကျမ်းမြတ်နှင့် တမန်တော်မြတ်၏ သြဝါဒစည်းမျဉ်းများနှင့် အညီပူးပေါင်းအဖြေရှာ ညှိနှိုင်းဖေ့စစ်၍မရလျှင်လည်း ယင်းပဋိပက္ခ တင်းမာမှုများကို ရှေ့တန်းတင်ခြင်းဖြင့် တန်ဖိုးရှိသော

အချိန်ကို အလဟဿဖြုန်းတီးနေကြမည့်အစား ယင်းပဋိပက္ခများကို အလွှာဟ်အရှင်၏ နာမတော်ကို တမ်းတကာ ထိုအရှင်၏ အဆုံးအဖြတ်ကိုသာ ပုံလွှဲအပ်သင့်ပေသည်။ ဤနည်းဖြင့် တင်းမာမှုများနှင့် ပဋိပက္ခများကို ပြေငြိမ်းအောင် လုပ်ရမည်။

အမျိုးသားရေးဆိုင်ရာ ကောင်းသော လုပ်ငန်းစဉ်များ၌ အချင်းချင်း အပြန်အလှန် ကူညီခြင်း၊ ရန်သတ္တုရှုဖြစ်စေနိုင်သည်များကို ရှောင်ရှားခြင်းနှင့် ခေါင်းဆောင်၏ အမိန့်ကို နာခံခြင်းတို့ ရှိရမည်ဖြစ်ပြီး သေးနုတ်သိမ်ဖျဉ်းသော ကိစ္စများ၌ အငြင်းပွားနေခြင်းဖြင့် မိမိတို့၏ စွမ်းအားသတ္တိကို အလဟဿ အကျိုးမဲ့အောင် ပြုခြင်းမျိုးကို ဆင်ခြင်ရမည် ဖြစ်၏။

ဤကဲ့သို့ ခိုက်ရန်ဒေါသ ပဋိပက္ခများနှင့် ဂိုဏ်းဂဏ ကွဲပြားခြင်းတို့သည် အသိုက်အဝန်း၏ သိက္ခာကို ထိပါးစေနိုင်သဖြင့် အမျိုးသားထုအကြား အားအင်ချိနဲ့မှုကို ဖြစ်ပေါ်စေနိုင်သည့် ကိစ္စရပ်များကို အထူးရှောင်ရှားရမည်ဖြစ်၏။

၅။ အစွယ်လာမ်သည် ပညာရေးနှင့် သိပ္ပံပညာရေးရာတို့ကို လူသား၏ အဓိကအမွေတစ်ရပ်အဖြစ် ဆက်ခံရန် ဆိုထား၏။ မွတ်စလင်မှန်သရွေ့ ကျားမ မခွဲခြား ဘဲ ပညာကို လွတ်လပ်စွာ သင်ကြားပိုင်ခွင့်ပြုထား၏။ မိမိတို့၏ ဘဝဌဲ့ ပညာစွမ်းအားကို အကျိုးရှိစွာ အသုံးချသွားရန် လမ်းညွှန်ထား၏။

သို့သော် ယင်ကျေးမှုရေးရာ လူနေမှုစနစ်နှင့်ပတ်သက်လာလျှင် အခြားသော လူသားများ၏ ယဉ်ကျေးမှုထုံးစံနှင့် လူနေမှုစနစ်ကို အတုယူခြင်းမှ တားမြစ်ထား၏။ စိတ်ပညာအရကြည့်လျှင် တုပခြင်းသည် အဆင့်အတန်းနိမ့်ကျခြင်းနှင့် ဂုဏ်သိမ်ငယ်ခြင်း အဖြစ်ကို ပေါက်ပွားစေသည့် အပြုအမူသာဖြစ်၏။

ယင်း၏ ပင်မအချက်အချာမှာ ဥဏ္ဍာစွမ်းရည် တိုးတက်မှုကို ချိုးနှိမ်ရာသို့ ရောက်သွားနိုင်ခြင်းပင် ဖြစ်၏။ တိုင်းတစ်ပါးက ယဉ်ကျေးမှုကို တုပခြင်းကား အမျိုးသားထု တစ်ရပ်တွင် ကြီးမားသော ဘေးဒုက္ခအန္တရာယ် အကျိုးဆက်အား ပေါ်ပေါက်စေနိုင်၏။ အမျိုးသားထု၏ အသွင်သဏ္ဌာန်ကို ဖျက်ဆီးပစ်နိုင်၏။ မိမိတို့၏ အယူအဆရေးရာ၌ ထင်ယောင်ထင်မှားဖြစ်စေခြင်း၊ အရေးကြီးက သွေးနှိခြင်းကို ပျက်ပြားစေခြင်းနှင့် အမျိုးသား ဂုဏ်အင်ကိုပါ နိမ့်ပါးစေနိုင်၏။ တဖြည်းဖြည်းချင်း အမျိုးသားထု ယဉ်ကျေးမှု အဆောက် အအုံ၏ ပင်မအချက်များကို မြေမြှုပ်သင်္ကြိုဟ်ပေးရာ ရောက်သွားတတ်၏။ ဤအချက်သည် တမန်တော်မြတ်ကြီးမုဟမ္မဒ် (ﷺ) က ''မွတ်စလင်မဟုတ်သူများ၏ ယဉ်ကျေးမှု ဓလေ့ ထုံးစံနှင့် လူနေမှုစနစ်ကို တုပခြင်းမပြုကြရန်'' အဘယ်ကြောင့် တားမြစ်ခဲ့ရသည်ကို ပြဆိုနေ၏။

အမျိုးသားထု အင်အားသည် ဝတ်စားဆင်ယင်မှု ဓလေ့ထုံးစံနှင့် အနုပညာ တွင် မူတည်ခြင်း မရှိပေ။ ထိုအမျိုးသားထု၏ မှန်ကန်သော အသိပညာ သိပ္ပံရေးရာ စည်းစနစ်ရှိခြင်း၊ စည်းလုံးညီညွတ်ခြင်းနှင့် နိုးထတက်ကြွမှုရှိခြင်းအပေါ်၌သာ အဓိက မူတည်နေ၏။ အခြားအမျိုးသားများထံ၌ ရှိနေသည့် ထက်ကြွနိုးကြားခြင်းရှိမှုနှင့် လူမှုစည်း ကမ်းစောင့်ထိန်းမှု စသည့်ကောင်းမြတ်သော အပြုအမူများကိုမူ အတုယူသင့်၏။ ယင်းအမျိုး သားများထံမှ ယဉ်ကျေးမွယ်ရာ အပြုအမူများနှင့် အတုယူစရာ ပညာရပ်များကို အကျိုး ရှိရှိ ဆည်းပူးအသုံးချသင့်ပေသည်။

သို့သော် တစ်ပါးအမျိုးသား၏ အနုပညာရပ်များကို လေ့လာရာ၌ တိုင်းတစ်ပါး ယဉ်ကျေးမှု၏ ကျေးကျွန်အဖြစ်နှင့် အမျိုးသားရေးကို ထိခိုက်နစ်နာစေမည့် အချက်များ ဘက်သို့ မယိမ်းမယိုင်သွားစေရန် အထူးတည့်မတ်ပေးဖို့လို၏။ မွတ်စလင်အနေဖြင့် ဤကဲ့သို့ တစ်ပါးအမျိုးသားတို့၏ ဩဇာအာဏာ လွှမ်းမိုးခံရမှုကို အထူးကာကွယ်စောင့် ရှောက်သွားရန်လို၏။

ယခု မွတ်စလင်နှင့် မွတ်စလင်မဟုတ်သူတို့ ဆက်ဆံရေးကို ဆက်လက်တင်ပြ ပါမည်။ မွတ်စလင်မဟုတ်သူများနှင့် ဆက်ဆံရာ၌ အမြင်ကျဉ်းမှု၊ အမျိုးသားရေး စိတ်ဓါတ် လွန်ကဲမှုနှင့် သည်းမခံနိုင်သော စိတ်ဓာတ်များကို ရှောင်ရှားရန် လိုအပ်၏။ ယင်းတို့၏ ရသေ့ရဟန်းများနှင့် ဘာသာရေးခေါင်းဆောင်များကို ရွှတ်ချခြင်း၊ မကောင်းပြောဆိုခြင်း နှင့် ကိုးကွယ်ရာ ဘာသာအယူဝါဒကို ပုတ်ခတ်စော်ကားခြင်း မပြုအပ်ပေ။

မလိုလားအပ်သော ပဋိပက္ခများနှင့် အဓိကရုဏ်းများကို ရှောင်ရှားသွားရန် အထူးတိုက်တွန်းထား၏။ အေးချမ်းသင့်မြတ်စွာ လက်တွဲနေထိုင်သွားရန် ပညတ်ထား၏။ ကျမ်းမြတ်ကုရ်အာန်၌ ဘာသာတရားအသီးသီး၏ ဘုရား၊ ကျောင်း၊ ကန်၊ စေတီပုထိုး များကို မွတ်စလင်များအနေဖြင့် အထူး ကာကွယ်စောင့်ရှောက်မှုပေးရန် လမ်းညွှန်ထား၏။

မွတ်စလင်မဟုတ်သူများဘက်မှ မွတ်စလင်များအား စစ်ပြေငြိမ်းရန် ကမ်းလှမ်း လာလျှင် ထိုသူများ၏ အသက်စည်းစိမ်နှင့် အခွင့်အရေးများကို ထိခိုက်နစ်နာအောင် မပြုရပေ။ တစ်မိသားချင်း တစ်အူထုံဆင်းပမာ၊ မိတ်ဆွေရင်းချာများပမာ ချစ်ခင်စွာ နေထိုင်သွားရမည်ဖြစ်၏။ အစ္စလာမ်၏ အဓိက မိန့်ဆိုချက်မှာ မွတ်စလင်မှန်လျှင် သည်းခံ မှုအရာ ကိုယ်ကျင့်သိက္ခာပိုင်းနှင့် စာရိတ္တရေးရာနှင့် စိတ်နေစိတ်ထားအရာ၌ အခြားသူ များက အတုယူအားကျ ဂုဏ်ယူဖွယ်ရာအဆင့်သို့ ရောက်အောင် ကြိုးစားနေထိုင်သွား ရန်ပင် ဖြစ်၏။

မကောင်းသော အကျင့်အကြံ၊ ဆိုးဝါးသောအပြုအမူ၊ ကျူးကျော်စော်ကားမှု များ၊ ညှဉ်းပန်းနှိပ်စက်မှုများနှင့် အယူသည်းလွန်မှု၊ အမြင်ကျဉ်းမြောင်းမှုများသည် အစ္စလာမ် ၏ အသက်သွေးကြောကို ဆန့်ကျင်ဖြတ်တောက်ပစ်သော အပြုအမူများသာ ဖြစ်သည် ဟု သိထားရန် လိုအပ်၏။

ကမ္ဘာလောကတွင် မွတ်စလင်တစ်ဦး ပေါက်ဖွားပေါ်ထွန်းလာခြင်းသည် ကောင်း မြတ်ခြင်း၊ မြင့်မြတ်ခြင်းလက္ခဏာရပ်များ ပေါ်ထွန်းလာခြင်းပင်ဖြစ်၏။ မွတ်စလင်တစ်ဦး သည် သူ၏ အကျင့်စာရိတ္တနှင့် စံနမူနာလုပ်ရပ်များဖြင့် အရင်းတည်ကာ လူအများ၏ စိတ်နှလုံးကို သိမ်းသွင်းအောင်ပွဲခံရန်ပင် ဖြစ်၏။ သို့မှသာ သူသည် အစ္စလာမ်နိုင်ငံတော် ၏ သံတမန်ကောင်းတစ်ဦး ဖြစ်လာနိုင်မည်ဖြစ်၏။

→←→←→←→←

## တိရစ္ဆာန်များအပါအဝင် အလုံးစုံသော ဝေနေယျများအပေါ် စောင့်ထိန်းရမည့် တာဝန်များ

နောက်ဆုံးအနေဖြင့် တိရစ္ဆာန်များနှင့် ပတ်သက်ပြီး လိုက်နာရမည့် တာဝန်ကို သုံးသပ်ကြည့်ကြပါစို့။

အလ္လာဟ်အရှင်သည် လူသားများအား မခန့်မှန်း မရေတွက်နိုင်လောက်အောင် များစွာသော ဖန်ဆင်းခံများ သက်ရှိများထက် အစွမ်းသတ္တိကို ပိုမိုချီးမြှင့်ထား၏။ သက်ရှိသတ္တဝါများနှင့် အခြားဖန်ဆင်းခံဟူသရွေ့သည် လူသား၏ အကျိုးအတွက် ရည်စူးဖန်ဆင်းထားခြင်း ဖြစ်၏။ သက်ရှိများ၌ အဆင့်အမြင့်ဆုံး သတ္တဝါဖြစ်ခြင်းကြောင့် လူသားသည် ယင်းစွမ်းအားသတ္တိဖြင့် ဖန်ဆင်းခံအားလုံးအပေါ်၌ ဩဇာညောင်းခဲ့ရ၏။ ယင်းတို့ကို လူသားသည် လိုလျှင် လိုသလို အသုံးချပိုင်ခွင့် ရှိနေ၏။

သို့သော် အလ္လာဟ်အရှင်က လူသားအား စည်းလွတ်ဘောင်လွတ် ထင်တိုင်းကြွခွင့် မပေးထားချေ။ လူသားအနေဖြင့် မိမိဩဇာခံ၊ အခြားဖန်ဆင်းခံများအပေါ်၌ စောင့်ထိန်းသင့်သော တိကျသည့် အခွင့်အရေးများကို အစွလာမ်က အိုင်အမာ သတ်မှတ်ပေးထား၏။

ယင်းသတ်မှတ်ချက်များက လူသားအနေဖြင့် ယင်းတို့ကို အကျိုးမဲ့သော ကိစ္စရပ်များ၌ အသုံးချခြင်းဖြင့် အကျိုးယုတ်အောင် မပြုလုပ်မိစေရန် မလိုလားအပ်သော ထိခိုက် အနာတရများနှင့် ဘေးအန္တရာယ်ဖြစ်စေရာများအား မလုပ်မိစေရန် ထိန်းကွပ်ပေးထား၏။ တိရစ္ဆာန်များအား မိမိ၏ လုပ်ငန်းခွင်၌ အသုံးချရာ၌ ထိခိုက်အနာတရ အနည်းဆုံးနည်းလမ်းဖြင့် ခိုင်းစေရန် အကောင်းဆုံးနည်းလမ်းဖြင့် အသုံးချသွားရန် ဆိုထား၏။

အစွလာမ်၌ တိရစ္ဆာန်များနှင့် ပတ်သက်သည့် ပညတ်ချက်များစွာ ရှိ၏။

ဥပမာအားဖြင့် အသားစားသတ္တဝါများကို စားသုံးရန် ခွင့်ပြုထားပြီး အပျော်အပါး သက်သက် အမဲလိုက်ခြင်းကဲ့သို့ ယင်းတိရစ္ဆာန်များ၏ အသက်ကို မလိုအပ်ဘဲ သတ်ဖြတ်ခြင်းကိုမူ ခွင့်မပြုပေ။ ယင်းတို့အား စားသုံးရန် သတ်ဖြတ်ရာ၌ပင် ဇာဘာဟ်ပြုနည်းဖြင့် သတ်ဖြတ်ရန် ဆိုထား၏။

ဤနည်းသည် တိရစ္ဆာန်များ၏ အသားကို နာကျင်မှု အနည်းဆုံး နည်းလမ်းဖြင့် ရယူခြင်းပင် ဖြစ်၏။ အခြားသောနည်းဖြင့် သတ်ဖြတ်ခြင်းတွင် နာကျင်မှုနှင့် အပျက်အစီး ပိုမိုများပြားစေပြီး ယင်းတိရစ္ဆာန်၏ အသားတွင်းရှိ အဖိုးတန်သော စွမ်းအားအာနိသင်များကို ပျက်စီးစေနိုင်၏။

အစွလာမ်သည် ဤကဲ့သို့ မလိုလားအပ်သော အခက်အခဲ အကြပ်အတည်းလမ်းစဉ်ကို ရှောင်ရှားကြရန် ညွှန်ပြထားပြီး တစ်ဘက်တွင် တိရစ္ဆာန်များအဖို့ နာကျင်မှု လျော့နည်းစေပြီး ယင်းတိရစ္ဆာန်အသား၏ ကျန်းမာမှုအာနိသင်နှင့် အသုံးဝင်သော စွမ်းအင်သတ္တိများကို အပြည့်အဝရရှိနိုင်သော နည်းကို ပြသထား၏။ ထိုနည်းတူ တိရစ္ဆာန်

များအား ညှဉ်းပန်းပြီးမှ တဖြည်းဖြည်း သတ်ဖြတ်ခြင်းနှင့် မသေမရှင် အနာတရဖြစ်အောင် ပြုလုပ်မှုများကို စက်ဆုပ်ဖွယ်ရာအဖြစ် သတ်မှတ်ထား၏။ ဘေးအန္တရာယ်ပြုနိုင်သော တိရစ္ဆာန်များ အဆိပ်ရှိသတ္တဝါနှင့် သားရဲတိရစ္ဆာန်များကိုမူ လိုအပ်လာပါက သတ်ဖြတ်ခွင့် ပေးထား၏။

အကြောင်းမူကား လူ၏အသက်တစ်ချောင်းသည် ယင်းတို့ထက် အဆပေါင်းများစွာ ပိုမိုပြီး တန်ဖိုးရှိနေခြင်းကြောင့်ပင် ဖြစ်၏။ သို့သော် ဤနေရာ၌ နာကျင်မှုဝေဒနာကို ကြာရှည်စွာ ခံရအောင် အချိန်ဆွဲ၍ မျှင်းသတ်ခြင်းကို လုံးဝခွင့်မပြုပေ။

သယ်ယူပို့ဆောင်ရန်၊ ဝန်တင်ရန်၊ ကူးသန်းသွားလာရန်နှင့် အစီးအနင်းအဖြစ် သုံးစွဲသော တိရစ္ဆာန်များကို အစာငတ်ထားခြင်း၊ ခက်ခဲပင်ပန်းစွာ ခိုင်းစေခြင်း၊ မနိုင်ဝန်ကို ထမ်းခိုင်းခြင်းနှင့် ရက်စက်ကြမ်းတမ်းစွာ ရိုက်နှက်ခြင်း လုံးဝမပြုအပ်ပေ။ ကျေးငှက် တိရစ္ဆာန်များကို ဖမ်းဆီးပြီး လှောင်အိမ်တွင် အကျဉ်းချ အလှမွေးမြူခြင်းမှာလည်း စက်ဆုပ်ဖွယ်ရာကိစ္စသာ ဖြစ်၏။

ယင်းကဲ့သို့ တိရစ္ဆာန်များကို မဆိုထားနှင့် ချဲ့၊ မြတ်၊ သစ်ပင်၊ သီးနှံတို့ကိုပင် မလိုအပ်ဘဲ ခုတ်ထွင်ခြင်းကို မပြုအပ်ပေ။ လူသားအနေဖြင့် ယင်း၏ အသီးအပွင့်များနှင့် အခြားသစ်တောထွက်ပစ္စည်းများကို သုံးနိုင်ခွင့်ရှိသည်ကား မှန်၏။ သို့သော် အလဟဿ ဖျက်ဆီးခွင့်ကား မရှိပေ။ ဟင်းသီးဟင်းရွက်များကဲ့သို့ သက်ရှိများကိုသာမက သက်မဲ့အရာများအပေါ်၌လည်း ဤသို့ အကျိုးယုတ်အောင် ပြုပိုင်ခွင့်မရှိချေ။

ရေကိုပင် အလဟဿဖြုန်းတီးခြင်းနှင့် သွန်ပစ်ခြင်းများကဲ့သို့ ကိစ္စများကိုပင် ခွင့်မပြုချေ။ ယင်း၏ အဓိကရည်ရွယ်ချက်မှာ ဖြုန်းတီးရာရောက်သည့် နည်းလမ်း အပြုအမူ မှန်သမျှကို ရှောင်ရှားပြီး သက်ရှိသက်မဲ့တို့အား အကျိုးရှိရှိ အကောင်းဆုံးနည်းလမ်းဖြင့် အသုံးချသွားနိုင်ရန်ပင် ဖြစ်သည်။

## ဂ္ဂရီအာသ်သော စကြဝဠာလုံးဆိုင်ရာ ထာဝရ လက်သုံးဥပဒေသကြီး

ပြီးခဲ့သော စာမျက်နှာများ၌ တမန်တော်မြတ်မုဟမ္မဒ် (ﷺ) မှတစ်ဆင့် လူသားတို့အား ခေတ်အဆက်ဆက် ကျင့်သုံးသွားရန် ချမှတ်ပေးခဲ့သည့် အစွမ်းလွန်ဥပဒေသဆိုင်ရာများကို အကျဉ်းချုံး တင်ပြခဲ့ပြီဖြစ်၏။

ဤအချက်သည် လူနှင့် လူ့အကြား၌ ယုံကြည်မှု၊ သာသနာမှလွဲပြီး ကွဲလွဲချက် မရှိဟု ဆိုထား၏။ ဤသို့ ဘာသာတရားများ၊ လူနေမှုစနစ်များ၊ နိုင်ငံရေး၊ အုပ်ချုပ်ရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ အယူအဆများ၊ လူသားအချင်းချင်းအကြား၌ အသားအရောင် ခွဲခြားမှု၊ နိုင်ငံခွဲခြားမှုများ ရှိနေသမျှကာလပတ်လုံး စကြဝဠာလုံးဆိုင်ရာ အယူဝါဒတစ်ရပ်ကို မည်သည့်အခါမျှ ပေါ်ပေါက်လာစေနိုင်မည် မဟုတ်ပေ။

ကမ္ဘာ့အတွေးအခေါ် အယူအဆအရ မျိုးနွယ်ဝင်တစ်ဦးသည် အခြားမျိုးနွယ်သို့ ကူးပြောင်းခွင့်မရှိမီ လူတစ်ဦးသည် မိမိနေရင်းဒေသမှ ထွက်ခွာသွားနိုင်ခွင့် မရှိဆို

သည်မှာ လမ်းမကျပေ။ ကမ္ဘာကြီးတစ်ခုလုံးကို နိုင်ငံတစ်ခုအနေအထားသို့ မဖန်တီးနိုင်ပါသလော။ လူတစ်ဦးသည် အသားအရောင်မပြောင်းဘဲနှင့် လူ့အခွင့်အရေးကို ခံစားနိုင်ခွင့်မရှိပါသလော။ ဤသို့သော အတွေးအခေါ်များနှင့် လူနေမှုစနစ်များမှာ ကျဉ်းမြောင်းဘောင်ကျဉ်းပြီး အလွန်အကျဉ် အမျိုးသားရေးဆန်ရာသို့ ရောက်နေ၏။ စကြဝဠာအားလုံး အတိုင်းအတာအထိ မည်သည့်နည်းလမ်းနှင့်မျှ လွှမ်းခြုံ မရောက်ရှိနိုင်ပေ။

အစွလာမ်သည် တစ်ဘက်မှ စကြဝဠာတစ်ဝှမ်းလုံးဆိုင်ရာ အတွေးအခေါ်ကို ညွှန်းပြီး မည်သူမဆို ''လာအီလာဟ အီလ်ဃလ္လာဟ် မုဟမ္မဒုရ်ရစူလွလ္လာဟ်'' (အလ္လာဟ်အရှင်မှလွဲပြီး အခြားခဝ်ကိုးကွယ်ရာမရှိ၊ မုဟမ္မဒ် (ﷺ) သည် အလ္လာဟ်အရှင်၏ တမန်တော်ဖြစ်သည်) ဟူသော ကလေမာဟ်ကို ကြွေးကြော်လိုက်သည်နှင့် အစွလာမ်ဘောင်အောက်သို့ ဝင်ရောက်လာနိုင်ပြီးဖြစ်၏။ အခြားမွတ်စလင်များနှင့် တန်းတူညီတူ အခွင့်အရေးများကို ရယူခံစားနိုင်ခွင့် ရှိသွားပြီဖြစ်၏။

အစွလာမ်သည် အသားအရောင် အမျိုးအနွယ် ဂုဏ်အဆင့်အတန်း ဒေသနိုင်ငံဘာသာစကား မတူညီမှုအပေါ် အခြေခံပြီး ခွဲခြားမှုမရှိပေ။ လူသားထုတစ်ရပ်လုံးအတွက် ပေါ်ပေါက်လာသည့် သာသနာဖြစ်ပေရာ အထက်ပါကဲ့သို့ ကျဉ်းမြောင်းသော အဆင့်အတန်းခွဲခြားမှုကို အမဓမထားဘဲ လူသားတိုင်းအား တန်းတူ အခွင့်အရေးပေးထား၏။

ထို့ပြင် ထာဝရတည်တံ့နေမည့် ဥပဒေသလည်းဖြစ်၏။ ယင်းသည် လူ့မျိုးနွယ်တစ်ခုခု၏ ဓလေ့ထုံးစံနှင့် ရှေးရိုးစဉ်လာတွင် အခြေခံထားခြင်းလည်း မရှိ။ လူ့သမိုင်း၏ သီးခြားခေတ်တစ်ခေတ်အတွက် ရည်ရွယ်ထားခြင်းလည်း မရှိပေ။ လူသားတို့ ပေါက်ဖွားရှင်သန်ရာ သဘာဝနှင့် ကိုက်ညီသော စည်းမျဉ်းများအပေါ်တွင်သာ အခြေခံထား၏။

သဘာဝတရားသည် အချိန်တိုင်း ခေတ်ကာလတိုင်းနှင့် ပတ်ဝန်းကျင် အခြေအနေအရပ်ရပ်တိုင်း၌ ထာဝရမပြောင်းမလဲ ရပ်တည်ကျန်ရှိနေမည်ဖြစ်သလို သဘာဝတွင် အခြေခံထားသည့် ဥပဒေသသည်လည်း မပြောင်းမလဲဘဲ ခေတ်ကာလအမျိုးမျိုးနှင့် ပတ်ဝန်းကျင်အခြေအနေအရပ်ရပ်၏ အောက်တွင် ထာဝစဉ် လိုက်လျောညီထွေ အံ့ဝင်ခွင်ကျဖြစ်နေမည်သာဖြစ်၏။ ဤသို့ စကြဝဠာအားလုံးနှင့် သက်ဆိုင်ပြီး ထာဝရတည်တံ့နေသည့် အယူဝါဒသည်ကား အစွလာမ်ပင်ဖြစ်ပါသတည်း။

ဝါးခယ်မမောင်မင်းနိုင်

ဟစ်ဂျရီ ၁၄၂၀ ပြည့်၊ ရမ်သွာန်လမြတ်

بسم الله الرحمن الرحيم

မောင်လာနာမောင်ဒုဒီ၏ အချို့သော ယူဆချက်များနှင့် သုတေသနပြုပုံများကို မည်သူက မည်မျှပင်ဝေဖန်စေကာမူ၊သူ၏ရေးသားချက်များသည် အနောက်တိုင်းဒဿနကိုသေချာစွာလေ့လာသုံးသပ်မှုများနှင့် အစွလာမ်ကိုထိုးနှက် ဝေဖန်ချက်များအပေါ် မူတည်ထားသည့် ရှင်းလင်းချက်ကျမ်းများဖြစ်သည်။ သူ၏ခေတ်ပြိုင်စာပေပညာရှင်များအနက် မိုဟမ္မဒ်အဆဒ်(ယခင်Leopold Weiss)တစ်ဦးတည်းသာသူကဲ့သို့ ရေးသားနိုင်ခဲ့သည်။မောင်လာနာသည် အစွလာမ်၏ လူဘဝတည်ဆောက်မှု လမ်းစဉ်၊ အစွလာမ့် ယာဉ်ကျေးမှု၏အခြေခံအချက်များ၊ လူတို့အားပညာပေးမှုဆိုင်ရာ၏ နည်းပေးလမ်းညွှန်ချက်များနှင့် နိုင်ငံအုပ်ချုပ်ရေးဆိုင်ရာနှင့်ပတ်သက်ပြီး အစွလာမ်၏ သုံးသပ်ချက်များအား လူသားတို့ကိုမီးမောင်းထိုး ပြနိုင်ခဲ့သည်။ သူ၏ရေးသားချက်များ၊ သုံးသပ်ချက်များနှင့် ဒဿနရှုမြင်ချက်များသည် မျိုးဆက်သစ်တို့ အတွက်ခွန်အားကိုဖြစ်စေခဲ့သည်။ သူတို့သည်ဤခွန်အားဖြင့်အစွလာမ်ဖက်သို့ဦးလှည့်လာရခြင်း ဖြစ်သည်။

[ *Urdu Digest* ပါဆယခ်အစ္စလ် ဟ္ဒးဆန်အလီနခ်ဒီ၏"ရဟကသ်ဒက ကွာလီစ်ဆာလ်" ဆောင်းပါးမှ]

အစွလာမ့်စာပေပညာရှင်ကြီး မောင်လာနာမောင်ဒုဒီသည် လူတို့၏ကိုယ်ကျင့်တရားဖက်ဆိုင်ရာစာပေများကိုအထူးပြုရေးသားခဲ့သည်။သူ၏ကျမ်းများသည် အေးချမ်းသော အသိဗန္ဓမြင်ကိုဖြစ်စေပြီး လူတို့တွင်ဆင်ခြင်တုံတရားအားဖြင့်ခြင့်ချိန်တတ်သောအလေ့အကျင့်ကိုပြုစုပျိုးထောင်ပေးနိုင်စွမ်းရှိခဲ့သည်။

[အာရှတိုက်မှကုလသမဂ္ဂလူ့အခွင့်အရေးစာတန်းတွင်ကိုယ်စား.သုယ်အပြစ်ပါဝင်ခဲ့သော ဥပဒေပညာရှင်ကြီး ဒေးဇေကေးဘရီတီ]

ကျွန်ုပ်အား ဂေမောင်ဒုဒီ၏သဖ်ဟီးမုလ်ကုရ်အာန်ကျမ်းနှင့်စပ်လျဉ်းပြီးပြောဆိုခွင့်ပေးလျှင်၊ ကျွန်ုပ်ကဤကျမ်းသည်နှစ်ပေါင်း ၅၀၀ ကာလအတွင်းအကောင်းဆုံးသော သဖ်ဆီရီဦကာကျမ်းဟုဆိုပါမည်။ ယင်းကျမ်းသည်၊ လူမှုရေး၊နိုင်ငံရေး၊စီးပွားရေး၊ပညာရေး နှင့် မနုဿဗေဒအမြင် စသည်ဖြင့် ကဏ္ဍပေါင်းများစွာကိုမီးမောင်းထိုးပြသောစွယ်စုံကျမ်းတစ်မျှဖြစ်နေသည်။ သူ၏အခြားသောကျမ်းများ သည်လည်းထူးခြားချက်ကိုယ်စီရှိနေသည်သာ။ [ပါဓေကဋ္ဌ ဓေါက်တာဂျီလာနီ ***M.A.PhD.(LND)***]

၁၉-ရာစုနှစ်လွန်ပိုင်းတွင် ဥရောပဒဿနမှတိုက်ခတ်လာခဲ့သော ဘုရားမဲ့ဝါဒကို ရင်ဆိုင်ရန်တူရကီ၊ အီဂျစ်၊ ဆီးရီးယားနှင့် အိန္ဒိယ တိုက်နယ်ဒေသမှ မွတ်စလင်မ် ဒဿနပညာရှင်တို့ အလှိုလှိုပေါ်ထွက်လာခဲ့သည်။ယင်းသူတို့တွင်ကျွန်ုပ်တို့ဆီမှ ပုဂ္ဂိုလ်နှစ်ဦးဖြစ်သည့်ဓေါက်တာအိက်ဗာလ်နှင့်ဆယ်အဗူအာလာမောင်ဒုဒီ တို့သည်အထင်ရှားဆုံးသော ပုဂ္ဂိုလ်များပင်ဖြစ်သည်။

ဓေါက်တာဆယခ်အဗဒုလ္လာဟ်၏|လှုပ်ရှားမှုနှင့်ဒီဇိုင်း၏ထီနိုးသိမ်းမှုတွင်ဓေါင်ဒုဒီ၏ပါဝင်ပတ်သက်မှုစာတန်းမှ]

အစွလာမ်ကိုသုံးသပ်မှုပြုရာတွင် ကျွန်ုပ်တို့သည် မောင်ဒုဒီ၏ ဒီနီယာသ်(အစွလာမ့်အနှစ်သာရ) မထွက်သေးခင်အထိလွဲမှားခဲ့ရသည်။ အစွလာမ်ကိုကြမ်းတမ်းရက်စက်သော ယုံကြည်ချက်အသွင် ယခင်ကဖေါ်ပြချက်များသည်ဤကျမ်းထွက်လာပြီးနောက်ပျောက်ပျက်ခဲ့ရသည်။ အစွလာမ်သည်ငြိမ်းချမ်းသောဘာသာ၊သာသနာ ဖြစ်ပြီးယင်းယုံကြည်ချက်က ယုံကြည်သူတို့ကိုအဖက်ဖက်မှထိန်းသိမ်းစွာနေထိုင်သောအလေ့၊ လူသားချင်းညှာတာထောက်ထားသော စိတ်နှင့် အခြားဘာသာတရားများကို လေးစားလိုက်နာရမည် ဟူသော ပညတ်ချက်များချမှတ်ပေးထားကြောင်းကို ဤကျမ်းထွက်လာမှသိမြင်ခွင့် ရခဲ့ကြခြင်းဖြစ်သည်။ မည်သူ မဆိုအစွလာမ်၏ အရှိတရားကို သိမြင်လိုလျှင် ဤကျမ်းကို ဖတ်ရှုလေ့လာသင့်သည်။

[အိန္ဒိယနိုင်ငံမခရတ်(စ)မြို့မှအက်လီပ်ဘာသာပြင့်ဆုတ်ခဝေသော "ဟိန္ဒူ" သတင်းစာ၏စာအုပ်ဝေဖန်ရှုတ်မှ]